www.foreverspace.com.mm

# LIVING COLOR

ကြော်ငြာနှင့်ဈေးဝယ်လမ်းညွှန်
စီးပွားရေးသတင်းမဂ္ဂဇင်း

No. 177,APRIL, 2010



www.foreverspace.com.mm

## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

www.foreverspace.com.mm

This magazine is founded and managed by
board of directors of Myanmar Partners Think Tank Group
in june, 1995 underlicensed of Living Color.

RECYCLE
KEEP THE WORLD GREEN.

၁ ။ ဤစာအုပ်တွင် ဖော်ပြထားသော သတင်း၊ သတင်းဆောင်းပါး၊ ဆောင်းပါးနှင့် အခြား ဖော်ပြချက်အားလုံး ကလောင်အမည် ဖော်ပြထားသည်ဖြစ်စေ၊ ကလောင်အမည် မဖော်ပြဘဲ ထားသည်ဖြစ်စေ၊ LIVING COLOR အယ်ဒီတာအဖွဲ့၏ အာဘော် ဖြစ်သည်။

၂ ။ ဤစာအုပ်တွင် ဖော်ပြထားသော သတင်းအချက်အလက်များကို LIVING COLOR မဂ္ဂဇင်းမှ ရရှိကြောင်း ဖော်ပြ၍ လွတ်လပ်စွာ ကိုးကားနိုင်ပါသည်။

၂ ။ ဤစာအုပ်၏ မြန်မာ့စီးပွားရေးသတင်းကဏ္ဍတွင် ဖော်ပြထားသော သတင်းများ ( အထူးသဖြင့် ဘောင်ခတ် ဖော်ပြထားသောသတင်းများ ) ကို နိုင်ငံခြားဘာသာဖြင့် ထုတ်ဝေနေသော မီဒီယာတစ်ခုခုပေါ်မှ အပိုဒ်လိုက် သော်လည်းကောင်း၊ တစ်ပုဒ်လုံးသော်လည်းကောင်း ဘာသာပြန်ဆိုဖော်ပြခြင်းကို လုံးဝ (လုံးဝ) တားမြစ်သည်။ ဘာသာပြန်ဆိုဖော်ပြလိုပါက LIVING COLOR ၏ ခွင့်ပြုချက် ရယူရမည် ဖြစ်ပါသည်။

www.foreverspace.com.mm

## Editorial

# ပညာရေးတွင် ရင်းနှီးမြှုပ်နှံခြင်း

ကမ္ဘာ့နိုင်ငံအသီးသီးသည် နိုင်ငံတည်ဆောက်ရေးကို အားသွန်ခွန်စိုက်လုပ်ကိုင်ကြသည့်အခါတိုင်း သက်ဆိုင်ရာနိုင်ငံ၏ လူသားအရင်းအမြစ်တည်ဆောက်ရေးကို စနစ်တကျဖော်ချ၍ လုပ်ကိုင်ကြရလေ့ရှိပါသည်။

မကြာသေးမီက ငလျင်ဒဏ်ကိုခံခဲ့ရသည့် ချီလီနိုင်ငံသည် နှစ်အနည်းငယ်အတွင်း First World Country ခေါ် ပထမကမ္ဘာနိုင်ငံတစ်ခုအဖြစ်သို့ မကြာမီရောက်ရှိတော့မည့် ပထမဆုံးလက်တင်အမေရိကနိုင်ငံဖြစ်သည်ဟု ကမ္ဘာတစ်ဝန်းမှ ဟောကိန်းထုတ်ခြင်းခံခဲ့ရသောနိုင်ငံ ဖြစ်ပါသည်။

လက်တင်အမေရိကနိုင်ငံများအားလုံးလိုလိုသည် အာဏာရှင်စနစ်လက်အောက်တွင် နေထိုင်ခဲ့ကြရသောနိုင်ငံများဖြစ်ပြီး ယနေ့တိုင် နိုင်ငံတည်ဆောက်ရေးအတွက် Institutions များကို မတည်ဆောက်ရသေးသော နိုင်ငံအများစုရှိနေသည်ကို တွေ့ရသည်။ ချီလီနိုင်ငံကို ပထမကမ္ဘာသို့ ရောက်လုဆဲဆဲနိုင်ငံအဖြစ် ဝိုင်းဝန်းအသိအမှတ်ပြုခဲ့ကြခြင်း၏ အရင်းခံအကြောင်းရင်းသည် ပညာရေးနှင့်ပတ်သက်၍ ပြတ်ပြတ်သားသား ရင်းနှီးမြှုပ်နှံခဲ့ခြင်း၏ အကျိုးဆက်အဖြစ် World Class ပညာတတ်များရှိနေခဲ့ခြင်း ဖြစ်ပါသည်။

ချီလီနိုင်ငံသည် နိုင်ငံသားလူငယ်များ နိုင်ငံပြင်ပသို့ထွက်၍ ပညာဆည်းပူးရန် အရန်ငွေများစွာစုဆောင်းထားပြီး အရေအတွက်သက်သက်မဟုတ်၊ အရည်အချင်းပါရှိသော လူသားအရင်းအမြစ်များစနစ်တကျထုတ်လုပ်နေသည်ကို တွေ့မြင်နိုင်ပေသည်။

မြန်မာနိုင်ငံသည် လွန်ခဲ့သော နှစ်ပေါင်း ၅၀ ခန့်က ဒေသတွင်းနိုင်ငံများက လေးစားခံ့ညားရသောပညာတတ်များရှိနေသည့်နိုင်ငံဖြစ်ခဲ့သော်လည်း ယနေ့အခါ မြန်မာပညာတတ်အများစုသည် အင်္ဂလိပ်စကားကိုပင် ဖြောင့်မှန်စွာပြောနိုင်သောအခြေအနေ မရှိတော့ပါ။ သို့သော်လည်း ယနေ့ပုဂ္ဂလိကကဏ္ဍ၏ ပါဝင်ဆောင်ရွက်ခွင့်ကို ခွင့်ပြုလာခဲ့သော မူဝါဒသစ်သည် ထိုအခြေအနေမှလွတ်မြောက်ရန် တစ်စိတ်တစ်ပိုင်းဆောင်ကြဉ်းနိုင်လိမ့်မည်ဟု ယူဆပါကြောင်း။

**အယ်ဒီတာ**

**၁၁-၃-၂၀၁၀**

www.foreverspace.com.mm

# LIVING COLOR

LIVING COLOR. No.177, APRIL. 2010.


1 အယ်ဒီတာ့အာဘော်

4 ယခုလသတင်းအညွှန်း

8 မြန်မာ့စီးပွားရေးသတင်း

32 မျက်နှာဖုံးဆောင်းပါး

မြန်မာနိုင်ငံအခြေခံပညာရေးကဏ္ဍအပြောင်းအလဲနှင့် ပုဂ္ဂလိကပညာရေးစနစ်

Living Color သတင်းအဖွဲ့နှင့် တင်ညွှန့်

မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ဥက္ကဋ္ဌ၊ အခြေခံပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဦးနှင့် တွေ့ဆုံခြင်း

ကျော်ဆန်းမင်း

မြန်မာ့ကွန်ပျူတာကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးတင်ဝင်းအောင်နှင့်တွေ့ဆုံခြင်း

ကျော်ကျော်မင်း

50 မြန်မာ့စီးပွားရေးမြင်ကွင်း

သက်ငယ်စကား သက်ကြီးကြား

ခွန်းသု

56 သဘာဝအခြေခံခရီးသွားဗန်ဖြစ်လာနိုင်သော ကိုကိုးကျွန်း

အိမွန်ကျော်

62 HIV/AIDS ခွဲခြားဆက်ဆံခြင်းများနှင့် မိမိကိုယ်ကိုယ် တည်ဆောက်ခြင်း

ကျော်ဇေယျာထွန်း ၊ ဖြိုးဝေစိုး

70 ရန်ကုန် ကုန်စည်ဈေးကွက်

နိုင်မင်းဝေ ၊ ဇာလီကျော်

78 ရက်စွဲမှတ်တမ်း

82 မြန်မာ့စီးပွားရေးအမြင်

ပုဂ္ဂလိကပိုင်ပြုလုပ်ရေး

ဦးဝင့်ကျော်

86 ပုဂ္ဂလိကအသွင်ကူးပြောင်းရေးနှင့် အခြေခံပညာရေးကဏ္ဍ

ဒေါက်တာအောင်ထွန်းသက်




မာဓိကကက
LIVING COLOR. No.177, APRIL. 2010.

90 ဆိပ်ကမ်းဖွံ့ဖြိုးတိုးတက်စေရေးလုပ်ငန်းစဉ်များ

ပါမောက္ခဦးကျော်ညွန့် (ငြိမ်း)

100 တွေ့ဆုံဆွေးနွေးမှုများ

104 ဈေးဝယ်လမ်းညွှန်

106 ကာတွန်း

ဒါရိုက်တာအောင်ကြူကြူ

စိုးသော်တာ

126 ဘယ်ပစ္စည်းဘာ့ကြောင့်

130 ကုန်ဈေးနှုန်း

135 တစ်ဦးတည်းကိုယ်စားလှယ်

136 မြန်မာပြည်တွင်လုပ်သည်

138 အတွေးအမြင်

တူတူ၊ ညီညီ၊ ရယ်ရယ်၊ ပြုံးပြုံး

မောင်မောင်တင်

144 ခင်ရာဆွေမျိုး

မြသန်းသန်းနု

150 ဆူဟာတိုပြောသည့်သူ့သမိုင်း (၉)

တင်ညွန့်

156 UNGA ၊ G 20 အရှေ့သွားအနောက်ရောက် (၆)

ရဲမင်းဦး

162 သူဌေးဖြစ်နည်းလျှို့ဝှက်ချက် (၃၁)

ဦးလှဝင်း (လေသူရဲတစ်ဦး)



www.foreverspace.com.mm

## NEWSMAKER OF THE MONTH

# ယခုလသတင်းအညွှန်း

'ယခုလသတင်းအညွှန်း' ကဏ္ဍကို တစ်လအတွင်းဖြစ်ပေါ်ခဲ့သည့် ထူးခြားသည့်သတင်းတစ်ရပ်ကို ရည်ညွှန်းမှတ်တမ်းတင်သည့်ကဏ္ဍအဖြစ် ဖွင့်လှစ်ထားခြင်း ဖြစ်ပါသည်။ ဤကဏ္ဍကို လစဉ် ဖောင်ပိတ်ရက်ဖြစ်သော လ၏ ၂၅ ရက်ကိုမူတည်၍ ရက်ပေါင်း ၃၀ အတွင်း မီဒီယာမျိုးစုံမှဖော်ပြခဲ့သောသတင်းများအနက်မှ အထူးခြားဆုံးသတင်းကို အယ်ဒီတာက စာဖတ်သူများအားသတိပြုမိစေလို၍ ဖော်ပြခြင်းဖြစ်ပါသည်။ **အကြောင်းအရာရွေးချယ်သည့်မူဝါဒမှာ အယ်ဒီတာအဖွဲ့၏အာဘော်ဖြစ်ပြီး ဖော်ပြချက်များသည် မူလသတင်းဇာစ်မြစ်၏ အာဘော်အတိုင်း ဖြစ်ပါသည်။**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေနှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေများ ထုတ်ပြန်**

နေပြည်တော် မတ် ၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဥပဒေအမှတ်(၁/ ၂၀၁၀)ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို လည်းကောင်း၊ ဥပဒေအမှတ် (၂/ ၂၀၁၀)ဖြင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို လည်းကောင်း၊ ဥပဒေအမှတ်(၃/ ၂၀၁၀)ဖြင့် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို လည်းကောင်း၊ ဥပဒေအမှတ်(၄/ ၂၀၁၀)ဖြင့် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို လည်းကောင်း၊ ဥပဒေအမှတ်(၅/ ၂၀၁၀)ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို လည်းကောင်း နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၁၃၇၁ ခုနှစ် တပေါင်းလပြည့်ကျော် (၉)ရက်၊ ၂၀၁၀ ပြည့်နှစ် မတ်(၈)ရက် ရက်စွဲဖြင့်ထုတ်ပြန်ခဲ့သည်။

အဆိုပါ ဥပဒေများကို မတ် (၉) ရက်မှစ၍ နေ့စဉ်ထုတ်သတင်းစာများတွင် အချပ်ပိုအဖြစ် ထည့်သွင်းဖော်ပြပေးသွားမည်ဖြစ်ပြီး စာအုပ်များအဖြစ်လည်း ပုံနှိပ်ထုတ်ဝေဖြန့်ချိပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**မြန်မာနိုင်ငံ၌ ၂၀၁၀ ပြည့်နှစ်အတွင်း ကျင်းပမည့် ရွေးကောက်ပွဲကာလ အင်မတန်နီးကပ်လာနေချိန်တွင် ၉-၃-၂၀၁၀ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများ၌ ဖော်ပြပါရှိလာသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေများ ထုတ်ပြန်သည့်သတင်းကို ယခုလသတင်းအညွှန်းအဖြစ် ရွေးချယ်ဖော်ပြထားခြင်းဖြစ်ပါသည်။**

www.foreverspace.com.mm



၉-၃-၂၀၁၀

အချပ်ပို(က)

ပြည်ထောင်စုမြန်မာနိုင်ငံတော်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ

(နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ်၊ ၁ / ၂၀၁၀)

၁၃၇၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်

(၂၀၁၀ ပြည့်နှစ်၊ မတ်လ ၈ ရက်)

## နိဒါန်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နိုင်ငံသားတိုင်းသည် လွှတ်တော်များသို့ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်တို့ကို ကျင့်သုံးကြရာတွင် ကြီးကြပ်ပေးရန်နှင့် နိုင်ငံရေးပါတီများကိုလည်း ကြီးကြပ်ပေးနိုင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းနိုင်ရေး အတွက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၃ နှင့်အညီ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **လွှတ်တော်** ဆိုသည်မှာ အောက်ပါတို့ကိုဆိုသည်-

(၁) ပြည်သူ့လွှတ်တော်၊

(၂) အမျိုးသားလွှတ်တော်၊

(၃) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်။

(ခ) **လွှတ်တော်ကိုယ်စားလှယ်** ဆိုသည်မှာ လွှတ်တော်တစ်ရပ်ရပ်သို့ ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်ကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသော တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်ကို လည်းကောင်း ဆိုသည်။

(ဂ) **ရွေးကောက်ပွဲ** ဆိုသည်မှာ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ၊ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲတို့ကို ဆိုသည်။

(ဃ) **မဲဆန္ဒနယ်** ဆိုသည်မှာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို ရွေးကောက်တင်မြှောက်ရန် ဥပဒေနှင့်အညီ ကော်မရှင်က သတ်မှတ်သော ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်ကို ဆိုသည်။

(င) **မဲစာရင်း** ဆိုသည်မှာ မဲဆန္ဒနယ်များအတွက် ပြုစုထားသော ဆန္ဒမဲပေးခွင့်ရှိသူများ၏ စာရင်းကို ဆိုသည်။

(စ) **ကော်မရှင်** ဆိုသည်မှာ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ လုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်နိုင်ရေးအတွက် လည်းကောင်း၊ နိုင်ငံရေးပါတီများကို ကြီးကြပ်နိုင်ရေးအတွက် လည်းကောင်း၊ ဤဥပဒေနှင့်အညီ ဖွဲ့စည်းသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ဆိုသည်။

(ဆ) **ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်** ဆိုသည်မှာ အောက်ပါတို့ကို ဆိုသည် -

(၁) နေပြည်တော်ကော်မရှင်အဖွဲ့ခွဲ၊

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ၊

(၃) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကော်မရှင်အဖွဲ့ခွဲ၊

(၄) ခရိုင်ကော်မရှင်အဖွဲ့ခွဲ၊

(၅) မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၊

(၆) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ။

(ဇ) **နိုင်ငံရေးပါတီ** ဆိုသည်မှာ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ မှတ်ပုံတင်ထားသော နိုင်ငံရေးအဖွဲ့အစည်းကို ဆိုသည်။

(ဈ) **ရွေးကောက်ပွဲခုံအဖွဲ့** ဆိုသည်မှာ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ အငြင်းပွားမှုကို လည်းကောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင် ရွေးချယ်ခန့်ထားခြင်းနှင့် စပ်လျဉ်း၍ ကန့်ကွက်ချက်ကို လည်းကောင်း ကြားနာစစ်ဆေးရန် ကော်မရှင်က ဤဥပဒေနှင့်အညီ ဖွဲ့စည်းသောအဖွဲ့ကို ဆိုသည်။

## အခန်း(၂)

### ဖွဲ့စည်းခြင်း

၃။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပထမအကြိမ် လွှတ်တော်ရွေးကောက်ပွဲများကို ကျင်းပနိုင်ရေးအတွက်လည်းကောင်း၊ နိုင်ငံရေးပါတီများကို ကြီးကြပ်နိုင်ရေးအတွက်လည်းကောင်း ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကို ဖွဲ့စည်းရမည်။ ယင်းသို့ ဖွဲ့စည်းရာတွင် ကော်မရှင်ဥက္ကဋ္ဌအပါအဝင် အနည်းဆုံး အဖွဲ့ဝင်ငါးဦးကို ခန့်အပ် တာဝန်ပေးအပ်နိုင်သည်။

၄။ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် -

(က) အသက် ၅၀ နှစ် ပြည့်ပြီးသူများ ဖြစ်ရမည်။

(ခ) ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ပုဂ္ဂိုလ်အဖြစ် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ယူဆသူ ဖြစ်ရမည်။

www.foreverspace.com.mm

# Contents

## Board of Editors

**Chief Editor** – ကျော်မင်းဆွေ

**Deputy Chief Editor** – ဇေယျာသူ

**Editor In Charge (Production)** – မင်းဇင်

**Managing Editor** – ကျော်နိုင်

**Senior Executive Editor** – ရဲမင်းဦး

**Research & Development Editor** – နွေးအိငြိမ့်

**Executive Editors** – ခိုင်ချိုဇော်ဝင်းတင်၊ ဇင်ဇင်သော်၊
နွဲ့ကေခိုင်၊ သီရိဇော်

**News Editor** – ကျော်ဆန်းမင်း

**Editors** – လှိုင်းသစ်ဇင်ဝေ၊ မြနှင်းအေး

**Photo Editor** – မိုးကျော်လွင်

**Chief Reporter** – ကျော်ကျော်မင်း

**Senior Reporters** – တင်လင်း၊ နိုင်မင်းဝေ၊ ဓာလီကျော်၊ စိုးယုဝေ

**Editorial Assistant** – ဆွေငြိမ်းအေး

**Staff Reporters** – အောင်စိုး၊ ကျော်ဇေယျာထွန်း၊ ကျော်ဇေယျာဝင်း
ခင်ငွေးကြွယ်၊ အိမွန်ကျော်၊ ကျော်မျိုးထွန်း၊ ဓာဏီထွဏ်း၊ ကြူကြူသင်း(မိုးမြေ)

**Freelance Reporters** – မင်းမျိုး၊ ဖြိုးဝေစိုး၊ မိုးခိုင်၊ နွယ်နွယ်

## DTP Department

**Manager** – မခိုင်

**Assistant Manager** – ငုဝါခိုင်

**Senior Operator** – အေးမို့မို့အောင်

**Staff Operators** – ခင်မာလွင်၊ ချိုချိုဇင်

## Finance Department

**General Manager** – ဖေအောင်ဇင်

**Manager (Admin and Finance)** – စန်းသီတာ

**Deputy Manager (Account)** – ထက်ထက်ငြိမ်း

**Assistant Manager** – နုဝါဝင်း

**(Marketing/Distribution Accounts)**

## Marketing Department

**Manager** – ကျော်သန်း

**Deputy Manager** – ဖြူဖြူသီ

**Assistant Manager** – စန္ဒာလှိုင်

**Marketing Supervisors** – မင်းအောင်၊ ပြည့်ဖြိုးအောင်

**Marketing Assistant** – လဲ့ရည်ဦး

**Designer** – သိန်းအောင်ထွဋ်

**Receptionist** – ဆုအိန္ဒြေဦး

## Production Department

**Manager (Production & External Relation)** – အောင်ကျော်ဆန်း

## Distribution Department

**General Manager** – မင်းဇင်

**Manager** – ထက်ခေါင်

**Deputy Manager** – ခင်မျိုးချစ်

**Distribution Assistants** – ဂျက်တူးတူး၊ ထက်အောင်

## Creation Department

**Art Director** – စိုးသော်တာ

**Cover Idea / Design** – KMS ၊ ဖေသစ်တည်

**Cover Logo** – အောင်မင်း၊ ဘငွေးကြည်၊ မြင့်မောင်ကျော်

**Illustrator** – ဖေသစ်တည်

## Publisher

ဒေါ်ဝင်းကလျာဆွေ (ယာယီမှတ်ပုံတင်အမှတ်–၁၁၅၉)
အမှတ် ၁၄၈–B ၊ အေဝမ်းလမ်း၊ ရှစ်မိုင်ခွဲ၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

## Press

Hnit Thit Oo ပုံနှိပ်တိုက်

နဝဒေးရပ်ရှင်ရုံဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

## Office

သမ္မတဟိုတယ် (Business Suite)
အမှတ် (၅)၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း/ဖက်စ်– ၂၄၂၄၂၄၊ ၃၉၃၁၉၂၊
Marketing –၂၄၂၄၂၄၊ ၃၉၃၁၉၂၊ ၇၃၀၃၀၀၄၇၊ ၀၉–၅၁၇၆၈၃၅၊
Distribution –၀၉–၅၁၇၆၈၃၁

## E-mail

Chief Editor - c-editor@myanmar.com.mm
News Room - myanfo@myanmar.com.mm
Marketing - paz@myanmar.com.mm
livingcolor@mail4u.com.mm

## Web Site Link - www. foreverspace.com.mm

Photographer – မိုးကျော်လွင်

B/W Film – PERFECT

Binding – သစ္စာ စာအုပ်ချုပ်

## Upper Myanmar Distributor

ထွန်းဦးစာပေ၊ မန္တလေး။
Cover Permission – ၅၄၀၃၁၆၀၃၁၀
Circulation – ၁၀၀၀
Distribution Price – ၁၃၅၀ ကျပ်
Copyright – Living Color ( **ကြော်ငြာနှင့်ဈေးဝယ်လမ်းညွှန်** )

### ကျေးဇူးတင်လွှာ

ဤမဂ္ဂဇင်းပါ သတင်း၊ ဆောင်းပါးနှင့် ကုန်ဈေးနှုန်းများအတွက် အကူအညီပေးခဲ့ကြသော OK အီလက်ထရောနစ်၊ ဂမုန်းပွင့်ကုန်တိုက်၊ ကျောက်မြောင်းစတိုး၊ ဘုရင့်နောင်ကုန်စည်ဒိုင်၊ ရွှေအိုးဆန်ဆိုင် (သက်န်းကျွန်း)၊ ဦးဘစိန် အဆင့်မြင့်လျှပ်စစ်၊ ဒေါ်အေး အဆင့်မြင့်လျှပ်စစ်၊ Mr.Slim, Ever Fine, KMD Computer Center, Client Focus Technology Group, စာပေလောက (၃) တို့နှင့် ညောင်ပင်လေးဈေး၊ မင်္ဂလာဈေးမှ မိတ်ဆွေများ၊ စာရေးဆရာ၊ ပန်းချီဆရာ၊ ကာတွန်းဆရာ၊ ဒီဇိုင်းဆရာနှင့် မိတ်ဆွေသင်္ဂဟများ၊ ပုံနှိပ်၊ ဖလင်၊ စာအုပ်ချုပ်အဖွဲ့၊ ရောင်းဝယ်သူများ၊ ငှားရမ်းသူများ၊ ဖတ်ရှုအားပေးသူများနှင့် စာအုပ်ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ပါဝင်ကူညီသူအားလုံးကို Myanmar Partners Think Tank Group မှ ကျေးဇူးတင်ရှိပါသည်။

www.foreverspace.com.mm




# မြန်မာ့စီးပွားရေးသတင်း


BUSINESS NEWS

အမှတ် ၁၇၇ ၂၀၁၀ ပြည့်နှစ်၊ ဧပြီလ


## နှစ်တစ်ထောင်ရှိ မြောက်ဦးသျှင်ကျော်ဘုရား ကမ္ဘာလှည့်ခရီးသွားများ လာရောက်နိုင်ရေးဆောင်ရွက်

ရန်ကုန်၊ ဖေဖော်ဝါရီ ၁၉

မြန်မာနိုင်ငံ၏ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ စုဝေးတည်ရှိရာနေရာများ၌ တစ်ခုအပါအဝင်ဖြစ်သော ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်က နှစ်ပေါင်းတစ်ထောင်ဝန်းကျင်ရှိ သျှင်ကျော်ဘုရားကြီးသို့ ပြည်တွင်းဘုရားဖူးဧည့်သည်များသာမက ကမ္ဘာလှည့်ပြည်ပခရီးသွားဧည့်သည်များပါ လာရောက်လည်ပတ်နိုင်ရေးကို သက်ဆိုင်ရာဒေသအာဏာပိုင်များနှင့်ပူးပေါင်း၍ ဂေါပကအဖွဲ့များက ဆောင်ရွက်လျက်ရှိကြောင်း ဘုရားကြီး၏ ဂေါပကအဖွဲ့ဝင်တစ်ဦးက Living Color သို့ ပြောကြားသည်။



ဗုဒ္ဓဘာသာနှင့် ယဉ်ကျေးမှုထွန်းကားခဲ့သည့်ဒေသကြီးဖြစ်သည်

အဆိုပါသျှင်ကျော်ဘုရားကြီးကို မဟာသက္ကရာဇ် ၁၂၃ ခု (ဘီစီ– ၅၅၄) ခုနှစ်တွင် မဟာမြတ်မုနိဘုရားကြီးနှင့်အတူ တည်ထားခဲ့ကြောင်း၊ ယခုအခါဘုရားကြီး၏ အဆောက်အအုံများ၊ ဘုရားရုပ်ပွားတော်စံရာပြာသာဒ်ဆောင်တို့မှာ ဟောင်းနွမ်းနေပြီဖြစ်၍ အစိုးရ၏ပံ့ပိုးငွေ၊ အလှူရှင်များ၏ လှူဒါန်းငွေများဖြင့် ပြန်လည်တည်ဆောက်နေသည့်အပြင် ကမ္ဘာလှည့်ခရီးသွားများ၊ ပြည်တွင်းဘုရားဖူးများ အလွယ်တကူသွားလာနိုင်ရေးအတွက် လမ်းများဖောက်လုပ်ခြင်း၊ တံတားများတည်ဆောက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ ဘုရားပွဲတော်ကို နှစ်စဉ်တပေါင်းလပြည့်နေ့တွင် ကျင်းပလေ့ရှိပြီး ပြည်ပခရီးသွားအချို့လာရောက်သည်ကို တွေ့မြင်လာရကြောင်း၊ ယခုအခါ မော်တော်ကားလမ်းများ အတန်အသင့်ကောင်းမွန်လာခြင်းကြောင့် မြောက်ဦးမြို့ရှိရှေးဟောင်းနယ်မြေသို့ လာရောက်သူတိုင်းသည် သျှင်ကျော်ဘုရားသို့ အလွယ်တကူလာနိုင်ပြီဖြစ်ကြောင်း၊ သျှင်ကျော်သမိုင်းဝင်ဘုရားကြီးမှာ မဟာမုနိဘုရားကုန်းမြေမှ မိုင် ၂၀ ခန့် ဝေးကွာကြောင်း အထက်ပါပုဂ္ဂိုလ်က ရှင်းလင်းပြောကြားသည်။

ကမ္ဘာလှည့်ခရီးသွားများလာရောက်နိုင်ရေး၊ ဗုဒ္ဓဘာသာဝင်တိုင်းဖူးမြော်နိုင်ရေးအတွက် ဘုရားကြီးအား ဘက်စုံပြုပြင်နေသော်လည်း အဆောက်အအုံနှင့်လမ်းအစိတ်အပိုင်းအချို့မှာ ငွေကြေးလိုအပ်မှုကြောင့် ပြုပြင်မွမ်းမံရန် ကျန်ရှိနေသေးကြောင်း ဘုရားဂေါပကအဖွဲ့၏ နာယကဖြစ်သူ ရန်ကုန်မြို့မှ စာရေးဆရာ ကပ္ပတိန်သာစိန်က ပြောကြားသည်။

မဟာသျှင်ကျော်ဘုရားကြီး၏ ဘက်စုံမွမ်းမံပြုပြင်ရေးအတွက် အလှူငွေများထည့်ဝင်လိုပါကဖုန်း–၅၆၅၄၄၅၊ ၀၉–၅၁၂၆၄၈၉၊ ၀၉–၅၀၀၁၁၈၀၊ ၀၉–၅၁၄၀၄၀၇၊ ၀၉–၈၅၁၀၄၀၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ ■

www.foreverspace.com.mm



# ၂၀၀၈-၂၀၀၉ ပဲပြည်ပတင်ပို့မှု လယ်ယာထွက်ကုန်တင်ပို့မှု၏ ၅၀ ရာခိုင်နှုန်းကျော်ရှိ

**ရန်ကုန်၊ ဖေဖော်ဝါရီ ၂၃**

မြန်မာနိုင်ငံ၏ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် လယ်ယာထွက်ကုန်ပြည်ပတင်ပို့မှု၏ ၅၀ ရာခိုင်နှုန်းကျော်မှာ ပဲမျိုးစုံတင်ပို့မှုဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လေးက ပြောကြားသည်။ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၌ ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင်ကျင်းပသော မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၏ (၁၆) ကြိမ်မြောက်နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးတွင် ၎င်းက အထက်ပါအတိုင်း ထည့်သွင်းပြောကြားခြင်း ဖြစ်သည်။

ပြီးခဲ့သည့် ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် မြန်မာနိုင်ငံ၏ လယ်ယာထွက်ကုန်ပစ္စည်း ပြည်ပတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁,၄၀၄ သန်းရရှိခဲ့ပြီး ပဲမျိုးစုံတင်ပို့မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၆၄ သန်းပါဝင်ကြောင်း၊ ယင်းပဲမျိုးစုံတင်ပို့မှုမှရရှိသည့် နိုင်ငံခြားဝင်ငွေပမာဏမှာ လယ်ယာထွက်ကုန်ပစ္စည်းတင်ပို့မှုအားလုံး၏ ၅၀ ရာခိုင်နှုန်းကျော်ရှိကြောင်း ၎င်းက ရှင်းပြသည်။

မြန်မာနိုင်ငံမှ နှစ်စဉ်တင်ပို့နေသည့် ပဲမျိုးစုံပို့ကုန်အားလုံး၏ ၇၂ ရာ ခိုင်နှုန်းကို အိန္ဒိယနိုင်ငံသို့ တင်ပို့နေခြင်းဖြစ်ပြီး ကျန် ၂၈ ရာခိုင်နှုန်းကို အင်ဒိုနီးရှား၊ မလေးရှား၊ ပါကစ္စတန်၊ ဂျပန်နှင့် အရှေ့အလယ်ပိုင်းနိုင်ငံအချို့ကို တင်ပို့ရောင်းချလျက်ရှိကြောင်း၊ လက်ရှိ မြန်မာ့ပဲမျိုးစုံပို့ကုန်ဈေးကွက်သည် အိန္ဒိယဈေးကွက်တစ်ခုတည်းအပေါ်၌ အလွန်အမင်းမှီခိုနေရကြောင်း၊ ယင်းအတွက်ကြောင့် မြန်မာနိုင်ငံမှတင်ပို့သည့် ပဲမျိုးစုံဈေးနှုန်း အတက်အကျမှာလည်း ဝယ်လိုအားရှိသည့် အိန္ဒိယ၌ဖြစ်ပေါ်သည့် ဈေးကွက်အခြေအနေပေါ်မူတည်၍ ဈေးနှုန်းပြောင်းလဲမှုရှိကြောင်း UMFCCI ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆိုသည်။

ပြည်ပဈေးကွက်သို့ မြန်မာနိုင်ငံမှ ပဲတင်ပို့နေသည့်ကုမ္ပဏီပေါင်း ၄၀၀ ကျော်ရှိပြီး ပဲစိုက်တောင်သူများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နေသည့် ပဲအထူးပြုကုမ္ပဏီပေါင်း ၂၄ ခုကို ဖွဲ့စည်းပြီးဖြစ်ကြောင်း ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ဆိုသည်။

နိုင်ငံတကာပဲမျိုးစုံဈေးကွက်၌ မြန်မာနိုင်ငံ၏ ပဲမျိုးစုံတင်ပို့ရောင်းချနိုင်မှုအခြေအနေမှာ ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းမှစ၍ ယနေ့အချိန်ထိ ကမ္ဘာ့ဒုတိယပဲအများဆုံးတင်ပို့နိုင်သည့်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိပြီး အာဆီယံနိုင်ငံများကြားတွင်လည်း ပဲထုတ်လုပ်တင်ပို့ရောင်းချနိုင်သော ဦးဆောင်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိကြောင်း၊ ယခုနှစ် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်ကာလအတွင်း မြန်မာနိုင်ငံ၏ ပဲမျိုးစုံတင်ပို့ရောင်းချမှုပမာဏမှာ ပြီးခဲ့သည့်နှစ်အတွင်းတင်ပို့ခဲ့သည့် ပဲမျိုးစုံပမာဏထက် လျော့ကျလျက်ရှိကြောင်း၊ ယင်းကဲ့သို့ ပဲမျိုးစုံပို့ကုန်ပမာဏလျော့နည်းသော်လည်း ပဲမျိုးစုံပို့ကုန်ဝင်ငွေမှာ တိုးလာကြောင်း ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လေးက ပြောကြားသည်။

၂၀၀၀ ပြည့်နှစ်မတိုင်မီက ကမ္ဘာ့ပဲဈေးကွက်၌ မြန်မာနိုင်ငံ၏ ပဲမျိုးစုံတင်ပို့နိုင်မှုအခြေအနေမှာ ကနေဒါနှင့် ဩစတြေးလျနိုင်ငံတို့၏ နောက် တတိယနေရာ၌ရှိခဲ့ကြောင်း၊ ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးကာလတွင် ပြည်ပဈေးကွက်သို့ မြန်မာနိုင်ငံမှပဲမျိုးစုံ တန်ချိန် ၈ ဒသမ ၃ သိန်းကျော် တင်ပို့နိုင်ခဲ့ရာမှ ဩစတြေးလျနိုင်ငံ၏ ပဲတင်ပို့နိုင်မှုပမာဏကို ကျော်တက်၍ ကမ္ဘာ့ဒုတိယပဲအများဆုံး တင်ပို့သည့်နိုင်ငံအဖြစ် ရောက်ရှိလာခြင်းဖြစ်ကြောင်း UMFCCI ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆိုသည်။

## နှစ်စဉ် ပဲမျိုးစုံ ပြည်ပတင်ပို့နိုင်မှု

| ဘဏ္ဍာရေးကာလ | ပြည်ပတင်ပို့သည့်ပဲမျိုးစုံတန်ချိန် | ဝင်ငွေ (US$) |
|---|---|---|
| ၂၀၀၆-၂၀၀၇ | ၁၁၅၅.၅၀ တန် | ၂၆၇.၈၈ သန်း |
| ၂၀၀၇-၂၀၀၈ | ၁၃၄၂.၂၄၁ တန် | ၇၄၇.၇၂ သန်း |
| ၂၀၀၈-၂၀၀၉ | ၁၅၄၁.၀၀ တန် | ၇၆၄ သန်း |
| ၂၀၀၉-၂၀၁၀ | ၉၈၈.၇၄ တန် | ၇၀၂.၄၄ သန်း |

www.foreverspace.com.mm

# UNDP လုပ်ငန်းများကို နိုင်ငံတကာအလှူရှင်များလေ့လာ

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၉**

မြန်မာနိုင်ငံရှိ နာဂစ်ဆိုင်ကလုန်းဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေးနှင့် အခြားထောက်ပံ့မှုလုပ်ငန်းများအတွက် လှူဒါန်းထားသော နိုင်ငံပေါင်း ၁၀ နိုင်ငံမှ နိုင်ငံတကာအလှူရှင်များပါဝင်သော အဖွဲ့တစ်ဖွဲ့သည် ဖေဖော်ဝါရီလ ၁၃ ရက်မှ ၁၈ ရက်နေ့အတွင်း ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP) ၏စီမံကိန်းလုပ်ငန်းများ ထိရောက်မှုအခြေအနေကို အဖွဲ့ခုနစ်ဖွဲ့ခွဲ၍ ငါးရက်ကြာ စစ်ဆေးလေ့လာခဲ့ကြောင်း UNDP ၏ သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

ယင်းအဖွဲ့တွင် ဩစတြေးလျ၊ ကနေဒါ၊ ဒိန်းမတ်၊ ဂျာမနီ၊ နယူးဇီလန်၊ နော်ဝေ၊ ဆွီဒင်၊ ဗြိတိန်၊ အမေရိကန်ပြည်ထောင်စုနှင့် ဥရောပသမဂ္ဂတို့မှ အဆင့်မြင့်အလှူရှင်အဖွဲ့ ကိုယ်စားလှယ် ၂၀ ဦးပါဝင်ပြီး မြန်မာနိုင်ငံရှိ UNDP ၏အစီအစဉ်များတွင် အလှူငွေများထည့်ဝင်ထားကြသူများဖြစ်ကြောင်း၊ ၎င်းတို့သည် အဖွဲ့ခုနစ်ဖွဲ့ခွဲကာ ဖေဖော်ဝါရီ ၁၃ ရက်နှင့် ၁၄ ရက်နေ့တို့တွင် ပထမအဖွဲ့နှစ်ဖွဲ့သည် နာဂစ်မုန်တိုင်းဒဏ်သင့် မြစ်ဝကျွန်းပေါ်ဒေသရှိ ဘိုကလေးနှင့် မော်လမြိုင်ကျွန်းမြို့နယ်တို့သို့လည်းကောင်း၊ ဖေဖော်ဝါရီလ ၁၆ ရက်မှ ၁၈ ရက်နေ့တို့တွင် ကျန်ရှိသည့် အဖွဲ့ငါးဖွဲ့သည် အပူပိုင်းဒေသရှိ ကျောက်ပန်းတောင်း၊ ညောင်ဦးနှင့် ပခုက္ကူမြို့နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ရှိ ညောင်ရွှေနှင့် ကလောမြို့နယ်၊ မွန်ပြည်နယ် ကျိုက်ထိုနှင့် ဘီးလင်းမြို့နယ်၊ ကရင်ပြည်နယ် ဘားအံမြို့နယ်တို့ရှိ UNDP က ဆောင်ရွက်နေသော ICTB (Integrated Community Development Program)၊ အသေးစားချေးငွေလုပ်ငန်း (Microfinance) နှင့် HIV/ AIDS တားဆီးရေးစီမံချက်များသို့လည်းကောင်း သွားရောက်ကြည့်ရှုလေ့လာကြကြောင်း UNDP သတင်းနှင့်ပြန်ကြားရေးဌာနမှ ဦးညီညီအောင်က ရှင်းပြသည်။

အဆိုပါလေ့လာမှုခရီးစဉ်တွင် ကိုယ်ထူကိုယ်ထထူထောင်ရေးအဖွဲ့အစည်းများ (Self-Reliance Groups/ SRG)၊ လူထုအခြေပြုအဖွဲ့အစည်းများ (Community Based Organizations-CBO) စသည့် အဖွဲ့အစည်းများနှင့်လည်း တွေ့ဆုံခဲ့ကြောင်း ၎င်းက ဆိုသည်။

(Human Development Initiative/ HDI) သည် UNDP ၏ လူမှုဖွံ့ဖြိုးမှုလုပ်ငန်း အဓိကအလှူရှင်များထဲမှ တစ်ဖွဲ့ဖြစ်ပြီး မွန်နှင့် ကရင်ပြည်နယ်တို့ရှိ HDI စီမံကိန်းတည်ရှိရာ ရွာများသို့ သွားရောက်လေ့လာခဲ့သူ SIDA (Swedish International Development Cooperation Agency) မှ အတွင်းဝန် Mr.Jorgen Schonning က လက်တွေ့ရလဒ်များသည် လေးစားဖွယ်ဖြစ်ကြောင်း၊ အထူးသဖြင့် ဆင်းရဲနွမ်းပါးသူများကို မိမိခြေထောက်ပေါ်ရပ်တည်နိုင်အောင်လုပ်ပေးသော အဖွဲ့အစည်းဖြစ်ပြီး အဖွဲ့ဝင်များအချင်းချင်း ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတည်ဆောက်နိုင်ခဲ့သည်ကိုတွေ့ရသောကြောင့် မိမိတို့အဖွဲ့အစည်းအနေဖြင့် UNDP ၏ အဓိကအလှူရှင်အဖွဲ့အစည်းအဖြစ် ရပ်တည်နေခြင်းဖြစ်ကြောင်း ပြောကြားသည်။

UNDP သည် မြန်မာနိုင်ငံရှိ မြို့နယ် ၂၂ မြို့နယ်မှ အိမ်ထောင်စု လေးသိန်းကျော်အတွက် အသေးစားချေးငွေထောက်ပံ့ပေးလျက်ရှိကြောင်း၊ နာဂစ်မုန်တိုင်းဒဏ်သင့်ဒေသ ထူထောင်ရေးလုပ်ငန်းများကို HDI အစီအစဉ်အောက်တွင် လုပ်ဆောင်လျက်ရှိပြီး ယင်းစီမံကိန်းကို နိုင်ငံတစ်ဝန်း မြို့နယ်ပေါင်း ၆၀ ရှိ ကျေးရွာပေါင်း ၈၀၀၀ ဝန်းကျင်တွင် ဆောင်ရွက်လျက်ရှိကာ လူသုံးသန်းနီးပါး အကျိုးအမြတ်ဖြစ်ထွန်းလျက်ရှိကြောင်း သတင်းထုတ်ပြန်ချက်က ဆိုသည်။

**အေးကျော့ခိုင်**

www.foreverspace.com.mm



# ပြည်ပရောက်အလှူရှင် ၁၁၁ ဦး သုခရိပ်မြုံသို့ ၄၇ သိန်းလှူဒါန်း

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၁**

မိဘမဲ့ကလေးငယ်များနှင့် HIV/AIDS ရောဂါကူးစက်ခံရသူ ကလေးငယ်များကို စောင့်ရှောက်ပေးနေသည့် သုခရိပ်မြုံသို့ ပြည်ပရောက် အလှူရှင် ၁၁၁ ဦးက ငွေကျပ် ၄၇ သိန်းကို ပေးအပ်လှူဒါန်းခဲ့ကြောင်း အဆိုပါအလှူရှင်များကိုယ်စား သုခရိပ်မြုံသို့ လှူဒါန်းပေးသည့် စာရေးဆရာမ မနော်ဟရီက ပြောကြားသည်။

အဆိုပါလှူဒါန်းမှုကို စင်ကာပူနိုင်ငံတွင် နေထိုင်သည့် စာရေးဆရာမအိန္ဒြာက အကောင်အထည်ဖော်ခဲ့ပြီး ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ဇန်နဝါရီ ၂၁ ရက်နေ့အထိ အင်တာနက်မှတစ်ဆင့် အလှူငွေကောက်ခံခဲ့ကြောင်း၊ လှူဒါန်းကြသူများမှာ ပြည်ပနိုင်ငံ ၁၀ နိုင်ငံမှ ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"ဒီအလှူရှင်တွေကို မသိပါဘူး။ သူတို့အနေနဲ့ ဒီသုခရိပ်မြုံအပေါ် ယုံကြည်ချက်တစ်ခုတည်းနဲ့ ကလေးတွေအတွက် လှူဒါန်းကြတာပါ။ ဒါကြောင့် အခုလိုမျိုး ပေးအပ်လှူဒါန်းတဲ့အကြောင်းကို သူတို့တွေသိအောင် လှူဒါန်းမှုအတွက် သာဓုခေါ်နိုင်စေဖို့ အခုလို အသိပေးတာပါ" ဟု စာရေးဆရာမ မနော်ဟရီက ဆိုသည်။ ယင်းအလှူငွေပေးအပ်ခြင်းကို ယခုလ ၁၁ ရက်က ရန်ကုန်မြို့ရှိ လျှပ်တစ်ပြက်သတင်းဂျာနယ်တိုက် တွင်ပြုလုပ်ခဲ့သည်။




# အရေးပေါ်လှေကားမရှိသည့် အထပ်မြင့်အဆောက်အအုံအားလုံး လှေကားတပ်ဆင်ရန် ဆောင်ရွက်

**သတင်းဆောင်းပါး – ခင်ဌေးကြွယ် (၃–၃–၂၀၁၀)**

**ရန်ကုန်မြို့တော်နယ်နိမိတ်အတွင်းရှိ အထပ်မြင့်အဆောက်အအုံများအနက် အရေးပေါ်လှေကားမရှိသေးသည့် အဆောက်အအုံများ၌ အရေးပေါ်လှေကားများတပ်ဆင်နိုင်ရေးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (YCDC) နှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ (ရုံးချုပ်) မှ အကြီးတန်းအရာရှိတစ်ဦးက ပြောကြားသည်။**

www.foreverspace.com.mm

ထိုဆောင်ရွက်မှုကို အမြန်ဆုံးဆောင်ရွက်သွားရန် YCDC မှတာဝန်ရှိပုဂ္ဂိုလ်များနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ ညှိနှိုင်းဆွေးနွေးလျက်ရှိကြောင်း အထက်ပါပုဂ္ဂိုလ်က ဆိုသည်။

ရန်ကုန်မြို့တော်၌ ယခုအခါ မီးလောင်မှုများမကြာခဏဖြစ်ပွားလာလျက်ရှိရာ ယင်းမီးလောင်မှုများအနက် ဖေဖော်ဝါရီလ ၁၃ ရက်နေ့က ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းအထက်လမ်းရှိ အထပ်မြင့်အဆောက်အအုံတစ်ခု၌ မီးလောင်မှုဖြစ်ခဲ့ရာ ဆင်းပြေးရန် နောက်ဖေး အရေးပေါ်လှေကားမရှိ၍ အရှေ့ပေါက် မီးလောင်နေသည့် မီးတောက်များအကြားမှ အသက်လွတ်မြောက်ရေးထွက်ပြေးရာမှ မီးလောင်ဒဏ်ရာဖြင့်ပင် အသက်ကိုးနှစ်အရွယ်မိန်းကလေးတစ်ဦးနှင့် လူကြီးနှစ်ဦး တစ်ပတ်အတွင်း သေဆုံးခဲ့သည်။ အရေးပေါ်လှေကားမရှိခြင်း၊ ရှိသည့်လှေကားခိုင်ခံ့မှုမရှိခြင်း စသည့် အကြောင်းခြင်းရာများကြောင့် မလိုလားအပ်သော ဆုံးရှုံးမှုမျိုးကို ယခင်ကလည်းကြုံတွေ့ဖူးခဲ့ရကြောင်း ရန်ကုန်တိုင်းမီးသတ်ဦးစီးဌာန တာဝန်ရှိသူတစ်ဦးက Living Color သို့ ပြောကြားသည်။

အထပ်မြင့်အဆောက်အအုံဆောက်လုပ်မည်ဆိုပါက YCDC က ဒီဇိုင်းရေးဆွဲပြီး မီးသတ်ဦးစီးဌာနသို့တင်ပြ၍ အရေးပေါ်လှေကားပါရှိ၊ မရှိ၊ လေဝင်လေထွက်ကောင်း၊ မကောင်း စသည့် မီးဘေးအန္တရာယ်နှင့်ရင်ဆိုင်ရပါက အလွယ်တကူလွတ်မြောက်နိုင်မည့်နည်းလမ်းများ ပါရှိမှသာ ဆောက်လုပ်ခွင့်ကို သက်ဆိုင်ရာမှ ခွင့်ပြုလေ့ရှိသည်ဟု သိရသည်။

**လှေကားအများစုမှာ ခိုင်ခံ့မှုအားနည်းလျက်ရှိသည်**



သို့သော် ကန်ထရိုက်အချို့မှာအရေးပေါ်လှေကားမပါရှိခြင်း၊ ပါရှိသည့် လှေကားမှာလည်းခိုင်ခံ့မှုမရှိခြင်း စသည့်လိုအပ်ချက်များရှိသည့် အဆောက်အအုံအရေအတွက် ရန်ကုန်မြို့တော်တွင်များစွာရှိနိုင်သည်ဟု YCDC အင်ဂျင်နီယာဌာန (အဆောက်အအုံ) တွင် တာဝန်ထမ်းဆောင်ခဲ့သည့် အငြိမ်းစားအင်ဂျင်နီယာတစ်ဦးက ရှင်းပြသည်။

ကန်ထရိုက်များဆောက်လုပ်ပြီးစီးပါက YCDC အင်ဂျင်နီယာဌာန (အဆောက်အအုံ) မှ တာဝန်ရှိသူများသွားရောက်စစ်ဆေးပြီးမှသာ လူနေထိုင်ခွင့် (ဘီစီစီ) ကို ချပေးကြောင်း၊ ခိုင်ခံ့မှုမရှိသည့် ကန်ထရိုက်တိုက်များကို နေထိုင်ခွင့်ချမပေးဘဲ စနစ်တကျပြန်လည်ဆောင်ရွက်ခိုင်းကြောင်း ယင်းဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယခုအခါ သဘာဝဘေးအန္တရာယ်ကျရောက်မှုများကို ကမ္ဘာ့နိုင်ငံအများအပြားက ခံစားလာကြရကြောင်း၊ ကမ္ဘာကြီးပူနွေးလာခြင်းနှင့်အတူ သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုလည်းများလာကြောင်း၊ မြန်မာနိုင်ငံသည်လည်း သဘာဝဘေးအန္တရာယ်ကျရောက်မှုကိုခံစားလာရပြီး သဘာဝဘေးအန္တရာယ်များ၏ ၈၀ ရာခိုင်နှုန်းမှာ မီးဘေးအန္တရာယ်ဖြစ်နေသည်ကိုတွေ့နေရကြောင်း၊ ထို့ကြောင့် မီးဘေးအန္တရာယ်ကို ပြည်သူတစ်ရပ်လုံးက စုပေါင်းကာကွယ်ရန် အရေးကြီးကြောင်း မြန်မာနိုင်ငံသဘာဝဘေးအန္တရာယ်များကာကွယ်တားဆီးရေးကော်မတီအတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက ဖေဖော်ဝါရီလ ၂၂ ရက်နေ့၌

www.foreverspace.com.mm



# ကလေးအာဟာရ အစားအစာ၏ Brand Ambassador သရုပ်ဆောင် ပိုင်ဇေရဲထွန်း၏သားကို ရွေးချယ်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၉**


ကလေးငယ်များအတွက် Gain IQ အပါအဝင် နို့မှုန့်နှင့်အာဟာရပစ္စည်းများ ရောင်းချနေသည့် Abbott Loyalty Campaign ၏ Brand Ambassador (ကုန်ပစ္စည်းအတွက်ကိုယ်စားလှယ်) အဖြစ် သရုပ်ဆောင်ပိုင်ဇေရဲထွန်း၏သား မောင်ဇေဘုန်းပိုင်ကို ရွေးချယ်ခဲ့ကြောင်း ကုမ္ပဏီ၏ တရားဝင်ထုတ်ပြန်ချက်များအရ သိရသည်။

အဆိုပါအခမ်းအနားကို ဖေဖော်ဝါရီလ ၁၉ ရက်နေ့က ရန်ကုန်မြို့တော်ရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပခဲ့ကြောင်း Abbott မှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

Brand Ambassador အဖြစ်ရွေးချယ်ခံခဲ့ရသူ မောင်ဇေဘုန်းပိုင်မှာ အသက်တစ်နှစ်ခွဲအရွယ်ရှိပြီး Abbott အမှတ်တံဆိပ်အာဟာရပစ္စည်းများ မှန်မှန်သုံးစွဲခဲ့သည့် ကျန်းမာသောကလေးငယ်တစ်ဦးဖြစ်သည့်အပြင် သရုပ်ဆောင်တစ်ဦး၏ ရင်သွေးငယ်ဖြစ်ခြင်းများကြောင့် ရွေးချယ်ခြင်းဖြစ်ကြောင်း၊ ၎င်း၏ရုပ်ပုံများကို Abbott ၏ကုန်ပစ္စည်းများကြော်ငြာရာတွင် ထည့်သွင်းအသုံးပြုသွားမည်ဖြစ်ကြောင်း Abbott မှ တာဝန်ရှိသူက ဆိုသည်။

အလားတူ ပြည်တွင်းရှိနို့မှုန့်ဈေးကွက်တွင် ဈေးကွက်ဝေစုအသင့်အတင့်ရရှိထားသော Dumex နို့မှုန့်ကလည်း ၎င်း၏ Brand Ambassador အဖြစ် သရုပ်ဆောင်လူမင်းနှင့်မိသားစုကို ဖေဖော်ဝါရီလဆန်းပိုင်းက ရွေးချယ်ခဲ့သည်။

**အေးကျော့ခိုင်**



ရန်ကုန်မြို့တော်ခန်းမ၌ကျင်းပသော အစည်းအဝေးတစ်ခုတွင် ထည့်သွင်းပြောကြားခဲ့သည်။

ထို့အတူရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းကလည်း အထပ်မြင့် အဆောက်အအုံများ၏ အရှေ့ဝရံတာခိုင်ခံ့မှုမရှိခြင်း၊ နောက်ဖေးအရေးပေါ်လှေကားခိုင်ခံ့မှုမရှိခြင်းတို့ကို YCDC က စစ်ဆေး၍ဆောင်ရွက်လျက်ရှိသည်ဟု ပြောကြားသည်။ ခိုင်ခံ့မှုမရှိသည့် အဆောက်အအုံ၊ စိတ်မချရသည့် ကန်ထရိုက်တိုက်များကို လူနေထိုင်ခွင့် (ဘီစီစီ) ထုတ်ပေးလေ့မရှိဟု ဆိုသည်။

"ကျွန်မတို့နေတဲ့ ကွန်ဒိုမှာ လှေကားတော့တွေ့တယ်။ ဒါပေမဲ့ ဂဟေဆက်တဲ့နေရာတွေက ပြုတ်နေတယ်" ဟု ကျောက်တံတားမြို့နယ်အတွင်းမှ ကန်ထရိုက်တိုက်အသစ် ကွန်ဒိုတစ်ခု၏ လေးလွှာတွင်နေသည့် အမျိုးသမီးက ပြောကြားသည်။ အိမ်ရှင်အချို့မှာလည်း နောက်ဖေးလှေကားခိုင်ခံ့ပါက သူခိုးတက်မည်စိုးရိမ်၍ မခိုင်အောင်လုပ်ထားတတ်သူများရှိကြောင်း၊ အချို့မှာလည်း နောက်ဖေးလှေကားကို စတိုခန်းတစ်ခုကဲ့သို့သတ်မှတ်၍ ပစ္စည်းမျိုးစုံကို လှောင်ထားတတ်ကြကြောင်း၊ အကယ်၍ အရေးအကြောင်းကြုံလာပါက မည်ကဲ့သို့ဆင်းပြေးရမည်ကို စဉ်းစားမရကြောင်း ၎င်းက ထပ်မံရှင်းပြသည်။

အထူးသဖြင့် ယခင်နှစ်ပေါင်းများစွာက ဆောက်လုပ်ထားခဲ့သော တိုက်အို၊ တိုက်ဟောင်းများတွင် အရေးပေါ်လှေကားများမပါရှိဟု သိရပြီး အချို့သော တိုက်အို၊ တိုက်ဟောင်းများမှာ လူနေထိုင်ရန်လုံးဝမသင့်တော့ဟု YCDC ၏ အငြိမ်းစားပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။ YCDC မှ တာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့်လည်း အရေးပေါ်လှေကားကိစ္စနှင့်ပတ်သက်၍ ကျွမ်းကျင်သောပုဂ္ဂိုလ်များကိုယ်တိုင် ကွင်းဆင်း၍ စနစ်တကျဆောင်ရွက်သွားရန် အရေးကြီးကြောင်း ရှင်းပြသည်။

ဆိပ်ကမ်းသာလမ်းအခြေစိုက်ကန်ထရိုက်တိုက်ဆောက်လုပ်ရေးလုပ်ငန်းတစ်ခု၏အုပ်ချုပ်မှုဒါရိုက်တာတစ်ဦးကမူ အချို့သောကန်ထရိုက်များမှာ မိမိတို့၏လုပ်ငန်းဂုဏ်သိက္ခာကိုထိန်းသိမ်း၍ ဆောင်ရွက်သော်လည်း အချို့မှာ ခေတ်ဈေးနှုန်းအပေါ်လိုက်၍ လျှော့ချ၍ရသည့် နေရာအချို့၏ ကုန်ကျစရိတ်ကို လျှော့ချဆောက်လုပ်ကြကြောင်း၊ ကုန်ကျစရိတ်နှင့် ပြန်လည်ရောင်းချ၍ရမည့်ငွေပမာဏကို တွက်ချက်၍ လုပ်ကိုင်လာကြကြောင်း၊ ထိုသို့ဖြစ်လာရခြင်းမှာ ကန်ထရိုက်လုပ်ငန်းများ ကျဆင်းလာ၍ ဆောက်လုပ်ပြီး တိုက်ခန်းများမှာလည်း အရောင်းအဝယ်မဖြစ်ခြင်းတို့ကြောင့်ဟု ဆိုသည်။

www.foreverspace.com.mm

"ခိုင်ခံ့မှုအားနည်းတဲ့တိုက်ခန်းတွေက အများအားဖြင့် တစ်ဆင့်ခံအကျိုးဆောင်တွေဆောက်တဲ့တိုက်တွေပါ" ဟု အထက်ပါ လုပ်ငန်းရှင်က ဆိုသည်။ ရန်ကုန်မြို့တော်တွင် တရားဝင်လိုင်စင်ရဆောက်လုပ်ရေးလုပ်ငန်းပေါင်း သုံးရာဝန်းကျင်ရှိသည့်အပြင် တစ်ဆင့်ခံအကျိုးဆောင်ကန်ထရိုက်လုပ်ငန်းလည်း တစ်ရာကျော်ဝန်းကျင်ရှိသည်ဟု ၎င်း၏အဆိုအရ သိရသည်။

ရန်ကုန်မြို့တော်၌ ယခုအခါ လူနေထူထပ်လာပြီး အများစုမှာမြို့တွင်းရှိ တိုက်ခန်းများ၊ ကန်ထရိုက်တိုက်များကို အားကိုးနေထိုင်လာကြကြောင်း၊ ရန်ကုန်မြို့မှ အမြင့်ဆုံးကွန်ဒိုတိုက်ခန်းများမှာ အထပ် ၂၀ ဝန်းကျင်၊ များသောအားဖြင့် ၁၀ ထပ်ဝန်းကျင်သာရှိ၍ နိုင်ငံတကာနှင့်ယှဉ်ပါက အလွန်အထပ်နိမ့်သည့်တိုက်ခန်းများဖြစ်ကြောင်း၊ အထပ်နိမ့်သည်ဖြစ်စေ၊ မြင့်သည်ဖြစ်စေ ခိုင်ခံ့မှုသည် အဓိကကျကြောင်း၊ လူနေအဆောက်အအုံတစ်ခုသည် သက်တမ်းမပြည့်ဘဲ တစ်စုံတစ်ခု အားနည်းချက်တွေ့ပါက တရားစွဲဆိုနိုင်ခြင်း၊ ကျသင့်သောလျော်ကြေးတောင်းခံနိုင်ခြင်း စသည့် တိကျတင်းကျပ်သည့်ဥပဒေများထုတ်ပြန်၍ ထိရောက်စွာ အရေးယူကျင့်သုံးနိုင်မည်ဆိုပါက အထက်ပါကိစ္စများပပျောက်သွားနိုင်ကြောင်း စီးပွားရေးအကြံပေး ဥပဒေပညာရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။



ကန်ထရိုက်တိုက်အများစုတွင် မြင်တွေ့ရသည်

# တမူးမြို့ နယ်စပ်ကုန်သည်များအသင်း အဆောက်အအုံသစ် ဆောက်မည်

စစ်ကိုင်း၊ ဖေဖော်ဝါရီ ၂၀

စစ်ကိုင်းတိုင်းရှိ အိန္ဒိယနယ်စပ်ကုန်သွယ်ရေးမြို့ဖြစ်သော တမူးမြို့တွင် ၂၀၁၀ ပြည့်နှစ်အတွင်း နယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်းအဆောက်အအုံသစ် ဆောက်လုပ်သွားမည်ဖြစ်ကြောင်း အသင်းအတွင်းရေးမှူးဦးအေးကိုက ပြောကြားသည်။

နစ်နိုင်ငံနယ်စပ်အနီး နန်းဖာလုံဈေးသွားရာလမ်းတွင် ယင်းအဆောက်အအုံကို အသင်းဝင်များ၏မတည်ငွေများဖြင့် ဆက်လက်ဆောက်လုပ်သွားမည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ယင်းအသင်းကို ၁၉၉၃ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ကာ ယခုအခါ ကလေး၊ တမူး၊ မန္တလေး၊ ရန်ကုန်မြို့တို့မှ အသင်းဝင်ကုမ္ပဏီ ၃၁ ခု ပါဝင်ကြောင်း၊ အသင်းသည် အသင်းဝင်ကုမ္ပဏီများ၊ ကုန်သည်များနှင့် ဝန်ကြီးဌာနကြား သွင်းကုန်ထုတ်လိုင်စင်များ၊ လုပ်ငန်းကိစ္စများအတွက် ပံ့ပိုးကူညီလုပ်ကိုင် ဆောင်ရွက်ပေးသော အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း စုံစမ်းသိရှိရသည်။

အသင်း၏ အမှုဆောင်အဖွဲ့ စတုတ္ထလေးနှစ်သက်တမ်းကို ၂၀၀၉ ခုနှစ် နိုဝင်ဘာလတွင်စတင်ဖွဲ့စည်းပြီး ဥက္ကဋ္ဌဦးလှမောင်အပါအဝင်အလုပ်အမှုဆောင်အဖွဲ့ ၁၅ ဦးရှိကြောင်း အတွင်းရေးမှူးဦးအေးကိုက ပြောကြားသည်။ ယခုအခါ အသင်းရုံးကို တမူးနယ်စပ်ကုန်သွယ်ရေးစခန်းဝင်းတွင် ယာယီ ဖွင့်လှစ်ထားသည်။

www.foreverspace.com.mm

# ထိရောက်သွက်လက်သော ပညာသင်ယူမှု နိုင်ငံတကာဆွေးနွေးပွဲ ပထမအကြိမ်ပြုလုပ်မည်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၂၀**

ပညာသင်ကြားရေးနှင့်ပတ်သက်သော ပြည်တွင်း၊ ပြည်ပအတတ်ပညာဆိုင်ရာပုဂ္ဂိုလ်များပါဝင်မည့် ထိရောက်သွက်လက်သော ပညာသင်ယူမှုဝန်းကျင်ဆိုင်ရာ နိုင်ငံတကာအဆင့်ဆွေးနွေးပွဲ (International Forum on Effective Learning Environment) တစ်ရပ်ကို ၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာလ ၁၁ ရက်နှင့် ၁၂ ရက်နေ့တို့တွင် ရန်ကုန်မြို့ Parkroyal Hotel တွင် ပထမအကြိမ်ပြုလုပ်သွားရန် စီစဉ်ထားကြောင်း နိုင်ငံတကာပညာရေးနှင့်ပတ်သက်သော အကြံဉာဏ်ပေးနေသည့် Noble Management Academy (N.M.A) မှ အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်သိန်းသိန်းကျော်ကပြောကြားသည်။

"မြန်မာနိုင်ငံမှာ ဒီဖိုရမ်ဖြစ်ပေါ်ဖို့ N.M.A အနေနဲ့ ဦးဆောင်ပြီးလုပ်သွားမယ်။ အဓိကအနေနဲ့ ထိရောက်တဲ့ပညာသင်ယူမှုဝန်းကျင်ဖြစ်လာဖို့ပါ" ဟု မလေးရှားနိုင်ငံရှိ Curtin University of Technology ၏ ဓာတုအင်ဂျင်နီယာဌာနတွင် အချိန်ပိုင်းသရုပ်ပြဆရာမအဖြစ် တာဝန်ထမ်းဆောင်သူ ဒေါ်သိန်းသိန်းကျော်က ဆိုသည်။

အဆိုပါ Forum ကို Myanmar International Education Centre (MIEC) နှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်း Forum ကို ပြုလုပ်ခြင်းသည် ထိရောက်သောသင်ကြားမှုနှင့် သင်ယူမှုပုံစံများရရှိစေရန် ထိရောက်သွက်လက်သည့် ဆရာ၊ တပည့် ပူးပေါင်းသင်ယူမှုကို လေ့လာနိုင်စေရန် ထိရောက်သည့် ပူးပေါင်းသင်ယူမှုဝန်းကျင်တစ်ခု ဖန်တီးရန်နှင့် သင်ကြားမှုနှင့် လေ့လာမှုဆိုင်ရာ စာတမ်းများ ရရှိစေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း ၎င်းက ရှင်းလင်းပြောကြားသည်။

"ဒီဆွေးနွေးပွဲမှာ စာတမ်းတင်သူနဲ့ ဆွေးနွေးမယ့်သူတွေ ပါမယ်။ ဩစတြေးလျ Curtin University က ပါမောက္ခနှစ်ဦးက Keynotes Speaker လုပ်ပေးမယ်။ သူတို့တွေက မြန်မာနိုင်ငံကို စိတ်ဝင်စားပြီး ကူညီချင်စိတ်ရှိတဲ့သူတွေပါ" ဟု ဒေါ်သိန်းသိန်းကျော်က ဆိုသည်။

ယင်းဆွေးနွေးပွဲသည် စာတမ်းဖတ်သူများ၏ စာတမ်းများ Credit ဖြစ်စေသည့် International Standard Book Number ရရှိစေမည်ဖြစ်ကြောင်း၊ နိုင်ငံတကာမှ ပညာရှင်များလာရောက်ဖတ်ရှုမည်ဖြစ်သကဲ့သို့ ပြည်တွင်းမှ ကျွမ်းကျင်ပညာရှင်များ၏ စာတမ်းများကိုလည်း ဖိတ်ခေါ်သွားမည်ဖြစ်ကြောင်း အဆိုပါဆွေးနွေးပွဲကို ပူးပေါင်းပြုလုပ်မည့် MIEC မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

# မြန်မာလုပ်သားများကို မလေးရှားလုပ်ငန်းရှင်အများစု နှစ်သက်မှုလျော့

**သတင်းဆောင်းပါး – ခင်ဋ္ဌေးကြွယ် ၊ ဓာတ်ပုံ – Associated News (၉–၃–၂၀၁၀)**

**မလေးရှားနိုင်ငံရှိ လုပ်ငန်းရှင်များအနေဖြင့် ပြည်ပအလုပ်သမားခေါ်ယူရာတွင် အခြားနိုင်ငံအလုပ်သမားများနှင့် နှိုင်းယှဉ်ပါက မြန်မာနိုင်ငံမှ အလုပ်သမားခေါ်ယူလိုမှုမှာ တဖြည်းဖြည်းလျော့ကျလာကြောင်း ရန်ကုန်အခြေစိုက်မလေး အေးဂျင့်အချို့ထံမှသိရသည်။**

ထိုသို့လျော့ကျလာခြင်းမှာ အကြွေးစနစ်ဖြင့်ပို့ဆောင်ပြီးနောက်ပိုင်းတွင်ဖြစ်လာကြောင်း၊ မြန်မာနိုင်ငံမှ အကြွေးစနစ်ဖြင့်သွားသော လုပ်သားအချို့မှာ မလေးရှားသို့ရောက်ပါက လအနည်းငယ်အတွင်း အလုပ်မှထွက်ပြေးသွားခြင်း၊ လုပ်ငန်းပြောင်းရွှေ့သွားခြင်း၊ အချင်းချင်း ခိုက်ရန်ဖြစ်ပွားစကားများခြင်း စသည့် အပြုအမူတို့ဖြစ်ကြောင်း၊ ယင်းဖြစ်စဉ်များသည် လွန်ခဲ့သည့်နှစ်အနည်းငယ်ကစတင်ခဲ့သော အကြွေးစနစ်ဖြင့်ပို့ဆောင်ပြီး နောက်ပိုင်း



တွင်ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း၊ ထိုသို့ပြုမူသူအချို့ရှိလာ၍ ကျန် မြန်မာလုပ်သားများအပေါ်၌ပါ ယုံကြည်မှုနည်းပါးလာကြောင်း၊ ယင်းလူနည်းစု၏လုပ်ရပ်ကြောင့် အခြားသော မြန်မာလုပ်သားများစွာအပေါ် အလုပ်ခန့်လိုစိတ်နည်းပါးလာ၍ ပြည်ပရောက်မြန်မာများအနေဖြင့် မိမိတို့၏ ကိုယ်ကျင့်သိက္ခာ၊ နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို စောင့်ထိန်းလုပ်ဆောင်သင့်ကြောင်း ကျောက်တံတားမြို့နယ်အတွင်း ရုံးစိုက်ထားသည့် တရားဝင် မလေးရှားအေဂျင်စီ

www.foreverspace.com.mm

တစ်ခု၏ အုပ်ချုပ်မှုဒါရိုက်တာတစ်ဦးက Living Color သို့ ပြောကြားသည်။

"ပြီးခဲ့တဲ့လထဲမှာပဲ ငါးယောက်ပို့တာ၊ သုံးယောက်က အလုပ်ကထွက်ပြေးသွားတယ်" ဟု ၎င်းကဆိုသည်။ ထိုသို့ထွက်ပြေးသွားရခြင်းမှာ မြန်မာနိုင်ငံမှ အေးဂျင့် ပြောဆိုသည်နှင့်မကိုက်ညီ၍ မဟုတ်ကြောင်း၊ မြန်မာနိုင်ငံတွင်းရှိ အေးဂျင့်က ပြောဆိုပို့ဆောင်ပေးလိုက်သည့် စက်ရုံ၊ အလုပ်ရုံ၊ လုပ်ခလစာ၊ အလုပ်ချိန်စသည်တို့ မှန်ကန်နေသော်လည်း မလေးရောက်၍ အခြားသော အနေကြာမြန်မာများ၊ Overstay များ၏ ပြောဆိုသိမ်းသွင်းမှုနောက်သို့ ပါသွားတတ်ကြောင်း၊ ထိုသို့ပါသွား၍ ၎င်းတို့၏ နိုင်ငံကူးလက်မှတ်ဆုံးရှုံးခြင်းအပြင် ပို့ဆောင်ပေးလိုက်သည့်အေးဂျင့်မှာလည်း နစ်နာဆုံးရှုံးမှုရှိပြီး အထူးသဖြင့် နောက်ထပ်ပို့ဆောင်မည့် မြန်မာနိုင်ငံသားများအတွက်ပါ အခက်အခဲများဖြစ်သွားရကြောင်း ၎င်းက ထပ်မံဆိုသည်။

မလေးစားသောက်ဆိုင်တစ်ခု၌လုပ်ကိုင်နေသူမြန်မာလူငယ်တစ်ဦးကို Living Color က ဆက်သွယ်မေးမြန်းရာတွင် ထွက်ပြေးသူ၊ အလုပ်ပြောင်းသူအများစုမှာ မြန်မာနိုင်ငံမှ အေးဂျင့်ပြောလိုက်သည့် အလုပ်အကိုင်လုပ်ခလစာ မတိကျ၍ဖြစ်



ကြောင်း၊ အချို့မှာလည်း မလေးရောက်မြန်မာလုပ်သားပွဲစားများ၏ မက်လုံးပေးစည်းရုံးရာသို့ ဘုမသိ ဘမသိပုံစံဖြင့် ပါသွားတတ်သည်များရှိကြောင်း၊ နိုင်ငံကူးလက်မှတ်မရှိလျှင်လည်း အောက်လမ်းအသုံးပြု၍ မြန်မာနိုင်ငံသို့ ပြန်လာနိုင်သည်ကို အနေကြာသူများက ပြောဆိုစည်းရုံးမှုကြောင့်လည်း ဖြစ်လေ့ဖြစ်ထရှိတတ်ကြောင်း၊ အချင်းချင်း ရန်ဖြစ် စကားများခြင်းရှိသော်လည်း ရှားပါးကြောင်း ရှင်းပြသည်။

"ကွန်ဒို၊ ဒါမှမဟုတ် တိုက်ခန်းတစ်ခုထဲဝင်သွားလို့ ထောင့်တွေမှာကွမ်းတံတွေးကိုတွေ့ရင် မြန်မာတွေနေတယ်ဆိုတာ လူအတော်များများသိနေတယ်" ဟု မလေးရှားနှင့်စင်ကာပူနိုင်ငံများတွင် အင်ဂျင်နီယာအလုပ်ဖြင့် ၁၀ နှစ်ဝန်းကျင်သွားရောက်လုပ်ကိုင်ခဲ့ဖူးသူတစ်ဦးက ဆိုသည်။ သို့သော် စင်ကာပူရောက် မြန်မာများအနေဖြင့်မူ စင်ကာပူ၏ တင်းကျပ်သော စည်းကမ်းဥပဒေကြောင့် ကွမ်းတံတွေးကို စည်းကမ်းမဲ့မထွေးရဲကြဟုလည်း ဆိုသည်။ ပြည်ပရောက် မြန်မာလူမျိုးအများစုမှာ ရိုးသားကြိုးစားကြသော်လည်း အချို့မှာ နေထိုင်မှုအပြုအမူ၊ စည်းကမ်းထိန်းသိမ်းမှု အားနည်းနေသေးသည်ဟုလည်း ၎င်းက ထောက်ပြပြောဆိုသည်။

မည်သည့်နိုင်ငံမဆိုပြည်ပနိုင်ငံအသီးသီးသို့သွားရောက်မည့် မြန်မာများအနေဖြင့် မိမိလူမျိုးနှင့် နိုင်ငံ၏ဂုဏ်သိက္ခာကို ထိန်းသိမ်းရမည့်အပြင် မိမိသွားမည့်နိုင်ငံ၊ လူမျိုးများ၏ ယဉ်ကျေးမှုဘာသာစကားကို ကြိုတင်လေ့လာထားသင့်ကြောင်း၊ အလုပ်ရှင်အလုပ်သမား ဆက်ဆံရေးမပြေမလည်ဖြစ်ရာ၌ ၎င်းတို့၏ယဉ်ကျေးမှုစရိုက်ကို နားမလည်၍ဖြစ်ရသည့် သာဓကများရှိ

**မြန်မာအလုပ်သမားခေါ်ယူလိုမှု လျော့ကျလျက်ရှိသည်**



www.foreverspace.com.mm



ကြောင်း၊ လိုအပ်ချက်များ အတန်အသင့်ပြည့်စုံမှသာ ခွဲခြားဆက်ဆံမှုနည်းပါးမည်ဖြစ်ကြောင်း ကွာလာလမ်ပူ၌ စားသောက်ဆိုင်ဖွင့်လှစ်ထားသည့် မြန်မာလူမျိုးတစ်ဦးကပြောကြားသည်။ ထို့အပြင် အလုပ်မှထွက်ပြေးခြင်း၊ အလုပ်ပြောင်းသွားခြင်းစသည့် ပြုလုပ်သွားသူအများစုသည် မလေးရှားနိုင်ငံ၌အနေကြာပြီး ကုလသမဂ္ဂ (UN) ဒုက္ခသည်လက်မှတ်ရထားသူများ၏ စည်းရုံးမှုကြောင့်လည်း ဖြစ်ကြောင်း၊ အချို့မှာ UN လက်မှတ်ရပြီး တတိယနိုင်ငံတစ်ခုတွင် ဒုက္ခသည်အဖြစ် သွားရောက်နေထိုင်ခွင့်ရမည်ကို မျှော်လင့်၍ UN လက်မှတ်ရရှိရေးအတွက် ငွေကြေးပေးရခြင်း၊ အလုပ်ထွက်သွားခြင်းတို့ရှိတတ်ကြောင်းလည်း စားသောက်ဆိုင်ပိုင်ရှင်က ဆိုသည်။

"မလေးလုပ်ငန်းတွေအနေနဲ့ မြန်မာလုပ်သားလိုချင်မှုဟာ ၅၀ ရာခိုင်နှုန်းအောက်ရောက်သွားပြီ ဆိုရမှာပဲဗျ" ဟု မကြာမီရက်ပိုင်းအတွင်း မလေးနိုင်ငံမှ ပြန်လာသည့် မြန်မာအေးဂျင့်တစ်ခု၏ တာဝန်ရှိသူတစ်ဦးကလည်း ဆိုသည်။ ၎င်းတို့ကုမ္ပဏီနှင့် မလေးအေးဂျင့်အချို့သည် အလုပ်သမားပို့ဆောင်ရေးအတွက် သဘောတူစာချုပ်ချုပ်ဆိုထားသော်လည်း လုပ်ငန်းရှင်အချို့က မြန်မာအလုပ်သမားကို မခေါ်လိုတော့ဘဲ အခြားနိုင်ငံသားများကို အစားထိုး၍အလုပ်ခန့်လိုက်ကြောင်း၊ ထို့ကြောင့် ခေါ်ယူရန်ကမ်းလှမ်းထားပြီးဖြစ်သည့် အလုပ်သမား နစ်နာသည့်အပြင် အလုပ်အကိုင်ရှာဖွေရေးလုပ်ငန်းအတွက်လည်း ထိခိုက်ကြောင်း ၎င်းကဆိုသည်။ မြန်မာလူမျိုးအလုပ်သမားများကို မလေးလုပ်ငန်းရှင်များအနေဖြင့် ယခင်က ဒုတိယအကြိုက်နှစ်သက်ဆုံးဖြစ်ခဲ့သော်လည်း ယခုအခါ အဆင့်ငါးအောက်ရောက်သွားသည်ဟုလည်း ၎င်းကဆိုသည်။ မလေးရှား၌ အင်ဒိုနီးရှားလူမျိုး အလုပ်သမားများမှာ ပထမဆုံးနှစ်သက်မှုကို ရနေပြီး ဖိလစ်ပိုင်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ် စသည့် လူမျိုးအလုပ်သမားများကို ပိုမိုနှစ်သက်လာသည်ကို စုံစမ်းသိရှိခဲ့ရကြောင်း၊ ထိုသို့ ကြိုက်နှစ်သက်မှုနည်းသည့်အကြောင်းရင်းမှာ အလုပ်မတည်မြဲခြင်းသည် အဓိကဖြစ်နေကြောင်းလည်း ၎င်းကဆိုသည်။

မလေးရှားနိုင်ငံအပါအဝင် ပြည်ပပို့လုပ်ငန်းလုပ်ဆောင်နေသည့် ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီအများစုမှာ လုပ်ငန်းအခြေအနေအရ အကြွေးစနစ်ကို ဦးစားပေးပို့ဆောင်လာသည်ဟု စုံစမ်းသိရှိရသည်။ ဥပမာအားဖြင့် မလေးရှားနိုင်ငံသွားမည်ဆိုပါက အပြီးအစီးကုန်ကျငွေမှာ ကျပ် ရှစ်သိန်းမှ ကျပ် ၁၂ သိန်းထိကုန်ကျ



# နေပြည်တော် ပျဉ်းမနားမြို့ ဘောဂသီရိကားဝင်း မြို့တွင်းကုန်စည်ပို့ဆောင်ရေး တစ်လကုန် တန်ချိန် ၂၀,၀၀၀ နီးပါး သယ်ယူပို့ဆောင်ဟုဆို

**ရန်ကုန်၊ မတ် ၉**



နေပြည်တော် ပျဉ်းမနားမြို့ ဘောဂသီရိအဝေးပြေးယာဉ်ရပ်နားစခန်းဝင်းရှိ ကုန်စည်ဂိတ်နှစ်ခုမှ မြို့တွင်းကုန်စည်ပို့ဆောင်လုပ်ငန်းများ ဆောင်ရွက်ရာတွင် တစ်လလျှင် မော်တော်ယာဉ်ငယ်အစီးရေ ၄၀၀ ကျော်နှင့် အခေါက်ရေ ၉၀၀ ကျော် သယ်ယူပို့ဆောင်ပေးနေရပြီး ပျမ်းမျှ ကုန်တန်ချိန် ၂၀,၀၀၀ နီးပါး သယ်ယူပို့ဆောင်နေရကြောင်း အဆိုပါယာဉ်ရပ်နားစခန်းထံမှ စုံစမ်းသိရှိရသည်။

နေပြည်တော် ပျဉ်းမနားမြို့ ဘောဂသီရိအဝေးပြေးယာဉ်ရပ်နားစခန်းမှ မြို့တွင်းသို့ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ကုန်စည်ဂိတ်နှစ်ခုဖြစ်သည့် စုပေါင်းဂိတ်နှင့် ဒေါ်ခင်မာရီဂိတ်တို့မှ ကုန်သုံးတန်မော်တော်ယာဉ်ငယ် စီးရေ ၄၀ ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း နေပြည်တော် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ (မြို့တွင်း) မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကုန်တင်ယာဉ်ကြီးများဖြင့် တိုင်းနှင့်ပြည်နယ်အသီးသီးမှ ဝင်ရောက်လာသော ကုန်စည်များကို ဘောဂသီရိကားဝင်းမှတစ်ဆင့် မြို့တွင်းသို့ပို့ဆောင်ရာတွင် တစ်ရက်လျှင် ပျမ်းမျှ ယာဉ်စီးရေ ၂၀ ခန့် အခေါက်ရေ ၄၀ ခန့်ဖြင့် တစ်ပတ်လျှင် ယာဉ်အစီးရေ ၁၀၀ ကျော်၊ အခေါက်ရေ ၂၀၀ ကျော်ပို့ဆောင်ပေးနေရကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

**မင်းသုခိုင်**

www.foreverspace.com.mm

ကြောင်း၊ ယင်းကို မြန်မာအေးဂျင့်တွင် ငါးသိန်းကျပ်ပေးခဲ့ရပြီး ကျန်ငွေကို မလေးလုပ်ငန်းခွင်ရောက်မှသာ လစာထဲမှ တစ်လလျှင် ကျပ်တစ်သိန်း ဖြတ်ယူလေ့ရှိကြောင်း၊ ထို့ကြောင့်ပင် အလုပ်သမားအချို့မှာ အကြွေးမပေးလိုသည်ကတစ်ကြောင်း၊ လက်ရှိလုပ်ငန်းထက်ကောင်းသောအလုပ်တွေ့သည်ကတစ်ကြောင်းစသည်တို့ကြောင့် တစ်လ၊ နှစ်လအတွင်း ထွက်ပြေး၊ ပြောင်းရွှေ့သွားမှုများ ရှိလာကြောင်း အေဂျင်စီတစ်ခုကဆိုပြီး ယင်းလုပ်ရပ်ကြောင့် ငွေကြေးအပြည့်မတတ်နိုင်သည့် အကြွေးဖြင့် သွားလိုသူများကို ထိခိုက်လာနိုင်ကြောင်း၊ အကြွေးပို့အေးဂျင့်များအနေဖြင့်လည်း အကြွေးစနစ်ကို ပြန်လည်သုံးသပ်စဉ်းစားမှုရှိလာကြောင်း ဆိပ်ကမ်းသာလမ်းရှိ ပြည်ပအလုပ်အကိုင်လုပ်ကိုင်သူတစ်ဦး၏အဆိုအရ သိရသည်။

ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများအနေဖြင့်လည်း အကြွေးစနစ်မပေးပါက သတ်မှတ်လူဦးရေပြည့်မီရေးအတွက် မလွယ်ကူကြောင်း၊ ဌာန၏သတ်မှတ်စည်းကမ်းမလိုက်နာခြင်း၊ သတ်မှတ်ဦးရေပြည့်မီအောင်မပို့ဆောင်နိုင်ခြင်းတို့ကြောင့် တရားဝင်အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီအရေအတွက်မှာ တစ်နှစ်ထက်တစ်နှစ်လျော့ကျလာကြောင်း၊ လက်ရှိတွင်တရားဝင်အေဂျင်စီ ၁၀၅ ခုရှိပြီး ဘတ်ဂျက်ပိတ်ပါက ထပ်မံလျော့ကျနိုင်ဖွယ်ရှိကြောင်း ရန်ကုန်မြို့ ၃၈ လမ်းရှိ ပြည်ပအလုပ်အကိုင်ရှာဖွေအေဂျင်စီတစ်ခုမှမန်နေဂျာတစ်ဦးက ပြောဆိုသည်။ မလေးနိုင်ငံမှ လုပ်သားခေါ်ယူမှုနှင့်ပတ်သက်၍လည်း မည်သည့်အခက်အခဲများပင်ရှိစေကာမူ လုပ်သားခေါ်ယူမှု၊ သွားရောက်လုပ်ကိုင်မှုရှိနေဦးမည်ဖြစ်ကြောင်း၊ လက်ရှိတွင်လည်း ခေါ်ယူမှု၊ သွားနေမှု၊ လစဉ်ရာချီရှိကြောင်း၊ ထိန်းသိမ်းရေးစခန်းမှ ပြန်လည်ပို့ဆောင်နေသည့် အလုပ်သမားအချို့လည်း ရှိနေဆဲဖြစ်ကြောင်း ၎င်း၏အဆိုအရ သိရသည်။

အထက်ပါအခက်အခဲပြဿနာများ မဖြစ်ပေါ်ရေးအတွက်ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများဖြစ်စေ၊ သက်ဆိုင်ရာဝန်ကြီးဌာနမှဖြစ်စေ၊ ပြည်ပထွက်မည့်အလုပ်သမားများကို စနစ်တကျသင်တန်းပေးပြီးမှသာ ထွက်ခွင့်ပြုသင့်ကြောင်း၊ မြန်မာနိုင်ငံ၏ လက်ရှိစီးပွားရေးအခြေအနေအရ ပြည်ပထွက်အလုပ်လုပ်ကိုင်သူအရေ



ကွာလာလမ်ပူမြို့ရှိ
မြန်မာစားသောက်ဆိုင်တစ်ခု





အတွက်မှာ ဆယ်စုနှစ်ချီ၍ မြင့်မားနေဦးမည်ဖြစ်ကြောင်း၊ ယင်းတို့ကိုထိန်းချုပ်ရန် ပြည်တွင်း၌ စီမံကိန်းကြီးများ အကောင်အထည်ဖော်၍ လုပ်ခလစာထိုက်တန်စွာပေး၍ ခန့်ထားလာနိုင်မည်ဆိုပါက အထက်ပါအခက်အခဲများ အတန်အသင့် လျော့ကျလာနိုင်မည်ဖြစ်ကြောင်း စီးပွားရေးပညာရှင်တစ်ဦးက သုံးသပ်သည်။

မလေးရှားနိုင်ငံ၌ တရားဝင်သွားရောက်အလုပ်လုပ်နေသော မြန်မာအလုပ်သမားဦးရေ နှစ်သိန်းခန့်ရှိကြောင်း ပြည်ပအလုပ်အကိုင်အေဂျင်စီများထံမှ စုံစမ်းသိရှိရသည်။ ■

www.foreverspace.com.mm



# ပထဝီမိသားစုဓမ္မာရုံ တည်ဆောက်မည်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၂၂**



ဘာသာရပ်အသင်းအဖွဲ့များအနက် ပထမဆုံး ဓမ္မာရုံပင်ဖြစ်သည်

တက္ကသိုလ်ဘာသာရပ်ဆိုင်ရာအဖွဲ့အစည်းနှင့် မိသားစုများ၏ ပထမဦးဆုံး ဓမ္မာရုံဖြစ်လာမည့် ပထဝီမိသားစုဓမ္မာရုံကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီတော်ဝင်းအတွင်း၌ မကြာမီ တည်ဆောက်သွားမည်ဖြစ်ကြောင်း ရန်ကုန်တက္ကသိုလ် ပထဝီဌာနပါမောက္ခ ဒေါက်တာအောင်ဝင်းက ပြောကြားသည်။

တက္ကသိုလ်များ ပထဝီမိသားစု၏ စီစဉ်မှုဖြင့် ရန်ကုန်မြို့တက္ကသိုလ်များ ဓမ္မာရုံ၌ ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် ကျင်းပသော ဧကဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲတွင် ၎င်းက အထက်ပါအတိုင်း ပြောကြားခြင်း ဖြစ်သည်။

အဆိုပါဓမ္မာရုံတည်ဆောက်ပြီးပါက မြန်မာနိုင်ငံရှိ တက္ကသိုလ်ဘာသာရပ်ဆိုင်ရာအဖွဲ့အစည်းနှင့် မိသားစုများအနက် ပထမဦးဆုံးပေါ်ထွန်းလာမည့်ဓမ္မာရုံဖြစ်ကြောင်း၊ ယင်းဓမ္မာရုံတွင် ပထဝီမိသားစု၏ ဘာသာရေး၊ လူမှုရေးအခမ်းအနားများကို စီစဉ်ကျင်းပခြင်းသာမက ပထဝီဆရာ၊ ဆရာမများနှင့် ကျောင်းသူ၊ ကျောင်းသားဟောင်းများအချင်းချင်း တစ်စုတစ်စည်းတည်းဆုံစည်းရာနေရာလည်းဖြစ်လာမည်ဖြစ်ကြောင်း ပထဝီကျောင်းသားဟောင်းအမှုဆောင်တစ်ဦးက ရှင်းပြသည်။

မြန်မာနိုင်ငံရှိတက္ကသိုလ်များ၌ ပထမဦးဆုံးတည်ဆောက်ဖွင့်လှစ်ခဲ့သည့်ဓမ္မာရုံမှာ ရန်ကုန်တက္ကသိုလ်ဓမ္မာရုံဖြစ်ပြီး ၁၉၃၇ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်နယ်မြေ၌ တည်ဆောက်ဖွင့်လှစ်ခဲ့ခြင်းဖြစ်၍ ၁၉၆၄ ခုနှစ်တွင် တက္ကသိုလ်များဓမ္မာရုံအဖြစ် အဆင့်တိုးမြှင့်ခဲ့သည်။

ထိုနေ့က ကျင်းပခဲ့သည့် အာစရိယပူဇော်ပွဲတွင် တက္ကသိုလ်အသီးသီးမှ အသက် ၆၀ နှစ်နှင့်အထက် အငြိမ်းစား ပထဝီဆရာကြီး၊ ဆရာမကြီး ၆၀ ဦးတို့ကို ပထဝီကျောင်းသူ၊ ကျောင်းသားများက ပူဇော်ကန်တော့ခဲ့ကြပြီး ကန်တော့ခံဆရာကြီးဆရာမကြီးများ ကိုယ်စားပညာရေးဝန်ကြီးဌာန အငြိမ်းစားဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာညီညီက ဆုံးမသြဝါဒစကား ပြောကြားခဲ့သည်။

# လေအေးစက်ပါ အမြန်ရထားများ တိုးချဲ့ပြေးဆွဲ၊ နိုင်ငံတစ်ဝန်း ရထားများ အဆင့်မြှင့်တင်ရန်လိုအပ်

**သတင်းဆောင်းပါး – ကျော်ဇေယျာထွန်း၊ ၁၀–၃–၂၀၁၀**

**ရ ထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက လေအေးစက်ပါ အမြန်ရထားများကို ခရီးစဉ်လမ်းပိုင်းအချို့တွင် ပြေးဆွဲပေးလျက်ရှိရာ ထပ်မံ၍လည်း တိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။**

မြန်မာ့မီးရထားက ရန်ကုန်–မန္တလေး အမြန်ရထားတွင် လေအေးစက်ပါ တွဲဆိုင်းများကို ပထမဦးဆုံးချိတ်ဆက် ပြေးဆွဲပေးခဲ့ကြောင်း၊ ယင်းနောက် ဇန်နဝါရီလ ၁၄ ရက်နေ့တွင် လေအေးစက်ပါ အမြန်ရထားနှစ်စင်းကို နေပြည်တော်–မန္တလေး ရထားလမ်းပိုင်းတွင် အစုန်၊ အဆန် ပြေးဆွဲပေးခဲ့ကြောင်း၊ မတ်လအတွင်း၌လည်း လေအေးပေးစက်တပ်ဆင်ထားသော တွဲဆိုင်းပါ အထူးအမြန်ရထားကို ရန်ကုန်–ပုဂံ ရထားလမ်းပိုင်းတွင် ပြေးဆွဲပေးခဲ့ကြောင်း၊ ယခုအခါ ရန်ကုန်–နေပြည်တော် ရထားလမ်း

www.foreverspace.com.mm



**ခရီးသည်နှင့် ကုန်စည်များကို စရိတ်စကသက်သာစွာဖြင့် သယ်ယူပို့ဆောင်ပေးလျက်ရှိသည်**

ပိုင်းတွင် လေအေးစက်ပါ အမြန်ရထားများကို ထပ်မံတိုးချဲ့ပြေးဆွဲသွားရန် စီစဉ်ထားကြောင်း မြန်မာ့မီးရထားမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

"နေပြည်တော်–မန္တလေးဆွဲနေတဲ့ လေအေးစက်ပါ ရထားက ရထားတည်ဆောက်ကတည်းက လေအေးပေးတဲ့စနစ်ပါပြီးသား။ ရန်ကုန်–မန္တလေးနဲ့ ရန်ကုန်–မုံရွာဆွဲတဲ့ရထားက သီးသန့်အဲယားကွန်းတပ်၊ မီးစက်မောင်းပြီး လေအေးပေးတာ။ မတူဘူး။ အခု ရန်ကုန်–နေပြည်တော်လမ်းပိုင်းမှာ ထပ်ပြီးပြေးဆွဲမယ့်ရထားက ရထားမှာ လေအေးပေးတဲ့စနစ်ပါပြီးသားရထားပြေးမှာ" ဟု မြန်မာ့မီးရထားမှ အင်ဂျင်နီယာတစ်ဦးက ပြောကြားသည်။

လေအေးစက်ပါ အမြန်ရထားများ၏ လက်မှတ်ခနှုန်းထားများမှာ ရန်ကုန်–မန္တလေး ခရီးစဉ်အတွက် တစ်ဦးလျှင် ၁၆,၀၀၀ ကျပ်၊ နေပြည်တော်–မန္တလေး ခရီးစဉ်အတွက် တစ်ဦးလျှင် ၃,၀၀၀ ကျပ်၊ ရန်ကုန်–ပုဂံခရီးစဉ်အတွက် အိပ်စင်အထူးတွဲတွင် တစ်ဦးလျှင် ၁၅,၀၀၀ ကျပ်၊ နိုင်ငံခြားသားဒေါ်လာ ၅၀၊ အထက်တန်းထိုင်ခုံတွဲတွင် တစ်ဦးလျှင် ၁၂,၀၀၀ ကျပ်၊ နိုင်ငံခြားသားဒေါ်လာ ၄၀ အသီးသီး သတ်မှတ်ထားကြောင်း မြန်မာ့မီးရထားထံတွင် စုံစမ်းသိရှိရသည်။

"ဒီလိုလေအေးပေးစက်တွေနဲ့ အဆင့်မြှင့်ပေးထားတဲ့ရထားတွဲတွေ ပြေးဆွဲပေးတာတော့ကောင်းပါတယ်။ ငွေကြေးတတ်နိုင်တဲ့သူတွေအတွက် ရွေးချယ်စရာရသွားတာပေါ့။ တစ်ခုရှိတာက ရေရှည်ထိန်းသိမ်းသွားဖို့အတွက်ပဲ။ ဥပမာ–လက်ရှိ ရန်ကုန်–မန္တလေးဆွဲနေတဲ့ အမြန်ရထား အထက်တန်းတွဲတွေမှာရှိတဲ့ အိမ်သာတံခါးဂျက်တွေ မရှိတာမျိုးပေါ့။ ဒီလိုအသေးအဖွဲလေးတွေကအစ ရေရှည်ထိန်းသိမ်းသွားဖို့လိုတယ်" ဟု မီးရထားစီး ခရီးသည်တစ်ဦးက ဆိုသည်။

လေအေးစက်ပါ အမြန်ရထားများသည် အဝေးပြေးမော်တော်ယာဉ်များထက် လက်မှတ်နှုန်းထားပိုမိုများပြားသည်ကိုတွေ့ရကြောင်း၊ မော်တော်ကားစီးမည်ဆိုပါက ရန်ကုန်–မန္တလေးခရီးစဉ်အတွက် တစ်ဦးလျှင် ၁၀,၂၀၀ ကျပ်၊ ရန်ကုန်–ပုဂံ ခရီးစဉ်အတွက် တစ်ဦးလျှင် ၁၀,၄၀၀ ကျပ်ဖြစ်ကြောင်း၊ ခရီးစဉ်ကြာချိန်မှာလည်း မီးရထားက ပိုမိုအချိန်ကြာမြင့်သည်ကို တွေ့ရကြောင်း၊ အဆိုပါခရီးစဉ်များကို မီးရထားဖြင့် အချိန်တိုအတွင်းသွားလာနိုင်မည်ဆိုပါက ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

လေအေးပေးစနစ်ပါ မီးရထားတွဲများသည် အဝေးပြေးမော်တော်ယာဉ်များထက် ဈေးနှုန်းအနည်းငယ်ပိုသော်လည်း ခရီးစဉ်အတွက် သက်သောင့်သက်သာပိုဖြစ်ကြောင်း၊ ရန်ကုန်–ပုဂံပြေးဆွဲပေးသည့် အထူးအမြန်ရထားသည် နိုင်ငံခြားသားခရီးသည်များအတွက် အဓိကရည်ရွယ်ကြောင်း၊ ရန်ကုန်–ပုဂံခရီးစဉ်အတွက် ခရီးကြာချိန် ၁၆ နာရီအတွင်းရောက်ရှိရန် စီစဉ်ထားကြောင်း၊ လက်ရှိပြေးဆွဲနေသော မီးရထားမြန်နှုန်းများသည် အများဆုံး တစ်နာရီ မိုင် ၄၀ ခန့်သာရှိကြောင်း မြန်မာ့မီးရထားလုပ်သက်ရင့်ဝန်ထမ်းတစ်ဦးက ပြောကြားသည်။

"လေအေးပေးစနစ်ပါတဲ့ ရထားက ဈေးများပေမယ့် ကားထက်တော့ သက်သောင့်သက်သာ ဖြစ်ပါတယ်။ ရထားကိုရေရှည်ထိန်းသိမ်းဖို့အတွက်ကတော့ မြန်မာ့မီးရထားမှာလည်း တာဝန်ရှိသလို စီးတဲ့ခရီးသည်တွေမှာလည်း ထိန်းသိမ်းဖို့တာဝန်ရှိပါတယ်" ဟု ၎င်းက ဆိုသည်။



www.foreverspace.com.mm




လက်ရှိ မြန်မာနိုင်ငံတွင် ပြေးဆွဲနေသော ဂျပန်နိုင်ငံလုပ် လေအေးပေးစက်စနစ်ပါသည့် ရထားများအပါအဝင် RBE (Railway Bus Engine) ရထားများသည် မြန်မာနိုင်ငံတွင် ရထားဘီးအကျယ်ကို ပြန်ကျဉ်းပေးရခြင်း၊ အမြင့်ကိုနိမ့်ပေးရခြင်းနှင့် အခြားလိုအပ်သော ပြုပြင်မှုများပြုလုပ်ပြီး ပြန်လည်ပြေးဆွဲပေးခြင်းဖြစ်ကြောင်း၊ ပြန်လည်ပြုပြင်ထားသော ရထားများဖြစ်သောကြောင့် ပြေးဆွဲစဉ်ကာလအတွင်း၌လည်း မကြာခဏပြုပြင်ခြင်းများပြုလုပ်ပေးရပြီး စရိတ်ကုန်ကျမှုရှိကြောင်း၊ မြန်မာနိုင်ငံတွင် အသုံးပြုနေသော ရထားများသည် နိုင်ငံတကာတွင် အသုံးပြုနေသည့် မီးရထားအရွယ်အစားနှင့် ကွာခြားမှုရှိသောကြောင့် လိုအပ်သည့် အပိုပစ္စည်းများ ဝယ်ယူပါက သီးသန့်ထပ်မံမှာယူရခြင်းများကြောင့် စရိတ်ပိုမိုကုန်ကျကြောင်း၊ ထို့ကြောင့် ရေရှည်တွင်အသုံးပြုသွားရန်အတွက်မှာ နိုင်ငံတကာစံချိန်နှင့်အညီ တဖြည်းဖြည်းပြုပြင်ပြောင်းလဲသွားရမည်သာဖြစ်ကြောင်း မြန်မာ့မီးရထားအင်ဂျင်နီယာတစ်ဦးက ဆိုသည်။

"လေအေးပေးစနစ်ပါတဲ့ ရထားတွေက လက်ရှိပြေးနေတဲ့ ရထားတွေထက်တော့ အဆင့်မြင့်တယ်။ အမြန်နှုန်းကတော့ အတူတူပဲ။ မြန်နှုန်းမြင့်ခေတ်ကြီးမှာ အချိန်တိုတိုနဲ့ မြန်မြန်သွားနိုင်ဖို့အတွက်က အရေးကြီးတယ်။ အချိန်မြန်မြန်နဲ့ သက်သောင့်သက်သာစီးရလို့ ပိုက်ဆံပေးရလည်း ပေးစီးကြမှာပဲ။ အဲဒီတော့ တကယ်တမ်းအဆင့်မြင့်ချင်တယ်ဆိုရင် နိုင်ငံတကာလမ်းကြောင်းပေါ်ရောက်အောင် လုပ်ရမယ်။ နိုင်ငံတကာစံချိန်မီအောင် တဖြည်းဖြည်း ပြောင်းယူရမယ်။ ဒါတွေက Mega Plan အနေနဲ့ လုပ်ရမယ်။ ကူညီမယ့် နိုင်ငံတွေကလည်း အသင့်ရှိပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ယခုအခါ မြန်မာနိုင်ငံတစ်ဝန်း ရထားလမ်းခရီးမိုင်ပေါင်း ၃၄၁၀ မိုင်၊ ဘူတာရုံပေါင်း ၈၆၈ ရုံအထိ တိုးချဲ့ဖောက်လုပ်တည်ဆောက်ပေးခဲ့ပြီး စက်ခေါင်းတွဲ၊ ရထားတွဲနှင့် ကုန်စည်တွဲများကိုလည်း တိုးချဲ့ဖြည့်ဆည်းလျက်ရှိကြောင်း၊ ထို့အပြင် ပခုက္ကူ–ကြံခင်းရထားလမ်း၊ မိုးတား–ဗန်းမော်ရထားလမ်း၊ မိုးနဲ–ကျိုင်းတုံရထားလမ်း၊ ထားဝယ်–မြိတ်ရထားလမ်း၊ မင်းဘူး–အရချမ်းပြင်ရထားလမ်း၊ ပုသိမ်–ရန်ကုန် (လှိုင်သာယာ) ရထားလမ်း၊ ပြည်–တောင်ငူ–နေပြည်တော်ရထားလမ်း၊ ဟင်္သာတ–ညောင်တုန်းရထားလမ်း၊ မင်းလှ–ကျွန်းချောင်းရထားလမ်း၊ ရွာတော်–ကန်ပြားရထားလမ်းသစ်များကို ဖောက်လုပ်လျက်ရှိကြောင်း မြန်မာ့မီးရထား၏ ၂၀၁၀ ပြည့်နှစ် မတ်လအတွင်း တရားဝင် ထုတ်ပြန်ချက်များအရ သိရသည်။

မြန်မာနိုင်ငံ၌ ယနေ့ထက်တိုင် ခရီးသည်နှင့် ကုန်စည်များကို စရိတ်စကသက်သာစွာဖြင့် နိုင်ငံတစ်ဝန်းသယ်ယူပို့ဆောင်ပေးနိုင်သည့် တစ်ခုတည်းသောယာဉ်မှာ ရထားပင်ဖြစ်ကြောင်း၊ နိုင်ငံခြားသားဧည့်သည်များနှင့် ငွေကြေးတတ်နိုင်သူခရီးသည်များအတွက် ယင်းကဲ့သို့ လေအေးစက်ပါ အဆင့်မြင့်ရထားတွဲဆိုင်းများ စီစဉ်ပြေးဆွဲပေးသကဲ့သို့ ရထားခရီးကိုသာ အဓိကအားထားနေရသော မန္တလေး–မြစ်ကြီးနား၊ ပခုက္ကူ–ဂန့်ဂေါ၊ သာစည်–ရွှေညောင် စသည့်ရထားလမ်းပြေးဆွဲပေးနေသည့် အဝေးပြေးရထားတွဲဆိုင်းများကိုလည်း ယခုထက် အရေအတွက်တိုးချဲ့ပြီး အစဉ်အမြဲကြံ့ခိုင်ကောင်းမွန်နေစေရန် စီစဉ်ပေးသင့်ကြောင်း သာစည်–ရွှေညောင်ရထားလမ်းကို အားပြုစီးနင်းနေရသည့် ခရီးသည်တစ်ဦးက သုံးသပ်ပြောကြားသည်။ ■

**ရထားထွက်ခွာချိန် မှန်ရန်လည်းလိုသည်**



www.foreverspace.com.mm



# LCD ရုပ်မြင်သံကြားဈေး သိသာစွာကျ

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၇**



နိုင်ငံတကာ၏ ရုပ်မြင်သံကြား ထုတ်လုပ်မှုစနစ် အပြောင်းအလဲကြောင့် တစ်နှစ်ခွဲခန့်ကာလအတွင်း LCD ရုပ်မြင်သံကြား ပြစက်ဈေးနှုန်းများ သိသာစွာကျဆင်းလာကြောင်း ရန်ကုန်မြို့တော် အနော်ရထာလမ်းရှိ အီလက်ထရွန်နစ်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

နိုင်ငံတကာကုမ္ပဏီများအနေဖြင့် ပစ္စည်းတစ်မျိုး သန်းနှင့်ချီ ထုတ်လျက်ရှိပြီး နောက်မော်ဒယ်လ်အသစ်ပေါ်လျှင် အရင်မော်ဒယ်လ်ဟောင်းများကို ဈေးချရောင်းလေ့ရှိကြောင်း၊ မြန်မာနိုင်ငံတွင် ထူးထူးခြားခြားဈေးကျခြင်းမှာ နယ်စပ်အခွန်ဆောင်ပြီး တီဗီများ စဉ်ဆက်မပြတ်ဝင်ရောက်နေခြင်းနှင့် ကျပ်ငွေတန်ဖိုးတက်ပြီး ဒေါ်လာဈေး ကျနေခြင်းကြောင့် LCD တီဗီများ ဈေးအနိမ့်ဆုံးရောက်ရှိလာခြင်းဖြစ်ကြောင်း ရန်ကုန်မြို့တော် ယုဇနပလာဇာရှိ အီလက်ထရွန်နစ်ပစ္စည်းတင်သွင်းရောင်းချသူတစ်ဦးက ပြောကြားသည်။

"အရင်က နယ်စပ်ကပစ္စည်း မေ့လောက်မှ တစ်ခါဝင်တာ။ အခု သုံးလေးရက် တစ်ခါဝင်နေတယ်" ဟု အီလက်ထရွန်နစ်ပစ္စည်းဝင်ရောက်မှုအခြေအနေကို ၎င်းက ဆက်လက်ရှင်းပြသည်။

LCD တီဗီများ ဈေးကွက်ဝေစုရအောင် ပြိုင်ဆိုင်ရောင်းချခဲ့ရာ လွန်ခဲ့သည့် တစ်နှစ်ခွဲက ၃၂ လက်မ LCD တီဗီတစ်လုံးလျှင် ကျပ် ၁၀ သိန်းအထက်ရှိရာမှ ယခု ကျပ် သုံးသိန်းခွဲအထက်ရှိပြီး ယခင်ဈေးအောက် သိသိသာသာ လျော့ကျနေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

LCD များကို CRT အိမ်တီဗီများနှင့် အလဲအထပ်လုပ်သူများလည်းရှိ၍ CRT တီဗီများဈေးကျပြီး အခြေခံလူတန်းစားအချို့ လက်လှမ်းမီလာကြောင်း၊ လူနေမှုစရိတ်နှင့်တွက်လျှင် CRT တီဗီ တစ်လုံးသည် တစ်အိမ်ထောင် တစ်လအသုံးစရိတ်လောက်သာရှိသဖြင့် အိမ်တိုင်းတီဗီရှိလာနိုင်ကြောင်း ဈေးကွက်လေ့လာသူတစ်ဦးက ပြောကြားသည်။

ကမ္ဘာကျော်ကုမ္ပဏီများဖြစ်သည့် ဆိုနီ၊ တိုရှီဘာ၊ ပင်နာဆိုနစ်ကုမ္ပဏီတို့သည် CRT တီဗီများ ထုတ်လုပ်မှုရပ်ဆိုင်းခဲ့ပြီး LCD တီဗီများကိုသာ ထုတ်လုပ်တော့ကြောင်း၊ လက်ရှိ CRT တီဗီထုတ်လုပ်နေသည့် ကိုရီးယားနှင့် တရုတ်ကုမ္ပဏီများသည် မကြာခင်ကာလတွင် ရပ်ဆိုင်းပြီး LCD တီဗီများသာ ထုတ်လုပ်တော့မည်ဖြစ်ကြောင်း၊ ယခု LCD တီဗီဈေးကွက်သို့ LED စနစ်တီဗီများ စတင်ဝင်ရောက်လာကြောင်း အနော်ရထာလမ်းရှိ အထက်ပါလုပ်ငန်းရှင်က ပြောကြားသည်။

ယခုအခါ ရုပ်မြင်သံကြားပြစက်ဈေးကွက်အတွင်း Samsung ၂၂ လက်မ LCD တီဗီတစ်လုံး ၂၃၁,၀၀၀ ကျပ်၊ ၃၂ လက်မ ၄၁၈,၀၀၀ ကျပ်၊ LG ၃၂ လက်မ ၄၁၈,၀၀၀ ကျပ်၊ Panasonic ၄၂ လက်မ ၆၂၄,၀၀၀ ကျပ်၊ Sony ၃၂ လက်မ ၅၀၅,၀၀၀ ကျပ်ခန့်ရှိကြောင်း၊ ပစ္စည်းအဝင်အထွက် အနည်းအများပေါ်မူတည်၍ ဈေးနှုန်းအပြောင်းအလဲရှိနိုင်သော်လည်း ယခင်ဈေးနှုန်းနှင့် သိသာစွာ ကွာခြားနေကြောင်း အီလက်ထရွန်နစ်ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

အီလက်ထရွန်နစ်ပစ္စည်းများသည် မော်ဒယ်လ်အသစ်များကြောင့် သာမက ငွေလဲလှယ်နှုန်းပေါ်မူတည်ပြီး ဈေးနှုန်းအပြောင်းအလဲရှိတတ်၍ အလျင်မလိုလျှင် စောင့်ဆိုင်းဝယ်ယူသင့်ကြောင်း ပန်းဆိုးတန်းလမ်းရှိ အီလက်ထရွန်နစ်ဆိုင်များထံမှ သိရသည်။ ■

www.foreverspace.com.mm



# မြို့တွင်းခရီးသည်တင် ဟိုင်းလတ်နှင့် ဒိုင်နာယာဉ်များနေရာတွင် ယာဉ်လိုင်း ၃၇ လိုင်းမှ ယာဉ်စီးရေ ၁၀၁၄ စီး အစားထိုးပြေးဆွဲ

**ရန်ကုန်၊ ဖေဖော်ဝါရီ ၂၀**

ယခုနှစ် ဖေဖော်ဝါရီလဆန်းမှစ၍ မြို့ပြင်သို့ ပြောင်းလဲပြေးဆွဲရန် သတ်မှတ်လိုက်သော ယခင်မြို့တွင်းပြေးဆွဲနေသည့် ခရီးသည်တင်ဟိုင်းလတ်နှင့် ဒိုင်နာယာဉ်များ၏ လစ်လပ်ခရီးစဉ်များတွင် ခရီးသည်များသွားလာမှုအဆင်ပြေစေရန်အတွက် ရှိပြီးခရီးသည်တင်ယာဉ်လိုင်း ၃၇ လိုင်းမှ ယာဉ်စီးရေ ၁၀၁၄ စီးဖြင့် ဖြည့်သွင်းပြေးဆွဲပေးလျက်ရှိကြောင်း ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"အခုဆို လက်ကျန်ကားရှင်းပြီးပြီ။ အခု ဒိုင်နာနဲ့ ဟိုင်းလတ်ကားတွေရှင်းနေတယ်" ဟု ၎င်းကဆိုသည်။ ထိုသို့ လစ်လပ်ခရီးစဉ်တွင် ပြေးဆွဲသောယာဉ်လိုင်းနှင့် ယာဉ်စီးရေမှာ အောက်ပါဇယားအတိုင်းဖြစ်သည်။



| ခရီးစဉ် | ပြေးဆွဲမည့် ယာဉ်လိုင်း | စီးရေ |
|---|---|---|
| ဒဂုံမြောက်–မင်္ဂလာဈေး | ၂၀၃ ယာဉ်ကြီး | ၂၂ |
| ဒဂုံတောင်–သာကေတ | ၂၁၀ ယာဉ်ကြီး | ၁၅ |
| | ၅၄ ယာဉ်ကြီး | ၂၀ |
| ဒဂုံမြောက်–မင်္ဂလာဈေး | ၃၇ ဘီအမ် | ၂၂ |
| ဒဂုံမြောက်–ရွှေပေါက်ကံ | ၂၁၃ (အထူး) | ၂၄ |
| သာကေတ–အောင်မင်္ဂလာ | ၆၂ ယာဉ်ကြီး | ၃၅ |
| ဒါးပိန်–သာကေတကျောက်တိုင် | ၃၉/၅၆ ယာဉ်ကြီး | ၅၁/၃၉ |
| အောင်မင်္ဂလာ–ဒဂုံဇရာအဝေးပြေး | ၄၈ အထူး(တာမွေ) | ၂၃ |
| အင်းစိန်–တောင်ဥက္ကလာ–မင်္ဂလာဈေး | ယာဉ်ငယ် | ၈ |
| အေဘီစီ–တောင်ဥက္ကလာ–လှိုင်သာယာနည်းပညာတက္ကသိုလ် | ၄၃ ယာဉ်ကြီး(ဖြူ) | ၁၉ |
| အင်းစိန်–ဆောက်လုပ်ရေး | ၄၈ အထူး(ဗိုလ်တထောင်) | ၁၅ |
| အလုံ–စက်ရုံလမ်း | ၂၀၄ မီနီဘတ်စ် | ၃၇ |
| အောင်မင်္ဂလာအဝေးပြေး–ဒဂုံဇရာအဝေးပြေး | ၄၃ (အထူး) | ၅၆ |
| သာကေတ–သဃ်န်းကျွန်း | ဃ(ပို့ဆက်) | ၃၀ |
| လှိုင်သာယာ–ဒန်အိုးစက်(အလုံ) | ၂၂၆ ယာဉ်ကြီး | ၁၅ |
| အောင်ဆန်း–ဗဟိုအမျိုးသမီးဆေးရုံ | ၁၂၄ ယာဉ်ကြီး | ၁၅ |
| လှိုင်သာယာ–အလုံ(ထော်လီကွေ့) | ၃၃၃ (အထူး) | ၂၀ |
| မ/ဥက္ကလာခြောက်ကွေ့–သီရိမင်္ဂလာဈေး | ၄၃ ယာဉ်ကြီး | ၃၃ |
| ဒဂုံတောင် ၈၈ ရပ်ကွက်–စက်စန်းအေဘီစီ | ၃၂ ယာဉ်ကြီး | ၃၃ |
| အင်းစိန်ရွာမ–ဗဟိုအမျိုးသမီးဆေးရုံ | ၄၅ ယာဉ်ကြီး | ၃၀ |
| ဒဂုံတက္ကသိုလ်–အမဲဈေး | ဃ(ကြို/ပို့) | ၂၀ |
| လှည်းကူး–သီရိမင်္ဂလာဈေး | ၁၃၂ (အထူး) | ၂၉ |
| မင်းကုန်း–စလင်းကွင်း | ၁၅၂ ယာဉ်ကြီး | ၃၅ |
| ဝါယာလက်–အလုပ်သမားဆေးရုံ | ၅၁ ယာဉ်ကြီး | ၃၀ |
| ဖူးကြီး–ဒဂုံဇရာအဝေးပြေး | ၁၃၂ ယာဉ်ကြီး | ၄၀ |
| လှည်းကူး–မ/ဥက္ကလာ (ပြည်မဏ္ဍိုင်) | ၅၁ ယာဉ်ကြီး (မင်းလွင်ကုန်း) | ၁၁ |
| ဥက္ကံ–ဒဂုံဇရာအဝေးပြေး | ၁၉၉ ယာဉ်ကြီး | ၄၁ |
| တိုက်ကြီး–အင်းစိန်–ဆင်မင်းဈေး (အလုံ) | ၄၄ ယာဉ်ကြီး | ၂၁ |
| မှော်ဘီ–အင်းစိန်–ဆင်မင်းဈေး (အလုံ) | ၁၈၄ ယာဉ်ကြီး | ၁၅ |
| မီးခွက်ဈေး–ထန်းတစ်ပင် (မလက်တို) | ၈၆ ယာဉ်ကြီး | ၂၆ |
| ရိုကြီးရိုလေး–ဒန်အိုးစက်/သစ်တော | ၄၈ အထူး | ၂၀ |
| ထန်းတစ်ပင်–သီရိမင်္ဂလာဈေး | ၃၅ မီနီဘတ်စ် | ၆၁ |
| နည်းပညာ(မှော်ဘီ)–မြေနီကုန်း–ဗားကရာ–သီရိမင်္ဂလာဈေး | ဥက္ကံ–ဆူးလေ | ၂၀ |
| လှိုင်သာယာ(ရိုးလေး)–မင်္ဂလာဒုံဈေး | ၂၁၁ ယာဉ်ကြီး | ၃၀ |
| လှိုင်သာယာ–ဇဝန/စံပြဈေး | ၂၄၃ (အထူး) | ၁၃ |
| ထန်းတစ်ပင်–ဆင်မင်းဈေး | ၄၂ ဘီအမ် | ၉ |

www.foreverspace.com.mm



# ၂၂ နှစ်အတွင်း ၂၀၀၉ ခုနှစ်သည် မီးလောင်မှု အကြိမ်အနည်းဆုံးဖြစ်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၂၀**



**ရခိုင်နှုန်းအများစုမှာ လျှပ်စစ်ကြောင့်ဖြစ်သည်**

မြန်မာနိုင်ငံတွင် ၁၉၈၈ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ ၂၂ နှစ်တာကာလအတွင်း မီးလောင်မှုအကြိမ်ပေါင်း နှစ်သောင်းကျော် ဖြစ်ပွားခဲ့ရာ ပြီးခဲ့သည့် ၂၀၀၉ ခုနှစ်သည် မီးလောင်မှု ၇၁၄ ကြိမ် ဖြစ်ပွားခဲ့သဖြင့် မီးလောင်မှုအကြိမ် အနည်းဆုံးနှစ်ဖြစ်ကြောင်း မီးသတ်ဦးစီးဌာန၏ စာရင်းများအရ သိရသည်။

အဆိုပါ ၂၂ နှစ်တာ ကာလအတွင်း မီးဖိုမီးနှင့် ပေါ့ဆမီးများကြောင့် မီးလောင်သည့်အကြိမ် ၂၃,၇၃၀ ကြိမ်ဖြစ်ပွားခဲ့ပြီး ခန့်မှန်းခြေဆုံးရှုံးမှု တန်ဖိုးငွေ ကျပ် ၃၁,၂၄၂,၅၇၅,၄၉၂ ဆုံးရှုံးခဲ့ရကြောင်း၊ ယင်းဆုံးရှုံးမှုများသည့် မီးဖိုမီး ၆၇၄၂ ကြိမ်နှင့် ပေါ့ဆမီး ၁၂,၇၅၁ ကြိမ်ပါဝင်ကြောင်း ရန်ကုန်တိုင်းမီးသတ်ဦးစီးဌာနထံမှ သိရသည်။

ယင်းဆယ်စုနှစ် နှစ်ခုကာလအတွင်း ၁၉၉၁ ခုနှစ် မီးဖိုမီး ၅၉၄ ကြိမ်နှင့် ပေါ့ဆမီး ၉၄၇ ကြိမ်တို့ကြောင့် မီးလောင်မှု ၁,၈၁၅ ကြိမ်ဖြစ်ပွားခဲ့ရာ ယင်းသည် နှစ်အလိုက်မီးလောင်မှုစာရင်းများအရ မီးလောင်မှုအကြိမ်အများဆုံးဖြစ်ခဲ့ပြီး ခန့်မှန်းခြေဆုံးရှုံးမှုတန်ဖိုးငွေကျပ်သိန်း ၁၂,၀၀၀ ကျော်ရှိခဲ့သော်လည်း ခန့်မှန်းခြေဆုံးရှုံးမှုတန်ဖိုးငွေကျပ် သိန်းကိုးသောင်းကျော်ဆုံးရှုံးခဲ့သော ၂၀၀၉ ခုနှစ် မီးလောင်မှုနှင့် နှိုင်းယှဉ်ပါက ဆုံးရှုံးမှုတန်ဖိုးနည်းပါးခဲ့ကြောင်း မီးသတ်ဦးစီးဌာနစာရင်းများအရသိရသည်။

မြန်မာနိုင်ငံတွင် မီးလောင်သောအကြောင်းအရင်းများမှာ မီးဖိုမီး၊ ပေါ့ဆမီး၊ အလိုအလျောက်မီး၊ လျှပ်စစ်မီး၊ မသမာသူရှို့မီး၊ တောမီးနှင့် အခြားသောအကြောင်းများကြောင့်ဖြစ်ပြီး ယခုနောက်ပိုင်းဖြစ်ပွားလာသည့် မီးလောင်ကျွမ်းမှုအများစုမှာ လျှပ်စစ်မီးကြောင့်ဖြစ်သည်ဟု အဆိုပါဌာနမှ သိရသည်။

# နေပြည်တော်ယာဉ်တိုက်မှုပပျောက်ရေး ဆိုင်ကယ်ရက်တိုယာဉ်မောင်းသင်တန်းပို့ချ

**နေပြည်တော်၊ မတ် ၈**

နေပြည်တော် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (ခရိုင်ရုံး) ပုဗ္ဗသီရိ ယာဉ်မောင်းသင်တန်းကျောင်းက ဦးစီးသည့် မော်တော်ဆိုင်ကယ် ရက်တိုသုံးရက် ယာဉ်မောင်းသင်တန်းအမှတ်စဉ် (၁/၂၀၁၀) ကို ၂၀၁၀ ပြည့်နှစ် မတ်လ ၁ ရက်နေ့မှ စတင်၍ ပထမဦးဆုံးဖွင့်လှစ်ခဲ့ပြီး အပတ်စဉ်သင်တန်းသားဦးရေ ၅၀ ခန့် သင်ကြားပေးလျက်ရှိကြောင်း ယင်းယာဉ်မောင်းသင်တန်းကျောင်းမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

နေပြည်တော်ဒေသတွင်း ယာဉ်တိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရသူ၊ သေဆုံးသူ အရေအတွက်တွင် မော်တော်ယာဉ်ဆိုင်ကယ်ကြောင့် ဖြစ်ပွားမှုမှာ အများဆုံးဖြစ်နေသည့်အတွက် မော်တော်ဆိုင်ကယ်ဖြင့် ယာဉ်တိုက်မှုလျော့ကျရေး၊ ယာဉ်တိုက်မှုပပျောက်စေရန် ရက်တိုယာဉ်မောင်းသင်တန်းကို ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း ၎င်းက ဆိုသည်။

နေပြည်တော်ဒေသ၌ ၂၀၀၉ ခုနှစ်အတွင်း ယာဉ်တိုက်မှုပေါင်း ၂၇၉ မှုဖြစ်ပွားခဲ့ရာတွင် ထိခိုက်ဒဏ်ရာရရှိသူ ၄၆၉ ဦး၊ သေဆုံးသူ ၁၁၇ ဦးရှိခဲ့ပြီး မော်တော်ဆိုင်ကယ်ကြောင့် ယာဉ်တိုက်မှု ၁၁၂ မှု၊ ထိခိုက်ဒဏ်ရာရသူ ၁၅၄ ဦး၊ သေဆုံးသူ ၄၈ ဦးရှိခဲ့ကြောင်း၊ တစ်နှစ်အတွင်း ယာဉ်တိုက်မှုတွင် ဆိုင်ကယ်ကြောင့် ငါးပုံနှစ်ပုံ၊ ထိခိုက်ဒဏ်ရာရရှိမှုတွင် ဆိုင်ကယ်ကြောင့် သုံးပုံတစ်ပုံ၊ သေဆုံးမှုတွင်ဆိုင်ကယ်ကြောင့် သေဆုံးမှုနှုန်းထက်ဝက်နီးပါးရှိကြောင်း ယာဉ်တိုက်မှုမှတ်တမ်းများအရ သိရှိရသည်။

နေပြည်တော်ဒေသတွင်းမြို့နယ်များတွင် ၂၀၀၆ ခုနှစ်အတွင်း ယာဉ်တိုက်မှု ၂၉၆ မှု၊ ဒဏ်ရာရသူ ၄၅၆ ဦး၊ သေဆုံးသူ

www.foreverspace.com.mm



၈၇ ဦး၊ ၂၀၀၇ ခုနှစ်အတွင်း ယာဉ်တိုက်မှု ၃၃၇ မှု၊ ဒဏ်ရာရသူ ၆၈၃ ဦး၊ သေဆုံးသူ ၈၅ ဦးနှင့် ၂၀၀၈ ခုနှစ်အတွင်း ယာဉ်တိုက်မှု ၃၃၄ မှု၊ ဒဏ်ရာရသူ ၆၃၈ ဦး၊ သေဆုံးသူ ၁၁၃ ဦးရှိကြောင်း၊ နှစ်အလိုက်မှတ်တမ်းအရ ယာဉ်တိုက်မှုကြောင့်သေဆုံးသူ ရာခိုင်နှုန်းမှာ ပိုများနေပြီး မော်တော်ဆိုင်ကယ်ကြောင့် သေဆုံးသူဦးရေက ပိုများနေကြောင်း နေပြည်တော် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန(ခရိုင်ရုံး)ထံမှ စုံစမ်းသိရှိရသည်။ **မင်းသုခိုင်**



**ဆိုင်ကယ်ကြောင့်**
**သေဆုံးရမှုနှုန်းက ပိုများသည်**

# ဆိုင်ကယ်မောင်းရက်တိုသင်တန်းတက်ပြီးမှ လိုင်စင်ထုတ်ပေးမည်

**နေပြည်တော်၊ ဖေဖော်ဝါရီ ၂၃**

နေပြည်တော် ဇေယျာသီရိခုထဲ၌ပင် ဇန်နဝါရီလ တစ်လအတွင်း ယာဉ်စည်းကမ်းချိုးဖောက်သည့် မော်တော်ဆိုင်ကယ်စီးနင်းမှုပေါင်း တစ်ထောင့်ငါးရာနီးပါးရှိနေသည့် မြန်မာနိုင်ငံတွင် မော်တော်ဆိုင်ကယ် ယာဉ်မောင်းရက်တိုသင်တန်းတက်ပြီးမှသာ မော်တော်ဆိုင်ကယ်ယာဉ်မောင်းနှင်ခွင့် (က) လိုင်စင်ထုတ်ပေးမည်ဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး (နေပြည်တော်) ၏ ထုတ်ပြန်ချက်ကို ကိုးကား၍ ဖေဖော်ဝါရီလ ၂၁ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြထားသည်။

**လိုင်စင်ရှိပြီး ကျွမ်းကျွမ်းကျင်ကျင်မောင်းတတ်ရန်လည်း လိုသေးသည်**



(က) လိုင်စင်ဖြေဆိုမည့်သူများ အနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းသိရှိနားလည်လိုက်နာရေးနှင့် စနစ်တကျမောင်းနှင်တတ်ရေးအတွက် အဆိုပါ ရက်တိုသင်တန်းကို တက်ရောက်ရမည်ဖြစ်ကြောင်း၊ သင်တန်းဆင်းလက်မှတ်ရရှိပြီးသူများကိုသာ လိုင်စင်ဖြေဆိုစေ၍ (က) လိုင်စင်ထုတ်ပေးမည်ဖြစ်ကြောင်း အထက်ပါခရိုင်ရုံးမှ ခရိုင်ဦးစီးမှူး ဦးကျော်စိန်၏ အဆိုကိုကိုးကား၍ ဆက်လက်ဖော်ပြထားသည်။

ပထမဦးဆုံးမော်တော်ဆိုင်ကယ်ရက်တို (သုံးရက်) သင်တန်းကို နေပြည်တော်တွင် ၂၀၁၀ ပြည့်နှစ် မတ်လ ၁ ရက်နေ့မှ စတင်သင်ကြားမည်ဖြစ်ပြီး တစ်ပတ်လျှင် နှစ်ကြိမ် ပို့ချပေးမည်ဖြစ်ကြောင်း၊ သင်တန်းကြေး ၁,၅၀၀ ကျပ်နှင့် စာရွက်စာတမ်းကြေးအပါအဝင် စုစုပေါင်း ၂၅၀၀ ကျပ်ကုန်ကျမည်ဖြစ်ပြီး သင်တန်းတစ်ပတ်ကို သင်တန်းသားဦးရေ ၅၀ ခန့်သင်ကြားပေးမည်ဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်

www.foreverspace.com.mm



ရေးညွှန်ကြားမှုဦးစီးဌာနရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

နေပြည်တော် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက မော်တော်ဆိုင်ကယ် ရက်တိုယာဉ်မောင်းသင်တန်းအပြင် အခြားသင်တန်းများအဖြစ် မော်တော်ယာဉ်မောင်းအတတ်သင်တန်း (သင်တန်းကာလနှစ်ပတ်) နှင့်မော်တော်ယာဉ်မောင်းရက်တို ယာဉ်မောင်းသင်တန်း (သင်တန်းကာလ ငါးရက်) တို့ကိုလည်း သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း နေပြည်တော် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

နေပြည်တော် ပုဗ္ဗသီရိမြို့ ခရေလမ်းနှင့် ဇေယျာဝတီလမ်းမကြီးထောင့်တွင် ၂၅ ဧကအကျယ်ရှိ မြေနေရာ၌ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးအဆောက်အအုံကို ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီလ ၅ ရက်နေ့မှ စတင်ဖွင့်လှစ်ခဲ့ကြောင်း၊ ယင်းရုံးဧရိယာအတွင်း ပင်မရုံးအဆောက်အအုံ၊ ယာဉ်မောင်းစစ်ဆေးရေးရုံး၊ ယာဉ်စစ်အင်ဂျင်နီယာရုံး၊ ယာဉ်မောင်းစစ်ဆေးရေးပတ်လမ်းနှင့် လေ့ကျင့်ရေးကွင်း၊ မီးပွိုင့်၊ လူကူးမျဉ်းကြားနှင့် ယာဉ်စစ်ကွင်းလမ်းများ တည်ဆောက်ထားပြီး ဖြစ်သည်။

ယင်းအပြင် ယာဉ်စစ်အင်ဂျင်နီယာရုံး၊ ယာဉ်မောင်းကျွမ်းကျင်စစ်ဆေး လေ့ကျင့်ရေးရုံး၊ သင်တန်းခန်းမ၊ ရေး၊ ဖြေ၊ လက်တွေ့ယာဉ်မောင်းစစ်ဆေးရေးရုံး၊ ခေတ်မီစက်ကိရိယာများနှင့် စစ်ဆေးလေ့ကျင့်ရေးကွင်းများကိုလည်း ဆက်လက်တည်ဆောက်လျက်ရှိကြောင်း၊ ယင်းတည်ဆောက်ရေးလုပ်ငန်းများကို နေပြည်တော်ရှိ ဆောက်လုပ်ရေးကုမ္ပဏီများက တာဝန်ယူတည်ဆောက်လျက်ရှိကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနထံမှ စုံစမ်းသိရှိရသည်။

**မင်းသုနိုင်**

# ခါးရိုးကောက်လူနာများကို အခမဲ့ ခွဲစိတ်ပေးမည်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၆**

ရန်ကုန်အရိုးရောဂါကုဆေးရုံကြီး (ကြည့်မြင်တိုင်) တွင် ပြည်တွင်းမှ အရိုးရောဂါခွဲစိတ်ကုဆရာဝန်ကြီးများနှင့် ပြင်သစ်လူမှုရေးအဖွဲ့အစည်း AMFA မှ တာဝန်ရှိသူများက မတ်လအတွင်း ခါးရိုးကောက်လူနာများကို အခမဲ့ ခွဲစိတ်ပေးသွားမည်ဖြစ်ကြောင်း အရိုးရောဂါကုဆေးရုံကြီးရှိ အရိုးအထူးကုဆရာဝန်ကြီးတစ်ဦးထံမှ သိရသည်။

AMFA အဖွဲ့သည် အာရှဒေသအတွင်း ကျန်းမာရေးဆိုင်ရာစောင့်ရှောက်မှုပေးသည့် ပြင်သစ်အခြေစိုက် ပြင်သစ်အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းဖြစ်ပြီး တစ်နှစ်လျှင် နှစ်ကြိမ်ခန့် မြန်မာနိုင်ငံသို့ လာရောက်ကုသပေးလျက်ရှိကြောင်း၊ မတ်လ ၁ ရက်နေ့မှစ၍ တစ်ပတ်တိတိ အရိုးရောဂါဆေးရုံကြီးတွင် အခမဲ့ လာရောက်ခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်း ယင်းဆေးရုံကြီးထံမှ သိရသည်။



“ခါးရိုးကောက်ရောဂါဖြစ်နေတဲ့ မရှိဆင်းရဲသားဝေဒနာရှင်တွေကိုလာပြီး ခွဲစေချင်တယ်။ သူတို့ဆီက စက်ကော နည်းပညာရော အကူအညီပေးနိုင်တဲ့အချိန်မှာ” ဟု အထက်ပါဆရာဝန်ကြီးက ဆိုသည်။

၂၀၁၀ ဇန်နဝါရီလအတွင်းက ခွဲစိတ်ရန်စာရင်းပေးထားသော အသက်ခြောက်လသားမှ ၂၁ နှစ်အရွယ်အထိရှိသူ ခါးရိုးကောက်ဝေဒနာရှင် ၃၀ ဦးထံမှ ခွဲစိတ်ရန်လိုအပ်သူ ကိုးဦးကို ရွေးချယ်ခွဲစိတ်ပေးခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ခါးရိုးကောက်ခြင်းသည် မွေးရာပါနှင့် လူပျို၊ အပျိုဖော်ဝင်စအရွယ် ကြီးထွားမှုဖြစ်စဉ်များတို့ကြောင့် ဖြစ်ပွားတတ်ကြောင်း၊ ခါးရိုးကောက်ခြင်းကို ငယ်ရွယ်စဉ်မကုသပါက အသက်ရှူပုံမှန်မလုပ်နိုင်ခြင်း၊ အရိုးကျိုးပေါင်းတက်ခြင်းနှင့် ခါးကုန်းခြင်းတို့ ဖြစ်ပွားလာတတ်ကြောင်း၊ ယင်းခွဲစိတ်မှုသည် ခန္ဓာကိုယ်အလှအပအတွက်သာမက ရေရှည်ကျန်းမာရေးအတွက်ပါ အရေးကြီးကြောင်း အရိုးအထူးကုဆရာဝန်ကြီးက ဆက်လက်ရှင်းပြသည်။

www.foreverspace.com.mm



၂၀၀၅ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ် ပထမလအထိ ခါးရိုးကောက်ဝေဒနာရှင် ၄၂ ဦးကို AMFA အဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် ခွဲစိတ်နိုင်ခဲ့ပြီး ခါးရိုးများပြန်ဖြောင့်ပေးနိုင်ခဲ့ကြောင်း ၎င်း၏အဆိုအရ သိရသည်။

"ဒါကို ပြည်ပမှာကုရင် မြန်မာငွေသိန်း ၂၀၀၊ ၃၀၀ အထိကုန်မှာပါ။ ဒီမှာ မတတ်နိုင်တဲ့သူတွေကို ဆေးဖိုးကအစ အကုန်အကျခံပြီး ကုသပေးကြမှာပါ" ဟု အရိုးအထူးကုဆရာဝန်ကြီးက ဆိုသည်။

ခွဲစိတ်ခံလူနာများကို မခွဲစိတ်မီ ငါးရက်ခန့်ကြိုတင်၍ဆေးရုံတက်စစ်ဆေးစေကြောင်း၊ ခွဲစိတ်ပြီး နှစ်ရက်အကြာတွင် စတင်မတ်တတ်ရပ်နိုင်ပြီး သုံးရက်အတွင်း လမ်းလျှောက်နိုင်မည်ဖြစ်ကြောင်းနှင့် နှစ်ပတ်အကြာတွင် ဆေးရုံမှ ဆင်းနိုင်မည်ဖြစ်ကြောင်း ၎င်းထံမှ သိရသည်။


"ခွဲစိတ်ချိန်က လူနာရဲ့အခြေအနေပေါ်မူတည်ပြီး တစ်ရက်နီးပါးကြာတဲ့အတွက် အရာရာသေချာပြင်ဆင်ပြီးလုပ်ရတာကြောင့် အဲဒီရက်အတွင်း ငါးဦးကနေ ၁၀ ဦးကြားလောက် ခွဲစိတ်ပေးနိုင်မယ်" ဟု ၂၀၀၉ ခုနှစ်မှ စတင်၍ ခွဲစိတ်ကုသမှုများကိုယ်တိုင်ပြုလုပ်ပေးနေသည့် ဆရာဝန်ကြီးက ပြောကြားသည်။

**Living Color ၊ ဖြိုးဝေစိုး**

# ၂၀၁၃ မြန်မာ SEA Games အတွက် ပြင်ဆင်

**သတင်းဆောင်းပါး – ခွန်းသု၊ ကျော်မျိုးထွန်း (၁၀–၃–၂၀၁၀)**

**(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံ နေပြည်တော်၌ လက်ခံကျင်းပမည်ဖြစ်ကြောင်း အတည်ပြုပြီးနောက် ယင်းပြိုင်ပွဲအတွက် စတင်ပြင်ဆင်လျက်ရှိကြောင်း သက်ဆိုင်ရာအားကစားအဖွဲ့များထံမှ စုံစမ်းသိရှိရသည်။**




အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်နိုင်ရေးအစည်းအဝေးကို မတ်လ ပထမပတ်တွင်ကျင်းပခဲ့ပြီး သက်ဆိုင်ရာအားကစားအဖွဲ့များအနေဖြင့် ဆီးဂိမ်းတွင် ဆုတံဆိပ်များရရှိရန် ပြင်ဆင်နေပြီဖြစ်ကြောင်း သက်ဆိုင်ရာအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌအချို့ထံမှသိရသည်။

"ဝူရှူးအားကစားနည်းတွေထဲမှာတော့ ထက်ဝက်ကျော် ဆုတံဆိပ်ရဖို့မျှော်မှန်းထားပါတယ်" ဟု ဒေါက်တာစိုင်းစံထွန်းကပြောကြားသည်။

**သုံးနှစ်အတွင်း အလျင်အမြန် အကောင်အထည်ဖော်ရမည်ဖြစ်သည်**



ပြီးခဲ့သည့် ၂၀၀၉ ခုနှစ် လာအိုအရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုမရရှိခဲ့သော မြန်မာဘောလုံးအသင်းများကို လေးနှစ်စီမံကိန်းချပြင်ဆင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က မတ်လ ၆ ရက်နေ့က မီဒီယာများသို့ပြောကြားသည်။

ဘောလုံးအသင်းများကို အသက် ၁၉ နှစ်အောက် အမျိုးသမီးဘောလုံးအသင်းနှင့် အသက် ၁၉ နှစ်အောက် အမျိုးသားဘောလုံးအသင်းတို့ ယခုလပိုင်းအတွင်းဖွဲ့စည်းရန် နိုင်ငံခြားသားနည်းပြကို

www.foreverspace.com.mm

ငှားရမ်းကာပြင်ဆင်သွားမည်ဖြစ်ကြောင်း ဦးဇော်ဇော်က ဆိုသည်။

"ဒီနှစ်ဖွဲ့မယ်။ နောက် ၂နှစ်ကြာရင် ပြိုင်ပွဲဝင်သွားမှာပါ။ ပြီးရင် ၂၀၁၃ ဆီးဂိမ်း ကျရင် အဆင်သင့်ဖြစ်နေအောင်ပါ" ဟု ဦးဇော်ဇော်က ဆိုသည်။

ဆီးဂိမ်းအကြို ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ဇမ္ဗူသီရိနှင့် ဇေယျာသီရိ အမည်ရ ပရိသတ်သုံးသောင်းဆံ့ ဘောလုံးကွင်းနှစ်ကွင်းကို နေပြည်တော်တွင် စတင်ဆောက်လုပ်နေပြီဖြစ်ကြောင်း ယင်းဘောလုံးကွင်းများတည်ဆောက်ခွင့်ရသော Max Myanmar Co., Ltd. မှ စီမံချက်မန်နေဂျာက Living Color သို့ ပြောကြားသည်။ "တစ်နှစ်ခွဲအတွင်း အပြီးဆောက်သွားမှာပါ" ဟု ၎င်းက ဆိုသည်။

ဘောလုံးကွင်းနှစ်ကွင်းစတင်ဆောက်လုပ်နေသော်လည်း ကျန်ရှိသောအားကစားနည်းများအတွက် ကွင်းဆောက်လုပ်ရေးလုပ်ငန်းများကိုမူ အသေးစိတ်မသိရှိရသေးကြောင်း မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌဦးတေဇက Living Color နှင့် ဆီဒိုးနားဟိုတယ်တွင် မတ်လ ၆ ရက်နေ့က တွေ့ဆုံစဉ် ပြောကြားသည်။

"ကျန်တဲ့အားကစားရုံတွေ ဆောက်ဖို့တော့ မကြီးသေးပါဘူး။ အားကစားရုံတွေကို ဆောက်ချင်သလိုဆောက်လို့ မရဘူးလေ။ နိုင်ငံတကာသတ်မှတ်စံချိန်တွေအတိုင်း ဆောက်ရမှာ" ဟု ဦးတေဇက ပြောဆိုသည်။

ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်သောလာအိုနိုင်ငံတွင် ၂၀၀၉ ခုနှစ်က ကျင်းပခဲ့သော အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် အားကစားကွင်းများ၊ အားကစားရုံများကို ဗီယက်နမ်၊ ထိုင်းတို့၏ အကူအညီဖြင့်ဆောက်ခဲ့ပြီး ဖွင့်ပွဲကျင်းပခဲ့သော အဓိကအားကစားကွင်းကို တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တည်ဆောက်ပေးခဲ့ကြောင်း ယင်းအားကစားပွဲ သွားရောက်သတင်းယူခဲ့သူ Daily Sport အားကစားဂျာနယ်မှ အယ်ဒီတာ အိုကိုချာက Living Color သို့ ပြောကြားသည်။

သက်ဆိုင်ရာ ဆီးဂိမ်းပြိုင်ပွဲများတွင် အိမ်ရှင်နိုင်ငံဆုတံဆိပ်ရရှိရန်အတွက် ရိုးရာအားကစားနည်းများ ထည့်သွင်းကျင်းပလေ့ရှိပြီး မြန်မာ့ရိုးရာအားကစားနည်းများကို ထိုသို့ထည့်သွင်းကျင်းပခြင်းဖြင့် မြန်မာ့ရိုးရာအားကစားနည်းများ ဒေသတွင်းနိုင်ငံများက သိရှိရန် အခွင့်ကောင်းဖြစ်ကြောင်း



**အိမ်ရှင်မျက်နှာပန်းလှရန် ယခုကတည်းက စနစ်တကျ လေ့ကျင့်ထားသင့်သည်**



လေ့လာသူအချို့က သုံးသပ်ကြသည်။

"ရခိုင်ကျင်ကိုင်၊ မြန်မာ့လက်ဝှေ့ အဲဒီလိုရိုးရာကစားနည်းတွေကိုထည့်သွင်းနိုင်ဖို့အတွက် ကျန်တဲ့နိုင်ငံတွေကို စည်းရုံးသင့်ပါတယ်" ဟု ဝါရင့်အားကစားကလောင်ရှင် ခင်မောင်ထွေး (ပျဉ်းမနား) က သုံးသပ်ပြောကြားသည်။

မြန်မာ့လက်ဝှေ့အနေဖြင့် နိုင်ငံတကာအဆင့် အားကစားနည်းအဖြစ် ရောက်ရှိရန် အဆင့်များစွာကို ကျော်ဖြတ်ရန် လိုအပ်သေးကြောင်း မွေထိုင်းလက်ဝှေ့သမားများနှင့် မြန်မာလက်ဝှေ့သမားများကို ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲများစီစဉ်ပေးခဲ့သော ဦးစိုင်းဇော်ဇော်က ဆိုသည်။

"ဘယ်လိုပဲဖြစ်ဖြစ် SEA Games မှာတော့ မြန်မာ့လက်ဝှေ့ကို Promote လုပ်

www.foreverspace.com.mm



ဘွင့်ပါတယ်" ဟု ၎င်းက ဆိုသည်။ ၂၀၁၃ အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို လက်ခံကျင်းပရန် မြန်မာနိုင်ငံ၏ လက်ရှိအနေအထားအရ ဘောလုံးကွင်းများ၊ အားကစားရုံများ များစွာလိုအပ်သေးကြောင်း ခင်မောင်ထွေး (ပျဉ်းမနား) က ပြောဆိုသည်။

ပြိုင်ပွဲကို နေပြည်တော်မြို့တော်သစ်တွင်ကျင်းပမည်ဖြစ်ရာ အားကစားပွဲများတွင် ပရိသတ်စည်ကားရန် မည်သို့ဆွဲဆောင်မည်နည်းဆိုသည့်အချက်ကိုလည်း အထူးစိတ်ဝင်စားလျက်ရှိသည်။

"နေပြည်တော်က နေရာအချက်အချာကျတဲ့အတွက် ပရိသတ်များမယ်လို့ မျှော်လင့်ရပါတယ်" ဟု ပျဉ်းမနားဒေသခံ ခင်မောင်ထွေး (ပျဉ်းမနား) က ပြောကြားသည်။

နေပြည်တော်မြောက်ပိုင်းရှိ ဥတ္တရသီရိမြို့တွင် ဆီးဂိမ်းအတွက် ပြင်ဆင်သည့်အနေဖြင့် ဟိုတယ်ဇုန်အသစ်တစ်ခု ထူထောင်လျက်ရှိကြောင်း The Myanmar Times (Vol-26/ No-513) တွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံသည် ၁၉၆၁ ခုနှစ်က ကျင်းပခဲ့သော ဒုတိယအကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် ၁၉၆၉ ခုနှစ်က ကျင်းပခဲ့သော ငါးကြိမ်မြောက် အားကစားပြိုင်ပွဲတို့ကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့ဖူးသည်။

၂၀၁၁ ခုနှစ်တွင် ကျင်းပမည့် ပြိုင်ပွဲကို အင်ဒိုနီးရှားနိုင်ငံတွင်ကျင်းပမည်ဖြစ်သည်။ ၂၀၁၃ ခုနှစ် SEA Games ကို မူလက စင်ကာပူက အိမ်ရှင်အဖြစ်ပြုလုပ်ရန် ရည်ရွယ်ထားသော်လည်း စီးပွားရေးအခြေအနေအရ နောက်ဆုတ်သွားခဲ့ပြီး မြန်မာနိုင်ငံက လက်ခံကျင်းပရန် ဝိုင်းဝန်းတောင်းဆိုခဲ့ကြခြင်း ဖြစ်သည်။

ထိုကဲ့သို့လက်ခံကျင်းပခြင်းဖြင့် ကမ္ဘာက မြန်မာနိုင်ငံအပေါ် အမြင်ပြောင်းလဲလာနိုင်ကြောင်း မြန်မာနိုင်ငံ အိုလံပစ်ကောင်စီမှတာဝန်ရှိသူတစ်ဦးက သုံးသပ်သည်။

■

# တော်ဝင်နှင်းဆီဖောင်ဒေးရှင်း ရှေးဟောင်းပစ္စည်းများ စုဆောင်းပြသမည်

**ရန်ကုန်၊ မတ် ၉**



စာပေမြတ်နိုးသူများ အခမဲ့ လာရောက်လေ့လာဖတ်ရှုရည်ညွှန်းနိုင်ရန်အတွက် တော်ဝင်နှင်းဆီဖောင်ဒေးရှင်းက တည်ထောင်ဖွင့်လှစ်ခဲ့သည့် လေဘာတီစာကြည့်တိုက်တွင် ရှေးဟောင်းစာအုပ်များသာမက ရှေးဟောင်းယဉ်ကျေးမှုအနုပညာပစ္စည်းများကိုပါ စုဆောင်းပြသသွားမည်ဖြစ်ကြောင်း အဆိုပါဖောင်ဒေးရှင်းတည်ထောင်သူနှင့် ဥက္ကဋ္ဌ ဦးစိုးညွှန့်က Living Color သို့ ပြောကြားသည်။

ယခုအခါ လေဘာတီစာကြည့်တိုက်တွင် ၁၈၀၀ ပြည့်နှစ်ကတည်းက ပုံနှိပ်ထုတ်ဝေခဲ့သော ရှားပါးစာအုပ်များအပါအဝင် သမိုင်းနှင့် ထေရုပ္ပတ္တိစာအုပ်များ၊ ကျမ်းများ၊ ပညာရပ်နှင့် ဘာသာရပ်ဆိုင်ရာစာအုပ်များ၊ သုတစာအုပ်များ၊ အင်္ဂလိပ်ဘာသာဖြင့်ရေးသားထားသည့် စာအုပ်များ၊ ဘာသာပြန်စာအုပ်များ၊ ရှေးဟောင်းမဂ္ဂဇင်းနှင့် ဂျာနယ်များ စသည့်စာအုပ်အမျိုးမျိုးကို အရေအတွက်စုစုပေါင်း ၄၀,၀၀၀ ခန့် စုဆောင်းထားကြောင်း၊ အပျော်ဖတ်နှင့် ရသစာအုပ်များထက် ရည်ညွှန်းကိုးကားလိုသူများအတွက် သမိုင်းနှင့် ပညာရပ်ဆိုင်ရာစာအုပ်များကို စုံလင်အောင် ဖြည့်ဆည်းသွားမည်ဖြစ်ပြီး စာကြည့်တိုက်ငယ်များနှင့် စာကြည့်တိုက်တည်ထောင်လိုကြသူများကိုလည်း ညီနောင်စာကြည့်တိုက်အဖြစ် စာအုပ်စာတမ်းများကို ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ ရှေးဟောင်းယဉ်ကျေးမှုနှင့်အနုပညာကို လေ့လာလိုသူများအတွက် ရှေးဟောင်းစာအုပ်စာတမ်းများ၊ ပေစာ၊ ပုရပိုဒ်စာများအပြင် ရှေးဟောင်းယဉ်ကျေးမှု အနုပညာပစ္စည်းများကိုပါ စုဆောင်းပြသသွားမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

"အခုခေတ်လူငယ်တွေရဲ့ စိတ်ဓာတ်တွေမြှင့်တင်ပေးဖို့၊ သမိုင်းကိုမမေ့စေဖို့၊ လူငယ်တွေရဲ့ဦးနှောက်နဲ့ နှလုံးသားဖွံ့ဖြိုးစေဖို့ ရည်ရွယ်ချက်နဲ့ ဒီစာကြည့်တိုက်ကို တည်ထောင်ခဲ့တာပါ။ ဘယ်သူမဆို အခမဲ့ လာရောက်လေ့လာကိုးကားနိုင်ပါတယ်။ နောက်ပိုင်းမှာ Member စနစ်နဲ့ ငှားရမ်းခွင့်ပေးမှာပါ" ဟု ၎င်းက ရှင်းပြသည်။

တော်ဝင်နှင်းဆီဖောင်ဒေးရှင်းကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရန်၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းရန်၊ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးကို အားပေးရန်၊ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေးလုပ်ငန်းဆောင်ရွက်မှုများကို အားပေးရန်ဟူသည့်ရည်ရွယ်ချက်များဖြင့် တော်ဝင်နှင်းဆီမိသားစုက မတည် တည်ထောင်ခဲ့ခြင်းဖြစ်ပြီး အများပြည်သူအခမဲ့ လေ့လာဖတ်ရှုနိုင်သည့် လေဘာတီစာကြည့်တိုက်ကို ယင်းဖောင်ဒေးရှင်းက ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့တွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

■

www.foreverspace.com.mm





# မြန်မာနိုင်ငံအခြေခံပညာရေးကဏ္ဍအပြောင်းအလဲနှင့် ပုဂ္ဂလိကပညာရေးစနစ်

**Living Color သတင်းအဖွဲ့နှင့် တင်ညွန့်**

ပညာခေတ် အမည်နာမပြုထားသည့် ၂၁ ရာစုတွင် နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးမှာ ထိုနိုင်ငံနှင့်နိုင်ငံသားတို့၏ပညာရေး ရေချိန်ပေါ်တွင်အခြေခံလာသည်။ ယင်းကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတွင်းပညာရေးရေချိန်မြင့်မားစေရေး သို့မဟုတ် ဂလိုဘယ်ပညာရေးနှင့် ချိတ်ဆက်နိုင်သော ပညာရေးရေချိန်ဖြစ်စေရေးမှာ တတိယကမ္ဘာ့နိုင်ငံများ၏ ကနဦး ရည်မှန်းချက်ဖြစ်လာသည်။ မြန်မာနိုင်ငံမှာလည်း ၂၀၁၀ တွင် အသစ်ပေါ်ထွန်းလာမည့် နိုင်ငံရေး၊ စီးပွားရေးပုံစံသစ်နှင့်အညီ ပညာရေးကဏ္ဍတွင်ပါ အပြောင်းအလဲများပြုလုပ်ရန် တာစူလာပြီဖြစ်ရာ အသစ်ပေါ်ထွန်းလာမည့် မြန်မာ့ပညာရေးပါရာဒိုင်းသစ်မှာ စနစ်ပြောင်း မြန်မာနိုင်ငံအတွက် အရေးပါသည့်အခန်းကဏ္ဍတစ်ရပ်ဖြစ်လာသည်။

www.foreverspace.com.mm





## အတိတ်ကောက်ကြောင်း

'ကျောင်း'ဆိုသည်မှာ 'အတတ်ပညာ သင်ယူရာဌာန' ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုကြပါသည်။ မြန်မာမင်းများလက်ထက်တွင် လောကုတ္တရာဆိုင်ရာ ပညာရပ်များ၊ စာပေကျမ်းဂန်များကိုသာ သင်ကြားပေးသည့် ဘုန်းတော်ကြီးကျောင်းများကို 'အရညဝါသီ' ကျောင်းများဟုခေါ်ဆိုပြီး၊ လောကီအတတ်ပညာများကိုပါ သင်ကြားပေးသည့်ကျောင်းများကို 'ဂါမဝါသီ' ကျောင်းများဟု ခေါ်ဆိုကြသည်။

ဗြိတိသျှကိုလိုနီခေတ်တွင် ကျောင်းအမျိုးအစား လေးမျိုး ကွဲသွားသည်။

၁။ အစိုးရက လုံးဝတာဝန်ယူသည့် အစိုးရကျောင်းများ

(က) အင်္ဂလိပ်ကျောင်းများ (English Schools)

(ခ) အင်္ဂလိပ်–မြန်မာကျောင်း (Anglo-Vernacular School)

(ဂ) တိုင်းရင်းမြန်မာကျောင်းများ (Vernacular Schools)

၂။ ပုဂ္ဂလိကအစီအစဉ်ဖြင့်ဖြစ်စေ၊ သာသနာရေးအဖွဲ့အစည်းက တာဝန်ယူ၍ဖြစ်စေ ဖွင့်လှစ်သော အစိုးရ အထောက်အပံ့ခံ ကျောင်းများ

၃။ မြူနီစီပယ် သို့မဟုတ် ဒိစတြိတ်ကောင်စီ အစရှိသည့် ဒေသန္တရအဖွဲ့အစည်းတစ်ခုခုက တိုက်ရိုက်တာဝန်ယူ၍ အစိုးရ၏ အထောက်အပံ့ခံယူပြီး ဖွင့်လှစ်သောကျောင်းများ

၄။ နိုင်ငံတော်အစိုးရ ထောက်ပံ့ကြေး လုံးဝမယူဘဲ ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် ဖွင့်လှစ်သောကျောင်းများဟူ၍ဖြစ်သည်။

ပါလီမန်ဒီမိုကရေစီခေတ်တွင်

(က) နိုင်ငံတော်ကျောင်းများ (State Schools)

(ခ) အသိအမှတ်ပြုကျောင်းများနှင့် မှတ်ပုံတင် ကိုယ်ပိုင်ကျောင်းများ (Recognized Schools and Registered Private Schools) ဟူ၍ ကျောင်းနှစ်မျိုးနှစ်စားခွဲခြားထားသည်။

အစိုးရအသိအမှတ်ပြုကျောင်း (Recognized School) ဆိုသည်မှာ လွတ်လပ်ရေးရပြီးခေတ်၌ နိုင်ငံတော်ကျောင်းများကဲ့သို့ ပထမတန်းမှ ဒသမတန်းအထိ ဖွင့်လှစ်ခွင့်ပြုကာ အသိအမှတ်ပြုထားသည့်ကျောင်းများဖြစ်သည်။ အချို့ကျောင်းများတွင် 'သူငယ်တန်းကြီး'၊ 'သူငယ်တန်းငယ်'များကို ပူးတွဲဖွင့်လှစ်ခွင့်ပြုထားသည်။ ထိုကျောင်းများသည် နိုင်ငံတော်ပညာရေးဌာနက ပြဋ္ဌာန်းထားသည့် သင်ရိုးများအတိုင်း သင်ကြားကြရသည်။ သို့သော် ကျောင်းသုံးစာအုပ်များကို ပညာရေးဌာနက အသိအမှတ်ပြုထားသည့် စာအုပ်မျိုးစုံထဲမှ ကြိုက်နှစ်သက်ရာကို ရွေးချယ်သင်ကြားခွင့်ပြုသည်။

မှတ်ပုံတင်ကိုယ်ပိုင်ကျောင်းများ (Registered Schools) ကို ကျောင်းများမှတ်ပုံတင်အရာရှိတစ်ဦးခန့်အပ်ပြီး မှတ်ပုံတင်စေသည်။ ၁၉၅၁ ခုနှစ် ကိုယ်ပိုင်ကျောင်းများ မှတ်ပုံတင်ဥပဒေအရ ကိုယ်ပိုင်ကျောင်းဖွင့်လှစ်လိုသူများ မှတ်ပုံတင်ကြရသည်။ ထိုကျောင်းများတွင် တန်းစဉ်အလိုက် ပထမတန်း၊ ဒုတိယတန်း စသည်ဖြင့် ဖွင့်လှစ်ထားခြင်းမျိုးမဟုတ်ဘဲ ဘာသာရပ်အလိုက်ဖြစ်စေ၊ တက္ကသိုလ်ဝင်တန်းကိုဖြစ်စေ သင်ကြားသောကျောင်းများဖြစ်သည်။

လွတ်လပ်ရေးအကြိုခေတ်ကရှိခဲ့သော သာသနာပြုကျောင်းများ၊ ဘာသာရေးကိုအခြေခံသောကျောင်းများ၊ လူမျိုးကိုအခြေခံသောကျောင်းများ၊ လူ့အဆင့်အတန်းအရ သီးခြားဖွင့်သောကျောင်းများသည် အသိအမှတ်ပြုကျောင်းများဖြစ်လာသည်။ ကျူရှင်ကျောင်းများသည် မှတ်ပုံတင်အလွတ်ပညာသင်ကျောင်းများအဖြစ် ဆက်လက်တည်ရှိကြသည်။

တော်လှန်ရေးကောင်စီခေတ် (၁၉၆၅–၆၆) တွင် အစိုးရအသိအမှတ်ပြုကျောင်းများနှင့် မှတ်ပုံတင်ကိုယ်ပိုင်ကျောင်းများကို ပြည်သူပိုင်ကျောင်းများအဖြစ် လွှဲပြောင်းသိမ်းယူခဲ့သည်။ ထို့ကြောင့် တော်လှန်ရေးကောင်စီခေတ်မှစပြီး ကျောင်းတစ်မျိုးတည်းစနစ်ကို ကျင့်သုံးခဲ့သည်။

တော်လှန်ရေးကောင်စီအစိုးရသည် ၁၉၆၆ ခုနှစ်တွင် အခြေခံ

www.foreverspace.com.mm

ပညာရေးဥပဒေသစ်ကို ပြဋ္ဌာန်းရာ၌ အထွေထွေပညာသင်ကျောင်းများကို ဥပဒေပါအတိုင်း အခြေခံပညာကျောင်းများအဖြစ် ပြောင်းလဲခေါ်ဝေါ်သတ်မှတ်ခဲ့သည်။ အခြေခံပညာရေးဥပဒေအခန်း (၁) ပုဒ်မ (၂) (င) တွင်

'ကျောင်းဆိုသည်မှာ အစိုးရကဖွင့်လှစ်၍ အစိုးရကပြဋ္ဌာန်းသော သင်ရိုးညွှန်းတမ်းများနှင့် သင်ရိုးမာတိကာများအတိုင်း ပညာသင်ကြားပေးရာဌာနကို ဆိုလိုသည်' ဟုပြဋ္ဌာန်းသတ်မှတ်ခဲ့သည်။

၁၉၈၄ ခုနှစ်တွင် ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်းဥပဒေကို ပြဋ္ဌာန်းပြီး သင်တန်းတစ်ခုအတွက် သင်ကြားခွင့်ပြုသည့် ဘာသာရပ်အရေအတွက်၊ ကျောင်းသားဦးရေ၊ အဆောက်အအုံအခြေအနေ၊ သင်တန်းဆရာ၏ အရည်အချင်း၊ ကျောင်းလခ စသည်တို့ကို စနစ်တကျ သတ်မှတ်ဆောင်ရွက်ခဲ့သည်။

တော်လှန်ရေးကောင်စီခေတ်တွင် လူငယ်ရေးရာညကျောင်းနှင့် တွဲဖက်ကျောင်းများကို ဖွင့်လှစ်ခဲ့သည်။ ပညာရေးဌာနသည် လူငယ်ရေးရာဌာနကိုဖွဲ့စည်းပြီး လူငယ်ရေးရာညကျောင်းများကို စည်းရုံးဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ၁၉၆၅–၆၆ ပညာသင်နှစ်မှစတင် အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ပြီး အတန်းစုံသင်ကြားပေးသောကျောင်းအဆင့်သို့ မရောက်ခဲ့ပေ။ ၉ တန်းနှင့် ၁၀ တန်းနှစ်တန်းကိုသာ လူငယ်ရေးရာညကျောင်းများတွင် သင်ကြားပေးနိုင်ခဲ့သည်။ ထိုကျောင်းများတွင် သင်ကြားပေးသည့် ဆရာ၊ ဆရာမများသည် လခမယူဘဲ စေတနာဖြင့် သင်ကြားပေးကြသောကြောင့် စေတနာညကျောင်းများဟူ၍လည်း ခေါ်ဆိုသေးသည်။

ပညာရေးလိုအပ်ချက်အရ ကိုယ်ထူကိုယ်ထဆောင်ရွက်နိုင်သည့် ရပ်ရွာဒေသများတွင် တွဲဖက်ကျောင်းများကိုလည်း ၁၉၇၂–၇၃ စာသင်နှစ်မှအစပြုပြီး ဖွင့်လှစ်ခွင့်ပြုခဲ့သေးသည်။ တွဲဖက်ကျောင်းအမည်အပြည့်အစုံမှာ 'သင်ကြားမှုဆိုင်ရာတွဲဖက်ကျောင်း' ဖြစ်သည်။ ရပ်ရွာပြည်သူလူထုက ကျောင်း၏စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးကိုတာဝန်ယူရပြီး သင်ကြားရေးနှင့် ကျောင်းစစ်ဆေးရေးကို အခြေခံပညာဦးစီးဌာနမှ ကြီးကြပ်ကွပ်ကဲသည်။



တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုပြီးစ ကျောင်းသူကျောင်းသားများ

၁၉၈၈ ခုနှစ်တွင် နိုင်ငံတော်၏အခြေအနေအရပ်ရပ်ကို နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က တာဝန်ယူခဲ့သည်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အစိုးရလက်ထက်တွင် 'တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး' ဆိုသော လူမှုရေးဦးတည်ချက်အတိုင်း အခြေခံပညာရေးကို အခြေခံကစပြီး ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ခဲ့သည်။ ၁၉၉၃–၉၄

## "ကျောင်းက ကျောင်းနဲ့တူရမယ်။ ဆရာက ဆရာစိတ်ရှိရမယ်။ ကျောင်းသားက ကျောင်းသားနဲ့တူရမယ်"

**မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ ဥက္ကဋ္ဌ၊ အခြေခံပညာဦးစီးဌာန**
**အငြိမ်းစားညွှန်ကြားရေးမှူးချုပ် ဦးသန်းဦးနှင့်တွေ့ဆုံခြင်း**

**ကျော်ဆန်းမင်း**



**L.C ။ ။ အခြေခံပညာကို ပုဂ္ဂလိက လုပ်ကိုင်ခွင့်ပေးတာရှိလာပြီ။ ဒီအပေါ် ဆရာ့အနေနဲ့ ကောင်းကျိုးဆိုးပြစ် ဘယ်လိုမြင်ပါသလဲ။**

**UTU** ။ ။ အခုက အလွတ်ပညာသင်ကျောင်းဖွင့်ခွင့်ပေးတာ၊ ဘာသာရပ်သင်ကျောင်းတွေ မဟုတ်တော့ဘူး။ မကြာခင်ကိုယ်ပိုင်ကျောင်းဥပဒေ၊ နည်းဥပဒေတွေထွက်လာတော့မှာ။ အခုက အစိုးရကျောင်းများနဲ့ ယှဉ်တွဲလုပ်ကိုင်ခွင့်ပြုလိုက်တော့ဆိုလိုတာ Private School တွေနဲ့ Public School တွေ ယှဉ်တွဲလုပ်ဆောင်ခွင့်ပြုတာ။ အခုအခြေခံပညာသင်ကျောင်းတွေက နိုင်ငံတော်နဲ့ ပြည်သူက တာဝန်ယူဖွင့်လှစ်ထားတာ။ ကမ္ဘာမှာ

www.foreverspace.com.mm



ပညာသင်နှစ်ကစ၍ ဝိဇ္ဇာ သိပ္ပံလမ်းသွယ်ခွဲခြားသင်ကြားခြင်းကို ရပ်ဆိုင်းလိုက်ပြီး ဝိဇ္ဇာ သိပ္ပံဘာသာစုံသင်ကြားခြင်းနှင့် စစ်ဆေးခြင်းများကိုပြုလုပ်ခဲ့သည်။

၁၉၉၇ ခုနှစ်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက နိုင်ငံအုပ်ချုပ်ရေးတာဝန်များကို ရယူကာ ဘက်စုံပညာဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာ ၁၉၉၉ ခုနှစ် မေလတွင် ပညာရေးမြှင့်တင်မှုအစီအစဉ် (ဒုတိယအဆင့်)နှင့် ၂၀၀၀ ပြည့်နှစ် မေလတွင် ပညာရေးမြှင့်တင်မှုအစီအစဉ် (တတိယအဆင့်) ဆွေးနွေးပွဲများ ကျင်းပခဲ့သည်။

မြန်မာနိုင်ငံပညာရေးအဆင့်ကို နိုင်ငံတကာပညာရေးစနစ်နှင့် ရင်ပေါင်တန်းနိုင်ရန် ၂၀၀၁-၂၀၀၂ ပညာသင်နှစ်ကစပြီး ၂၀၃၀-၃၁ ပညာသင်နှစ်အထိ အခြေခံပညာရေးကဏ္ဍအနှစ် ၃၀ နှစ်ရှည်စီမံကိန်းကို ၅ နှစ်စီမံကိန်းကာလ ၆ ပိုင်း ပိုင်းကာ စီမံကိန်း လုပ်ငန်းစဉ် (Program) ၁၀ ခု၊ လုပ်ငန်းစီမံချက် (Project) ၃၁ ခု နှင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်မှာ ယနေ့တိုင် ဖြစ်သည်။

## စနစ်သစ်ပညာရေး

၂၀၁၀ ပြည့်နှစ်မှာ မြန်မာနိုင်ငံအတွက် အပြောင်းအလဲများစွာဖြင့် ဖြတ်သန်းရသောနှစ်တစ်နှစ်ဖြစ်သည်နှင့်အညီ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး စသည့် ကဏ္ဍအသီးသီးတွင်အပြောင်းအလဲများစွာဖြစ် ပေါ်ခဲ့ပြီးဖြစ်သည်။ ထူးခြားသည်မှာ နှစ်ပေါင်းများစွာ အစိုးရတစ်ဦးတည်းကသာ တာဝန်ယူရမည်ဆိုကာ မနိုင်ဝန်ထမ်းနေရသည့် ကျန်းမာရေး၊ ပညာရေးကဏ္ဍများတွင် ပုဂ္ဂလိကကို ပါဝင်လုပ်ဆောင်ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

နှစ်ပေါင်းများစွာ အစိုးရတစ်ဦးတည်းကသာ တာဝန်ယူခဲ့သော ပညာရေးကဏ္ဍတွင်လည်း ပုဂ္ဂလိကကဏ္ဍကိုပါ ပူးတွဲလုပ်ဆောင်ခွင့်ကို ၂၀၁၀-၂၀၁၁ ပညာသင်နှစ်မှစတင် ခွင့်ပြုလိုက်ပြီဖြစ်ရာ စနစ်သစ် မြန်မာ့ပညာရေးကဏ္ဍ တစ်ရပ်ပေါ်ပေါက်လာတော့မည် ဖြစ်သည်။

"လာမယ့် ပညာသင်နှစ်ကနေစပြီး ပုဂ္ဂလိကကျောင်းတွေကို လုပ်ပိုင်ခွင့်တွေပေးလိုက်ပြီ။ ပညာရေးဝန်ကြီးဌာနကနေပြီး ဒီ ၂၀၀၉ နိုဝင်ဘာလ ၉ ရက်နေ့ကတည်းက ပြင်ဦးလွင်မှာရှိတဲ့ စိုးစံ၊ စာပန်းအိမ်၊ နှင်းနှင်းမော်၊ မန္တလေးမှာရှိတဲ့ ဗွီအီးစီ၊ နေပြည်တော်မှာရှိတဲ့



**သင်ကြားမည့်ဘာသာရပ်များ တူညီသော်လည်း သင်ကြားပို့ချပုံ ကွာခြားနိုင်သည်**

---

နိုင်ငံတော်ကပဲ အလုံးစုံတာဝန်ယူတယ်ဆိုတဲ့စနစ် မရှိတော့ဘူး။ အခု ပုဂ္ဂလိကကျောင်းတွေက နိုင်ငံတော်ကချမှတ်တဲ့ မူဝါဒတွေကို လိုက်နာရမယ်။ နိုင်ငံတော်က သတ်မှတ်ထားတဲ့သင်ရိုး၊ ပြဋ္ဌာန်းစာအုပ်တွေနဲ့ပဲ သင်ရမယ်။ နိုင်ငံတော်ရဲ့ ပညာရေးရည်မှန်းချက်တွေနဲ့ လိုက်လျောညီထွေရှိရမယ်။ ချိုးဖောက်လို့တော့မရဘူး။ နိုင်ငံတကာမှာတော့ သင်ရိုးတွေအများကြီးရှိတယ်။ ဒီမှာကတော့ ဒီလောက်မဖြစ်နိုင်သေးဘူး။ လတ်တလောက သင်ရိုး၊ ပြဋ္ဌာန်းစာအုပ်နဲ့ သင်ကြားမှုနည်းစနစ်တွေက ပုဂ္ဂလိကနဲ့ အစိုးရ အတူတူပဲ။ ကွာတာက အုပ်ချုပ်မှုပိုင်းပဲဖြစ်တယ်။ လစာ၊ အုပ်ချုပ်ပုံပဲကွာမယ်။ ဆရာကြီးတို့ခေတ်တုန်းကတော့ ကျောင်းသုံးစာအုပ် စိစစ်ရေးကော်မတီက ပုဂ္ဂလိကကပြုစုတဲ့ ပြဋ္ဌာန်းစာအုပ်တွေကို စိစစ်ပြီး ခွင့်ပြုပေးတယ်။ ဦးဖိုးကျားရေးတဲ့စာအုပ်ကိုလည်း ဒီကော်မတီက စစ်ဆေးခွင့်ပြုတယ်။ ဒါဆို ဘယ်ကျောင်းကမဆို ရွေးချယ်သင်ကြားနိုင်တာပေါ့။ အခုကတော့ ကျောင်းသုံးစာအုပ်ပြဋ္ဌာန်းတဲ့ ကော်မတီရှိပေမယ့် ပြင်ပကရေးနိုင်တဲ့သူ မရှိသလို အစိုးရကလည်း ဒီလောက်အထိ လိုက်မလုပ်နိုင်သေးဘူး။ အလွတ်ပညာသင်ကျောင်း အက်ဥပဒေထွက်လာရင်တော့ ဘယ်အတန်းမှာ ဘယ်ဆရာသာသင်ရမယ်။ ကျောင်းလခဆိုလည်း သူ့ဟာသူသတ်မှတ်နိုင်ပေမယ့် ကျောင်းလခက ဘယ်လောက်ထက်မပိုရ သို့မဟုတ် ကြိုတင်တင်ပြရမယ် ဆိုတာမျိုးတွေပါရင် ပါလာမှာပေါ့။ ကောင်းကျိုးဆိုးပြစ်ကတော့ ကောင်းကျိုးရှိလို့ အစိုးရက ပေးတာပေါ့။

**L.C ။ ။ ဘယ်လောက်အတိုင်းအတာထိ ကောင်းကျိုးရှိမယ်ထင်ပါသလဲ။**

**UTU** ။ ။ ဘယ်လောက်အတိုင်းအတာအထိ ကောင်းကျိုးရှိမလဲဆိုတာတော့ ပြောရခက်တယ်။ ဒါကလည်း ကိုယ်ပိုင်ကျောင်းတွေအနေနဲ့ ထုတ်ပြန်မယ့်ဥပဒေ၊ နည်းဥပဒေကို ဘယ်လောက်လိုက်နာသလဲ၊ ဘယ်လောက်စနစ်တကျ ဖွင့်လှစ်ကြသလဲ ဆိုတဲ့အပေါ်မှာ မူတည်တယ်။

ကျောင်းဟာကျောင်းနဲ့တူရမယ်။ ဘာလဲဆိုတော့ ကျောင်း

www.foreverspace.com.mm



**ခြောက်ဘာသာဂုဏ်ထူးရှင် အများဆုံးမွေးထုတ်ပေးရာ အထက်တန်းကျောင်းတစ်ကျောင်း**


စိုးစံ၊ ရန်ကုန်မှာရှိတဲ့ ပညာရိပ်ငြိမ်ဘော်ဒါဆောင်တွေမှာ စမ်းသပ်လုပ်ပိုင်ခွင့်တွေပေးထားတာ။ ပြောရရင် အဆင်ပြေတယ်ဆိုရမယ်။ အဲဒါကြောင့် ရန်ကုန်မှာရှိတဲ့ နာမည်ကြီးကျူရှင် လေး၊ ငါးကျောင်းကို ပုဂ္ဂလိကကျောင်းလုပ်ခွင့်ကို ဒီနှစ်ဆန်းအပိုင်းမှာ ချထားပေးလိုက်ပြီ။ ဘယ်ကျောင်းတွေလဲဆိုတာ အတိအကျတော့ ပြောလို့မရပါဘူး။ ဘယ်လောက်အတိုင်းအတာထိ ထပ်ချပေးမယ်၊ ဘယ်သူတွေကို ချပေးထားတယ်ဆိုတာတော့ ပညာရေးဝန်ကြီးတွေ ဆုံးဖြတ်ချက်ချတာပေါ့။ ကျွန်တော်တို့နိုင်ငံရဲ့ပညာရေးကို တိုးတက်လာအောင်၊ ကျယ်ပြန့်လာစေဖို့ ပုဂ္ဂလိကကိုပါ လုပ်ပိုင်ခွင့်တွေ တွဲချပေးလာတာ။ ကျွန်တော်တို့ အစိုးရစာသင်ကျောင်းတွေလည်း လောလောဆယ်မှာ ရှိနေသေးဦးမှာလေ။ စိတ်ကြိုက်လွတ်လွတ်လပ်လပ်ပညာသင်နိုင်တဲ့ အခွင့်အရေးတွေ ပေးထားမယ်။ အရင်ထဲက ရှိထားတဲ့ ပုဂ္ဂလိကကျောင်းတွေရဲ့ ဥပဒေကို ဒီပညာသင်နှစ်အမီ ပြင်ဆင်ဖြည့်စွက်ထားတယ်။ ရှိပြီးသားတွေကိုလည်း ဒီနေ့ခေတ်ကာလကြီးနဲ့ သင့်လျော်အောင် လုပ်ပေးမယ်။ ဒီပညာသင်နှစ်ကနေစပြီး ပုဂ္ဂလိက မူလတန်းကျောင်း၊ ပုဂ္ဂလိအထက်တန်းကျောင်းတွေ စဖွင့်ကြမယ်" ဟု အမှတ် (၃) အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

"အခုက ပုဂ္ဂလိကကို ယှဉ်တွဲလုပ်ကိုင်ခွင့် ပေးလိုက်တာပါ။ သင်ရိုး၊ ပြဋ္ဌာန်းစာအုပ်၊ သင်ကြားမှုစနစ်တွေကတော့ လက်ရှိအစိုးရကပြဋ္ဌာန်းထားတဲ့အတိုင်းပဲ လိုက်နာရမှာပါ။ နောင်တစ်ချိန်တော့ သတ်မှတ်သင်ရိုးပေါ်မှာ ရေးဆွဲထားတဲ့ ပြဋ္ဌာန်းစာအုပ်တွေကို သင်ရိုးညွှန်းတမ်းသတ်မှတ်ရေးအဖွဲ့က စိစစ်ပြီး ခွင့်ပြုတာမျိုး၊ ပြဋ္ဌာန်းစာအုပ်တွေ အပြိုင်ရေးဆွဲပြီး စိစစ်ခံတာမျိုးတွေဖြစ်လာမှာပါ။ လတ်တလောတော့ လက်ရှိသင်ရိုးနဲ့ ပြဋ္ဌာန်းစာအုပ်တွေပဲသုံးရမှာပါ"ဟု ပညာရေးပြုပြင်ပြောင်းလဲရေး အကြံပြုအဖွဲ့တွင်ပါဝင်သော ပညာရှင်တစ်ဦးက ရှင်းပြသည်။

လတ်တလောတွင် ပုဂ္ဂလိကပညာရေးလုပ်ငန်းများအတွက် ပုဂ္ဂလိကပညာရေးအက်ဥပဒေ၊ နည်းဥပဒေများ မကြာမီထုတ်ပြန်နိုင်ရန်စီစဉ်နေကြောင်း၊ ပုဂ္ဂလိကကျောင်းဖွင့်ခွင့်လျှောက်ထားသည့် သင်တန်းကျောင်း ၂၄ ခုရှိသော်လည်း ယင်းတို့ထဲမှ ကျောင်း ၈ ကျောင်းကို ဖွင့်လှစ်ခွင့်ပေးရန်လျာထားပြီး လတ်တလောတွင် ကျောင်း ၆ ကျောင်းကို စတင်ခွင့်ပြုလိုက်ကြောင်း၊ ယင်းကျောင်းများမှာ ၂၀၁၀ ဇွန်လ ၁ ရက်နေ့တွင် စတင်ဖွင့်လှစ်ရမည်ဖြစ်ပြီး ပညာရေးဝန်ကြီးဌာနကထုတ်ပြန်မည့် ပုဂ္ဂလိကပညာရေးအက်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဖွင့်ခွင့်ပြုမည်ဖြစ်ကြောင်း၊ ပဌမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ ဖွင့်လှစ်ခွင့်ရမည်ဖြစ်ကြောင်း တိုင်းအေး

---

ဆောင်ဆိုတာ လေဝင်လေထွက်ကောင်းရမယ်၊ အလင်းရောင်ကောင်းကောင်းရရမယ်၊ စာသင်ခန်းအကျယ်အဝန်းလုံလောက်ရမယ်၊ ပရိဘောဂပြည့်စုံရမယ်၊ အားကစားကွင်းရှိရမယ် စသဖြင့်ဒါတွေနဲ့ပြည့်စုံဖို့လိုတယ်။ ဖြစ်သလိုဖွင့်တာမျိုးလုပ်လို့မရဘူး။ အခုမြို့နယ်အလိုက် ခေါ်မေးနေပြီ။ လိုအပ်တဲ့မြေတွေ ဘာတွေ ဘာလိုလဲမေးနေပြီး လျှောက်ထားယူရမယ်။ နောက်တစ်ခုက ဆရာနဲ့တူတဲ့ ဆရာဖြစ်ရမယ်။ ဆိုလိုတာက ဆရာစိတ်ရှိရမယ်။ ဆရာက လူပြက်လိုလုပ်လို့မရဘူး။ ကောင်းကောင်းမွန်မွန်သင်ရမယ်။ စာသင်တာ ဆရာနဲ့တူရမယ်။ သတ်မှတ်အရည်အချင်းနဲ့ပြည့်စုံရမယ်။ ဆရာက ဆရာစိတ်ရှိရမယ်။ နောက် ကျောင်းသားက ကျောင်းသားနဲ့တူရမယ်။ ကျောင်းသားဖြစ်ပြီးတော့ ဆံပင်အရှည်ထားတာ၊ ကျောင်းကိုလာချင်တဲ့အချိန်လာ၊ ပြန်ချင်တဲ့အချိန်ပြန်၊ ငါ့ငွေရှိတာပဲဆိုပြီး ထင်သလိုလုပ်တာမျိုးမရဘူး။ မိဘကလည်း မိဘနဲ့တူရမယ်။ ငွေတတ်နိုင်လို့ သူတို့သားသမီးကို သွားချင်ရာသွား၊ လုပ်ချင်ရာလုပ်ဖို့ခွင့်ပြုတာမျိုး မလုပ်ရဘူး။ သူတို့ကိုယ်တိုင်က သားသမီး စာတတ်မြောက်ဖို့၊ ပညာတတ်မြောက်ဖို့ လုပ်ပေးရမယ်။ ပုဂ္ဂလိကကျောင်းထောင်တာ ဘာကောင်းလဲဆိုရင် စာကြည့်တိုက်၊ သင်ထောက်ကူပစ္စည်းတွေ ပြည့်စုံလာမယ်ပေါ့။ အချုပ်သဘောက ကျောင်းနဲ့တူတဲ့ကျောင်း၊ ဆရာနဲ့တူတဲ့ ဆရာ၊ ကျောင်းသားနဲ့တူတဲ့ ကျောင်းသား၊ မိဘနဲ့တူတဲ့မိဘ ဖြစ်လာရင် ပိုကောင်းသွားပြီ။ အဲဒီ တူတာလေးခု၊ တူလေးတူနဲ့ ပြည့်စုံလာပြီဆိုရင်တော့ အများကြီး တိုးတက်သွားမှာ။



www.foreverspace.com.mm



ချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ၂၀၁၀ ပြည့်နှစ် မတ်လ ၄ ရက်နေ့က ပြည်တွင်းမီဒီယာများမှတစ်ဆင့် တရားဝင်ထုတ်ပြန်ကြေညာခဲ့သည်။

ယင်းကြောင့် ၂၀၁၀–၂၀၁၁ ပညာရေးနှစ်တွင် သဏ္ဍာန်သစ် မြန်မာ့ပညာရေးတစ်ရပ် ပေါ်ပေါက်လာတော့မည်ဖြစ်သည်။ ယင်းသဏ္ဍာန်သစ် မြန်မာ့ပညာရေးစနစ်တွင် ပုဂ္ဂလိကပညာရေးစနစ်ကို ပူးတွဲလုပ်ဆောင်ခွင့်ပြုထားရာ တစ်နည်းအားဖြင့် ပုဂ္ဂလိကပညာရေးစနစ်တစ်ရပ် ပေါ်ပေါက်လာရေး အစပျိုးလာခြင်း ဖြစ်ပေသည်။ သို့သော် ယင်းမှာ စနစ်ပြောင်းကာလ၏ အပြောင်းအလဲတစ်ခုဖြစ်ပေရာ လိုအပ်ချက်များ၊ ကန့်သတ်ချက်များ များစွာရှိနေဦးမည်ဖြစ်သည်။

## ပုဂ္ဂလိကကျောင်းဟူသည်

ပုဂ္ဂလိကကျောင်းများကို လွတ်လပ်သော ကျောင်းများ (Independent Schools) ဟူ၍လည်း ခေါ်ဆိုသေးသည်။ ဗြိတိန်တွင် Private School ဟုခေါ်ပြီး ဒေသဆိုင်ရာ၊ ပြည်နယ်နှင့် အစိုးရတို့၏ စီမံခန့်ခွဲအုပ်ချုပ်မှုမှ ကင်းလွတ်ခွင့်ရသည့် ကျောင်းများ ဖြစ်ကြသည်။

ပုဂ္ဂလိကကျောင်းများသည် မိမိတို့ကျောင်းသို့တက်မည့် ကျောင်းသားများကို ကိုယ်ပိုင်ရွေးချယ်ခွင့်ရှိကြသည်။ ရွေးချယ်ထားသည့် ကျောင်းသားများက ပေးဆောင်ရသည့် ကျောင်းလခ သို့မဟုတ် ကျောင်းဝင်ကြေးငွေများကို ရန်ပုံငွေအဖြစ်ထူထောင်ပြီး မိမိတို့ ကိုယ်ပိုင်ငွေကြေးဖြင့် ရပ်တည်ကြသည့် ကျောင်းများဖြစ်သည်။ ပုဂ္ဂလိကအမည်ခံလျှင် အစိုးရအပေါ် မှီခိုမှုကင်းနိုင်သမျှ ကင်းအောင် နေတတ်ကြသည်။ မိမိတို့ကျောင်းသို့ လာတက်မည့် ထူးချွန်ကျောင်းသားများအတွက်လည်း ပညာတော်သင်ဆုများ ရွေးချယ်ပေးလေ့ရှိသည်။ ဥပမာ–အားကစား၊ အနုပညာ၊ စာပေ ထူးချွန်ဆုများကို သတ်မှတ်ပြီး အထောက်အပံ့ပေးကြသည်။

ပုဂ္ဂလိကကျောင်းများတွင် ပေးသွင်းကြရသည့် ကျောင်းလခနှင့် ကျောင်းဝင်ကြေးများသည် ကျောင်းအလိုက် အမျိုးမျိုးကွဲပြားခြားနားချက်များရှိနိုင်သည်။ ကျောင်းတည်ရာဒေသအလိုက်၊ မိဘများ ပေးဆောင်နိုင်သည့်ဆန္ဒအလိုက်၊ လူနေမှုအဆင့်အတန်းအလိုက်၊ ကျောင်း၏ရန်ပုံငွေထူထောင်ထားနိုင်မှုအလိုက် အမျိုးမျိုး



# “ကြက်ဥနဲ့ကြက်မလိုပဲ ကြက်ဥကပဲစစ၊ ကြက်မကပဲစစ ရအောင်တော့စရမယ်”

**မြန်မာ့ကွန်ပျူတာကုမ္ပဏီလီမိတက်၏ဥက္ကဋ္ဌ ဦးတင်ဝင်းအောင်နှင့် တွေ့ဆုံခြင်း**

**ကျော်ကျော်မင်း**

**L.C ။ ။ မြန်မာနိုင်ငံရဲ့အဆင့်မြင့်ပညာရေးကဏ္ဍကို နိုင်ငံတကာအသိအမှတ်ပြုတဲ့ အခြေအနေမျိုးရလာအောင် ဘာတွေလုပ်ရမလဲ။**

**UTWA** ။ ။ မြန်မာနိုင်ငံရဲ့ အခြေအနေက အခြားနိုင်ငံတွေနဲ့ မတူဘူး။ မြန်မာနိုင်ငံက တစ်ချိန်က အရှေ့တောင်အာရှမှာ ပညာရေးနဲ့ပတ်သက်ပြီး နာမည်ရပြီးသား။ တခြားကတောင် လာသင်ကြားရတယ်။ မြန်မာနိုင်ငံ အခြားဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံလို အစကနေ Step by Step ပြန်လုပ်စရာမလိုဘူး။ မြန်မာ့တက္ကသိုလ်တွေက ကမ္ဘာ့အဆင့်အတန်းမီ စီးပွားရေးပညာရှင်၊ အင်ဂျင်နီယာ၊ ဆရာဝန်တွေ မွေးထုတ်ပေးနိုင်တာမျိုးတွေလည်း အစဉ်အလာရှိခဲ့တာပဲ။ သင်ရိုးပိုင်းတော်တော်လေးကို အခြေခံကောင်းခဲ့တယ်။ ကျန်တဲ့နိုင်ငံတွေဆို အဲလောက်ကို အခုမှ စလုပ်နေကြရတာ၊ ကျွန်တော်တို့ကရှိခဲ့တယ်။ အဲဒီအတွေ့အကြုံရှိခဲ့တဲ့ဆရာကြီးတွေကလည်း သက်ရှိထင်ရှားရှိနေဆဲဖြစ်တယ်။ နိုင်ငံတကာအသိအမှတ်ပြုတဲ့ ပညာရေးကို ရအောင်လုပ်ဖို့ သိပ်ခဲယဉ်းမယ်မထင်ဘူး။

**L.C ။ ။ တချို့လည်း ပြောကြတယ်။ တခြားနိုင်ငံက ပညာရေးအဖွဲ့အစည်းတွေလို နိုင်ငံတကာတက္ကသိုလ်တွေနဲ့**

www.foreverspace.com.mm

ကွဲပြားခြားနားနိုင်သည်။

ကျောင်းလခကြေးမြင့်သည့်ကျောင်းများသည် အကောင်းဆုံး ဆရာများကိုခေါ်ပြီး လစာကောင်းကောင်းပေးကာ သင်ခိုင်းထားရသောကြောင့်ဟု အကြောင်းပြကြသည်။ ထို့အပြင် ကျောင်းတွင်လည်း သင်ကြားမှု သင်ယူမှု အထောက်အကူပြုပစ္စည်းများဖြင့် အထောက်အပံ့ပြုပေးနိုင်သည်။ ဆရာနှင့်ကျောင်းသားအရေအတွက်ကိုလည်း ထိန်းထားနိုင်ကြသည်။ စာသင်ခန်းအရွယ်အစားသေးငယ်ခြင်း၊ စာကြည့်တိုက်၊ သိပ္ပံဓာတ်ခွဲခန်း၊ ကွန်ပျူတာ အစရှိသည်ဖြင့် အလုံအလောက်ထောက်ပံ့ပေးနိုင်ကြသည်။ အချို့သော ပုဂ္ဂလိကကျောင်းများသည် အဆောင်နေ ဘော်ဒါ (Boarding School) များဖြစ်ကြသည်။

ဘာသာရေးဂိုဏ်းများအလိုက် တွဲဖက်ဖွင့်လှစ်ထားသည့် ကျောင်းအများစုသည်လည်း ပုဂ္ဂလိကကျောင်းများအသွင်ဆောင်ကြသည်။ အချို့ကျောင်းများတွင် ဘာသာရေးသီးသန့်သင်ကြားကြပြီး အချို့ကျောင်းများမှာ ဘာသာရေးနှင့်နွယ်ပြီး အတန်းကျောင်းပညာရေးများကို စည်းရုံးသည့်အနေဖြင့် သင်ကြားလေ့ရှိသည်။ အချို့ပုဂ္ဂလိကကျောင်းများမှာ ကျောင်းစတင်တည်ထောင်သူ၏ ဘာသာရေးယုံကြည်မှုအလိုက် ထူထောင်ထားသည့်ကျောင်းအမျိုးအစားများဖြစ်နေတတ်သည်။ ဘာသာရေးနှင့် ပညာရေးပေါင်းစပ်ထားသည့်ကျောင်းများအသွင်ဆောင်နေတတ်သည်။

ပုဂ္ဂလိကကျောင်းများသည် မိမိတို့ပညာအရည်အသွေးကို ထိန်းသိမ်းလိုကြသဖြင့် အစိုးရနှင့်မပတ်သက်အောင် နေလေ့ရှိကြသည်။ အထူးသဖြင့် အစိုးရကျောင်းပညာသင်ကြားမှုနှင့် မိမိတို့ပုဂ္ဂလိကပညာသင်ကြားမှုများ ကွာခြားနေကြောင်းသိစေရန် အစဉ်အမြဲအားထုတ်လေ့ရှိကြသည်။



ပညာရေးသဏ္ဌာန်သစ်တစ်ရပ် ပေါ်ထွန်းလာတော့မည်ဟုဆိုကြသည်

## နိုင်ငံအလိုက် ပုဂ္ဂလိကပညာရေး

ဩစတြေးလျပုဂ္ဂလိကကျောင်းအမျိုးအစား သုံးမျိုးရှိသည်။ အစိုးရကျောင်း အမျိုးအစားနှစ်မျိုးနှင့် ဘာသာရေးဆိုင်ရာကျောင်းများလည်းရှိသည်။ ဩစတြေးလျတွင် ပုဂ္ဂလိက (Private) ကျောင်းဆိုသည်မှာ တစ်ခါတစ်ရံ အများပြည်သူပိုင် (Public) အသွင်ဆောင်တတ်သည်။ ဥပမာ–(Associated Public Schools of Victoria) ကျောင်းမျိုးဖြစ်သည်။ ပြည်သူပိုင်ကျောင်း (Public School) ဆိုသည်မှာ အစိုးရကျောင်း (Government School) အနေဖြင့် လူသိများသည်။

ဩစတြေးလျနိုင်ငံတွင် ပုဂ္ဂလိကကျောင်းများကို အလေး



**တိုက်ရိုက် ချိတ်ဆက်ထားဖို့ဆိုတဲ့ ပညာရေးကဏ္ဍက တံခါးလေးတစ်ချပ်ပဲ ဖွင့်ဖို့လိုပါတယ်လို့။ ဆရာ့အမြင်ကိုလည်း သိပါရစေ။**

**UTWA။** ။ မြန်မာကျောင်းသားတွေက တကယ်တမ်းစာလိုက်နိုင်ကြတယ်။ တော်လည်းတော်ကြတာပဲ။ ကျွန်တော်တို့ MCC မှာပဲကြည့် တစ်ကမ္ဘာလုံးအမှတ်အများဆုံးဆု၊ ဒေသတွင်း အမှတ်အများဆုံးဆု စတဲ့ဆုတွေရတဲ့ ထူးချွန်ကျောင်းသားတွေ အများကြီးပဲ၊ ပြောရရင် မြန်မာနိုင်ငံသူ၊ သားတွေက ပညာရေးကို အခုမှ စိတ်ဝင်စားတာမဟုတ်ဘူး။ နှစ်ပေါင်းများစွာကတည်းက ပညာရေးကို စိတ်ဝင်စားတဲ့ အလေ့အထရှိတယ်။ အခုထိအောင် ဘယ်မှာ သင်ရ၊ သင်ရဆိုတဲ့ အစဉ်အလာလည်းရှိတယ်။ လေယာဉ်တွေ မပေါ်ခင်ကတည်းကကို သင်္ဘောနဲ့ အင်္ဂလန်ကို သွားပညာသင်တာမျိုးတွေ ရှိခဲ့တယ်။ ခေတ်ကာလကြောင့် ပညာရေးပုံစံတွေ ဘယ်လိုပြောင်းလဲ။ အဲဒါတွေက

ထားအားပေးသည်။ အဘယ်ကြောင့်ဆိုသော် အစဉ်အလာကြီးမားပြီး ဂုဏ်သိက္ခာရှိသည့်ကျောင်းများဖြစ်နေသောကြောင့်ဖြစ်သည်။ ကျောင်းအဆောက်အအုံအရည်အသွေး မြင့်မားကောင်းမွန်ခြင်း၊ ကျောင်းတစ်ကျောင်းတွင် ရှိသင့်ရှိထိုက်သည့် အရည်အသွေးများ ပြည့်စုံခြင်း (ဥပမာ–အားကစားကွင်း၊ စာကြည့်တိုက်၊ ရေကူးကန် စသည်တို့ရှိခြင်း)၊ အရည်အသွေးပြည့်ဆရာများကို လစာကောင်းကောင်းပေးပြီး ငှားထားနိုင်ခြင်းတို့ဖြစ်သည်။ အချို့သောကျောင်းများသည် ပညာရေးအတွက် သီးခြားသင်ကြားနိုင်စေရန်သဘောဖြင့် အဆောင်နေ ဘော်ဒါကျောင်းများအဖြစ် ထူထောင်ထားကြသည်။ ထိုကျောင်းများသည် စည်းကမ်းအထူးတင်းကျပ်သည့် ကျောင်းများဖြစ်ကြသည်။ ဩစတြေးလျပုဂ္ဂလိကကျောင်းများတွင် ထူးခြားချက်မှာ ကျောင်းဝတ်စုံဖြစ်သည်။ ကျောင်းသားတိုင်း ကျောင်းဝတ်စုံဝတ်ရေးကို တင်းကျပ်စွာစည်းကမ်းသတ်မှတ်ထားသည်။ ယောကျာ်းလေးများသည် ဘလေဇာကုတ်အင်္ကျီမျိုးဝတ်ကြရသည်။ ပြည်သူပိုင်ကျောင်းများတွင် ဝတ်စုံနှင့်ပတ်သက်ပြီး ကန့်သတ်ထားချက်နည်းသော်လည်း ယူနီဖောင်းဆင်တူဝတ်ဆင်ကြရသည့် ပြည်သူပိုင်ကျောင်းများလည်းရှိသည်။

ဩစတြေးလျရှိ ပုဂ္ဂလိကကျောင်းများသည် အစိုးရထံမှ အထောက်အပံ့ယူကြသည်။ သို့သော် ထိုကျောင်းများ၏ကျောင်းလခမှာ အစိုးရကျောင်းများထက် ပိုများသည်။ ပုဂ္ဂလိကကျောင်းများသည် အစိုးရကျောင်းများထက် အားကစားကို ပိုပြီးဦးစားပေးလေ့ရှိသည်။ ဩစတြေးလျနိုင်ငံတွင် ထင်ရှားသည့် ပုဂ္ဂလိကကျောင်းအမျိုးအစားများမှာ ကက်သလစ်ကျောင်းများ (Catholic Schools) နှင့် ပုဂ္ဂလိကကျောင်း (Independent Schools) အမျိုးအစားများဖြစ်ကြသည်။

## ကနေဒါ

ကနေဒါနိုင်ငံ၏ ကျောင်းသား ၈ ရာခိုင်နှုန်းသည်သာ ပုဂ္ဂလိကကျောင်းများတွင် ပညာသင်ကြားကြသည်။ အများစုမှာ ဘာသာရေးအဖွဲ့အစည်းများမှ ဖွင့်လှစ်ထားသည့်ကျောင်းများတွင် ပညာသင်ကြားနေကြသည်။ လူချမ်းသာများအတွက် သီးခြားဖွင့်လှစ်ထားသည့် အထူးကျောင်းများလည်းရှိသည်။ ကိုလံဘီယာနိုင်ငံတကာကောလိပ် (Columbia International College) သည် ကနေဒါနိုင်ငံတွင် အကြီးကျယ်ဆုံးအဆောင်နေ ပုဂ္ဂလိကကျောင်းကြီးတစ်ကျောင်းဖြစ်သည်။ ကနေဒါနိုင်ငံတွင် ပုဂ္ဂလိကကျောင်းများနှင့်ပတ်သက်ပြီး အငြင်းပွားစရာ ပြဿနာများစွာရှိခဲ့သည်။ ကနေဒါ မီဒီယာများနှင့် အွန်တေရီယိုဒေသဆိုင်ရာပညာရေးဝန်ကြီးဌာန အစီရင်ခံစာတွင် ပုဂ္ဂလိကကျောင်းများနှင့်ပတ်သက်ပြီး မမျှတ

**နိုင်ငံတကာပညာရေးနှင့် ရင်ပေါင်တန်းနိုင်ရန် ဆောင်ရွက်လျက်ရှိသည်**



မပြောင်းလဲသွားဘူး။ နိုင်ငံတကာအသိအမှတ်ပြုအဆင့်ရောက်အောင်လုပ်မယ်ဆိုရင် မကြာခင်ကာလအတွင်း ရောက်သွားမယ်။ ကမ္ဘာကြီးကလည်း ပြောင်းလဲနေတယ်၊ ပညာရေးမှာ နေရာဒေသအခြေခံ Location Base မဟုတ်တော့ဘူး။ နည်းပညာတွေတိုးတက်လာတဲ့အတွက် ဘယ်အချိန်မဆို၊ ဘယ်နေရာမဆို၊ ဘာမဆို အရာရာ Anytime, Anywhere, Everything ဖြစ်လာတယ်။

ကျောင်းဘယ်မှာရှိတယ်ဆိုတာ ပြဿနာမဟုတ်တော့ဘူး။ ဘယ်အချိန်မဆို သင်လို့ရတယ်။ ပါမောက္ခတွေခေါ်ရမယ်ဆိုတဲ့ Human Resource ပြဿနာမျိုးလည်း ဒီလို နည်းပညာတွေကြောင့် အလွယ်တကူ ဖြေရှင်းလာနိုင်တယ်။

တချို့အစီအစဉ်တွေကို Oversea နဲ့ တိုက်ရိုက်ထိတွေ့သင်ကြားတာတွေကို အချိန်မရွေးလုပ်လာနိုင်တယ်။ နည်းပညာကြောင့် အချက်အလက်တွေ၊ သင်ခန်းစာတွေ၊ Documentation တွေ၊ e-Book တွေ ကို အချိန်မရွေး အလွယ်တကူ ယူလို့ရတယ်၊ နည်းပညာတွေမြင့်မားလာတာက မြန်မာနိုင်ငံအတွက် နိုင်ငံတကာအသိအမှတ်ပြုဖြစ်ဖို့ ပိုပြီးလွယ်ကူအောင် ဖန်တီးလာနေတယ်။

ဒါပေမဲ့ ပရိုဂရမ်ဟောင်းတွေနဲ့ သင်ကြားမှုပုံစံဟောင်းတွေနဲ့တော့ မဖြစ်ဘူး၊ အလွတ်ကျက်ရုံနဲ့ မဖြစ်တော့ဘူး။ တကယ်တတ်မှရမယ်။ အခုဆို နိုင်ငံတကာမှာ စာမေးပွဲဖြေလို့ ကျောင်းသားတစ်ယောက်နဲ့တစ်ယောက်အဖြေတူရင်ကို အမှတ်မပေးတော့ဘူး။ သင်ရိုးထဲကအတိုင်း ၏၊ သည်မလွဲဖြေလည်း မရဘူး။ ကျောင်းသားကိုယ်တိုင်က တကယ်နားလည်သဘောပေါက်ပြီး ကိုယ်တိုင်နားလည်သလို ပြန်ရေးထားတဲ့ အဖြေမျိုးကိုပဲ လိုချင်တာ။

ဒီကကျောင်းသားတွေ လုပ်နိုင်ပါ့မလားဆိုရင် မြန်မာတွေရဲ့ဗီဇကိုက ဉာဏ်ထက် Intelligent ဖြစ်တယ်။ စနစ်တကျ

www.foreverspace.com.mm

သည့်ရလဒ်များကို ဖော်ပြအစီရင်ခံထားမှုများတွေ့ရသည်။

## ဂျာမနီ

ဂျာမနီတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း-၇၊ အပိုဒ် ၄ အရ ပုဂ္ဂလိကပညာရေးကို အထူးဦးစားပေးပြဋ္ဌာန်းထားကြောင်း တွေ့ရသည်။ ပုဂ္ဂလိကပညာရေးနှင့် ပညာသင်ကြားခွင့်ဆိုသည်မှာ ဂျာမနီနိုင်ငံသားများအတွက် အခွင့်အရေးတစ်ခုအဖြစ် အခြေခံဥပဒေတွင် ပြဋ္ဌာန်းပေးထားသည်။

ဂျာမနီတွင် ပုဂ္ဂလိကကျောင်းအမျိုးအစား နှစ်မျိုးရှိသည်။ Ersatzschulen (Substitute Schools) နှင့် Erganzungsschulen (Auxiliary Schools) ဟူ၍ဖြစ်သည်။ ထို့အပြင် Hochschulen (ပုဂ္ဂလိက ကောလိပ်နှင့် တက္ကသိုလ်များ) လည်းရှိသေးသည်။ သို့သော် ဗြိတိန်နိုင်ငံမှာကဲ့သို့ တက္ကသိုလ်နှင့် အထက်တန်းကျောင်း အဆင့်တွင် Private ဆိုသည့်အခေါ်အဝေါ်မျိုးကို မသုံးကြပေ။

Substitute ကျောင်းများကို ပုံမှန်အားဖြင့် မူလတန်းနှင့် အလယ်တန်းအဆင့်ဟူ၍ နှစ်မျိုးခွဲခြားထားသည်။ ပုဂ္ဂလိကပိုင်၊ အဖွဲ့အစည်းတစ်ခုခုပိုင်၊ ဘာသာရေးအုပ်စုပိုင်အနေဖြင့် ရပ်တည်ကြသည်ကများသည်။ ပြည်သူပိုင်ကျောင်းများမှပေးသည့် ကျောင်းပြီးဆုံးသည့်လက်မှတ် (Diploma) များနှင့် ပုဂ္ဂလိကကျောင်းများမှ ပေးသည့် လက်မှတ်များမှာ အတူတူပင်ဖြစ်သည်။ ထိုကျောင်းများသည် အစိုးရက သတ်မှတ်သည့်ပုံစံများနှင့် လုံးဝကင်းလွတ်သည့်ကျောင်းများဟု မဆိုနိုင်ပေ။ သင်ကြားသည့်ဆရာများအရည်အချင်းနှင့် ရရှိသည့်လစာလည်း ပြည်သူပိုင်ကျောင်းများမှ ဆရာများနှင့် ကွာခြားမှုသိပ်မရှိပေ။ ထိုသို့ မကွာခြားရန်လည်း အခြေခံဥပဒေကပင် ပြဋ္ဌာန်းပေးထားသည်။ ပုဂ္ဂလိကကျောင်းဟုဆိုနိုင်သော်လည်း အစိုးရက ကန့်သတ်ထားသဖြင့် ကျောင်းလခများက အစ အများအပြားကောက်ခံခြင်းမပြုရသည့်အပြင် ပညာတော်သင်ကြေးများလည်း ထုတ်ပြန်ပေးရသေးသည်။ ကျောင်းလခများ ထင်သလောက် ကောက်ခံခြင်းမပြုနိုင်ရန်အတွက် အစိုးရက ပြည်သူ့ဘဏ္ဍာမှ ထိုက်သင့်သလောက် ကျခံပေးထားခြင်းသည် ဂျာမနီနိုင်ငံ Substitute ကျောင်းများ၏ ထူးခြားချက်ဟုဆိုနိုင်သည်။



ဆရာသည် ဆရာနှင့်တူရမည်ဖြစ်သည်

Auxiliary ကျောင်းများသည် အလယ်တန်းအဆင့် သို့မဟုတ် အထက်တန်းအဆင့်ပညာသင်ကျောင်းများဖြစ်သည်။ တက္ကသိုလ်အဆင့်များ ပါဝင်ခြင်းမရှိပေ။ ပုဂ္ဂလိကပိုင် သီးခြားကျောင်းများဖြစ်နိုင်သလို နောက်ခံအဖွဲ့အစည်းတစ်ခုခု၏ အထောက်အပံ့ဖြင့် ရပ်တည်နေကြရသည်။ ပြည်သူပိုင်ကျောင်းများတွင် မရနိုင်သည့် ပညာရေးများနှင့် ဘာသာရေးအဆုံးအမတို့ကို သင်ကြား

---

ပြုစုပျိုးထောင်လိုက်ရင် ခပ်မြန်မြန် Pick up လုပ်နိုင်မယ်။ ကျောင်းသား စာမတတ်ရင် ဘယ်လိုမှဖြေလို့မရတော့ဘူး၊ ကိုယ်ပိုင်ဟန်နဲ့ ကိုယ်ပိုင်ဉာဏ်နဲ့ရေးမှရမယ်။ အဲဒီအလေ့အကျင့်ကတော့ လိုမယ်။

**L.C ။ ။ အဲဒီမှာ ပုဂ္ဂလိကကဏ္ဍက ဘယ်လောက်အရေးပါလာမလဲ။**

**UTWA ။ ။** အထိုက်အလျောက်တော့ အရေးပါပါတယ်။ ပုဂ္ဂလိက ကျောင်းကပိုကောင်းတယ်၊ အစိုးရကျောင်းက ပိုကောင်းတယ်လို့တော့ မဟုတ်ဘူး။ အမေရိကန်မှာပဲကြည့် ပြည်နယ်တိုင်းမှာ အစိုးရ University တွေ အများကြီးပဲ။ အဲလိုပဲ ပုဂ္ဂလိကကျောင်းတွေလည်း အများကြီးပဲ။ ပုဂ္ဂလိကပေးတိုင်း ကောင်းလာမယ်လို့တော့ မဟုတ်ဘူး၊ နိုင်ငံပိုင်လည်း ရှိရမယ်။ ပုဂ္ဂလိကအနေနဲ့ နေရာတကာမှာ ဖွင့်မှာကိုမဟုတ်ဘူး၊ အကျိုးအမြတ်ရှိမှလုပ်မှာ၊ အကျိုးအမြတ်ရှိအောင် လုပ်ဖို့ဆိုတာ အရည်အသွေးကောင်းအောင်တော့ လုပ်ရမယ်ဆိုတော့ အထိုက်အလျောက်တော့ အကျိုးရှိပါတယ်။ ဒါပေမဲ့ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ကျတော့ အစိုးရကမှ သာလုပ်နိုင်မယ်။ State University ရှိဖို့လိုအပ်တယ်။ ပုဂ္ဂလိကတွေလည်း ဖွင့်ရမယ်၊ ဖွင့်ချင်သလောက်ဖွင့်လေ နောင်ကျရင် ကောင်းတာပဲကျန်မယ်။ သူ့အရည်အသွေးကို သူ့ဘာသာ ဆုံးဖြတ်ပေးသွားမယ်။ ပညာရေးဆိုတာ Foundation ကနေ ပါရဂူဘွဲ့အထိ အင်မတန်ကျယ်ပြန့်တယ်။ ပုဂ္ဂလိကကို အားလုံးလွှဲလိုက်ရင် ကောင်းလာမှာပဲဆိုတဲ့ အယူအဆကို လက်မခံဘူး။

ကျောင်းတွေအားလုံး ပုဂ္ဂလိကပဲဖြစ်ဖြစ်၊ အစိုးရပဲဖြစ်ဖြစ် တော်ရုံလျော်ရုံတော့ လုပ်လို့မရဘူး။ အကျိုးအမြတ်ကို ရှေ့တန်းမတင်ဘဲ လုပ်တာမျိုးကို အစိုးရကမှသာလုပ်နိုင်လိမ့်မယ်။ ၁၀၀ ရာခိုင်နှုန်း ပုဂ္ဂလိကပေးလိုက်တာမျိုး မဟုတ်ဘဲ ထိုက်သင့်သလို ရှိရမယ်၊ ပုဂ္ဂလိကကိုတော့ ဈေးကွက်က

www.foreverspace.com.mm





မြန်မာကျောင်းသားကျောင်းသူများ ထူးချွန်ကြသည်

သည့်ကျောင်းများလည်းရှိကြသည်။ အထူးသဖြင့် ထိုကျောင်းအများစုသည် အသက်မွေးဝမ်းကျောင်းပညာသင်ကျောင်းများ ဖြစ်ကြသည်။ သို့သော် ထိုအသက်မွေးဝမ်းကျောင်းပညာသင်ကျောင်းများသည် ဂျာမနီနိုင်ငံတွင်သွားနေသည့် နှစ်လမ်းသွားပညာရေးစနစ် (Dual Education System) နှင့် သက်ဆိုင်ခြင်းမရှိပေ။ အစိုးရအချုပ်အနှောင်ကင်းသည့် ကျောင်းအမျိုးအစားဖြစ်ပြီး ကျောင်းသားများထံမှရရှိသည့် ကျောင်းလခများဖြင့်သာ ရပ်တည်နေကြသည့် ကျောင်းအမျိုးအစားများဖြစ်သည်။

## အိုင်ယာလန်

အိုင်ယာလန်ပြည်သူ့သမ္မတနိုင်ငံတွင် ပုဂ္ဂလိကကျောင်းများသည် ထူးခြားသည်ဟုဆိုရမည်။ အဘယ်ကြောင့်ဆိုသော် ပုဂ္ဂလိကကျောင်းများ၏ ဆရာများလစာကို အစိုးရကပေးသောကြောင့်ဖြစ်သည်။ အကယ်၍ သတ်မှတ်ထားသည့် ဆရာအရေအတွက်ထက် ပိုခန့်လိုလျှင် မိမိတို့ကျောင်းသားများထံမှ ကောက်ခံရရှိထားသည့် ကျောင်းလခများထဲမှ ပေးဆောင်ရန်ဖြစ်သည်။ ပုဂ္ဂလိကကျောင်းများကို အစိုးရက ကန့်သတ်ထားပေးသည်။ နိုင်ငံတော်မှ အနိမ့်ဆုံးပညာရေးကို လူတိုင်းတတ်မြောက်နိုင်စေရမည်ဟု သတ်မှတ်ချက်ရှိနေသောကြောင့်ဖြစ်သည်။ အိုင်ယာလန် ပုဂ္ဂလိကကျောင်းများသည် Junior Certificate နှင့် Leaving Certificate တို့ကိုပေးနိုင်ရန် ဖွင့်လှစ်ထားသည့်ကျောင်းများဖြစ်ကြသည်။

အိုင်ယာလန်ရှိ ပုဂ္ဂလိကကျောင်းများသည် အဆောင်နေဘော်ဒါကျောင်းများ၏ ထက်ဝက်ခန့်ရှိသည်။ ပျမ်းမျှ နှစ်စဉ်ကြေး ယူရိုငွေ ၅,၀၀၀ ခန့်ဖြစ်သည်။ ဘော်ဒါကျောင်းများ၏ နှစ်စဉ်ကြေးမှာ ယူရို ၂၅,၀၀၀ ခန့်ဖြစ်သည်။ ဘာသာရေးအသင်းအဖွဲ့များအနေဖြင့် ဖွင့်လှစ်ထားသောကျောင်းများတွင်လည်း ကျောင်းလခများပေးဆောင်ကြရသည်။ အိုင်ယာလန်တွင် နိုင်ငံတကာကျောင်းအမည်ခံ ပုဂ္ဂလိကကျောင်းလေးများလည်း အနည်းငယ်ရှိကြသေးသည်။ ပြင်သစ်၊ ဂျပန်နှင့် ဂျာမန်ကျောင်းများဖြစ်သည်။

## အိန္ဒိယ

အိန္ဒိယနိုင်ငံတွင် ကျောင်းအများစုသည် ပြည်သူပိုင်ကျောင်းများအဖြစ်သာ ရပ်တည်ကြရသည်။ ပြည်နယ် သို့မဟုတ် ဒေသအလိုက် အထောက်အပံ့ဖြင့် ရပ်တည်ကြရသည်။ ကျောင်းလခမပေးရသည့် အခမဲ့ပညာရေးစနစ်ရှိသကဲ့သို့ ငွေကြေးပေးရလျှင်လည်း အလွန်နည်းပါးသည့် ကျောင်းလခများကိုသာ ပေးဆောင်ကြရသည်။

---

ဆုံးဖြတ်သွားလိမ့်မယ်။ နိုင်ငံဘက်ကတော့ ဆင်းရဲ ချမ်းသာ မရွေး တက်နိုင်အောင် လုပ်ဆောင်ရမှာပဲ။

ပုဂ္ဂလိကပိုင်းကတော့ မြန်မြန် Sharp ဖြစ်လာနိုင်တယ်။ အစိုးရပိုင်းကလည်း သိပ်ပြီး ကွာဟလို့မရဘူး။ အစိုးရနဲ့ပုဂ္ဂလိက ဟန်ချက်ညီညီကြိုးစားမှရမယ်၊ ကိုယ်စီကိုယ်စီကို ကြိုးစားမှရမယ်၊ သဘောကတော့ နိုင်ငံပိုင်းကဖြစ်ဖြစ်၊ ပုဂ္ဂလိကပိုင်းကဖြစ်ဖြစ် စွမ်းဆောင်နိုင်မှု တိုးသထက်တိုးလာမှဖြစ်မယ်။

**L.C ။ ။ ဆရာတို့ ရတနာပုံက ကျောင်းကိုရော ပုဂ္ဂလိက တက္ကသိုလ်လို့ ခေါ်နိုင်မလား။**

**UTWA။** ။ ဆရာတို့ကျောင်းက ရတနာပုံအတွက် လိုမယ့် လူသားအရင်းအမြစ်တွေ မွေးထုတ်ပေးဖို့ လိုအပ်ချက်အရ ဖွင့်လှစ်ခဲ့တာပါ။ သဘောသဘာဝမတူပါဘူး။ မြန်မာနိုင်ငံမှာ တည်ဆဲ Rangoon University Acts ဆိုတာရှိတယ်။ စင်ကာပူဆိုလည်း အဲဒါကိုမှီး ရေးခဲ့တာ။ နိုင်ငံတော်အစိုးရရဲ့တက္ကသိုလ်၊ ကောလိပ်ကသာ ဘွဲ့ပေးလို့ရတယ်ဆိုတာ အတိအကျပါတယ်။ တက္ကသိုလ်ဆိုတာ ကိုယ့်တက္ကသိုလ်ရဲ့ ကိုယ်ပိုင်နာမည်နဲ့ ဘွဲ့ပေးရတယ်။ အခုက International ကဘွဲ့တွေကို ကျောင်းသားတွေ သင်နိုင်အောင်စီစဉ်ပေးထားတဲ့ နေရာပဲ။ ကိုယ်ပိုင်ဘွဲ့မဟုတ်ဘူး၊ စင်ကာပူမှာရော ဒီမှာပါ ပုဂ္ဂလိကတက္ကသိုလ်ဆိုတာ မရှိသေးဘူး။ ဒါပေမဲ့ ခုနကပြောသလို နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့ ဘွဲ့ဒီဂရီတွေကိုတော့ သင်ကြားခွင့်ရှိအောင် ခွင့်ပေးထားတယ်။ ဒီသဘောပါပဲ။

**L.C ။ ။ အခုကိုပဲ Brain Drain ဆိုတာတွေ များနေပြီ။ ရတနာပုံက လိုအပ်မယ့် လူ့စွမ်းအားအရင်းအမြစ်ကို ဖြည့်တင်းဖို့ဆိုတော့ ရလာမယ့် လူ့စွမ်းအားအရင်းအမြစ်တွေကို ဘယ်လိုဆွဲဆောင်မှုတွေနဲ့ ထိန်းသွားမှာလဲ။**

**UTWA။** ။ Brain Drain ကများနေပါတယ်။ စင်ကာပူကို တစ်ဖွဲဖွဲ သွားနေကြတယ်။ ဝင်ငွေကောင်းတယ်ဆိုတော့လည်း

www.foreverspace.com.mm



တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်မှု အစိုးရကသာ ဆောင်ရွက်နိုင်သည်

ပုဂ္ဂလိကသီးခြားထူထောင်ဖွင့်လှစ်ထားသည့်ကျောင်းများလည်းရှိကြသည်။ အများစုမှာ အဖွဲ့အစည်းများ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် ခရစ်ယာန်မစ်ရှင်ကျောင်းများသည်သာ ပုဂ္ဂလိကပိုင်ကျောင်းများဖြစ်ကြသည်။ အစိုးရငွေကြေးကိုယူသည့် အထောက်အပံ့ခံ (Aided Schools) ကျောင်းများလည်း ရှိကြသည်။ အစိုးရအထောက်အပံ့မခံဘဲ ပုဂ္ဂလိကပါတီများ၏ အထောက်အပံ့ဖြင့်ရပ်တည်ကြသည့် ကျောင်းများလည်းရှိသေးသည်။ မည်သည့်ကျောင်းအမျိုးအစားဖြစ်စေ အဆင့်အတန်းနှင့် အရည်အသွေးမြင့်မားရေးကို အထူးဦးစားပေးသည့်ကျောင်းများဖြစ်စေရန် ကြိုးပမ်းအားထုတ်ကြသည်။ ကျောင်းများသည် ပုဂ္ဂလိကကျောင်းများဖြစ်သော်လည်း Public အမည်ဖြင့် ရပ်တည်ကြသည့်ကျောင်းများလည်းရှိသေးသည်။ ဥပမာ- Delhi Public School နှင့် Birla Public School တို့ဖြစ်သည်။

အလယ်အလတ်တန်းစားပြည်သူများသည် Public အမည်ခံ ပုဂ္ဂလိကကျောင်းများသို့ မိမိတို့သားသမီးများကို စေလွှတ်လေ့ရှိကြသည်။ အချို့အဆောင်နေကျောင်းသားများအဖြစ်ပင် ပညာသင်လွှတ်ကြသည်။ အိန္ဒိယတွင် အင်္ဂလိပ်စာသည် မသင်မနေရ အရေးပါသည့် ကြားခံဆက်သွယ်ရေးဘာသာစကားတစ်ခုအဖြစ် သတ်မှတ်ထားသည်။ ဟင်ဒီနှင့် အခြားရုံးသုံးတိုင်းရင်းဘာသာစကားများကိုလည်း သင်ကြားပေးသည်။ မူလတန်းကြိုကျောင်းများကို နေ့ကလေးထိန်းကျောင်းများရှိသည့်ဒေသများတွင် ဖွင့်လှစ်ခွင့်ကန့်သတ်ထားသည်။ အိန္ဒိယနိုင်ငံတွင် နာမည်ကျော် ပုဂ္ဂလိကကျောင်းအများအပြားရှိပြီး ထိုကျောင်းများသည် ကမ္ဘာ့အဆင့်မီကျောင်းသားများအဖြစ် မျက်နှာပန်းလှကြသည်။

## ဖိလစ်ပိုင်

ဖိလစ်ပိုင်တွင် ပုဂ္ဂလိကကဏ္ဍသည် ပညာရေးကို များစွာအထောက်အကူပြုနေသည်။ မူလတန်းအဆင့်တွင် ၇ ဒသမ ၅ ရာခိုင်နှုန်း၊ အလယ်တန်းအဆင့်တွင် ၃၂ ရာခိုင်နှုန်းနှင့် အထက်တန်းအဆင့်တွင် ၈၀ ရာခိုင်နှုန်းသည် ပုဂ္ဂလိကကျောင်းသို့လာတက်သူများဖြစ်ကြောင်း တွေ့ရသည်။ ပုဂ္ဂလိကကျောင်းများသည် ဖိလစ်ပိုင်နိုင်ငံအတွက် လူ့သားရင်းမြစ်ကို မွေးထုတ်ပေးနိုင်သည့်နေရာများအဖြစ် ယုံကြည်အားထားခြင်းခံရသည်။ ကျောင်းလခကို နှိုင်းယှဉ်လျှင်လည်း တန်းစဉ်အလိုက်ကြည့်လျှင် အစိုးရကျောင်းများထက်ပင် ကုန်ကျစရိတ်သက်သာကြောင်းတွေ့ရသည်။ အထူးသဖြင့် အထက်တန်းအဆင့် ပညာသင်ကြားရေးတွင် ပုဂ္ဂလိကကျောင်းများက ပိုပြီးဈေးသက်သာနေခြင်းမှာ စဉ်းစားစရာဖြစ်သည်။

အစိုးရအနေဖြင့် ပုဂ္ဂလိကကျောင်းများအပေါ်ထားသည့်သဘောထားနှင့် ပေးထားသည့်လုပ်ပိုင်ခွင့်များသည် အတော်လေးပျော့ပျောင်းညင်သာရှိသည်ဟု ဆိုရမည်ဖြစ်သည်။ ကျောင်းသင်ခန်းစာများအတွက် သင်ထောက်ကူပစ္စည်းများကို မတည်ပေးခြင်း၊ ကျောင်းသစ်များဆောက်ပေးခြင်း၊ ကျောင်းများသို့ အားပေးစကားသွားရောက်ပြောကြားခြင်း၊ ပုဂ္ဂလိကကျောင်းများတွင် ကျောင်း

---

သွားကြတယ်။ အခုက စင်ကာပူဆိုတာ ရန်ကုန်နဲ့ အိမ်ဦးနဲ့ ကြမ်းပြင်လိုဖြစ်နေတာ စတဲ့အားသာချက်တွေလည်း ရှိတော့ တစ်ဖွဲ့ဖွဲ့ကို သွားနေကြတာ။ သွားတဲ့သူကသွားမှာပဲ။ ဒီတော့ ဒီလိုသွားနိုင်တဲ့ အရည်အချင်းရှိတဲ့သူတွေကို အဆက်မပြတ် မွေးထုတ်သွားမယ်။ တဖြည်းဖြည်းနဲ့ ဒီမှာအများကြီးကျန်လာမယ်၊ Supply နဲ့ Demand မမျှအောင်မွေးထုတ်မယ်။ အဲဒီပုံစံနဲ့ အဆက်မပြတ်မွေးထုတ်မယ်။ Brain Drain ဖြစ်တဲ့နှုန်းထက် ပိုများမယ်လို့ မျှော်လင့်ထားပါတယ်။

**L.C** ။ ။ **ပြည်တွင်းမှာ သူတို့ရဲ့အလုပ်အကိုင်အတွက်ကရော ဘယ်လိုအာမခံချက် ပေးနိုင်မလဲ။ အလုပ်က တကယ်တမ်းကျ ပြည်တွင်းမှာ လုပ်စရာမရှိဘူးလို့ ကြားနေရပါတယ်။**

**UTWA** ။ ။ International Software Development Center ဆိုပြီး ထူထောင်ထားတယ်။ နိုင်ငံတကာနဲ့ ချိတ်နိုင်အောင်လည်း လုပ်နေတယ်။ နိုင်ငံတကာနဲ့ချိတ်ဆက်ပြီး လုပ်နိုင်ပြီဆိုတာနဲ့ နိုင်ငံတကာစံနှုန်းအတိုင်း လစာနဲ့ ခံစားခွင့်ရမှာပါ၊ လတ်တလောအခြေအနေအရတော့ မပေးနိုင်သေးဘူးပေါ့။ ဘာပဲဖြစ်ဖြစ် တစ်နေရာက စကြိုးစားရမှာပဲ။ ကြက်ဥနဲ့ ကြက်မလိုပဲ ကြက်ဥကပဲစစ၊ ကြက်မကပဲစစ ရအောင်တော့ စရမယ်။ Brain Drain effect မကျန်ခဲ့စေရဘူး။

အခကောက်ခံမှုများကို လျှော့ပေါ့စေခြင်း၊ တတိယတန်းနှင့် စတုတ္ထတန်းအဆင့်လောက်ကတည်းက အင်္ဂလိပ်စာ၊ သင်္ချာ၊ သဘာဝသိပ္ပံဘာသာရပ်များကို အလေးပေးသင်ကြားစေခြင်း၊ ၁၉၉၂ ခုနှစ်ခန့်ကတည်းက ပုဂ္ဂလိကကျောင်းများ လုပ်ပိုင်ခွင့်အတွက် ဥပဒေများထုတ်ပြန်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။

ပညာရေးဝန်ဆောင်မှု သဘောတူညီချက်များဖြင့်လည်း အစိုးရသည် အစိုးရကျောင်းများမှ ကျောင်းသားများ ပုဂ္ဂလိကကျောင်းများသို့ တရားလွန်ကူးပြောင်းသွားခြင်းမပြုရန် ထိန်းချုပ်ထားသည်။ ဥပမာ–ကျောင်းလခ၊ ငွေကြေးထောက်ပံ့မှုများဖြင့် အစိုးရကျောင်းများတွင် မက်လုံးပေးထားမှုများရှိသည်။

၂၀၀၁–၂၀၀၂ ပညာသင်နှစ်တွင် ဖိလစ်ပိုင်နိုင်ငံ၌ ပုဂ္ဂလိကမူလတန်းကျောင်းပေါင်း ၄,၅၂၉ ကျောင်းရှိပြီး အလယ်တန်းကျောင်းပေါင်း ၃,၂၆၁ ကျောင်းရှိသည်။ ၂၀၀၂–၂၀၀၃ ပညာသင်နှစ်တွင် ပုဂ္ဂလိကအထက်တန်းကျောင်းပေါင်း ၁,၂၉၇ ကျောင်းရှိသည်။

## တောင်အာဖရိက

တောင်အာဖရိကတွင် ရှေးအကျဆုံးကျောင်းများသည် ပုဂ္ဂလိကဘုရားရှိခိုးကျောင်းများဖြစ်သည်။ ၁၉ ရာစုလောက်ကတည်းက ခရစ်ယာန်သာသနာပြုများက တည်ထောင်ထားခဲ့ကြခြင်းဖြစ်သည်။ တောင်အာဖရိကတွင် ပုဂ္ဂလိကကျောင်းများ၏ အခန်းကဏ္ဍကို အလွန်အားပေးသည်။ လူမျိုးရေးခွဲခြားမှုများကို ဖျက်သိမ်းပြီးနောက် ပုဂ္ဂလိကကျောင်းများ၏အခန်းကဏ္ဍသည် သိသိသာသာဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ တောင်အာဖရိကကျောင်းများအက်ဥပဒေ (၁၉၉၆) အရ ကျောင်းအမျိုးအစားနှစ်မျိုးသတ်မှတ်ထားသည်။ နိုင်ငံတော်ထိန်းချုပ်မှုအောက်တွင်ရှိသည့် ပြည်သူပိုင်ကျောင်းများနှင့် ပုဂ္ဂလိကကျောင်းဟောင်းများ၊ အဖွဲ့အစည်းပိုင်ကျောင်းများအပါအဝင် လွတ်လပ်သည့် (Independent) ဆိုသည့် ပုဂ္ဂလိကကျောင်းများဖြစ်သည်။ ယခင်က အစိုးရတစ်ဝက်၊ ပုဂ္ဂလိကတစ်ဝက်ကျောင်းများ (Semi-Private) သို့မဟုတ် C School များသည် ပုဂ္ဂလိကပိုင်အဖြစ် လုပ်ကိုင်ခွင့်မပြုပေ။ ထိုကျောင်းများကို နိုင်ငံတော်၏ အုပ်ချုပ်စီရင်ပိုင်ခွင့်အောက်တွင်သာထားရှိသည်။ တောင်အာဖရိက ပုဂ္ဂလိကကျောင်းအတော်များများသည် ကမ္ဘာ့အကောင်းဆုံးကျောင်းစာရင်းဝင်များ ဖြစ်ကြသည်။ မိန်းကလေးကျောင်း၊ ယောကျာ်းလေးကျောင်း စသည်ဖြင့် အရည်အသွေးအပြိုင် မြှင့်တင်ပေးနေသည့်ကျောင်းများလည်းရှိသည်။

**စာမေးပွဲဖြေဆိုသူ ကျောင်းသားကျောင်းသူများကို ရင်တမမဖြင့် ရပ်စောင့်နေကြသော မိဘများ**




## ဆွီဒင်

ဆွီဒင်နိုင်ငံတွင် ပုဂ္ဂလိကကျောင်းတက်ပိုင်ခွင့်သည် လွတ်လပ်သော ရွေးချယ်ပိုင်ခွင့်ဖြစ်သည်။ မြူနီစီပယ်ကျောင်းများနှင့် အထက်တန်းကျောင်းများတွင်တက်ရသည့် ကျောင်းလခသည် အတူတူပင်ဖြစ်သည်။ ၂၀၀၈ ခုနှစ်စာရင်းအရ ပုဂ္ဂလိကကျောင်းများတွင် တက်သည့်ကျောင်းသားများသည် စုစုပေါင်းကျောင်းသားဦးရေ၏ ၁၀ ရာခိုင်နှုန်းသာရှိသည်။ ဆွီဒင်တွင် ထင်ရှားသည့် ပညာရေးစနစ်တစ်ခုမှာ (Innovative School Voucher) စနစ်ဖြစ်သည်။ ဆွီဒင်ကျောင်းသားများ ကိုယ်ကြိုက်သည့်ကျောင်း ကိုယ်ရွေးချယ်တက်ခွင့်ကိုပေးထားသည့်စနစ်လည်းဖြစ်သည်။

ဥပမာ–ဆွီဒင်တွင်အကြီးဆုံးကျောင်းတစ်ကျောင်းဖြစ်သည့် Kunskapsskolan (The Knowledge School) သည် ကျောင်းခွဲပေါင်း ၃၀ ရှိပြီး အင်တာနက် Web ကိုအခြေခံကာ ဆက်သွယ်သင်ကြားနေသည့်ကျောင်းဖြစ်သည်။ ဆရာပေါင်း ၇၀၀ ကျော်နှင့် ကျောင်းသား ၁၀,၀၀၀ ကို သင်ကြားပေးနေသည်။

ယခင် ပညာရေးဝန်ကြီးဟောင်း၊ စတော့ဟုန်းပြည်နယ် အုပ်ချုပ်ရေးမှူး Per Unckle က ဆွီဒင်နိုင်ငံပညာရေးစနစ်နှင့် ပတ်သက်ပြီး "ပညာရေးဆိုတာ သိပ်အရေးကြီးပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ပေးနေတဲ့ဘောင်ကနေ ရှောင်လွှဲထွက်မသွားဖို့ အရေးကြီးတယ်။ ပညာရေးကို လက်ဝါးကြီးအုပ်ထားရင် ပြည်သူတွေအားလုံးရဲ့ အလိုဆန္ဒကို ဘယ်လိုဖြည့်ဆည်းပေးနိုင်တော့မှာလဲ" ဟုဆိုသည်။ ဆွီဒင်ပညာရေးစနစ်ကို အမေရိကန်သမ္မတ ဘားရက်အိုဘားမားကလည်း ထောက်ခံခဲ့သည်။

## ဗြိတိန် (United Kingdom)

ဗြိတိန်တွင် ပုဂ္ဂလိကကျောင်းများကို (Independent School) ဟုခေါ်သည်။ အစိုးရအစီအမံနှင့် အထောက်အပံ့မှကင်းလွတ်သောကြောင့်ဖြစ်သည်။ သို့သော် အရပ်သုံးအနေဖြင့် (Public School) အနေဖြင့်သာ ခေါ်ဝေါ်သုံးစွဲကြသည်။ ၁၉ ရာစုနှစ်လောက်ကတည်းက Public School Acts ကိုထုတ်ပြန်ပြီး အင်္ဂလန်တွင် ကျင့်သုံးခဲ့သည်။

ဗြိတိန်တွင် ကျောင်းသားအရေအတွက်အားလုံး၏ ၇ ရာခိုင်

www.foreverspace.com.mm

နှုန်းခန့်သာ အခမဲ့ကျောင်းများသို့တက်ရောက်ကြကြောင်း (The Good Schools Guide) တွင်ဆိုထားသည်။ ဗြိတိန်ကျောင်းများ နာမည်ကြီးရခြင်းသည် ပညာရေးဆိုင်ရာ အရည်အသွေး အဆင့်အတန်း (Standard) ကိုထိန်းလွှန်းခြင်း၊ ပညာရည်ကို မြင့်သည်ထက်မြင့်စေရန်အားထုတ်ခြင်း၊ ပြည်နယ်ဒေသအလိုက် ကျောင်းများကို ဖွဲ့စည်းထူထောင်ခြင်း၊ ပညာသင်နှစ်ကာလ ရှည်ကြာခြင်း၊ စာသင်ချိန်များခြင်း၊ နိုင်ငံတော်မှပြဋ္ဌာန်းသည့် သင်ရိုးညွှန်းတမ်းထက် ရွေးချယ်ခွင့်များရှိခြင်း၊ ကျောင်းနှင့်တူသည့်ကျောင်းဖြစ်စေရန် အထောက်အပံ့ပစ္စည်းများ ပြည့်စုံကြွယ်ဝခြင်း၊ သမိုင်းဝင်အဆောက်အအုံများကို ယနေ့တိုင်အထိမ်းအမှတ်အဖြစ်ထားကာ အဆောင်သစ်များဖြင့် ကျယ်ဝန်းသည့်မြေများတွင် ကျောင်းများကို ထူထောင်ထားကြခြင်း၊ ဆရာ ကျောင်းသားအချိုး နိမ့်နိုင်သမျှနိမ့်စေရန် အားထုတ်ခြင်း၊ ကျောင်းဆရာများကို လစာကောင်းကောင်းပေးကာ ပညာရေးလောကသို့ ဆွဲဆောင်ထားနိုင်ခြင်း၊ အပိုစိတ်ကြိုက်ဘာသာရပ်များကို သင်ကြားယူပိုင်ခွင့်ရှိခြင်း၊ အားကစား၊ ပြဇာတ်၊ ဂီတ စသည့် စိတ်ကြိုက်ဘာသာရပ်များ သင်ကြားနိုင်ခွင့်ရှိခြင်း၊ အစဉ်အလာနှင့် ဆန့်ကျင်ကွဲပြားအောင် အားထုတ်နိုင်ခြင်းတို့သည် ဗြိတိန်ပညာရေးစနစ်၏ ထူးခြားချက်များဟု ဆိုနိုင်သည်။

ဗြိတိန်ရှိ ပုဂ္ဂလိကကျောင်းအများစုသည် ယောကျ်ားလေးကျောင်း၊ မိန်းကလေးကျောင်းစသည်ဖြင့် ခွဲခြားထားလေ့ရှိသည်။ စာသင်နှစ်တစ်နှစ်အတွက် ကျောင်းလခမှာ ပေါင် ၁,၀၀၀ မှ ပေါင် ၇,၀၀၀ အတွင်းရှိသည်။ ကလေးအသက်အရွယ်အလိုက်၊ ဆရာ ကျောင်းသား သင်ကြားမှုအချိုးအလိုက် ငွေကြေးကွာခြားမှုရှိနိုင်သည်။ အဆောင်နေကျောင်းသားများဆိုလျှင် စာသင်နှစ်တစ်နှစ် ပေါင် ၉,၀၀၀ ကျော်ပေးကြရသည်။ ထိုကျောင်းစရိတ်များသည် မိဘများအတွက် များပြားသည်ဆိုစေ ပေးဆောင်နိုင်ကြသည်က များသည်။ ပညာသင်ထောက်ပံ့ကြေးများ၊ ဆုငွေများကိုလည်း လျှောက်ထားနိုင်ကြသည်။

ပုဂ္ဂလိက မူလတန်းကျောင်းများကို (Preparatory School) ဟူ၍ခေါ်ကြသည်။ အမေရိကန်နိုင်ငံတွင် တက္ကသိုလ်မဝင်မီ ဝင်ခွင့်အတွက် ပြင်ဆင်သည့်အတန်းကိုခေါ်သည့် အခေါ်အဝေါ်မျိုးဖြစ်သည်။ အထက်တန်းကျောင်းအဆင့်ဝင်ရန်အတွက် ဝင်ခွင့်စာမေးပွဲ (Common Entrance Exam) ကို ဖြေဆိုကြရသည်။ အချို့သော အထက်တန်းကျောင်းများကို Public School ဟူ၍လည်းခေါ်ကြသည်။

ပုဂ္ဂလိကကျောင်းအများစုသည် ဘာသာရေးအထောက်အပံ့ခံများဖြစ်ကြသော်လည်း ဘာသာရေးနှင့်ပတ်သက်ပြီး ကျောင်းသားများအပေါ် တင်းကျပ်ချုပ်ကိုင်မှုမရှိပေ။ မည်သည့်ဘာသာ ဝင်မဆိုတက်ရောက်ပညာသင်ကြားခွင့်ရှိကြသည်။ အမေရိကန်ကျောင်းများကဲ့သို့ပင် ဘာသာရေးဆိုင်ရာပြဋ္ဌာန်းမှု တစ်ခုခုကို ခံယူရန် မိဘများက ထိုကျောင်းများသို့ပို့ခြင်းမဟုတ်ကြပေ။ ၁၉၇၀ ခန့်ကစပြီး ၁၁ တန်းအထိပညာသင်ကြားကြရသည်။

## အမေရိကန်ပြည်ထောင်စု

အမေရိကန်ပြည်ထောင်စုတွင် ပုဂ္ဂလိကကျောင်းအမည်ခံလျှင် ပြည်နယ်အစိုးရများ၏ အထောက်အပံ့ကို မရရှိကြပေ။ နိုင်ငံပိုင်အစိုးရအထောက်အပံ့ခံကျောင်းများလည်းရှိနေသဖြင့် အပြိုင်ဖြစ်နေသောကြောင့်ဖြစ်သည်။ အမေရိကန်နိုင်ငံရှိ ပုဂ္ဂလိကကျောင်းအများစုသည် ဘာသာရေးအဖွဲ့အစည်းတစ်ခုခု၏ထောက်ပံ့မှုနှင့်ဖြစ်စေ၊ အဖွဲ့အစည်း ကုမ္ပဏီကြီးတစ်ခုခု၏အထောက်အပံ့နှင့်ဖြစ်စေ ရပ်တည်နေကြရသည်ကများသည်။

ပုဂ္ဂလိကကျောင်းများသည် ပညာရေးဆိုင်ရာပုံမှန်သတ်မှတ်ချက်များမှ ကင်းလွတ်ခွင့်ရကြသည်။ သို့သော် သတ်မှတ်ထားသည့်

**အနာဂတ်၏ ခေါင်းဆောင်များပင်ဖြစ်သည်**



www.foreverspace.com.mm



သင်ရိုးနှင့် ပြဋ္ဌာန်းချက်များမှ လွတ်ထွက်မသွားရန် ဂရုစိုက်ကြရသည်။ များသောအားဖြင့် အမေရိကတွင် မူလတန်းနှင့် အလယ်တန်းအဆင့်ကျောင်းသားများသည် အစိုးရကျောင်းများတွင် တက်ကြသည်ကများသည်။ ပုဂ္ဂလိကကျောင်းများမှ လုပ်ပေးနိုင်သမျှ အစိုးရကျောင်းများတွင်လည်း ရရှိနိုင်သောကြောင့်ဖြစ်သည်။

အမေရိကရှိ ပုဂ္ဂလိကကျောင်းအများစုသည် ကျောင်းလခမှရရှိသည့် ဝင်ငွေများဖြင့် သာရပ်တည်ကြသည်ကများသည်။ အချို့ကျောင်းများတွင် ရန်ပုံငွေတောင့်တင်းကြပြီး ဘာသာရေးအဖွဲ့အစည်းများနှင့် ကုမ္ပဏီများ၏ အထောက်အပံ့များဖြင့် လည်းရပ်တည်ကြသည်။ ဘာသာရေးနှင့်ဆက်နွယ်နေသည့် ပုဂ္ဂလိကကျောင်းများကို ငွေကြေးအရ အစိုးရကအထောက်အပံ့ပေးခြင်းမရှိပေ။ ဘာသာရေးအထောက်အပံ့ခံကျောင်းများ မဟုတ်လျှင် အရည်အသွေးပြည့်ဝသည့်ကျောင်းများဖြစ်ပါက အစိုးရထောက်ပံ့ကြေးများ ခံစားခွင့်ရှိကြသည်။ သို့သော် ကျောင်းဝင်ခွင့်နှင့် သင်ရိုးများကို လွတ်လပ်စွာလုပ်ပိုင်ခွင့်ရှိကြသည်။

ပုဂ္ဂလိကကျောင်းများအတိုင်း နောက်ပိုင်းတွင် (Charter School) များလည်းပေါ်လာသည်။ သတ်မှတ်ထားသည့်အရည်အချင်းနှင့်ပြည့်စုံလျှင် ထူထောင်ခွင့်ပြုသည့်ကျောင်းအမျိုးအစားများဖြစ်သည်။ အစိုးရကျောင်းများနှင့်ပုံစံကွဲပြားပြီး ဘာသာရေးနှင့်မဆက်နွယ်သည့်ကျောင်းများနှင့် အတော်လေး အသွင်သဏ္ဌာန်တူညီကြသည်။

## မြန်မာနိုင်ငံနှင့် ပုဂ္ဂလိကပညာရေး

မြန်မာနိုင်ငံတွင် ပုဂ္ဂလိကပညာရေးဟု ခေါ်ဆိုနိုင်သောပညာရေးစနစ်တစ်ရပ် ပေါ်ပေါက်ခဲ့ဖူးသည်။ လွတ်လပ်ရေးရပြီးစ ၁၉၅၁–၅၂ ခုနှစ်များတွင် ဆက်တိုက်ထုတ်ပြန်ခဲ့သော ကိုယ်ပိုင်ကျောင်းများ မှတ်ပုံတင်အက်ဥပဒေ၊ နည်းဥပဒေအရ ကိုယ်ပိုင်ကျောင်းအများအပြား ဖွင့်လှစ်ခဲ့ကြသော်လည်း ၁၉၆၅–၆၆ တွင် မြန်မာနိုင်ငံရေးအပြောင်းအလဲနှင့်အတူ ကျောင်းများအားလုံးပြည်သူပိုင်သိမ်းခဲ့ရာမှ ပုဂ္ဂလိကပညာရေးစနစ်ရပ်ဆိုင်းသွားသည်။ ၁၉၈၄ ရောက်မှသာ ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်း (ကျူရှင်) များဥပဒေ၊ နည်းဥပဒေကိုပြဋ္ဌာန်းလိုက်၍ ဘာသာရပ်သင်သင်တန်းများ ယခုတိုင်ဖွံ့ဖြိုးနေခြင်းဖြစ်သည်။

လတ်တလောတွင် ပုဂ္ဂလိကကျောင်းများဥပဒေ၊ နည်းဥပဒေမထွက်သေးသော်လည်း ပုဂ္ဂလိကကျောင်းအချို့ကို စတင်ဖွင့်လှစ်ခွင့်ပြုနေပြီဖြစ်ရာ ဘာသာရပ်သင်ကိုယ်ပိုင်သင်တန်းများနေရာတွင် ပုဂ္ဂလိကကျောင်းများ အစားထိုးဝင်ရောက်လာဖွယ်ရှိနေသည်။

"နိုင်ငံတကာနဲ့ချိတ်ဆက်တဲ့ပညာရေးကို ကျွန်တော်တို့ လုပ်တာမဟုတ်ဘူး။ မြန်မာနိုင်ငံမှာ သင်ကြားနေတဲ့ အတန်းပညာတွေမှာ ပုဂ္ဂလိကကျောင်းတွေဖွင့်ပြီး သူတို့ဆီမှာလည်း ဒီအတန်းပညာရဲ့ စာကိုပဲသင်ကြားပေးမှာ၊ ဒီကျောင်းတွေကို ဘာလုပ်ခွင့်ပေးတာလဲဆိုတော့ ဒီကျောင်းတွေမှာ အစိုးရစာသင်ကျောင်း တက်စရာမလိုဘဲ ဒီကျောင်းတွေမှာတက်လို့ရတယ်။ ဒီကျောင်းတွေကနေပြီး အောင်စာရင်းတွေကို တရားဝင်ထုတ်ခွင့်ပေးလာမယ်၊ လောလောဆယ်မှာ မူလတန်းကနေပြီး နဝမတန်းအထိ လုပ်ခွင့်ပေးထားတယ်၊ တက္ကသိုလ်ဝင်တန်းကတော့ ဒီပုံစံအတိုင်းစစ်ဆေးသွားမှာ၊ နောက်ပိုင်းတော့ ထပ်ပြောင်းလဲသွားရင်လည်း ပြောင်းလဲသွားမှာပေါ့နော်။ ဒီပုဂ္ဂလိကကျောင်းတွေကို ဆရာတို့အနေနဲ့ ကြီးကြပ်မှုတွေလုပ်သွားမှာပါ။ သူတို့ဆီကထုတ်ပြန်တဲ့ အောင်ချက်ရာခိုင်နှုန်းတွေကို ပညာရေးဝန်ကြီးဌာနကနေပြီး စစ်ဆေးကြီးကြပ်သွားမှာပါ။ ဆရာ့အမြင်တော့ အလားအလာကောင်းတွေ အများကြီးရှိလာမယ်လို့မြင်တယ်။ အပြိုင်တွေလည်း များလာမယ်ဆိုတော့ အပြိုင်ရှိရင်အောင်မြင်တတ်တယ်လေ။ ကျောင်းတစ်ကျောင်းနဲ့တစ်ကျောင်း အောင်ချက်ကောင်းအောင်လုပ်ကြတော့မှာဆိုတော့ ပညာသင်သူတွေတွက် အခွင့်အရေးတွေ အများကြီးရှိလာမှာပါ။ ငွေကြေးတတ်နိုင်တဲ့သူတွေ ငွေပေးပြီး အောင်မြင်မှုဝယ်လို့မရအောင်တော့ လုပ်ထားတယ်။ အဲဒီလိုမျိုးလုပ်တဲ့ကျောင်းတွေဆိုလည်း ကျောင်းပိတ်သိမ်းတဲ့အထိ အရေးယူနိုင်တဲ့ စည်းကမ်းတွေရှိလာမှာပါ"ဟု အမှတ် (၃) အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပေါ်ပေါက်လာမည့် ပုဂ္ဂလိကကျောင်းများ၏ လုပ်ပိုင်ခွင့်အနေအထားကိုသုံးသပ်ပြသည်။



ကာယ၊ ဉာဏဖွံ့ဖြိုးမှု အားကောင်းရန် လိုအပ်သည်

## ပုဂ္ဂလိကကျောင်းများ၏လိုအပ်ချက်

### ၁။ သင်ကြား သင်ယူမှု ဝန်းကျင်ကောင်း

ပုဂ္ဂလိကကျောင်းများ၏ အရေးကြီးသည့်ဂုဏ်မှာ စမတ်ကျခြင်းဖြစ်သည်။ တစ်စုံတစ်ခု သတ်မှတ်ထားသည့်အဆင့်ကို ဖြတ်ကျော်နိုင်ရန်အတွက် ပြင်ဆင်လေ့ကျင့်သင်ကြားပေးနိုင်သောကျောင်းမျိုးဖြစ်ရန်လည်း လိုသည်။ ဥပမာ–တက္ကသိုလ်ဝင်ခွင့်

www.foreverspace.com.mm



အတွက် လေ့ကျင့်သင်ကြားပေးခြင်းမျိုးဖြစ်သည်။ ထို့ပြင် Advanced Placement Course များကို သင်ကြားပေးနိုင်သည့် ကျောင်းများလည်း ဖြစ်ရမည်။ ပညာရပ်ဆိုင်ရာများကို သင်ကြားပေးနိုင်စွမ်းရှိသည့် ဆရာကောင်းများကိုလည်း ငှားရမ်းသင်ကြားပေးနိုင်ရမည်။

**၂။ အပိုလှုပ်ရှား အပိုဘာသာများသင်ကြားမှု**


ပုံမှန်အားဖြင့် ပုဂ္ဂလိကကျောင်းအများစုသည် ပြဋ္ဌာန်းဘာသာရပ်များထက် အပိုဘာသာတွဲများဖြစ်သော သင်ရိုးပြင်ပ (Extracurricular Activities) များကို သင်ကြားပေးနိုင်ရမည်ဖြစ်သည်။ အနုပညာသင်တန်း၊ စိတ်ဝင်စားမှု အုပ်စုတူများဖွဲ့စည်းခြင်း၊ အဖွဲ့အသင်းများထူထောင်စေခြင်း၊ စေတနာ့ဝန်ထမ်းလုပ်အားပေးများ စသည်တို့သည် သင်ရိုးပြင်ပဘာသာရပ်များဟု သတ်မှတ်နိုင်သည်။ ကျောင်းစာထက် လူမှုရေးအသိုက်အဝန်းတွင် ဝင်ဆံ့နိုင်သူများဖြစ်စေရန် အလေးထားသင်ကြားမှုလိုအပ်သည်။

အချို့ကျောင်းများတွင် အားကစားကို အလေးပေးသင်ကြားပေးကြသည်။ ဆရာများကိုယ်တိုင် အားကစားကို စိတ်ဝင်စားခြင်း ပါဝင်လှုပ်ရှားခြင်းများပြုလုပ်ရန်လည်းလိုသည်။ ကာယ၊ ဉာဏ၊ စာရိတ္တနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရန်ဆိုသည်မှာ ကျောင်းစာထက် ကျောင်းပြင်ပလှုပ်ရှားမှုများကိုလည်း အလေးထားနိုင်မှ အောင်မြင်နိုင်မည်ဖြစ်သည်။

**၃။ လုံခြုံမှု**

ပုဂ္ဂလိကကျောင်းများတွင် ဖြစ်တတ်သည့် အခြားပြဿနာတစ်ခုမှာ သတ်မှတ်ထားသည့်စည်းကမ်းများကို မလိုက်နာ မနေရအောင် လိုက်နာခိုင်းခြင်းဖြစ်သည်။ ကျောင်းတွင် အကြမ်းဖက်မှု၊ အနိုင်ကျင့်ဗိုလ်ကျမှုများ မဖြစ်စေရန် အတော်လေးထိန်းသိမ်းရသည်။ မိဘတိုင်းက ကျောင်းဆိုသည်မှာ လုံခြုံစိတ်ချရသည့်နေရာအဖြစ်မှတ်ယူကာ လာရောက်အပ်နှံကြခြင်းဖြစ်သည်။ သို့ဖြစ်ရာ ပြဿနာတစ်စုံတစ်ရာမပေါ်ပေါက်ရေးကို ဝိုင်းဝန်းထိန်းသိမ်းရန်

မိဘများပါ ပူးပေါင်းပါဝင်ရန် လိုအပ်သည်



လိုအပ်သည်။

**၄။ ဆရာများအရည်အသွေးပြည့်ဝမှု**

ပုဂ္ဂလိကကျောင်းများတွင် သင်ကြားမည့်ဆရာများကို မိမိတို့သင်ကြားမည့်ဘာသာရပ်များတွင် ကျွမ်းကျင်ထူးချွန်သူများဖြင့်သာ ရွေးချယ်တာဝန်ပေးလေ့ရှိကြသည်။ ပုဂ္ဂလိကကျောင်းများတွင် ၇၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းအထိ ဆရာများကို ဘွဲ့တစ်ဘွဲ့ထက်ပိုသည့် ဆရာများဖြင့်သာ ခန့်ထားလေ့ရှိကြသည်။ အချို့ကျောင်းများတွင် ဆရာအတတ်သင်လက်မှတ်ရပြီးသူများကိုသာ ခန့်ထားကြသည်။ ပုဂ္ဂလိကကျောင်းများတွင် စာသင်နှစ် တစ်နှစ်အတွင်း သုံးကြိမ် စာမေးပွဲစစ်ဆေးလေ့ရှိကြသည်။ အချို့ကျောင်းများတွင် တက္ကသိုလ်ဝင်ခွင့်အထူးသင်တန်း၊ ပြင်သစ်၊ အီတလီ၊ စပိန်ဘာသာသင်တန်းများလည်း ဖွင့်လှစ်သင်ကြားပေးကြသည်။

**၅။ အဆင့်မြင့်ပညာအတွက်အခြေခံကောင်း**

ပုဂ္ဂလိကကျောင်းများ ပေါ်များလာခြင်းသည် တက္ကသိုလ်ကောလိပ်များအတွက်လည်း များစွာအထောက်အကူပြုသည်။ ထိရောက်သော သင်ကြားမှုများဖြင့် လေ့ကျင့်ပျိုးထောင်ခြင်းခံလာရသည့် လူငယ်များသည် လူ့ဘောင်အတွက်လည်း များစွာအကျိုးပြုနိုင်ပါသည်။ ပုံသေမဟုတ်သည့် သင်ကြားမှုဖြင့် ပညာရေးကိုလည်း ဆန်းသစ်စေနိုင်သည်။

**၆။ ခေတ်မီ သင်ထောက်ကူပစ္စည်းများအသုံးပြုမှု**

စာကြည့်တိုက်၊ မာလ်တီမီဒီယာစာသင်ခန်းများသည် ရုပ်ပြသက်သက်ဖွင့်ထားခြင်းမဟုတ်။ လက်တွေ့အသုံးပြုနိုင်ရန် အမှန်အကန်ဖွင့်လှစ်ပေးထားခြင်းဖြစ်သည်။ ကျောင်းရှိကွန်ပျူတာများသည် မှန်လုံခန်းအတွင်း အလှပြရုံသက်သက်မဟုတ်။ မသုံးလျှင် မဖြစ်လောက်အောင် အနေအထားကို ဖန်တီးပေးထားသည်။ ဘာသာရပ်တစ်ခုနှင့်ပတ်သက်ပြီး စာကြည့်တိုက်တွင်ရှာခိုင်းသည်၊ အင်တာနက်တွင် ရှာဖွေ၍ရမှန်းသိအောင်လုပ်ထားသည်။ သုတေသနပြုလုပ်ရန်၊ စာတမ်းရေးရန်၊ ပရောဂျက် စသည်ဖြင့်ခေါင်းစဉ်တပ်ကာ တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ပြန်လည်တင်ပြရှင်းလင်းလာသည့် သင်ကြား သင်ယူမှုမျိုးသည် ပုဂ္ဂလိကကျောင်းများ၏ အသက်သဖွယ်ဖြစ်လာသည်။

**၇။ အနီးကပ် စောင့်ကြည့်အကဲခတ်ခြင်း**

ပုဂ္ဂလိကကျောင်းများ၏ အဓိကတာဝန်မှာ မိမိတို့ကျောင်းသားများ တက္ကသိုလ်၊ ကောလိပ်ကျောင်းကောင်းကောင်းသို့ တက်ရောက်နိုင်ရေးဖြစ်သည်။ စာသင်နှစ်တစ်တန်းကုန်လျှင် နောက်တစ်တန်းသို့တက်သွားသည့်ကျောင်းသားများနှင့်ပတ်သက်ပြီး အမူအကျင့်၊ အလေ့အထ၊ စရိုက်၊ ဉာဏ်ရည်ဖွံ့ဖြိုးမှု၊ အားနည်းချက်အားသာချက်များကို လက်ဆင့်ကမ်းကာ အစီရင်ခံစာများဖြင့် လွှဲအပ်သွားလေ့ရှိကြသည်။ တက္ကသိုလ် ကောလိပ် မရောက်မီ ကျောင်းသားတစ်ယောက်၏အခြေအနေကို ကိုယ်တိုင်သိအောင် လုပ်ပေးရခြင်းသည် ပုဂ္ဂလိကကျောင်းများ၏ တာဝန်တစ်ခုအနေဖြင့် လက်ခံထားကြသည်။

www.foreverspace.com.mm





သင်ရိုးနှင့် သင်ကြားမှုပုံစံဟောင်းများကို ပြောင်းလဲရမည်ဖြစ်သည်

**၈။ ကျောင်းသားနှင့်တူသောကျောင်းသား**

ပုဂ္ဂလိကကျောင်းများတွင် မိဘများ ထားရခြင်းအကြောင်း တရားတစ်ခုတွင် စမတ်ကျသော အနေအထိုင် အပြောအဆိုနှင့် ဝတ်စားဆင်ယင်မှုများကြောင့်လည်းဖြစ်နိုင်သည်။ အစိုးရကျောင်းများတွင် ယူနီဖောင်းမဖြစ်မှုများကို ပုဂ္ဂလိကကျောင်းများတွင် အတတ်နိုင်ဆုံး ယူနီဖောင်းဖြစ်စေရန် ကြိုးစားအားထုတ်လေ့ရှိသည်။ အနေအထိုင် အပြောအဆို အခြေခံကအစ လူကြီးလူကောင်းဆန်စွာ ယဉ်ကျေးစွာပြောဆိုနိုင်ရေးကို ဝန်းကျင်သစ်ဖြင့် ထူထောင်သွားလေ့ရှိသည်။ ကျောင်းတစ်ကျောင်း၏ အနေအထိုင် စမတ်ကျမှုသည် ဂုဏ်သတင်းတစ်ခုဖြစ်စေသည်အထိ ကြိုးစားလေ့ရှိသည်။

## သင်ကြားရေး

လုံးဝကွာခြားမှုရှိသည်။ အစိုးရကျောင်းများသည် နိုင်ငံတော်မှချမှတ်သည့်မူများကို အတိအကျလိုက်နာကြရသည်။ ဘာတွေကို သင်ရမည်၊ မည်သို့သင်ရမည်ဆိုသည်ကအစ အားလုံးလိုက်နာကြရသည်။ ဘာသာရေးနှင့် လိင်ပညာပေးတို့ကို သင်ကြားရန် ကျပ်တည်းစွာတားမြစ်ထားတတ်သည်။ အရာရာကို ပုံသေပြဋ္ဌာန်းချက်များ၊ သတ်မှတ်ချက်များအတိုင်းသာ ဆုံးဖြတ်လေ့ရှိကြသဖြင့် ပုံစံခွက်အတွင်း ရိုက်သွင်းထားသည့်စနစ်ကို အကောင်အထည်ဖော်နေရသော ပုံစံကျဆရာများနှင့်၊ ပုံစံထုတ်တပည့်များကိုသာ မွေးထုတ်ပေးနိုင်သည့် ပညာသင်ကြားရေးဖြစ်သည်။

ပုဂ္ဂလိကကျောင်းများသည် သင်ကြားမှုအောင်မြင်စေရန် စိတ်ကြိုက် ပုံစံထုတ် သင်ကြားပိုင်ခွင့်ရှိကြသည်။ ကျောင်းသားအခြေအနေအလိုက် ဆုံးဖြတ်သင်ကြားပေးလေ့ရှိသည်။ သို့ဖြစ်ရာ မိဘများကိုယ်တိုင်ကလည်း မိမိတို့သားသမီးအခြေအနေ၊ ကျောင်း၏သင်ကြားမှုအခြေအနေအလိုက် စိတ်ကြိုက်ရွေးချယ်ပိုင်ခွင့်ရှိကြသည်။

တူညီချက်မှာ ကျောင်းနှစ်ကျောင်းစလုံးတွင် အဓိက Core Subject များဖြစ်ကြသည့် အင်္ဂလိပ်၊ သင်္ချာ၊ သိပ္ပံဘာသာရပ်တို့တွင် မသင်မနေရဖြစ်နိုင်သော်လည်း သင်ကြားပုံ သင်ကြားနည်း၊ စေတနာထားပုံထားနည်းတို့ ကွာခြားနိုင်သည်။

## ကျောင်းဝင်ခွင့်သတ်မှတ်ချက်

အစိုးရကျောင်းများတွင် ခြွင်းချက်အနည်းငယ်မှအပ ကျောင်းအပ်သူမှန်သမျှ လက်ခံကြရသည်။ အဆိုးအကောင်း ရွေးချယ်ခွင့်မရှိ။ အားလုံးကို အချိန်တန်လျှင် ကောင်းသွားလိမ့်မည် ဆိုသည့် သဘောဖြင့် လက်ခံကြရသည်။

ပုဂ္ဂလိကကျောင်းများတွင် သူတို့၏စံထားသတ်မှတ်ချက်များ၊ အရည်အသွေးပြည့်မီမှုများ၊ ပညာရည်တော်မှုများအလိုက်သာ စိစစ်လက်ခံလေ့ရှိကြသည်။ လက်မခံလိုသဖြင့် ငြင်းပယ်လျှင်လည်း ဆင်ခြေတက်ခွင့်မရှိ၊ သူတို့ဆုံးဖြတ်ချက်သည်သာ အတည်ဖြစ်နေသဖြင့် ဝင်ခွင့်ခက်ခဲသည်ဟုဆိုရမည်။

ကျောင်းသားအား အတန်းသတ်မှတ်ချက်နှင့်ပတ်သက်ပြီး

www.foreverspace.com.mm



စစ်ဆေးချက်များမှာ ကျောင်းနှစ်ကျောင်း စလုံးတွင် တူညီကြသည်။



## တက္ကသိုလ် ကောလိပ်တက်ရောက်နှုန်း

အစိုးရကျောင်းထွက်ကျောင်းသားများ တက္ကသိုလ် ကောလိပ်တက်နှုန်းသည် အမေရိကန်နိုင်ငံတွင် ၆၂ မှ ၆၇ ရာခိုင်နှုန်း အတွင်း ရှိသည်ဟုဆိုသည်။


ပုဂ္ဂလိကကျောင်းများမှ အောင်မြင်ပြီးနောက် တက္ကသိုလ် ကောလိပ်တက်နှုန်းသည် ၉၀ မှ ၉၅ ရာခိုင်နှုန်း အတွင်းရှိသည်။

ပညာဆက်လက်သင်နှုန်းကွာခြားချက်သည် ရွေးချယ်မှုစနစ် ကြောင့်လည်းဖြစ်နိုင်ပါသည်။ ကျောင်းဝင်ခွင့်ကန့်သတ်ချက်များသဖြင့် နာမည်ကြီး တက္ကသိုလ်ကောလိပ်ကျောင်းများသို့ ဝင်ခွင့်ရသည့်ဦးရေ ကွာခြားချက်ဖြစ်နိုင်ပါသည်။

## ကျောင်းလခ

အစိုးရကျောင်းဆိုသည်မှာ များသောအားဖြင့် အခမဲ့ပညာရေးစနစ်ကို အကောင်အထည်ဖော်ကြရသည့်ကျောင်းများဖြစ်ကြသည်။ သို့ဖြစ်ရာ ကျောင်းလခကောက်ခံမှု မရှိသလောက်ဖြစ်သည်။ သို့သော် အထက်တန်းအဆင့်တွင် ကောက်ခံမှုများရှိသော်လည်း ပုဂ္ဂလိကကျောင်းများလောက် ကောက်ခံမှုမျိုးမရှိပေ။ အစိုးရကျောင်းဆိုသည်မှာ နိုင်ငံတော် (State) အခွန်ငွေကြေးများ၏ ထောက်ပံ့မှုဖြင့် ရပ်တည်ကြရသဖြင့် အစိုးရထောက်ပံ့နိုင်မှုပေါ်တွင်သာ တည်မှီနေသည်။

ပုဂ္ဂလိကကျောင်းများသည် ကိုယ်ထူကိုယ်ထ ကိုယ့်အစီအစဉ်ဖြင့်သာ ရပ်တည်ကြရသည်။ ဈေးကွက်လိုအပ်ချက်နှင့် ကောက်ခံ



သည့် ငွေကြေးပမာဏတို့ဆက်စပ်နေသည်။ အမေရိကန်နိုင်ငံ၏ ပုဂ္ဂလိကကျောင်းတစ်ကျောင်း တစ်နှစ်ကျောင်းလခစရိတ်မှာ ပျမ်းမျှ ဒေါ်လာ ၆,၆၀၀ ခန့်ရှိသည်ဟုဆိုသည်။ ပုဂ္ဂလိကကျောင်းများသည် နိုင်ငံတော် (State) ထောက်ပံ့ငွေယူပြီး ရပ်တည်ခွင့်မရှိပေ။ သို့ဖြစ်ရာ ကိုယ်ငွေကိုယ်ကိုင်သုံးကြရသဖြင့် လွတ်လပ်မှုရှိသည်ဟု ဆိုနိုင်သည်။

## စည်းကမ်း

စည်းကမ်းနှင့်ပတ်သက်၍ အစိုးရကျောင်းနှင့် ပုဂ္ဂလိကကျောင်းတို့တွင် ကွာခြားချက်များ နိုင်သည်။ အစိုးရကျောင်းဟုဆိုသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများကို ကျောင်းသားတိုင်း ရပိုင်ခွင့်ရ၍ ထင်တိုင်းတင်းကျပ်၍မရပေ။ ကျောင်းစည်းကမ်းကိုလိုက်နာရန် ပြဋ္ဌာန်းပိုင်ခွင့်ရှိသော်လည်း လူ့အခွင့်အရေးနှင့်ပတ်သက်သည့် သတ်မှတ်ချက်များကို ဖောက်ဖျက်ကျူးလွန်၍ မရနိုင်ပေ။

ပုဂ္ဂလိကကျောင်းများတွင် မိဘနှင့်ကျောင်း သဘောတူညီလက်မှတ်ရေးထိုးထားသည့်အတိုင်း စီမံအုပ်ချုပ်ခွင့်ရရှိကြသည်။ ကျောင်းအလိုက် သတ်မှတ်ထားသည့်စည်းကမ်းများကို လိုက်နာကြရမည်ဖြစ်သဖြင့် ထိုစည်းကမ်းများကို မလိုက်နာနိုင်လျှင် ထိုကျောင်းတွင် မထားရုံသာရှိသည်။

## ဆရာအရည်အသွေး

အစိုးရကျောင်းများတွင် ဆရာများအတွက် ပညာရည်သတ်မှတ်ချက်သည် ပုံသေဖြစ်သည်။ သတ်မှတ်ထားသည့်ဘာသာရပ်အတွက် သတ်မှတ်ထားသည့်ဘွဲ့ရ ဆရာကိုခန့်ထားပြီး သင်ကြားပေးခြင်းဖြစ်သည်။ ဆရာ၏ ပညာအရည်အသွေးသည် ထိုဆရာအပေါ်တွင်သာမူတည်သည်။ ဆက်လက်ပညာရှာနိုင်သလို မရှာဘဲရပ်တန့်ထားပြီး သိသလောက်လေးနှင့် သင်နေ၍လည်း ပြဿနာမရှိနိုင်ပေ။

ပုဂ္ဂလိကကျောင်းများတွင် သင်ကြားမည့်ဆရာများသည် အနည်းဆုံး ဘာသာရပ်ဆိုင်ရာ ဘွဲ့တစ်ခုခု၊ ဆရာအတတ်သင်အတွက် လက်မှတ်တစ်ခုခုရှိမှသာ ခန့်အပ်လေ့ရှိကြသည်။ ပညာအရည်အချင်းအပေါ်မူတည်ပြီး လစာ၊ အခွင့်အရေးပေးမှုတို့လည်း ကွာခြားသွားနိုင်သည်။ အထူးသဖြင့် ဘာသာရပ်တစ်ခုခုတွင် အထူးပြုကျွမ်းကျင်သူများကိုသာ ဦးစားပေးရွေးချယ်လေ့ရှိသည်။

## အလားအလာကောင်းကို ဦးတည်

နိုင်ငံတကာပညာရေးသုတေသီတို့၏ အဆိုအရ ပညာရေး

www.foreverspace.com.mm

ပြုပြင်ပြောင်းလဲမှုဆိုသည်မှာ စီမံကိန်းချပြီး စနစ်တကျ လှုပ်ရှားရမည့်လုပ်ငန်းရပ်တစ်ခုဖြစ်ပြီး လက်တွေ့ကျသည့် ပညာစနစ်သို့ သဘာဝကျကျပြောင်းလဲရန်လည်းလိုကြောင်း သိရသည်။ ပညာရေးဆိုင်ရာ သဘောတရား၊ သင်ရိုးညွှန်းတမ်း၊ သင်ကြားပုံ သင်ကြားနည်းစနစ်၊ အရိုးစွဲနေသည့် ပြုပြင်ပြောင်းလဲရန်ခက်သော စိတ်ဓာတ်များအားလုံးကို ပြုပြင်ပြောင်းလဲနိုင်မှသာလျှင် အောင်မြင်မည်ဟုလည်း ဆိုကြသည်။

အနောက်တိုင်းပညာရေးစနစ်နှင့် ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံများ၏ ပညာရေးစနစ်သည် အစဉ်အလာပညာရေး Classical Education မှ စီးပွားရေးအထောက်အကူပြု၊ အကျိုးပြုပညာသင်ကြားရေးလမ်းကြောင်းသို့ ဦးတည်နေပြီဖြစ်သည်။

"နောက်ပိုင်းပညာရေးက အလားအလာကောင်းတွေကို ဦးတည်လာပါပြီ။ ရန်ကုန်မှာ လောလောဆယ်ပုဂ္ဂလိကကျောင်းလုပ်ခွင့်ပေးတာ ငါးကျောင်းခြောက်ကျောင်းပဲရှိတယ်။ သူတို့ကလည်း ဆရာတို့ နှစ်ရှည် အနစ်နာခံပြီး လုပ်လာတဲ့သူတွေကိုရစေချင်တယ်တဲ့။ စီးပွားရေးသမားတွေလည်း အများကြီးဝင်လာနိုင်တယ်လေ။ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်ကနေစပြီး လုပ်လို့ရပါပြီ။ ပုဂ္ဂလိကကျောင်းတွေ ပေါ်လာရင် နှစ်ချက်ရှိတယ်။ တစ်ခုက ပညာရေးအဆင့်မြင့်သွားနိုင်သလို နောက်တစ်ခုက ကျောင်းဖွင့်တဲ့သူတွေက ကိုယ့်ကျောင်းကို လူများများဝင်အောင် ဆွဲဆောင်မှုတွေလုပ်လာနိုင်တယ်။ အဲလိုလုပ်တဲ့နေရာမှာ ကောင်းတဲ့ဆွဲဆောင်မှုတွေရှိသလို ပညာရေးကိုထိခိုက်စေမယ့် ဆွဲဆောင်မှုတွေလုပ်လာနိုင်တယ်" ဟု ပုဂ္ဂလိကကျောင်းတည်ထောင်ခွင့်ရထားသူ သမိုင်းတံခွန် ဦးထွန်းနွယ် (ပညာနန်းတော်)က သုံးသပ်ပြသည်။

**ထူးချွန်ကျောင်းသားများကို ပညာတော်သင်ဆုများ ရွေးချယ်ချီးမြှင့်သည်**



"ပုဂ္ဂလိကကျောင်းတွေလုပ်ခွင့်ရလာပြီဆိုတော့ ပညာရေးစနစ် ကောင်းလာပါပြီ။ ဆရာမတို့လို ပုဂ္ဂလိကကျောင်းတွေကနေပြီး အောင်ချက်တွေ အမှတ်စာရင်းတွေကို အစိုးရကနေပြီး ထုတ်ပြန်ပေးမှာဆိုတော့ ကျူရှင်တွေလိမ်လို့မရတော့ဘူး။ အမှန်တကယ် အောင်ချက်ရာခိုင်နှုန်းထွက်အောင် တစ်ခုနဲ့တစ်ခု အပြိုင်တွေရှိလာမယ်လေ။ နောက်ပြီး စီးပွားရေးသမားတွေကလည်း ပညာရေးမှာလာပြီး ရင်းနှီးမြှုပ်နှံကြလိမ့်မယ်။ စီးပွားရေးသမားကျတော့ အမြတ်အစွန်းရဖို့ပဲကြည့်တော့မှာလေ၊ သူ့ကျောင်းမှာ လူဝင်ဖို့၊ လူများဖို့အဓိကထားမှာ။ ဆရာမတို့ကျတော့ တကယ်အရည်အချင်းရှိတဲ့ ကျောင်းသားမျိုးမှသင်တာ။ လူနည်းရင် နည်းပါစေ ကျောင်းသား၊ ကျောင်းသူလည်း တကယ်အရည်အချင်းရှိမှဖြစ်မှာ။ ပုဂ္ဂလိကပညာရေးစနစ်ဖြစ်လာပြီဆိုတော့ ဆရာမအမြင်တော့ ကောင်းလာမှာပါ" ဟု ပုဂ္ဂလိကကျောင်း လျှောက်ထားသူ ဒေါက်တာခင်ယုနွယ် (ဓာတုဗေဒ) က ဆိုသည်။

မြန်မာ့ပညာရေးစနစ်တွင် ပုဂ္ဂလိကကိုဝင်ရောက်လုပ်ကိုင်ခွင့်ပြုလိုက်၍ ပုဂ္ဂလိကပညာရေးစနစ်တစ်ရပ် အစပျိုးလာသော်လည်း ကနဦးကာလတွင် များစွာမျှော်လင့်နိုင်ဦးမည်မဟုတ်ဘဲ အစိုးရကျောင်းများနှင့် သဏ္ဌာန်တူသည့် ပုဂ္ဂလိကကျောင်းများအဖြစ်သာ ပူးတွဲတည်ရှိဦးမည်ဖြစ်သည်။ သို့သော် အပြိုင်အဆိုင်ရှိလာမည်ဖြစ်၍ ကျောင်းခန်းအတွင်း စာတတ်အောင်သင်လာကြမည်ဖြစ်ပေရာ အပိုကျူရှင်ယူရခြင်း၊ ကျောင်းကြီး၊ ကျူရှင်၊ စာကျက်ဝိုင်းတို့ဖြင့် တစ်နေ့တာဖြတ်သန်းရသဖြင့် ကာယ၊ ဉာဏဖွံ့ဖြိုးမှုအားနည်းခြင်း၊ ကျောင်းချိန်အတွင်းပင် စာတတ်အောင်သင်လာကာ ကျောင်းသားများ၏ ကာယ၊ ဉာဏဖွံ့ဖြိုးမှုအတွက်လုပ်ဆောင်ပေးခြင်းစသဖြင့် ကောင်းကျိုးများဖြစ်ပေါ်လာနိုင်ရုံမက ပုဂ္ဂလိကလုပ်ပိုင်ခွင့် တဖြည်းဖြည်းပွင့်လင်းလာပြီး နောက်ပိုင်းတွင် ပုဂ္ဂလိကပညာရေးစနစ်တစ်ရပ်ပေါ်ပေါက်လာနိုင်ပေသည်။ အရေးကြီးသည့်အချက်မှာ ပီပြင်သော ပုဂ္ဂလိကပညာရေးစနစ်တစ်ရပ် မပေါ်ပေါက်သေးခင်ကြားကာလတွင် နောက်ကြောင်းပြန်မသွားရေးပင်ဖြစ်သည်။ ယင်းသို့ နောက်ကြောင်းပြန်မသွားရေးမှာ Stakeholder များနှင့် ပညာရေးကဏ္ဍတွင် ပါဝင်လုပ်ဆောင်ကြမည့် Player များ၏ အပေါ်တွင် ရာနှုန်းပြည့်မူတည်နေပေသည်။ ထို့အပြင် မကြာခဏ အစမ်းသပ်ခံဖြစ်နေသော ပညာရေးစနစ်နှင့် တစ်လျှောက်လုံးဖြတ်သန်းလာခဲ့ကြသူ နိုင်ငံ၏ အဓိကအရေးအကြီးဆုံး မျိုးဆက်သစ်များ နိုင်ငံတကာအဆင့်မီ ပုဂ္ဂလိကပညာရေးစနစ်ရရှိရေးနှင့် အစိုးရကျောင်းများနှင့် ပုဂ္ဂလိကကျောင်းများအကြား ကွာဟချက်လွန်စွာမကြီးမားသွားစေရေး တစ်နည်းအားဖြင့် နိုင်ငံ့မနာရေး ဦးတည်ချက်ထားကာ တစ်ခုလုံးသဘောခြုံလွှမ်းသည့် Comprehensive မူဝါဒစည်းကမ်းများဖြင့် ထိန်းကျောင်းရန် အထူးလိုအပ်လှသည်။

**Living Color သတင်းအဖွဲ့နှင့် တင်ညွန့်**

www.foreverspace.com.mm

ဤကဏ္ဍတွင် . . . . .

၅၀ သက်ငယ်စကား သက်ကြီးကြား
၅၆ သဘာဝအခြေခံခရီးသွားဖုန်ဖြစ်လာနိုင်သော ကိုကိုးကျွန်း
၆၂ HIV/AIDS ခွဲခြားဆက်ဆံခြင်းများနှင့် မိမိကိုယ်ကိုယ်တည်ဆောက်ခြင်း
၇၀ ရန်ကုန် ကုန်စည်ဈေးကွက်

**'ကလေးငယ်တစ်ယောက် လူလားမြောက်ရန် တစ်ရွာလုံးဝိုင်းလုပ်ရသည်' ဟူသော အာဖရိကန်စကားပုံတစ်ခု ရှိသည်။ မှန်ပါသည်။ သို့သော် ယခုအခါတွင် တစ်ရွာလုံး သို့မဟုတ် လူ့အဖွဲ့အစည်းတစ်ရပ်၏ အပြုအမူပြောင်းလဲလာရန် ကလေးငယ်များက ဦးဆောင်ရွှေ့ပြောင်းနိုင်နေပြီဟူသော အယူအဆများရှိနေပြီဖြစ်သည်။ လုံးဝဥဿုံမှန်သည်ဟုမဆိုနိုင်ငြား သာဓကအချို့ကား ရှိနေသည်။**

ဆေးလိပ်သောက်ခဲ့သည့် သက်တမ်း နှစ် ၃၀ ကျော်ရှိပြီဖြစ်သော အသက် ၆၃ နှစ်အရွယ်ရှိ ဦးဖေကောင်း (အမည်လွှဲပြောင်း) အတွက် "ဘိုးဘိုး ဆေးလိပ်လျှော့သောက်နော်" ဟူသော လေးနှစ်အရွယ်မြေးဖြစ်သူ၏ မေတ္တာစကားက သူ့ရင်ကို 'ထိ' စေခဲ့သည်။

ယခင်က ဆေးလိပ်လျှော့သောက်ဖို့ စိတ်ကူးမရှိ။ ထိုရက်များမှစတင်၍ တစ်

# သက်ငယ်စကား သက်ကြီးကြား

ခွန်းသု



www.foreverspace.com.mm



ရက်လျှင် သုံးဘူးပုံမှန်သောက်လေ့ရှိသော ဆေးလိပ်ကို သိသာစွာလျှော့သောက်ဖြစ်သည်။

"မြေးလေးရဲ့ ဂရုတစိုက်ရှိမှုက ရင်ထဲမှာ ဝေဒနာတစ်ခုဖြစ်သွားတယ်" ဟု ဦးဖေကောင်းက ဆိုသည်။

စာရေးဆရာမတစ်ဦးဖြစ်သူ မြနှောင်းညိုတွင်လည်း ထိုကဲ့သို့သောအတွေ့အကြုံရှိသည်။ သူမ၏မောင်ဖြစ်သူ ၁၀ နှစ်သားအရွယ်တုန်းက ဖခင်ဖြစ်သူကိုပြောဆိုလိုက်သော "အရက်မသောက်ပါနဲ့တော့လားဖေဖေရယ်" ဟူသော စကားသံကြောင့် ဖခင်ဖြစ်သူ အရက်ပြတ်သွားခဲ့ဖူးသည်။ ထိုစဉ်က မိသားစုစားဝတ်နေရေးအတွက် ဖခင်ဖြစ်သူထံတွင် အပြည့်အဝမှီခိုရသည်။ ထို့ကြောင့် တစ်လအတွင်း အရက်အတွက် ကုန်ကျငွေလျော့ပါးသွားခြင်းမှာ မိသားစုအတွက် အတန်ငယ်ချောင်လည်သော ပမာဏဖြစ်ကြောင်း စာရေးဆရာမမြနှောင်းညိုကဆိုသည်။

"ကလေးစကားက ပိုပြီးခံစားရတယ်" ဟု မြနှောင်းညိုက ပြောကြားသည်။

ယခုနှစ်ပိုင်းတွင် လူထုပညာပေးအစီအစဉ်အချို့ကို ဖော်ဆောင်ရာ၌ ထိုကဲ့သို့ ကလေးအခြေပြုသော အောက်ခြေမှ အစပြုသည့်စနစ်ကို ရွေးချယ်လာကြသည်ကို တွေ့ရသည်။ အများစုမှာ ကျန်းမာရေး၊ သဘာဝပတ်ဝန်းကျင်နှင့်စပ်ဆိုင်သော ပညာပေးလုပ်ငန်းများဖြစ်သည်ကိုတွေ့ရပြီး ပုဂ္ဂလိကကုမ္ပဏီအချို့လည်း အထက်ပါကဲ့သို့လုပ်ဆောင်လာကြသည်ကို တွေ့နိုင်သည်။

စူးစမ်းလေ့လာတတ်သော ကလေးငယ်များသည် ပတ်ဝန်းကျင်၊ ကျောင်းသင်ခန်းစာမှတစ်ဆင့် ၎င်းတို့ကြုံတွေ့ခဲ့ရသော အတွေ့အကြုံများကို မိဘများ၊ မိသားစုဝင်များကို ပြန်လည်ပြောဆိုလေ့ရှိသည်။

"ကလေးတွေဟာ သူတို့တွေ့ခဲ့သမျှကို အိမ်မှာပြန်ပြောပြတယ်" ဟု စာရေးဆရာမဂျူးက ပြောဆိုသည်။

ယင်းအနေအထားကိုမှီ၍ တောင်သူလယ်သမားအများစုဖြစ်သော မြန်မာနိုင်ငံ



တွင် ပိုးသတ်ဆေးများကို အန္တရာယ်ကင်းရှင်းစွာသုံးစွဲနိုင်ရေးအတွက် ကျေးရွာအတွင်းရှိကလေးငယ်များကို ဦးတည်၍ပညာပေးမှုများပြုလုပ်ရန် စီစဉ်နေပြီဖြစ်ကြောင်း မြန်မာ့သြဘာလုပ်ငန်းစုမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးသတိုးဟိန်းက ပြောကြားသည်။

"အဲဒီကနေတစ်ဆင့် လူကြီးတွေဆီရောက်ဖို့ပါ" ဟု ၎င်းက ဆိုသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားသူအချို့ဖြစ်သော စာရေးဆရာမဂျူး၊ ဦးမောင်မောင်သိန်းဖေ စသော ပညာရှင်များကလည်း ပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာ ပညာပေးလုပ်ငန်းများကို ကလေးများမှတစ်ဆင့်စတင်ရန် တိုက်တွန်းလျက်ရှိသည်ကို အပတ်စဉ်ထုတ်သတင်းစာစောင်အချို့တွင်ရေးသားထားသည်။

ယင်းအပြင် လူတုပ်ကွေးကြိုတင်ကာကွယ်ရေးအတွက် ပညာပေးအစီအစဉ်များကို ကလေးမှတစ်ဆင့် မိသားစုထံ ပြန်လည်ဖြန့်ဝေနိုင်ရန် ကျောင်းသင်ခန်းစာများတွင် ထည့်သွင်းပို့ချလျက်ရှိကြောင်း ဖေဖော်ဝါရီလ ၂၇ ရက်နေ့ နေ့စွဲဖြင့်ထုတ်ဝေသော TRUE News အပတ်စဉ်သတင်းစာစောင်တွင် ဖော်ပြထားသည်။ သတင်း



www.foreverspace.com.mm

ခေါင်းစဉ်မှာ 'ကလေးများမှတစ်ဆင့် မိသားစုများထံသို့ လူတုပ်ကွေးကြိုတင်ကာကွယ် အသိပေးနှိုးဆော်'။ ထိုနည်းလမ်းကို ကလေးအခြေပြုလူထုပညာပေးနည်းလမ်း (Child Based Public Awareness) ဟု ခေါ်ဆိုသော်လည်း ပညာရပ်အားဖြင့် အခြားအမည်များစွာရှိကြောင်း ရန်ကုန်အခြေစိုက် Save the Children ၊ Newborn & Child Survival Compaign and Fund Raising ဌာနမှ ဒါရိုက်တာ Ms. Naida Pasion က ပြောကြားသည်။

"ကျွန်မတို့ဆီမှာလည်း လူထုပညာပေးလုပ်ငန်းတွေကို ကလေးတွေကနေတစ်ဆင့် ဦးဆောင် ဆောင်ရွက်တဲ့နေရာတွေရှိပါတယ်" ဟု ၎င်းက ရှင်းပြသည်။

အစိုးရကျောင်းများတွင်လည်း မူလတန်းအဆင့်ကလေးများအတွက် တစ်ကိုယ်ရေသန့်ရှင်းမှု၊ ပတ်ဝန်းကျင်သန့်ရှင်းမှုကဲ့သို့သော ဘဝတွက်တာသိမှတ်စရာနှင့်ပတ်သက်သည့် သင်ခန်းစာများပို့ချရန် သတ်မှတ်ပြဋ္ဌာန်းထားကြောင်း အလယ်တန်းပြဆရာမတစ်ဦးက ဆိုသည်။ ကျောင်းစာသင်ခန်းအတွင်းတွင် စည်းကမ်းမဲ့အမှိုက်ပစ်ခြင်းအတွက်ဖြစ်ပေါ်လာသော ဆိုးကျိုးများကို သင်ကြားပေးပြီး ကလေးများအနေဖြင့် နေအိမ်သို့ ပြန်လည်ရောက်ရှိလာပါက မိဘများထံပြန်ပြောပြခြင်းကို ကြားသိခဲ့ရကြောင်း ၎င်းက ဆိုသည်။



"လူကြီးတွေကတော့ သိသွားတယ်။ Behaviour(အမူအကျင့်)ပြောင်း၊ မပြောင်းတော့မသိဘူး" ဟု လုပ်သက်ငါးနှစ်ကျော်ရှိအထက်ပါဆရာမက ပြောဆိုသည်။

နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကျရောက်ခဲ့ပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများလုပ်ကိုင်ရာတွင်လည်း ကလေးများကိုဦးတည်သော ပညာပေးနည်းလမ်းများစွာအသုံးပြုခဲ့ကြောင်း နာဂစ်မုန်တိုင်းဒဏ်သင့်ဒေသများတွင် လချီ၍ကိုယ်တိုင်ကွင်းဆင်းဆောင်ရွက်ခဲ့သူ နိုင်ငံတကာအစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းတစ်ခုမှ ကိုညီညီအောင်က ၎င်း၏အတွေ့အကြုံကို ပြောပြသည်။

ကယ်ဆယ်ရေး အရေးပေါ်ကာလများအတွင်းကလည်း ပစ္စည်းများ၊ အစားအသောက်များဝေငှရာ၌ ကလေးများကို



www.foreverspace.com.mm



ဦးစားသည်၍ ပညာပေးခဲ့ရကြောင်း ကိုညီညီအောင်က ဆိုသည်။ သူအများဆုံးပညာပေးခဲ့ရသောအကြောင်းအရာများကို ကစားနည်း (Game) များမှတစ်ဆင့် ကလေးများထံရောက်ရှိအောင် ဆောင်ရွက်ခဲ့သည်။

"သေသေချာချာပြောနိုင်တာကတော့ Game အားလုံးနီးပါး ကလေးတွေဆီကနေ လူကြီးတွေဆီရောက်တယ်" ဟူသော ကိုညီညီအောင်၏အဆိုအရဆိုလျှင်မူ ကလေးများထံမှ မိဘ၊ ထိုမှတစ်ဆင့် မိသားစုအသိုင်းအဝိုင်းထံသက်ရောက်မှုမှာ အတော်အတန်ရှိသည်ကို တွေ့နိုင်သည်။

Save the Children ၏အဆိုအရဆိုလျှင်မူ ကလေးများသည် အထူးသဖြင့် HIV/AIDS ကဲ့သို့သော ရောဂါများဖယ်ရှားရန် လူမှုအဖွဲ့အစည်းအတွင်းဆောင်ရွက်မှုတွင် ရှေ့တန်းမှ ပါဝင်နေသည်။

"ကျွန်မတို့ဆီမှာ (ကလေးအခြေပြုပညာပေးအစီအစဉ်ကနေ) အောင်မြင်တဲ့ဖြစ်ရပ်တွေ တကယ့်ကိုရှိခဲ့ဖူးပါတယ်။ အခုလည်း ကလေးတွေကိုဦးတည်တဲ့ ဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်တွေရှိပါတယ်" ဟု Naida Pasion က ဆိုသည်။

ကလေးငယ်ပြုစုပျိုးထောင်ခြင်းဆိုင်ရာစာတမ်းတစ်ရပ်တွင်မူ ကလေးငယ်များ၏ပညာရေးတွင် အမြဲတစေပါဝင်နေခြင်းဖြင့် မိဘများအပေါ်တွင်လည်း အကျိုးသက်ရောက်မှုရှိသည်ဟု ဖော်ပြထားသည်။ မိဘမှတစ်ဆင့် ပတ်ဝန်းကျင်၊ ရပ်ရွာ၊ ထိုမှတစ်ဆင့် လူ့အသိုင်းအဝိုင်းဆီ အကျိုးသက်ရောက်မှုကား အနည်းနှင့်အများ ရှိပေလိမ့်မည်။

ယခုနောက်ပိုင်းနှစ်များတွင် ယခင်ကဲ့သို့ ကလေးငယ်များ၏စကားကို ပယ်ချလေ့ရှိသောအလေ့အထများ နည်းပါးသွားပြီး ကလေးများ၏အမြင်ကြီးမားခြင်းကို လူကြီးများ သဘောပေါက်လာကြောင်း စာရေးဆရာမဂျူးက သုံးသပ်သည်။

ကာတွန်းဆရာအော်ပီကျယ်ကမူ ကလေးငယ်များ၏စကားကို နားထောင်တတ်သည့်အလေ့အထရှိခြင်းမရှိခြင်းသည် လူကြီးများ၏ပညာအလွှာနှင့်လည်း သက်



ဆိုင်ကြောင်း ယူဆသည်။

ကလေးသူငယ်များမှတစ်ဆင့် ပညာပေးရာတွင် ပထမအဆင့် လူကြီးများအတွက် 'သိခြင်း' ယင်းနောက် 'ပြောင်းလဲချင်စိတ်' ထိုမှတစ်ဆင့် 'လက်တွေ့လုပ်ကိုင်ခြင်း' စသည့် အဆင့်ဆင့်များကို ဖြတ်ကျော်ရသည့်အတွက် အထူးစိတ်ရှည်ရန်လိုအပ်ကြောင်း စာရေးဆရာမဂျူးက ရှင်းပြသည်။

"ရေတိုနဲ့တော့ ဖြစ်လာမှာမဟုတ်ပါဘူး။ ဖြည်းဖြည်းချင်း စိတ်ရှည်ရှည်နဲ့ လူကြီးတွေဆီစိမ့်ဝင်အောင်လုပ်ဖို့တော့ လိုပါတယ်" ဟု ၎င်းက ဆိုသည်။

ထိုသို့ပညာပေးလုပ်ဆောင်ရာတွင် ရိုးအီနေသောလမ်းရိုးအတိုင်းလုပ်ဆောင်ပါက ထိရောက်ရန်ခက်ခဲပြီး စနစ်တကျဖြင့် ချက်ကျလက်ကျပြောဆိုတတ်ရန်လိုကြောင်း ၎င်းက ထပ်မံသုံးသပ်သည်။

သို့ဆိုလျှင် မိဘအသိုင်းအဝိုင်း၊ ပတ်ဝန်းကျင်ကိုအတိုင်းအတာတစ်ရပ်အထိရွှေ့



www.foreverspace.com.mm

နိုင်စွမ်းရှိသောကလေးငယ်များကိုပြုစုပျိုးထောင်ရန် လိုအပ်လာသည်။ ကလေးငယ်များကိုပျိုးထောင်ရန်အတွက် ကျောင်းပညာရေးတွင်သာမက ကျောင်းပြင်ပပညာရေး၌ပါ လေ့လာရေးအတွက် ရွေးချယ်စရာနည်းပါးကြောင်း ကာတွန်းဆရာအော်ပီကျယ်က သုံးသပ်သည်။

သတင်းဂျာနယ်အသစ်တစ်ခုကို ဦးဆောင်လျက်ရှိသော ဝါရင့်အယ်ဒီတာတစ်ဦးကလည်း ကလေးစာပေနှင့်ပတ်သက်သောအကြောင်းအရာထည့်သွင်းလိုသော်လည်း ထိရောက်စွာရေးသားနိုင်သောပညာရှင်လိုအပ်နေကြောင်း ပြောဆိုခဲ့ဖူးသည်။

"ဒီဈေးကွက်က ထွန်းကားဖို့ လောလောဆယ် မလွယ်သေးပါဘူး" ဟု အော်ပီကျယ်က ယူဆသည်။

ဈေးကွက်အနေအထား၊ ပညာရှင်အနေအထားတို့အရ ပြည်တွင်း၌ထုတ်ဝေသော ကလေးစာပေများမှာ နိုင်ငံတကာတွင်ထုတ်ဝေလျက်ရှိသောစာပေများနှင့်နှိုင်းယှဉ်ပါက ဆွဲဆောင်မှုအားနည်းပြီး အကြောင်းအရာအားဖြင့်လည်း နည်းပါးကြောင်း ပညာရှင်အချို့က သုံးသပ်ကြသည်။

"မူလတန်းကလေးစာကြည့်တိုက်အတွက် ကလေးစာအုပ်တွေသွားဝယ်တာ၊ မျက်စိကျတာက နိုင်ငံခြားကဝင်တဲ့ စာအုပ်တွေဖြစ်နေတယ်။ ဒါပေမဲ့ ဈေးအရမ်းကြီးတော့ ပြည်တွင်းဖြစ်ပဲ ဝယ်ခဲ့ရတယ်" ဟု လူငယ်တစ်ဦးက စာကြည့်တိုက်အတွက် စာအုပ်သွားရောက်ဝယ်ယူခဲ့စဉ်က အတွေ့အကြုံကို ပြောပြသည်။

ယင်းအပြင် ကလေးများအတွက် ပြဋ္ဌာန်းစာအုပ်များသည်လည်း အကြမ်းခံနိုင်သောစက္ကူ၊ အရောင်စုံပါဝင်သော သင်ခန်းစာ၊ အကြောင်းအရာစုံလင်မှု၊ ၎င်းတို့ပတ်ဝန်းကျင်လူမှုဘဝနှင့်ကိုက်ညီသော ရုပ်စုံများ စသည်တို့သည်သာ ကလေးငယ် များကိုဆွဲဆောင်နိုင်ပေမည်။

"ကလေးတွေအတွက် လိုက်လျောညီထွေဖြစ်တဲ့ ရုပ်ပြတွေ၊ ရှိသင့်တဲ့ဟာတွေ မရှိသေးဘူး။ တော်တော့်ကိုရှားတယ်လို့ ခံစားရတယ်" ဟု စာရေးဆရာမဂျူးက ဆိုသည်။

ရှေးဦးကလေးဘဝအရွယ်ပညာရေးတွင် ကစားနည်းများမှသင်ယူခြင်း၊ ကစားခြင်းဖြင့်သင်ယူခြင်းမှာ အဓိကဖြစ်ကြောင်း စင်ကာပူမှကလေးသူငယ်ပညာရှင်တစ်ဦး၏ စာတမ်းတွင်ဖော်ပြထားသည်။ ကစားရင်းဖြင့်ပင် ပတ်ဝန်းကျင်နှင့် ဆက်ဆံပုံ၊ ကာယ၊ ဉာဏ၊ စိတ်ဓာတ်ဖွံ့ဖြိုးရေးအတွက် အခွင့်အလမ်းများ ဖြစ်ပေါ်လာသည်။



www.foreverspace.com.mm



"အခုမိဘတွေက ကစားတာကိုနားမလည်ဘဲ ကျောင်းစာမှာအောင်မြင်လိုတဲ့သူတွေရှိတယ်။ Early Childhood မှာ ကစားတာဟာ ဘယ်လောက်အရေးကြီးတယ်ဆိုတာ မိဘတွေကိုနားလည်အောင်လုပ်ဖို့ လိုပါတယ်" ဟု ကလေးသူငယ်ပညာရှင်တစ်ဦးက ဆိုသည်။

ကစားခြင်းအပြင် သီချင်းများသီဆိုခြင်းဖြင့်လည်း ကလေးများကိုသင်ယူစေနိုင်ကြောင်း၊ သီချင်းများကို ဦးစွာရွတ်ဆိုစေပြီး သီချင်း၏အဓိပ္ပာယ်ကိုရှင်းပြခြင်းဖြင့်လည်း ကလေးများကိုလိုအပ်သော အသိပညာပေးနိုင်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာရှင်တစ်ဦးက ဆိုသည်။

'ကြီးသူရိုသေ'၊ 'သက်ကြီးစကားသက်ငယ်ကြား' စသော ယဉ်ကျေးမှုအစဉ်အလာကိုဖြတ်သန်းလာခဲ့သောသူများအဖို့မူ 'ကလေးစကား' ကို ရုတ်တရက်နားဝင်ရန် အခက်အခဲရှိမည်ဖြစ်သော်လည်း ဦးဖေကောင်း၊ စာရေးဆရာမမြနှောင်းညိုတို့ကဲ့သို့သော ဇာတ်လမ်းများစွာ ရှိနေပါသေးသည်။

'ကလေးစကား'ကို နားဝင်ရန်အတွက် လူကြီးမိဘများကိုယ်တိုင်ကလည်း အသိဉာဏ်ရင့်ကျက်မှုလိုအပ်သည်။ သို့တည်းမဟုတ်က "မင်း ငါ့နောက်ကမှလူဖြစ်လာတာပါ" ဟူသော ထိုသို့မဟုတ်ပါက ထိုနည်းနှင်နှင်စကားများ ကြားရဦးမည်ဖြစ်သည်။

"လူကြီးတွေကိုယ်တိုင်ကလည်း ဆင်ခြင်ဉာဏ်ရှိဖို့လိုပါတယ်။ နို့မို့ဆို ငါ့ကို ဆရာမလုပ်နဲ့လို့ပြောမှာပဲ" ဟု ကာတွန်းဆရာအော်ပီကျယ်က လူကြီးများအတွက် လိုအပ်ချက်ကို ပြောဆိုသည်။

သို့သော်ငြား ခေတ်၏ 'အရွေ့'များတွင် တူရူချက်များထိုက်သင့်သလောက် 'ရွေ့'နေပေပြီ။ 'သက်ကြီးစကားသက်ငယ်ကြား' အလေ့အထမှာ အမှန်တရားမဟုတ်တော့ကြောင်း ဖေဖော်ဝါရီလ ၁၉ ရက်နေ့ထုတ် သတင်းစာစောင်တွင်ဖော်ပြထားသော ကာတွန်းဆရာကျော်ကျော်ဆူး၏ဇာတ်ကောင်က ၎င်း၏ ကာတွန်းလက်ရာတွင်



ထိုသို့ဆိုထားသည်။

"သက်ငယ်စကား သက်ကြီးကြားတဲ့။ အိမ်ကကောင်တွေ အင်တာနက်ဆိုင်က ပြန်လာရင် သူတို့ပြောသမျှ ကိုယ်ကနားထောင်နေရတာ"

သို့ဆိုလျှင် ကလေးဦးတည်စနစ်မှာ ကလေးများအနာဂတ်အတွက်သာမက မိသားစုအသိုင်းအဝိုင်းကိုပါ ထိုက်သင့်သလောက်ထိရောက်စေမည်မှာထင်ရှားသည်။ ယင်းစနစ် မြန်မာနိုင်ငံတွင် အောင်မြင်နိုင်ကြောင်း Save the Children မှ Ms. Naida Pasion က သုံးသပ်သည်။ သူ့အကြောင်းပြချက်ကမူ ကလေးများသည် တိုင်းပြည်အနာဂတ်အတွက် အရေးပါဆုံး အရင်းအမြစ်များဖြစ်သည်ဟု ဆိုသည်။

"ကလေးတွေမှာ ကြီးကျယ်တဲ့အရာတွေကိုလုပ်နိုင်စွမ်းရှိပါတယ်" ဟု သူကဆိုသည်။

Ms. Naida Pasion နောက်ဆုံးပေးခဲ့သော မှတ်ချက်စကားတစ်ခုရှိသေးသည်။ "ကလေးတွေမှာ ကမ္ဘာကြီးကို ပိုကောင်းအောင်လုပ်နိုင်စွမ်းရှိကြတယ်။ လူတိုင်း ကလေးစကားကို လေးလေးစားစား နားထောင်ကြည့်ကြပါ" ဟူ၏။

**ခွန်းသု**



www.foreverspace.com.mm



**မြန်မာနိုင်ငံ၏ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းသည် အရှိန်အဟုန်ဖြင့်သာဖွံ့ဖြိုးတိုးတက်လာပါက နိုင်ငံ၏ နိုင်ငံခြားငွေရှာဖွေရေးတွင် အဓိကကျသော ပင်မစီးပွားရေးဖြစ်လာနိုင်ပေရာ သဘာဝသယံဇာတအရင်းအမြစ်များနှင့် သဘာဝအတိုင်း မပျက်စီးဘဲတွေ့ရှိနိုင်သေးသည့် ကိုကိုးကျွန်းကို သဘာဝအခြေခံခရီးသွားလုပ်ငန်းဇုန်အဖြစ် ဖော်ထုတ်ခြင်းဖြင့် နိုင်ငံ၏နိုင်ငံခြားငွေရှာဖွေရေးတွင် အရေးပါသည့် ခရီးသွားလုပ်ငန်းဒေသတစ်ခု ဖြစ်လာနိုင်သည်။**

## အသက်ဝင်လာသော ကိုကိုးကျွန်း

ရန်ကုန်မြို့၏ အနောက်တောင်ဘက်မိုင် ၂၆၀ အကွာ ဘင်္ဂလားပင်လယ်အော်နှင့် ကပ္ပလီပင်လယ်ကြားတွင် တည်ရှိပြီး အက်ဒမန်ကျွန်းနှင့် ဆက်စပ်လျက်ရှိသော ကိုကိုးကျွန်းသို့ ၂၀၀၉ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်မှစတင်ပြီး လူပေါင်း ၄၆၀ ခန့် သွားရောက်လည်ပတ်လေ့လာခဲ့သည့် ခြေရာပေါင်းများစွာ ထင်ကျန်ခဲ့သည်။ ယင်းကိုကိုးကျွန်းသည် ယခင်က တစ်သက်တစ်ကျွန်းကျခံရသော အကျဉ်းသားများထားရှိရာနေရာဖြစ်ခဲ့သော်လည်း ယခုအခါ ရန်ကုန်တိုင်းအတွင်းရှိ အိမ်ခြေ ၂၀၀ ကျော်နှင့် လူဦးရေ ၁၀၀၀ ကျော်တည်ရှိသော မြို့နယ်ငယ်တစ်ခု ဖြစ်သည်။

"ဒေသခံတွေက ရိုးသားမှုတော့အပြည့်ရှိတယ်။ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာတာနဲ့ ဒေသခံတွေရဲ့ ယဉ်ကျေးမှုရိုးရာဓလေ့၊ ပြောဆိုဆက်ဆံမှုတွေ ပြောင်းလဲသွားတတ်တယ်" ဟု ကိုကိုးကျွန်း ပထမခရီး

# သဘာဝအခြေခံခရီးသွားဇုန်ဖြစ်လာနိုင်သော ကိုကိုးကျွန်း

အိမွန်ကျော် ၊ ခင်ဌေးကြွယ်



စဉ်သို့ သံလွင်သဘော်ဖြင့်လိုက်ပါခဲ့သူ အသက် ၃၁ နှစ်အရွယ် ဧည့်လမ်းညွှန်တစ်ဦးကဆိုသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (တ.ယ.က) နှင့် မြန်မာ့ကြယ်ငါးပွင့်သဘော်လုပ်ငန်းတို့၏ ပူးပေါင်းစီစဉ်ဆောင်ရွက်မှုဖြင့် ကိုကိုးကျွန်းမြို့နယ်သို့ လူပေါင်း ၁၈၀၀ ကျော်သွားရောက်လည်ပတ်နိုင်ခဲ့ပြီး ကိုကိုးကျွန်းသည် ခရီးသွားလာရေးနေရာတစ်ခုအဖြစ် အသက်ဝင်စပြုလာသည်။

ကိုကိုးကျွန်းသည် ပထမအကြိမ်ခရီးစဉ်တွင်ပင် ပြည်တွင်းပြည်ပခရီးသွားများ စိတ်ဝင်စားခဲ့သောဒေသတစ်ခုဖြစ်ခဲ့ပြီး ယင်းဒေသသည် သဘာဝကိုအခြေခံ၍ ခရီးကြမ်းလေ့လာစမ်းသပ်သွားလာသော Eco-Tourism ခရီးသွားလုပ်ငန်းနှင့် ပိုမိုလိုက်ဖက်သောဒေသတစ်ခုဖြစ်ကြောင်း ယင်းဒေသသို့ ပထမအကြိမ်သွားရောက်ကြသူ ခရီးသွားအများအပြားက သုံးသပ်ကြသည်။

"တကယ်ကို ခရီးကြမ်းပဲဗျာ။ အခုလို အခြေအနေလေးအတိုင်းသာ လာပြီးလည်ပတ်ကြလို့ကတော့ ကျွန်းပေါ်ကသယံဇာတတွေ ပျက်စီးမှာမဟုတ်ဘူး" ဟု ကိုကိုးကျွန်းခရီးစဉ်သို့ ဒုတိယအကြိမ်လိုက်ပါခဲ့သူ အသက် ၂၈ နှစ်အရွယ် အမျိုးသားတစ်ဦးက ပြောကြားသည်။

ကိုကိုးကျွန်းမြို့နယ်ကို ယခင်က ဟံသာဝတီခရိုင် ကွမ်းခြံကုန်းမြို့တောင်ပိုင်းအဖြစ် ထည့်သွင်းဖွဲ့စည်းခဲ့ပြီးနောက် ယင်းခရိုင်အတွင်းမှထုတ်နုတ်ခဲ့ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း ထည့်သွင်းခဲ့ကာ ၁၉၇၄ ခုနှစ်၌ အဆိုပါကျွန်းပေါ်တွင် မြို့ပေါ်ရပ်ကွက်နှစ်ခုအပါအဝင် ကိုကိုးလေးကျွန်း၊ မင်္ဂလာကျွန်း၊ ကြွက်ကျွန်း၊ ၇ မိုင်ရဲစခန်း (ချယ်ရီကျွန်း)၊ စလစ်ပါကျွန်း၊ ပါလီပါလဲ့ကျွန်း၊ ငှက်သိုက်ကျွန်း၊ ဇီးဖြူကျွန်း၊ ဆင်ကျွန်း၊ အုန်းပင်ကျွန်း၊ လူခေါင်းကျွန်းတို့ဖြင့် ဖွဲ့စည်းခဲ့သည်။

ယင်းကျွန်းသည် မြန်မာ့သမိုင်းတွင်



အထင်ကရနေရာတစ်ခုဖြစ်ခဲ့ပြီး ခရီးသွားလုပ်ငန်းတစ်ခုအဖြစ်ဖော်ထုတ်မှုသည် စီးပွားရေးအရကြည့်လျှင် များစွာဝင်ငွေတိုးသောလုပ်ငန်းတစ်ခုဖြစ်ပြီး တစ်ဖက်က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအမြင်နှင့်ကြည့်လျှင်မူ သဘာဝသယံဇာတအရင်းအမြစ်များစွာဆုံးရှုံးနိုင်သောကြောင့် အစွန်းနှစ်ဖက်မရောက်ရန် ထိန်းသိမ်းဆောင်ရွက်ပြီး ခရီးသွားလာရေးလုပ်ငန်းတစ်ခုဖြစ်လာစေရန် ဖော်ဆောင်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (တ.ယ.က) တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ကိုကိုးကျွန်းက အရမ်းလှတယ်။ အရာအားလုံး သဘာဝအတိုင်းကို လှနေတာ။ ရေအောက်သယံဇာတတွေ။ ရေကျချိန်ဆို သန္တာကျောက်တန်းတွေနဲ့ နိုင်ငံခြားသားတွေ တအားသဘောကျလောက်တယ်။ ခရီးသွားလုပ်ငန်းတစ်ခုလုပ်ရင် အောင်မြင်နိုင်တယ်။ လောလောဆယ်တော့ နေထိုင်စားသောက်ရေးတွေက သဘာဝအတိုင်းပဲရှိတယ်" ဟု အဆိုပါကျွန်းသို့သွားရောက်



www.foreverspace.com.mm

ပေါ်လာခဲ့သော သတ္တဗေဒကျောင်းသူတစ်ဦးက ဆိုသည်။

ရန်ကုန်မြို့မှ လူ ၄၆၀ ခန့်ဆံ့သော သံလွင်သင်္ဘောဖြင့် ငါးရက်ကြာသွားရောက်လာကြသော ကိုကိုးကျွန်းမြို့နယ်၏ လက်ရှိနေထိုင်တည်းခိုနိုင်မှု အခြေအနေမှာ အခမဲ့နေထိုင်နိုင်သော ဘုန်းတော်ကြီးကျောင်းနှင့် အ.ထ.ကကျောင်း၊ လူ ၁၀ ဦး ငှားရမ်းနေထိုင်နိုင်သောနေအိမ် ၁၄ အိမ်သာ ဖြစ်သည်။

"ခရီးသွားလုပ်ငန်းတစ်ခုလုပ်ဖို့ အများကြီးလိုသေးတယ်။ တည်းခိုဖို့တွေ၊ သောက်သုံးရေကအစ လုံလောက်အောင် စီစဉ်ရတော့မယ်။ အခုဟာလို နေထိုင်လေ့လာရတာကတော့ ကျွန်တော်တို့က ကြိုက်တယ်၊ သဘာဝအတိုင်း နေထိုင်စားသောက်ရလို့ပဲ။ ဒီကျွန်းကို သဘာဝကို အခြေခံတဲ့ခရီး သွားလုပ်ငန်းတစ်ခုဖြစ်အောင် ဖော်ဆောင်သင့်တယ်" ဟု မြန်မာနိုင်ငံ ငှက်ဝါသနာရှင်များအသင်းဥက္ကဋ္ဌ ဦးစိုးညွန့်က အကြံပြုပြောကြားသည်။

## ညှို့မျှော်လာသော ကျွန်းဒေသခံ

"အရင်က ဒီကျွန်းက တိတ်ဆိတ်နေတာ၊ ဒေသခံတွေပဲရှိတာလေ။ ဒီကို တစ်လတစ်ခါလောက် လူတွေအများကြီးလာတော့ အရမ်းဝမ်းသာတယ်" ဟု ကိုကိုးကျွန်းပေါ်နေ အသက် ၄၄ နှစ်အရွယ်ရှိ ဒေသခံ ဒေါ်ခင်ဦးက ဆိုသည်။

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာလျှင် ယင်းဒေသရှိဒေသခံများ၏ နေထိုင်မှုပုံစံ ပြောင်းလဲတတ်စမြဲဖြစ်ပြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာမှုနှင့် အပြိုင်ဒေသခံများ၏ အသိပညာ၊ ဗဟုသုတများနှင့် ဝင်ငွေတိုးတက်လာတတ်သောကြောင့် ဒေသတစ်ခုကို ခရီးသွားလုပ်ငန်းတစ်ခုအဖြစ် ဖော်ဆောင်လျှင် ဒေသခံအများအပြား နှစ်သက်လေ့ရှိသော်လည်း အဆိုပါဒေသရှိ မြေပေါ်မြေအောက်သဘာဝ သယံဇာတအရင်းအမြစ်များကမူ ငိုနေတတ်စမြဲ ဖြစ်သည်။

ကိုကိုးကျွန်းမြို့ပေါ်ရှိ မြေပေါ်မြေအောက် သယံဇာတ များစွာပေါများလှပလျက်ရှိပြီး ယင်းကျွန်းပတ်လည်တွင် သန္တာကျောက်တန်းများ၊ ကျောက်တောင်ကျောက်ဆွယ်များနှင့် ကျောက်ငါးမျိုးစုံ၊ ငါးမန်းများ၊ Gastropod၊ ခရုများ၊ ငါး၊ ပုစွန် စသော ပင်လယ်သတ္တဝါ များစွာရှိသည်။

လက်ရှိတွင် ဒေသထွက်ကုန် လက်ဆောင်ပစ္စည်းအရောင်းဆိုင်များ ရောင်းချမှုနည်းပါးသေးသော်လည်း ဒေသတွင်းခရီးသွားဧည့်သည်များ ဝင်ရောက်မှုများပြားလာလျှင် လက်ရှိရောင်းချနေသော ကျောက်ပုစွန်ဒိုင်း၊ သစ်ကနက်ပုတီး၊ သစ်ကနက်ဆင်းတုတော်၊ ခရုမျိုးစုံ၊ ကျောက်ပန်း၊ ကျောက်ခက်များကို ယခုထက်ပိုမိုထုတ်ယူရောင်းချလာနိုင်သည်။

အဆိုပါကျွန်းပေါ်ရှိဒေသခံများသည် ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်မှုကြောင့် ဒေသတွင်း ဧည့်သည်များရောက်လာချိန်၌ ပင်လယ်တွင်းရှိ ငါး၊ ပုစွန်၊ ရေချူ၊ ခရု စသည်တို့ကို ယခင်ဖမ်းဆီးမှုထက်နှစ်ဆတိုးကာ ဖမ်းဆီးလာကြသည်။

ကိုကိုးကျွန်းပေါ်ရှိ ဒေသခံများ ဧည့်



www.foreverspace.com.mm

သည်ဝင်ရောက်လာမှုကြောင့် ၎င်းတို့ဝင်ငွေတိုးလာသဖြင့် ဧည့်သည်မျှော်လာကြသော်လည်း အဆိုပါကျွန်းရှိ သဘာဝသယံဇာတအရင်းအမြစ်များသည် ခရီးသွားလုပ်ငန်းအောင်မြင်လာသည်နှင့်အပြိုင် ဆုံးရှုံးမှုများလာနိုင်သည်။

"ကျွန်းပေါ်ကို လူရောက်လာတော့ ဒီကလူတွေ ဝင်ငွေတိုးတာပေါ့၊ လမ်းပြလုပ်တဲ့ လူတွေရော၊ လက်ဆောင်ပစ္စည်းအရောင်းဆိုင်တွေလည်း အခုဆို တစ်လငါးရက်လောက်တော့ အရမ်းရောင်းရတယ်" ဟု ဒေါ်ခင်ဦးက ပြောကြားသည်။

လက်ရှိတွင် ကိုကိုးကျွန်းသည် ခရီးသွားလည်ပတ်နိုင်လောက်သည့် နေရာကောင်းဖြစ်သော်လည်း အပန်းဖြေစခန်းတစ်ခုဖြစ်ရန်မှု များစွာလိုအပ်နေကြောင်း၊ အဆိုပါကျွန်းသို့ သင်္ဘောကြီးများဆိုက်ကပ်နိုင်သော ဆိပ်ခံတံတား၊ ခရီးသွားဧည့်သည်များ နားခိုနိုင်လောက်သည့် တည်းခိုစရာအဆောက်အအုံများ၊ သောက်သုံးရေ (ရေချို) စသော လိုအပ်ချက်များစွာရှိနေသောကြောင့် အပန်းဖြေနားနေစခန်းတစ်ခု အကောင်အထည်ဖော်သည်ထက် သဘာဝကိုအခြေခံသွားလာနိုင်သော Eco-Tourism လုပ်ငန်းကို အကောင်အထည်ဖော်မည်ဆိုပါက ဒေသခံများ၏ ဝင်ငွေတိုးပွားလာမည်ဖြစ်ပြီး သဘာဝသယံဇာတအရင်းအမြစ်များကိုလည်း သဘာဝအတိုင်း မပျက်စီးဘဲ တွေ့မြင်နိုင်မည်ဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်များက အကြံပြုပြောကြားသည်။

"သင်္ဘောကြီးကို ရေလယ်လောက်မှာ ကျောက်ချပြီး ကျွန်းပေါ်ရောက်အောင် လှေငယ်လေးတွေနဲ့ တစ်ဆင့်ပြန်သွားရတာ အလွန်အန္တရာယ်ရှိတယ်၊ ဆိပ်ခံတံတားကတော့ မဖြစ်မနေလိုပြီပေါ့၊ ကျွန်းပေါ်မှာ တည်းခိုခန်းတွေဆောက်ဖို့ နေရာအကျယ်အဝန်းလိုဦးမယ်၊ အဆောက်အအုံတွေဆောက်ဖို့ နေရာတော့ရှိတယ်၊ အခြားကျွန်းပေါ်က သစ်ပင်တွေ ဘာတွေ ခုတ်ပစ်ရမှာ။ သဘာဝအတိုင်း နေချင်စားချင်တဲ့လူတွေအတွက်ကတော့ ဒီပုံစံအတိုင်းက အဆင်ပြေ




တယ်" ဟု ဦးစိုးညွန့်က ဆိုသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်များ၏ 'ခြေရာများသာချန်ခဲ့ပါ၊ အမှိုက်တွေမချန်ခဲ့ပါနဲ့' ဟူသောစကားသည် ကိုကိုးကျွန်းကဲ့သို့ မြန်မာနိုင်ငံ၏ စစ်ရေးအရအရေးကြီးသောနေရာ တစ်နေရာအတွက် အဖိုးမဖြတ်နိုင်သော စကားတစ်ခွန်း ဖြစ်သည်။

ခရီးသွားများပြားလာသည်နှင့်အမျှ ၎င်းတို့၏စွန့်ပစ်ပစ္စည်းများလည်း ကျွန်းပေါ်တွင် များပြားစွာရောက်ရှိလာနိုင်ပြီး ယင်းဒေသတွင် မှီတင်းနေထိုင်နေသော ပင်လယ်ရေနေသတ္တဝါများသည် အဆိုပါအညစ်အကြေးများကြောင့် မျိုးသုဉ်းပျောက်ကွယ်တတ်သည်မှာ ရှေ့တွင် သာဓကပေါင်းများစွာရှိခဲ့သောကြောင့် စွန့်ပစ်ပစ္စည်းမှအစ စနစ်တကျစွန့်ပစ်မှုများကိုပါ ထည့်သွင်း စီစဉ်သင့်ကြောင်း၊ ဒေသခံများအနေဖြင့် ဧည့်သည်ဝင်ရောက်မှုများပြားလာသည်နှင့် အပြိုင်သဘာဝသယံဇာတများကို စည်းကမ်းမဲ့ခုတ်ထွင်ရောင်းချမှုများမပြုဘဲ စနစ်တကျဆောင်ရွက်မှုများလည်းပြုသင့်ကြောင်း ကိုကိုးကျွန်းသို့ သွားရောက်လေ့လာလည်ပတ်ခဲ့သူပညာရှင်များ



www.foreverspace.com.mm

ကာ သုံးသပ်ပြောကြားသည်။

## အသွင်သစ်ကူးပြောင်းလာမည့်ကျွန်း

ကိုကိုးကျွန်းသို့ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ ဝင်ရောက်လုပ်ကိုင်ခွင့်ကို ၂၀၀၉ ခုနှစ် နှစ်ကုန်ပိုင်းမှစ၍ လုပ်ကိုင်ခွင့်ပေးခဲ့ပြီး ယင်းဒေသသို့ ရေလုပ်ငန်းဆိုင်ရာ အလားအလာ ဖြစ်နိုင်ခြေများကို ငါးလုပ်ငန်းဦးစီးဌာနနှင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့တို့ကလေ့လာခြင်း၊ သုတေသနလုပ်ငန်းများပြုလုပ်ခြင်း စသော လုပ်ငန်းစဉ်များပြုလုပ်လာမည်ဖြစ်သည်။

အဆိုပါဒေသရှိ ရေပေါ်ရေအောက်နှင့် အခြားသတ္တဝါများနှင့်ပတ်သက်သော သုတေသနများပြုလုပ်မှုသည် ကိုကိုးကျွန်းအတွက် အလားအလာကောင်းများဖြစ်သည်။

"စီးပွားရေးလုပ်ငန်းရှင်တွေကို ဟိုတယ်တွေ၊ တည်းခိုခန်း၊ စားသောက်ဆိုင် စတဲ့ ခရီးသွားလုပ်ငန်းနဲ့ ဆက်စပ်တဲ့ လုပ်ငန်းတွေ ဒီနှစ်ထဲမှာပဲ လုပ်ခွင့်တွေပေးမယ်၊ တစ်ဖက်ကလည်း သဘာဝသယံဇာတနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းသွားမယ်" ဟု တ.ယ.က တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ထိုသို့ လူသူအရောက်အပေါက်နည်းသော ကိုကိုးကျွန်းကို ခရီးသွားလုပ်ငန်းတစ်ခုဖြစ်လာရန် အကောင်အထည်ဖော်ဆောင်ရွက်လာခဲ့ရာ ကိုကိုးကျွန်းခရီးစဉ်ကို ၂၀၁၀ ပြည့်နှစ်မှစတင်၍ တစ်လလျှင် တစ်ကြိမ် ရန်ကုန်မှထွက်ခွာလျက်ရှိပြီး လက်ရှိတွင် စတုတ္ထအကြိမ် ထွက်ခွာခဲ့ပြီးဖြစ်ကြောင်း၊ ခရီးစဉ်တစ်ခုတွင် လူအနည်းဆုံး ၄၀၀ ကျော်ပါဝင်ပြီး နောက်ပိုင်းတွင် နိုင်ငံခြားသားများ ဝင်ရောက်လည်ပတ်နိုင်ရန်အထိ စီစဉ်သွားမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

"လောလောဆယ်တော့ ကိုကိုးကျွန်းရဲ့ ရေအောက်သယံဇာတတွေကို ရိုက်ကူးတင်ပြဖို့လုပ်နေတယ်" ဟု မြန်မာ့ကြယ်ငါးပွင့်လုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကိုကိုးကျွန်းကို ခရီးသွားလုပ်ငန်းတစ်ခုဖြစ်လာစေရန် အဆိုပါဒေသရှိ သဘာဝသယံဇာတများကို ရိုက်ကူးတင်ပြမှုများပြုလုပ်လာပြီး ခရီးသွားလုပ်ငန်းတစ်ခုဖြစ်လာစေမည့် လိုအပ်ချက်များကိုလည်း ဖြည့်တင်းလုပ်ကိုင်လျက်ရှိကာ ကိုကိုးကျွန်းမြို့နယ်အတွင်း ဆက်သွယ်ရေးကဏ္ဍလိုအပ်ချက်များအတွက် CDMA ကမ်းရိုးတန်းဖုန်းများ တပ်ဆင်လာမည်ဖြစ်သည်။

ခရီးသွားဧည့်သည်များအနေဖြင့် ကျွန်းပေါ်တွင် လေ့လာနိုင်





www.foreverspace.com.mm





သော အရှေ့ဘက်လိပ်သောင်သို့ ခြေလျင်သွားလျှင် မိနစ် ၅၀ ကြာမြင့်သော်လည်း တောလမ်း ခရီးသွားလာခြင်းရသကို ခံစားရခြင်း၊ ၇မိုင်စခန်းရှိ ချယ်ရီကျွန်းကို ဒီရေကျချိန်တွင် သွားရောက်နိုင်ခြင်း၊ ရွှေရင်စို့သောင်သို့ သွားရောက်လည်ပတ်ခြင်း၊ ဒီရေကျချိန်တွင် ကြွက်ကျွန်းကို တစ်ပတ်ပတ်၍လည်ပတ်နိုင်ခြင်း၊ အနောက်ဘက်လိပ်သောင်သို့ ခြေလျင်သွားရောက်လေ့လာခြင်း စသည့် လေ့လာမှုများတွင် လမ်းခရီးအချို့၌ အန္တရာယ်ရှိသောကြောင့် လမ်းညွှန်များနှင့် သာသွားလာနိုင်ပြီး ဒီရေအတက်အကျကိုကြည့်ပြီးမှ အချို့ကျွန်းများသို့ သွားရောက်လေ့လာနိုင်သည်။

အဆိုပါဒေသအတွင်း သဘာဝအတိုင်းသွားလာနေထိုင်နိုင်သောကြောင့် ကမ္ဘာလှည့်ခရီးသည်များ ပိုမိုနှစ်သက်လာမည့် ကျွန်း ဖြစ်လာနိုင်သည်။

"စီးပွားရေးလုပ်ငန်းရှင်တွေ အများကြီးဝင်လာကြတော့မယ်။ ဒီဒေသက Eco-Tourism လုပ်ငန်းလုပ်မယ်ဆို ပိုအောင်မြင်မှာပါ" ဟု REAM (မြန်မာပြန်ပြည့်စွမ်းအင်အသင်း) အတွင်းရေးမှူး ဦးအောင်မြင်က ပြောကြားသည်။

ကိုကိုးကျွန်းမြို့နယ်အတွင်းရှိ အနောက် လိပ်သောင်ကျွန်းသို့ သမုဒ္ဒရာအတွင်းမှ ကမ္ဘာ့လိပ်ကြီးများလာရောက်၍ လိပ်ဥများ တက်ဥလေ့ရှိရာ ယင်းဥများကို ယခင်က အကျဉ်းကျခံနေရသော အကျဉ်းသားများနှင့် ဒေသခံများ၏ စားသောက်မှုများကြောင့် ယင်းလိပ်ကြီးများသည် အနောက်လိပ်သောင်သို့လာရောက်မှု လျော့နည်းသွားသည်။

ကိုကိုးကျွန်းတွင် ငမန်းများစွာရှိပြီး ငမန်းဈေးနှုန်းများ ဈေးကွက်အတွင်း မြင့်မားလျက်ရှိသောကြောင့် စီးပွားရေးလုပ်ငန်းရှင်များက များစွာစိတ်ဝင်စားလျက်ရှိသည်။

ယင်းကျွန်းရှိဒေသခံများတွင် နတ်ရိုးရာ ဓလေ့စွဲလမ်းမှုများလည်းရှိနေကြောင်း ယင်းဒေသသို့ သွားရောက်လည်ပတ်သူများထံမှ စုံစမ်းသိရှိရသည်။

"ကိုကိုးကျွန်းဆည်ဆိုတာ အဲဒီမှာရှိတယ်။ အဲဒီဆည်ကရေကိုသောက်ရင် ဘာဖြစ်တယ်ညာဖြစ်တယ်ဆိုတဲ့ အစွဲအလမ်းတွေကလည်းရှိတယ်" ဟု ယင်းကျွန်းသို့ သွားရောက်လည်ပတ်ခဲ့သူတစ်ဦးက ဆိုသည်။

ခရီးသွားလာရေးလုပ်ငန်းသည် နိုင်ငံတစ်နိုင်ငံ၊ လူ့အဖွဲ့အစည်း၊ ဒေသပတ်ဝန်းကျင်တစ်ခု၏ စီးပွားရေးဖွံ့ဖြိုးမှုဖြစ်စေသော လုပ်ငန်းနယ်ပယ်ကြီးများတွင် အင်အားအကြီးဆုံးလုပ်ငန်းတစ်ခုဖြစ်သော်လည်း ခရီးသွားလုပ်ငန်းကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို လက်ခံမျှော်ကိုး၍ လုပ်ငန်းပိုမိုချဲ့ထွင်ရာတွင် ထိန်းသိမ်းချင့်ချိန်၍ မဆောင်ရွက်နိုင်ပါက ဒေသခံများနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မည်ဖြစ်ရာ ခရီးသွားလုပ်ငန်းဖော်ဆောင်ရာ၌ ရေရှည်ကိုမျှော်ကိုး၍ ပညာရှင်များနှင့် အဖက်ဖက်က ညှိနှိုင်းဆောင်ရွက်မည်ဆိုပါက မည်သည့်ခရီးသွားလုပ်ငန်းဒေသမဆို ရေရှည်တည်တံ့မည်ဖြစ်သည်။

**အိမ့်မွန်ကျော်၊ ခင်ဌေးကြွယ်**



www.foreverspace.com.mm

နေရာက အင်းလျားကန်ဘောင်ရှိ ဈေးဆိုင်တစ်ဆိုင်တွင်ဖြစ်သည်။ ညနေစောင်းအချိန်ဖြစ်၍ လူသူစည်ကားလျက်ရှိသည်။ ဆိုင်အတွင်း၌ စားသောက်နေကြသူ အယောက် ၂၀ ထက်မနည်းရှိ၏။ စားသောက်နေကြသောအသံများမှာလည်း ဆိုင်တစ်ခုလုံးကို ဖုံးလွှမ်းထားသည်။ ယင်းအသံများကို ထိုးဖောက်ကာ တစ်ဖက်က နားထောင်နေသူကြားစေရန် ကိုအောင်မျိုးသန့်တစ်ယောက်အသံကို ပုံမှန်ထက်မြှင့်ကာ စကားပြောနေရသည်။ တစ်ခါတစ်ရံ သူ၏ဘေးနားရှိ စားပွဲဝိုင်းမှ စားသောက်နေသူများက စူးစမ်းသည့်အကြည့်ဖြင့်လှည့်ကာကြည့်တတ်သေးသည်။ အဘယ်ကြောင့်တော့မသိ။ သို့သော် ကိုအောင်မျိုးသန့်က ဟန်မပျက်စကားကိုဆက်၍ပြောသည်။

# HIV/ AIDS ခွဲခြားဆက်ဆံခြင်းများနှင့် မိမိကိုယ်ကိုယ် တည်ဆောက်ခြင်း

ကျော်ဇေယျာထွန်း ၊ ဖြိုးဝေစိုး

"ကျွန်တော့်မှာ HIV ပိုးရှိတယ်လို့ သိလိုက်ရတော့ အရမ်းတုန်လှုပ်သွားတယ်။ စကားပြောဖို့အတွက်တောင် ပါးစပ်က အသံမထွက်တော့ဘူး"။ HIV ပိုးကူးစက်ခံထားရသည်ကို စတင်သိလိုက်ရသည့်အချိန်တွင်ဖြစ်ပေါ်လာသည့်ခံစားမှုကို ကိုအောင်မျိုးသန့်က ပြောပြသည်။

ကိုအောင်မျိုးသန့်သည် ထိုင်းနိုင်ငံရှိ တက္ကသိုလ်တစ်ခုတွင် ပညာသင်ဆုရရှိခဲ့



www.foreverspace.com.mm



သည့် ကျောင်းသားတစ်ဦး ဖြစ်သည်။ တက္ကသိုလ်တွင် ပညာသင်ကြားနေစဉ် HIV/ AIDS ကူးစက်ခံထားရသူများကို ကူညီပေးသည့် လူမှုရေးလုပ်ငန်းများကို လုပ်ဆောင်ခဲ့သည်။ ၎င်းလက်ပေါ်တွင် အသက်ဆုံးရှုံးသွားခဲ့သူများလည်း ရှိသည်။ ထို့ကြောင့် ၎င်းဘဝတွင် HIV ပိုးကူးစက်မခံစေရဟု ၎င်းကိုယ်၎င်း သစ္စာပြုခဲ့သည်။

သို့သော် ကိုအောင်မျိုးသန့် ကျောင်းတက်နေစဉ် မတော်တဆမှုတစ်ခုဖြစ်၍ ဆေးရုံတက်ပြီး အကြီးစားခွဲစိတ်မှုတစ်ခုပြုလုပ်လိုက်ရသည်။ ခွဲစိတ်မှုတွင် သွေးလိုအပ်သဖြင့် သွေးသွင်းရာမှ ကိုအောင်မျိုးသန့်ခန္ဓာကိုယ်ထဲ HIV ပိုး ရောက်ရှိလာခြင်းဖြစ်သည်။ ယင်းကို ကိုအောင်မျိုးသန့် တစ်ယောက် ချက်ချင်းမသိခဲ့။

ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လာပြီး စီးပွားရေးလုပ်ငန်းလုပ်ကိုင်ခဲ့သည်။ အိမ်ထောင်ပြုခဲ့သည်။ ထိုကာလအတွင်း ၎င်းကိုသွေးလှူခဲ့သူ မြန်မာနိုင်ငံသားသင်္ဘောသားတစ်ဦးသည် AIDS ဖြင့် ဝေဘာဂီဆေးရုံတွင် ကွယ်လွန်သွားသည့် သတင်းကို ကြားသိလိုက်ရသည်။ ထို့အတွက် ကိုအောင်မျိုးသန့်တစ်ယောက် ၎င်းကိုယ်ကိုယ် သံသယဖြစ်ခဲ့သည်။ ယင်းနောက် ကိုအောင်မျိုးသန့် အပြင်းဖျား၍ ရန်ကုန်ဆေးရုံကြီးတွင် တက်ရောက်ကုသရာမှတစ်ဆင့် ၎င်းတွင် HIV ဗိုင်းရပ်စ်ပိုးကူးစက်ခံထားရမှန်း သိလိုက်ရသည်။

"ကျွန်တော့်မှာ HIV ပိုးကူးစက်ခံထားရမှန်းသိတော့ ခုတင်နံပါတ် ၆ ကနေ သီးသန့်ဖြစ်နေတဲ့ နံပါတ် ၉ ကို ပြောင်းလိုက်တယ်။ ကျွန်တော် အဲဒါကို တော်တော်မကျေနပ်ဘူး။ နောက်ပြီး ကျွန်တော့်အမျိုးသမီးကလည်း ကျွန်တော့်ဆီကို ဧည့်သည်တစ်ယောက်လိုပဲ လာတော့တယ်"။ ကိုအောင်မျိုးသန့်တွင် HIV ပိုးရှိသည်ဟု သိရ၍ စတင်ခွဲခြားမှုများပြုလုပ်လာခြင်းဖြစ်သည်။

ဆေးရုံမှဆင်းလာသည့်နောက်ပိုင်းတွင် သူ၏မိန်းမနှင့် တွေ့ခွင့်မရတော့။ သီးခြားနေရပြီး ရေသောက်သည့်ခွက်ကိုပင် ခွဲခြားထားခြင်းခံရသည်။

"အိမ်က ကလေးတွေကိုခေါ်ရင် ခေါ်လို့မရတော့ဘူး။ ဘဘက AIDS ဖြစ်နေတာ ဘဘကိုမချစ်တော့ဘူးလို့ပြောရင် ကျွန်တော် သေမလောက်ခံစားရတယ်။ နေ့တိုင်းလည်း ငိုရတယ်။ အဲဒီကာလမှာ ကျွန်တော့်အမျိုးသမီး ကလေးမွေးတယ်။ ဆေးရုံက ကျွန်တော်နဲ့ဆက်မပေါင်းဖို့ကို ပြောလိုက်တယ်။ အသိုင်းအဝိုင်းကလည်း ဝိုင်းပြောတယ်။ အဲဒါနဲ့ ကျွန်တော်တို့နှစ်ယောက် တိတ်တိတ်ကလေး ကွဲလိုက်ရတယ်။ ကျွန်တော့်သမီးကိုတောင် ကျွန်တော် မတွေ့လိုက်ရဘူး"။ လွန်ခဲ့သည့် ခြောက်နှစ်ကာလက ခွဲခြားခံထားမှုများကြောင့် မိသားစုဘဝပြိုကွဲသွားပုံကို ကိုအောင်မျိုးသန့်က ပြန်ပြောပြခြင်း ဖြစ်သည်။

HIV ပိုး ရှိ၊ မရှိသွေးစစ်မည်ဆိုပါက သွေးမစစ်မီ နှစ်သိမ့်ဆွေးနွေးခြင်းပြုရန် မဖြစ်မနေလိုအပ်သည်။ HIV ပိုးမရှိပါက မည်ကဲ့သို့ဆက်လက်နေထိုင်သွားရမည်နှင့်



www.foreverspace.com.mm

ပိုးတွေ့ရှိပါကလည်း မည်ကဲ့သို့ဆင်ခြင်နေထိုင်သွားရမည်ကို သိရှိထားရန်အထူးလိုအပ်သည်။ သို့မှသာ HIV ပိုး ကူးစက်ခံထားရကြောင်းသိရှိပါက ခံနိုင်ရည်ရှိနိုင်မည်ဖြစ်သည်။ ထို့ပြင် မိသားစုအတွင်း၌လည်း HIV/ AIDS နှင့်ပတ်သက်သည့် ဗဟုသုတများသိထားစေခြင်းဖြင့် ခွဲခြားဆက်ဆံမှုကို လျော့နည်းစေနိုင်မည် ဖြစ်သည်။

"သွေးစစ်တော့မယ်ဆိုရင် အရင်ဆုံး Pre-counselling လုပ်ရတယ်။ သွေးစစ်ပြီးလို့ ပိုးတွေ့တယ်ဆိုရင် ထပ်ပြီး Post-Counselling လုပ်ရတယ်။ မိသားစုဝင်တွေကိုလည်း Counselling လုပ်ပေးရမယ်။ လူတိုင်းကတော့ HIV ပိုးရှိတယ်ဆိုရင် တုန်လှုပ်တတ်ကြတာပဲ။ ဒါပေမဲ့ Counselling လုပ်ထားတဲ့သူကျတော့ ခံနိုင်ရည်ပိုရှိတယ်ဆိုတာ သုတေသနတွေအရ သိရတယ်" ဟု နှစ်သိမ့်ဆွေးနွေးခြင်း အရေးကြီးပုံကို ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာနမှ ပါမောက္ခ (ငြိမ်း) ဒေါက်တာ ဒေါ်ခင်အေးဝင်းက ပြောကြားသည်။

ကိုအောင်မျိုးသန့်သည် ၎င်းတွင် HIV ပိုးရှိနေသည်ဟုသိရသည့်အချိန်မှစ၍ ဘဝ၏အမှောင်ဆုံးသောအချိန်များကို ဖြတ်သန်းခဲ့ရသည်။ ၎င်းကိုယ်ကိုယ် မည်သို့မျှ မဖြေသိမ့်နိုင်၊ နားလည်ပေး၍မရ၊ ၎င်းကိုယ်ကိုယ် ဒေါသထွက်ကာ ငိုကြွေးခြင်းဖြင့် အချိန်တွေကုန်လွန်ခဲ့သည်။ယင်းကဲ့သို့ တစ်ကိုယ်တည်း အတွင်းစိတ်တွင် အမျိုးမျိုး ရုန်းကန်နေရသလို မိသားစုနှင့်ပတ်ဝန်းကျင်တို့၏ ပြုမူပြောဆိုမှုများကလည်း မည်သို့မျှကျေနပ်နိုင်စရာမရှိ။ သူတို့၏ အကြည့်များကပင် ၎င်းကိုနှိပ်စက်သလိုဖြစ်၍လာသည်။ ယင်းတို့ကို တွေးမိတိုင်း ရှေ့ဆက်မည့်ရက်များအတွက် စိတ်ဓာတ်များကျဆင်းမိသည်။ သို့သော် ကိုအောင်မျိုးသန့်သည် ဆက်လက်အသက်ရှင်နေနိုင်သည့်နည်းလမ်းများကို တစ်ဦးတည်း ကြိုတ်၍ရှာသည်။ ယင်းကဲ့သို့လေ့လာရင်းဖြင့် အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်း (NGO) များနှင့် ချိတ်မိကာ လမ်းကြောင်းမှန်ပေါ်သို့ ရောက်လာခဲ့သည်။

**လိင်ကိစ္စနှင့်ပတ်သက်၍ ဆတ်ဆတ်ထိမခံ အတွေးအခေါ်များ ရှိ၍နေသည်။ လိုအပ်သည်ထက် ပိုမိုလွန်ကျူးစွာအယူသီးနေမှုများကြောင့်လည်း မြန်မာ့လူ့အဖွဲ့အစည်းတွင် လိင်ကိစ္စသည် နာမည်ဆိုးတစ်ခုသဖွယ်ဖြစ်၍နေသည်။**

"ကျွန်တော် သွေးစစ်တုန်းက Counselling မလုပ်ခဲ့ဘူး။ အဲဒီတုန်းက (၂၀၀၄) ဒါနဲ့ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့်လည်းမရှိသေးဘူး။ ကျွန်တော်သိထားတာက HIV/ AIDS ဆိုတာ ကုရာနတ္ထိဆေးမရှိပဲ။ ဒါပေမဲ့ ဘယ်လိုအသက်ရှင်နေထိုင်လို့ရတယ်ဆိုတာ ကျွန်တော်စာအုပ်



www.foreverspace.com.mm

တွေရှာဖတ်တယ်။ အင်တာနက်မှာရှာကြည့်တယ်။ နောက်ပိုင်းမှ သဇင်ဆေးခန်းမှာ Counselling ရတာ။ ကျွန်တော်လည်း ဒီအလုပ်ကိုစိတ်ဝင်စားတော့ ဆက်ပြီးလေ့လာဖြစ်တယ်” ၎င်း HIV ကူးစက်ခံခဲ့ရသည့်အချိန်က အခြေအနေကို ကိုအောင်မျိုးသန့်က ပြောပြသည်။

မည်သူမဆို မိမိခန္ဓာကိုယ်တွင် ရောဂါဝင်သည်ဖြစ်စေ၊ ကိုယ်ခန္ဓာအစိတ်အပိုင်းချွတ်ယွင်းသည်ဖြစ်စေ တုန်လှုပ်ချောက်ချားမှုအနည်းနှင့်အများရှိသည်မှာ အမှန်ပင်ဖြစ်သည်။ ယင်းသို့အကြောက်တရားဖြစ်ပေါ်မှုကို မည်မျှတုံ့ပြန်နိုင်သည်မှာ လူတစ်ဦးချင်းစီ၏ အခြေခံကိုယ်ရည်ကိုယ်သွေးနှင့်ဆိုင်၍နေသည်။

၎င်းနှင့်ပတ်သက်၍ ဒေါက်တာဒေါ်ခင်အေးဝင်းက “စိတ်ထိခိုက်တာက HIV ပိုးကူးစက်ခံရမှုမဟုတ်ဘူး။ ကင်ဆာရောဂါဖြစ်တယ်၊ မျက်စိကွယ်သွားတယ်ဆိုရင်လည်း စိတ်ထိခိုက်ရတာပဲ။ ဒါတွေကို ဘယ်လိုရင်ဆိုင်မလဲဆိုတာက အရေးကြီးတယ်။ တချို့က ရင်ဆိုင်နိုင်တာရှိတယ်။ တချို့ကရင်မဆိုင်နိုင်တာရှိတယ်။ အဲဒီတော့ Social Support လိုတယ်။ သူ့ရဲ့အခြေခံအသိ ကိုယ်ရည်ကိုယ်သွေးလိုတယ်” ဟု ပြောကြားသည်။

လူ့လောကတွင် လူသားတစ်ယောက်အဖြစ်မွေးဖွားလာပါက လူသားတာဝန်ကို မလွဲမသွေထမ်းဆောင်ရမည်ဖြစ်သည်။ လူတိုင်းသည် ကံကျရာနေရသည်ဖြစ်ရာ တိုသည်၊ ရှည်သည်၊ ဖြူသည်၊ မည်းသည်ဟု ရွေးချယ်၍မရ။ မိမိကျရာနေရာမှ မိမိအတွက်လည်းကောင်း၊ တစ်ပါးသူများအတွက်လည်းကောင်း အကျိုးရှိအောင်လုပ်ဆောင်ရမည် ဖြစ်သည်။ ယင်းနှင့်ပတ်သက်၍ HIV ပိုး ကူးစက်ခံထားရသူတစ်ဦးဖြစ်ပြီး HIV/ AIDS နှင့်ပတ်သက်သည့် ဆောင်းပါးများ ရေးသားနေသူ လှိုင် (Peer) က “HIV ပိုး ကူးစက်ခံရပြီလို့သိတာနဲ့ တချို့ဆို ကိုယ့်ကိုယ်ကိုယ်သတ်သေသွားတာမျိုးရှိတယ်။ Counselling လုပ်ထားလည်း တကယ်တမ်းဖြစ်လာရင် မေ့သွားတတ်တယ်။ ဒါပေမဲ့ ကိုယ်က ဒီအတိုင်းနေမှာလား။ အသက်ဆက်ရှင်မလား။ ကိုယ်ကိုယ်တိုင် ကျန်းမာလို့ အလုပ်လုပ်နိုင်ရင် ကိုယ့်အတွက်လည်းကောင်းတယ်။ မိသားစုအတွက်လည်း အဆင်ပြေတယ်။ ဒါ့ထက်ချဲ့ပြောရင် နိုင်ငံအတွက်အကျိုးရှိတယ်။ ဒီလူတစ်ယောက်ချင်းစီက နိုင်ငံအတွက် Human Resources တွေပဲ။ ကျန်းမာလာရင် လူတွေအတွက် ကိုယ်လုပ်ပေးနိုင်တာက အများကြီးပဲ။ လူသားတစ်ယောက်ဖြစ်လာရင် လူသားတာဝန်ကျေပွန်အောင်လုပ်ရမယ်။ ဒါမှမဟုတ် စိတ်ဓာတ်ကျပြီးတော့ပဲနေမလား။ ကြိုက်တာရွေးပဲ” ဟု ဆိုသည်။

HIV ပိုးကူးစက်ခံရပြီဆိုပါက ကာယကံရှင်အနေဖြင့် တွေ့ကြုံလာနိုင်သည့် အခြေအနေအမျိုးမျိုးကို ရင်ဆိုင်နိုင်ရန်အတွက် သတ္တိရှိရန်မှာ ဆိုဖွယ်ရာမရှိ။ HIV ပိုးကူးစက်ခံရ၍ ပတ်ဝန်းကျင်မှ ခွဲခြားခြင်းမပြုမီ မိမိကိုယ်ကိုယ်အားငယ်ကာ မိမိကိုယ်တိုင်က ပတ်ဝန်းကျင်ကို ခွဲခြားဆက်ဆံခြင်းမျိုးမဖြစ်စေရန်လည်း အထူးအရေးကြီးသည်။ ထို့ပြင် HIV/ AIDS နှင့်ပတ်သက်၍ ခွဲခြားဆက်ဆံမှုကို အထူးလျော့ပါးသွားစေနိုင်သည့်အရေးကြီးဆုံးသောအချက်မှာ သတင်းအချက်အလက်များ မှန်မှန်ကန်ကန်နှင့် အလွယ်တကူရရှိရေးပင်ဖြစ်သည်။

“Self Stigma မဖြစ်ဖို့က ပထမလိုအပ်တာက Counselling ရဖို့ပဲ။ နောက်ပြီး ကိုယ်တိုင်က ဘဝတူတွေရှိတဲ့နေရာကိုသွား




www.foreverspace.com.mm



ရမယ်။ ဆေးရုံ၊ ဆေးခန်း၊ ဆရာဝန်တွေဆီ သွားရမယ်။ သင်တန်းတွေတက်ရမယ်။ မေးခွန်းတွေကို မေးရမယ်။ တစ်ဦးတည်း နေလို့မရဘူး။ ကိုယ့်ထက်သိတဲ့ တတ်တဲ့ ဘဝတူတွေဆီမှာ သိချင်တာမေးရမယ်။ နောက်တစ်ခုက မိသားစုအတွင်းမှာလည်း HIV/AIDS နဲ့ ပတ်သက်တာတွေကို တဖြည်းဖြည်းသိလာအောင် လုပ်ပေးရမယ်။ ဒီလို HIV/AIDS ကို ကိုယ်ကိုယ်တိုင် နားလည်လာသလို ပတ်ဝန်းကျင်ကလည်း နားလည်လာမှ ခွဲခြားမှုဆိုတာ တဖြည်းဖြည်း လျော့နည်းသွားမှာ” ဟု ခွဲခြားဆက်ဆံမှုကို လျော့ပါးသွားရန်အတွက် လှိုင် (Peer) က ရှင်းပြသည်။

HIV/AIDS နှင့်ပတ်သက်သည့် သတင်းအချက်အလက်များ၊ အသိပညာဖြန့်ဝေမှုများ ပြည်သူလူထုကြားတွင် ကျယ်ကျယ်ပြန့်ပြန့်ရောက်ရှိရန် အရေးကြီးသလို မှန်ကန်သောနည်းလမ်းဖြင့် ရောက်ရှိသွားရန်အတွက်မှာလည်း လိုအပ်၍နေသေးသည်။ ယင်းကို အစိုးရနှင့် NGO အဖွဲ့အစည်းများက အပြင်းအထန်အသိပေးဖြန့်ဝေသွားမှသာ ခွဲခြားဆက်ဆံမှုများ အချိန်တိုအတွင်း လျော့နည်းသွားနိုင်မည်ဖြစ်သည်။ သို့သော် လက်ရှိအခြေအနေတွင် အချို့သော အသိပညာပေးမှုများသည် နည်းလမ်းမမှန်ခြင်းများကြောင့် ပြည်သူလူထုကြား အဓိပ္ပာယ်တစ်မျိုးထွက်ကာ ရည်မှန်းချက်အတိုင်းဖြစ်၍မလာဘဲ ဆန့်ကျင်ဘက်အကျိုးရလဒ်ကိုသာ ဖြစ်ပေါ်နေစေသည်ကိုလည်း တွေ့ရှိရသည်။




“အသိပညာပေးတဲ့နေရာမှာ လူထုကလည်း ဂရုတစိုက်မှတ်သားဖို့လိုတယ်။ ဘယ်လောက်ပဲအသိပေးပေး လူထုက စိတ်မဝင်စားရင် အလကားပဲ။ ထပ်ကာထပ်ကာ အသိပညာပေးဖို့လိုသလို ပုံစံပြောင်းပြီးတော့လည်း အသိပေးဖို့လိုတယ်။ နောက်တစ်ခုက နည်းမှန်လမ်းမှန်ဖြစ်ဖို့ပဲ။ တစ်ခါက ကျော့သောင်းကိုသွားတော့ ခြင်ကိုက်လို့ HIV ပိုးကူးပါတယ်ဆိုပြီး ကြားရတယ်။ စုံစမ်းကြည့်လိုက်တော့ ငှက်ဖျားရောဂါသတိပေးတဲ့ခြင်ပုံပါ ပိုစတာနဲ့ HIV သတိပေးတဲ့ ပိုစတာကို ဘေးချင်းယှဉ်ကပ်ထားတာကိုတွေ့ရတယ်။ အဲဒီတော့ ဖတ်တဲ့သူက တလွဲတွေးသွားတာ။ ဒါမျိုးပြီးစလွယ်လုပ်လို့မရဘူး” ဟု ကျန်းမာရေးအသိပညာပေးရာတွင် ထိရောက်သည့် အသိပညာပေးခြင်းမျိုးဖြစ်စေရန် ဒေါက်တာဒေါ်ခင်အေးဝင်းက ဆိုသည်။

HIV/ AIDS အကြောင်းများပါဝင်သည့် ရုပ်သံဇာတ်လမ်းတွဲများတွင်လည်း ယခင်တင်ဆက်နေကျပုံစံဟောင်းကို စွန့်ကာ ခေတ်နှင့်အညီပြောင်းလဲလာသည့် အတွေးအခေါ်အဖြစ်မှန်ကို အစားထိုးရိုက်ကူးသွားရန်မှာလည်း လိုအပ်၍နေသေးသည်။ သို့မဟုတ်ပါက လူထုကြားထဲသို့ လွဲမှားသည့်အတွေးအခေါ်တစ်ခုရောက်ကာ လူ့အဖွဲ့အစည်းအတွက် မလိုလားအပ်သော နောက်ဆက်တွဲပြဿနာများဖြစ်လာမည်မှာ ဧကန်မလွဲပင် ဖြစ်သည်။

ယင်းနှင့်ပတ်သက်၍ “အခုရုပ်သံဇာတ်လမ်းတွဲတွေမှာ အကြောက်တရားကို အခြေခံပြီး ရိုက်နေတာတွေဟာ အရမ်းမှားတယ်။ အကြောက်တရားကို လျှော့ပေးရမယ်။ ဘယ်ဟာက အန္တရာယ်ဆိုတာတော့ သိရမယ်။ အကြောက်တရားကိုသုံးပြီးတော့ မလုပ်သင့်ဘူး” ဟု Marie Stopes International Myanmar မျိုးဆက်ပွား ကျန်းမာရေးစောင့်ရှောက်မှု အပြည်ပြည်ဆိုင်ရာ

www.foreverspace.com.mm



လူမှုရေးအဖွဲ့ မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူးဒေါက်တာစစ်နိုင်က ပြောကြားသည်။

HIV ပိုး ကူးစက်ခံလိုက်ရသည့် လူတစ်ဦးကို ကြောက်မက်ဖွယ်ကောင်းသော ပုံသဏ္ဍာန်ဖြင့် ပြသလိုက်ခြင်းသည် လူများ၏ စိတ်ထဲရှိ HIV/AIDS နှင့်ပတ်သက်သည့် ခွဲခြားမှုကို ပို၍ကြီးထွားလာစေနိုင်သည်။ ယင်းကဲ့သို့သော အခြေခံအကြောင်းတရားများကို ပြင်ဆင်လိုက်ပါက ခွဲခြားဆက်ဆံမှုဆိုသည့် အကျိုးရလဒ်သည် အနာဂတ်တွင် တဖြည်းဖြည်းလျော့ပါးသွားနိုင်မည်ဖြစ်သည်။

HIV/AIDS တွင် ခွဲခြားဆက်ဆံမှုဖြစ်ရခြင်း၏ အဓိကအခြေခံအကြောင်းတရားများကို လေ့လာကြည့်လျှင် သတင်းအချက်အလက်အလွယ်တကူနှင့် မှန်မှန်ကန်ကန်မရခြင်း၊ မသိနားမလည်ခြင်း၊ မိမိတွင်ရှိသောအသိကို ပုံသေမှတ်သားထားခြင်း၊ အထင်နှင့်ဆုံးဖြတ်ခြင်း၊ ဘာသာရေး၊ ယဉ်ကျေးမှုနှင့်ပတ်ဝန်းကျင်တို့၏ သင်ကြားပုံသွင်းမှုတွင် ခေါက်ရိုးကျိုးနေခြင်းများဖြစ်သည်။ ယင်းအချက်တို့ကို အခြေခံကာ အကြောက်တရားဝင်၍လာသည်။ ထို့နောက် HIV ပိုး ကူးစက်ခံထားရသူကို ခွဲခြားခြင်း၊ နှိမ့်ချခြင်းများ ပြုလုပ်တော့သည်။ ခွဲခြားခံရသူမှာလည်း လူသားတစ်ယောက်၏ ခံစားခွင့်၊ ရပိုင်ခွင့်များဆုံးရှုံးကာ ရေရှည်တွင် HIV/AIDS ပိုးကူးစက်ပြန့်ပွားမှုကို ပို၍ဖြစ်ပေါ်လာစေသည်။

"ကျွန်တော်တို့လူငယ်ဘဝတုန်းက ဖိုမဆက်ဆံရေးစာအုပ်ကိုဖတ်တဲ့အခါ လူကြီးတွေသိမှာစိုးလို့ သေတ္တာအောက်ထိုးရ၊ ဖျာအောက်ဝှက်ရ၊ ခေါင်းအုံးအောက်ထားရနဲ့ အရမ်းကြောက်ရတယ်။ အမှန်က ဒီအကြောင်းတွေကို သိထားသင့်တယ်။ ကလေးတွေသိလာအောင်ကို လူကြီးတွေက ပေးဖတ်သင့်တယ်" ဟု လိင်ကိစ္စနှင့်ပတ်သက်၍ မြန်မာ့လူ့အဖွဲ့အစည်းအတွင်း ဖြစ်လေ့ရှိသော အလေ့အထတစ်ခုကို လှိုင် (Peer) က ရှင်းပြသည်။

အတိအကျပြဋ္ဌာန်းထားသော ဥပဒေမရှိသော်လည်း ရှေးအစဉ်အဆက်ကျင့်ဝတ်သဖွယ် ထိန်းသိမ်းလာသည့် ကိစ္စရပ်များသည် လူ့အဖွဲ့အစည်းတွင် ယဉ်ကျေးမှုအသွင်ဖြစ်တည်လျက်ရှိရာ မြန်မာ့လူ့အဖွဲ့အစည်းတွင်လည်း လိင်ကိစ္စနှင့်ပတ်သက်၍ ဆတ်ဆတ်ထိမခံ အတွေးအခေါ်များ ရှိ၍နေသည်။ လိုအပ်သည်ထက် ပိုမိုလွန်ကျူးစွာ အယူသီးနေမှုများကြောင့်လည်း မြန်မာ့လူ့အဖွဲ့အစည်းတွင် လိင်ကိစ္စသည် နာမည်ဆိုးတစ်ခုသဖွယ် ဖြစ်၍နေသည်။

"ကျောင်းနေအရွယ်ကလေးတွေကို လိင်ကိစ္စအကြောင်း အသိမပေးတာမျိုးတွေရှိတယ်။ သူတို့ ဒီအကြောင်းတွေကို သိရင် လိင်ကိစ္စကို စိတ်ဝင်စားသွားလိမ့်မယ်လို့ ပြောကြတယ်။ သုတေသနပညာရှင်တွေရဲ့ စမ်းသပ်ချက်အရ စာပဲသင်တဲ့ကျောင်းသားနဲ့ စာလည်းသင်၊ လိင်ကိစ္စလည်းသင်ရတဲ့ ကျောင်းသားတွေရဲ့ လိင်ကိစ္စစိတ်ဝင်စားမှု



www.foreverspace.com.mm

အချိန်ဟာအတူတူပဲ။ လိင်ကိစ္စအကြောင်း သိတဲ့ကျောင်းသားကတောင် စိတ်ဝင်စားတာနောက်ကျနေသေးတယ်။ အဲဒီတော့ လူတိုင်းလိင်ကိစ္စနဲ့ကင်းတဲ့သူမရှိဘူး။ အယူအဆအစွဲအလမ်းတွေက အရမ်းကြီးလို့မရဘူး။ ဘယ်အရာက အန္တရာယ်ရှိတယ်၊ မရှိဘူးဆိုတာကို သိထားဖို့လိုအပ်တယ်” ဟု ဒေါက်တာစစ်နိုင်က ပြောကြားသည်။

ယင်းကဲ့သို့ ဘာသာရေး၊ ယဉ်ကျေးမှုနှင့် လူ့အဖွဲ့အစည်း၏ အယူအဆများက လိင်ကိစ္စနှင့်ပတ်သက်၍ အခြေခံခွဲခြားထားမှုများရှိနေရာ HIV/ AIDS ခွဲခြားဆက်ဆံမှုအတွက် တွန်းအားတစ်ခုလိုဖြစ်နေသည်။ လူကြီးမိဘအဆက်ဆက်သည် ကလေးလူငယ်များကို လိင်ကိစ္စနှင့်ပတ်သက်၍ သိခွင့်မပေး။ အပြစ်တစ်ခုသဖွယ်သာ မြင်ထားသည်။ ထို့ကြောင့် လိင်ကိစ္စနှင့်ပတ်သက်၍ ခြေခြေမြစ်မြစ်မသိတော့ဘဲ တစ်သက်လုံးမကောင်းသည့်အရာတစ်ခုသဖွယ်ရှုမြင်တော့သည်။ ယင်းနှင့်ဆက်စပ်သည့်အရာများကိုလည်း မကောင်းမှုဟု ယူဆလာသည်။

“HIV/AIDS ပိုးကူးစက်တယ်ဆိုတာ လိင်ဆက်ဆံလို့ကူးတာရှိတယ်။ သွေးသွင်းတာ၊ ဆေးထိုးအပ်ကကူးတာ၊ မိဘကတစ်ဆင့် သားသမီးကိုကူးတာ။ ဒီနည်းတွေနဲ့ကူးနိုင်တာ။ ဒါပေမဲ့ ပတ်ဝန်းကျင်ကကျွန်တော်တို့ကိုကြည့်ရင် မကောင်းတဲ့အကောင်တွေလိုမျိုးကြည့်တာ” ဟု HIV ပိုးကူးစက်ခံထားရသူများအား လူ့ပတ်ဝန်းကျင်က ဆက်ဆံသည့်အပြုအမူတစ်ခုကို ကိုအောင်မျိုးသန့်က ပြောပြသည်။

HIV ပိုးမရှိသည့်သာမန်လူများအနေဖြင့်လည်း HIV/AIDS ကိစ္စများကို မိမိနှင့်မသက်ဆိုင်သလိုနေ၍မရ။ မိမိထံသို့အချိန်မရွေးရောက်လာနိုင်သည်။ မိမိနှင့်မပတ်သက်၊ မသက်ဆိုင်ဟုဆိုကာ HIV ပိုးရှိနေသူကို ခွဲခြားဆက်ဆံနေမည်ဆိုပါက HIV/AIDS ပိုးကူးစက်ပြန့်ပွားမှုကို အားပေးရာရောက်၍နေသည်။

“တစ်ခါက ရန်ကုန်–လားရှိုး ကုန်ကားမောင်းတဲ့လူတစ်ယောက်က မန္တလေးဘက်က အမျိုးသမီးတစ်ယောက်ကို မယားငယ်သဘောမျိုးနေပြီး လားရှိုးမှာထားတယ်။ နောက်ပိုင်း အဲဒီလူက AIDS နဲ့ဆုံးတော့ အမျိုးသမီးကတစ်ယောက်တည်းကျန်ခဲ့ရော။ ဒီယောကျ်ားမှာ မိန်းမကြီးရှိတာကိုလည်း သူသိသွားတယ်။ နောက်ပြီး သူ့မှာလည်း HIV ပိုးကူးစက်ခံလိုက်ရတယ်။ အဲဒီတော့ စိတ်နာပြီး ကုန်ကားမောင်းတဲ့သူတွေနဲ့အတူအိပ်ရော။ မနက်ဆိုရင် သူ့ရဲ့ဆေးစစ်ချက် လက်မှတ်ကိုထုတ်ပြတယ်။ အဲဒီလိုလုပ်တာ အယောက် ၇၀ လောက် HIV ပိုးကူးစက်ခံရတယ်လို့သိရ



www.foreverspace.com.mm





တယ်”ဟု HIV/AIDS ဝေဒနာရှင်များအတွက် လူမှုရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေသည့် ရတနာ့မေတ္တာအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆွေက ရှင်းပြသည်။

“အမျိုးသမီးတစ်ယောက် အင်္ကျီချုပ်တဲ့ဆိုင်လေးဖွင့်ပြီးအလုပ်လုပ်နေတာ တစ်ရက်ကျတော့သူ့မှာ HIV ပိုးရှိတယ်ဆိုတာရပ်ကွက်ကသိရော။ သူ့ဆီမှာ အင်္ကျီချုပ်နေတဲ့လူတွေက အဲဒီနောက်ပိုင်း သူ့ဆီကို မလာတော့ဘူး။ သူအလုပ်လက်မဲ့ဖြစ်သွားတာပေါ့။ အဲဒီတော့ တခြားဘာလုပ်စရာရှိမလဲ။ ကြုံရာအလုပ်လုပ်တော့ ဒုက္ခရောက်တာပေါ့။ နောက်တစ်ခုက HIV ဖြစ်နေတဲ့သူ မြို့ထဲကဆေးခန်းတွေလိုက်ပြတယ်။ ဟိုဆေးခန်းက ဒါတွေမကုဘူး။ ဒီဆေးခန်းက ဆေးမရှိဘူး။ နောက်ပြီး ဆေးခန်းမပြနိုင်အောင် ဈေးတွေစွတ်တင်တာ။ အဲဒီတော့ ဒီလူက မြို့မှာမကုရတော့ တောပြန်ကုတာပေါ့။ ဟိုမှာအပ်ပုန်း (ရမ်းကု) မိရော။ သူ့ကိုထိုးတဲ့အပ်တစ်ချောင်းကို တခြားသူတွေပါအထိုးခံရတော့ ပိုးတွေပြန့်ပြီပေါ့” ဟု HIV ပိုးကူးစက်ခံထားရသူကို ခွဲခြားဆက်ဆံလိုက်ခြင်း၏ အကျိုးဆက်များကို ဒေါက်တာစစ်နိုင်က ရှင်းပြသည်။

အထက်ပါကိစ္စရပ်များသည် မသိနားမလည်မှုကိုအခြေခံ၍ ဖြစ်ပေါ်လာသော ခွဲခြားဆက်ဆံမှုများပင်ဖြစ်သည်။ ထို့ပြင် ကာယကံရှင်၏ ပင်ကိုယ်အခြေခံဗဟုသုတနှင့် ကိုယ်ရည်ကိုယ်သွေးလိုအပ်ချက်များကြောင့်ဖြစ်ပေါ်လာသော နောက်ဆက်တွဲဆိုးကျိုးများလည်း ဖြစ်သည်။

“အိမ်ထောင်မပြုခင် ရည်းစားဘဝကတည်းက သူ့မှာ ပိုးကူးစက်ခံထားရတာ။ သူက ကျွန်မကိုလက်မထပ်ဖို့ပြောတယ်။ ဘာဖြစ်လို့လဲမေးတော့ သွေးကင်ဆာဖြစ်နေလို့ဆိုပြီးညာတာပေါ့။ ကျွန်မစုံစမ်းကြည့်တော့မှ သူ့မှာ HIV ပိုးကူးစက်ခံထားရမှန်းသိတာ။ ပထမတော့ ဒေါသထွက်မိတယ်။ နောက်တော့ ကျွန်မကိုယ်တိုင်က သူ့ကိုလက်မခံတော့ဘူးဆိုရင် ဘယ်သူကလက်ခံမလဲ။ သူ့ဘဝက ဒီထက်ဆိုးသွားမှာ။ အဲဒါနဲ့ ကျွန်မသူ့ကိုလက်ထပ်လိုက်တာ။ အခုသူကတော့ ဆေးသောက်ပြီးကျန်းမာနေပါတယ်။ ကျွန်မမှာတော့ ပိုးမရှိသေးပါဘူး” ဟု ရတနာ့မေတ္တာအဖွဲ့တွင် ဝင်ရောက်လုပ်ကိုင်နေသည့် အသက် ၃၀ အရွယ်အမျိုးသမီးက ဆိုသည်။

HIV ပိုးရှိသူကို အများစုက ခွဲခြားဆက်ဆံနေသည့်အချိန်တွင် အထက်ပါအမျိုးသမီးကဲ့သို့စိတ်ထားရှိသူတွေ လူ့အဖွဲ့အစည်းတွင် များစွာရှိလာဖို့လိုအပ်သည်။ HIV/ AIDS နှင့်ပတ်သက်သည့် အခြေခံဗဟုသုတများကိုသိပြီး တစ်ဦးကိုတစ်ဦး မေတ္တာစိတ်ဖြင့် ရှုမြင်ဆက်ဆံကြမည်ဆိုပါက HIV/AIDS ခွဲခြားဆက်ဆံမှုလျော့ပါးသွားနိုင်မည် ဖြစ်သည်။

ကိုအောင်မျိုးသန့်သည် HIV ပိုးကို မျှော်လင့်မထားသောနေရာမှ ကူးစက်ခံခဲ့ရသည်။ HIV ပိုးကူးစက်ခံခဲ့ရခြင်းကြောင့် မိမိဘဝဆုံးရှုံးပြီဟုလည်းထင်မှတ်ခဲ့သည်။ စိတ်ဓာတ်ကျဆင်းမှုများကြောင့်လည်း နေ့စဉ်အကြိမ်ကြိမ်ငိုကြွေးခဲ့ရသည်။ ယင်းသို့သောအခြေအနေမှ ကိုအောင်မျိုးသန့်သည် မိမိဘဝကိုပြန်လည်မွေးဖွားကာ ဆက်လက်အသက်ရှင်သန်ခဲ့သည်။ လက်ရှိတွင် မိမိနှင့် ဘဝတူများကိုလည်း ကူညီလျက်ရှိသည်။ သူသည် HIV/AIDS နှင့်ပတ်သက်သည့် အသိပညာပေးကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ဆောင်ရွက်နေသည့် MPG (Myanmar Positive Group) အဖွဲ့တွင် စီမံချက်အရာရှိအဖြစ်လည်း ဆောင်ရွက်နေသည်။ သူ့ဘဝကိုလည်း သည်အလုပ်ထဲတွင်သာ နစ်မြုပ်ထားတော့မည်ဟု ဆုံးဖြတ်ထားပြီး ဖြစ်သည်။

၎င်းဆက်လက်ရှင်သန်နေထိုင်သွားမည့်ဘဝပုံစံကို ကိုအောင်မျိုးသန့်က ယခုကဲ့သို့ ပြောပြသည်။

“အခု ကျွန်တော် ကိုယ့်လိုဘဝတူတွေကိုကူညီတဲ့ လုပ်ငန်းတွေလုပ်နေတယ်။ နောက်ပြီး လူငယ်တွေကိုလည်း ကိုယ့်လိုမဖြစ်အောင်ပြောပြတယ်။ ကိုယ်ကိုယ်တိုင်လည်း ရှက်တဲ့စိတ်၊ ကြောက်တဲ့စိတ်တွေမရှိတော့သလို တခြားဘဝတူတွေကိုလည်း လွတ်လွတ်လပ်လပ်နဲ့ Free From Fear ဖြစ်စေချင်တယ်။ ကျွန်တော်ဒီလုပ်ငန်းတွေပဲဆက်ပြီးလုပ်သွားမှာ။ ကိုယ့်ကြောင့် HIV ပိုးကူးစက်ခံရသူတွေ ကျန်းမာလာတယ်ဆိုရင် ကျွန်တော်သေပျော်ပြီ”

**ကျော်ဇေယျာထွန်း ၊ ဖြိုးဝေစိုး**

www.foreverspace.com.mm





# ရန်ကုန် ကုန်စည်ဈေးကွက်

နိုင်မင်းဝေ ၊ ဇာလီကျော်

## ဘုရင့်နောင် ကုန်စည်ဈေးကွက်

တရုတ်နှစ်သစ်ကူးပြီးနောက် အရောင်းအဝယ်ကောင်းမွန်မည်ဟု မျှော်မှန်းထားသော်လည်း ပိတ်ရက်များ တိုက်ဆိုင်ပြီး အရောင်းအဝယ် ထင်သလောက်တက်မလာကြောင်း၊ ကြက်သွန်ဖြူအသစ်များ ပေါပေါများများ ဝင်ရောက်လျက်ရှိပြီး ကြက်သွန်နီမှာမူ ပြီးခဲ့သည့်လကထက် သိသိသာသာ ဈေးနှုန်းကျဆင်းလာကြောင်းနှင့် ငရုတ်သီးဈေးနှုန်းမှာလည်း ဆက်လက်ကျဆင်းနိုင်ကြောင်း စားဖိုဆောင်သီးနှံရောင်းဝယ်ရေးလုပ်ငန်းရှင်များထံမှ သိရှိရသည်။

ဆန်ချောဈေးနှုန်းသည် တစ်အိတ်ကျပ် ၂,၀၀၀ ခန့် ဈေးမြင့်လာပြီး ပြည်ပပို့ကုန်ပဲမျိုးစုံမှာမူ ပြည်ပဈေးထက် ပြည်တွင်းပေါက်ဈေးက ပိုမိုနေကြောင်း၊ စားအုန်းဆီမှာမူ အပြောင်းအလဲနည်းပါးစွာဖြင့် ဈေးငြိမ်နေကြောင်း အဆိုပါကုန်စည်များ လက်ကားရောင်းဝယ်သူ ကုန်သည်ကြီးများက ပြောကြားသည်။

ထူးခြားသောမြင်ကွင်းတစ်ရပ်မှာ ကြက်သွန်ဖြူများကို တစ်လမ်းလုံးဖြူဖွေးစွာမြင်နေရသည်အထိ နေထုတ်လှန်းနေသည့်မြင်ကွင်းဖြစ်ပြီး ကြက်သွန်နီကားများကိုလည်း လက်ညှိုးထိုးမလွဲတွေ့မြင်နေရသည်။

ကျားနှစ်သို့အဝင် နှစ်သစ်ကူး၌ ခြသေ့်အက၊ နဂါးအက၊ တိုးနရားအက

www.foreverspace.com.mm



များ ယခင်နှစ်လောက် မတွေ့ရသော်လည်း ပွဲရုံလုပ်ငန်းရှင်အများစုကမူ ကျားဟိန်းသံနှင့်အတူ အရောင်းအဝယ်များ ပွင့်လန်းလာမည်ဟု မျှော်လင့်ထားကြသည်။

ရင်းနှီးမြှုပ်နှံမှုအချို့အတွက် အပေါင်းလက္ခဏာဆောင်နိုင်ဖွယ်ရှိပြီး ကုန်စည်အချို့ ဈေးမော့နေဦးမည်ဟု ယုံကြည်မျှော်လင့်လျက်ရှိကြောင်း၊ ဆန်နှင့်ပဲမျိုးစုံတို့မှာလည်း အကန့်အသတ်နှင့် တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း ပွဲရုံလုပ်ငန်းရှင်များက သုံးသပ်လျက် ရှိကြသည်။

## ဆန်ချော ဈေးမြင့်

"ဖေဖော်ဝါရီလနောက်ဆုံးပတ်က စပြီး ဒိုင်မှာ ရွှေဘိုပေါ်ဆန်း အရောင်းအဝယ်မလုပ်ဖို့ သတိပေးထားတယ်" ဟု ၎င်းက ဆိုသည်။ ဆန်ဟောင်းများ ပြတ်သွား၍ ဆန်သစ်များသာရှိတော့ကြောင်း၊ ပေါ်ဆန်းစပါး တင်း ၁၀၀ လျှင် ကျပ်ခုနစ်သိန်းခန့်၊ စပါးအကြမ်း တင်း ၁၀၀ လျှင် လေးသိန်းနှစ်သောင်း၊ လေးသိန်းသုံးသောင်းကျပ်ခန့်ပေါက်ဈေးရှိပြီး ဆန်ချောဈေးတက်၍ စပါးဈေးလိုက်ပါမြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း၊ ရေကျသွားချိန်တွင် နောက်စိုက်ပျိုးသောစပါးများပေါ်နေပြီး နွေစပါးများပေါ်လာလျှင်မူ ဆန်ဈေးတစ်ကြိမ်ခန့် ပြန်လည်ကျဆင်းနိုင်ကြောင်း ဆန်ဈေးကွက်ကျွမ်းကျင်သူတစ်ဦးက ခန့်မှန်းပြောကြားသည်။

## ကြက်သွန်ဖြူ အသစ်ဝင်

ဖေဖော်ဝါရီလအတွင်း ကြက်သွန်ဖြူအသစ်များ ပေါပေါများများဝင်ရောက်လာမှုကြောင့် ကြက်သွန်ဖြူတစ်ပိဿာလျှင် ကျပ် ၁,၀၀၀ ခန့် ပြန်လည်ကျဆင်းလာသည်။ ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလက ကြက်သွန်ဖြူတစ်ပိဿာ ၂,၄၀၀၊ ၂,၅၀၀ ကျပ်ခန့် အမြင့်ဆုံးရှိသော်လည်း နောက်ပိုင်းတွင် တစ်ပိဿာ ကျပ် ၄၀၀၀ ကျော် အထိဈေးမြင့်ခဲ့သဖြင့် ဖော်ရမည့်အချိန်ထက် တစ်လခန့်စောဖော်ပြီး ရန်ကုန်သို့ တင်ပို့လျက်ရှိသည်။ ပုံမှန်ထက်စော၍ ဖော်သဖြင့် ကြက်သွန်ဖြူသည် အစိုဓာတ်များ၍ နေပြန်လှန်းနေသည်ကို တွေ့ရသည်။ ဘုရင့်နောင်သို့ ကြက်သွန်ဖြူအိတ် ပျမ်းမျှ ၃၀၀ ခန့် နေ့စဉ်ဝင်ရောက်လျက်ရှိပြီး ရှမ်းပြည်နယ်တောင်ပိုင်းမှသာမက ပခုက္ကူနှင့် မြင်းခြံမှလည်း ဝင်ရောက်လျက်ရှိသည်ကို တွေ့ရသည်။ ကြက်သွန်ဖြူအသေးတစ်ပိဿာ ၂,၁၀၀၊ ၂,၃၀၀၊ ၂,၅၀၀ ကျပ်ခန့်အထိ ရှိကြောင်း အောင်သပြေလမ်းမှ စားဖိုဆောင်သီးနှံရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

## အိတ်စ်ပို့မျှော် ကြက်သွန်နီ

ယခုနှစ်တွင် ကြက်သွန်ဖြူဈေးမြင့်သကဲ့သို့ ကြက်သွန်နီလည်း ဈေးမြင့်နေရာမှ အသစ်ပေါ်ချိန်တွင် ဈေးပြန်လည်ကျဆင်းလာသည်။ ဘုရင့်နောင်သို့ ဖေဖော်ဝါရီလအတွင်း အချို့ရက်များ၌ ကြက်သွန်ကား ၄၅ စီးအထိ (ကားတစ်စီးကို ပိဿာချိန် ၁၀,၀၀၀၊ ၁၅,၀၀၀ ပါ) ဝင်ရောက်လျက်ရှိပြီး ကြက်သွန်နီအနိမ့် တစ်ပိဿာ ၂၁၅ ကျပ်၊ အမြင့်တစ်ပိဿာ ၃၇၀ ကျပ်ခန့်ရှိပြီး ဂွန် (အကြီးအသေးရော) တစ်ပိဿာ ၃၅၀ ကျပ်ခန့်ရှိကြောင်း၊ ယခုနှစ်ရာသီဥတုသည် ကြက်သွန်နီအထွက်များပြီး ပိုလျှံနေသဖြင့် ထုတ်လုပ်မှုစရိတ်အောက်ရောက်သည်အထိ ကျဆင်းနိုင်သဖြင့် ကြက်သွန်နီရောင်းဝယ်သူအများစုပုံမှန်ကုန်သွယ်ရေးမှသာမက နယ်စပ်ကုန်သွယ်ရေးကပါ ရောင်းချနိုင်ရေးအတွက် မျှော်လင့်လျက်ရှိကြောင်း စားဖိုဆောင်သီးနှံရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

## မြစ်ဝ ငရုတ်

လောလောဆယ်တွင် ဆင်ဖြူကျွန်းငရုတ်များ ဝင်ရောက်လျက်ရှိပြီး လကုန်ပြီးလျှင် မြစ်ဝကျွန်းပေါ်ငရုတ်များ လှိုင်လှိုင်ဝင်လာရန်ရှိသည်။ အိန္ဒိယမှ အရည်အသွေးကောင်းငရုတ် (ပိုမိုခြောက်သွေ့ပြီး အရောင်လှ) ခြောက်ပိဿာဝင်အိတ်ငယ်များဝင်နေသဖြင့် အရင်းအနှီးနည်းနည်းဖြင့် ပြန်ရောင်းနိုင်ပြီး ပိဿာ ၂၀ ဝင် မြန်မာငရုတ်သီးအိတ်များထက် ပိုမိုအရောင်းသွက်ကြောင်း၊ ငရုတ်ရှည် တစ်ပိဿာ ၂၀၀၀၊ ၂၂၀၀ ကျပ်ခန့်ရှိပြီး ငရုတ်အပု



၂၅၀၀ မှ ၅၅၀၀ ခန့်အထိရှိပြီး ငရုပ်ရှည်သည် ပြီးခဲ့သည့်လကဈေးနှုန်းဖြင့် နှိုင်းယှဉ်လျှင် တစ်ပိဿာ ၂၀၀၀ ကျပ်ခန့် ကျဆင်းလာကြောင်း စားဖိုဆောင်သီးနှံဈေးကွက်အတွင်းမှ သိရှိရသည်။

## အာလူးလည်း အေး

ဆင်ဖြူကျွန်းမှ ငရုတ်သီးများနှင့်အတူ အာလူးများပါ ပေါပေါများများ ဝင်ရောက်နေပြီး တစ်ရက်လျှင် ကုန်တင်ကားရှစ်စီးမှ ၁၀ စီးကြား (စုစုပေါင်း အာလူးပိဿာတစ်သောင်း) ခန့် နေ့စဉ်ဝင်ရောက်လျက်ရှိသောကြောင့် ဈေးနှုန်းများလည်းကျဆင်းလာကြောင်း၊ ပြီးခဲ့သည့်လကထက် တစ်ပိဿာ ၁၀၀ ကျပ်ခန့်ကျဆင်းလာပြီး လက်ရှိအာလူးအနိမ့် တစ်ပိဿာ ၅၈၀၊ အမြင့်တစ်ပိဿာ ၆၈၀ ကျပ်ခန့်ရှိကြောင်း စားဖိုဆောင်သီးနှံဈေးကွက်အတွင်းမှ သိရသည်။

## ပြည်ပကဝယ်တဲ့ မန်ကျည်း

ကာလအတန်ကြာ ပြည်ပဝယ်လက်ပျောက်နေရာမှ ယခုနှစ်တွင် မလေးရှား၊ အင်ဒိုနီးရှား၊ ပါကစ္စတန်နိုင်ငံများမှ အဝယ်တော်များ၏ ဝယ်လိုအားကြောင့် ပြီးခဲ့သည့်နှစ်ကထက် မန်ကျည်းသီးဈေး ထက်ဝက်ကျော်ခန့် ဈေးမြင့်နေသည်။ ၂၀၀၉ ခုနှစ်ဖေဖော်ဝါရီလက မန်ကျည်းအသား တစ်ပိဿာ ၅၀၀၊ ၅၅၀ ကျပ်ရှိရာမှ ယခုနှစ်ဖေဖော်ဝါရီလတွင် တစ်ပိဿာ ၁၀၀၀၊ ၁၁၅၀ ကျပ်ခန့်ရှိကြောင်း၊ မန်ကျည်းသီးအဓိကထွက်ရှိရာ မြေလတ်ပိုင်းဒေသနှင့်အထက်အညာဒေသများ၌ မန်ကျည်းပင်များ အပွင့်ပွင့်ချိန်တွင် ရာသီဥတုပူပြင်းပြီး ငလျင်ငယ်များမကြာခဏလှုပ်ခတ်မှုကြောင့် မန်ကျည်းသီးအထွက်နှုန်း သုံးပုံတစ်ပုံခန့် လျော့ကျခဲ့ကြောင်း၊ မန်ကျည်း FOB တစ်တန် အမေရိကန်ဒေါ်လာ ၂၈၀ ခန့်၊ ပါကစ္စတန်နိုင်ငံ၏ CIF တစ်တန် အမေရိကန်ဒေါ်လာ ၃၃၀ ခန့်ရှိကြောင်း ပြည်ပသို့ မန်ကျည်းသီးတင်ပို့ရောင်းချနေသူတစ်ဦးက ပြောကြားသည်။



## ပြည်တွင်းပဲ ဈေးမြင့်

ပြည်ပပို့ကုန်ပဲမျိုးစုံဈေးကွက်သို့ ပဲအသစ်များ ဝင်ရောက်လျက်ရှိပြီး လက်ရှိပြည်တွင်းပေါက်ဈေးသည် ပြည်ပဈေးထက် မြင့်နေသည်။ ပြည်တွင်းဝယ်လက်ကြီးများအနေဖြင့် ပြည်ပမှ ပဲအမှာမရှိ၍ ပဲကို ထိန်းပြီးဝယ်နေသည်ကိုတွေ့ရပြီး တရုတ်နှစ်သစ်ကူး၊ ပြည်ထောင်စုနေ့၊ တပေါင်းလပြည့်နေ့ကဲ့သို့ ဒိုင်ပိတ်ရက်များ ထပ်နေသဖြင့် ပဲအရောင်းအဝယ်မှာ ပြီးခဲ့သည့်လကထက် အေးနေခဲ့သည်ကို တွေ့ရသည်။

ပဲသစ်များပေါ်ချိန်တွင် ယခင်နှစ်ကထက် ဖွင့်ဈေးမြင့်နေပြီး ယခုလက်ရှိပေါက်ဈေးများကို အိန္ဒိယကုန်သည်ကြီးများကြိုက်နှစ်သက်ခြင်းမရှိသဖြင့် ဝယ်လိုအားလျော့ကျနေသည်ကိုလည်း တွေ့ရသည်။

ဖေဖော်ဝါရီလနောက်ဆုံးပတ်တွင် SQRC မတ်ပဲတစ်တန်ကို အမေရိကန်ဒေါ်လာ ၈၃၀၊ ၈၄၀ ခန့်ရှိပြီး မတ်ပဲ RC တစ်



www.foreverspace.com.mm

www.foreverspace.com.mm





တန်ကို အမေရိကန်ဒေါ်လာ ၇၃၀ မှ ၇၄၀ ခန့်ပေါက်ဈေးရှိပြီး ပြည်တွင်းဈေးမှာ SQRC တစ်တန် ရှစ်သိန်းတစ်သောင်းငါး ထောင်ကျပ်၊ RC တစ်တန် ခုနစ်သိန်း သုံးသောင်းတစ်ထောင်ကျပ်ခန့်၊ ပဲစင်းငုံနီ တစ်တန်ရှစ်သိန်းငါးသောင်းငါးထောင် ကျပ်ခန့်၊ ပဲတီစိမ်းရွှေဝါ တစ်တန် ၁,၀၃၅ ,၀၀၀ ကျပ်ခန့်ရှိပြီး ပြီးခဲ့သည့်နှစ် ယခုလိုအချိန်တွင် မတ်ပဲတစ်တန် ပြည်ပ ပေါက်ဈေး အမေရိကန်ဒေါ်လာ ၅၀၀ ခန့် သာရှိကြောင်း ကုန်စည်ဒိုင်အရောင်းအဝယ် စာရင်းများအရ သိရှိရသည်။

## စားအုန်းဆီ ဈေးအေး

ဆီကြိတ်ကုန်ကြမ်း မြေပဲဆန်များ ဈေးမြင့်နေမှုကြောင့် ပဲဆီတစ်ပိဿာလျှင် ကျပ် ၃၀၀ ခန့် ဈေးမြင့်ခဲ့သော်လည်း အခြေခံလူတန်းစားများစားသုံးသည့် စားအုန်းဆီဈေးနှုန်းမှာမူ အပြောင်းအလဲနည်း ပါးစွာဖြင့် တည်ငြိမ်နေသည်ဟု ငုဝါလမ်းမှ ဆီရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

အစဉ်အလာအားဖြင့် နှစ်စဉ်နှစ်တိုင်း တရုတ်နှစ်သစ်ကူးကာလတွင် စားအုန်းဆီ ဈေးနှုန်းများအမြင့်သို့ ပြောင်းလဲလေ့ရှိသော်လည်း ယခုနှစ်တွင်မူ ပြောင်းလဲမှုမရှိဘဲ ဖေဖော်ဝါရီလဆန်းက တစ်ပိဿာလျှင် ၁,၇၈၀ ကျပ်ဖြင့် စခဲ့သော စားအုန်းဆီဈေး နှုန်းသည် ဖေဖော်ဝါရီလနောက်ဆုံးပတ် တွင် တစ်ပိဿာ ၁,၇၃၅ ကျပ်ဖြင့် ဈေးပိတ် ခဲ့ကြောင်း၊ ဆီကိုယ်စားလှယ်များ၏ ဘဏ် သွင်းဈေးမှာလည်း တစ်ပိဿာ ၁,၅၁၄ ကျပ်မှ ၁,၅၆၀ ကျပ်သို့ တစ်ကြိမ်သာ ပြောင်းလဲခဲ့၍ ဖေဖော်ဝါရီတစ်လလုံးအနေ ဖြင့် စားအုန်းဆီဈေးနှုန်းမှာ တည်ငြိမ် လျက်ရှိကြောင်း၊ တစ်လလုံးတွင်မှ ၂၈ ရက်သာရှိသည့်အနက် တရုတ်နှစ်သစ်ကူး အပါအဝင် ပိတ်ရက်များမှာ ၁၀ ရက် ကျော်ခန့်ရှိသဖြင့် ဖေဖော်ဝါရီတစ်လလုံး၏ ရောင်းအားမှာလည်း ကျဆင်းခဲ့ကြောင်း၊ ဖေဖော်ဝါရီလ နောက်ဆုံးအပတ်အတွင်း နယ်တွင် မြေပဲဆန် တစ်ပိဿာ ၁,၅၀၀ ကျပ်အထိ ဖြစ်လာသဖြင့် ပဲဆီ တစ်ပိဿာ လျှင် ၃,၁၀၀ ကျပ်မှ ၃,၄၀၀ ကျပ်သို့ ပြောင်းလဲခဲ့ကြောင်း ဆီဈေးကွက်အတွင်းမှ သိရှိရသည်။

## ခေါက်ရေများမှ တွက်ခြေကိုက်

ပွင့်လင်းရာသီကုန်စည်ရရှိမှု များပြား လာပြီး တန်ဆာခအချို့ ဈေးမြင့်လာချိန် တွင် ကုန်ကားများအနေဖြင့် ခေါက်ရေများ များပြေး၍ တွက်ခြေကိုက်အောင် ကြိုးစား ပြေးဆွဲနေရကြောင်း၊ ၂၀၀၉ ခုနှစ် ဒီဇင်ဘာ လက ရန်ကုန်-မန္တလေးကုန်အကျစ် တန် ဆာခမှာ တစ်တန် ကျပ် ၃၀,၀၀၀ ခန့်ရှိ သော်လည်း ယခုဖေဖော်ဝါရီလတွင် တစ် တန်လျှင် ၂၇,၀၀၀ ကျပ်ခန့်သာရှိတော့



www.foreverspace.com.mm

ကြောင်း၊ ၁၂ ဘီးကုန်တင်ယာဉ်တစ်စီးလျှင် ကုန်တန်ချိန် ၄၀ (၂၄,၀၀၀ ပိဿာ) တင်ဆောင်ရပြီး တန်ဆာခ ၁၁ သိန်းသာရရှိသော်လည်း ဖရဲသီးတင်လျှင်မူ ၁၃ သိန်းအထိရရှိကြောင်း၊ ယခုလတွင် ဘိလပ်မြေဈေးမြင့်တက်လာမှုကြောင့် နယ်ကုန်သည်များ အမှာနည်း၍ တန်ဆာခများကျဆင်းလာပြီး ကုန်ထက် ဖရဲသီးတင်ပို့မှုပိုများကြောင်း၊ ရန်ကုန်–မန္တလေးကားခဈေးငြိမ်နေသော်လည်း ပုသိမ်–ရန်ကုန်တန်ဆာခများ မြင့်တက်လာကြောင်း၊ ပုသိမ်မှ ရန်ကုန်သို့ ပြေးခဲ့သည့်နှစ် မေလက ဆန်တစ်အိတ် တန်ဆာခ ၂၅၀ ကျပ်ခန့်သာရသော်လည်း ယခုအခါ ဆန်တစ်အိတ် ၆၅၀ ကျပ်ခန့် ရကြောင်း၊ ရန်ကုန်မှ ပုသိမ်သို့ ဘိလပ်မြေအိတ်၊ ဓာတ်မြေဩဇာအိတ် တစ်အိတ်လျှင် ကျပ် ၅၀၀ ခန့်ရကြောင်း ကုန်စည်ပို့ဆောင်ရေးဂိတ်များထံမှ သိရှိရသည်။

တရုတ်ရာသီခွင်တွင် 'ကျား' ကို မီး၏မိခင်ဟု ရှုမြင်ကြသည်။ မီးသည် စီးပွားရေးအတွက်ကောင်းမွန်လာမည့် နိမိတ်လက္ခဏာအဖြစ် ဖုန်းရွှေပညာရှင်များက တွက်ချက်ထားကြသည်။

မြန်မာနိုင်ငံတွင်လည်း ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲမတိုင်မီ အခြေခံအဆောက်အဦ၊ ဝန်ဆောင်မှုအချို့ကို ပုဂ္ဂလိကသို့ လွှဲပြောင်းလုပ်ကိုင်ခွင့်ပြုလျက်ရှိသည်။ အထူးသဖြင့် မော်တော်ယာဉ်တင်သွင်းခွင့်များ ဖြေလျှော့ပေးမှုကြောင့် ကားဈေးနှုန်းများကျဆင်းလာရုံသာမက မလိုအပ်သည့် ကုန်ကျစရိတ်များ လျော့နည်းလာပြီး ရင်းနှီးမြှုပ်နှံမှုအသစ်များ ဖြစ်ထွန်းလာဖွယ်ရှိသည်။

ဈေးကွက်စီးပွားရေး၏ မရှိမဖြစ်အခြေခံလိုအပ်ချက်မှာ ပွင့်လင်း၍ ထင်သာမြင်သာရှိသော မူဝါဒများဖြစ်သည်။ အခြေခံအချက်နှင့် ညီညွတ်နေပါက လူအများ၏စိုးရိမ်စိတ်များကို လျော့ကျကာ ယုံကြည်မှုများတည်ဆောက်နိုင်ပါကြောင်း စီးပွားရေးပညာရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

## ညောင်ပင်လေးပလာဇာ ဈေးကွက်

ပြည်တွင်းဒေသကြီးအချို့၏ စားသောက်ကုန်ဝယ်လိုအားအများစုကို ဖြန့်ဖြူးရောင်းချရာ ညောင်ပင်လေးပလာဇာတွင် ပွင့်လင်းရာသီဖြစ်သည့်အတွက် ထုံးစံအတိုင်း အရောင်းအဝယ် အနည်းငယ်ဖြစ်ထွန်းလျက်ရှိနေသည်ကို တွေ့ရသည်။

အရောင်းအဝယ်ဖြစ်ထွန်းလာသည့်



www.foreverspace.com.mm





နည်းတူ ကုန်စည်အချို့လည်း ဈေးအနည်းငယ်မြင့်တက်သွားသည်ကို တွေ့ရသည်။

အခွန်စည်းကြပ်မှု အပြောင်းအလဲရှိနိုင်ကြောင်း သတင်းထွက်ပေါ်မှုနှင့် စားကုန်အချို့ပစ္စည်းပြတ်လပ်မှုတို့ကြောင့် ယင်းပစ္စည်းတင်သွင်းဖြန့်ဖြူးသည့်လက်ကားကုန်သည်ကြီးအချို့ ဈေးကစားခဲ့ရာ ယင်းအခြေအနေကြောင့်လည်း အချို့စားကုန်များဈေးအနည်းငယ်မြင့်နေခြင်းဖြစ်ကြောင်း ညောင်ပင်လေးပလာဇာအတွင်း စားသောက်ကုန်ရောင်းချသည့် လုပ်ငန်းရှင်အချို့က သုံးသပ်ပြောကြားသည်။

အချိုရည်အပါအဝင် စားသောက်ကုန်အချို့မှာ ယခင်ထက် ၅ ရာခိုင်နှုန်းအထိ ဈေးမြင့်သွားကြောင်း မတ်လ ၆ ရက်နေ့တွင် အဆိုပါဈေးကြီးအတွင်း စုံစမ်းသိရှိရသည်။

## ၄၀၀ လောက်ဟသွားတဲ့ အချိုရည်

အချိုရည်ဈေးကွက်တွင် ယခုလပထမပတ်အတွင်း ပြည်ပမှတင်သွင်းလာသည့် အချိုရည်တို့ကို အခွန်ကောက်ခံမည့်သတင်းများထွက်ပေါ်ခဲ့ခြင်းကြောင့် ဈေးအနည်းငယ်မြင့်တက်သွားခဲ့ကြောင်း ညောင်ပင်လေးပလာဇာပထမထပ်ရှိ ပြည်ပအချိုရည်တင်သွင်းသူအချို့က ဆိုသည်။

မတ်လ ၂ ရက်နေ့မှ စတင်၍ ပြည်ပမှဝင်ရောက်သည့် အချိုရည်များမှာ တစ်ကတ်လျှင် ကျပ် ၃၀၀ မှ ၄၀၀ ခန့်အထိ ဈေးမြင့်သွားကြောင်း၊ မတ်လ ၆ ရက်နေ့တွင် ဆန်းကစ်အချိုရည် တစ်ကတ် ၁၁,၄၀၀ ကျပ်၊ 100 Plus ၉၈၀၀ ကျပ်၊ Coke ၉၇၀၀ ကျပ် ပေါက်ဈေးအသီးသီးရှိပြီး ပြည်တွင်းထုတ် အချိုရည်များမှာမူ ဈေးနှုန်း အပြောင်းအလဲမရှိသေးကြောင်း အဆိုပါ ဈေးကွက်အတွင်းမှ သိရှိရသည်။

## Birdy ဈေးကွက် ဝေစုကျ

အသင့်ဖျော်ကော်ဖီမစ်ဈေးကွက်အတွင်းသို့ ပြည်တွင်း၊ ပြည်ပမှ တင်သွင်းသည့် ပစ္စည်းများ ပုံမှန်ဝင်ရောက်လျက်ရှိကြောင်း ညောင်ပင်လေးပလာဇာဈေးကွက်အတွင်းမှ သိရသည်။ မတ်လ ၆ ရက်နေ့ ဈေးများအရ ပြည်တွင်း၌ ဈေးကွက်ဝေစုအခိုင်အမာရရှိထားခဲ့သော ထိုင်းနိုင်ငံထုတ် Birdy အမှတ်တံဆိပ်ကော်ဖီမစ်မှာ ယခုအခါ ဈေးကွက်ဝယ်လိုအားကျဆင်းလာနေပြီး ဈေးနှုန်းများလည်း ဆက်တိုက်ကျဆင်း

www.foreverspace.com.mm

လျက်ရှိနေကြောင်း အဆိုပါဈေးကြီးအတွင်းရှိ ပြည်တွင်း၊ ပြည်ပထုတ်ကော်ဖီမစ်များ တင်သွင်းဖြန့်ဖြူးသူ လုပ်ငန်းရှင်အချို့ကဆိုသည်။

## ဆပ်ပြာသမားတို့ လန်း

သင်္ကြန်မတိုင်မီ ရာသီချိန်ရောက်လာသည့်အတွက် ဆပ်ပြာအရောင်းသွက်လာသော်လည်း နယ်ဒေသများမှ ဝယ်လက်များသည် ဒေသတွင်းရှိ ဆပ်ပြာစက်ရုံတို့မှ ဝယ်ယူရရှိနိုင်သည့်အတွက် နယ်ဝယ်လိုအား ကျဆင်းနေကြောင်း ဆပ်ပြာလုပ်ငန်းရှင်တစ်ဦးက မှတ်ချက်ပြုပြောကြားသည်။

ဆပ်ပြာအရောင်းသွက်လာသည့်အတွက် ယခင်လက ရွှေဝါဆပ်ပြာအတောင့် ၈၀ ပါတစ်ဖာလျှင် ၁၅,၅၀၀ ကျပ်ရှိခဲ့ရာမှ ယခုလဆန်းတွင် ၁၆,၀၀၀ ကျပ်သို့ မြင့်တက်လာသည်။

ထို့အတူ ပြီးခဲ့သည့်လအနည်းငယ်အတွင်း အရောင်းသွက်စာရင်းတွင် ပါဝင်လာခဲ့သည့် ဝါဝါဆပ်ပြာတောင့်မှာလည်း ကျပ် ၁၀၀၀ ခန့်သို့ မြင့်တက်သွားခဲ့သောကြောင့် ရောင်းအားအနည်းငယ်ကျဆင်းသွားခဲ့ပြီး ယင်းနှင့်ညီနောင်ဆပ်ပြာ ဝါမွှေးဆပ်ပြာမှာလည်း ၇,၇၀၀ ကျပ်မှ ၈,၀၀၀ ကျပ်သို့ မြင့်တက်သွားကြောင်း ဆပ်ပြာလက်လီလက်ကားဖြန့်ချိသူများ၏ အဆိုအရ သိရသည်။

## သကြားဈေးအတက်အကျနှင့် အလုပ်ဖြစ်ထွန်းမှု

ဈေးကွက်အခြေခံသီအိုရီအရ ကုန်ချောဈေးကျပါက ကုန်ကြမ်းဈေးပါ လိုက်လံကျဆင်းရလေ့ရှိသည်။ ထိုအခါ ကုန်ကြမ်းထုတ်လုပ်သူတို့မှာ အနိမ့်ဆုံးဈေး (အနိမ့်ဆုံးအကျိုးအမြတ်) ကိုသာ ခံစားကြရသည်။ သို့ဖြစ်၍ ကုန်ချော ဈေးကျဆင်းခြင်းသည် အောက်ဆုံးအဆင့် ကုန်ကြမ်းထုတ်လုပ်သူတို့အပေါ်တွင် အကျိုးသက်ရောက်မှုကြီးမားစွာ ဖြစ်ပေါ်စေသည်။ ယင်းသဘောတရားတို့ကြောင့် ကုန်ချောထုတ်လုပ်သူသာမက ကုန်ကြမ်းထုတ်လုပ်သူအတွက်ပါ တွက်ခြေကိုက်စေမည့် အခြေအနေတစ်ရပ်ဖြစ်ထွန်းရန် အရေးကြီးလှသည်။

သကြားဈေးကွက်တွင် ယင်းသဘောတရားကို များစွာ မြင်တွေ့ရသည်။ ၂၀၀၇ နှင့် ၂၀၀၈ ခုနှစ်တို့တွင် သကြား



www.foreverspace.com.mm

ဈေးနှုန်း များစွာကျဆင်းသွားခြင်းကြောင့် ကြံစိုက်တောင်သူတို့ တွက်ခြေမကိုက်ဖြစ်ခဲ့ရသည်။ ထို့အတွက် ကြံစိုက်ပျိုးမှုကို လျှော့ချခဲ့ကြသည်။

ယင်းသို့ကြံစိုက်ပျိုးမှုနည်းသွားခြင်းအပြင် ရာသီဥတုကြောင့် ကြံအထွက်နှုန်းပါ ဆုတ်ခဲ့သည်။ ယင်း၏အကျိုးဆက်အဖြစ် ဈေးကွက်အတွင်း သကြားကုန်ကြမ်းရောင်းလိုအားနည်းပြီး ဝယ်လိုအားများသည့်အခြေအနေ ဖြစ်ပေါ်ခဲ့သည်။ ထိုအခြေအနေတွင် ကုန်ကြမ်းသိုလှောင်သူတို့ကလည်း လက်ဝယ်ရှိကုန်ကြမ်းဈေးနှုန်းများကို ဆွဲတင်ခဲ့သည်။

ယင်းကြောင့် ယခင်နှစ်က တစ်ပိဿာ ၂၂၀ ကျပ်အထိသာ ရှိခဲ့သော သကြားကုန်ကြမ်းဖြစ်သည့် ပွက်ရည်ဈေးနှုန်းမှာ ၇၀၀ ကျပ်ကျော်သည်အထိ မြင့်တက်သွားသည်။ ယခု မတ်လ ၆ ရက်နေ့အထိလည်း တစ်ပိဿာ ၇၁၀ ကျပ်တွင်ရှိနေသေးကြောင်း ဘုရင့်နောင်ပွဲရုံတန်းအတွင်းရှိ သကြားလုပ်ငန်းရှင်ကြီးအချို့တို့ထံမှ သိရှိရသည်။

ထို့အတူ ယခင်နှစ် ယခုအချိန် သကြားပေါက်ဈေးမှာ တစ်ပိဿာ ၅၀၀ ကျပ်မှ ၆၀၀ ကျပ်အထိသာရှိခဲ့ကြောင်းနှင့် ယခုနှစ် မတ်လအတွင်း ဈေးနှုန်းများမှာ မတ်လ ၆ ရက်နေ့က သိရှိရသည့် ဈေးနှုန်းများအရ အဖြူစ တစ်ပိဿာလျှင် ၁,၂၀၀ ကျပ်ရှိပြီး ၁,၁၅၀ နှင့် ၁,၁၈၀ ကျပ်တို့မှာ အနိမ့်ဆုံးဈေးဖြစ်နေကြောင်း ၎င်းတို့က ဆိုသည်။

ယင်းကဲ့သို့ သကြားဈေး ၁,၂၀၀ ကျပ်ဝန်းကျင်တွင်ရှိနေသည့်အတွက် အရောင်းထိုင်းပြီး တွက်ခြေမကိုက်ကြောင်း၊ သကြားဈေးသည် တစ်ပိဿာလျှင် ၇၀၀၊ ၈၀၀ ကျပ်တို့ဖြင့်သာ ပိုမိုအလုပ်ဖြစ်ကြောင်း လက်လီလက်ကား ရောင်းချသူတစ်ဦးက လတ်တလောအနေအထားနှင့် ပတ်သက်၍ ၎င်း၏အမြင်ကို ပြောပြသည်။



## နို့ဆီ ပြန်လှုပ်

ကာလအတန်ကြာအရောင်းအေး၍ ဈေးအတက်မရှိခဲ့သော နို့ဆီဈေးကွက်တွင် မတ်လ ပထမပတ်အတွင်းမှစ၍ ဈေးနှုန်းများအပြောင်းအလဲဖြစ်နေသည်။ နို့ဆီတစ်ဘူးလျှင် ပျမ်းမျှ ကျပ် ၃၀ မှ ၃၅ ကျပ်ဝန်းကျင်အတွင်း မြင့်တက်လျက်ရှိနေကြောင်း ညောင်ပင်လေးပလာဇာဈေးကွက်အတွင်းမှ သိရှိရသည်။

ယခုလတ်တလောတွင် နို့ဆီဈေးကွက်အတွင်း ပစ္စည်းဝင်ရောက်မှုနည်းပါးသဖြင့် ပစ္စည်းပြတ်လပ်မှုများနေသည်ဟု ညောင်ပင်လေးပလာဇာရှိ ပြည်တွင်း၊ ပြည်ပမှ နို့ဆီလက်ကားဖြန့်ဖြူးသူတစ်ဦးက ဆိုသည်။ ဈေးကွက်ကိုဦးဆောင်နေသည့် Dawn နို့ဆီဈေးမြင့်ပါကလည်း ကျန်နို့ဆီများပါ လိုက်၍ဈေးမြင့်ကြလေ့ ရှိသည်။ ထို့ကြောင့် နို့ဆီဈေးမြင့်လာခြင်းသည် ပစ္စည်းပြတ်မှုအပေါ်အကြောင်းပြု၍ အခွန်စည်းကြပ်မှုအပြောင်းအလဲ ဖြစ်လာနိုင်ကြောင်း သတင်းများ ထွက်ပေါ်လာသည်ကိုအသုံးချကာ လက်ကားဖြန့်ဖြူးသည့် ကုန်သည်ကြီးအချို့ အမြတ်ရာခိုင်နှုန်းဆွဲတင်ခြင်းဖြစ်နိုင်ကြောင်း ၎င်း၏အမြင်ကို ပြောကြားသည်။

## တစ်ခုလုံးသဘော လွှမ်းခြုံစဉ်းစားရေး

ရန်ကုန်ကုန်စည်ဈေးကွက်၏ အတက်အကျ၊ အလှုပ်အယမ်း၊ အပြောင်းအလဲများသည် မြန်မာဈေးကွက်တစ်ခုလုံး၏ ဈေးကွက်အပေါ် တိုက်ရိုက်သက်ရောက်လေ့ရှိသည်။ အထူးသဖြင့် ကုန်သွယ်ရေးအပါအဝင် စီးပွားရေးကဏ္ဍတစ်ရပ်လုံးနှင့် အခြားဆက်စပ်ကဏ္ဍများ၏ မူဝါဒရေးရာဆုံးဖြတ်ချက်၊ ပြုပြင်မှုနှင့် ပြောင်းလဲမှုများက ဈေးကွက်ကို မောင်းနှင်နေခြင်းဖြစ်သည်။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းကြီးအချို့ကို အကြီးအကျယ် ပုဂ္ဂလိကပိုင်ပြုလျက်ရှိသည်။ ပုဂ္ဂလိကပိုင်ပြုခြင်းသည် ဘောဂဗေဒသီအိုရီသဘောအရ ဈေးကွက်စီးပွားရေးစနစ်၏ ရေခံမြေခံကောင်းများ ဖန်တီးပေးခြင်းဟု အဓိပ္ပာယ်သက်ရောက်သည်။

**နိုင်မင်းဝေ ၊ ဇာလီကျော်**

■

www.foreverspace.com.mm

# ရက်စွဲမှတ်တမ်း

**၁-၂-၂၀၁၀*** ရန်ကုန်မြို့တော်၏ မြို့တွင်းမြို့နယ်များတွင် ပြေးဆွဲလျက်ရှိသော ဒိုင်နာယာဉ်လိုင်းများကိုမြို့တွင်းဝင်ရောက်ခွင့်ပိတ်ပင်။

**၅-၂-၂၀၁၀*** ပထမအကြိမ် မြန်မာ–ဆူဒန် နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ညှိနှိုင်းဆွေးနွေးပွဲကို ဆူဒန်သမ္မတနိုင်ငံ ခါတွန်မြို့၌ ဖေဖော်ဝါရီလ ၅ ရက်မှ၆ရက်ထိကျင်းပခဲ့ရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမောင်မြင့်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပြီး နိုင်ငံဝန်ကြီးဌာနများအကြား ညှိနှိုင်းဆွေးနွေးမှုထူထောင်ရေးဆိုင်ရာနားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုး။

**၆-၂-၂၀၁၀*** ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်အတွင်းရှိ ကြက်မွေးမြူသည့်ခြံတစ်ခြံတွင် အပြင်းစားကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားလျက်ရှိသည်ကို စစ်ဆေးတွေ့ရှိရကြောင်း ယနေ့ထုတ်နိုင်ငံပိုင်သတင်းမီဒီယာများတွင် ဖော်ပြပါရှိ။

* ၂၀၀၈ ခုနှစ်အတွက် အကောင်းဆုံး မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု)ချီးမြှင့်ပွဲကို နေပြည်တော်မြို့တော်ခန်းမရှိ လဟာပြင်ကဇာတ်ရုံတွင် ကျင်းပ။

**၇-၂-၂၀၁၀*** စာရေးဆရာဂုဏ်လင်းကျော် (ခ) ဗိုလ်မှူးတင်စိုး အသက် ၆၀ နှစ် ကွယ်လွန်။

* လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အမျိုးသားအားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဝန်ကြီးချုပ်ရုံးဝန်ကြီး H.E. Dr. Phouthong SENG-AKHOM ခေါင်းဆောင်သော အားကစားကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ရောက်ရှိ။

**၈-၂-၂၀၁၀*** မြန်မာနိုင်ငံအစိုးရဝန်ကြီးဌာနအချို့မှ အရာထမ်းများကို လူ့အခွင့်အရေးဆိုင်ရာသင်တန်းများပို့ချပေးခဲ့သည့် ဩစတြေးလျနိုင်ငံသည် မြန်မာနိုင်ငံ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများအတွက် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၄၃ သန်းအထိ တိုးမြှင့်ပေးသွားမည်ဖြစ်ကြောင်း ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီးစတက်ဖင်စမစ်ပြောကြား။

**၁၀-၂-၂၀၁၀*** အီဂျစ်အာရပ်သမ္မတနိုင်ငံ ကိုင်ရိုမြို့တွင် ဖေဖော်ဝါရီလ ၂ ရက်နှင့် ၃ ရက်နေ့များ၌ ကျင်းပခဲ့သည့် မြန်မာ–အီဂျစ် နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ညှိနှိုင်းဆွေးနွေးပွဲသို့တက်ရောက်ခဲ့သော နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမောင်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ။

**၁၁-၂-၂၀၁၀*** ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက လက်ရှိထုတ်လွှင့်လျက်ရှိသော MRTV-3 အစီအစဉ်များကို အသွင်သဏ္ဌာန်ရော အနှစ်သာရပါပြောင်းလဲလျက် Myanmar International ရုပ်သံလိုင်းအမည်ဖြင့် စတင်ထုတ်လွှင့်။

* ရန်ကုန် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ဦးတေဇပိုင် Htoo Groups of Companies နှင့် တရုတ်ပြည် သူ့သမ္မတနိုင်ငံအခြေစိုက် Huaneng Lancang River Hydropower Co., Ltd. တို့ နှစ်ဦးနှစ် ဖက်နားလည်မှုစာချွန်လွှာကို နေပြည်တော်ရှိ အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အစည်းအဝေးခန်းမတွင်လက်မှတ်ရေးထိုး။

* နေပြည်တော်ခရိုင် ဇေယျာသီရိမြို့နယ် သိုက်ချောင်းကျေးရွာအနီးတွင် တည်ဆောက်ထားသော အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်) ဖွင့်လှစ်။

**၁၂-၂-၂၀၁၀*** ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ တရားဝင်ဖြစ်လာစေရန်ဆောင်ရွက်ရေးနှင့် အလုပ်သမားသစ်များစေလွှတ်ရေးဆိုင်ရာ အဋ္ဌမအကြိမ် အစည်းအဝေးတက်ရောက်ရန် ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာနဝန်ကြီး H.E.Mr. Phaitoon Kaeothong ခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ရောက်ရှိ။

* ရန်ကုန်မြို့ သဃ်ာန်းကျွန်းမြို့နယ် ဦးစံဖေရပ်ကွက် လေးထောင့်ကန်လမ်းဘေးရှိ သဃ်ာန်းကျွန်းဈေးကြီးတွင် အရေးပေါ်လုံခြုံရေးမီးမှတစ်ဆင့် ဝါယာရှော့ခ်ဖြစ်၍ မီးလောင်မှုကျွမ်းမှုတစ်ရပ်ဖြစ်ပွားခဲ့ရာ စုစုပေါင်းဆိုင်ခန်း ၇၈၆ခန်းရှိသည့်အနက် ၆၃၅ ခန်း ဆုံးရှုံး။

* နိုင်ငံပေါင်း ၂၆၀ ကျော်သို့ အင်္ဂလိပ်ဘာသာဖြင့်ထုတ်လွှင့်သည်ဟုဆိုသည့် တစ်ခုတည်းသော MRTV-3 ရုပ်သံလိုင်းကို

www.foreverspace.com.mm



အင်အားကြီးကုမ္ပဏီတစ်ခုဖြစ်သည့် ရွှေသံလွင်ကုမ္ပဏီက ဖေဖော်ဝါရီ လ ၁၂ ရက်နေ့မှစ၍ လုပ်ကိုင်ခွင့်ရရှိ။

* အာဆီယံဒေသတွင်းရှိ ဒြပ်မဲ့ဆိုင်ရာ ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းရေးနှင့်စပ်လျဉ်း၍ ရိုးရာအကပုံစံများဆိုင်ရာ လေ့ကျင့်ပေးရေးအလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်ရှိ သင်္ဂဟ ဟိုတယ်တွင် ကျင်းပ။

**၁၃-၂-၂၀၁၀*** ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ တရားဝင်ဖြစ်လာစေရန်ဆောင်ရွက်ရေးနှင့် အလုပ်သမားသစ်များစေလွှတ်ရေးဆိုင်ရာ အဋ္ဌမအကြိမ်အစည်းအဝေးကို ဖေဖော်ဝါရီလ ၁၃ ရက်နှင့် ၁၄ရက်နေ့များက ပုဂံမြို့ရှိ ရွှေနန်းတော်ဟိုတယ်တွင်ကျင်းပခဲ့ပြီး အစည်းအဝေးတွင် ထိုင်းနိုင်ငံရောက်မြန်မာအလုပ်သမားများကို နိုင်ငံသားစိစစ်ရေး၊ တရားဝင်ဖြစ်လာစေရေးနှင့် မြန်မာအလုပ်သမားသစ်များ ထိုင်းနိုင်ငံ၌ အလုပ်လုပ်ကိုင်ခွင့်ရရှိရေးကိစ္စရပ်များအပေါ် ဆွေးနွေး။

**၁၅-၂-၂၀၁၀*** မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Mr. Tomas Ojea Quintana နှင့်အဖွဲ့ ရန်ကုန်မြို့သို့ရောက်ရှိ။

**၁၆-၂-၂၀၁၀*** ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လုံမြို့ မြို့နယ်ဘောလုံးအတွင်း အောင်မာဃဇာတ် မီးစက်ရုံအနီးတွင် ည ၈ နာရီခွဲအချိန်ခန့်က ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ရာ လူလေးဦး ထိခိုက်ဒဏ်ရာရရှိခဲ့။

* စာရေးဆရာ သီရိကျော်ထင်/ ဒေါင်းဇော၊ အသက် ၅၁ နှစ် ကွယ်လွန်။

**၁၇-၂-၂၀၁၀*** အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနနှင့် ဆွစ်ဇာလန်နိုင်ငံ Coleno Power Engineering Ltd. (CPE) တို့ ရွှေလီ (၃) ရေအားလျှပ်စစ်စီမံကိန်း အတိုင်ပင်ခံလုပ်ငန်းအတွက် ကန်ထရိုက်စာချုပ်ကို နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာနတွင် လက်မှတ်ရေးထိုး။

**၁၈-၂-၂၀၁၀*** ရှမ်းပြည်နယ် (မြောက်ပိုင်း) လောက်ကိုင်မြို့ တုံချိန်ရပ်ကွက်အစွန် ဈေးဟောင်းနေရာတွင် ဖေဖော်ဝါရီလ ၁၇ ရက် နံနက် ၁ နာရီ ၂၅ မိနစ်နှင့် ၂ နာရီ ၂၀ မိနစ်ခန့်တွင် မိုင်းနှစ်လုံးပေါက်ကွဲမှုနှင့် တုံချိန်ရပ်ကွက် မူးယစ်ဆေးဝါးပြတိုက်ရှေ့ ပန်းခြံနှင့် အားကစားကွင်းအတွင်းတွင် ဖေဖော်ဝါရီလ ၁၅ ရက် နံနက် ၈ နာရီ ၅ မိနစ်နှင့် ၈ နာရီခွဲအချိန်တို့တွင် မိုင်းနှစ်လုံးပေါက်ကွဲခဲ့ရာ စုစုပေါင်း လူကိုးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ယနေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြပါရှိ။

**၁၉-၂-၂၀၁၀*** နိုင်ငံတော်သံဃာမဟာနာယကအဖွဲ့အပါအဝင် ပြည်နယ်နှင့်တိုင်း မြို့နယ်သံဃာနာယကအဖွဲ့များတွင် သာသနာတော်တည်တံ့ပြန့်ပွားရေးကို စွမ်းစွမ်းတမံဆောင်ရွက်နိုင်မည့် ကျန်းမာရေးနှင့်ပြည့်စုံပြီး အသက်အလွန်မကြီးသော ဆရာတော်များ ထပ်မံအရွေးချယ်ခံနိုင်ရန်အတွက် သံဃာအဖွဲ့အစည်း၏ အခြေခံစည်းမျဉ်းများ ပြင်ဆင်ရန်လိုအပ်ကြောင်း ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတွင် ကျင်းပသည့် ဆဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့စတုတ္ထ အစည်းအဝေး၌မိန့်ကြားသော နိုင်ငံတော်သံဃာ့မဟာနာယက အဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော် မိန့်ကြား။

* နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စဆုဂျာကာ ကွေရားလာ၏ ဖိတ်ကြားချက်အရ နီပေါနိုင်ငံသို့ ဖေဖော်ဝါရီလ ၁၅ ရက်မှ ၁၈ ရက်အထိ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သော နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ။

**၂၀-၂-၂၀၁၀*** တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ် ပိတောက်ကွင်းကျေးရွာတွင် ဖေဖော်ဝါရီလ ၆ ရက်နေ့ကလည်းကောင်း၊ ကျောက်ကြီးမြို့နယ် မုန်း (၁) ရပ်ကွက်တွင် ဖေဖော်ဝါရီလ ၇ ရက်နေ့ကလည်းကောင်း၊ ကင်ပွန်းခြံကျေးရွာတွင် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ကလည်းကောင်း၊ တာလိုကျေးရွာတွင် ဖေဖော်ဝါရီလ ၁၅ ရက်နေ့ကလည်းကောင်း ထောင်ထားသည့် မိုင်းကိုတက်နင်းမိရာမှ ပေါက်ကွဲမှုများဖြစ်ပွားခဲ့ကြောင်း၊ အလားတူကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် မြို့မဈေးအနောက်ဘက်ဈေးရုံပြင်ပဈေးတန်းရှိ ကုန်ခြောက်ဆိုင်တစ်ဆိုင်အောက်တွင် ဖေဖော်ဝါရီလ ၁၉ ရက်နေ့ကလည်းကောင်း ပေါက်ကွဲမှုများဖြစ်ပွားခဲ့ကြောင်း ယနေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြ။

**၂၄-၂-၂၀၁၀*** အထက်သံလွင် (ကွမ်းလုံ) ရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်စီမံကိန်းဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Hanergy Holding Group Limited (Hanergy)၊ Goldwater Resources Limited (GRL) တို့ သဘောတူညီမှုစာချွန်လွှာကို နေပြည်တော်ရှိ အထက်ပါဝန်ကြီးဌာနတွင် လက်မှတ်ရေးထိုး။

* ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့နှင့် သီရိလင်္ကာ ဒီမိုကရက်

www.foreverspace.com.mm



တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ စွယ်တော်တိုက်ဂေါပကအဖွဲ့တို့ လက်မှတ် ရေးထိုးထားသည့် နားလည်မှုစာချွန်လွှာအရ ရွှေတိဂုံစေတီတော် (၂၅၉၈) ကြိမ်မြောက်ဗုဒ္ဓပူဇနိယပွဲတော်သို့ တက်ရောက်ရန် သီရိလင်္ကာစွယ်တော်တိုက် ဂေါပကအဖွဲ့ဝင် Deputy Custodiam, Mr. Mohan Tamabokke နှင့်အဖွဲ့ ရန်ကုန်မြို့သို့ ရောက်ရှိ။

**၂၆-၂-၂၀၁၀**✱ ရွှေနေချုပ်ရုံး၊ ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမ (ခ) အငယ်လေးတို့က ရန်ကုန်တိုင်းတရားရုံး၏ စီရင်ချက်၊ အမိန့်နှင့် စီရင်ချက်ပါ သုံးသပ်ချက်များကို မကျေနပ်သဖြင့် ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၆၀၀ (ခ)/၂၀၀၉ နှင့် ၆၀၁ (ခ)/၂၀၀၉ တို့၌ နှစ်ဖက်အကျိုးဆောင်ရှေ့နေများ၏ အပြီးသတ်လျှောက်လဲချက်များကို ဇန်နဝါရီလ ၁၈ ရက်နေ့တွင်ကြားနာခဲ့ပြီး ယနေ့တွင် ရန်ကုန်တိုင်းတရားရုံး၏စီရင်ချက်နှင့်အမိန့်များကို ဆက်လက်အတည်ပြု၍ အဆိုပါ ပြစ်မှုဆိုင်ရာပြင်ဆင်မှုများကို ပလပ်လိုက်ကြောင်းထုတ်ပြန်ကြေညာ။

**၂၇-၂-၂၀၁၀**✱ တြိဂံဒေသတိုင်း၊ အရှေ့ပိုင်းတိုင်း၊ အရှေ့တောင်တိုင်း၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေများတွင်ရှိသည့် အက်စ်အက်စ်အေ (ရှမ်းဆစ်) တောတွင်းလက်နက်ကိုင်အဖွဲ့၊ အေဘီအက်စ်ဒီအက်ဖ် တောတွင်းလက်နက်ကိုင်အဖွဲ့၊ ကေအန်ယူတောတွင်းလက်နက်ကိုင်အဖွဲ့များမှ တပ်ဖွဲ့ဝင်များ ၂၀၀၉ ခုနှစ် မတ်လနှင့် နိုဝင်ဘာလအတွင်းက လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်၍ ဝင်ရောက်မှုများရှိခဲ့ရာ ဝင်ရောက်လာသူဦးရေမှာ စုစုပေါင်း ၂၂ ဦးရှိကြောင်း ယနေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင်ဖော်ပြ။

**၂၈-၂-၂၀၁၀**✱ ရန်ကုန်-ပုဂံ တိုက်ရိုက်ပြေးဆွဲမည့် ရန်ကုန်-ပြည်-ကျောက်ပန်းတောင်း-ပုဂံ ရထားခရီးစဉ်သစ် ပြေးဆွဲရန်အတွက် မြန်မာ့မီးရထားနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်လျက်ရှိသော အခြေအနေနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ရန်ကုန်ဘူတာကြီးဧည့်ခန်းမဆောင်တွင် ကျင်းပ။

✱ တေးသံရှင်မြတ်ဝတ်ရည် (ခ) ဒေါ်ခင်အုန်းမြင့် အသက် (၆၀ နှစ်) ကွယ်လွန်။

**၁-၃-၂၀၁၀**✱ နေပြည်တော် လယ်ဝေးမြို့နယ်တွင်တည်ရှိပြီး တစ်နေ့လျှင် တန် ၅၀၀ ထုတ်လုပ်နိုင်မည်ဟုဆိုသည့် အမှတ် (၁) စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း၏ ဘိလပ်မြေစက်ရုံ (နေပြည်တော်) ဖွင့်လှစ်။

**၂-၃-၂၀၁၀**✱ မြန်မာနိုင်ငံ ရန်ကုန်မြို့နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့တို့ကို တိုက်ရိုက်ဆက်သွယ်ပျံသန်းမည့် ဗီယက်နမ်လေကြောင်းလိုင်း၏ ရန်ကုန်-ဟနွိုင်း လေကြောင်းခရီးစဉ်သစ် စတင်ပျံသန်း။

✱ မြန်မာနိုင်ငံအတွင်း ကမ္ဘာ့လူတုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှုမှာ ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီလမှ မတ်လ ၂ရက်နေ့အထိ ဖြစ်ပွားသူ စုစုပေါင်း ၆၃ ဦးရှိသွားပြီဖြစ်ကြောင်းနှင့် ယနေ့တွင် တစ်နိုင်ငံလုံး A(H1N!)ဖြင့် ဆေးရုံတက်၍ ဆေးကုသမှုခံယူနေရသူလူနာ နှစ်ဦးသာကျန်ရှိကြောင်း နိုင်ငံပိုင်သတင်းမီဒီယာများတွင် ထုတ်ပြန်ကြေညာ။

**၃-၃-၂၀၁၀**✱ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံတကာရေးရာဌာနဝန်ကြီး H.E.Mr. Wang Jiarui ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိ။

**၅-၃-၂၀၁၀**✱ မြန်မာစက်မှုပြပွဲ ၂၀၁၀ (Myanmar Industrial Exhibition-2010)ဖွင့်ပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပ။

**၆-၃-၂၀၁၀**✱ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Dr.Cao Duc Phat ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စား လှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ရောက်ရှိ။

**၈-၃-၂၀၁၀**✱ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဥပဒေအမှတ် ၁/၂၀၁၀ ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကိုလည်းကောင်း၊ ဥပဒေအမှတ် ၂/၂၀၁၀ ဖြင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကိုလည်းကောင်း၊ ဥပဒေအမှတ် ၃/၂၀၁၀ ဖြင့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကိုလည်းကောင်း၊ ဥပဒေအမှတ် ၄/၂၀၁၀ ဖြင့် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကိုလည်းကောင်း၊ ဥပဒေအမှတ် ၅/၂၀၁၀ ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကိုလည်းကောင်း ပြဋ္ဌာန်း။

www.foreverspace.com.mm

ဤကဏ္ဍတွင် . . . . .


၈၂ ပုဂ္ဂလိကပိုင်ပြုလုပ်ရေး

၈၆ ပုဂ္ဂလိကအသွင်ကူးပြောင်းရေးနှင့် အခြေခံပညာရေးကဏ္ဍ

၉၀ ဆိပ်ကမ်းဖွံ့ဖြိုးတိုးတက်စေရေးလုပ်ငန်းစဉ်များ




# ပုဂ္ဂလိကပိုင် ပြုလုပ်ရေး

ဦးဝင့်ကျော်

ဒုတိယကမ္ဘာစစ်ပြီးနောက် နိုင်ငံအတော်များများသည် အရင်းရှင်စီးပွားရေးစနစ်မှ ဆိုရှယ်လစ်စီးပွားရေးစနစ်သို့ ကူးပြောင်းကျင့်သုံးခဲ့ကြသည်။ ကုန်ထုတ်အရင်းအနှီးများကို ပုဂ္ဂလိကပိုင်ဆိုင်ခွင့်ပြုထားသော အရင်းရှင်စနစ်တွင် ကုန်ထုတ်အရင်းအနှီးပိုင်ဆိုင်သောအရင်းရှင်များက ကုန်ထုတ်အရင်းအနှီးပိုင်ဆိုင်မှုကို အကြောင်းပြု၍ ကုန်ထုတ်အရင်းအနှီးမပိုင်ဆိုင်သော အရင်းမဲ့အလုပ်သမားများအပေါ် သို့မဟုတ် အရင်းမဲ့အလုပ်သမားများ၏ လုပ်အားမှ ထွက်ပေါ်လာသော အကျိုးစီးပွားများအပေါ် မတရားသောနည်းဖြင့် ခေါင်းပုံဖြတ်ကြသည်ဟူသောစွဲချက်ဖြင့် အရင်းရှင်လူတန်းစားလက်ထဲမှ သို့မဟုတ် အရင်းရှင်လူတန်းစားကို အကျိုးပြုသောနိုင်ငံရေးအဖွဲ့အစည်းလက်တွင်ရှိသော နိုင်ငံတော်အာဏာကို ရယူကြသည်။ ထို့နောက် နိုင်ငံအတွင်း အရေးကြီးသော ကုန်ထုတ်အရင်းအနှီးများအားလုံးကို ပြည်သူပိုင်သိမ်းယူခြင်း (Nationalisation)ပြုလုပ်ကြသည်။ နိုင်ငံကိုယ်စား နိုင်ငံကိုအုပ်ချုပ်သောအစိုးရက ပြည်သူပိုင်သိမ်းယူထားသော ကုန်ထုတ်အရင်းအနှီးများကို သုံးစွဲ၍ ပြည်သူပြည်သားများ၏ အကျိုးစီးပွားအတွက် စီမံကိန်းချစီးပွားရေးစနစ် (Planned Economy)ကို ကျင့်သုံးကြသည်။

www.foreverspace.com.mm



အာဏာကိုဗဟိုမှချုပ်ကိုင် (Centralisation) ၍ စီးပွားရေးလုပ်ငန်းများကို နိုင်ငံတော်ကချုပ်ကိုင်သောအခါ တစ်ဦးချုပ်လုပ်ကိုင်မှု (Monopoly) အသွင်ကိုဆောင်ပြီး ရောင်းအားနှင့် ဝယ်အားမမျှတသောအခြေအနေသို့ ရောက်ခဲ့ရသည်။ ရောင်းအားကနည်း၊ ဝယ်အားကများနေသော တစ်ဖက်စောင်းနင်းပုံစံ ဖြစ်ပေါ်ခဲ့သည်။ နိုင်ငံတော်စီးပွားရေးစီမံခန့်ခွဲမှုတွင်လည်း နိုင်ငံတော်အုပ်ချုပ်ရေးယန္တရားများနည်းတူ ဗျူရိုကရေစီစနစ်ကို ကျင့်သုံးခြင်း၊ အာဏာခွဲဝေမှုတွင် ဗဟိုကချုပ်ကိုင်မှုများလွန်းခြင်း၊ နိုင်ငံရေးစနစ်၏ အခြေခံသဘောအရ Check and Balance လုပ်မည့်အဖွဲ့အစည်းမရှိခြင်း၊ စာရင်းစစ်ဆေးသောအဖွဲ့အစည်းတွင် တိကျသောလုပ်ပိုင်ခွင့်များ ပြဋ္ဌာန်းမထားခြင်း၊ စီးပွားရေးစနစ်





www.foreverspace.com.mm

အဆင့်ဆင့်တွင်ပါဝင်သောလူအများသည် အတ္တအကျိုးစီးပွားကို တစ်ဖက်သတ်ကြည့်လွန်းခြင်း၊ စီမံကိန်း၏ အခြေခံဖြစ်သော သတင်းအချက်အလက်များ ပြည့်စုံမှန်ကန်မှုမရှိခြင်း စသည့် အားနည်းချက်များကြောင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းအများအပြားသည် စီးပွားရေးအရ အောင်မြင်မှုမရှိဘဲ ပြည်သူအများစုသည် နေ့စဉ်စားဝတ်နေရေးတွင် ဒုက္ခမျိုးစုံနှင့် ကြုံတွေ့ခဲ့ကြရသည်။

ဤသို့ဖြင့် ၂၀ ရာစုကုန်ခါနီးတွင် ဆိုရှယ်လစ်စီးပွားရေးစနစ်ကို အခြေခံသော ဆိုရှယ်လစ်နိုင်ငံရေးစနစ်သည် တိုင်းပြည်အတော်များများတွင် ပြိုလဲခဲ့သည်။ မပြိုလဲသောနိုင်ငံအချို့တွင်လည်း စီးပွားရေးနှင့် နိုင်ငံရေးအချိတ်အဆက်ကို ပြောင်းကာ ဝယ်အားရောင်းအားပေါ်တွင် အခြေခံသော ဈေးကွက်စီးပွားရေးစနစ်သို့ ပြောင်းလဲခဲ့ကြသည်။ ဈေးကွက်စီးပွားရေးစနစ်၏ အဓိကအချက်မှာ လွတ်လပ်စွာထုတ်လုပ်ရောင်းဝယ်ရေးဖြစ်ပေရာ ကုန်ထုတ်အရင်းအနှီးများကို နိုင်ငံတော်က ပိုင်ဆိုင်ခြင်းနှင့် သဟဇာတမဖြစ်တော့ပေ။ ဈေးကွက်စီးပွားရေးစနစ်တွင် ယှဉ်ပြိုင်မှုများ များပြားလာရာ နိုင်ငံပိုင်စီးပွားရေးအများစုသည် ပြောင်းလဲနေသောဈေးကွက်၌ တောင်းဆိုမှု၊ လိုအပ်မှုတို့ကို ဖြည့်စွမ်းနိုင်မှုမရှိသောကြောင့် စွမ်းရည်ပြည့်ဝမှု၊ ထိရောက်မှုမရှိဘဲ အရှုံးပေါ်ခဲ့ကြသည်။ အထူးသဖြင့် လူတစ်စု လူတစ်ဖွဲ့ လူတန်းစားတစ်ရပ်၏ ကျဉ်းမြောင်းသော အကျိုးစီးပွားအတွက် လူအများက စုပေါင်းဒုက္ခခံရသောအနေအထားတွင် ကြာရှည်စွာ ရပ်တည်နိုင်ခြင်းမရှိတော့သည့်အတွက် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကို မလွှဲမရှောင်သာ ပြုလုပ်လာကြရသည်။

**ဈေးကွက်စီးပွားရေးစနစ်၏ အဓိကအချက်မှာ လွတ်လပ်စွာထုတ်လုပ်ရောင်းဝယ်ရေးဖြစ်ပေရာ ကုန်ထုတ်အရင်းအနှီးများကို နိုင်ငံတော်က ပိုင်ဆိုင်ခြင်းနှင့် သဟဇာတမဖြစ်တော့ပေ။ ဈေးကွက်စီးပွားရေးစနစ်တွင် ယှဉ်ပြိုင်မှုများ များပြားလာရာ နိုင်ငံပိုင်စီးပွားရေးအများစုသည် ပြောင်းလဲနေသောဈေးကွက်၌ တောင်းဆိုမှု၊ လိုအပ်မှုတို့ကို ဖြည့်စွမ်းနိုင်မှုမရှိသောကြောင့် စွမ်းရည်ပြည့်ဝမှု၊ ထိရောက်မှုမရှိဘဲ အရှုံးပေါ်ခဲ့ကြသည်။**

ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်းကို နိုင်ငံပိုင်ပြုလုပ်ခြင်းပြုစဉ်က ခံစားခဲ့ရသော စိတ်အခြေအနေနှင့် နှိုင်းယှဉ်ကြည့်သောအခါ



www.foreverspace.com.mm



နိုင်ငံပိုင်ပြုလုပ်စဉ်က စိတ်ဆင်းရဲပူပန်ခဲ့ရသော်လည်း ပုဂ္ဂလိကပိုင်ပေးသောအခါ မိမိ၌ မည်သို့မျှ သက်ရောက်မှုမရှိသည်ကို တွေ့ရသည်။ တစ်နည်းအားဖြင့် ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်းကို ပွဲကြည့်ပရိသတ်တစ်ဦးအနေဖြင့် ခံစားရှုမြင်နိုင်ခဲ့သည်။ တတိယအမြင်၊ တတိယလူတစ်ဦး၏အမြင်ဖြင့် ကြည်ကြည်လင်လင်မြင်နိုင်ခဲ့သည်။

ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်းကို ရှေးဦးစွာအားပေးရေးသားခဲ့သူမှာ အဒမ်စမစ် Adam Smithဖြစ်ပြီး အဒမ်စမစ်က ပုဂ္ဂလိကပိုင်စနစ်တွင် ပြိုင်ဆိုင်မှုနှင့် အမြတ်ရလိုစိတ်က လူတစ်ဦးချင်းစီအတွက် အကျိုးရှိနိုင်ကြောင်း တင်ပြခဲ့သည်။ အဒမ်စမစ်၏ အယူအဆကို အခြေခံ၍ နောက်ပိုင်းတွင် အင်္ဂလိပ်ဘောဂဗေဒပညာရှင် John Stuart Mill နှင့် Nassau Senior တို့က ပုဂ္ဂလိကပိုင်လုပ်ငန်းတွင် အစိုးရက ဝင်ရောက်စွက်ဖက်ခြင်း အလျဉ်းမပြုလုပ်သင့်ဟူသော



Laisscz Faire မူဝါဒကို တီထွင်ခဲ့ကြ သည်။ သို့ရာတွင် ထိုပုဂ္ဂိုလ်များနှင့်မတူဘဲ ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်းတွင် အရင်းရှင်တို့၏ထင်ရာစိုင်းမှု၊ အရင်းမဲ့အလုပ်သမားများအပေါ်တွင် နိုင့်ထက်စီးနင်းပြုမှုမှု၊ ဝိသမလောဘကြောင့် ကျင့်ဝတ်ဖောက်ဖျက်မှုများကို တွေ့မြင်သဖြင့် ဖော်ထုတ်ပြီး မိမိတို့နည်း မိမိတို့ဟန်ဖြင့် ပုဂ္ဂလိကပိုင်လုပ်ငန်းပြုပြင်ပြောင်းလဲရေးကို လုပ်ပြကြသူများတွင် Eharleo Lickens, Sismondiနှင့် Robert Quren အပြင် Karl Marx တို့ပါဝင်ခဲ့ကြသည်။

ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်းကို မူအားဖြင့် ကြိုဆိုကြရမည်ဖြစ်သော်လည်း ဝိသမလောဘသမားများ ထင်သလို မပြုမူနိုင်စေရန် ပြည်သူအများ၏အကျိုးစီးပွား ကာကွယ်ရေးအတွက် လိုအပ်သော အထိန်းအကွပ်စည်းမျဉ်းများ ပြဋ္ဌာန်းကြီးကြပ်ရေး အဖွဲ့များဝန်းရံပြီးမှ ဆောင်ရွက်သော် ကောင်းလေမည်လား။

**ဦးဝင့်ကျော်**



www.foreverspace.com.mm



# ပုဂ္ဂလိကအသွင်ကူးပြောင်းရေးနှင့် အခြေခံပညာရေးကဏ္ဍ

ပါမောက္ခဒေါက်တာအောင်ထွန်းသက်

**အခုတလော ပုဂ္ဂလိကအခြေခံပညာကျောင်းတွေ ဖွင့်လှစ်ခွင့်ပြုလိုက်ပြီလို့ ပုံနှိပ်မီဒီယာတွေမှာ ဖတ်လိုက်ရတယ်။ ပြီးတော့ ရန်ကုန်မြို့မှာရှိတဲ့ နာမည်ကြီးအထက်တန်းကျောင်းတွေကို ပုဂ္ဂလိကကဏ္ဍကို လွှဲပြောင်းပေးဖို့အစီအစဉ်ရှိတယ်လို့လည်း သတင်းကြားလိုက်ရတယ်။ ကြားတယ်ဆိုတာထက် လူတွေကပြောနေကြတာကို နားထောင်မိတာပါ။ သက်ဆိုင်ရာတွေက သတင်းစာ၊ TV စသည်တို့မှာ အတိအလင်းကြေညာတာမဟုတ်တာမို့ ကြားတဲ့သတင်းသာဖြစ်တယ်လို့ ပြောနေကြတာဖြစ်တယ်။ ဒီအထဲ ကိုယ်ကိုယ်တိုင်လည်း ယောင်ပြီးဆွေးနွေးတာမျိုးဖြစ်နေသလားမသိဘူး။**

အခုတလော စီးပွားရေးလုပ်ငန်းတွေနဲ့ ပတ်သက်လာရင် ပုဂ္ဂလိကကဏ္ဍကို လွှဲပြောင်းပေးမယ်ဆိုတဲ့သတင်းတွေကို ဂျာနယ်တွေအထဲမှာ အမြဲလိုလို ဖတ်မိတယ်။ သတင်းတွေထက် ထင်မြင်ချက်တွေအမျိုးမျိုးပေးနေကြတာ တွေ့ရတယ်။ အမှန်တော့ နိုင်ငံရေးစနစ်တစ်ခုပြုပြင်ပြောင်းလဲရင် စီးပွားရေးစနစ်၊ လူမှုရေးစနစ်ဟာ ဟန်ချက်ညီညီပြောင်းလဲရမှာ ဖြစ်တယ်။ ဒါဟာ မဆန်းပါဘူး။ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးမယ်ဆိုရင် ပုဂ္ဂလိကကဏ္ဍ ကြီးထွားလာဖို့လိုတာကတော့ နိယာမသဘောပဲလေ။ ဒီလိုအဖြစ်မျိုးကို နိုင်ငံစနစ်တွေ ပြောင်းလဲခဲ့တဲ့ ရုရှားနိုင်ငံမှာရော၊ အရှေ့ဥရောပနိုင်ငံတွေမှာရော တွေ့မြင်ခဲ့ရပါတယ်။ ကင်ညာနိုင်ငံမှာတော့ နိုင်ငံရေးစနစ်ကမပြောင်းဘဲ စီးပွားရေးစနစ်ကို အောက်ခြေကစပြီး ပြုပြင်ပြောင်းလဲခဲ့တာတွေ့ရပါတယ်။ အနောက်ဥရောပနိုင်ငံတွေမှာတော့ နိုင်ငံရေးစနစ် ထူးထူး



www.foreverspace.com.mm

ခြားခြားပြောင်းလဲမှုမရှိပေမယ့် စီးပွားရေးစနစ်ကိုပြုပြင်ပြောင်းလဲတဲ့အနေနဲ့ ပုဂ္ဂလိကကဏ္ဍကို ကြီးမားလာအောင် ဆောင်ရွက်လာတာ တွေ့ရတယ်။

အခုလိုပုဂ္ဂလိကလက်ထဲ စီးပွားရေးလုပ်ငန်းတွေထည့်တဲ့ အခြေခံရည်ရွယ်ချက်က ယှဉ်ပြိုင်မှုကို အားပေးဖို့ပဲဖြစ်တယ်။ ယှဉ်ပြိုင်မှုကြောင့် လုပ်ငန်းတွေဟာ ပိုပြီး Efficiency စွမ်းရည်ပြည့်လာမယ်။ အခုလို စွမ်းရည်ပြည့်တဲ့အတွက် စားသုံးသူတွေအတွက် သိသာတဲ့ အကျိုးသက်ရောက်မှုတွေရရှိနိုင်မယ်ဆိုတဲ့ ဦးတည်ချက်နဲ့လုပ်ခြင်းဖြစ်တယ်။ State Monopoly လို့ခေါ်တဲ့ နိုင်ငံတော်က လက်ဝါးကြီးအုပ်တဲ့စနစ်ကို ပြုပြင်တဲ့သဘော၊ ဒီလိုလုပ်တဲ့နေရာမှာ State Monopoly ကနေ Private Monopoly အဖြစ်မပြောင်းဖို့ အလွန်အရေးကြီးပါတယ်။

အစိုးရက လက်ဝါးကြီးအုပ်စနစ်ကနေ တစ်ဦးတည်းပိုင်လက်ဝါးကြီးအုပ်စနစ်ကို အသွင်မပြောင်းဖို့ သတိထားရပါတယ်။ ဒါကြောင့် စီးပွားရေးတွက်ခြေမကိုက်တဲ့ အလုပ်ရုံ၊ စက်ရုံတွေ၊ လုပ်ငန်းအဖွဲ့အစည်းတွေကို ပုဂ္ဂလိကကဏ္ဍကို လွှဲပြောင်းပေးကြတယ်။ လွှဲပြောင်းပေးတဲ့နေရာမှာလည်း အလွန်အရေးကြီးတဲ့ကိစ္စက Transparency ဖြစ်တယ်။ လုပ်ငန်းတစ်ခုကို ဘယ်သူ့ကို ဘယ်ဈေးနဲ့လွှဲပေးတယ်ဆိုတာကို အများပြည်သူ သိသိသာသာထင်ထင်ရှားရှားသိအောင် ဖန်တီးပေးရမှာ ဖြစ်ပါတယ်။ လက်သိပ်ထိုးလုပ်တဲ့သဘောမျိုး မဖြစ်အောင် ထိန်းသိမ်းရမှာ ဖြစ်တယ်။ အရေးကြီးတဲ့အချက်က Perception အများအမြင် မှားတာ၊ မှန်တာထက် အများအမြင်မှာ ပွင့်လင်းမှု၊ ကြည်လင်မှုရှိဖို့ အလွန်အရေးကြီးပါတယ်။ တန်ဖိုးရှိလှတဲ့အစိုးရက အများပြည်သူကိုယ်စား ပိုင်ဆိုင်ထားတဲ့ ရပိုင်ခွင့် (State Assets) တွေကို အလွယ်တကူနဲ့ ပုဂ္ဂလိကလက်ထဲ မထည့်သင့်ဘူးလို့ စီးပွားရေးပညာရှင်တွေက ရေးသား

**လူ့အဖွဲ့အစည်းကို ခွဲခြမ်းစိတ်ဖြာတဲ့အခါ အခြေခံအားဖြင့် ကဏ္ဍနှစ်ခုရှိတယ်လို့ အများက လက်ခံထားကြတယ်။ တစ်ဖက်က နိုင်ငံပိုင်ကဏ္ဍဖြစ်ပြီး နောက်တစ်ပိုင်းကတော့ ပုဂ္ဂလိကကဏ္ဍ ဖြစ်တယ်။ ဒီကဏ္ဍနှစ်ခုရဲ့ အရွယ်အစားပမာဏဟာ နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေး၊ နိုင်ငံရေးအဆောက်အဦကိုပုံဖော်နေခြင်း ဖြစ်တယ်။**

ဖော်ပြခဲ့ကြပါတယ်။

အခုလိုလွှဲပြောင်းယူလိုက်တဲ့ ရပိုင်ခွင့်တွေကို ထိန်းသိမ်းပေးဖို့ ကတိခံဝန်ချက်တွေပေးဖို့ လိုအပ်ပါတယ်။ မဟုတ်ရင် ပုဂ္ဂလိကလုပ်ငန်းရှင်တွေအနေနဲ့ ကာလတိုအကျိုးအမြတ်ကိုကြည့်ပြီး Asset Stripping လို့ခေါ်တဲ့ နိုင်ငံပိုင်ရပိုင်ခွင့်တွေကို ထုခွဲရောင်းချနိုင်တယ်။ ဒီလိုဆောင်ရွက်တဲ့အတွက် လုပ်ငန်းတွေရပ်ဆိုင်းသွားပြီး အလုပ်လက်မဲ့တိုးလာတဲ့ပြဿနာတွေ ရင်ဆိုင်ခဲ့ရတာ နိုင်ငံတကာအတွေ့အကြုံတွေမှာ ရှိပါတယ်။ ယှဉ်ပြိုင်မှုကိုဦးစားပေးပြီး ပုဂ္ဂလိကကဏ္ဍကိုလွှဲပြောင်းပေးတဲ့အခါ အများပြည်သူအကျိုးမထိခိုက်အောင် အစိုးရအနေနဲ့ ဝင်ရောက်စွက်ဖက်သင့်တဲ့အခြေအနေတွေလည်း တွေ့ရတတ်ပါတယ်။ ဥပမာ– မီးရထားလုပ်ငန်းကို အစိုးရပိုင်ကဏ္ဍကနေ ပုဂ္ဂလိကကဏ္ဍကို လွှဲပြောင်းပေးတယ်ဆိုပါစို့။ ပုဂ္ဂလိကလုပ်ငန်းအသီးသီးအနေနဲ့ လူအသွားအလာများတဲ့ခရီးစဉ်တွေမှာ ပါဝင်ယှဉ်ပြိုင်ကြမှာဖြစ်တယ်။ အခုလို ယှဉ်ပြိုင်မှုအရှိန်အဟုန်တက်လာတာမို့ ခရီးသည်တွေအတွက် စရိတ်စက လျော့ကျလာနိုင်ပါတယ်။ အများအတွက်အကျိုးရှိတဲ့သဘော။ ဒါပေမဲ့ ခရီးအသွားအလာနည်းတဲ့ခရီးစဉ်တွေအတွက်တော့ စီးပွားရေးတွက်ခြေမကိုက်တဲ့အတွက် ဒီခရီးစဉ်တွေကို ပုဂ္ဂလိကလုပ်ငန်းတွေအနေနဲ့မပြေးဆွဲဘဲ ပိတ်ပစ်ရမှာဖြစ်တယ်။ ဒါက စီးပွားရေးနိယာမ ဖြစ်တယ်။ ဒီတော့ အသွားအလာနည်းတဲ့၊ ခရီးသည်နည်းတဲ့ခရီးစဉ်တွေအတွက် မီးရထားဝန်ဆောင်မှုမရှိနိုင်တဲ့အခြေအနေမျိုးနဲ့ ရင်ဆိုင်ခဲ့ရတယ်။ ဒီလိုအခြေအနေမျိုးကို ဥရောပနိုင်ငံတွေမှာ ကြုံတွေ့ခဲ့ကြရပါတယ်။

လူ့အဖွဲ့အစည်းကို ခွဲခြမ်းစိတ်ဖြာတဲ့အခါ အခြေခံအားဖြင့် ကဏ္ဍနှစ်ခုရှိတယ်လို့ အများက လက်ခံထားကြတယ်။ တစ်ဖက်က နိုင်ငံပိုင်ကဏ္ဍဖြစ်ပြီး နောက်တစ်ပိုင်းကတော့ ပုဂ္ဂလိကကဏ္ဍဖြစ်တယ်။ ဒီကဏ္ဍနှစ်ခုရဲ့ အရွယ်အစားပမာဏဟာ နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေး၊ နိုင်ငံရေးအဆောက်အဦကိုပုံဖော်နေခြင်း ဖြစ်တယ်။ အရင်းရှင်နိုင်ငံတွေမှာ ပုဂ္ဂလိကကဏ္ဍဟာ ပိုကြီးထွားနေပြီး အရင်တုန်းက ဆိုရှယ်လစ်စီးပွားရေးစနစ်ကို ကျင့်သုံးကြတဲ့ နိုင်ငံတွေမှာတော့ အစိုးရအပိုင်းက ပိုပြီးကြီးထွားတာတွေ့ရတယ်။ ဒီကဏ္ဍနှစ်ခုရဲ့ အချိုးအစားဟာ နိုင်ငံတစ်ခုရဲ့ စီးပွားရေး၊ နိုင်ငံရေးအဆောက်အဦကို သတ်မှတ်ထားပါတယ်။ ဒီဘက်ပိုင်းမှာ အခုလို နိုင်ငံပိုင် ပုဂ္ဂလိကပိုင် အစိတ်အပိုင်းနှစ်ခုသာရှိခြင်း မဟုတ်ဘဲ တတိယအပိုင်းရှိတာကို လက်ခံလာပါတယ်။ ဒီတတိယအပိုင်းကတော့ Civil Society ဖြစ်တဲ့ အရပ်ဘက်လူ့အဖွဲ့အစည်းပဲ ဖြစ်ပါတယ်။

လူမှုရေးကဏ္ဍဖြစ်တဲ့ ပညာရေးနဲ့ ကျန်းမာရေးကဏ္ဍမှာ အခုလို နိုင်ငံတော်အပိုင်းအနေနဲ့ ဘယ်လောက်တာဝန်ယူပြီး ဘယ်အပိုင်းကို ပုဂ္ဂလိကကဏ္ဍက တာဝန်ယူသင့်သလဲဆိုတဲ့ မေးခွန်းပုစ္ဆာကို စီးပွားရေးပညာရှင်များက လေ့လာခဲ့ကြတယ်။ သုတေသနတွေလုပ်ခဲ့ကြတယ်။ ဥပမာ– ကျန်းမာရေးကဏ္ဍဆိုပါတော့ ဒီကဏ္ဍမှာ

www.foreverspace.com.mm

ပဓာဏ ကျန်းမာရေးစောင့်ရှောက်မှုကို အစိုးရကသာ တာဝန်ယူသင့်ပါတယ်။ ကလေးများ ကာကွယ်ဆေးထိုးတာတို့၊ ကိုယ်ဝန်ဆောင်မိခင်များပြုစုစောင့်ရှောက်မှု၊ သောက်ရေသန့်ဖြန့်ဝေမှုတို့ ဒါတွေကို အစိုးရက တာဝန်ယူသွားရမှာဖြစ်တယ်။ ဒီလို တာဝန်ယူလို့ စရိတ်စကကြီးမားပြီး စီးပွားရေးပေတံနဲ့တိုင်းထွာတဲ့အခါ တွက်ခြေမကိုက်ပေမယ့် အစိုးရကသာ တာဝန်ယူရမှာဖြစ်တယ်။ ပုဂ္ဂလိကလက်ထဲထည့်လိုက်ရင် ကလေးတိုင်း ကာကွယ်ဆေးထိုးခွင့်ရှိမှာမဟုတ်ပါဘူး။ သွားရေးလာရေးကောင်းမွန်တဲ့နေရာမှာ နေထိုင်ကြတဲ့ကလေးတွေအတွက် ကာကွယ်ဆေးထိုးပေးရတာ စီးပွားရေးတွက်ခြေကိုက်ပေမယ့် ဝေးလံခေါင်ပါးတဲ့ နယ်စွန်နယ်ဖျားမှာနေထိုင်ကြတဲ့ ကလေးတွေအတွက် ဘယ်လိုမှ စီးပွားရေးတွက်ခြေမကိုက်လို့ ကာကွယ်ဆေးမထိုးနိုင်ရင် အလွန်နစ်နာလှပါတယ်။ ဒါကြောင့် ပဓာဏကျန်းမာရေးစောင့်ရှောက်မှုကိုတော့ အစိုးရကသာ တာဝန်ယူရမှာ ဖြစ်ပါတယ်။ ပုဂ္ဂလိကလက်ထဲ လုံးဝမထည့်သင့်ပါ။

ဒါပေမဲ့ ကိုယ့်သဘောနဲ့ကိုယ် ဝယ်ယူသုံးစွဲတဲ့ ကျန်းမာရေးစောင့်ရှောက်မှုများကိုတော့ ပုဂ္ဂလိကကဏ္ဍက တာဝန်ယူနိုင်ပါတယ်။ ဥပမာ–မိမိရဲ့မျက်နှာ၊ ကိုယ်ခန္ဓာအစိတ်အပိုင်းကို နဂိုအခြေအနေထက် ပိုမိုလှပလာအောင် ခွဲစိတ်မှုခံယူချင်ရင် ဒီဝန်ဆောင်မှုမျိုးကိုတော့ ပုဂ္ဂလိကကဏ္ဍက စွမ်းရည်အပြည့်နဲ့လုပ်ဆောင်နိုင်မှာဖြစ်တယ်။ တစ်ဦးတစ်ယောက်အတွက် အကျိုးရှိစေမယ့်ကိစ္စမျိုးကို ပုဂ္ဂလိကကဏ္ဍက တာဝန်ယူပြီး အများနဲ့သက်ဆိုင်တာမျိုးကိုတော့ အစိုးရကသာ တာဝန်ယူသင့်ပါတယ်။

စီးပွားရေးပညာအရ အများနဲ့ဆိုင်တဲ့ ဆောင်ရွက်မှုမျိုးကို Public Goods လို့ ခေါ်ဝေါ်သတ်မှတ်ကြပါတယ်။ ဒါတွေကို အစိုးရကသာ တာဝန်ယူရမှာဖြစ်တယ်။ Private Goods တစ်နည်းပြောရရင် တစ်ဦးတစ်ယောက်အတွက်သာ အကျိုးအမြတ်ရှိစေမယ့်ဝန်ဆောင်မှုမျိုးကိုတော့ ပုဂ္ဂလိကကဏ္ဍက တာဝန်ယူဆောင်ရွက်ဖို့လိုပါလိမ့်မယ်။



ပညာရေးကဏ္ဍကို သုံးသပ်တဲ့အခါ အခြေအနေတွေက ဆင်တူနေတာတွေ့ရပါတယ်။ အခြေခံပညာရေးကို အစိုးရက ကုန်ကျစရိတ်အများကြီးကျခံပြီး ဆောင်ရွက်သွားရမှာဖြစ်တယ်။ အခြေခံပညာရေးကို မူလတန်းပညာရေးအနေနဲ့ အကြမ်းဖျင်းသတ်မှတ်နိုင်ပါတယ်။ သူငယ်တန်းအဆင့်ကနေ မူလတန်းအောင်တဲ့အဆင့်အထိ အစိုးရက အခမဲ့ပေးသင့်တယ်။ ပေးနေတာလည်း တွေ့ရပါတယ်။ ဒီလိုဆောင်ရွက်မှ ဆင်းရဲချမ်းသာမရွေး လူတန်းစေ့အခြေခံ

www.foreverspace.com.mm



ပညာရေးကို ရယူနိုင်မှာဖြစ်ပါတယ်။ အခြေခံပညာရေးကို ပုဂ္ဂလိကလက်ထဲထည့်လိုက်ရင် ကလေးဦးရေများတဲ့နေရာတွေ၊ သွားရေးလာရေးလွယ်ကူတဲ့နေရာတွေမှာ ပုဂ္ဂလိကလုပ်ငန်းရှင်တွေအနေနဲ့ စီးပွားရေးတွက်ခြေကိုက်တာမို့ ပါဝင်ပြီး လူသူမနီးတဲ့၊ ဝေးလံခေါင်ပါးတဲ့၊ ကလေးဦးရေနည်းတဲ့နေရာဒေသတွေမှာတော့ စီးပွားရေးတွက်ခြေမကိုက်တဲ့အတွက် မူလတန်းကျောင်းတွေ ဖွင့်လှစ်မှာမဟုတ်ပါဘူး။

အထက်တန်းကျောင်းနဲ့ ပတ်သက်လို့တော့ စဉ်းစားရမယ့်အချက်တွေ ပိုမိုရှုပ်ထွေးလာပါတယ်။ အထက်တန်းကျောင်းတွေကို ပုဂ္ဂလိကလက်ထဲလွှဲပြောင်းပေးရင် ယှဉ်ပြိုင်မှုတွေ ပါလာမယ်။ ဒီယှဉ်ပြိုင်မှုတွေကြောင့် ပညာရေးအရည်အသွေးတွေ အရင်ကထက် ပိုမိုတိုးတက်ကောင်းမွန်လာမယ်။ ယှဉ်ပြိုင်နိုင်ဖို့အတွက် ဆရာ၊ ဆရာမတွေကို ရွေးပြီးခန့်မယ်။ သူတို့ရဲ့အရည်အသွေးတွေတက်အောင် အမျိုးမျိုးဆောင်ရွက်မယ်။ သင်ထောက်ကူပစ္စည်းတွေကိုလည်း လိုလေသေးမရှိ ပေးထားမယ်။ ဒါတွေအားလုံးဟာ ကလေးတွေရဲ့ပညာရေးအဆင့်အတန်းတိုးစေဖို့ ရည်ရွယ်ခြင်းဖြစ်တယ်။ အပြိုင်အဆိုင်ဆောင်ရွက်နေကြတဲ့ ပုဂ္ဂလိကကျောင်းတွေမှာ အခုလိုအကျိုးကျေးဇူးတွေရပေမယ့် ဒါတွေရလို့ ကျောင်းသားမိဘတွေအနေနဲ့ ထိုက်ထိုက်တန်တန်ကျောင်းလခတွေပေးဖို့လိုလိမ့်မယ်။ သတ်မှတ်တဲ့ကျောင်းလခ မပေးနိုင်တဲ့ကျောင်းသားကိုတော့ လက်ခံမှာမဟုတ်ပါဘူး။ စာတော်လွန်းလို့ ပညာသင်စရိတ်အထောက်အပံ့ပေးတာမျိုးရှိပေမယ့် ဒါက အနည်းအကျဉ်းသာဖြစ်တာမို့ ကျောင်းစရိတ်မတတ်နိုင်တဲ့ကျောင်းသားမိဘတွေအဖို့ အခက်အခဲနဲ့ရင်ဆိုင်ရမှာ ဖြစ်တယ်။

ပုဂ္ဂလိကကျောင်းကို စရိတ်စကကြီးကြီးပေးပြီး မထားနိုင်တဲ့မိဘတွေက သူတို့ရဲ့ကလေးတွေကို နိုင်ငံပိုင်ကျောင်းကိုသာ ပို့ရမှာဖြစ်တယ်။ ပုဂ္ဂလိကကျောင်းတွေရဲ့ အရည်အသွေးဟာ ယှဉ်ပြိုင်မှုကြောင့် တိုးတက်လာပေမယ့် နိုင်ငံပိုင်ကျောင်းတွေအနေနဲ့ ပုဂ္ဂလိကကျောင်းကို ယှဉ်ပြိုင်နိုင်မယ့်အရည်အချင်း ရှိမှာမဟုတ်ပါဘူး။ ဒါကြောင့်လည်း အတန်းအစားနှစ်မျိုး ဖြစ်လာနိုင်ပါတယ်။

**တစ်ကမ္ဘာလုံးမှာ ပုဂ္ဂလိကတက္ကသိုလ်တွေအထွန်းကားဆုံးနိုင်ငံက အမေရိကန်ပြည်ထောင်စုဖြစ်တယ်။ သူတို့ဆီမှာရှိတဲ့ ပုဂ္ဂလိကတက္ကသိုလ်တွေဟာ တစ်ကမ္ဘာလုံးနဲ့နှိုင်းယှဉ်ရင် အမြဲထိပ်ကပြေးနေတယ်။ တက္ကသိုလ်တစ်ခုနဲ့တစ်ခုက အပြတ်အသတ်ယှဉ်ပြိုင်နေကြတယ်။ ကျောင်းလခတွေဟာလည်း အလွန်ကြီးမားတယ်။**

တချို့နိုင်ငံတွေမှာတော့ ပုဂ္ဂလိကလက်ဝယ်လုံးလုံးလျားလျားမရွှေ့မပြောင်းဘဲ ပုဂ္ဂလိကနဲ့ နိုင်ငံတော် ဖက်စပ်ဆောင်ရွက်ကြတာကိုတွေ့ရပါတယ်။ ဒီလိုလုပ်တဲ့အတွက် ပုဂ္ဂလိကကျောင်းနဲ့ နိုင်ငံပိုင်ကျောင်း အရည်အသွေး အလွန်ကွာခြားမှုကို အနည်းငယ်ထိန်းသိမ်းနိုင်မှာ ဖြစ်ပါတယ်။

ပညာရေးကဏ္ဍမှာ အထက်တန်းကျောင်းတွေအတွက်သာ ပုဂ္ဂလိကအသွင်ပြောင်းဖို့စဉ်းစားနေခြင်းလား။ တက္ကသိုလ်ပညာရေးအတွက်ရော ဘယ်နည်းဘယ်ပုံစဉ်းစားကြမှာလဲ။ တစ်ကမ္ဘာလုံးမှာ ပုဂ္ဂလိကတက္ကသိုလ်တွေ အထွန်းကားဆုံးနိုင်ငံက အမေရိကန်ပြည်ထောင်စုဖြစ်တယ်။ သူတို့ဆီမှာရှိတဲ့ ပုဂ္ဂလိကတက္ကသိုလ်တွေဟာ တစ်ကမ္ဘာလုံးနဲ့ နှိုင်းယှဉ်ရင် အမြဲထိပ်ကပြေးနေတယ်။ တက္ကသိုလ်တစ်ခုနဲ့တစ်ခုက အပြတ်အသတ်ယှဉ်ပြိုင်နေကြတယ်။ ကျောင်းလခတွေဟာလည်း အလွန်ကြီးမားတယ်။ တော်ရုံတန်ရုံငွေမရှိရင် မတက်နိုင်ဘူး။ ဒီတက္ကသိုလ်တွေမှာ ဈေးကြီးကြီးပေးပြီး ဘွဲ့ရလာရင် ဝင်ငွေကလည်း သိပ်ကောင်းတယ်။ ဒီတော့ မိဘတွေက ချေးငှားပြီး ကျောင်းထားကြတယ်။ ဒါပေမဲ့ အခုလို ပုဂ္ဂလိကတက္ကသိုလ်တွေရှိသလို အများတက်နိုင်တဲ့ ပြည်နယ်တက္ကသိုလ် (State Universities) တွေကို ပြည်နယ်အစိုးရကထောက်ပံ့ပြီး ဖွင့်ပေးထားတာ တွေ့ရပါတယ်။ ဒီပြည်နယ်တက္ကသိုလ်မှာ ကျောင်းလခက နိမ့်တယ်။ အများတက်နိုင်တယ်။ ဒါပေမဲ့ ပြည်နယ်အစိုးရက ရင်းနှီးမြှုပ်နှံမှုတွေ ပြည့်ပြည့်စုံစုံလုပ်ပေးတဲ့အတွက် အရည်အသွေးက ပုဂ္ဂလိကတက္ကသိုလ်နဲ့ ယှဉ်ရင်မညံ့ဘူး။ ပြည်နယ်တက္ကသိုလ်တွေဟာ အမေရိကန်ပညာရေးစနစ်ရဲ့ အောင်မြင်မှုတစ်ရပ် ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ အခုလို အထက်တန်းကျောင်းတွေကို လွှဲပြောင်းပေးတဲ့ကိစ္စမှာ သက်ဆိုင်သူတွေအားလုံးနဲ့ ညှိနှိုင်းတိုင်ပင်ဖို့ အလွန်အရေးကြီးပါတယ်။ သက်ဆိုင်သူတွေ Stakeholder တွေကတော့ နိုင်ငံတော်အစိုးရ၊ ကျောင်းသားမိဘ၊ ကျောင်းသား၊ ကျောင်းသူ၊ ဆရာ၊ ဆရာမ၊ ကျောင်းကထွက်လာတဲ့ ကျောင်းသား၊ ကျောင်းသူကို အလုပ်အကိုင်အခွင့်အရေးပေးတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေအားလုံးဝိုင်းပြီး အဖြေရှာသွားရမှာ ဖြစ်ပါတယ်။ အမှန်တကယ်တော့ ဒီကိစ္စဟာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အပိုင်းသုံးပိုင်းစလုံးနဲ့ ပတ်သက်နေပါတယ်။ အလွန်သိမ်မွေ့ပြီး အလွန်အရေးကြီးတဲ့ကိစ္စသာ ဖြစ်ပါတယ်။ အားလုံးကျေနပ်လက်ခံနိုင်မယ့်အဖြေမျိုး အမြန်ဆုံးရရှိနိုင်ပါစေလို့သာ ဆုတောင်းနေမိပါတယ်။

**ပါမောက္ခဒေါက်တာအောင်ထွန်းသက်**

www.foreverspace.com.mm





# ဆိပ်ကမ်းဖွံ့ဖြိုးတိုးတက်စေရေးလုပ်ငန်းစဉ်များ

ပါမောက္ခဦးကျော်ညွန့် (ငြိမ်း)

**ဆိပ်ကမ်းတစ်ခု၏ သဘာဝပထဝီဝင်အနေအထားသည် ဆိပ်ကမ်းတစ်ခုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အထူးပင်အရေးပါအရာရောက်လှသည်ကို လက်တွေ့သုတေသနပြုလုပ်မိရာမှ စာရေးသူ တွေ့ရှိလာခဲ့ရပါသည်။ ပထဝီအနေအထားကို ပိုမိုထိရောက်အကျိုးရှိစွာအသုံးချနိုင်လေလေ ဆိပ်ကမ်းမှာပို၍ ဖွံ့ဖြိုးတိုးတက်လာပြီး အရေးပါအရာရောက်လာလေလေဖြစ်၏။**

## ကုန်တင်ကုန်ချ လျင်မြန်သွက်လက်ပြီး အပျက်အစီး၊ အပျောက်အရှုနည်းပါးသောဆိပ်ကမ်းမျိုးသာ ဖွံ့ဖြိုးတိုးတက်သောဆိပ်ကမ်းဟု သတ်မှတ်ပေးနိုင်ခြင်း

### (က) နိုင်ငံတကာအဆင့်မီသော ဆိပ်ကမ်းဆိုင်ရာ ဝန်ဆောင်မှုများကို ပြုလုပ်ဖန်တီးပေးထားရန် လိုအပ်ခြင်း

နိုင်ငံတကာအဆင့်မီသော ဆိပ်ကမ်းဆိုင်ရာ ဝန်ဆောင်မှုများကို ပြုလုပ်ဖန်တီးပေးထားနိုင်ရန် လုံလောက်ကြီးမားများပြားလှသောအရင်းအနှီး (Capital Investment) လိုအပ်သည်မှာ ငြင်းကွယ်၍မရနိုင်သောကိစ္စပင် ဖြစ်သည်။ ထို့ကြောင့် ဆိပ်ကမ်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတိုင်းသည် လုံလောက်သောဘဏ္ဍာငွေအရင်းအနှီး ရှိ၊ မရှိ ဟူသောအချက်ပေါ်တွင် အဓိကမှီတည်နေကြောင်းကို တွေ့ကြရ၏။

### (ခ) ခေတ်မီကုန်တင်ကုန်ချကိရိယာများ လိုအပ်လာခြင်း

ယခုခေတ်အခါသမယတွင် ကုန်တင်ကုန်ချပြုလုပ်သောနည်းစနစ်အဆန်းအပြားများမှာ ကုန်ပစ္စည်းအမျိုးအစားကိုလိုက်၍ အမျိုးမျိုးအဖုံဖုံစုံလင်စွာ တီထွင်ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိနေကြပြီ ဖြစ်သည်။ ဥပမာ–ကောက်ပဲသီးနှံများကို လေမှုတ်စက်ကြီးများ၏ တွန်းအားဖြင့် ပိုက်လုံးများမှတစ်ဆင့် သင်္ဘောကုန်တင်ခန်း (Holds) များအတွင်းသို့ အတင်အချပြုလုပ်ပေးကြသည်။

သံသတ္တုရိုင်းအစိုင်အခဲများကို သံလိုက်ဝန်ချီစက်ကြီးများ

www.foreverspace.com.mm



ဖြင့် အတင်အချ ပြုလုပ်ပေးနေကြပြီဖြစ်၏။ ရေနံနှင့်သဘာဝဓာတ်ငွေ့ရည်များကို လေဖိအားသုံး Compressor များဖြင့် အတင်အချ ပြုလုပ်ပေးကြရသည်။ ကွန်တိန်နာကုန်သေတ္တာဘူးကြီးများကို Gantry ခေါ် ရှေ့နောက်ဝဲယာ ရွေ့လျားသယ်ယူရွှေ့ပြောင်းမချီပေးနိုင်သော ဝန်ချီစက်ကြီးများဖြင့် အတင်အချ ပြုလုပ်ပေးကြရသည်။

ထို့ကြောင့် အထူးဆိပ်ကမ်းများ (Specialized Ports) ကိုတည်ဆောက်ပြီး သီးခြားအမျိုးအစားမတူညီသော ကုန်ပစ္စည်းများအတွက် သီးခြားမတူညီသော ကုန်တင်ကုန်ချပြုလုပ်သည့် နည်းလမ်းနှင့် ဝန်ချီစက်အမျိုးကွဲများကို သင့်လျော်သလို ပြောင်းလဲအသုံးချလာကြရသည်။

ယခုအခါ တစ်နေရာတည်းတွင် ပုံသေရပ်နားပြီး ကုန်တင်ကုန်ချပြုလုပ်ကြသည့်အစား ရွေ့လျားဝန်ချီစက် (Mobile Cranes) များကို တီထွင်ထုတ်လုပ်အသုံးပြုနေကြပြီ ဖြစ်သည်။

## သဘာဝရေနက်ဆိပ်ကမ်းနှင့် လူလုပ်ဆိပ်ကမ်းများ

ဥပမာအားဖြင့် ကျောက်ဖြူမြို့သည် သဘာဝအလျောက် ရေနက်ဆိပ်ကမ်းမြို့ဖြစ်ရာ ရေစူးအလွန်နက်သော ဧရာမသင်္ဘောကြီးများ ဆိပ်ကမ်းဧရိယာအတွင်းသို့ အလွယ်တကူ ဝင်ရောက်ဆိုက်ကပ်ရပ်နားကာ ကုန်တင်ကုန်ချကို လျင်မြန်သွက်လက်စွာပြုလုပ်နိုင်ကြသည်။ သင်္ဘောအဝင်အထွက်မှာ ဒီရေအတက်အကျကို စောင့်ဆိုင်းနေရန်မလိုအပ်တော့သောကြောင့်ပင် ဖြစ်လေသည်။

အချို့တိုင်းပြည်များတွင် ပင်လယ်ကမ်းစပ်ရေတိမ်လွန်းလှသဖြင့် ပင်လယ်တွင်းသို့ တံတားရှည်ကြီးများဖောက်လုပ်၍ ရေနက်ပိုင်းရောက်မှ ဆိပ်ခံသောတံတားများ ပြုလုပ်တည်ဆောက်ပေးကြရသဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် ထိန်းသိမ်းမွမ်းမံမှုကုန်ကျစရိတ်မှာ အတော်ပင်ကြီးမားများပြားလှသည်ကို တွေ့ရ၏။

သဘာဝရေနက်ဆိပ်ကမ်းရှိသော မြို့များတွင် ရေစူးများသော သင်္ဘောကြီးများကို လွန်းတင်ပြင်ဆင်ရာတွင် အဆင်ပြေလွယ်ကူချောမွေ့လှသည်ဖြစ်ရာ သင်္ဘောတည်ဆောက်ခြင်းနှင့် ပြင်ဆင်မွမ်းမံခြင်းလုပ်ငန်းတို့မှ နိုင်ငံခြားဝင်ငွေ အများအပြားရှာဖွေစုဆောင်းပေးနိုင်ကြသည်ကိုလည်း လေ့လာတွေ့ရှိရပြန်သည်။



## လုံလောက်ကျယ်ပြန့်သော ဆိပ်ကမ်းနယ်မြေ လိုအပ်ခြင်း

ဆိပ်ကမ်းများအတွင်း ကုန်လှောင်ရုံများ အလုံအလောက်တည်ဆောက်ပေးရန် လိုအပ်လှသည်ဖြစ်ရာ မြေနေရာကျယ်ဝန်းသည်နှင့်အမျှ ဆိပ်ကမ်းဆိုင်ရာလုပ်ငန်းဆောင်တာအဝဝကို လွယ်ကူလျင်မြန်စွာနှင့် ပျက်စီးထိခိုက်မှုမရှိစေဘဲ ထိရောက်စွာလုပ်ဆောင်လာနိုင်ကြပါသည်။

ဆိပ်ကမ်းနယ်မြေကျယ်ဝန်းလျှင် မီးသတ်ယာဉ်များ၊ မီးသတ်ကိရိယာများ၊ နေ့ကင်းညကင်းစောင့်ရန်လိုအပ်သော ကင်းစခန်းများ၊ ဂိတ်များကို အလုံအလောက် တည်ဆောက်ပေးနိုင်ပေသည်။

သင်္ဘောလောင်စာဆီများ၊ ချောဆီများ၊ သောက်သုံးရေများကို အချိန်မီဖြည့်တင်းပေးနိုင်စေရန်အတွက်လည်း နေရာကျယ်



www.foreverspace.com.mm

ဝန်းပါမှ လုံလောက်စွာသိုလှောင်ထားရှိနိုင်ပါလိမ့်မည်။

ဆိပ်ကမ်းနယ်မြေကျယ်ဝန်းလျှင် ကွန်တိန်နာကားများ၊ ကုန်တင်ထရပ်ကားများအတွက် လိုအပ်သောလမ်းများ ကျယ်ဝန်းစွာ ဖောက်လုပ်ပေးထားနိုင်သဖြင့် ယာဉ်တိုက်မှုဖြစ်ပွားခြင်း၊ ကုန်ပစ္စည်းများထိခိုက်ပျက်စီးခြင်းကို များစွာလျှော့ချပယ်ဖျောက်ပေးလာနိုင်သည်။

ဝန်ချီစက်များလည်း လွတ်လပ်စွာလှုပ်ရှားလည်ပတ်၍ အလုပ်လုပ်နိုင်သဖြင့် လုပ်ငန်းစွမ်းရည်မြင့်တက်လာပါလိမ့်မည်။ ဆိပ်ကမ်းဧရိယာအတွင်း မီးရထားလမ်းဖောက်လုပ်ပေးရန် နေရာကျယ်ဝန်းပါက ဆိပ်ကမ်းမှကုန်းတွင်းပိုင်းသို့ ကုန်တင်ပို့ရေးလုပ်ငန်းမှာ လျင်မြန်ချောမွေ့သွက်လက်လာပြီး စီးပွားရေးအရလည်း ပို၍ တွက်ခြေကိုက်လာပါသည်။

## သင်္ဘောနှင့်ကုန်စည်များ၏ လုံခြုံရေးကို ဆိပ်ကမ်းအာဏာပိုင်များက တာဝန်ယူစောင့်ရှောက်ပေးကြရခြင်း

ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသော အရွယ်အစားအမျိုးမျိုးရှိသည့် ကုန်သင်္ဘောအမျိုးမျိုးတို့၏ လုံခြုံရေးနှင့် သင်္ဘောများပေါ်သို့ အတင်အချပြုလုပ်ပေးရမည့် ကုန်စည်ပစ္စည်းအမျိုးမျိုးတို့ မပျောက်မပျက် မဆုံးရှုံးရလေအောင် သက်ဆိုင်ရာ ဆိပ်ကမ်းအာဏာပိုင်အဖွဲ့အစည်းများက တာဝန်ယူ ကာစောင့်ရှောက်ပေးကြရပါသည်။ ဆိပ်ကမ်းလုံခြုံရေးကို ကုန်းမြေပိုင်းမှကာကွယ်စောင့်ရှောက်ပေးရသကဲ့သို့ ရေပြင်ဘက်မှလည်း ကင်းလှည့်မော်တော်ဘုတ်များ သို့တည်းမဟုတ် ဆိပ်ကမ်းရဲရေယာဉ်များ (Marine Police Patrol Boats) များဖြင့် အဆက်မပြတ် နေ့ရောညပါ ကင်းလှည့်စောင့်ကြည့်ပေးကြရသည်။

ညဘက်တွင် သင်္ဘောများပေါ်မှလည်းကောင်း၊ ဆိပ်ကမ်းဧရိယာအတွင်းရှိ ကင်းမျှော်စင်များမှလည်းကောင်း အားကောင်းသော Search Lights များသုံး၍ ဖောက်ထွင်းခိုးယူမည့်သူများ၊ အကြမ်းဖက်ဖောက်ခွဲရေးသမားများ၏ အန္တရာယ်ကို စေ့စေ့စပ်စပ်စူးစမ်းရှာဖွေကင်းထောက်ပေးကြရသည်။

ထို့အပြင် မသင်္ကာဖွယ်ရာကုန်ပစ္စည်းများကို တင်ဆောင်ထားကြသည်ဟုထင်ရသော သင်္ဘောများပေါ်သို့ အကောက်ခွန်အရာရှိများ၊ လူဝင်မှုကြီးကြပ်ရေးအရာရှိများ၊ ကျန်းမာရေးအရာရှိများ၊ ဆိပ်ကမ်းရဲတပ်ဖွဲ့ဝင်များပါဝင်သောအဖွဲ့များဖြင့် အမိန့်စာထုတ်ပြန်၍ တက်ရောက်စစ်ဆေးခြင်းများကိုပါ ပြုလုပ်ကြရသည်။

## သင်္ဘောများ၏လိုအပ်ချက်မှန်သမျှကို အချိန်မီပြည့်ဝစုံလင်စွာ ဖြည့်တင်းဆောင်ရွက်ပေးကြရခြင်းလုပ်ငန်း

မိမိတို့၏ဆိပ်ကမ်းတွင် ဆိုက်ကပ် ရပ်နားထားကြသော ပြည်တွင်း၊ ပြည်ပနိုင်ငံများမှ သင်္ဘောများအားလုံးအတွက် လိုအပ်လျက်ရှိကြသော စားနပ်ရိက္ခာ၊ သောက်သုံးရေ၊ ဆေးဝါး၊ အပိုစက်ပစ္စည်းများ၊ သင်္ဘောလောင်စာဆီ၊ ချောဆီ၊ ဆက်သွယ်ရေး



www.foreverspace.com.mm



ကိရိယာများကို လစ်ဟင်းပြတ်လပ်မှုမရှိရအောင် ဖြည့်တင်းပေးကြရသည်။

ထိုလုပ်ငန်းအတွက် Ship Chandlers ခေါ် သင်္ဘော၏လိုအပ်ချက်အဝဝကို တာဝန်ယူဖြည့်တင်းပေးကြသော ပုဂ္ဂလိကလုပ်ငန်းများလည်း နိုင်ငံတကာတွင် အများအပြားရှိကြပါသည်။

သင်္ဘောတွင် ထိခိုက်ပျက်စီးမှုရှိပါက ရေကြောင်းအင်ဂျင်နီယာများက သင်္ဘောကြံ့ခိုင်မှုစစ်ဆေးရေးဆိုင်ရာ စက်မှုအရာရှိများဖြစ်ကြသော Surveyor အဖွဲ့များက လိုအပ်သလို စစ်ဆေးမှုများပြုလုပ်ပေးကြပြီး လိုအပ်သောပြင်ဆင်မွမ်းမံတပ်ဆင်မှုများကိုပါ ပြုလုပ်ပေးကြရပြန်၏။

## ဈေးနှုန်းသင့်တင့်မျှတစွာဖြင့် လျင်မြန်စွာဝန်ဆောင်မှုပေးရခြင်း

ဆိပ်ကမ်းတွင် ဆိုက်ကပ်ရပ်နားထားသော သင်္ဘောများအတွက် လိုအပ်သမျှသော ဝန်ဆောင်မှုအမျိုးမျိုးကို လွယ်ကူလျင်မြန်စွာနှင့် ဈေးနှုန်းသင့်တင့်မျှတစွာဖြင့် ပံ့ပိုးကူညီလုပ်ဆောင်ပေးကြရန် နိုင်ငံတကာရှိ ကမ္ဘာ့အဆင့်မီ ဆိပ်ကမ်းအာဏာပိုင်များအားလုံးတွင် တာဝန်ကိုယ်စီရှိလာကြပြီ ဖြစ်သည်။

ထိုသို့ဟန်ချက်ညီညီ အချိုးကျကျ ပုံမှန်စနစ်တကျဝန်ဆောင်မှုများပြုလုပ်ပေးနိုင်ရန် လိုအပ်သော စီမံကိန်းရေးဆွဲထားရှိမှု (Planning)၊ လုပ်ငန်းပေါင်းစပ်ညှိနှိုင်းပေးမှု (Coordination) ၊ကြီးကြပ်လုပ်ဆောင်လမ်းညွှန်မှုပေးခြင်း (Supervision)၊ ထိန်းချုပ်ကွပ်ကဲပေးရခြင်း (Control)၊ လုပ်သား အင်အားဖြည့်တင်းပေးရခြင်း (Staffing and Recruitment)၊ လုပ်ငန်းအရည်အသွေးကိုအကဲဖြတ်ပေးရခြင်း (Work or Job Evaluations) များကို ပုံမှန်ပြုလုပ်ပေးကြရပြန်သည်။

## စီးပွားရေးအရလည်း တွက်ခြေကိုက်အောင် ဆောင်ရွက်နိုင်စွမ်းရှိလာစေရန် အထူးလိုအပ်ခြင်း

ဆိပ်ကမ်းဖွံ့ဖြိုးရေးကိစ္စများကို လုပ်ဆောင်ကြရာတွင် အရှုံးပေါ်၍မဖြစ်ပါ။ အနည်းဆုံးစာရင်းပြန်ရစေရန် ကြိုးစားကြရပါသည်။ အမြတ်အစွန်းရှိလာလျှင် လုပ်ငန်းကိုတိုးချဲ့မွမ်းမံအဆင့်မြှင့်လုပ်ဆောင်နိုင်မည်ဖြစ်သကဲ့သို့ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ (Research & Developments) ကိုပါ တိုးချဲ့လုပ်ကိုင်ကာ လုပ်ငန်းစွမ်းရည် (Efficiency) ကို ထိရောက်စွာ မြှင့်တင်လာနိုင်ပါလိမ့်မည်။

ထို့ကြောင့် အလေအလွင့်အဆုံးအရှုံးမရှိစေရန် အထူးဂရုစိုက်ပြီး ကုန်ကျစရိတ်များကို အတတ်နိုင်ဆုံးချွေတာကြပါမှ လုပ်ငန်းတစ်ရပ်လုံးအပေါ်တွင် ခြုံငုံ၍ အမြတ်အစွန်းများပေါ်လာပါမည်။ ဥပမာ–နေ့ခင်းဘက်တွင် မီးများထွန်းညှိ၍အလုပ်လုပ်ခြင်း၊ ကုန်မရှိသောဂိုဒေါင်တွင် မီးထွန်းထားခြင်းများမပြုလုပ်ရပါ။ လုပ်ငန်းအလေအလွင့်ဆုံးရှုံးမှုမရှိစေရန်၊ ကြွက်၊ ပိုးဟပ်၊ ခြ စသည့် သတ္တဝါများမရှိရန်၊ လေဝင်လေထွက်ကောင်းစေရန်နှင့် မီးအန္တရာယ်ကို အထူးကြိုတင်ကာကွယ်ထားကြရန် လိုအပ်လှသည်ကို အထူးတင်ပြလိုပါသည်။

## သင်္ဘောများဆိပ်ကမ်းသို့ အလွယ်တကူ လုံခြုံစိတ်ချစွာ ချဉ်းကပ်ဝင်ရောက်လာနိုင်ရန်၊ ကျောက်ချရပ်နားထားနိုင်ရန်နှင့် လုံခြုံစိတ်ချဘေးကင်းစွာထွက်ခွာနိုင်ရန် စီမံပေးကြရခြင်း

သင်္ဘောများ ဆိပ်ကမ်းများသို့ အလွယ်တကူ လျင်လျင်မြန်မြန် ဝင်ထွက်သွားလာပြီး လျင်လျင်မြန်မြန် ကုန်တင်ကုန်ချပြုလုပ်ပေးနိုင်ပါမှ သင်္ဘောတစ်စင်းချင်းအနေဖြင့်ခေါက်ရေ အများဆုံးပြေးဆွဲနိုင်ပြီး အမြတ်ငွေအများဆုံး ရှာဖွေပေးနိုင်စွမ်းရှိလာပါလိမ့်မည်။ ထိုအခါ ဆိပ်ကမ်းကလည်း သင်္ဘောအဝင်အထွက်များလာသည်နှင့်အမျှ ဝင်ငွေတိုးတက်ရရှိပြီး ဆိပ်ကမ်းလည်း အနာဂတ်တွင် ပိုမိုတိုးတက်ဖွံ့ဖြိုးလာပါလိမ့်မည်။

ဆိပ်ကမ်းသို့ အလွယ်တကူချဉ်းကပ်ဝင်ရောက်ခြင်းနှင့် ထွက်ခွာခြင်းတို့ပြုလုပ်နိုင်ရန် ဆိပ်ကမ်းအဝင်အထွက် ရေလမ်းကြောင်းများ (Nautical Routes) တွင် ကျောက်ဆောင်များ၊ သောင်ခုံ (Sand Bars) များ ကင်းရှင်းအောင်ပြုလုပ်ထားရန် လိုအပ်သကဲ့သို့ ရေစူး (Draught) လုံခြုံစိတ်ချရစေရန်လိုအပ်သော ရေအနက်အမြဲတမ်းကျော်လွန်တည်ရှိနေစေရန် သောင်တူးခြင်း၊ သောင်ခုတ်ခြင်း (Dredging) များကို ပုံမှန်ပြုလုပ်၍ ရေပုံကားချပ်များ (Hydrographic Charts) အမြဲတမ်း နောက်ဆုံးအချိန်အထိ ပုံနှိပ်ထုတ်ဝေဖြန့်ချိခြင်း၊ Mariner Notice ခေါ် ရေယာဉ်မှူးများအား သတိပေးအကြံပြုလွှာများ ပုံမှန်ထုတ်ပြန်ခြင်း၊ မိုးလေဝသသတင်းအချက်အလက်များကို ပုံမှန်ထုတ်ပြန်ပေးခြင်းများကို နေ့စဉ်လိုလို



www.foreverspace.com.mm



ပြုလုပ်ဖြည့်ဆည်းပေးရန်လိုအပ်ကြောင်း မီးမောင်းထိုးပြလိုပါသည်။

ကျောက်ချရပ်နားရာတွင် အန္တရာယ်ကင်းစေရန် လှိုင်းကာကျောက်နံရံများလိုအပ်ပါက တည်ဆောက်ပေးရပါသည်။ (Wave Protection Embankments) များကိုဆိုလိုခြင်း ဖြစ်ပါသည်။ ရေကြောင်းလမ်းပြများ၏ ကျွမ်းကျင်လိမ္မာမှုနှင့် အလုပ်တွင် အာရုံစိုက်မှုများလေလေ သင်္ဘောများဆိပ်ကမ်းသို့ အဝင်အထွက်ပြုလုပ်ရာတွင် ပို၍စိတ်ချရပြီး ပိုမိုလျင်မြန်လွယ်ကူလေလေ ဖြစ်သည်။

(က) ရာသီဥတုဆိုးရွားနေချိန်တွင် ရေကြောင်းအချက်ပြများပြသခြင်းနှင့် မီးများထွန်းညှိအချက်ပြပေးရခြင်း၊

(ခ) အန္တရာယ်ရှိသည့်နေရာ ရေကြောင်းလမ်းများပေါ်တွင်ရှိက မီးများ၊ ဘော်ယာများ၊ အလံများဖြင့် လိုအပ်သလို အချက်ပြကာ Mariner Notice ခေါ် ရေယာဉ်မှူးများထံ သတိပေးနှိုးဆော်ချက်များ အဆက်မပြတ်ထုတ်ပြန်ပေးရန် လိုအပ်ပါသည်။



(ဂ) တစ်နှစ်ပတ်လုံးစိတ်ချရသော ရေစူးအနက်ကို ထိန်းပေးထားရန်လည်း လိုအပ်ပါသည်။

(ဃ) Maneauvaribility ခေါ် ဆိပ်ကမ်းဧရိယာအတွင်း သင်္ဘောကြီးများကို လွယ်ကူလျင်မြန်စွာ ကွေ့ပတ်လှည့်လည်ခုတ်မောင်းနိုင်စေရန်လည်း ပြုလုပ်ဖန်တီးပေးရန်လိုပါသည်။

(င) ကျောက်ချရပ်နားထားရာနေရာတွင် ရာသီဥတုဒဏ်ခံနိုင်အောင် ပြုလုပ်ပေးရသည်။

(စ) ဆိပ်ကမ်းအတွင်း မီးသတ်သင်္ဘောများ၊ တွန်းသင်္ဘောနှင့် ဆွဲသင်္ဘောများ (Tug Boats)၊ ကင်းလှည့်သင်္ဘောများ၊ ကယ်ဆယ်ရေးနှင့် ဝန်ချီစက်များပါရှိသော သင်္ဘောများ (Crane Vessels)၊ သောင်တူးသင်္ဘောများ၊ ရှာဖွေရေးနှင့် အသက်ကယ်ရေးအတွက် အမြန်ခုတ်မောင်းနိုင်သော သူနာပြုကြက်ခြေနီများပါဝင်သည့် အမြန်သွားရေယာဉ်ငယ်များ၊ ရေကြောင်းလမ်းပြသင်္ဘောများ (Pilot Boats) လုံလောက်ပြည့်စုံစွာရှိစေရန်အတွက် စီမံဖန်တီးထားရပါမည်။

## ဆိပ်ခံဖောင်တံတားများ လုံလောက်မှုရှိအောင် တည်ဆောက်ပေးရန် အထူးပင် လိုအပ်လျှခြင်းကိစ္စ

ဖွံ့ဖြိုးဆဲနိုင်ငံအတော်များများတွင် ဆိပ်ခံဖောင်တံတားများ (Berthing Space) လုံလောက်စွာ မတည်ဆောက်ထားနိုင်ကြသဖြင့် ကုန်သင်္ဘောကြီးများသည် ကုန်တင်ကုန်ချပြုလုပ်ရန် အလှည့်ကျစောင့်နေကြရသဖြင့် (Ship Turnaround) ခေါ် သင်္ဘောခေါက်ရေများများမဆွဲနိုင်ဘဲ စောင့်ဆိုင်းရင်း ဆိပ်ကမ်းအတွင်း၌သာ အချိန်ကုန်ကြရပြီး စောင့်ဆိုင်းခ (Demurrage) များပေးရခြင်း၊ (Port Dues) ခေါ် ဆိပ်ကမ်းခွန်များ မလိုအပ်ဘဲပေးဆောင်ရခြင်းများဖြစ်ကာ စီးပွားရေးနှင့် ကုန်သွယ်ရေးရှုထောင့်မှ လေ့လာကြည့်မည်ဆိုလျှင် တွက်ခြေမကိုက်တော့ဘဲ အရှုံးပင်ပေါ်လာတတ်သည်ကို စူးစမ်းလေ့လာတွေ့ရှိခဲ့ရပါသည်။

Anchorage တွင် Lighter များပေါ်သို့ ကုန်အတင်အချပြုလုပ်ရာတွင် အချိန်အလွန်ကြန့်ကြာသလို မကြာခဏ မတော်တဆကုန်စည်ဝန်ထုပ်များ ပင်လယ်ရေထဲ ပြုတ်ကျနစ်မြုပ်ဆုံးရှုံးရခြင်းများရှိသည်။ ဆုံးရှုံးမှုများပြားခြင်းကိစ္စမှာ ကုန်သွယ်ရေ

www.foreverspace.com.mm





ကြောင်းလုပ်ငန်းများတွင် မလိုလားအပ်ဆုံးသောအရာ ဖြစ်သည်။

## မီးရထားလမ်း၊ ကားလမ်းနှင့်နီးကပ်သောနေရာများတွင် ဆိပ်ကမ်းများကို ရွေးချယ်တည်ဆောက်ရန်လိုခြင်း

ကုန်သွယ်စီးပွားကူးသန်းရေးရှုထောင့်မှ လေ့လာကြည့်မည်ဆိုပါလျှင် ဆိပ်ကမ်းများသည် ပင်မမီးရထားလမ်းများ၊ အဝေးပြေးကားလမ်းမကြီးများနှင့် နီးကပ်သောနေရာတွင်ရှိပါက ကုန်ပစ္စည်းများကို ဈေးကွက် သို့မဟုတ် ကုန်လှောင်ရုံများဆီသို့ ထပ်ဆင့်သယ်ယူပို့ဆောင်ရာတွင် အချိန်ကုန်များစွာသက်သာပြီး လမ်းစရိတ် (Transportation Costs) များစွာသက်သာစေသည့်အပြင် ဈေးကွက်က တောင့်တအလိုအပ်ဆုံးအချိန်တွင် ဈေးကွက်သို့ အချိန်မီတင်ပို့ရောင်းချပေးနိုင်သဖြင့် စီးပွားရေးအရ အလွန်ပင်တွက်ခြေကိုက်ပြီး အမြတ်အစွန်းရှိလှသည်ကို လေ့လာတွေ့ရှိရပြန်သည်။

## ဆိပ်ကမ်းများခေတ်မီတိုးတက်ဖွံ့ဖြိုးလာစေရန်အတွက် ခေတ်မီဝန်တင်ဝန်ချကိရိယာများကို ပြည့်စုံလုံလောက်စွာထားပေးရန် လိုအပ်ခြင်း

ခေတ်မီသော ဆိပ်ကမ်းတစ်ခုအတွက် မရှိမဖြစ်အလိုအပ်ဆုံးသောအရာမှာ စွမ်းအားမြင့်ဝန်ချီစက်ကြီးများ (Heavy Duty Cranes)၊ ရွေ့လျားဝန်ချီစက်များ (Mobile Cranes)၊ ကုန်သေတ္တာများသယ်ယူမချီအတင်အချပြုလုပ်နိုင်သော ဝန်ချီစက်များ (Gantry Cranes)၊ ကုန်ထုပ်များကို တစ်ခုအပေါ်တစ်ခု ဆင့်ပေးခြင်း (Stacking) လုပ်ပေးနိုင်သော ခက်ရင်းခွပုံသဏ္ဌာန် ဝန်ချီကိရိယာပါသည့် (Fork Lifts) များ၊ သံထည်ပစ္စည်းများကို သယ်ယူမချီနိုင်သော သံလိုက်ဝန်ချီစက်များ (Magnetic Cranes)၊ ကျောက်မီးသွေး၊ သတ္တုရိုင်း၊ ကောက်ပဲသီးနှံများကို တင်ပို့နိုင်သော စက်ပတ်ကြိုးများဖြင့် ဝန်တင်သည့် (Conveyor Loading and Unloading Systems) များကို မလွဲမသွေထားရှိရန် လိုအပ်ပါသည်။

## ကုန်လှောင်ရုံများလုံခြုံဘေးကင်းမှုရှိပြီး အရေအတွက်အလုံအလောက်ရရှိရန် လိုအပ်ခြင်း

ဆိပ်ကမ်း မည်မျှပင်ခေတ်မီကောင်းမွန်နေစေကာမူ ကုန်လှောင်ရုံများ လုံလုံလောက်လောက်မရှိခြင်း၊ ဘေးကင်းလုံခြုံမှုမရှိခြင်းပြဿနာများစုနေပါက သင်္ဘောပေါ်တင်ရမည့် ကုန်ပစ္စည်းများရော သင်္ဘောမှချပြီးသောကုန်ပစ္စည်းများပါ မလိုအပ်ဘဲ ပျက်စီးဆုံးရှုံးကြရမည် ဖြစ်သည်။

ကုန်လှောင်ရုံများတွင် ပိုးဟပ်၊ ကြွက်၊ ခြ စသည့်အဖျက်သတ္တဝါများ (Dstructive Creatures) များကို ဖယ်ရှားသုတ်သင်ရှင်းလင်းထားရန်လိုအပ်သကဲ့သို့ ကုန်လှောင်ရုံများအတွင်း ရေအစိုဓာတ် (စိုထိုင်းဆ–Humidity) နည်းပါးစေရန်လည်း လိုပါသည်။ သို့မဟုတ်ပါက ကုန်ပစ္စည်းများ စိုထိုင်းပျက်စီးခြင်း၊ စားသောက်ကုန်များ မှိုတက်ပျက်စီးပုပ်သိုးခြင်းများလည်း ဖြစ်နိုင်ပါသည်။

ထို့အပြင် ကုန်လှောင်ရုံများတွင် မီးကင်းစောင့်များချထားပြီး မီးသတ်ဘူးများ၊ သဲများ၊ မီးသတ်ရန်ရေများကို လုံလောက်စွာ သိုမှီးဖြည့်တင်းထားရန်လည်း အထူးပင်လိုအပ်ကြောင်း သတိပြုကြစေလိုပါသည်။

## သင်္ဘောဆိပ်ကမ်းလုပ်သားများလုံလောက်စွာရှိပြီး ကျွမ်းကျင်မှုလည်း အပြည့်အဝရှိကြစေရန်လိုအပ်ခြင်း

မည်သည့်ခေတ်မီဆိပ်ကမ်းမျိုးတွင်မဆို ကျွမ်းကျင်သော ဆိပ်ကမ်းလုပ်သားများနှင့် ကုန်တင်ကုန်ချလုပ်သားများ (Steve

www.foreverspace.com.mm

dores)အလုံအလောက်ရှိရန် အထူးအရေးကြီးပါသည်။ ဆိပ်ကမ်းလုပ်သားများမလုံလောက်ပါက သင်္ဘောများ၏ ကုန်တင်ကုန်ချလုပ်ငန်းနှေးကွေးပြီး အချိန်ကုန်၊ ငွေကုန်များလာသကဲ့သို့ ကျွမ်းကျင်မှုမရှိသောဆိပ်ကမ်းလုပ်သားများကြောင့် ကုန်ပစ္စည်းများထိခိုက်ပျက်စီးကွဲရှခြင်းများ၊ ရေထဲပြုတ်ကျ၍ ဆုံးရှုံးနစ်နာရခြင်းများ အများအပြားဖြစ်ပေါ်လာကာ စီးပွားရေးအရတွက်ခြေမကိုက်တော့သည်ကို တွေ့လာရပါသည်။

ကျွမ်းကျင်သော ဆိပ်ကမ်းအလုပ်သမားရှားပါး၍ မလုံမလောက်ဖြစ်နေသည့်ဆိပ်ကမ်းမျိုးသို့ သင်္ဘောများအရောက်အပေါက်နည်းကာ ဆိပ်ကမ်းဝင်ငွေများလည်း အချိုးကျလျော့ပါးနိမ့်ဆင်းလာတတ်သည်ကို လေ့လာတွေ့ရှိရပါသည်။

## ကုန်စည်နှင့် သင်္ဘောအပျက်အစီးမရှိစေရန် အထူးဂရုတစိုက်လုပ်ဆောင်ပေးရန် လိုအပ်ခြင်း

ကုန်စည်များအတင်အချပြုလုပ်ရာတွင် ကုန်စည်ကိုရောသင်္ဘောများ၊ ဝန်ချီစက်များကိုပါ ထိခိုက်ပျက်စီးဆုံးရှုံးမှုမရှိစေရန် ကုန်တင်ကုန်ချအလုပ်သမားများက အထူးဂရုစိုက်၍ တာဝန်ယူဆောင်ရွက်ကြရပါသည်။ အချို့ဆိပ်ကမ်းအာဏာပိုင်များက ထိုကိစ္စကို မိမိတို့၏ ကိုယ်စားလှယ်များမှတစ်ဆင့် ကြီးကြပ်ကွပ်ကဲဆောင်ရွက်ပေးခြင်းမျိုးလည်းရှိတတ်သည်။ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားတိုးတက်လာစေရန်နှင့် သင်္ဘောရော ကုန်ပစ္စည်းများပါထိခိုက်ပျက်စီးကွဲရှခြင်း၊ ရေထဲသို့ကျကာ ဆုံးရှုံးခြင်းများ မရှိကြရလေအောင်မှာ နီးကပ်၍စည်းမျဉ်းများချမှတ်ကာ ကွပ်ကဲထိန်းသိမ်းစီမံဆောင်ရွက်ပေးကြခြင်း ဖြစ်သည်။

## ကုန်ပစ္စည်းများရာသီဥတုဒဏ်ကြောင့် မပျက်စီးအောင် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ပေးကြရခြင်း

Wharf နှင့် Warehouse ခေါ် ဆိပ်ကမ်းအနီးရှိ ကုန်လှောင်ရုံကြီးများသည် မိုးလုံလေလုံဖြစ်ရုံသာမက အပူချိန်ကို တစ်သမတ်တည်းဖြစ်အောင် ပုံမှန်ထိန်းချုပ်ပေးထားရခြင်း၊ ရေငွေ့နှင့်စိုထိုင်းဆ (Humidity) များကို တစ်သမတ်တည်းရှိစေရန် ထိန်းသိမ်းပေးကာ လေဝင်လေထွက် (Ventilation)ကောင်းမွန်အောင်လိုအပ်သောစက်ကိရိယာ လေအေးပေးစက်၊ လေသွင်းလေထုတ်စက်များထားရှိပေးကြရသည်။ ထိုသို့ ပြည့်စုံစွာ စီမံဆောင်ရွက်ပေးထားခြင်းမရှိပါက ကုန်စည်များဆွေးမြည့်ပုပ်သိုးပျက်စီးခြင်း၊ သံချေးတက်ခြင်း၊ အရည်ပျော်ခြင်း၊ အနံ့ပြောင်းသွားခြင်း၊ ခဲ၍မာကျောသွားကာ သုံးမရတော့ခြင်း စသည့်ဆုံးရှုံးမှုမျိုးစုံကိုဖြစ်ပွား ပေါ်ပေါက်လာစေနိုင်ပါသည်။

## ဆိပ်ကမ်းအတွင်းနှင့် ဆိပ်ကမ်းပြင်ပသို့ ဆက်သွယ်ရေးစနစ်ကောင်းမွန်စွာ ထူထောင်ပေးထားရန် လိုအပ်ခြင်း

Intercom ခေါ်ဆိပ်ကမ်းအတွင်းရှိ လုပ်ငန်းတစ်ဌာနနှင့်တစ်



www.foreverspace.com.mm



ငှာ လွယ်ကူလျင်မြန်စွာဆက်သွယ်အကြောင်းကြားသတင်းပို့ပေးနိုင်သည်နှင့်အမျှ လုပ်ငန်းများလျင်မြန်သွက်လက်လာပြီး လုပ်ငန်းစွမ်းဆောင်ရည်လည်း မြင့်မားတိုးတက်လာပါသည်။ အလားတူစွာဖြင့် ဆိပ်ကမ်းပြင်ပရှိ ကုမ္ပဏီများ၊ လုပ်ငန်းများ၊ စက်ရုံများသို့ လျင်မြန်လွယ်ကူသော ဆက်သွယ်ရေးစနစ်များထူထောင်ပေးထားခြင်းအားဖြင့် အမျိုးသားစီးပွားကူးသန်းရောင်းဝယ်ရေးနှင့်တကွ ပြည်ပကုန်သွယ်ရေးလုပ်ငန်းများကိုပါ အထူးလျင်မြန်စွာတိုးတက်ဖွံ့ဖြိုးလာစေပြီး နိုင်ငံဓနအင်အားကို အချိန်တိုကာလအတွင်း များစွာဖြည့်တင်းပေးနိုင်ပါသည်။

## သင်္ဘောဆိပ်ကမ်းများတွင် ကုန်ပစ္စည်းများကြာရှည်စွာစုပုံနေခြင်း မရှိစေရန်နှင့် မပျောက်ဆုံးရအောင် ကာကွယ်လုပ်ဆောင်ပေးရန် လိုအပ်ခြင်း

ဆိပ်ကမ်းများတွင် သွင်းကုန်နှင့်ပို့ကုန်များ စုပုံတည်ရှိနေပါက ကုန်ပစ္စည်းများ အခိုးခံရခြင်းများပြားလာနိုင်သကဲ့သို့ ထိန်းသိမ်းစောင့်ရှောက်ကာကွယ်ပေးရသည့် တာဝန်နှင့်လုပ်ငန်းမှာလည်း မလိုအပ်ဘဲကြီးထွားလာပါတော့သည်။

ထို့အပြင်စုပုံနေသော ကုန်ပစ္စည်းများသည် နေဒဏ်၊ လေဒဏ်၊ မိုးဒဏ်၊ ရာသီဥတုဒဏ်များနှင့် အပူအအေးဒဏ်များကြောင့် ပုပ်သိုးပျက်စီး၊ သံချေးတက်ကာ စွန့်ပစ်လိုက်ရသည်အထိ နစ်နာဆုံးရှုံးရပါသည်။ ထိုအခါ ဆိပ်ကမ်းအာဏာပိုင်များအနေဖြင့် တရားဥပဒေလမ်းကြောင်းအရ တာဝန်ရှိလာပြီး မလိုလားအပ်သော ကုန်ကျစရိတ်များပေါ်ပေါက်ကာ လုပ်ငန်းဆုံးရှုံးနစ်နာပျက်စီးသွားသည်အထိ အခြေအနေဆိုးရွားသွားနိုင်ပါသည်။

ဆိပ်ကမ်းမှ ကုန်စည်များလုံခြုံမှုရှိစေရေးမှာလည်း ဆိပ်ကမ်းအာဏာပိုင်များ၏ တာဝန်များအနက်မှ အရေးကြီးသော တာဝန်တစ်ရပ်အဖြစ် ရပ်တည်လျက်ရှိနေသည်။

## သင်္ဘောပြင်ဆင်ရန်နှင့် လောင်စာဖြည့်တင်းပေးရန် စီမံပေးထားရခြင်း

ခေတ်မီသင်္ဘောဆိပ်ကမ်းတိုင်းတွင် သင်္ဘောများအား အရေးပေါ်ပြင်ဆင်နိုင်သည့် သင်္ဘောကျင်းများ၊ အလုပ်ရုံများ အနီးအနားတွင် ပူးတွဲထူထောင်ထားရှိရန်လိုအပ်ပြီး အကြီးစားပြင်ဆင်မှုများရော အသေးစားပြင်ဆင်မှုများကိုပါ ပြုလုပ်ပေးရန် စီမံကြိုတင်ပြင်ဆင်ထားရပါသည်။ သင်္ဘောများ မုန်တိုင်းဒဏ်၊ လှိုင်းဒဏ်၊ လေဒဏ်မိခဲ့၍သော်လည်းကောင်း၊ သင်္ဘောချင်းတိုက်မိခဲ့၍သော်လည်းကောင်း၊ သောင်တင်ခြင်း သို့မဟုတ် ကျောက်ဆောင်များနှင့်တိုက်ခိုက်မိခဲ့ခြင်းသော်လည်းကောင်း ဖြစ်ပွားခဲ့ပါက အရေးပေါ်ပြင်ဆင်မွမ်းမံခြင်းနှင့် သင်္ဘောကြံ့ခိုင်မှုမြင့်မားလာစေရန် အကြီးစားပြင်ဆင်မွမ်းမံခြင်းများကိုပါ ပြုလုပ်ပေးနိုင်စွမ်းရှိကြရပါသည်။

ထို့အပြင် မိမိဆိပ်ကမ်းသို့ ဝင်ရောက်ဆိုက်ကပ်ရပ်နားလာကြသည့်သင်္ဘောတိုင်းအတွက်လည်း လိုအပ်သော လောင်စာဆီ (Fuel Oil နှင့် Diesel Oil ) အပြင် ချောဆီ၊ စက်ဆီများပါ အလုံအလောက်ရသမျှ ဖြည့်တင်းပေးနိုင်ရန် လိုအပ်ပါသည်။

ထိုသို့ ဖြည့်တင်းပေးနိုင်ရန် လိုအပ်သော ကြိုတင်သိုလှောင်စီမံထားရှိမှုများကိုလည်း ပြုလုပ်ပေးထားကြရသည်။

## သင်္ဘောလုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများပေးထားခြင်း

အောက်ဖော်ပြပါသင်္ဘောလုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများကို ကမ္ဘာ့သင်္ဘောဆိပ်ကမ်းတိုင်းက တာဝန်ယူလုပ်ဆောင်ပေးကြရပါသည်။

(က) ရေကြောင်းလမ်းပြဝန်ဆောင်မှုလုပ်ငန်း (Nautical Pilotage Services)

(ခ) တွန်းသင်္ဘောနှင့် ဆွဲသင်္ဘောဝန်ဆောင်မှုလုပ်ငန်းများ (Tug and Tow Services) သင်္ဘောစက်ပျက်၍ မျောနေသည့်အခါ ဆွဲသင်္ဘောများကဆွဲပေးရသလို သောင်ခုံပေါ်တင်ခြင်း၊ ကျောက်ဆောင်နှင့်ငြိခြင်းများ ဖြစ်ပေါ်လာပါက တွန်းသင်္ဘောက တွန်းအားဖြင့် ကျောက်ဆောင် သို့မဟုတ် သောင်ခုံပေါ်မှ သင်္ဘောလွတ်မြောက်သွားအောင် တွန်း၍သော်လည်းကောင်း၊ ဆွဲချ၍သော်လည်းကောင်း ကူညီဆောင်ရွက်ပေးကြရပါသည်။

(ဂ) သင်္ဘောများအတွက် မိလ္လာနှင့်သန့်ရှင်းရေးဝန်ဆောင်မှု (Sanitary Services)

(ဃ) ဝန်ချီစက်များဖြင့် သင်္ဘောကုန်တင်ကုန်ချဝန်ဆောင်မှုများ

www.foreverspace.com.mm

( c) လျင်မြန်သွက်လက်ပြီးမပျက်စီးအောင် ကုန်တင်ကုန်ချပြုလုပ်ပေးသည့်ဝန်ဆောင်မှု (Prompt Cargo Handling with due deligency and care for such cargo as locomotives and coaches) အထူးသဖြင့် မီးရထားခေါင်းတွဲများကို အထူးဂရုစိုက်၍ မပျက်စီးအောင် အတင်အချပြုလုပ်ပေးကြရပါသည်။

## ဆိပ်ကမ်းဧရိယာအတွင်း သင်္ဘောများပိတ်ကျပ်မနေစေရန် ကြိုတင်စီမံကိန်းရေးဆွဲခြင်းနှင့် ကွန်ပျူတာများအသုံးပြုလာရခြင်း

ကမ္ဘာ့ခေတ်မီဆိပ်ကမ်းတိုင်းတွင် ဆိပ်ကမ်းဧရိယာအတွင်း သင်္ဘောများ ပိတ်ကျပ်နေစေရန် (To avoid traffic congestion in the port area)ကြိုတင်၍ ကွန်ပျူတာစက်များကိုသုံးပြီး ရရှိလာသောသတင်းအချက်အလက်များ (Data and Information)ကိုအသုံးပြု၍ Traffic Scheme ခေါ် သင်္ဘောဆိုက်ကပ်ရပ်နားခြင်းနှင့် လှုပ်ရှားသွားလာခြင်းအတွက်ကြိုတင်ပြီး စီမံကိန်းများကို ရေးဆွဲကာ ဆက်တိုက်သင်္ဘောအများအပြား တစ်ပြိုင်တည်း ကုန်တင်ကုန်ချပြုလုပ်ပေးနိုင်ရန် ဆိပ်ကမ်းအုပ်ချုပ်သူများက စီမံခန့်ခွဲပေးကြရ၏။

## စနစ်တကျပုံစံကျနစွာ ပေါင်းစည်းစုရုံးလုပ်ကိုင်ကြရခြင်း (Systematic Coordination and well organized synergy effects)

ခေတ်ပေါ်ဆိပ်ကမ်းနှင့် သင်္ဘောလုပ်ငန်းများသည် တသီးတခြား ခွဲခွဲခြားခြား မိမိစိတ်တိုင်းကျလုပ်ကိုင်ဆောင်ရွက်၍မရနိုင်ကြတော့ပါ။ လုပ်ငန်းစဉ်အားလုံးတို့သည် စုပေါင်းညီညာစွာပေါင်းရုံးစုစည်းပြီး စနစ်တကျပူးပေါင်းအကောင်အထည်ဖော်လုပ်ဆောင်ကြရသည့်စနစ်က အရေးပါပြီး ပိုမိုတွင်ကျယ်လာနေပြီ ဖြစ်သည်။

ဥပမာ–သင်္ဘောကိုယ်စားလှယ် (Shipping Agents)၊ သင်္ဘောငှားရမ်းသည့်ပွဲစား (Shipping Brokers)၊ သင်္ဘောကုန်တင်ကုန်ချအဖွဲ့များ (Stevedoring Groups)၊ သင်္ဘောပိုင်ရှင်များ (Ship Owners)၊ ကုန်တင်ပို့သူများ (Shippers) က လုပ်ငန်းများတွင်ကျယ်သွက်လက်ပြီး အဆင်ချောကာ မြန်ဆန်ကောင်းမွန်ပြီး အပျက်အစီး အပျောက်အရှမရှိစေရန် အသင်းဖွဲ့၍ (Team work) အလုပ်လုပ်ကြရသောခေတ်သို့ ရောက်လာပြီဖြစ်၏။ Computer ကွန်ရက်စနစ်များပေါ်လာသဖြင့် Shipping Team Work မှာ ပိုမိုထိရောက်အကျိုးရှိပြီး ပိုမိုတိကျမှန်ကန် မြန်ဆန်လာပါသည်။

လုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်းမှု (Coordination ) မရှိဘဲ လုပ်ပါက အလွဲလွဲအချော်ချော်ဖြစ်တတ်သကဲ့သို့ နှေးကွေးလေးလံပြီး အမှားမှားအယွင်းယွင်းနှင့် ပျောက်ဆုံးမှုများပါ ဖြစ်လာတတ်သည်။ သင်္ဘောလုပ်ငန်းတွင် အဓိကပူးပေါင်းလုပ်ငန်းပေါင်းစပ်ပေးသူ (Coordinator) မှာ ဆိပ်ကမ်းအာဏာပိုင်အဖွဲ့သာဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## ကမ်းရိုးတန်း၊ ကမ်းခြေ၊ ဆိပ်ကမ်းနှင့် သင်္ဘောများလုံခြုံမှုရှိစေရန် စီမံဆောင်ရွက်ပေးရခြင်း

ကမ္ဘာ့စံချိန်မီဆိပ်ကမ်းကောင်းတစ်ခု ဖြစ်ထွန်းပေါ်ပေါက်လာစေရန်အတွက် ကမ်းရိုးတန်း၊ ကမ်းခြေနှင့်ဆိပ်ကမ်းအပြင် သင်္ဘောများပါလုံခြုံမှုရှိစေရန် စနစ်တကျ ကြိုတင်စီမံကိန်းရေးဆွဲ၍ ဆောင်ရွက်ပေးထားရန် အလွန်ပင်အရေးကြီးလှသည်။

ကမ်းရိုးတန်းနှင့် ကမ်းခြေလုံခြုံရေးကိစ္စရပ်ကို ရေတပ်မတော်ကမ်းခြေစောင့်တပ်ဖွဲ့ (Coast Guard)၊ ဆိပ်ကမ်းနှင့် ကမ်းခြေလုံခြုံရေးရဲတပ်ဖွဲ့ (Marine Police)၊ အကောက်ခွန်နှင့် လူဝင်မှုကြီးကြပ်ရေးဌာနတို့ ပူးတွဲ၍ တာဝန်ထမ်းဆောင်ပေးကြရ၏။

ဆိပ်ကမ်းနှင့်သင်္ဘောလုံခြုံရေးကိုမူ ဆိပ်ကမ်းရဲတပ်ဖွဲ့၊ ဆိပ်ကမ်းအာဏာပိုင်အဖွဲ့၊ အကောက်ခွန်နှင့် လူဝင်မှုကြီးကြပ်ရေးဌာနအပြင် ပြည်တွင်းလုံခြုံရေးဌာနရှိပါက ထိုဌာနအဖွဲ့ဝင်များကပါ ဝိုင်းဝန်းကြီးကြပ် စုပေါင်းကာကွယ်စောင့်ရှောက်ပေးကြရပါသည်။



www.foreverspace.com.mm




မည်သည့်သင်္ဘောမဆို အထက်ပါ လုံခြုံရေးအစီအမံရှိသော ဆိပ်ကမ်းမျိုးတွင်သာ ဆိုက်ကပ်လိုကြသည်။

ရေခဲသောဆိပ်ကမ်းမျိုးတွင် ရေခဲခွဲသင်္ဘော (Ice Breakers) များကိုပါထားရှိပြီး သင်္ဘောလမ်းကြောင်းပေါ်မှ ရေခဲမြစ်များကိုပါခွဲခြမ်းကာ လမ်းရှင်းပေးကြရသည်။

## စာရွက်စာတမ်းလိုအပ်ချက်များကိုနည်းနိုင်သမျှနည်းပါးသွားအောင် ချုံ့၍ဆောင်ရွက်ပေးရခြင်း (Minimization of required formal documents)

ကြိုးနီစနစ် (red tape system) ကြောင့် အချို့ခေတ်မမီတော့သောဆိပ်ကမ်းများတွင် သင်္ဘောဝင်ထွက်သွားလာရေးနှင့် ကုန်တင်ကုန်ချပြုလုပ်ရေးကိစ္စများအတွက် စာရွက်စာတမ်းလိုအပ်ချက်များ ယခုခေတ်အထိ များပြားစွာဖြည့်စွက်ရေးသားတင်ပြနေရဆဲဖြစ်ရာ သင်္ဘောခရီးစဉ်များ၏ လျင်မြန်စွာပြေးဆွဲရေးအစီအစဉ်များကို များစွာနှောင့်နှေးကြန့်ကြာစေပါသည်။ ထို့ကြောင့် ယခုခေတ်တွင် မလိုအပ်သောစာရွက်စာတမ်းများကို မဖြည့်စွက်ကြတော့ရန် နိုင်ငံအချင်းချင်း နားလည်မှုယူကာ စာချုပ်များချုပ်ဆို၍ 'Facilitation of Maritime Transportation Convention' ကို ချုပ်ဆိုကာ လိုက်နာကျင့်သုံးနေကြပြီဖြစ်၏။

## ဆိပ်ကမ်းသန့်ရှင်းရေးနှင့် မီးဘေးအန္တရာယ်ကင်းရှင်းစေရေး

ဆိပ်ကမ်းတိုင်းတွင် မီးသတ်ယာဉ် အလုံအလောက်ထားရှိရသကဲ့သို့ မီးသတ်ကိရိယာမျိုးစုံကိုလည်း လုပ်ငန်းသဘာဝနှင့်ကိုက်ညီအောင် အလုံအလောက်ထားရှိပေးထားကြရပါသည်။ ထို့အပြင် ဆိပ်ကမ်းတွင်လိုအပ်သော ဘက်တီးရီးယားသုတ်သင်ရေးဆေးများနှင့် ဆိပ်ကမ်းတစ်ခုလုံးအား ချောဆီ၊ စက်ဆီများ ပေကျံနေခြင်းမရှိအောင် ဆေးကြောသန့်ရှင်းရေးလုပ်ပေးသည့် စက်များကိုပါ လုံလောက်စွာထားရှိပေးထားရသည်။

## လျှပ်စစ်၊ ဓာတ်ငွေ့နှင့် သုံးစွဲရန်ရေပိုက်များဆက်သွယ်ပေးရခြင်း

ဝန်ချီစက်များအတွက်နှင့် အခြားသောလုပ်ငန်းရပ်မျိုးစုံအတွက် လိုအပ်သော လျှပ်စစ်ဓာတ်အား၊ သဘာဝဓာတ်ငွေ့နှင့် သောက်သုံးရေများ လိုအပ်သမျှ အချိန်မီဖြည့်တင်းပေးရန် ပိုက်များ၊ ကြိုးများကိုကြိုတင်၍ စနစ်တကျ ဆက်သွယ်ချိတ်ဆက်ပေးထားရန် ဆိပ်ကမ်းအာဏာပိုင်များက တာဝန်ယူကြရ၏။

## သင်္ဘောအား ရေပေါ်နှင့်မြေပေါ်တွင် လွှန်းတင်ပြင်ဆင်မှုများ၊ ချို့ယွင်းထိခိုက်မှုများအား Surveyors များနှင့်စစ်ဆေးပေးခြင်း

သင်္ဘောများသည် ခုတ်မောင်းသွားလာစဉ် မတော်တဆထိခိုက်ချို့ယွင်းပျက်စီးမှုများ (Accidental Damages) နှင့် ပွန်းပဲ့ပြုန်းတီးမှုများ (Wear and tears) များရှိတတ်ကြသဖြင့် လိုအပ်လျှင်လိုအပ်သလို ရေပေါ်နှင့်မြေပေါ်တွင် လွှန်းတင်ပြင်ဆင်မွမ်းမံတပ်ဆင်ကြရပြီးနောက် သင်္ဘောအဆင့်အတန်းသတ်မှတ်မှုအတွက် Surveyor များက သင်္ဘော၏ကြံ့ခိုင်မှုကို စစ်ဆေးပေးကြရန် တာဝန်ရှိပါသည်။

ထိုကိစ္စများကို ပြည့်စုံနိုင်လုံစွာ ဆိပ်ကမ်းဧရိယာအတွင်း လုပ်ဆောင်နိုင်ကြစေရန်အတွက် ကမ္ဘာ့ဒေသအသီးသီးရှိဆိပ်ကမ်းအာဏာပိုင်အဖွဲ့အစည်းများ (Port Authorities) များက ထိရောက်စွာ စီစဉ်စီမံခန့်ခွဲလုပ်ဆောင်ပေးကြရစမြဲ ဖြစ်သည်။

**ပါမောက္ခဦးကျော်ညွန့် (ငြိမ်း)**

www.foreverspace.com.mm



# တွေ့ဆုံဆွေးနွေးမှုများ

## ၅-၂-၂၀၁၀

* မြန်မာနိုင်ငံဆိုင်ရာ နိုင်ဂျီးရီးယားသမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာအူမာရူအဖိုးရက်စ်ဆူလေမန်သည်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ပိုလန်သမ္မတနိုင်ငံ သံအမတ်ကြီးဒေါက်တာ ဂျာဇီဘေရာသည်လည်းကောင်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အသီးသီး တွေ့ဆုံဆွေးနွေး။

## ၇-၂-၂၀၁၀

* လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အမျိုးသားအားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဝန်ကြီးချုပ်ရုံးဝန်ကြီး H.E.Dr.Phouthong SENG-AKHOM ဦးဆောင်သော အားကစားကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေး။

## ၈-၂-၂၀၁၀

* မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Major General, Anup Kumar Chakma, ndc, psc နှင့် စီးပွားရေးဆိုင်ရာကောင်စစ်ဝန် မစ္စတာ MD.Aftabuzz aman တို့သည် မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး။

## ၁၀-၂-၂၀၁၀

* မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ စစ်သံမှူးသစ် Colonel, Syphanh PHANTHAL-AVONG သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကြည်းနှင့် တွေ့ဆုံဆွေးနွေး။

## ၁၂-၂-၂၀၁၀

* ထိုင်းနိုင်ငံ THAICOM Public Company Limited မှ ဒုတိယဥက္ကဋ္ဌ Mr.Makin Petplai နှင့်အဖွဲ့သည် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် တွေ့ဆုံဆွေးနွေး။

## ၁၅-၂-၂၀၁၀

* ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ တရားဝင်ဖြစ်လာစေရန် ဆောင်ရွက်ရေးနှင့် အလုပ်သမားသစ်များ စေလွှတ်ရေးဆိုင်ရာ အဋ္ဌမအကြိမ်အစည်းအဝေးတက်ရောက်ရန် ထိုင်းနိုင်ငံအလုပ်သမားဝန်ကြီးဌာန ဝန်ကြီး H.E. Mr.Phaitoon Kaeothong ခေါင်းဆောင်သော ထိုင်းကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် တွေ့ဆုံဆွေးနွေး။

* မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Yasuaki Nogawa သည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် တွေ့ဆုံဆွေးနွေး။

* မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Mr.Tomas Ojea Quintana နှင့်အဖွဲ့သည် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ ဝန်ထမ်းများနှင့်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးအများစုပါဝင်သော သံတမန်အဖွဲ့ဝင် ၃၆ ဦးနှင့်လည်းကောင်း၊ ဒေါ်အောင်ဆန်းစုကြည်၏ ရှေ့နေများဖြစ်ကြသော ဦးကြည်ဝင်း၊ ဦးညဏ်ဝင်း၊ ဦးလှမျိုးမြင့်နှင့် ဒေါ်ခင်ဌေးကြွယ်တို့နှင့်လည်းကောင်း၊ ရန်ကုန်တိုင်းမှ ခရိုင်တရားသူကြီးများဖြစ်ကြသော ဦးသောင်းညွှန့်နှင့် ဦးညီညီစိုးတို့နှင့်လည်းကောင်း အသီးသီး တွေ့ဆုံဆွေးနွေး။

## ၁၆-၂-၂၀၁၀

* မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာ တင်သွင်းသူ Mr.Tomas Ojea Quintana နှင့်အဖွဲ့သည် စစ်တွေ

www.foreverspace.com.mm

အကျဉ်းထောင်မှ အကျဉ်းသားလေးဦးနှင့်လည်းကောင်း၊ စစ်တွေမြို့ရှိ နိုင်ငံတကာ လူမှုရေးအဖွဲ့အစည်းများနှင့်လည်းကောင်း၊ ရခိုင်ပြည်နယ် လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့်လည်းကောင်း အသီးသီး တွေ့ဆုံဆွေးနွေး။

## ၁၇-၂-၂၀၁၀

* မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အထူးအစီအရင်ခံစာတင်သွင်းသူ Mr.Tomas Ojea Quintana နှင့်အဖွဲ့သည် ဘူးသီးတောင်အကျဉ်းထောင်မှ အကျဉ်းသားငါးဦးနှင့်လည်းကောင်း၊ ဘူးသီးတောင်နှင့် မောင်တောမြို့မှ ဒေသခံများနှင့်လည်းကောင်း အသီးသီး တွေ့ဆုံဆွေးနွေး။

## ၁၈-၂-၂၀၁၀

* မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အထူးအစီအရင်ခံစာတင်သွင်းသူ Mr.Tomas Ojea Quintana နှင့်အဖွဲ့သည် အင်းစိန်အကျဉ်းထောင်မှ အကျဉ်းသားခြောက်ဦးနှင့်လည်းကောင်း၊ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ထားသော တိုင်းရင်းသားအဖွဲ့အစည်းများဖြစ်ကြသည့် ကရင်နီလူမျိုးစုလွတ်မြောက်ရေးတပ်ဦး (ကလလက) မှ ဦးထွန်းကျော်နှင့်အဖွဲ့၊ NDAK ကချင်အထူးဒေသ (၁) မှ ဦးဝေါ့လော်ဟောင်းခေါင်နှင့်အဖွဲ့၊ DKBA အဖွဲ့မှ ဦးသာထူးကျော်နှင့်အဖွဲ့၊ ဘုရားကုန်းအထူးဒေသမှ ဖဒိုအောင်ဆန်းနှင့် အဖွဲ့တို့နှင့်လည်းကောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးတင်ဦးအပါအဝင် အဖွဲ့ဝင်များလည်းကောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဦးခင်မောင်ကြီးအပါအဝင် အဖွဲ့ဝင်များနှင့်လည်းကောင်း သီးခြားပုံစံဖြင့် အသီးသီး တွေ့ဆုံဆွေးနွေး။

* အာရှဥရောပဖောင်ဒေးရှင်းမှ အမှုဆောင်ညွှန်ကြားရေးမှူးသံအမတ်ကြီး Mr.Dominique Girard သည် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးညဏ်ထွန်းအောင်နှင့် တွေ့ဆုံဆွေးနွေး။

## ၁၉-၂-၂၀၁၀

* တာဝန်ပြီးဆုံး၍ မကြာခင်ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီး H.E Mr.Park Key Chong သည် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေး။

* မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အထူးအစီအရင်ခံစာတင်သွင်းသူ Mr.Tomas Ojea Quintana နှင့်အဖွဲ့သည် အလုပ်သမားဝန်ကြီးဌာနဝန်ကြီး ဦးအောင်ကြည်၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ ရှေ့နေချုပ် ဦးအေးမောင်တို့နှင့်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်တို့ ဦးဆောင်သော မြန်မာနိုင်ငံလူ့အခွင့်အရေးအဖွဲ့နှင့်လည်းကောင်း အသီးသီး တွေ့ဆုံဆွေးနွေး။

## ၂၂-၂-၂၀၁၀

* ကူဝိတ်နိုင်ငံ Kuwait Foreign Petroleum Exploration Corporation (KUFPEC) ရေနံကုမ္ပဏီမှ Deputy Managing Director Mr.A. Naser Y.Al-Fulaij ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် တွေ့ဆုံဆွေးနွေး။

## ၂၄-၂-၂၀၁၀

* တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Ye Dabo သည် အမှတ် (၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့် တွေ့ဆုံဆွေးနွေး။

* ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနဒုတိယဝန်ကြီး Lt.Gen.Bui Van Nam ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) နှင့် တွေ့ဆုံဆွေးနွေး။

LIVING COLOR
ဖုန်း - ၂၄၂၄၄ ၊ ၃၉၃၁၃၂

www.foreverspace.com.mm



# ဈေးဝယ်လမ်းညွှန်

အမှတ် ၁၇၇ ၂၀၁၀ ပြည့်နှစ်၊ ဧပြီ

## CDMA 800 MHZ ဖုန်းအတွက် အဆင်မပြေခဲ့ရင်

အရပ်ခေါ် ငါးသိန်းတန်ဖုန်းလို့ခေါ်တဲ့ CDMA 800 MHZ ဖုန်းအတွက် နည်းပညာပိုင်းအဆင်မပြေခဲ့ရင် မေးမြန်းလို့ရမယ့်ဖုန်းနံပါတ်ကို ဖော်ပြလိုက်ပါတယ်။ ဖုန်းကကတ်ကြောင်နေတာ ကတ်ဘယ်လိုထည့်ရမှာလဲ။ ဖုန်းပြောရင်းအသံပြတ်သွားတာမျိုးတွေအတွက် ဘယ်လိုလုပ်ရမလဲ စတာတွေအတွက် အောက်ပါဖုန်းနံပါတ်တွေကို ဆက်သွယ်မေးမြန်းနိုင်ပါတယ်တဲ့။ ဖုန်းနံပါတ်တွေက–

၀၁–၇၃၀၀၀၀၀၀၊ ၀၁–၇၃၀၀၀၉၃၂၊
၀၁–၇၃၀၀၀၉၃၃ ဖြစ်ပါတယ်။

## ဒီနှစ် ဘယ်မဏ္ဍပ်မှာ ထိုင်မှာလဲ

မြန်မာတို့ရဲ့ နှစ်သစ်ကူးမဟာသင်္ကြန်ပွဲတော်ဟာ မကြာခင်ကျရောက်တော့မှာဖြစ်လို့ တချို့တွေက မဏ္ဍပ်မှာ ဘယ်လိုဝန်ဆောင်မှုတွေပေးမယ်၊ ဘယ်လို DJ မျိုးတွေငှားမယ် စတာတွေကို ကြိုတင်စီစဉ်ထားကြတာ တွေ့ရတယ်။ ဒီလို များပြားလှတဲ့မဏ္ဍပ်တွေထဲမှာ ဘယ်မဏ္ဍပ်မှာထိုင်ပြီး ဒီနှစ်သင်္ကြန်ကိုဖြတ်သန်းမှာလဲ။ ရန်ကုန်ရွက်လှေအသင်းကစီစဉ်တဲ့ အင်းလျားလမ်းကနာမည်ကျော် YGN မဏ္ဍပ်ကတော့ ဆောက်လုပ်ဖို့စတင်နေတာ တွေ့ရပါတယ်။ ဒီ YGN မဏ္ဍပ်ရဲ့ DJ ဘားမှာ DJ နှောင်နှောင်၊ DJ မျိုးမင်းတို့နဲ့အတူ အသံပိုင်း၊ မီးပိုင်း၊ မဏ္ဍပ်ရဲ့ကြီးမားကျယ်ဝန်းကြံ့ခိုင်မှု၊ အစားအသောက်နဲ့ နားနေဖို့နေရာတွေအတွက်အပြင် လုံခြုံရေးပိုင်းကိုပါ ကောင်းမွန်အောင်စီစဉ်ထားတယ်လို့ ဆိုပါတယ်။ YGN မှာပဲရေပက်ချင်တယ်ဆိုရင်တော့ ရန်ကုန်ရွက်လှေအသင်း အမှတ်–၁၃၂၊ အင်းလျားလမ်း၊ ဖုန်း–၀၁–၅၃၅၂၉၈၊ ၅၃၉၃၀၁–၅ ကို ဆက်သွယ်စုံစမ်းလို့ရပါတယ်။

## နေပြည်တော်မှာ ကွန်ပျူတာ Notebook ဝယ်မယ်

Desktop ကနေ Laptop သုံးစွဲသူပိုမိုများပြားလာတဲ့ ဒီဘက်နှစ်ပိုင်းမှာ ကိုယ်သွားလေရာလည်း သယ်သွားမယ်၊ နေရာလည်းသိပ်မယူဘဲ ကိုယ်ကြိုက်ရာ အမှတ်တံဆိပ်၊ အရောင်ကို ကိုယ်တတ်နိုင်တဲ့ငွေကြေးပေါ်မူတည်ပြီး ဝယ်လိုရမယ့်နေပြည်တော်က Notebook ရောင်းတဲ့ဝန်ဆောင်မှုလုပ်ငန်းတစ်ခုကို ညွှန်လိုက်တယ်။ ဒီကွန်ပျူတာဆိုင်မှာ လူသုံးများတဲ့ HP၊ Compaq အမှတ်တံဆိပ် Laptop တွေအပါအဝင် တခြား Laptop အမျိုးအစားတွေပါ ရောင်းချတယ်။ ဒါ့အပြင် ကွန်ပျူတာပစ္စည်းတွေကိုလည်း ရောင်းချပေးတာမို့ ကိုယ်ကြိုက်ရာ ရွေးချယ်ဝယ်ယူနိုင်မှာပါ။

**လိပ်စာ– Notebook Mart**

အခန်း (၆/၆)၊ အဆင့်မြင့်ရုပ်ရှင်ရုံအနီး၊ ဇေယျာသီရိကုန်တိုက်၊ နေပြည်တော်။

ဖုန်း–၀၆၇–၄၁၀၆၆၂၂၊ ၀၆၇–၄၁၀၆၆၃၂ (လိုင်းခွဲ–၁၁၉၅)

## ကားတွေမှာ ကြော်ငြာမလား

ရန်ကုန်မြို့တော်အတွင်းမှာပြေးဆွဲနေတဲ့ ဘတ်စ်ကားတွေ၊ တက္ကစီတွေမှာ ကြော်ငြာတွေကပ်လာတာ ဒီနှစ်ပိုင်းမှာ ပိုများလာတာကို တွေ့ရပါတယ်။ Billboard တွေထောင်ပြီး ကြော်ငြာတာထက်စာရင် စရိတ်စကသက်သာပြီး နေရာအနှံ့ပြေးဆွဲနေတဲ့ကားတွေဖြစ်တဲ့အတွက် လူတွေမသိမှာမပူရဘူးလို့ ဆိုပါတယ်။ ဒီလိုမျိုးလိုင်းကားတွေ၊ တက္ကစီတွေမှာ ကြော်ငြာဖို့အတွက် ဝန်ဆောင်မှုပေးနေတဲ့ အေဂျင်စီတွေစာရင်းကို ဖော်ပြပေးလိုက်ပါတယ်။

- **Graphic Bank**
  ဖုန်း–၀၉–၅၀၈၃၂၈၈၊ ၃၉၇၂၄၆
- **Star Space**
  ဖုန်း–၅၀၄၂၂၇၊ ၅၂၇၈၇၉၊ ၅၂၆၆၃၆
- **Att ( All time top)**
  ဖုန်း–၀၉–၅၀၄၈၆၃၈ ၊ ၀၉–၅၀၅၅၃၄၁

www.foreverspace.com.mm



# နေပြည်တော်မှာ Printer, Copier ဝယ်မလား

အိမ်မှာနေရင်း ကိုယ့်မိသားစုစီးပွားရေးကို တစ်ဖက်တစ်လမ်းကနေ ရှာဖွေပေးချင်သူတွေအတွက် တစ်ပိုင်တစ်နိုင်မိတ္တူကူးဆိုင် ဒါမှမဟုတ် ဓာတ်ပုံကူးဆိုင်လေးဖွင့်လို့ရအောင် ညွှန်ပေးလိုက်မယ်။ ဒီဆိုင်မှာ Fujixerox အမှတ်တံဆိပ် Colour Printer, Colour Laser Printer နဲ့ Colour Copier တို့ကို ရောင်းချပေးတာမို့ ကိုယ်မှန်းထားတဲ့ငွေနဲ့ ပစ္စည်းရ၊ မရဆိုတာကိုတော့ ဖုန်းကြိုဆက်ပြီး စုံစမ်းဖို့လိုလိမ့်မယ်နော်။ လူနေထူထပ်လာတာနဲ့အမျှ စီးပွားရေးအခွင့်အလမ်းတွေပေါများလာတဲ့နေပြည်တော်မှာ စီးပွားရေးလုပ်ငန်းတစ်ခုခု စလုပ်ဖို့ စိတ်ကူးနေသူတွေ လက်တွေ့အကောင်အထည်ဖော်လို့ရအောင် ဆက်သွယ်နိုင်မယ့်လိပ်စာ ဖော်ပြပေးလိုက်တယ်။

**လိပ်စာ–**

အမှတ်–၁၄၄၊ သီရိရတနာအဆင့်မြင့်ဈေး၊ နေပြည်တော်။
ဖုန်း–၀၆၇–၄၂၀၈၁၉၊ ၄၂၁၃၆၂၊ ၀၉–၄၉၂၀၀၉၄၇၊
၀၉–၄၉၂၀၀၉၄၈

# ဘရောက်ဇာအမြဲဆန်းသစ်နေမှ အလုပ်ဖြစ်မှာ

အင်တာနက်အမြဲသုံးနေတဲ့သူတွေအတွက် အင်တာနက်ဘရောက်ဇာထုတ်တဲ့သူတွေကလည်း ဘရောက်ဇာမှာပါတဲ့လုပ်ဆောင်ချက်အသစ်အဆန်းတွေ အမြဲတမ်း တစ်ခုမဟုတ်တစ်ခု ထပ်ထပ်ထုတ်ပေးနေပါတယ်။

အဲလိုအသစ်တစ်ခုထပ်ထုတ်ပေးတိုင်းမှာ ကိုယ့်အတွက်အသုံးဝင်တာ တစ်ခုမဟုတ်တစ်ခုပါလာတတ်ပါတယ်။ သူတို့အဲလိုအသစ်ထုတ်တိုင်း လိုက်ဆွဲချမသုံးဖြစ်ပေမယ့် သတိရတဲ့အချိန်တွေမှာ ပြန်စစ်ကြည့်ပြီး အဆင့်မြှင့်မယ်ဆိုရင် အဲဒီအသစ်တွေကို အမြဲရနေမှာပါ။

အဲလိုရဖို့ကလည်း Mozilla မှာဆိုရင် သိပ်မခက်ပါဘူး။ Menu Bar → Help → Check for Updates ကိုနှိပ်လိုက်ရုံပါ။ အဲဒါဆိုရင် Mozilla firefox will now check for software updates ဆိုတာပေါ်လာပြီး ဘာတွေအသစ်တွေထွက်နေတယ်ဆိုတာ သိရမှာပါ။

ဒါကြောင့် တစ်လကို အနည်းဆုံးတစ်ကြိမ်လောက်တော့ အခု လိုစစ်ဆေးအဆင့်မြှင့်တဲ့ အလုပ်ကိုလုပ်သင့်တယ်လို့ပြောပါရစေ။ ဒါမှ အသစ်တွေရဲ့အသုံးတည့်တာတွေ အကျိုးရှိရှိသုံးပြီး အလုပ်တွေ ချောချောမွေ့မွေ့မြန်မြန်ဆန်ဆန် ရှိမှာပါ။

# ကွန်ပျူတာပိုင်းရပ်စ်အခက်အခဲ ပြေလည်ဖို့

ခေတ်ပေါ်ကွန်ပျူတာပစ္စည်းမျိုးစုံကို ဈေးနှုန်းအသင့်အတင့်နဲ့ ဝယ်ယူအသုံးပြုလာနိုင်တာ၊ ကျပ်သုံးသိန်းကျော်လောက်နဲ့ Desktop ကွန်ပျူတာတစ်စုံ အိမ်သုံးအဖြစ် ဝယ်လာနိုင်တာ စတဲ့အချက်တွေကြောင့် ဒီဘက်နှစ်ပိုင်းတွေမှာ ကွန်ပျူတာသုံးစွဲသူ တစ်စတစ်စ များပြားလာတာတွေ့ရတယ်။ Laptop ပဲသုံးသုံး၊ Desktop ပဲသုံးသုံး၊ အချက်အလက်တွေသိုလှောင်ထားနိုင်တဲ့ Memory Stick ပဲသုံးသုံး စတာတွေရဲ့ ရန်သူတော်က Virus ပါပဲ။ ဒါကြောင့် ကိုယ့်စက်ထဲမှာ Anti Virus Software မရှိလို့ ကွန်ပျူတာ Hardware ပိုင်းပျက်သွားတာ၊ ကိုယ့်ရဲ့အရေးကြီးတဲ့ဖိုင်တွေ Virus ကိုက်သွားတာ အဲဒါတွေမဖြစ်ရအောင် Anti Virus ဆော့ဖ်ဝဲတစ်ခုကို ညွှန်ပေးမယ်။ ဒီ Panda Security Anti Virus ဆော့ဖ်ဝဲကို ကျောင်းသူ၊ ကျောင်းသားတွေ ကိုယ့်ကျောင်းသားကတ်နဲ့လာဝယ်ရင် ၁၀ ရာခိုင်နှုန်း ဈေးလျှော့ပေးမယ်လို့ ဆိုတယ်။ ပြီးတော့ အရေးကြီးဆုံးဖြစ်တဲ့ ကိုယ့်ကွန်ပျူတာထဲမှာ Virus တွေမရှိအောင် ဒီ Panda Anti Virus ဆော့ဖ်ဝဲကို အမြဲတမ်း Upadate လုပ်ဖို့ မလွယ်တဲ့သူတွေအတွက်လည်း ဒီဝန်ဆောင်မှုလုပ်ငန်းက Update အခမဲ့အမြဲတမ်းရယူနိုင်ပါတယ်တဲ့။ ကျသင့်မယ့်ဈေးနှုန်းနဲ့ တခြားဝန်ဆောင်မှုတွေအကြောင်း ကြိုတင်မေးမြန်းဖို့ လိုလိမ့်မယ်။

**လိပ်စာ–**

**စင်တာ (၁)**

အမှတ် ၁၁/၇၊ ဗိုလ်ချုပ်လမ်း၊ နေပြည်တော်၊ ပျဉ်းမနား။
ဖုန်း–၀၆၇–၂၂၈၈၄၊ ၂၃၈၈၄၊ ၂၄၄၈၈

**စင်တာ (၂)**

အမှတ် (၁၁၇)၊ သပြေကုန်းရပ်ကွက်၊ နေပြည်တော်။
ဖုန်း–၀၆၇–၄၁၄၈၈၄၊ ၄၁၄၈၈၅

# တရုတ်ပြည်အတွက် တရုတ်စကားပြန်

အကယ်၍ တရုတ်ပြည်တွင်းကို အလည်ပဲဖြစ်ဖြစ်၊ စီးပွားရေးကိစ္စ၊ အလုပ်ကိစ္စကြောင့်ပဲဖြစ်ဖြစ် သွားရင် တရုတ်စကားပြန်လုပ်ပေးမယ့်ဝန်ဆောင်မှုဖြစ်ပါတယ်။ တရုတ်ဧည့်သည်တွေ၊ လုပ်ငန်းအတွက် ပြည်တွင်းကို လာရောက်ခဲ့ပြီး စကားပြန်လိုခဲ့ရင်လည်း ဆက်သွယ်နိုင်အောင် လမ်းညွှန်လိုက်တာပါ။

ဆက်သွယ်ရန်–ဦးမြင့်ဦး ၊ ဖုန်း–၀၉–၅၁၂၈၆၁၇၊ ၀၉–၅၀၈၈၈၉၆

www.foreverspace.com.mm

# သင်္ကြန် ပြည်ပခရီး

အကြိုန်အားလပ်ရက်ရခိုက် ဗဟုသုတအလို့ငှာဖြစ်ဖြစ်၊ အပန်းဖြေအနားယူဖို့ပဲဖြစ်ဖြစ် ခရီးထွက်ဖို့ပြင်ဆင်နေသူတွေအတွက် ပြည်ပခရီးစဉ်တွေကိုစီစဉ်ပေးနေတဲ့ ကုမ္ပဏီတချို့ကို ဖော်ပြပေးမယ်။ ပြည်တွင်းခရီးစဉ်ကိုစီစဉ်ပေးတဲ့ ကုမ္ပဏီတွေက ပိုမိုများပြားတာမို့ ခရီးသွားကုမ္ပဏီတိုင်းလိုလိုကို ဆက်သွယ်လိုက်ရင် ပြည်တွင်းခရီးအတွက်ကတော့ လွယ်နိုင်တယ်။ ခုညွှန်ပေးမယ့်ကုမ္ပဏီတွေရဲ့ ဆက်သွယ်ရမယ့်ဖုန်းနံပါတ်၊ သွားရောက်နိုင်မယ့်ခရီးစဉ်တွေကို သိနိုင်အောင်လို့ လိပ်စာတွေ၊ ဖုန်းနံပါတ်တွေ ဖော်ပြပေးလိုက်တယ်။ ခရီးတစ်ခုထွက်တယ်ဆိုတာ အပန်းဖြေစိတ်အေးချမ်းစေဖို့လည်း လိုအပ်လှတာမို့ ခရီးစဉ်လမ်းကြောင်း၊ ကျသင့်မယ့်စရိတ်တွေကို အသေအချာ ကြိုတင်မေးမြန်းစုံစမ်းထားဖို့တော့ လိုတယ်နော်။

**New Motion Travels & Tours**

သင်္ကြန်ပြည်ပခရီးစဉ်တွေစီစဉ်ထားတယ်။ အထူးခရီးစဉ်ကတော့ အင်ဒိုနီးရှားခရီးစဉ်တွေပေါ့။ အင်ဒိုနီးရှား-ဘာလီကျွန်းခရီးစဉ်ကို ဧပြီလ ၁၃ ရက်နေ့စထွက်မယ်လို့ဆိုထားတယ်။ ဒါ့အပြင်တရုတ်၊ ဘန်ကောက်၊ ကိုရီးယား၊ စင်ကာပူ-မလေးရှား၊ ဥရောပ၊ ဂျပန်၊ တိုကျို-ယိုကိုဟားမား-ရှိဇုအိုခ-နာဂိုယာ-ကျိုတို-နာရာ-အိုဆာကာခရီးစဉ်တွေကိုလည်းစုံစမ်းနိုင်တယ်တဲ့ ခရီးစဉ်လည်းရှိတယ်။ မန္တလေးမှာလည်းရုံးခွဲရှိလို့ မန္တလေးက စိတ်ဝင်စားသူခရီးသွားတွေအတွက်လည်း အဆင်ပြေတာပေါ့။

- အမှတ်-၁၉၊ ကျွန်းတောလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၂၇၂၅၄၊ ၅၀၈၁၂၄၊ ၅၂၃၂၅၃
- အမှတ်-၆၅၂၊ Hotel Mandalay ၊ ၇၈လမ်း၊ မန္တလေး။ ဖုန်း-၀၉-၅၀၃၄၁၈၅၊ ၀၉-၈၆၂၄၈၇၇၊ ၀၂-၇၁၅၈၄၊ ၇၁၅၈၅၊ ၇၁၅၈၆၊ ၇၂၆၃၀

**Star of Bagan Ticketing**

အဓိကစီစဉ်ထားတာက သင်္ကြန်တွင်းခရီးစဉ် ဘန်ကောက်၊ အယုဒ္ဓယပါ။ ဧပြီ ၁၂ ရက်ကနေ ၁၅ နေ့အတွင်းတဲ့။ သင်္ကြန်တွင်းမို့အထူးနှုန်းနဲ့ စီစဉ်ပေးမယ်လို့ဆိုတယ်။ ဘန်ကောက်မြဘုရားဖူးနဲ့ ဈေးဝယ်အစီအစဉ်အတွက် သုံးညအိပ် လေးရက်ခရီးပါတဲ့။

- အမှတ်-၂၇၂၊ အခန်း ၆၀၂၊ ခရိုင်တာဝါ၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၀၀၀၁၂၊ ၀၉-၅၀၃၅၇၆၄၊ ၀၉-၅၄၅၁၈၁၈

**Nila International Travel Tours Co.,**

ဒီမှာတော့ ဧပြီ ၁၂ ကနေစထွက်မယ့် ဗုဒ္ဓဂယာခရီးစဉ်တွေ စီစဉ်ပေးထားတာတွေ့ရတယ်။ ကိုယ့်ရဲ့မိဘ၊ ဆရာသမားတွေအတွက် ဒီအစီအစဉ် လက်မှတ်လေးဝယ်ပေးပြီး ကုသိုလ်ဖြစ်လက်ဆောင်လေးပေးလို့ရတာပေါ့။

- အမှတ်-၃၁၅၊ မြေညီထပ်၊ ရွှေဘုံသာလမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၄၁၇၅၁၊ ၂၄၁၂၄၃၊ ၃၇၅၀၂၀၊ ၃၈၄၀၆၆၊ ၃၈၄၃၆၆၊ ၀၉-၉၈၇၃၃၉၅၊ ၀၉-၈၆၁၂၀၀၃၊ ၀၉-၈၆၁၀၄၅၆



www.foreverspace.com.mm



## လုပ်ငန်းသစ်၊ ဆိုင်သစ်

- **IEM Co., Ltd. Show Room**
  အမှတ်–၇၈၊ အခန်း (A-01)၊ ကျိုက္ကဆံလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၄၃၀၀၄၃၊ ၀၉–၈၅၅၃၀၀၄
- **KMD Sales & Service(မြေနီကုန်း) စင်တာသစ်**
  အမှတ်–၃၃၁၊ ပြည်လမ်း၊ မဟာမြိုင်ကားမှတ်တိုင်အနီး၊
  စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၀၃၅၂၂၊ ၅၀၂၂၄၄
- **SWEETY HOME**
  အမှတ်–တ–၇/ဓ (၂)၊ သိပ္ပံလမ်း၊ ၆၈ × ၆၉ လမ်းကြား၊
  ချမ်းမြသာစည်မြို့နယ်၊ မန္တလေး။ ဖုန်း–၀၂–၆၅၉၃၈၊ ၆၁၆၆၈
- **ရွှေနဂါး ပလက်တီနမ်နှင့်ရွှေဆိုင် ဆိုင်ခွဲ–၄**
  ဆိုင်အမှတ်–S-၃၁၊ မြေညီထပ် ယုဇနပလာဇာ (ရှေ့မျက်နှာစာတန်း)၊
  ဗညားဒလလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၂၀၀၇၄၇ (လိုင်းခွဲ–၁၃၃၄)၊ ၀၉–၂၀၂၁၂၆၀
- **ကွင်းကောက် (အင်္ဂပူ) ဂေါက်ကွင်း**
  9 Green Hole၊ ပုသိမ်–မုံရွာ ကားလမ်းမကြီးဘေး၊
  အင်္ဂပူမြို့၊ ဟင်္သာတခရိုင်။
- **b' coz အဝတ်အထည်နှင့် ဖက်ရှင်ပစ္စည်းအရောင်းခန်းမ**
  အမှတ်–၁၂၄၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
- **ခေတ်ဆန်းရတနာကုမ္ပဏီလီမိတက်**
  အမှတ်–၈၇၊ အခန်း–၀၀၃၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
- **Alliance Stars Showroom & Service Center**
  အမှတ်–၃၇၉/၃၈၃၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

## လက်ဆောင်လှလှပေးပြီး ပျော်ရွှင်ရအောင်

တစ်ဦးနဲ့တစ်ဦးခင်မင်ရင်းနှီးလို့ပဲဖြစ်ဖြစ်၊ ချစ်သူအချင်းချင်း ချစ်သက်လက်ဆောင်ပေးချင်ရင်ပဲဖြစ်ဖြစ်၊ မွေးနေ့အမှတ်တရအတွက် ထူးဆန်းလှပတဲ့လက်ဆောင်လေးတွေပေးချင်ရင်ပဲဖြစ်ဖြစ် ကိုယ့်စိတ်တိုင်းကျ လှပတဲ့လက်ဆောင်လေးတွေကို စုစည်းထားတဲ့ဆိုင်လေးတစ်ဆိုင်ကို ညွှန်ချင်ပါတယ်။

ဒီဆိုင်လေးက ကိုယ်ပေးချင်တဲ့သူအတွက် လှပဆန်းကြယ်တဲ့ခွက်တွေ၊ အရုပ်တွေ၊ နှင်းဖန်လုံးလေးတွေ စတဲ့ Parting Gift လေးတွေကို သီးသန့်ရောင်းတဲ့ဆိုင်လေး ဖြစ်ပါတယ်။ အနည်းဆုံး ဈေးနှုန်းထောင်ကျော်ကနေ သောင်းကျော်အထိ ကိုယ်ပေးချင်တဲ့သူကို ပေးလို့ရနိုင်ပါတယ်။ ဒီဆိုင်လေးက ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ်–၁၈၆ မြေညီထပ်မှာရှိတဲ့ PEARL GIFT and Florist ဆိုတဲ့ ဆိုင်ကလေး ဖြစ်ပါတယ်။



www.foreverspace.com.mm

# ဂျာနယ်၊ မဂ္ဂဇင်း၊ ပုံနှိပ်တိုက်များအတွက် ကွန်ပျူတာပြုပြင်မှုဆိုင်ရာ အထူးနှုန်း

ဂျာနယ်၊ မဂ္ဂဇင်းထုတ်ဝေနေသူတွေ ဒါမှမဟုတ် တခြားမီဒီယာလုပ်ငန်းကြီးတွေလုပ်ကိုင်နေသူအဖို့ ကွန်ပျူတာများများစားစားနဲ့ run နေရမှာအသေအချာပါ။ ကွန်ပျူတာတွေရဲ့ထုံးစံအတိုင်း အသေးအမွှားကအစအကြီးအမားအထိ ချို့ယွင်းပျက်စီးတတ်တာကြောင့် Service Centre တွေနဲ့လည်းလက်ပွန်းတတီး ရှိရတတ်ပါတယ်။ ဝန်ဆောင်မှုပေးသူအချို့မှာတွေ့ရလေ့ရှိတဲ့ ရက်ချိန်းမမှန်တာမျိုး၊ လှမ်းခေါ်ရင်ရောက်မလာတတ်ကြတာမျိုးလည်း ကြုံဖူးတွေ့ဖူးကြမယ်ထင်တယ်။ အဲဒါကြောင့် ကွန်ပျူတာ Sales, Service , Rental နဲ့ Training စတာတွေကို တစ်ပြိုင်နက်ဝန်ဆောင်ပေးနေတဲ့လုပ်ငန်းတစ်ခုကို ညွှန်ပေးမယ်။

ဂျာနယ်၊ မဂ္ဂဇင်း၊ ပုံနှိပ်တိုက်တို့လိုနေရာမျိုးတွေမှာ ပုံမှန်အသုံးပြုနေရတဲ့ကွန်ပျူတာတွေ ချို့ယွင်းသွားပါက Nawarat Service Centre မှာ လာရောက်ပြုပြင်မယ်ဆို Window & Softwares Installation အတွက် ကျပ် ၂၅,၀၀၀ နဲ့ တခြား ဘယ်လိုကွန်ပျူတာချို့ယွင်းမှုကိုမဆို Service Charges ပုံသေ ၂,၅၀၀ ကျပ်သာယူမှာဖြစ်တယ်လို့ ဆိုထားတယ်။ ဒါမှမဟုတ် လစဉ်ကန်ထရိုက်ချုပ်ပြီး ပုံမှန်ထိန်းသိမ်းမယ်ဆိုရင်လည်း ရုံးခန်းအရောက် Regular Service ပုံမှန်ဝန်ဆောင်မှုအတွက် Service Technician ဝန်ထမ်းတစ်ဦးကို မနက် ၁၂ နာရီကနေ ညနေ ၄ နာရီအထိ Standby Duty ချထားပြီးဆောင်ရွက်ပေးမယ်လို့ ဆိုတယ်။ Urgent Service အရေးပေါ်ဝန်ဆောင်မှုအတွက်ဆိုရင်တော့ နှစ်နာရီအတွင်း ရုံးခန်းအရောက်လာပြီး ပြုပြင်ပေးဦးမယ်။

ဝန်ဆောင်မှုဈေးနှုန်း၊ တစ်ပတ်အတွင်းဝန်ဆောင်မှုအကြိမ်တို့ကို လုပ်ငန်းရဲ့လိုအပ်ချက်အလိုက် ဈေးနှုန်းအတိုး/အလျှော့ထပ်မံညှိနှိုင်းနိုင်ပါသေးတယ်။ (ဥပမာ– Viurs Update ကိုသာ အပတ်စဉ်လိုအပ်မှု) လုပ်ငန်းအပ်နှံမှုကတော့ သုံးလ၊ ခြောက်လ၊ တစ်နှစ်စသဖြင့်ရှိပြီး ငွေပေးချေမှုပုံစံကို တစ်လချင်း ပေးချေစနစ်နဲ့လည်းပေးလို့ရပါတယ်။ (တစ်နှစ်စာကြိုတင်ပေးချေမယ်ဆိုရင် ၂၀ ရာခိုင်နှုန်း Discount ရရှိမှာဖြစ်ပြီး လစဉ်ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်းမပြုဘဲ ကွန်ပျူတာအားလုံးကို တစ်ကြိမ်တည်း စစ်ဆေးပြုပြင်တယ်ဆိုရင်လည်း အထူးဈေးနှုန်းနဲ့ စစ်ဆေးပြုပြင်ပေးမှာဖြစ်တယ်လို့ဆိုထားတယ်။ ကွန်ပျူတာများကိုလိုအပ်မယ်ဆို အချိန်ပိုင်း၊ နာရီပိုင်းဖြစ်စေ ငှားရမ်းနိုင်တယ်လို့လည်းဆိုတယ်။ ငှားရမ်းမှုနဲ့ ကွန်ပျူတာပြုပြင်ဝန်ဆောင်မှုတွေကိုအောက်မှာ ဇယားလေးနဲ့ ဖော်ပြပေးမယ်။

NAWARAT - Computer Sales, Service, Rental & Training Centre

အမှတ်–၁၃၅၊ ဘိုကလေးဈေးလမ်း(အထက်)၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၀၁–၃၉၂၀၄၇၊ ၀၉–၅၁၆၄၆၃၆၊ ၀၉–၅၁၃၃၂၂၀
E-mail: nwrt@myanmar.com.mm

| | | |
|---|---|---|
| **LCD Projector & Laptop (Up to 4 hrs)**<br>Epson LCD Projector with remote Control with Tripod Screen | : | 15,000ks |
| **P4 Desktop Computer Rental (For Monthly)**<br>Pentium 43.06GHz, 1GB Memory, 80GB HDD, 15" CRT Monitor | : | 25,000ks |
| P4 Laptop Computer Rental (For Monthly)<br>Pentium 4, 1GB Memory, 160GB HDD, DVD RW | : | 45,000ks |

| **Computer Qty** | **Charges per Month** | **Standby Duty at your office** |
|---|---|---|
| up to 5 PCs | 20,000 Ks | Technician - 1 person, 1 Day / Week |
| up to 10 PCs | 35,000 Ks | Technician - 1 person, 1 Day/ Week |

# မြန်မာ့ရိုးရာ ချည်ထည်လေးများ

လူကြီး၊ လူငယ်မရွေး၊ အမျိုးသား၊ အမျိုးသမီးမရွေးကြိုက်နှစ်သက်တတ်တဲ့အပြင် မြန်မာနိုင်ငံရဲ့ ရာသီဥတုနဲ့ လိုက်ဖက်တဲ့ ချည်ထည်ဆိုင်လေးတစ်ခုကို ညွှန်ပေးချင်ပါတယ်။ ကိုယ်တိုင်ချုပ် Hand Made ထည်လေးများဖြစ်ပြီး ၊ အဓိကကတော့ ရှမ်းရိုးရာချည်ထည်လေးတွေအများဆုံးဝယ်ယူနိုင်တာပါ။ နဂိုချုပ်ပြီးသားလေးတွေကိုမကြိုက်ရင်တောင်မှ ဒီဆိုင်မှာပဲ ပိတ်စဝယ်၊ ကိုယ့်ရဲ့ကိုယ်တိုင်းနဲ့ စိတ်ကြိုက်ဖြစ်အောင် ချုပ်လုပ်အပ်နှံလို့လည်း ရပါသေးတယ်။ အင်္ကျီ၊ လုံချည်တွေသာမက အမျိုးသမီးလက်ကိုင်အိတ်လေးတွေ၊ Hand Phone အိတ်လေးတွေနဲ့ ချည်ထည်ဦးထုပ်လေးတွေလည်း ရနိုင်ပါတယ်။ မြန်မာလူမျိုးတွေသာမက နိုင်ငံခြားသားတွေပါအကြိုက်တွေ့ဝယ်ယူနိုင်တဲ့ဆိုင်ဖြစ်တာမို့ ညွှန်ပေးလိုက်တာ။ ဒီချည်ထည်ဆိုင်လေးရဲ့နာမည်က 'ဆောင်းချယ်ရီဦး'(ရှမ်းရိုးရာချည်ထည်များ)ဖြစ်ပြီး – လိပ်စာကတော့ အမှတ်–၁၉၊ ဘယသုဒ္ဓိလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ဖြစ်ပါတယ်။

www.foreverspace.com.mm



# အတာသင်္ကြန်အတွက် အလှကုန်

တစ်နှစ်တစ်ခါပျော်ကြရတဲ့ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲမှာ ပျော်ပျော်ရွှင်ရွှင်ကစားချင်သလို အသားအရေပျက်စီးမှာလည်း စိုးတယ်ဆိုတဲ့သူတွေအတွက် အသားအရေထိန်းသိမ်းတဲ့ ခရင်မ်တွေ၊ နေရောင်ကာ ခရင်မ်တွေ၊ လှလှပပရေကစားနိုင်အောင် ရေစိုခံ မိတ်ကပ်၊ နှုတ်ခမ်းနီ၊ Eye Shadow စတာတွေကို လိုအပ်မှာ အသေအချာပါ။ Branded အလှကုန်တွေကနေဈေးနှုန်းချိုသာတဲ့ အလှကုန်ပစ္စည်းအမျိုးအမယ်စုံအထိ ကုန်တိုက်ကြီးတွေမှာ ဝယ်ယူနိုင်ပေမယ့် တချို့ကအမျိုးအမယ်စုံအလှကုန်စတိုးတွေကိုအားသန်တတ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကိုယ်နဲ့နီးရာဆိုင်ကြီးတွေမှာ ဝယ်ချင်တဲ့သူတွေအတွက် ရန်ကုန်နဲ့မန္တလေးက အလှကုန်တွေတော်တော်စုံစုံရောင်းပေးတဲ့နေရာတချို့ကို စုစည်းပေးလိုက်တယ်။

❑ **ဥမ္မာစတိုး**
အမှတ်-ပ-၈/ပ-၂၈/ပ-၂၉/ပ-၄၈ ၊
လှည်းတန်းဈေးအပေါ်ထပ်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
ဖုန်း-၅၀၀၃၆၆ (လိုင်းခွဲ) ၃၄၂

❑ **M & T Thai Cosmetic**
အမှတ်-၇၉၇ အက်ဖ်၊ ၄ လွှာ၊ မင်္ဂလာဈေး၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
ဖုန်း-၀၉-၅၃၈၈၃၀၀

❑ **Beauty World**
အမှတ်-G- 6 ၊ ၃၁ လမ်း၊ ၈၀× ၈၁ လမ်းကြား၊
မန္တလေး။ ဖုန်း-၀၉-၂၀၃၁၇၉၈

❑ **စန်းယဉ်မေ အလှကုန်ရောင်းဝယ်ရေး**
C - 309, 310 ၊မြေအောက်ထပ်၊ သိမ်ကြီးဈေးဒီရုံ၊
လသာမြို့နယ်၊ ရန်ကုန်။
ဖုန်း-၂၄၂၄၅၅၊ ၂၄၉၉၅၄၊ ၀၉-၅၁၇၉၂၈၅

❑ **Pally အလှကုန်ရောင်းဝယ်ရေး**
အမှတ် (၂၈၈/၂၈၉) စတုတ္ထထပ်၊ မင်္ဂလာဈေး၊ ရန်ကုန်။
ဖုန်း-၂၀၅၁၉၈၊ ၂၀၃၀၆၆ Ext ; ၃၇၈၂

❑ **မြသဇင်**
အမှတ်-၁၃၃-အေ၊ ၂၄ လမ်း(အထက်)၊ လသာမြို့နယ်၊
ရန်ကုန်။
ဖုန်း-၂၅၄၂၁၈၊ ၂၈၅၃၉၈

❑ **Ever Seiko Co., Ltd.**
F/ S - 6, ဘုရင့်နောင်လမ်း၊ ရွှေမာလာရိပ်မွန်၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်။
ဖုန်း-၅၁၅၀၃၆၊ ၇၀၆၈၀၃၊ ၅၃၈၁၀၉၊ ၅၀၁၀၄၉

❑ **ကြည်ပြာ**
အမှတ်-၃၃-၈၀ လမ်းထောင့်၊ ချမ်းအေးသာစံမြို့နယ်၊
မန္တလေး။
ဖုန်း-၀၂-၃၄၁၄၉၊ ၀၂-၆၈၃၈၂

❑ **ငွေစင်ကြယ်**
ဆိုင်အမှတ်-၁၁၀၊ ဘုရားကြီးအရှေ့မုခ်၊ မန္တလေး။
ဖုန်း-၀၉-၂၀၃၁၁၅၆

❑ **ရီရှင်း**
အမှတ်-၂၇၃၊ လမ်း ၈၀၊ ၃၂လမ်း× ၃၃ လမ်းကြား၊
မန္တလေး။
ဖုန်း-၀၂-၃၉၆၅၆၊ ၀၂-၆၈၃၁၆

# ရန်ကုန်-ပုသိမ်လမ်းမကြီးပေါ်က 'ရွှေခေတ်'စားသောက်ဆိုင်

ရန်ကုန်နဲ့ ပုသိမ်မြို့ကို ခရီးသွားရင်းလမ်းတစ်ဝက်မှာ စားသောက်ဖို့အတွက် ရွှေခေတ်ဆိုတဲ့ ဆိုင်ကောင်းကောင်းတစ်ခုကို ညွှန်ချင်ပါတယ်။ ဆိုင်အခင်းအကျင်းသပ်ရပ်ပြီး ကားရပ်ဖို့နေရာအကျယ်ကြီးလည်းရှိပါတယ်။ တရုတ်အစားအစာ၊ မြန်မာအစားအစာ၊ ဥရောပအစားအစာတွေရနိုင်တယ်။ သုံးစွဲထားတဲ့ ပန်းကန်ခွက်တွေကို ပေါင်းခံပိုးသတ်ပြီး ဆေးကြောပေးထားတဲ့အတွက် သန့်ရှင်းမှုအတွက်လည်းစိတ်ချရတယ်လေ။ ဒါ့အပြင် ဒေသထွက်ကုန်တွေဖြစ်တဲ့ သင်ဖြူးဖျာ၊ ပုစွန်ခြောက်၊ ငါးရံ့ခြောက်တွေကိုလည်း ဝယ်လို့ရသေးတယ်။ ဆိုင်တည်နေရာကတော့ ရန်ကုန်-ပုသိမ်လမ်းမနှင့် ဘုရင့်နောင်လမ်းထောင့် ပန်းတနော်မြို့ပါ။

# ခိုတောင်မုန့်တီ

ရန်ကုန်ကိုရောက်နေကြတဲ့ မန္တလေးသူ၊ မန္တလေးသားတွေအတွက်အမိကရည်ရွယ်ပြီး ခိုတောင်မုန့်တီရနိုင်တဲ့ နေရာတစ်ခုကို လမ်းညွှန်ပေးပါမယ်။ ခိုတောင်မုန့်တီဆိုတဲ့အသံကြားပြီး ချက်ချင်းတော့ မသွားလိုက်နဲ့ဦးနော်။ စနေ၊ တနင်္ဂနွေမှပဲရတာဆိုတော့ ကြားရက်တွေမှာသွားစားမိရင် သွားရကျိုးမနပ်မှာစိုးလို့ပါ။ မန္တလေးမုန့်တီနဲ့ မြီးရှည်တွေကတော့ နေ့တိုင်းရနိုင်တယ်လို့ဆိုပါတယ်။ ခိုတောင်မုန့်တီကို မတ်ပဲကြော်၊ ဘယာကြော် စတာတွေနဲ့လည်း သုံးဆောင်နိုင်တယ်တဲ့နော်။

လိပ်စာ

**ရွှေနန်းတော်**

- အမှတ် ၁၆၂/ဘီ၊ သီရိရိပ်သာ၊ အောက်ကြည့်မြင်တိုင်လမ်းမကြီး၊ အလုံမြို့နယ်၊ ရန်ကုန်။ ဖုန်း-၀၉-၅၁၆၉၉၄၉ ■

www.foreverspace.com.mm

# အမျိုးသမီးတွေ အသုံးဝင်မယ့်သင်တန်းများ

ဒီနေ့ခေတ်မှာတော့ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အလုပ်မလုပ်တဲ့အမျိုးသမီးတွေဆိုတာမရှိသလောက်ပါပဲ။ ပညာရပ်ဆိုင်ရာ၊ လက်မှုဆိုင်ရာ၊ အိမ်တွင်းမှုဆိုင်ရာစတဲ့ အသိပညာ၊ အတတ်ပညာတွေသင်ယူလို့ပဲဖြစ်ဖြစ်၊ စီးပွားရေးလုပ်ငန်းတွေထူထောင်လို့ပဲဖြစ်ဖြစ် အလုပ်အကိုင်၊ လုပ်ငန်းတစ်စုံတစ်ရာတော့ လုပ်ကိုင်ကြသူတွေချည်းပါပဲ။ အသက်မွေးဝမ်းကျောင်းပညာရပ်တွေဆိုရင်လည်း တချို့မိန်းကလေးတွေက ဖက်ရှင်အလှအပကို ပိုစိတ်ဝင်စားပြီး လေ့လာသင်ယူတတ်ကြပါတယ်။ ဒီနေရာမှာ စိတ်ဝင်စားသူလည်းများပြီး သင်ကြားပေးတဲ့သင်တန်းတွေလည်း အများအပြားဖွင့်လှစ်နေတဲ့ အဝတ်အထည်ဆိုင်ရာအလှအပအတွက် အပ်ချုပ်သင်တန်းနဲ့ ဖက်ရှင်ဒီဇိုင်းသင်တန်းတွေ၊ မိတ်ကပ်၊ ဆံပင်ဆိုင်ရာအစရှိတဲ့ အလှအပရေးရာဝန်ဆောင်မှုဆိုင်ရာသင်တန်းတွေကို ဖော်ပြပေးချင်ပါတယ်။ ကိုယ့်ဝါသနာနဲ့ကိုက်ညီပြီး စိတ်ဝင်စားမယ်ဆိုရင် စုံစမ်းမေးမြန်းပြီး ရွေးချယ်တက်ရောက်နိုင်ဖို့ သင်တန်းတချို့ စုဆောင်းဖော်ပြပေးလိုက်ပါတယ်။ ရန်ကုန်မြို့တော်မှာတင်မဟုတ်ဘဲ မန္တလေးမြို့တော်မှာလည်း ရွေးချယ်သင်ယူဖို့နေရာတွေအများကြီးရှိတယ်နော်။

**ဒီဇိုင်းနှင့်အပ်ချုပ်သင်တန်းများ**

- **မဏိစန္ဒာ**
  အမှတ်-၆၅၊ အခန်း ၁၀၄/၁၁၂ (ပထမထပ်)၊
  အနော်ရထာလမ်း (၃၇ လမ်းနှင့် ၃၈ လမ်းကြား)၊
  ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
  ဖုန်း-၃၈၈၂၃၃၊ ၃၇၅၀၀၄
- **B-First**
  အမှတ်-၂၄(A)၊ အင်းလျားမြိုင်လမ်း၊ ရွှေတောင်ကြား (၁)၊
  ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၂၆၃၇၁
- **D-Fashion**
  အမှတ်-၁၆၈၊ ၃လွှာ (A)၊ ၁၁၉ စတိုးအနီး၊
  ဗညားဒလလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
  ရန်ကုန်။ ဖုန်း-၂၉၀၆၀၈
- **Ms.Fashion Gallery & Design Training**
  အမှတ်-၂၇၁၊ ၁၃ လမ်း၊ (၃) ရပ်ကွက်၊
  တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၆၄၄၆၂
- **New Fashion Designer Group**
  အမှတ်-၁၁၉၊ ၁၅ လမ်း (အလယ်)၊ လမ်းမတော်မြို့နယ်၊
  ရန်ကုန်။ ဖုန်း-၂၂၇၀၉၆
- **Women Development Centre**
  အမှတ်-၁၁၃၊ သံလွင်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
  ဖုန်း-၅၃၅၀၃၆
- **Hikari Fashion Design Vocational Training Centre**
  အမှတ်-၄၂/၅၊ C-2 (ဒုတိယထပ်)၊ တက္ကသိုလ်ရိပ်သာလမ်း၊
  ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၄၉၁၄၀
- **Dozo Fashion Design Technical School**
  အမှတ်-၅၈၄၊ ဓမ္မာရုံလမ်း၊ ၆-မိုင်ခွဲ၊ (၁၁) ရပ်ကွက်၊
  လှိုင်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၃၆၈၆၁
- **စန္ဒာဝင်းမိသားစု**
  အမှတ်-၅၁၃၊ အခန်း-၃/၄၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊
  ရန်ကုန်။ ဖုန်း-၀၉-၅၁၆၆၇၇၀
- **Li Fashion & Dressmaking**
  Tosta Plaza၊ အခန်း-၈၀၁၊ ၇-လွှာ၊
  လေးထောင့်ကန်လမ်းမကြီး၊ သုမင်္ဂလာအိမ်ရာ၊
  သဃ်န်းကျွန်း၊ ရန်ကုန်။
  ဖုန်း-၇၀၁၉၂၁၊ ၅၇၃၃၃၇-၈-၉ (လိုင်းခွဲ-၁၈၀၁)
- **Genius**
  အမှတ်-၁၆ (A)၊ ကုက္ကိုင်းရိပ်သာလမ်း၊ ရွှေတောင်ကြား (၂)၊
  ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၅၉၈၁၃၊ ၀၉-၅၁၆၁၂၃၇၊
  ၀၉-၅၀၄၉၁၁၀
  E-mail: genius@cyberteach.net.mm
- **ငွေသောင်ယံ**
  ခ-၈/၅၇၊ ၄၂ × ၄၃ လမ်းကြား၊ ၆၆ × ၆၇ လမ်းကြား၊
  မဟာမြိုင် (၁)၊ မန္တလေးမြို့။ ဖုန်း-၀၉-၅၁၃၅၉၃၇
- **ဘာဂျာ**
  အမှတ်-၇၀၊ ၂၇ လမ်း (၇၅ × ၇၆ လမ်းကြား)၊
  မန္တလေးမြို့။
  ဖုန်း-၀၂-၃၅၇၆၁
- **ရွှေမဒီ**
  အမှတ်-Q-၈/၆၈၊ ၄၃ လမ်း (၆၆× ၆၇ လမ်းကြား)၊
  မန္တလေးမြို့။ ဖုန်း-၀၂-၃၄၄၆၀
- **New Fashion**
  အမှတ်-၃၈၅၊ ၈၃ လမ်း (၃၃ လမ်း× ၃၄ လမ်းကြား)၊
  မန္တလေးမြို့။ ဖုန်း-၀၂-၂၁၆၇၃၊ ၀၉-၂၀၂၃၅၇၀
- **Romantic**
  အမှတ်-၃၀၉/၄၊ ၃၅ လမ်း (၈၂× ၈၃ လမ်းကြား)၊
  ရတနာအရှေ့၊ ညွန့်ပေါင်းဈေး၊ မန္တလေး။
  ဖုန်း-၀၂-၆၃၁၉၈၊ ၀၉-၂၀၃၆၆၁၀
- **You & Me**
  အမှတ်-၄၀၆/၁၊ ၇၆ လမ်း (၃၁ × ၃၂ လမ်းကြား)၊
  မန္တလေးမြို့။ ဖုန်း-၀၂-၇၁၀၁၉

www.foreverspace.com.mm



- **Sukura**
  အမှတ်–C–၂/၁၄၁၊ ၆၄ လမ်း၊
  ဒေလီယာနှင့် ဇလပ်ဝါလမ်းကြား၊ မြို့သစ်၊
  မန္တလေးမြို့။ ဖုန်း–C/O ၀၂–၈၀၀၉၂

**အလှအပပြုပြင်ရေးဆိုင်ရာသင်တန်းများ**

- **Beauty Queen**
  အမှတ်–၉၁၃/ဂ၊ ၁၀ မိုင်၊ ပြည်လမ်း၊ ရန်ကုန်။
  ဖုန်း–၆၆၄၂၅၁၊ ၀၉–၅၀၅၁၇၃၉
- **လာဘ်ပွင့်သူ**
  အမှတ်–၁၂၆/၁၂၈၊ A-1၊ ၅၁ လမ်း (အလယ်)၊
  ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၂၉၂၂၈၉၊ ၂၉၁၄၈၈၊ ၀၉–၅၀၄၂၆၉၅
- **GOH**
  အမှတ်–၁၇၁/၁၇၃၊ ဒုတိယထပ်၊ အနော်ရထာလမ်း
  (၃၄ လမ်းထောင့်)၊ ရန်ကုန်။ ဖုန်း–၃၈၉၈၁၃
- **Bravo**
  အမှတ်(၇၄–က)၊ သစ်တောလမ်း၊ အလုံစာတိုက်မှတ်တိုင်၊
  အလုံမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၂၃၉၄၀
- **မေဒ်**
  အမှတ်–၅–D1၊ ဦးထွန်းလင်းခြံလမ်း၊ ကမာရွတ်မြို့နယ်၊
  ရန်ကုန်။ ဖုန်း–၅၃၈၆၀၂၊ ၇၂၅၆၂၃
- **တင်ထွေး**
  ဘီ/၃၊ သီရိရိပ်သာ၊ ၃၅ လမ်း (၇၀ × ၇၁ လမ်းကြား)၊
  လမ်းသွယ် (၁)၊ မန္တလေး။ ဖုန်း–၀၉–၂၀၁၈၁၃၁
- **သင်းဆိုဖီ**
  အမှတ်–၁၃၁၊ မြေညီထပ်၊ ဗိုလ်မင်းရောင်လမ်း၊
  မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၀၉–၅၁၁၂၄၃၆
- **Sweet Angel**
  Nail Art & Beauty Training School
  အခန်း–၄၀၆၊ ပန်းခြံလမ်း (အနော်ရထာတာဝါဆိုင်ရှေ့)
  ဗားကရာလမ်းနှင့် ဓမ္မစေတီလမ်းထောင့်၊ မြေနီကုန်း၊
  စမ်းချောင်း၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၅၁၀၇၃၄၇၊ ၅၃၈၅၁၀
- **နိုရီယာ**
  ၇၂× ၇၃ လမ်းကြား၊ ၃၉ လမ်း၊ ဇန်းမော်တိုက်လမ်း၊
  မန္တလေးမြို့။ ဖုန်း–၀၉–၂၀၂၈၀၅၉
- **ဇာနည်**
  အမှတ်–၁၉ လမ်း(လမ်း ၉၀ အနောက်)၊
  ရတနာမဥ္ဇူဘုရားတောင်ဘက်၊ မန္တလေး။
  ဖုန်း–C/O ၀၂–၂၃၁၀၂
- **လမင်း**
  အမှတ်–C-1၊ ၄၀× ၄၁ လမ်းကြား၊ ဇောဓိကုန်းပတ်လမ်း၊
  တက္ကသိုလ်တိုက်တန်း၊ မန္တလေးမြို့။ ဖုန်း–၀၉–၂၀၄၂၅၉၇
- **အောင်အောင်**
  အမှတ် (၃/၂၂)၊ ကျောက္ကာလမ်း၊ မြဝတီရပ်၊ မုံရွာမြို့။
  ဖုန်း–၀၉–၅၁၅၇၅၉၂
- **You Star**
  ၆၂× ၆၃ လမ်းကြား၊ ၃၃× ၃၄ လမ်းကြား၊ ချမ်းအေးသာစံ
  မြို့နယ်၊ မန္တလေး။ ဖုန်း–၀၉–၂၀၂၃၇၁၈
- **Fancy Girl**
  G-2၊ ၇၃ လမ်း၊ မဟာမြိုင်လမ်းခွဲ၊ တက္ကသိုလ်တိုက်တန်း၊
  မန္တလေးမြို့။ ဖုန်း–၀၂–၆၂၀၃၄၊ ၀၉–၂၀၃၇၉၆၃

# အိမ်တိုင်ရာရောက်တပ်ဆင်ပေးမယ့်
# Do Co Interior Doors

လူကြီးမင်းတို့နေထိုင်ရာအဆောက်အအုံနဲ့လိုက်ဖက်မယ့် တံခါးရွက်တွေ ဒါမှမဟုတ် ဒီဇိုင်းဆန်းဆန်း တံခါးရွက်လေးတွေပဲ တပ်ချင်တယ်ဆိုသူတွေကို Do Co Interior Doors နဲ့ မိတ်ဆက်ပေးပါမယ်။

Do Co တံခါးရွက်များက တံခါးရွက်နဲ့အတူ ကျည်းပေါင်အထိန်းအကွပ်များ၊ တံခါးလက်ကိုင်၊ ပတ္တာ၊ သော့၊ မင်းတုံး၊ စက္ကူများ အစုံအလင် အဆင်သင့်ပါဝင်ပြီး အသင့်တပ်ဆင်နိုင်တဲ့အပြင် သယ်ယူရလွယ်ကူတာကြောင့် အကြိုက်များကြတယ်လို့ ဆိုတယ်။ ဒီဇိုင်းနဲ့ကာလာကတော့ ၂၇ မျိုးလောက်ရှိတယ်ဆိုတော့ စိတ်ကြိုက်ရွေးချယ်မှုအတွက်လည်း အဆင်ပြေနိုင်ပါတယ်။ တပ်ဆင်အသုံးပြုလိုတဲ့ ရုံး၊ အိမ်အရောက်အတွက် ကျပ် ၁၅၇,၀၀၀ မှ ၃၀၀,၀၀၀ ဝန်းကျင် ကျသင့်နိုင်ပါတယ်။ ဆက်သွယ်ချင်တယ်ဆိုရင် အမှတ်–၅၉၊ ဒေါ်သိန်းတင်လမ်းနှင့် လမ်း ၉၀ ထောင့်၊ ကန်တော်လေး၊ မင်္ဂလာတောင်ညွန့် မြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၉၄၃၄၉၊ ၃၉၄၃၅၀၊ ၇၂၅၀၄၄ ကို စုံစမ်းဆက်သွယ်နိုင်ပါတယ်။

# စားသောက်ဆိုင်သစ်

- **Feel Express**
  ရန်ကုန်–နေပြည်တော်အမြန်လမ်း
  သစ်၊ ၁၁၅ မိုင် ယာဉ်ရပ်နားစခန်း၊
  ဖြူးမြို့အနီး။ ဖုန်း–၈၆၂၆၄၆၀
- **ဦးရှမ်း ရှမ်းခေါက်ဆွဲ**
  ဘယသုဒ္ဓိဖြတ်လမ်း၊ ကျောက်
  မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်။
- **ရွှေပုဇွန် အအေးနှင့်ကိတ်မျိုးစုံ (နေပြည်တော်)**
  ဥတ္တရသီရိမြို့၊ အင်ကြင်းပန်းဝိုင်း
  အနီး၊ နေပြည်တော်။
  ဖုန်း–၀၆၇–၄၁၇၁၀၀၊ ၄၁၇၂၀၀

www.foreverspace.com.mm



# ပိုးမွှားတွေနှိမ်နင်းမယ်

ကိုယ်နေထိုင်တဲ့နေရာ၊ အလုပ်လုပ်တဲ့နေရာပတ်ဝန်းကျင်မှာ ကြွက်၊ ခြင်၊ ယင်၊ ပိုးဟပ် အစရှိတဲ့ ပိုးမွှားတွေရှိနေရင် ကျန်းမာရေးအတွက်မကောင်းဘူးဆိုတာ ကလေးတွေကအစ သိကြပါတယ်။ ဒါပေမဲ့တစ်ခါတစ်ခါမှာ အဲဒီပိုးမွှားကိုယ်တိုင်နှိမ်နင်းရတာ အခက်အခဲတွေရှိကောင်းရှိနိုင်ပါတယ်။ ပိုးသတ်ဆေးတွေကို ဘယ်လိုသုံးရမလဲ၊ ဘယ်အမျိုးအစားက ကိုယ်နှိမ်နင်းမယ့်ပိုးမွှားတွေနဲ့သင့်တော်မလဲ၊ ပိုးသတ်ဆေးအနံ့တွေအကြာကြီးထွက်နေမှာလား၊ ကလေးငယ်လေးတွေရှိခဲ့ရင်လည်း ကိုယ်သုံးတဲ့ပိုးသတ်ဆေးနံ့တွေကကျန်းမာရေးကို အနှောင့်အယှက်ဖြစ်စေမှာလား စတာတွေသိချင်ကြမှာပါ။ ဒီအခက်အခဲတွေကို ဖြေရှင်းပေးမယ့်အဖွဲ့အစည်းတွေရှိနေပါပြီ။ အောက်မှာဖော်ပြပေးထားတဲ့လုပ်ငန်းတွေကို ဆက်သွယ်ပြီးအန္တရာယ်ပေးမယ့်ပိုးမွှားတွေကို နှိမ်နင်းကြပါစို့။ နေအိမ်နဲ့ရုံးခန်းတွေမှာပဲနှိမ်နင်းရမှာ မဟုတ်ပါဘူး။ သိုလှောင်ပြီး ရောင်းဝယ်ရတဲ့ စားသောက်ကုန်လုပ်ငန်းတွေလည်း ဒီဝန်ဆောင်မှုတွေကို ရယူသင့်တယ်နော်။ အဖိုးတန်စာအုပ်တွေရှိနေတတ်တဲ့ စာကြည့်တိုက်တွေ၊ စားသောက်ဆိုင်တွေ၊ ကလေးငယ်တွေရှိတဲ့ မူကြိုကျောင်းတွေ၊ ရှေးဟောင်းပစ္စည်းတွေကိုထိန်းသိမ်းထားရတဲ့နေရာတွေ စတာတွေကလည်း ပိုးမွှားရန်ကာကွယ်ဖို့လိုတာပဲ။ ဒါကြောင့် Pest Control Service တွေဆီကို ဖုန်းလေးအရင်ကြိုဆက်ပြီးကျ သင့်မယ့်နှုန်းထားတွေကိုမေးရင်းနဲ့ ပိုးမွှားတွေရန်က ကာကွယ်ကြပါစို့။

---

# ချည်သား ဒီဇိုင်းအမျိုးသမီးဝတ်

ပူအိုက်တဲ့နွေရာသီနဲ့သင့်တော်မယ့် ချည်သားအဝတ်အထည်လေးတွေရောင်းချပေးတဲ့ ဖက်ရှင်ဆိုင်လေးတစ်ဆိုင်ညွှန်ချင်ပါတယ်။ ဒီဆိုင်လေးမှာ အသင့်ချုပ်အမျိုးသမီးဝတ်ဒီဇိုင်းဆန်းလေးတွေ ရောင်းချပေးနေတာမို့ လူငယ်လူကြီးမရွေးအကြိုက်တွေ့မယ်ထင်ပါတယ်။ ရုံးဝန်ထမ်းတွေပဲဖြစ်ဖြစ်၊ အခမ်းအနားပွဲတစ်ခုခုသွားဖို့ပဲဖြစ်ဖြစ် ဒီဆိုင်လေးမှာသွားရောက်ဝယ်ယူနိုင်ပါတယ်။ ဒီဆိုင်မှာ ဈေးသင့်တဲ့အင်္ကျီလေးတွေကို အရောင်စုံ၊ ဒီဇိုင်းစုံ ချုပ်လုပ်ရောင်းချပေးတာမို့ ကိုယ်ကြိုက်ရာအရောင်ကို ရွေးချယ်နိုင်မှာပါ။

လိပ်စာ–

**Sixty Five Fashion**

အမှတ်–၆၅ ၊ မြေညီထပ်၊ အုန်းပင်လမ်း၊
ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၁၇၂၀၄

---

- **LEO Pest Control Team**

  – အမှတ်–၉–အေ၊ ဇမ္ဗူရစ်လမ်း၊ ကျောက်ကုန်း၊
  ရန်ကင်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၆၆၁၂၃၊ ၅၇၁၃၉၇၊ ၀၉–၅၀၁၀၄၁၇
  – အမှတ်–၆/၁၃၊ ၆၄ လမ်း၊ ၄၁× ၄၂ လမ်းကြား၊
  မဟာမြိုင်ရပ်ကွက်၊ မန္တလေး။
  ဖုန်း–၀၉–၂၀၃၈၇၄၇

- **ARROW Pests Busters**

  – အမှတ်–၇၂၉၊ ပြည်ထောင်စုလမ်း၊ တိုက် ၄၆၊
  ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၈၄၅၀၅၊ ဖက်စ်–၅၈၄၅၀၅
  – အမှတ်–၃၈၂–ဘီ၊ ၇၆ လမ်း၊ ၃၀× ၃၁ လမ်းကြား၊
  မန္တလေး။ ဖုန်း–၀၉–၂၀၁၈၀၃၄

- **ACTIVE Pest Control Service**

  အမှတ်–၅၂/ အေ၊ မြိုင်ဟေဝန်အိမ်ရာ၊
  ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၆၆၄၇၄၇၊ ၀၉–၅၀၂၀၃၇၁

- **HAPPY Pest Control**

  အမှတ်–၄၃၊ သမ္မာဒိဋ္ဌိလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၅၄၈၂၈၊ ဖက်စ်–၅၅၄၈၂၈
  ၀၉–၅၁၀၆၃၉၅၊ ၀၉–၅၁၅၄၃၀၀၊ ၀၉–၅၁၅၂၆၁၁၊
  ၀၉–၈၀၃၄၂၈၅

- **GITE Pest Control Service**

  – စကားဝါလမ်းနှင့် ရွှေသရဖီ (၂)လမ်းထောင့်၊
  FMI ပဒေသာပင်မြို့တော်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၆၈၄၆၄၅၊ ၇၂၄၇၅၅၊ ၆၈၂၄၄၅ (လိုင်းခွဲ–၁၁၉၄)
  – ဒီ–၈၊ သီရိရိပ်သာ (၁)၊ ၃၅လမ်း၊ ၇၀ × ၇၁ လမ်းကြား
  မန္တလေး။
  ဖုန်း–၀၂–၆၂၁၃၅၊ ၀၉–၅၁၆၉၀၇၃၊ ၀၉–၈၆၁၂၂၆၉

- **Top Pest Control Service**

  အမှတ်–၉၆၊ ပထမထပ်၊ ၃၉လမ်း (အောက်)၊
  ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၃၈၆၉၄၂၊ ၆၈၅၂၂၄၊ ၃၈၆၉၄၂၊
  ၀၉–၉၉၂၆၄၈၆၊ ၀၉–၅၁၉၉၁၅၆

- **Myanmar Pest Control Service**

  အမှတ်–၄၆/ အေ–၂၊ ပထမထပ်၊ ဘိုကလေးဈေးလမ်း၊
  ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၇၂၂၁၀၂၊ ၂၉၉၆၇၀၊ ၀၉–၅၁၀၃၀၁၇

- **Mandalar Pest Control Enterprise**

  အမှတ်–၁၄၅၊ ပထမထပ်၊ ဘိုကလေးဈေးလမ်း (အောက်)၊
  ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၃၉၂၈၄၁၊ ၆၈၉၃၀၆၊ ၀၉–၅၀၇၉၀၉ ■

www.foreverspace.com.mm

# သကြ်န်ပွဲကို ဆံပင်စတိုင်အလန်းစားနဲ့ ဆင်နွဲချင်သူများအတွက်

မြန်မာ့ရိုးရာ သင်္ကြန်ပွဲတော်ကာလမှာ ဆံပင်ပုံစံအဆန်းလေးများနဲ့ ရေပက်ကစားကြ၊ ကားနဲ့လည်ကြတာတွေက လူငယ်တွေကြားမှာ အတော်လေးခေတ်စားနေခဲ့ပါပြီ။ ဆံပင်ပုံဖိုးရိုးဖားရားနဲ့ ရှုပ်ထွေးမနေချင်သူတွေအတွက် ကျစ်ဆံမြီးသေးသေးလေးတွေကျစ်ပြီး စတိုင်လ်ကျ လှပစွာနဲ့သင်္ကြန်မှာ ရေကစားလို့ရအောင် ဒီလိုဝန်ဆောင်မှုမျိုးပေးတဲ့ ဆံပင်အလှပြုပြင်ဆိုင်တချို့ကို လမ်းညွှန်ပေးလိုက်တယ်။ လူငယ်တွေတော့ အကြိုက်တွေ့ကြမယ်ထင်တယ်။

❑ **Zenith**

အမှတ်–၅၃၊ ရန်ကုန်–အင်းစိန်လမ်းနှင့် အောင်လှမင်းလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊
ရန်ကုန်။ ဖုန်း–၅၃၀၀၀၁

❑ **Hello**

အမှတ်–၆၃၊ စိတ္တသုခလမ်း၊ ကျောက်မြောင်း၊
တာမွေမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၄၀၀၇၀

❑ **G - Six**

– အမှတ်–၃၆၊ ပထမထပ်၊ FMI Shopping Centre ၊ ဗိုလ်ချုပ်အောင်ဆန်းဈေး၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၄၀၆၃၆ Ext ; ၃၆
– အမှတ်–၆၊ မြေညီထပ်၊ ပုလဲကွန်ဒို၊
ကမ္ဘာ့အေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၂၃၉၃၃

❑ **Fancy House**

– အမှတ်–၅၆–ဘီ၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၆၆၂၆၃၆ ၊ ၇၀၄၅၃၃၊ ၂၂၄၃၄၇
– အမှတ်–၂၁၄၊ အနော်ရထာလမ်း၊ စံပြရုပ်ရှင်ရုံ၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၇၆၄၆၃

❑ **Ko Ko Beauty Salon**

– အမှတ်–၉၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၄၄၈၁၃
– ဒုတိယထပ်၊ စိန်ဂေဟာဆူပါမားကတ်၊ ပြည်လမ်း၊
ဒဂုံမြို့နယ်၊ ရန်ကုန်။
ဖုန်း–၃၈၃၈၁၂၊ ၃၇၉၈၂၃၊ ၂၅၄၄၄၆ (လိုင်းခွဲ–၃၀၄)
– အမှတ်–၃၀၁၊ ဒုတိယထပ်၊ လပြည့်ဝန်းပလာဇာ၊
အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။
ဖုန်း–၃၇၀၈၃၈၊၃၇၀၈၃၉ (လိုင်းခွဲ–၃၀၁၊ ၃၁၃)
– အမှတ်–၆၊ UK Mark၊ ဗိုလ်ချုပ်အောင်ဆန်းဈေး၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၄၀၉၆၆ (လိုင်းခွဲ–၇၃၄)

– အမှတ်–F/6၊ ပထမထပ်၊ ဒဂုံစင်တာ၊ မြေနီကုန်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၃၄၂၉၈၊ ၅၃၅၁၆၈ (လိုင်းခွဲ–၁၀၅၊ ၁၀၆)

❑ **Sprits**

– အမှတ်–၉၊ ပဒုမ္မာပန်းခြံ (အနောက်)၊
ဗားကရာလမ်း၊ စမ်းချောင်းမြို့နယ်၊
ရန်ကုန်။ ဖုန်း–၅၁၀၅၇၆
– အခန်း–၉၊ ၁၀၊ ဗားကရာလမ်း၊ စမ်းချောင်းမြို့နယ်၊
ရန်ကုန်။ ဖုန်း–၅၁၀၅၇၆၊ ၅၁၄၂၃၂
– အခန်း–၀၀၁၊ တိုက်–၂၇၂၊ ခနလှိုင်တာဝါ၊ ပြည်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၂၆၇၂၉

❑ **T 8**

အခန်း–အေ–၁၂၊ ပထမထပ်၊ ဗိုလ်အောင်ကျော်လမ်းထောင့်၊
BAK Shopping Centre ၊ မဟာဗန္ဓုလလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း–၃၉၂၈၆၇၊ ၃၉၂၈၆၈၊ (လိုင်းခွဲ–၁၁၂)

❑ **Thameedaw**

အမှတ်–၁၅၂–ဘီ၊ မြန်မာ့ဂုဏ်ရည်လမ်းနှင့် ၈၉ လမ်းထောင့်
မေတ္တာညွန့်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၀၉–၅၁၉၉၀၇၆၊ ၀၉–၈၆၀၀၉၄၀

❑ **Pan Pan**

အမှတ်–၅၅ မြေညီထပ်၊ ရေကျော်လမ်းမကြီး၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၀၉–၅၁၄၇၆၀၇

## ဂျပန်စတိုင် ဆံပင်ညှပ်မယ်ဆိုရင်

အလှအပကိုစိတ်ဝင်စားတဲ့ ပျိုမေများကို ဆိုင်ကောင်းလေးတစ်ဆိုင် ညွှန်ပေးချင်ပါတယ်။ အဲဒီဆိုင်ကတော့ Pan Pan (Tokyo - Japan ) Make Up & Hair Style ဆိုတဲ့ဆိုင်လေးပါ။ ဒီဆိုင်လေးမှာ ဂျပန်နိုင်ငံကနေ Hair & Beauty ကို သေချာလေ့လာခဲ့တယ်လို့ဆိုတဲ့ ပန်ပန်ကိုယ်တိုင်ဦးစီးပြီး အလှဖန်တီးရှင်များက မိမိစိတ်တိုင်းကျ လှပအောင်ဝန်ဆောင်မှုပေးမယ့်အပြင် အဆင်ပြေတဲ့နှုန်းထားနဲ့ ဆောင်ရွက်ပေးမယ်လို့ဆိုတဲ့အတွက် စိတ်တိုင်းကျမယ်လို့ထင်ပါတယ်။ ဒီဆိုင်လေးကို ဖေဖော်ဝါရီလ ၂ ရက်ကမှ စတင်ဖွင့်လှစ်ထားတာပါ။ လိပ်စာကတော့ အမှတ်–၅၅၊ မြေညီထပ်၊ ရေကျော်လမ်းမကြီး၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့မှာပါ။ ဖုန်း–၀၉–၅၁၄၇၆၀၇

www.foreverspace.com.mm

# ဦးရှမ်း ရှမ်းခေါက်ဆွဲ

အစားအသောက်ကောင်းတွေကိုမှ ရှာဖွေစားသောက်ချင်သူတွေအတွက် ဖေဖော်ဝါရီလကုန်လောက်ကမှ အသစ်ဖွင့်လိုက်တဲ့ ရှမ်းခေါက်ဆွဲဆိုင်လေးတစ်ခုကို လမ်းညွှန်ပေးချင်ပါတယ်။

ရှမ်းခေါက်ဆွဲ၊ မြီးရှည်၊ တို့ဟူးနွေး၊ ရှမ်းဆီချက်နဲ့ ငါးထမင်းနယ်တို့ရနိုင်ပြီး တစ်ပွဲကို ၅၀၀ ကျပ်လောက်သာကျသင့်တဲ့အတွက် ဈေးနှုန်းကလည်း သင့်တင့်တယ်လို့ဆိုရမယ်။

ရှမ်းစာကြိုက်သူတွေနဲ့ လက်ရာသစ်မြည်းစမ်းလိုသူတွေအတွက် ညွှန်ပေးလိုက်တာပါ။ ဆိုင်နာမည်ကတော့ 'ဦးရှမ်း' ဖြစ်ပြီး၊ ဘယသုဒ္ဓိဖြတ်လမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်မှာ ဖွင့်လှစ်ထားပါတယ်။



# ရှေးဟောင်းစာအုပ်များ အခမဲ့လေ့လာနိုင်တဲ့ လောဘာတီ

၁၈၀၀ ပြည့်နှစ်ကတည်းက ပုံနှိပ်ထုတ်ဝေခဲ့တဲ့ သမိုင်းနဲ့ အတ္ထုပ္ပတ္တိစာအုပ်တွေအပါအဝင် ရှေးဟောင်းစာအုပ်တော်တော်များများကို စနစ်တကျစုဆောင်းထားပြီး အခမဲ့လေ့လာဖတ်ရှုနိုင်တဲ့ စာကြည့်တိုက်တစ်ခုကို လမ်းညွှန်လိုက်ပါတယ်။ ဒီစာကြည့်တိုက်မှာ သမိုင်းနဲ့အတ္ထုပ္ပတ္တိစာအုပ်များ၊ ဘာသာရပ်နဲ့ ပညာရပ်ဆိုင်ရာစာအုပ်များ၊ သုတစာအုပ်များ၊ ဘာသာပြန်စာအုပ်များ၊ အင်္ဂလိပ်ဘာသာနဲ့ရေးသားထားတဲ့စာအုပ်များ၊ နည်းပညာစာအုပ်များ စတဲ့ စာအုပ်အမျိုးမျိုး အရေအတွက်စုစုပေါင်း အုပ် ၄၀,၀၀၀ ခန့်ကို စနစ်တကျစုဆောင်းထားတာကို တွေ့ရပါတယ်။



စာကြည့်တိုက်အသုံးပြုသူများအတွက် ကွန်ပျူတာ၊ အင်တာနက်၊ မိတ္တူကူးစက်၊ Scannar၊ တယ်လီဖုန်းနဲ့ ဖက်စ်ဝန်ဆောင်မှုတွေကိုပါ စီစဉ်ထားပေးပါတယ်။ ရည်ညွှန်းစာအုပ်များကို အဓိကထားစုဆောင်းထားပြီး အများနဲ့သက်ဆိုင်တဲ့စာကြည့်တိုက်တစ်ခုအဖြစ် ကြိုးပမ်းဖြည့်ဆည်းသွားမယ်လို့ ဆိုပါတယ်။ စာဖတ်ခန်းမှာ ဆိတ်ငြိမ်ကျယ်ဝန်းပြီး နေ့စဉ် မနက် ၁၀ နာရီကနေ ညနေ ၃ နာရီအထိ ပိတ်ရက်မရှိဖွင့်လှစ်ထားပါတယ်။ လောလောဆယ် မည်သူမဆို အခမဲ့လာရောက်လေ့လာဖတ်ရှုမှီငြမ်းနိုင်ပြီး မကြာမီ e-Book စနစ်နဲ့ ဖတ်ရှုနိုင်ခွင့်အပြင် အသင်းဝင် (Member) စနစ်နဲ့ ငှားရမ်းဖတ်ရှုခွင့်ပြုမယ်လို့ဆိုပါတယ်။ စာကြည့်တိုက်တည်ထောင်လိုသူနဲ့ အဖွဲ့အစည်းများအတွက်လည်း စာအုပ်စာတမ်းများကို ကူညီပံ့ပိုးပေးသွားမယ်လို့ ဆိုပါတယ်။ ယာဉ်ရပ်နားဖို့နေရာ ကျယ်ကျယ်ဝန်းဝန်း ရှိပါတယ်။

လိပ်စာ– **လောဘာတီစာကြည့်တိုက်**
တော်ဝင်နှင်းဆီ
အမှတ် – ၂၂၁/၂၂၃၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၄၂၇၁၉၊ ၅၄၂၇၂၀၊ ၀၉–၅၀၁၃၆၂၃

www.foreverspace.com.mm



# ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီ၊ ဖေဖော်ဝါရီနှင့် မတ်လထုတ်စာအုပ်များ

| စဉ် | စာအုပ်အမည် | စာရေးသူ | အုပ်ရေ | တန်ဖိုး (ကျပ်) | ထုတ်ဝေတိုက် | ထုတ်ဝေနှစ် | စာအုပ်အမျိုးအစား |
|---|---|---|---|---|---|---|---|
| ၁။ | ၂၁-၁၂-၂၀၁၂<br>သို့မဟုတ် စကြာဝဠာတွင် ထူးခြားမည့်နေ့<br>စာမူခွင့်ပြုချက်အမှတ်-၄၀၀၀၃၇၀၁၁၀ | ချူမာန် | ၅၀၀ | ၁၀၀၀ | လမ်းသစ် | ၂၀၁၀၊ ဖေဖော်ဝါရီ (ပ-ကြိမ်) | သုတ |
| ၂။ | အထက်တန်းအင်္ဂလိပ်သဒ္ဒါ (တတိယအုပ်)<br>စာမူခွင့်ပြုချက်အမှတ်-၄၀၁၂၈၅၁၀၀၉ | ဦးချိန်မြင့် | ၅၀၀ | ၂၀၀၀ | စိတ်ကူးချိုချို | ၂၀၁၀၊ မတ် (ပ-ကြိမ်) | ဘာသာပြန် |
| ၃။ | ရေအောက်ကမ္ဘာ၏ သိပ္ပံဆိုင်ရာ လျှို့ဝှက်ချက်များနှင့် ရေငုပ်သူရဲကောင်းများ<br>စာမူခွင့်ပြုချက်အမှတ်- | လူလေး (မြစ်ဝကျွန်းပေါ်) | ၁၀၀၀ | ၄၅၀၀ | - | ၂၀၁၀၊ မတ် (ပ-ကြိမ်) | သုတ |
| ၄။ | ဟာသများနှင့် နေထိုင်ခြင်း<br>စာမူခွင့်ပြုချက်အမှတ်-၄၀၀၄၉၉၁၁၀၉ | မောင်ညိုပြာ | ၅၀၀ | ၁၀၀၀ | စိတ်ကူးချိုချို | ၂၀၁၀၊ မတ် (ပ-ကြိမ်) | ဆောင်းပါးပေါင်းချုပ် |
| ၅။ | မိန်းမသားတို့သိမ်းထားဖို့<br>စာမူခွင့်ပြုချက်အမှတ်-၄၀၀၈၀၇၀၇၀၉ | အတ္တကျော် | ၁၀၀၀ | ၂၇၀၀ | လက်တွဲဖော် | ၂၀၁၀၊ ဇန်နဝါရီ (ပ-ကြိမ်) | ဆောင်းပါးပေါင်းချုပ် |
| ၆။ | သူငယ်ချင်းများနှင့် စကားစမြည်ပြောခြင်း<br>စာမူခွင့်ပြုချက်အမှတ်-၄၀၁၁၅၂၀၉၀၉ | ကိုတာ | ၅၀၀ | ၂၃၀၀ | မုံရွေး | ၂၀၁၀၊ မတ်လ (ဒု-ကြိမ်) | ဆောင်းပါးပေါင်းချုပ် |
| ၇။ | မာဂရက်သက်ချာ<br>စာမူခွင့်ပြုချက်အမှတ်-၃၁၀၀၈၄၉၄၀၉ | မောင်ဝံသ | ၁၀၀၀ | ၁၅၀၀ | ဒေါင်း | ၂၀၁၀၊ မတ် (ပ-ကြိမ်) | ဘာသာပြန် |
| ၈။ | ပါလက်စတိုင်းနှင့် အမုန်းစစ်ပွဲ<br>စာမူခွင့်ပြုချက်အမှတ်-၃၁၀၁၀၉၁၀၀၉ | ကောင်းထက် | ၁၀၀၀ | ၂၀၀၀ | မျိုးမြန်မာ | ၂၀၁၀၊ မတ် (ပ-ကြိမ်) | ဘာသာပြန် |
| ၉။ | အချိန်အခါလိုက်ပြောင်းလဲနေသော ဂျီအိုပေါလစ်တစ်<br>စာမူခွင့်ပြုချက်အမှတ်-၃၀၁၁၂၇၁၁၀၉ | မကျင်ဌေး | ၅၀၀ | ၂၀၀၀ | နန်းဒေဝီ | ၂၀၁၀၊ ဖေဖော်ဝါရီ (ပ-ကြိမ်) | ဘာသာပြန် |
| ၁၀။ | စပယ်ဦး<br>စာမူခွင့်ပြုချက်အမှတ်-၅၀၁၁၈၁၀၈၀၉ | ဒဂုန်တာရာ | ၅၀၀ | ၂၃၀၀ | နေရီရီ | ၂၀၁၀၊ ဖေဖော်ဝါရီ (တ-ကြိမ်) | ဝတ္ထုတိုပေါင်းချုပ် |
| ၁၁။ | ပါဗက်မူရှာရက်စ်<br>စာမူခွင့်ပြုချက်အမှတ်-၃၀၁၁၄၇၁၂၀၉ | ထက်မြက် | ၅၀၀ | ၄၀၀၀ | ရာပြည့် | ၂၀၁၀၊ မတ်လ (ပ-ကြိမ်) | ဘာသာပြန် |

www.foreverspace.com.mm

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁၂။ | သားစစ်သည်ဒိုင်ယာရီ<br>စာမူခွင့်ပြုချက်အမှတ်-၅၀၀၀၆၂၀၁၁၀ | အထောက်တော်<br>လှအောင် | ၅၀၀ | ၁၆၀၀ | Synery | ၂၀၁၀၊ ဖေဖော်ဝါရီ<br>(၃-ကြိမ်) | ဝတ္ထု<br>ရှည်များ |
| ၁၃။ | ဘုံနန်းရိပ်သာ<br>စာမူခွင့်ပြုချက်အမှတ်-၅၀၁၈၆၅၁၂၀၉ | ရွှေဥဒေါင်း | ၅၀၀ | ၂၅၀၀ | စိတ်ကူးချိုချို | ၂၀၁၀၊မတ်<br>(ပ-ကြိမ်) | ဝတ္ထုရှည်များ |
| ၁၄။ | အင်္ဂလိပ်သဒ္ဒါလွယ်<br>စာမူခွင့်ပြုချက်အမှတ်-၄၀၁၂၆၄၁၀၀၉ | ဦးချိန်မြင့် | ၅၀၀ | ၁၂၀၀ | စိတ်ကူးချိုချို | ၂၀၁၀၊ ဖေဖော်ဝါရီ<br>(ပ-ကြိမ်) | အင်္ဂလိပ်သဒ္ဒါ |
| ၁၅။ | မုန့်ဖုတ်သမားရဲ့ဇာတ်လမ်း<br>စာမူခွင့်ပြုချက်အမှတ်-၅၀၁၀၇၄၀၇၀၉ | ညီထက်အောင် | ၅၀၀ | ၁၅၀၀ | HUMANITY | ၂၀၁၀၊ မတ်<br>(ပ-ကြိမ်) | ဝတ္ထုတိုများ |
| ၁၆။ | တရားနှင့်လက်တွေ့အသုံးချဥပဒေသိကောင်းစရာများ<br>စာမူခွင့်ပြုချက်အမှတ်-၄၀၁၃၅၁၁၂၈၉ | မောင်မောင်<br>သောင်းမြင့်<br>(တရားရေး) | ၁၀၀၀ | ၁၀၀၀ | နိုင်ငံ့ဂုဏ် | ၂၀၁၀၊ ဖေဖော်ဝါရီ<br>(ပ-ကြိမ်) | သုတ |
| ၁၇။ | ပင်ကိုရေးဝတ္ထုတိုပေါင်းချုပ်<br>စာမူခွင့်ပြုချက်အမှတ်-၅၀၁၂၈၈၀၉၀၉ | ခင်မျိုးချစ် | ၅၀၀ | ၃၅၀၀ | ကံ့ကော်<br>ဝတ်ရည် | ၂၀၁၀၊ ဇန်နဝါရီ<br>(ပ-ကြိမ်) | ဝတ္ထုတို<br>ပေါင်းချုပ် |
| ၁၈။ | လူ့ကျင့်ဝတ်<br>စာမူခွင့်ပြုချက်အမှတ်-၄၀၀၁၇၁၀၂၁၀ | ရွှေဟသ်ာတောခံ<br>ကျောင်းဆရာတော် | ၂၀၀၀ | ၈၀၀ | အလင်းသစ် | ၂၀၁၀၊ ဖေဖော်ဝါရီ<br>(ပ-ကြိမ်) | ဘာသာရေး |
| ၁၉။ | ရှားလော့ဟုမ်း၏မှတ်တမ်းများ<br>စာမူခွင့်ပြုချက်အမှတ်-၅၀၁၁၂၂၀၈၀၉ | မြသန်းတင့် | ၅၀၀ | ၃၅၀၀ | ဘဝတက္ကသိုလ် | ၂၀၁၀၊ မတ်<br>(၃-ကြိမ်) | ဘာသာပြန် |
| ၂၀။ | မမြင်နိုင်သောငါးဦးကြမ္မာနှင့်သည်းထိတ်ရင်ဖိုဝတ္ထုတိုများ<br>စာမူခွင့်ပြုချက်အမှတ်-၅၀၀၇၈၁၀၆၀၉ | စာရေးဆရာစုံ | ၅၀၀ | ၁၅၀၀ | တနင်္ဂသ်ာရီ | ၂၀၁၀၊ ဖေဖော်ဝါရီ<br>(ပ-ကြိမ်) | သည်းထိတ်<br>ရင်ဖို |
| ၂၁။ | အင်ဒီရာဂန္ဒီ<br>နိုင်ငံရေးအတ္ထုပ္ပတ္တိ<br>စာမူခွင့်ပြုချက်အမှတ်-၃၁၀၁၁၈၁၁၀၉ | သန်းအောင်နိုင် | ၅၀၀ | ၁၅၀၀ | ယဉ်မျိုး | ၂၀၁၀၊ ဖေဖော်ဝါရီ<br>(စတုတ္ထ-ကြိမ်) | နိုင်ငံရေးအတ္ထုပ္ပတ္တိ |
| ၂၂။ | အန်းဒါးဆင်းပုံပြင်များ<br>စာမူခွင့်ပြုချက်အမှတ်-၅၁၀၁၃၃၀၅၁၁ | အံ့မောင် | ၅၀၀ | - | မြနန္ဒာ | ၂၀၁၀၊ ဖေဖော်ဝါရီ<br>(ပ-ကြိမ်) | ဘာသာပြန် |
| ၂၃။ | ဓမ္မဒူတအရှင်ပညာဇောတ၏ ထာဝရဓမ္မဒိုင်ယာရီ<br>စာမူခွင့်ပြုချက်အမှတ်- | ဓမ္မဒူတ<br>အရှင်အာစိက္ခဏ<br>(ဟသ်ာတ) | ၁၀၀၀ | ၁၂၀၀ | နှင်းစာပေ<br>ရတနာ | ၂၀၁၀၊ ဖေဖော်ဝါရီ<br>(ပ-ကြိမ်) | ဘာသာရေး |
| ၂၄။ | စိတ်ညစ်ရင်ရေချိုးပါ<br>စာမူခွင့်ပြုချက်အမှတ်-၀၃၈၄၃/၀၂၄၀၅ | ရဝေနွယ်<br>(အင်းမ) | ၃၀၀၀ | ၈၀၀ | ဓမ္မရဝေစာစဉ်<br>(၁၂) | ၂၀၁၀၊ ဖေဖော်ဝါရီ<br>(ပ-ကြိမ်) | ဘာသာရေး |

www.foreverspace.com.mm



| | | | | | | | |
|---|---|---|---|---|---|---|---|
| ၂၅။ | မန်နေဂျာတစ်ယောက်သည် မိန်းမတစ်ယောက်ထက်ပိုယူ ပိုင်ခွင့်ရှိပါသလားနှင့် အခြားဆောင်းပါးများ<br>စာမူခွင့်ပြုချက်အမှတ်–၄၀၁၁၃၄၀၉၀၉ | ဒေါက်တာ ထွန်းဝင်း | ၁၀၀၀ | ၁၅၀၀ | HR Publishing House | ၂၀၁၀၊ ဖေဖော်ဝါရီ (ပ–ကြိမ်) | ဆောင်းပါးစုံ |
| ၂၆။ | အိမ်ဘေးကသူဌေးတွေ<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၄၆၄၁၁၀၉ | အောင်မောင်း | ၅၀၀ | ၂၀၀၀ | အခွင့်အလမ်း | ၂၀၁၀၊ ဖေဖော်ဝါရီ (ပ–ကြိမ်) | ဆောင်းပါး |
| ၂၇။ | ကမ္ဘာကျော်နိုင်ငံရေးအရုပ်တော်ပုံများ<br>စာမူခွင့်ပြုချက်အမှတ်–၃၁၀၁၀၃၀၉၀၉ | တင်ညွန့် | ၁၀၀၀ | ၂၅၀၀ | WISDOM-HOUSE | ၂၀၁၀၊ ဖေဖော်ဝါရီ (ပ–ကြိမ်) | နိုင်ငံရေး ဆောင်းပါး |
| ၂၈။ | ဝိညာဉ်မှ စီရင်အပ်သောပြစ်ဒဏ်နှင့် ကိုယ်တွေ့ဖြစ်ရပ်မှန်မှုခင်း ဝတ္ထုတိုများ<br>စာမူခွင့်ပြုချက်အမှတ်–၅၀၀၀၁၇၀၁၁၀ | ရဲရင့်သူရိန် (နေပြည်တော်) | ၁၀၀၀ | ၁၀၀၀ | သရဖူ | ၂၀၁၀၊ မတ် (ပ–ကြိမ်) | ကိုယ်တွေ့ဖြစ်ရပ်မှန်မှုခင်းဝတ္ထုတိုများ |
| ၂၉။ | ခေတ်ရေစီးကြောင်းနှင့်ထင်မြင်ချက်များ<br>စာမူခွင့်ပြုချက်အမှတ်–၃၁၀၁၃၇၁၂၀၉ | ကျော်ဝင်း | ၅၀၀ | ၂၀၀၀ | ဂန္ဓဂေါ်မြိုင် | ၂၀၁၀၊ ဖေဖော်ဝါရီ (ပ–ကြိမ်) | ဆောင်းပါး |
| ၃၀။ | အမေရိကန်လွန်ကမ္ဘာပထမတွဲ<br>စာမူခွင့်ပြုချက်အမှတ်–၄၀၁၄၀၀၁၂၀၉ | ကျော်ဝင်း | ၅၀၀ | ၂၀၀၀ | ဂန္ဓဂေါ်မြိုင် | ၂၀၁၀၊ မတ် (ပ–ကြိမ်) | ဘာသာပြန် |
| ၃၁။ | ASPECTS of MYANMAR HISTORY AND CULTURE<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၉၀၀၀၈၀၉ | Thaw Kaung | ၅၀၀ | ၃၀၀၀ | Loka Ahlin | ၂၀၁၀၊ မတ် (ပ–ကြိမ်) | ယဉ်ကျေးမှု နောက်ခံသမိုင်း ဝတ္ထု |

# စာအုပ်လမ်းညွှန်

Editor's Choice

## ခေတ်ရေစီးနှင့် ထင်မြင်ချက်များ

**ကျော်ဝင်း**

The Waves မဂ္ဂဇင်းနှင့် အခြားစာစောင်အချို့တွင် ဖော်ပြထားပြီးဆောင်းပါးအများစုကို စနစ်တကျ ကဏ္ဍခွဲစုစည်းထုတ်ဝေထားသောစာအုပ်ဖြစ်သည်။ စာအုပ်ခေါင်းစဉ်ပေးထားသည့် 'ခေတ်ရေစီး' နှင့် 'ထင်မြင်ချက်များ' ကဏ္ဍနှစ်ခုအောက်တွင် အပိုင်းခြောက်ပိုင်းခွဲခြားထားပြီး ဆောင်းပါးခေါင်းကြီး ၄၇ ပုဒ်နှင့် အင်တာဗျူးတစ်ပုဒ် စုစုပေါင်း ၄၈ ပုဒ် ပါဝင်သည်။

'စီးပွားရေး' အပိုင်းတွင် လတ်တလောကာလအတွင်း ကမ္ဘာလုံးဆိုင်ရာ စီးပွားကျကပ်ကိုအခြေပြုကာ ရာစုနှစ်တစ်ခုမှ တစ်ခုသို့ အကူးအပြောင်းကာလအတွင်း ကမ္ဘာ့ ဦးဆောင်နိုင်ငံကြီးများ ကျင့်သုံးခဲ့သော စီးပွားရေးပေါ်လစီများ အခြေအနေ အချိန်ကာလအရ ပြောင်းလဲသွားပုံများကို တစ်ဆင့်ချင်း ချိန်ဆက် ရှင်းပြထားသည်။ မကြာသေးခင်က အမေရိကန်ပြည်ထောင်စုမှ အစပြုဖြစ်ပွားခဲ့သော ကမ္ဘာ့ဘဏ္ဍာရေး အကျပ်အတည်း၊ စီးပွားကျကပ်ကို သက်ဆိုင်ရာနိုင်ငံအသီးသီးရှိ စီမံခန့်ခွဲသူများက မည်သို့မည်ပုံ ကယ်တင်ဆယ်မရန် ကြိုးစားကြသည်များကို သရုပ်ဖော်ပြသည်။ ဘောဂဗေဒနှင့် ငွေကြေး၊ စီးပွားရေးဆိုင်ရာ




ကျွမ်းကျင်သူများ၏အကြံဉာဏ်ကို ထိထိရောက်ရောက်ရယူသုံးစွဲသည့် နိုင်ငံကြီးများပင်လျှင် အကျပ်အတည်းကရုန်းထွက်ရေး အတော်ကြီးအားစိုက်နေရကြောင်း၊ သမိုင်းကြောင်းကိုပြန်ကြည့်ပါက အကျပ်အတည်းတို့သည် အဒမ်စမစ်နှင့် ဂျွန်မေးနတ်ကိန်းစ်တို့၏ ဈေးကွက်ဆိုင်ရာ စီးပွားရေးသီအိုရီနှစ်ခုကို အလှည့်ကျကျင့်သုံးရန် အချက်ပြသည့်သဘောသာဖြစ်ကြောင်း၊ အကျပ်အတည်းတို့ကြုံလာတိုင်း ထိုအကျပ်အတည်းကိုကျော် ဖြတ်ရှင်သန်ရပ်တည်ရန်ကြိုးစားရင်း လူသားတို့၏စွမ်းရည် မြင့်တက်လာသည့်သဘောများ၊ ကောင်းစား၊ ကြွယ်ဝသည့်ကာလရှည်ကြာစွာနေခဲ့သူများတွင် တလွဲဘဝင်စိတ်များ ဝင်လာတတ်သည်ကိုလည်း သင်ခန်းစာယူစရာရှိကြောင်း၊ အကျပ်အတည်းများကို ပညာဖြင့်ကယ်တင်ခြင်းကသာ အကောင်းဆုံးနည်းလမ်းဖြစ်ဖွယ်ရှိကြောင်း ကျိုးကြောင်းကျကျ ရှင်းပြထားသည်။ အောက်ပါ အတွေးအယူများကိုကြည့်ပါ။

*ရှည်ကြာသော အချိန်ကောင်း၊ အခါကောင်းများက အကျင့်စရိုက်ဆိုးများနှင့် မိမိကိုယ်ကို ကျေနပ်အားရနေသော တလွဲဘဝင်စိတ်များကိုမွေးထုတ်လေ့ရှိပါသည် . .*

*. . . အချိန်ဆိုးအခါဆိုးနှင့် ဒုတ်ဒုတ်ထိကြုံလိုက်ရသောအခါ ဆိုခဲ့ပါ စရိုက်ဆိုးနှင့် တလွဲဘဝင်များဖြင့် အလုပ်မဖြစ်တော့သည်ကို သဘောပေါက်လာရချေပြီ။ ဤသဘောကိုဆင်ခြင်ကြည့်လိုက်သောအခါ စီးပွားပျက်ကပ်ဟူသော အဆိုးထဲမှာပင် ကောင်းကွက်တစ်ချက်ကို တွေ့လိုက်ရသည်။ ဖွင့်ထားသောစိတ်၊ နှိမ့်ချသောနှလုံးဖြင့် အခြေအနေမှန်ကို ဆန်းစစ်ကြည့်တတ်လာခြင်း ဖြစ်ပါသည်။ ဤသို့ ရိုးသားနှိမ့်ချစွာ စိတ်ကိုဖွင့်ထားနိုင်မှသာ လစ်ဟာသွားသောပညာအရင်းကို ထပ်မံဖြည့်ဆည်းနိုင်ပါလိမ့်မည်။ . . .*

*. . . ကပ်ဘေးတိုင်း အထူးထင်ရှားသည့်လက္ခဏာတစ်ခုမှာ ယုံကြည်မှုများပြိုကျခြင်းဖြစ်ပါသည်။ ကပ်ဘေးလွန်သည်နှင့် ကျဆင်းနေသောယုံကြည်မှုများ သူ့အလိုလို ပြန်တက်လာနိုင်သည် မဟုတ်ပါ။ ဆိုခဲ့ပါ အမွေဆိုးအန္တရာယ်ဆိုးများကို ကျော်ဖြတ်နိုင်မှသာ ယုံကြည်မှု ပြန်လည်တည်ဆောက်နိုင်မည် ဖြစ်ပါသည်။ (စာ-၄၅၊ ၄၇)*

စီးပွားကျကပ်ကျရောက်ချိန်မှမဟုတ်မည်သည့်အခြေအနေ အခက်အခဲကြုံရသည်ဖြစ်စေ ရွှေထီးဆောင်းကာလများရှည်ကြာနေခြင်းကို တလွဲဘဝင်စိတ်ကြီးဝင်ကာ အရာအားလုံးကို အထင်သေးနေပါက မမြဲသည့် လောကနိယာမတရားကို နှလုံးမူမိဖို့ ခက်ပေမည်။ အကောင်းအဆိုး တစ်လှည့်စီလာတတ်သည့်သဘောကို ကောင်းစွာနားလည်ပြင်ဆင်ထားခြင်းမရှိလျှင်၊ တလွဲဘဝင်စိတ်ကဲနေလျှင် အဆိုးနှင့် တည့်တည့်တိုးသော် သတိဝင်သံဝေဂရဖို့နေနေသာသာ အမိုက်မှောင်အတွင်းကိုသာ ဇွတ်တိုးဖို့စဉ်းစားသူများအတွက်မှာကား ယုံကြည်မှုပြန်လည်တည်ဆောက်ရေး ဝေးနေဦးမည်သာ။ ရှေးဆရာတို့၊ ပညာရှိတို့ မည်မျှပင်ဆိုရိုးစကား ဆုံးမသြဝါဒများ ရှိခဲ့စေကာမူ ငါမှငါ၊ ဤဇမ္ဗူ ငါလိုလူ စိတ်ဘဝင်




www.foreverspace.com.mm

www.foreverspace.com.mm



ရှိသူများ နားယောင်ဖို့မလွယ်လှ။ ထို့ကြောင့် ကုသိုလ်အာနိသင်ကုန်၍ အကုသိုလ်အကျိုးတို့ စတင်လာချိန်တွင် ဘဝနိဂုံးမကောင်းသူများရှေ့တွင် များလှဘိတောင်း။ ဤအတွက် ဆိုခဲ့ပါ အခြေအနေများက အချိန်မီသင်ခန်းစာယူလိုသော် ရကောင်း၏ဟု အထင်ဖြင့် ဥဒါဟရဏ်ဆောင်ပြခြင်း ဖြစ်ပေမည်။ ယူတတ်လျှင်တော့ ရနိုင်စရာရှိသည်။ မယူတတ်လျှင်ကား မျက်မှောက်နှင့်သံသရာတစ်လျှောက်လုံး ထိုအမှားအတွက် ပေးဆပ်ဖို့ပြင်ထားဟုသာ ဆိုရချေမည်။

အထူးသဖြင့် 'ဖွံ့ဖြိုးရေးမှ ဒီမိုကရေစီသို့' ခေါင်းစဉ်အောက်မှ အကြောင်းအရာအားလုံးကမူ လက်တွေ့လည်း ဖွံ့ဖြိုးရေးနှင့် ဒီမိုကရေစီလူ့ဘောင်တည်ဆောက်ရေးဟန်ပြင်နေသော လူ့အဖွဲ့အစည်းတို့ သေချာစွာလေ့လာဖတ်ရှုသင့် အကောင်အထည်ဖော်ကြည့်သင့်လှသည်။ အကြောင်းမူကမ္ဘာကျော်နိုင်ငံရေးသိပ္ပံပညာရှင်များကသမိုင်းစဉ်တစ်လျှောက်ကြည့်၍ လေ့လာထားသည့်သာဓကများ သီအိုရီသဘောတရားများကို နမူနာပြုကာ ဖော်ထုတ်အကြံဉာဏ်ပေးထားသောကြောင့် ဖြစ်သည်။ စီးပွားရေး၊ ယဉ်ကျေးမှု၊ သမိုင်း၊ နိုင်ငံရေးဟူသော ဖက်တာသုံးရပ်ဖြင့် နိုင်ငံတို့၏ဖွံ့ဖြိုးရေးနှင့် ဒီမိုကရေစီအရေးကို သီအိုရီသဘော အခြေခံသုံးသပ်ပြထားသည်မှာလည်း ဆင်ခြင်စဉ်းစားဖွယ် ဖြစ်သည်။

ယနေ့ကမ္ဘာပေါ်တွင် ဖွံ့ဖြိုးမှုနှင့် ဒီမိုကရေစီ ဘယ်သင်းကအရင်စသင့်သလဲဟူသောကိစ္စနှင့်ပတ်သက်၍ပညာရှင်များအကြား ကျယ်ပြန့်စွာ အချေအတင်ငြင်းခုံလျက်ရှိကြသည်။ ကာလ၊ ဒေသ၊ ပရောဂအပေါ်မူတည်ကာ နှုန်းစံတို့ပြောင်းသွားတတ်သည့်သဘောကိုကောက်ယူ၍ ပညာရှင်အချို့သာဓကများဖြင့် ဖော်ထုတ်ထားသော သုံးသပ်ချက်တို့ကို ဒီမိုကရေစီလူ့ဘောင်သို့ သွားရန်ဟန်ပြင်နေသော လူ့အဖွဲ့အစည်းတို့ လေ့လာသင့်လှသည်။ အထူးသဖြင့် ရှေ့တွင် သင်ခန်းစာယူစရာ မနည်းမနောရှိနေသည်ကို ယခုမှ အစပျိုးဆဲမြန်မာနိုင်ငံသည် ကံကောင်းပေစွဟု မှတ်ချက်ပြုနိုင်သည်။ အကြောင်းက ရှောင်စရာဆောင်စရာများ ကိုယ်တိုင်လေ့လာရှာဖွေဖော်ထုတ်နေစရာမလိုပဲ ရှေ့ကသွားနှင့်ပြီးသား နောင်တော်တို့၏ ကောင်းကွက်များကိုယူကာ ဘေးရှိတန်သည်များကို အသာအယာရှောင်သွားနိုင်သောကြောင့်ဖြစ်သည်။ ဤတွင်လည်း တစ်မျိုးသားလုံးအကျိုး၊ နိုင်ငံ့အကျိုးအလို့ငှာ စိတ်ကိုဖွင့်ထားရန်၊ ရိုးသားမှုအခြေခံရန်လိုသည်။ မိမိနောင်ရေး စိတ်အေးရန်အတွက်သာ ဦးတည်စဉ်းစာမှု လူသားစစ်စစ်များ ဖွဲ့တည်ထားသည့်လူ့အဖွဲ့အစည်းက လက်ခံမည်မဟုတ်။ ထိုအတွက် တစ်ဦးတစ်ယောက်တည်းတွင် တာဝန်မရှိ။ တစ်ဦးတစ်ယောက်တည်းကို အပြင်တင်ဝန်ဖို့နေ၍မရ။ တစ်ဦးတစ်ယောက်၏ဩဇာခံများရော၊ လူ့အဖွဲ့အစည်းတစ်ရပ်လုံးရှိ လူပီသသော လူသားအားလုံးတွင် တာဝန်ရှိသည်။ မိမိ၏မျက်မှောက်ဘဝ အနာဂတ်ဘဝ မိမိမျိုးဆက်တစ်ခုပြီးတစ်ခု သမိုင်းမှတ်တမ်းကောင်းဖို့မိမိတွင်တာဝန်ရှိကြောင်း အတ္တလျှော့၊ မာနဖော့ကြည့်နိုင်မှ ဖြစ်မည်။

ပညာရှင်တို့စကားသည် ရံခါ မိမိတို့ဘာသာ ချဲ့ထွင်စဉ်းစားရတတ်သည်။ ဘယ်အရာမျှလေ့နံဒါးထစ် မှတ်သားထား၍မရ။ ထို့ကြောင့် မျက်မှောက်ကမ္ဘာကြီးတွင် ကြုံတွေ့လေ့လာထားသမျှ အဖြစ်အပျက်များကို စနစ်တကျချဉ်းကပ်သုံးသပ်အဖြေထုတ်ထားသော ပညာရှင်တို့၏ အနုမာနများကိုလည်း မိမိတို့ကိုယ်ပိုင် အသိဖြင့် ဆင်ခြင်ကြည့်ကြဖို့သာ။ ဗုဒ္ဓ၏ဓမ္မများတွင် အဓိကဟောကြားခဲ့သည်မှာ 'ဘယ်အရာမှ မမြဲ၊ အစဉ်ဖောက်ပြန် ပြောင်းလဲတတ်သည်' ဟူ၏။ ထို့အတူ ကြုံလာနိုင်သည့် အပြောင်းအလဲများကိုလည်း ရှောင်လွှဲ၍မရ။ မဖြစ်မနေရင်ဆိုင်ရမည်သာ။ ထိုအခါ အဘယ်သို့ရင်ဆိုင်ကြမည်နည်း။ အောက်ပါ အတွေးအယူ၊ ဖော်ထုတ်ချက်တို့ကို လေ့လာကြည့်ပါ။

*ဒီမိုကရေစီအသွင်ကူးပြောင်းရေးမှာ ရှောင်လွှဲဖို့ခက်ခဲသော ခေတ်ရေစီးတစ်ရပ်ဖြစ်လာရတော့သည်။ အကယ်၍ ခေါင်းမာမာ ရှောင်လွှဲခဲ့လျှင် ပေးဆပ်ရမည့်တန်ဖိုးမှာ မျှော်လင့်ထားသည်ထက် ပိုကြီးနိုင်ပြီး ရရှိပြီးသော ဖွံ့ဖြိုးမှုကိုပင် စတေးရဖို့ရှိနိုင်သည်။ ပကတိအခြေအနေကို မှန်မှန်ကန်ကန်သဘောပေါက်နားလည်သော ရင့်ကျက်မှုရှိလျှင် ဒီမိုကရေစီအသွင်ကူးပြောင်းရေးမှာ အေးအေးညောင်းညောင်းဖြစ်ဖို့များသည်။ သို့မဟုတ်လျှင်ကား မှန်းဆသည်ထက် ပိုကြာနိုင်သည်။ ခက်ခက်ခဲခဲ လုံးပန်းရမည့်အနေအထား ဖြစ်သွားနိုင်သည်။* (စာ-၇၅)

*စီးပွားရေးဖွံ့ဖြိုးမှုအဆင့်တစ်ဆင့်အရောက်တွင် လူထု၏ ပညာရေးရေချိန်မြင့်မားလာပြီး အမှီအခိုကင်းကင်း တွေးခေါ်ဆုံးဖြတ်နိုင်သည့် ပညာတတ်လူမှုအလွှာတစ်ခု (လူလတ်တန်းစား) ပေါ်ထွက်လာလိမ့်မည်။ ဤအလွှာကသာလျှင် ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် အဓိကအင်ဂျင်ဖြစ်ပေသည်။ အင်ဂျင်မရှိဘဲ သို့မဟုတ် အင်ဂျင်အားမကောင်းဘဲ ဒီမိုကရေစီရထားကြီး ရှေ့မတိုးနိုင်ဟု ဆိုလိုရင်းဖြစ်သည်။* (စာ-၈၀)

*'ရွေးကောက်ပွဲဒီမိုကရေစီ (Electoral Democracy) မှဖြင့် ထိရောက်သော ဒီမိုကရေစီကို ဖန်တီးတည်ဆောက်နိုင်ပါမည်လော' ဆိုသော အမေးပုစ္ဆာ ဖြစ်ပါသည်။ ဤမေးခွန်းနှင့်ပတ်သက်သော နာမည်ကြီးခေတ်ပြိုင်နိုင်ငံရေးသိပ္ပံပညာရှင်တစ်ဦးဖြစ်သူဖရန်စစ်ဖူကူယားမား၏အဖြေမှာ ယခုလိုဖြစ်ပါသည်။ 'ရွေးကောက်ပွဲများမှာ အခြေအနေဟောင်းမှ အခြေအနေသစ်သို့ ကူးပြောင်းနိုင်ရေးအတွက် အရေးကြီးသော ဆက်ထုံးများဖြစ်သည်။ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို သူ့အတိုင်းအတာနှင့်သူ ဖွင့်ပေးနိုင်သည်ဖြစ်၍ ကြိုဆိုအပ်သည်။ သို့သော် ရွေးကောက်ပွဲဒီမိုကရေစီမှ ထိရောက်သောဒီမိုကရေစီသို့ သူ့အလိုလို ဦးတည်သွားနိုင်သည်ကား မဟုတ်ပါ။ 'နိုင်ငံတည်ဆောက်ရေး' (State Building) ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မှသာ ထိရောက်သောဒီမိုကရေစီ ဖြစ်လာလိမ့်*

www.foreverspace.com.mm

မည်’ ဟူ၍ ဖြစ်ပါသည် . . .

. . . ‘နိုင်ငံတည်ဆောက်ရေး’ ဆိုသည်ကို အနှစ်ချုပ်ကြည့်လိုက်လျှင်

*(၁) လူထုပညာရေး (Public Education)*

*(၂) အဖွဲ့အစည်းဘောင်သွင်းရေးနှင့်*

*(၃) အရပ်ဘက်လူ့အဖွဲ့အစည်း ပေါ်ထွက်ရေး*

*ဆိုသော တာဝန်ကြီးသုံးရပ် ထွက်ပေါ်လာသည်။ ဤတာဝန်ကြီးသုံးရပ်ကို အောင်မြင်စွာ တည်ဆောက်နိုင်မှသာ ထိရောက်ဒီမိုကရေစီ ဖြစ်လိမ့်မည်ဆိုသော သဘော ဖြစ်သည်။* (စာ–၈၁၊ ၈၂)

‘ဟန်တင်တန်ရျာပနသတင်းနှင့် တတိယလှိုင်းအနာဂတ်’ ခေါင်းစဉ်အောက်တွင် မကြာသေးခင်ကမှကွယ်လွန်သွားသော နာမည်ကျော်နိုင်ငံရေးသိပ္ပံပညာရှင် ဆင်မျူရယ်ပ်ဟန်တင်တန်နှင့်သူ၏ ‘တတိယလှိုင်း’ (The Third Waves) စာအုပ်ပါ အကောက်အယူအချို့ကို ထုတ်နုတ်ပြထားချက်များမှာလည်း မျက်မှောက်အခြေအနေအရ မြန်မာနိုင်ငံသားတို့ ဆင်ခြင်သင့်လှသည်။ ကမ္ဘာကြီးတွင် ၁၈ ရာစုမှ ယနေ့ ၂၀ ရာစုအတွင်း ကြုံခဲ့ရသော အခြေအနေများကို နိုင်ငံရေးသိပ္ပံအမြင်ဖြင့် ခွဲခြမ်းစိတ်ဖြာကြည့်ကာ လှိုင်းသုံးလှိုင်း ဖော်ထုတ်ပြသည်။ ယနေ့ ၂၁ ရာစုတွင် ဆုံရကြုံရနိုင်သည့် စတုတ္ထလှိုင်းကိုလည်း တင်ကူးမှန်းဆပေးထားသည်။ ကြုံလာမည့် စတုတ္ထလှိုင်း၏သဘောသဘာဝများကို ချက်ကျလက်ကျ ပိုင်းဆစ်ပြထားသည်။ ပါမောက္ခဟန်တင်တန်၏ အောက်ပါဟောကိန်းနှင့် ဆန့်ကျင်လှိုင်းတို့ဖြစ်ပေါ်စေနိုင်သည့် ရေခံမြေခံအချက်ခုနစ်ချက်က ယနေ့အခြေအနေတစ်ရပ်အတွင်းရှိနေသူများ ဖတ်ကြည့်၊ သုံးသပ်နှိုင်းယှဉ်ကြည့်၊ လက်တွေ့အရှိတရားနှင့် ချိန်ညှိကြည့်သင့်လှသည်။

*နိုင်ငံအများစုတွင် ‘ကူးပြောင်းရေးကာလတစ်ခု (A Transitional Period) ဖြတ်ကျော်ဖို့လိုလိမ့်မည်ဟု အဆိုပြုသည်။ ဤကာလအတွင်း ကြုံတွေ့ရဖွယ်ရှိသည့် ပြဿနာများပေါ် လိမ္မာပါးနပ်စွာ ကိုင်တွယ်နိုင်စွမ်းရှိ၊မရှိက သက်ဆိုင်ရာနိုင်ငံများ၏ကံကြမ္မာကို အဆုံးအဖြတ်ပေးလိမ့်မည်ဟုလည်း ဆိုပါသည် . . .*

*. . . (၁) ပြုပြင်ပြောင်းလဲရေး၏ ဦးဆောင်မှုအပိုင်းတွင်ရော၊ သက်ဆိုင်ရာလူထုတွင်ပါ လုံလောက်သည့် ဒီမိုကရေစီအသိပညာ မပြည့်စုံခြင်း၊ Knowledge Problem ဟု သုံးသပ်သည်။*

*(၂) ရှော့ခ်ဖြစ်သွားသည့် စနစ်ဟောင်းနေရာတွင် အစားထိုးနိုင်မည့် အော်လ်တာနေးတစ်အိုင်ဒီယာ မရှိခြင်း။ ရှိခဲ့လျှင်လည်း အားနည်းခြင်း။ Systemic problem ဟု သုံးသပ်သည်။*

*(၃) လိုအပ်သော အသွင်ကူးပြောင်းရေးကာလကို လိမ္မာပါးနပ်စွာ မဖြတ်သန်းနိုင်ခြင်း။ (အသွင်ကူးပြောင်းရေးကာလ မလိုဟု ခံယူသူများပင် ရှိနိုင်သည်။) Transitional Problem ဟု သုံးသပ်သည်။*

*(၄) လှိုင်းထန်လေထန်ခရီးတွင် အမျိုးသားစည်းလုံးညီညွတ်မှုပြိုကွဲခြင်း။ National Problem ဟု သုံးသပ်သည်။*

*(၅) ဒီမိုကရက်တစ်အင်စတီကျူးရှင်းများ အားနည်းခြင်း (သို့မဟုတ်) လုံးဝမရှိခြင်း Institutional Problem ဟု သုံးသပ်သည်။*

*(၆) ကမ္ဘာလုံးချီ စီးပွားရေးအကျပ်အတည်းများ ပေါ်ထွက်လာခြင်း။*

*(၇) ကမ္ဘာလုံးအတိုင်းအတာ တူရှုချက်ပြောင်းသွားခြင်း။*

*(နံပါတ်–၆ နှင့် ၇ ကို Contextual Problems ဟု သုံးသပ်ပါသည်။)*

*ကျမ်းရှင် ဟန်တင်တန်က အရေးတကြီးထောက်ပြသည့်အချက်တစ်ခုမှာ ပေါ်လစီမိတ်ကာများအနေနှင့် မိမိမျက်မှောက်ပြုနေရသောလှိုင်းကို အမျိုးအစားခွဲတတ်ဖို့ဟု ဆိုပါသည်။ ရှေ့တိုးလှိုင်းလား၊ ဆန့်ကျင်လှိုင်းလားမသိဘဲ ပုံစံသေဗျူဟာခင်းလျှင် အလွန်အန္တရာယ်ကြီးနိုင်သည်ဟု သတိပေးသည်။ အဘယ့်ကြောင့်ဆိုသော် လှိုင်းတို့၏သဘာဝသည်ပင် ခေတ်တစ်ခေတ်၏ ပါရာဒိုင်းဖြစ်လေရာ ပါရာဒိုင်းအရွေ့ကို ဆင်ခြင်ပြီး အလျှော့အတင်း၊ အတက်အဆုတ် ဝေ့အဝိုက်များဖြင့် ဗျူဟာခင်းဖို့လိုသောကြောင့်ဟု ရှင်းပြသည်။* (စာ–၉၁၊ ၉၂)

‘ကမ္ဘာပြားပြီ’ ခေါင်းစဉ်ဖြင့် နာမည်ကျော် သတင်းစာဆရာ တောမတ်ဖရီးမင်း၏ The World is Flat ကို ဘာသာပြန်ဆိုထားသူ၊ ထိုစာအုပ်နှင့်ပင် အမျိုးသားစာပေဆုရရှိထားသူ ကျော်ဝင်းကို ထိုစာအုပ်နောက်ပိုင်း ဂလိုဘယ်လိုက်ဇေးရှင်းဖြင့်တွဲ၍ အသိများသည်။ နှစ်ပေါင်းများစွာ တစ်ဖက်သတ်စာပေကိုသာ ဆရာတင်ကာ မတူလျှင် တိုက်ဒိုင်ယာလက်တစ်နည်းကိုင်စွဲထားသူများက ပုဂ္ဂိုလ်ရေးမလိုတမာသဘောဖြင့် သူပြောသည့် ဂလိုဘယ်လိုက်ဇေးရှင်းနှင့် သူ့ကိုပြန် ရိသဲ့သဲ့ထေ့တေ့တေ့ ပြောကြဆိုကြရေးကြသားကြသည်များလည်း မီဒီယာစာမျက်နှာများတွင် တွေ့မြင်ဖတ်ရှုရသည်။ လူရိုသေရှင်ရိုသေနေရာတွင်ရှိသူ၊ သမာသမတ်ရှိရမည့်သူ၊ လူကြီးလူကောင်းဆန်ရမည့်သူ၊ နယ်ပယ်တစ်ခုတွင် အထင်ကရ နေရာတစ်နေရာရရှိထားသူအချို့ကမူ ကျော်ဝင်းနှင့် သူ့စာများကို ပုဂ္ဂိုလ်ရေးသက်သက် လှောင်ပြောင်ခနဲ့သည့်စာများကို မိမိထင်ရာမြင်ရာကို အထိန်းအကွပ်မရှိ စိတ်ကြိုက်ရေးခွင့်တင်ခွင့်ရနေသည့် အင်တာနက်စာမျက်နှာများအပါအဝင် သက်ဆိုင်ရာကစိစစ်တည်းဖြတ်ပြီးမှသာ ပုံနှိပ်ထုတ်ဝေခွင့်ရထားသည့်စာမျက်နှာများတွင်ပါ တွေ့နေရသည်။ များသောအားဖြင့် ဖော်ပြပါဒေါသသင့်၊ တစ်ဖက်သတ်ကောက်ချက်ဆွဲရေးသားထားသော ‘စာ’ အမည်ခံ ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှုများမှာ ရေးသူတို့၏အတွင်းစိတ်သဘောကို တိုင်းသိပြည်သိ လှစ်ဟပြထားသကဲ့သို့ ဖြစ်နေသည်။

ကျော်ဝင်းအပါအဝင် ယနေ့ကမ္ဘာကြီး၏ပြောင်းနေသောတရုချက်နှင့် လားရာအမြင်များကို မြန်မာစာဖတ်ပရိသတ်ထံသို့ အချိန်ကာလမဆိုင်း ပုံမှန်တင်ဆက်မျှဝေပေးနေသူအချို့ကိုလည်း ထိုသူတို့တင်ပြရေးသားသည့်အကြောင်းအရာနှင့် အယူအဆအပေါ် ကျိုးကြောင်းကျကျ ချေပကန့်ကွက်ခြင်းမဟုတ်ပါဘဲ ပုဂ္ဂိုလ်ရေး ဆော်ဖို့

www.foreverspace.com.mm

နေဖို့လောက်သာ အာရုံထားနေကြသောစာများသည်ကား စင်စစ် မိမိတစ်ကိုယ်ရေအတ္တကိုရှေ့တန်းတင်ကာ စာဖတ်ပရိသတ်အပေါ် မထေမဲ့မြင်ပြုနေခြင်းသာ။ နိုင်ငံအကျိုးအတွက် မိမိတို့တတ်နိုင်သည့်နေရာမှ တတ်စွမ်းသလောက်ဆောင်ရွက်နေကြသူများဖြစ်ကြလျှင် မတူညီသောသဘောထားများကို ဆန့်ကျင်ငြင်းခုံတိုက်ခိုက်နေမည့်အစား တူသည်များကိုတွဲလုပ်ကာ မတူညီမှုများကို လက်ခံနားလည်ပေးရပေမည်။ ဒီမိုကရေစီပန်းတိုင်ကိုသွားမည် ဟူသောရည်မှန်းချက်ခြင်းတူကြပါလျှင် တစ်ဦးနှင့်တစ်ဦး တိုက်ခိုက်နေခြင်းကို မိမိတို့ယုံကြည်လက်ခံထားသည့်နည်းလမ်းဖြင့် ချီတက်ကြမည့်နေရာတွင် အားအဖြစ် ပြောင်းယူသင့်လှသည်။ ယနေ့ပင်လျှင် ကမ္ဘာကြီးတစ်ခုလုံးက လက်ခံထားသည့် ဂလိုဘယ်လိုက်ဇေးရှင်းလှိုင်းကို ဆန့်ကျင်အန်တုသည့်ဘက်မှရပ်ခံနေခြင်းထက် ထိုလှိုင်းကိုမည်သို့အလိုက်သင့်ရင်ဆိုင်ကြမည်နည်းဟုစဉ်းစားကြည့်ကြစေလိုသည်။

ဤစာအုပ်တွင် ကျော်ဝင်း စုစည်းတင်ပြထားသော ဂလိုဘယ်လိုက်ဇေးရှင်းသဘောသဘာဝနှင့် အဆိုးအကောင်း၊ အကျိုးအကြောင်းသေချာဖတ်ကြည့်ပြီးမှ ဝေဖန်ကြည့်ကြစေလိုသည်။ သို့မဟုတ်ပါက နိုင်ငံပြုနေသူများ အလုပ်ဖြောင့်ဖြောင့်လုပ်၍မရစေရန် ပုဂ္ဂိုလ်ရေးသက်သက် အနှောင့်အယှက်ပေးသူများအဖြစ် သမိုင်းမှတ်တမ်းတင်ခံနေရပေဦးမည်။ မျိုးဆက်သစ်လူငယ်များကို ခေတ်မီမှုဆန့်ကျင်ရေး၊ အနောက်ဆန့်ကျင်ရေး၊ ကျိုးကြောင်းမဲ့ အမေရိကန်ဆန့်ကျင်ရေး၊ ဂလိုဘယ်လိုက်ဇေးရှင်းဆန့်ကျင်ရေးတီးလုံးများတီးပြနေလျှင် သမိုင်းအမှိုက်ခြင်းထဲသို့ ရောက်သွားနိုင်သည်ကိုသတိချပ်သင့်လှသည်။ နိုင်ငံအတွက် စေတနာပါသော မည်သည့်အယူအဆ အကောက်အယူဖြစ်စေ မိမိလက်မခံနိုင်လျှင်သော်မှ အပြစ်တင်သောရှုထောင့်မှ မကြည့်အပ်၊ မပြောအပ်။ ဒီမိုကရေစီ၏ အခြေခံမတူညီမှုများကို လက်ခံနားလည်ပေးသည့် Agree to Disagree သဘောကို ကိုယ်တိုင်




လက်တွေ့အရင်ကျင့်သုံးကြည့်ပြီးမှ လူထုကို ဒီမိုကရေစီစကား ပြောကြစေချင်သည်။ အသွင်ကူးပြောင်းရေးကာလကို စိတ်ခံစားချက်များ၊ မနာလိုမုန်းထားမှုများ၊ တစ်ယူသန်ဝါဒစွဲများဖြင့်ချဉ်းကပ်နေသမျှ မြန်မာ့ဒီမိုကရေစီအရေးအလှမ်းဝေးနေဦးမည်ဟု သတိကပ်ကြည့်ကြဖို့ လိုသည်။

The Waves မဂ္ဂဇင်းခေါင်းကြီးအချို့နှင့် မြန်မာ့နိုင်ငံရေးအပေါ် စာရေးသူ ကျော်ဝင်း၏ထင်မြင်ချက်များကို စုစည်းထားသည့် Personal View ကဏ္ဍတွင်လည်း 'နိုင်ငံရေးသုံးမျိုး ဘယ်ဟာရွေးကြမည်နည်း'၊ 'နိုင်ငံရေးသည် Art of Possible လော Art of Impossible avm'၊ 'နိုင်ငံရေးသမား စာရေးဆရာနှင့် ပညာရှင်စိတ်အခံ'၊ 'ဖွံ့ဖြိုးရေးသစ်ပင်နှင့် ရယ်ဒီကယ်သင်းသတ်ခြင်း'၊ 'ယခင်ဗီလိန် ယခုဟီးရိုးခေတ်ပြောင်းတော်လှန်ရေး မလိုတော့ပြီ'၊ 'နိုင်ငံရေးသမားနှင့် နိုင်ငံပြုသမား'၊ '၂၀၁၀ အလွန် မီဒီယာခေတ်ကို စိတ်ကူးဖြင့်မှန်းကြည့်ခြင်း'၊ 'အိုဘားမားမိန့်ခွန်းကို မြန်မာ့နိုင်ငံရေးပေါ်တင်ကြည့်ခြင်း'၊ 'ကစ်ဆင်းဂျားအမြင်နှင့် မြန်မာ့နိုင်ငံရေးပြဿနာသုံးရပ်'၊ 'ပရင်စတန်နောက်ပိုးနည်း၊ သော့ချက်ပြဿနာနှင့် တူတာတွဲလုပ်မဟာဗျူဟာ'၊ 'ပဋိပက္ခဖြေရှင်းရေးနှင့် ရွေးကောက်ပွဲတို့၏အခန်းကဏ္ဍ'၊ 'သမိုင်းခေတ်နှင့် နိုင်ငံရေးဘောဂဗေဒအတွဲအစပ်များ' တို့ကို သေချာစွာဖတ်ကြည့်သင့်လှသည်။


အချုပ်အားဖြင့်ဆိုရသော် ကမ္ဘာကျော်နိုင်ငံရေးသိပ္ပံပညာရှင်များ၊ ဘောဂဗေဒပညာရှင်များ၊ အနာဂတ္တိဆရာများ၏ ယနေ့မျက်မှောက် အတွေးအခေါ်၊ အကောက်အယူများကိုဖတ်ရတိုင်း လက်ရှိမြန်မာ့နိုင်ငံရေးအခြေအနေများနှင့် နှိုင်းယှဉ်ကြည့်ရင်းငြိမ်းချမ်းသောအပြောင်းအလဲကိုမြင်လိုသည့်အတွက် သူယုံကြည်ရာရှုထောင့် အထိုင်တစ်ခုမှ မြင်ကြည့်၊ သုံးသပ်ကြည့်သူ ကျော်ဝင်း၏စာများကိုလည်း သဘောထားကြီးကြီးထား ဖတ်ကြည့်ကြစေလိုသည်။ အလုံးစုံဇကန်အမှန်တရားမရှိနိုင်သည့် ဤလောကတွင် ကျော်ဝင်း၏အတွေးအယူများကိုလည်း ထိုသဘောဖြင့် ဆင်ခြင်ကြည့်ကြစေလိုသည်။ နိုင်ငံနှင့် နိုင်ငံသားအားလုံးအကျိုးကိုသာ အားလုံးဦးတည်ကြရမည့် ယနေ့ကာလမျိုးတွင် ကျော်ဝင်းအပါအဝင် နိုင်ငံ့အရေးအတွက် စေတနာပါသော မည်သူ့စာကိုမဆို ရင့်ကျက်မှုရှိရှိ သဘောထားကြီးကြီးတုံ့ပြန်ကြစေလိုသည်။ အချိန်မည်မျှကြာမည်ဟုပင် ခန့်မှန်းရခက်နေသော အနာဂတ် မြန်မာနိုင်ငံတည်ဆောက်ရေးလုပ်ငန်းစဉ်များကိုလည်း ထိုစိတ်အခြေခံနိုင်မှသာ ငြိမ်းငြိမ်းချမ်းချမ်း ဖြစ်ပေမည်။ ငြိမ်းချမ်းရေးကို အစစ်အမှန်လိုချင်ရချင်ပါလျှင် မည်သည့်အရေးကိစ္စကိုမဆို ငြိမ်းချမ်းသောနည်းဖြင့် ဖြေရှင်းကြစေလိုသည်။ သို့မဟုတ်ပါက နှစ်ပေါင်းများစွာ ဖိအားများအောက်တွင် မလူးသာမလွန့်သာနေခဲ့ရ၍ စိတ်ခံစားမှုအလေးကဲနေသော ပြည်သူလူထုကို အမုန်းမီးများတောက်သထက်တောက်လောင်သထက်လောင်စေရန် တလွဲရှေ့ဆောင်လမ်းပြသကဲ့သို့ဖြစ်နေပေမည်။

ထုတ်ဝေတိုက် – Plastic Rainbow
မျက်နှာဖုံးဒီဇိုင်း – ဖော်ပြမထား
ထုတ်ဝေသည့်လ – ၂၀၁၀ ပြည့်နှစ် ဖေဖော်ဝါရီလ
အကြိမ် – ပထမအကြိမ်
တန်ဖိုး – ၂၀၀၀ကျပ်
စာမူခွင့်ပြုချက်အမှတ် –၃၁၀၁၃၇၁၂၀၉

www.foreverspace.com.mm

# New Books

**'တ'အုပ်စာပေလူ့မိတ်ဆွေ' ဆိုတဲ့ ဆိုရိုးစကားအတိုင်း စာများများဖတ်လေ ကိုယ့်အတွက် အတွေ့အကြုံဗဟုသုတ ရလေမို့ စာဖတ်တဲ့အလေ့အထဟာ ကောင်းတဲ့အလေ့အထတစ်ခုလို့ဆိုရမှာပါ။ အဲဒါကြောင့် စာအုပ်ဖတ်ရတာကြိုက်နှစ်သက်တဲ့ စာချစ်သူတွေအတွက် နှစ်ခြိုက်ရာအကြောင်းအရာလေးတွေပါဝင်မယ့် စာအုပ်တွေကို ရွေးချယ်ဝယ်ယူလို့ရအောင် အသစ်ထွက်ရှိသမျှထဲက လက်လှမ်းမီရာစာအုပ်တချို့ကို ကောက်နုတ်ဖော်ပြပေးထားတာပါ။**




## အခမ်းအနားတစ်ခု စီစဉ်ရတော့မယ်ဆိုရင်

**ကိုနေ (မန်း)**

**စာမူခွင့်ပြုချက်အမှတ်-၄၀၀၅၅၉၀၅၀၉**

**ထုတ်ဝေတိုက် - စိတ်ကူးချိုချို အနုပညာ**

**တန်ဖိုး - ၉၀၀ ကျပ်**

အချိန်တိုအတွင်း ကိုယ့်ရဲ့တင်ဆက်မှုတစ်ခုခုအတွက် ပြင်ဆင်နိုင်အောင် လမ်းညွှန်ပေးထားတဲ့ စာအုပ်တစ်အုပ်ပါ။ Ros Jay ရဲ့ Fast Thinking Presentation ကို ဘာသာပြန်ဆိုထားတာပါ။

ဒီစာအုပ်က တင်ဆက်မှုတစ်ခုကို တစ်ရက်နှစ်ရက်အတွင်း အမြန်တွေးခေါ်ပြီး စမတ်ကျကျ ပြင်ဆင်ဖို့ အတွက်ပါလို့ ဘာသာပြန်သူ ကိုနေ (မန်း) က ဆိုထားတယ်။ တင်ဆက်မှုတစ်ခုပြုလုပ်ဖို့အတွက် ပြင်ဆင်မှုသော့ချက် အဆင့်ခုနစ်ဆင့်ကို အဓိက ဖောင်းပေးဖော်ပြထားတယ်။ သင့်ဦးတည်ချက်၊ ကြိုတင်ပြင်ဆင်ခြင်း၊ တင်ဆက်ဖွဲ့စည်းမှုပုံစံ မှတ်စုမှတ်ရာများကို စသလို အခန်းငယ် (၁၀) ခန်းခွဲပြီး တင်ပြထားတာ တွေ့ရတယ်။

## အိမ်ဘေးက သူဌေးတွေ

**အောင်မောင်း**

**စာမူခွင့်ပြုချက်အမှတ်-၄၀၀၄၆၄၁၁၀၉**

**ထုတ်ဝေတိုက် - အခွင့်အလမ်း**

**တန်ဖိုး - ၂၀၀၀ ကျပ်**

သူဌေးအမျိုးမျိုးရဲ့ အကြောင်းတွေ၊ ဖြစ်တတ်တဲ့၊ ရှိတတ်တဲ့ သဘောသဘာဝတွေကို ပေါ့ပေါ့ပါးပါး အသောထေ့ပုံစံမျိုးနဲ့ရေးသားထားတာပါ။ "မနေ့တစ်နေ့ကပဲ ကောက်ကာငင်ကာသူဌေးဖြစ်သွားတဲ့မိတ်ဆွေတစ်ယောက် အောင်မောင်းအိမ်ရှေ့ လင်ခရူဇာကြီးနဲ့ရောက်လာလို့ မေးရသေး။ 'နေ့ချင်းညချင်းသူဌေးဖြစ်သွားပါလားကွာ၊ အရေးကြီးတာ ဘိဇနက်အိုင်ဒီယာပဲကွ'၊ 'ယောက္ခမအမွေပါကွာ' တချို့သူဌေးက အဲသလိုကိုး။ အောင်မောင်းအိမ်ဘေးက သူဌေးတွေအကြောင်းပြောပါဦးမယ်။" စသလို စာသားတွေပါတဲ့ သူဌေးတွေအကြောင်း စာအုပ်ပါ။ ဝန်းကျင်မှာ တွေ့ရကြုံရဖူးတဲ့ သူဌေးတွေနဲ့ ဒီစာအုပ်ထဲက သူဌေးတွေရဲ့ အကြောင်းကို နှိုင်းယှဉ်ကြည့်လို့ရတာပေါ့။




## မန်နေဂျာတစ်ယောက်သည် မိန်းမတစ်ယောက်ထက် ပိုယူခွင့်ရှိပါသလားနှင့် အခြားဆောင်းပါးများ

**ဒေါက်တာထွန်းဝင်း**

**စာမူခွင့်ပြုချက်အမှတ်-၄၀၁၁၃၄၀၉၀၉**

**ထုတ်ဝေတိုက် - HR Publishing House**

**တန်ဖိုး - ၁၅၀၀ ကျပ်**

စာအုပ်ခေါင်းစဉ်ကိုကြည့်ရုံနဲ့ စိတ်ဝင်စားဖတ်ရှုချင်အောင် ဆွဲဆောင်နိုင်တဲ့ စာအုပ်တစ်အုပ်ပါ။ ကုမ္ပဏီတစ်ခု၊ အဖွဲ့တစ်ခု၊ ဌာနတစ်ခုတည်းက အထက်လူကြီး မန်နေဂျာ ဒါရိုက်တာတစ်ယောက်နဲ့ ကုမ္ပဏီစာရေးမ၊ အတွင်းရေးမှူး မိန်းကလေး

www.foreverspace.com.mm





တွေရဲ့ လူမှုရေးအရှုပ်အရှင်းနဲ့ဆိုင်တဲ့ အကြံပြုချက်စာအုပ်ဟာ လက်တွေ့စီမံခန့်ခွဲရေးအတွက် တစ်စုံတစ်ရာ အထောက်အကူ ပြုပါလိမ့်မယ်လို့ စာရေးသူက ဆိုထားတယ်။ အနိုင်ကျင့်ခံလိုက်ရသော အထက်အရာရှိတစ်ယောက်၊ လုပ်ငန်းခွင်၌ ညှိနှိုင်းမနဲ့စေဖို့၊ မန်နေဂျာတစ်ယောက်သည် မိန်းမတစ်ယောက် ပိုယူခွင့်ရှိသလား၊ မန်နေဂျာတစ်ယောက် လက်အောက်ငယ်သားနဲ့ လက်ထပ်သော် စတဲ့ စိတ်ဝင်စားဖွယ် အကြောင်းအရာတွေကို ခေါင်းစဉ်ခွဲတွေနဲ့ သီးခြားစီဖော်ပြပေးထားတယ်။

## ဝိညာဉ်မှ စီရင်အပ်သော ပြစ်ဒဏ်နှင့် ကိုယ်တွေ့ ဖြစ်ရပ်မှန် ဝတ္ထုတိုများ

**ရဲရင့်သူရိန်(နေပြည်တော်)**

**စာမူခွင့်ပြုချက်အမှတ်–၅၀၀၀၁၇၀၁၁၀**

**ထုတ်ဝေတိုက်** – **သရဖူစာပေ**

**တန်ဖိုး** – **၁၀၀၀ ကျပ်**

စာရေးသူကိုယ်တိုင် စုံစမ်းထောက်လှမ်းခဲ့တဲ့ မှုခင်းတွေရဲ့ အကြောင်းအရာ



အဖြစ်အပျက်တွေရယ်၊ အတွေ့အကြုံတွေရယ်ကို အခြေပြုရေးသားထားတယ်လို့ အမှာစာမှာ ဆိုထားတယ်။ စာရေးသူဟာ ရဲတပ်ဖွဲ့ဝင်တစ်ဦးဖြစ်ပြီး လက်ရှိမှာလည်း နေပြည်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့မှာ ယာဉ်မှုစစ်ဌာနစုမှူးတာဝန်ထမ်းဆောင်နေသူဖြစ်တယ်။ ကိုယ်တွေ့ဖြစ်ရပ်မှန်မှုခင်းဝတ္ထုလို့ ဆိုထားလို့ မှုခင်းဆိုင်ရာအကြောင်းအရာတွေ၊ ဝိညာဉ်နဲ့ဆိုင်တဲ့အကြောင်းအရာတွေကို စိတ်ဝင်စားသူတွေ အကြိုက်တွေ့မယ် ထင်တယ်။ ရန်ငြိုးကလဲ့စား၏နိဂုံး၊ မှုခင်းနှင့်ဆက်နွှယ်နေသည့် ပရလောကသား၊ ထင်ကျန်ရစ်ခဲ့သည့်ခြေရာသုံးခု စတဲ့ စိတ်ဝင်စားဖွယ် ဝတ္ထုတိုပေါင်း ၁၂ ပုဒ် ပါဝင်တယ်။

## ဓမ္မဒူတအရှင်ပညာဇောတ၏ ထာဝရဓမ္မဒိုင်ယာရီ

**ဓမ္မဒူတအရှင်အာစိဏ္ဏ (ဟင်္သာတ)**

**ထုတ်ဝေတိုက်** – **နှင်းစာပေရတနာ**

**တန်ဖိုး** – **၁၂၀၀ ကျပ်**

“အမှန်က နတ်တွေနဲ့ အလောင်းတော် ရှင်လောင်းနဲ့ ဆိုလို့ရှိရင် ရှင်လောင်း




ကမြတ်တာ၊ တကယ်ဆိုရင် အဲဒီနတ်တွေက ရှင်လောင်းကိုလာပြီးတော့ဖူးရမှာ၊ အခု ရှင်လောင်းကို ဆင်ပေါ်၊ မြင်းပေါ် စသည် တင်ပြီးတော့မှ လှျောက်လှည့်၊ နတ်စင်သွားပြတဲ့အလေ့ကြီးက ဒီသာသနာနောက်ပိုင်းမှာ ဘယ်ကနေ ဘယ်နတ်သမားတွေက စလိုက်လို့ ပေါ်လာလဲမသိဘူး . . .” စတဲ့ အကြောင်းအရာတွေကို နတ်စင်သွားပြတဲ့ အလေ့ ဘယ်နတ်သမားတွေ စလိုက်လို့ပေါ် ဆိုတဲ့ခေါင်းစဉ်အောက်မှာ အသေးစိတ် ဖတ်လို့ရတယ်။ ဦးချမ်းမှူ၊ မြတ်ဆရာသို့၊ ငါ့ကြည့်နေ၊ သောကပျောက်ပါ၊ အသက်ကလဲတိုတယ် စတဲ့ ခေါင်းစဉ်ခွဲပေါင်း ၂၇၆ ခုအပြင် ဓမ္မဒူတ–အရှင်ပညာဇောတရဲ့ နိဂုံးအမှာစကားကိုလည်း ထည့်သွင်းပေးထားတယ်။ လူငယ်လူကြီးမရွေး ဖတ်သင့်တဲ့ စာအုပ်ကောင်းတစ်အုပ်ဖြစ်တယ်။

## ကမ္ဘာကျော်နိုင်ငံရေး အရုပ်တော်ပုံများ


**တင်ညွန့်**

**စာမူခွင့်ပြုချက်အမှတ်–၃၁၀၁၀၃၀၉၀၉**

**ထုတ်ဝေတိုက်** – WISDOM HOUSE

**တန်ဖိုး** – **၂၅၀၀ ကျပ်**

www.foreverspace.com.mm




ကမ္ဘာကျော်နိုင်ငံရေးသမားတွေရဲ့ အရှုပ်တော်ပုံအမျိုးမျိုးကို စုစည်းထားတဲ့ စာအုပ်ဖြစ်တယ်။ 'အကြီးအကဲလုပ်သူဟာ လိမ်တယ်ဆိုရင် အမှန်တရားကိုသတ်ပစ်တာပဲ၊ အမှန်တရားကိုသတ်ပစ်တာဟာ ကိုယ့်ကိုယ်ကိုယ်သေကြောင်းကြံတာနဲ့ အတူတူပဲ' ဆိုတဲ့ စာရေးသူနားစွဲနေတဲ့ စကားစုလေးကို အမှာစာမှာ ထည့်သွင်းထားတယ်။

ပြည်သူတွေကိုအုပ်ချုပ်ရသူတွေဟာ ရာထူး၊ အာဏာ၊ စည်းစိမ်၊ ဥစ္စာတွေအပေါ် သာယာလာတဲ့အခါ ဖောက်ပြန်လာကြပုံတွေကို သိမြင်စေလိုတဲ့အတွက်ရယ်၊ မကြာမီ အကောင်အထည်ပေါ်လာတော့မယ့် မြန်မာနိုင်ငံရဲ့ ပြည်သူ့ကိုယ်စားလှယ်တွေ အနေနဲ့လည်း မမှားသင့်မမှားထိုက်တာတွေကိုမမှားဘဲ ဆင်ခြင်ထိန်းသိမ်းနိုင်အောင် အတွက်ရယ်ကို ရည်ရွယ်ပြီး အားထုတ်ထားခြင်းဖြစ်တယ်လို့ စာရေးသူက ဆိုထားတယ်။ သမ္မတနှင့် သမ္မတကတော်များ အရှုပ်တော်ပုံ၊ တောင်အမေရိကတိုက်၏ ဇကေရီ၊ ဆူဟာတို သို့မဟုတ် ပဋိပက္ခကြား မှစနစ်သစ်ကိုမွေးဖွားခဲ့သူ စတဲ့ စိတ်ဝင်စားဖွယ် ခေါင်းစဉ်ခွဲပေါင်း ၁၆ ခု ပါဝင်တယ်။




## အင်ဒီရာဂန္ဒီ နိုင်ငံရေးအတ္ထုပ္ပတ္တိ

**သန်းအောင်နိုင်**

**စာမူခွင့်ပြုချက်အမှတ် – ၃၁၀၁၁၈၁၁၀၉**
**ထုတ်ဝေတိုက် – သင်းစာပေ**
**တန်ဖိုး – ၁၅၀၀ ကျပ်**


ဖေဖော်ဝါရီလကထွက်ရှိလာတဲ့ ဒီစာအုပ်ကို သန်းအောင်နိုင် (ပြုစုသည်) လို့ ဆိုထားတယ်။ အင်ဒီရာဂန္ဒီရဲ့ နိုင်ငံရေး အတ္ထုပ္ပတ္တိနဲ့အတူ အိန္ဒိယရဲ့သမိုင်းကြောင်းကို တို့ထိလေ့လာနိုင်မယ့်စာအုပ် ဖြစ်တယ်။ သူမရဲ့ဖခင် အိန္ဒိယဝန်ကြီးချုပ်နေရူးနဲ့ အတူ ရိုက်ကူးထားတဲ့ပုံ၊ အိန္ဒိယအမျိုးသားခေါင်းဆောင်ကြီး မဟတ္တမဂန္ဒီနဲ့အတူ ရိုက်ကူးထားတဲ့ ကလေးဘဝအင်ဒီရာဂန္ဒီရဲ့ပုံတွေကို ဒီစာအုပ်ထဲမှာ ထည့်သွင်းပေးထားတယ်။ သူမဝန်ကြီးချုပ်အဖြစ် တာဝန်ယူစဉ်ကာလက သတင်းဆင်ဆာလုပ်မှုလျှော့ရန်တောင်းဆိုမှုကိုဖြေရှင်းပုံ၊ သူမရဲ့ စီးပွားရေးစီမံကိန်းသစ်ကြေညာပုံ၊ အရေးပေါ်အခြေအနေကြေညာတဲ့အခါမျိုး ဒါမှမဟုတ် တစ်နိုင်ငံလုံးကို အသံလွှင့်မိန့်ခွန်းပြောတဲ့အခါမျိုးမှာ ဟင်ဒီဘာသာ၊ အင်္ဂလိပ်ဘာသာ နှစ်ဘာသာဖြင့် ပြောကြားလေ့ရှိပုံတို့ကအစ ဒီစာအုပ်ထဲမှာ ထည့်သွင်းရေးသားထားတယ်။ နိုင်ငံရေးစိတ်ဝင်စားသူတို့ ဖတ်ရှုသင့်တဲ့ စာအုပ်တစ်အုပ် ဖြစ်တယ်။

## လောကဓံကိုစိန်ခေါ်၍ ရင်ဆိုင်ခဲ့သည့် ကျွန်တော်

**ကေသီပန်ဦးလှမြင့်**

**စာမူခွင့်ပြုချက်အမှတ် – ၄၀၁၁၂၄၀၉၀၉**
**ထုတ်ဝေတိုက် – စာပေလောက**
**တန်ဖိုး – ၂၀၀၀ ကျပ်**


'ကေသီပန်' ဆိုတဲ့ မြန်မာတိုင်းရင်းဆေးတစ်လက်ကို အောင်မြင်စွာထုတ်လုပ်ဖြန့်ချိနိုင်တဲ့ 'ကေသီပန်ဦးလှမြင့်' ကိုယ်တိုင်ရေးသားထားတဲ့ စာအုပ်ပါ။ အောင်မြင်မှုပန်းတိုင်ကို လှမ်းကိုင်ဖို့အတွက် လောကဓံကိုစိန်ခေါ်ပြီး ဆောင်ရွက်ခဲ့တဲ့ သူ့ရဲ့ ကြိုးပမ်းမှုတွေကို ဖော်ပြထားတာဖြစ်တယ်လို့ စာရေးသူရဲ့အမှာစာမှာ ဆိုထားပါတယ်။ ကေသီပန်ဦးလှမြင့်ရဲ့ဘဝအတ္ထုပ္ပတ္တိကို စုံစုံလင်လင်ဖတ်ချင်တယ်ဆိုရင်တော့ အခုစာအုပ်အပြင် 'ဖခင်နို့တိုက်ခဲ့သည့် ကျွန်တော့်အဖေနှင့် ငယ်စဉ်ကာလဘဝဖြစ်ရပ်များ' ရယ် 'ငှက်ပျောထမ်း၍ခရီးကြမ်းနှင်နှင့်



www.foreverspace.com.mm



အခြားဘဝဖြစ်ရပ်များ' ကိုပါ ရှာဖွေပေါင်းစပ် ဖတ်ရှုလို့ရပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အောင်မြင်မှုရရှိနေပြီဖြစ်တဲ့ လူတစ်ယောက်ရဲ့ဘဝအကြောင်းကို လေ့လာနိုင်မယ့် စာအုပ်တစ်အုပ်ပါ။




## တောင်တန်းပေါ်မှာ နေခြည်ဆမ်းပြန်တော့ (ဝတ္ထုတိုများ)

**ကိုနိုင်း (ချင်းတောင်)**

**စာမူခွင့်ပြုချက်အမှတ်–၅၀၁၃၆၄၁၁၀၇**
**ထုတ်ဝေတိုက် – စိတ်ကူးသစ်**
**တန်ဖိုး – ၈၀၀ ကျပ်**

ငွေတာရီ၊ Family၊ မြဝတီ၊ ရယ်စရာ စတဲ့ မဂ္ဂဇင်းတွေမှာ ဖော်ပြခဲ့ဖူးတဲ့ ဝတ္ထုတိုတွေကိုစုစည်းထားခြင်း ဖြစ်တယ်။ တိုင်းရင်းနွယ်ဖွားတွေရဲ့နေထိုင်ရာဒေသတွေ၊ ထုံးတမ်းဓလေ့စဉ်လာတွေကို နောက်ခံထားပြီးရေးသားထားတဲ့ဝတ္ထုတွေမို့ ရသအပြင် သုတပါ ရနိုင်လိမ့်မယ်။ 'ယော၏ရင်ခွင်' ဆိုတဲ့ ဝတ္ထုတိုမှာဆို ယောဘာသာစကားအကြောင်းကိုပါ တို့ထိရေးသားထားတာမျိုး တွေ့ရလို့ပါ။

ဒီစာအုပ်မှာ တောင်တန်းပေါ်မှာ နေခြည်ဆမ်းပြန်တော့၊ ဘဝမာယာ၊ အမှတ်ကလေးတစ်မှတ်၊ နေရာချင်းတော့မလဲနိုင်ပေါင် စတဲ့ ဝတ္ထုတိုပေါင်း ၁၂ ပုဒ် ပါဝင်တယ်။ ရသကိုခံစားရင်း ဒေသန္တရဗဟုသုတပါရနိုင်မှာမို့ ဝတ္ထုတိုကြိုက်သူတွေအတွက် ညွှန်ပေးလိုက်တယ်။

## ကျိုက္ကဆံလမ်းပေါ်က တရုတ်စားသောက်ဆိုင်

မိသားစုလိုက်ပဲဖြစ်ဖြစ်၊ သူငယ်ချင်းမိတ်ဆွေတွေနဲ့ပဲဖြစ်ဖြစ်၊ ဒါမဟုတ် တစ်ယောက်ထဲပဲဖြစ်ဖြစ် နေရာထိုင်ခင်းသပ်ရပ်သန့်ပြန့်ပြီး အေးအေးချမ်းချမ်း ဆိတ်ငြိမ်စွာစားသုံးလို့ရပြီး ဖွင့်လှစ်တာမကြာသေးတဲ့ စားသောက်ဆိုင်လေးပါ။ ဒီဆိုင်လေးမှာ တရုတ်အစားအစာမျိုးစုံအပြင် သင့်တင့်တဲ့ဈေးနှုန်းနဲ့ အရသာထူးခြားတဲ့ကြေးအိုးလည်း ရရှိနိုင်ပါတယ်။

တူညီဝတ်စုံနဲ့ဆိုင်ဝန်ထမ်းတွေရဲ့ ဧည့်ဝတ်ကျေပွန်မှု၊ မှာယူထားတဲ့အစားအသောက်တွေကို အချိန်တိုအတွင်းရရှိ အောင်ဆောင်ရွက်ပေးမှုစတဲ့ ဝန်ဆောင်မှုကောင်းတွေလည်း တွေ့ရတယ်။ ဒ့ါအပြင် ဒီဆိုင်အနီးမှာ United Living Mall ရှိလို့ ဈေးဝယ်ရင်း အမောပြေဝင်နားလို့လည်း ရပါတယ်။ ဒီ KK Food House ဆိုင်ကို နေ့စဉ်မနက် ၉ နာရီကနေ ည ၁၀ နာရီအထိ ကျိုက္ကဆံလမ်းမကြီးပေါ်မှာ ဖွင့်လှစ်ထားတာပါ။

LIVING COLOR MEDIA

သမ္မတဟိုတယ်
(Business Suite)
အမှတ် ( ၅ )
အလံပြဘုရားလမ်း
ဒဂုံမြို့နယ်
ရန်ကုန်မြို့
ဖုန်း-
၂၄၂၄၂၄
၃၉၃၁၉၂

www.foreverspace.com.mm

# Which & Why
# ဘယ်ပစ္စည်းဘာ့ကြောင့်

## AMOT Speaker

AMOT အမှတ်တံဆိပ် MS-51184 မော်ဒယ်လ်အမျိုးအစား Woofer Speaker ဖြစ်။ EVD, DVD, VCD, CD, MP3, MP4, Computer နှင့် SD Card များဖြင့် တွဲဖက်အသုံးပြုနိုင်။ အခြားသော Speaker များဖြင့်လည်း အသုံးပြု၍ရ။ အသံထွက်ကောင်း။ Volume, Treble, Bass စသည်တို့ကို လိုအပ်သလို ချိန်ညှိနိုင်။ ကာရာအိုကေသီချင်းသီဆိုနိုင်ရန် Mic ပေါက် နှစ်ခုပါရှိ။ AC 220 Volt ဖြစ်။ တရုတ်နိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၄၈,၅၀၀ ကျပ်ဖြစ်။





## ခြင်ဖမ်းကိရိယာ

AC 220 Volt ဖြင့်အသုံးပြုရသော ခြင်ဖမ်းကိရိယာဖြစ်။ LED မီးရောင်ဖြင့် ခြင်များကို ခေါ်ယူပြီး လေပန်ကာဖြင့်စုပ်ယူ၍ ရှော့ခ်ရိုက်ရခြင်းဖြစ်။ ပေ ၃၀ ပတ်လည်တွင်းရှိ ခြင်များကို ဖမ်းယူပေးနိုင်။ 2 Watt ဖြစ်။ တရုတ်နိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၁၃,၅၀၀ ကျပ်ဖြစ်။

## SONY Portable DVD Player

SONY အမှတ်တံဆိပ် Portable DVD Player ဖြစ်။ DVD, VCD, CD, MP3, MP4 တို့ကိုအသုံးပြုနိုင်။ AC 220 Volt ဖြင့် တိုက်ရိုက်အသုံးပြုနိုင်သလို 3.7 Volt ဘက်ထရီနှစ်လုံးဖြင့်လည်း အသုံးပြုနိုင်။ USB ပေါက်လည်းပါရှိ။ Audio ကြိုးပါရှိသဖြင့် TV ဖြင့်လည်း တွဲဖက်အသုံးပြုနိုင်။ Remote Control ပါရှိ။ တရုတ်နိုင်ငံ လုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၃၈,၀၀၀ ကျပ်ဖြစ်။



www.foreverspace.com.mm

## KANDO လျှပ်စစ်မီးဖို

KANDO အမှတ်တံဆိပ် HEP 1500 မော်ဒယ်လ်အမျိုးအစား လျှပ်စစ်မီးဖိုဖြစ်။ Watt 1500 ဖြစ်။ မီးအပူချိန်အနည်းအများခြောက်ဆင့် ပါရှိ။ သံထည်ဖြင့်ပြုလုပ်ထားခြင်းဖြစ်ပြီး ဓာတ်လိုက်ခြင်းမရှိ။ ကွိုင်လဲ၍လည်းရ။ ထိုင်းနိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၄၀,၀၀၀ ကျပ်ဖြစ်။






## Philips Blander

Philips အမှတ်တံဆိပ် HR 2870 မော်ဒယ်လ်အမျိုးအစား အသားကြိတ်၊ သစ်သီးဖျော်ကိရိယာဖြစ်။ အသားကြိတ်၍ရသလို သစ်သီးများကိုလည်း ဖျော်ယူရရှိနိုင်။ Watt 250 ဖြစ်။ အပိုခွက် သုံးခုပါရှိ။ အနှေးအမြန်နှစ်ခုပါရှိ။ ထိုင်းနိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၄၁,၀၀၀ ကျပ်ဖြစ်။




## CW Mini ရေခဲသေတ္တာ

CW အမှတ်တံဆိပ် Mini ရေခဲသေတ္တာဖြစ်။ မော်တော်ယာဉ်ပေါ်တွင် အသုံးပြု နိုင်။ မော်တော်ယာဉ်ပေါ်တွင် DC ဖြင့်အသုံးပြုနိုင်ပြီး အိမ်တွင် AC ဖြင့် တိုက်ရိုက်အသုံးပြုနိုင်။ အပူ၊ အအေးနှစ်မျိုးရ။ အသား၊ ငါးနှင့် သစ်သီးများကိုထည့်၍ အသုံးပြုနိုင်။ တစ်ပေခွဲ၊ တစ်ပေပတ်လည်အရွယ်အစားဖြစ်။ တရုတ်နိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၈၄,၀၀၀ ကျပ်ဖြစ်။




## Mistral အသားကင်စက်

Mistral အမှတ်တံဆိပ် MCR 2684 မော်ဒယ်လ်အမျိုးအစား အသားကင်စက်ဖြစ်။ အသား၊ ငါးများကိုကင်၍ရ။ ကြက်အကောင်လိုက်လည်းကင်၍ရ။ အပူနှင့်ပေါင်းသည့်စနစ်ဖြစ်။ အဆီခံခွက်တစ်ခုပါရှိ။ အာမခံ တစ်နှစ်ဖြစ်။ မလေးရှားနိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၁၀၀,၀၀၀ ကျပ်ဖြစ်။

www.foreverspace.com.mm

## VASO IC Recorder

VASO အမှတ်တံဆိပ် VM 828 မော်ဒယ်လ်အမျိုးအစား Digital Recorder ဖြစ်။ MP3 ဖြင့်အသုံးပြုနိုင်ပြီး Data များ သိမ်းဆည်းထားနိုင်။ Memory 2G ဖြစ်။ နာရီပေါင်း ၅၀၀ ကြာအသံသွင်းနိုင်။ AAA ဓာတ်ခဲတစ်လုံးဖြင့် အသုံးပြုရ။ တရုတ်နိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၁၃၅,၀၀၀ ကျပ်ဖြစ်။






## EURO Cyber MP4 Player

EURO Cyber အမှတ်တံဆိပ် V240D မော်ဒယ်လ်အမျိုးအစား MP4 Player ဖြစ်။ MP3, MP4, Game, Video, Camera များဖြင့် အသုံးပြုနိုင်။ Memory 2G ဖြစ်ပြီး SD Card စိုက်၍လည်း အသုံးပြုနိုင်။ Rechargeable ဖြစ်။ ၂ လက်မ၊ ၁ လက်မပတ်လည် Screen ဖြစ်။ စင်ကာပူနိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၁၀၆,၀၀၀ ကျပ်ဖြစ်။

## Hisense CDMA-800 MHz တယ်လီဖုန်း

Hisense အမှတ်တံဆိပ် HS-ACPI607 မော်ဒယ်လ်အမျိုးအစား CDMA - 800 MHz တယ်လီဖုန်းဖြစ်။ Day/ Date/ Time ပါရှိ။ Caller ID System ဖြစ်။ Ring Tone ခြောက်ခု ပါရှိ။ တရုတ်နိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၆၀,၀၀၀ ကျပ်ဖြစ်။





## SANYO Video Camera

SANYO အမှတ်တံဆိပ် CG9 မော်ဒယ်လ်အမျိုးအစား Video Camera ဖြစ်။ Optical Zoom 5x ဖြစ်ပြီး 60 Digital Zoom ဖြစ်။ Megapixels 9.1 ဖြစ်။ ဗီဒီယိုရိုက်ကူးနိုင် သလို ဓာတ်ပုံရိုက်၍လည်းရ။ Rechargeable ဖြစ်။ အင်ဒိုနီးရှားလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၄၀၅,၀၀၀ ကျပ်ဖြစ်။

www.foreverspace.com.mm





## Haidiyer အမျိုးသမီးဝတ် အင်္ကျီ

Haidiyer အမှတ်တံဆိပ်အမျိုးသမီးဝတ် ကတ္တီပါပိုးသားအင်္ကျီဖြစ်။ ခါးရှည်အပွပုံစံဖြစ်။ အတွင်းခံအင်္ကျီတစ်ထပ်ပါရှိ။ ဇာပိုးသားဖြင့်ပြုလုပ်ထားပြီး ကတ္တီပါသားပန်းပွင့်များ ပါရှိ။ အရောင်နှင့်ဒီဇိုင်းမျိုးစုံရှိ။ ယိုးဒယားနိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၄၅,၀၀၀ ကျပ်ဖြစ်။



## Scooter 2009

2009 မော်ဒယ်လ်အမျိုးအစား Scooterဖြစ်။ ဘရိတ်နှင့် ဘဲလ်ပါရှိ။ လက်ကိုင်ကို သုံးဆင့်အထိဆွဲဆန့်နိုင်။ လူကြီး၊ ကလေး အသုံးပြု၍ရ။ ဘီးတွင် မီးရောင်ကလေးများ ပါရှိ။ စတီးလ်ကိုယ်ထည်ဖြစ်။ တရုတ်နိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ကျပ် ၂၅,၀၀၀ ဖြစ်။

## KANDO လျှပ်စစ်မီးဖို

KANDO အမှတ်တံဆိပ် HEP-1500 မော်ဒယ်လ်အမျိုးအစား လျှပ်စစ်မီးဖို ဖြစ်။ Watt-1500 ဖြစ်ပြီး မီးအပူချိန် အနည်းအများအတွက် အဆင့်ခြောက်ဆင့်ပါရှိ။ သံကိုယ်ထည်ဖြစ်ပြီး ဓာတ်လိုက်မှုမရှိ။ အတွင်းရှိကွိုင်ကို လဲလှယ်၍ရ။ ထိုင်းနိုင်ငံလုပ် ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၄၀,၀၀၀ ကျပ်ဖြစ်။





## BEAUTYS ရေနွေးကျို စတီးအိုး

BEAUTYS အမှတ်တံဆိပ်ရေနွေးအိုးဖြစ်။ ကိုယ်ထည်ကို စတီးဖြင့်ပြုလုပ်ထား။ အမြင့် တစ်ပေခန့်ရှိပြီး ရေနှစ်လီတာဆံ့။ AC ဖြင့် တိုက်ရိုက်အသုံးပြုရခြင်းဖြစ်။ တရုတ်နိုင်ငံလုပ်ပစ္စည်း ဖြစ်ပြီး ရောင်းဈေး ၁၂,၉၀၀ ကျပ်ဖြစ်။

**ယခုလ Which & Why ကဏ္ဍတွင်ပါဝင်သော ကုန်ပစ္စည်းများနှင့်ပတ်သက်သည့်အချက်အလက်များကို Ever Fine၊ စိန်ဂေဟာ Super Centre နှင့် ရွှေဘုံသာလမ်း Super One ကုန်တိုက်တို့မှ ရယူထားပါသည်။**

**အယ်ဒီတာ**

www.foreverspace.com.mm



# ကုန်ဈေးနှုန်း

၂၀၁၀ ပြည့်နှစ်၊ မတ်လနောက်ဆုံးပတ်အတွင်း ဖြစ်ပေါ်ခဲ့သောကုန်ဈေးနှုန်းများ

## ကားဈေးနှုန်း (၂၆-၃-၂၀၁၀)

| ကားအမျိုးအစား | မော်ဒယ် | အကွာရာ | ဈေးနှုန်း (သိန်း) |
|---|---|---|---|
| Shan Star | | (၈ဂ) | ၄၀ |
| Dagon Jeep | | (၈ဂ) | ၈၀ |
| Toyota Publica | 84 | (၁က) | ၉၀ |
| Sunny Pickup | 81 | (ခ) | ၆၅ |
| Nissan Sunny Supersaloon | 86 | (၃က) | ၂၃၀ |
| Toyota Corolla 1.5 Limited | | (လ/သ/အ) | ၂၄၀ |
| Suzuki Wagon R+ | | ၁ဂ | ၃၀၅ |
| Suzuki Wagon R- | | ၉ခ | ၁၂၅ |
| Tow Ace (ပုစဉ်းခေါင်း) 2000 | | (၈င) | ၁၈၀ |
| Toyota Corolla | CE 90 | (၃က) | ၂၉၀ |
| Corolla 1C Van ဒီဇယ် | 96 | (၉က) | ၃၆၀ |
| Toyota MarkII | 92 | (၄ခ) | ၆၀၀ |
| Toyota MarkII | 94 | (၉ခ)ဒီဇယ် | ၇၅၀ |
| Mitsubishi Pajero V46 (ဦးပိုင်) | 96 | (၃ဂ) | ၁၀၅၀ |
| Toyota Hilux Surf S/W (ဦးပိုင်) | 97 | (၆ခ) | ၁,၁၅၀ |
| Land Crusier | 97 | (၉ခ) | ၁,၈၀၀ |
| Parado | 97 | (၁ဂ) | ၁,၀၀၀ |

* အထက်ပါကားများသည် အကွာရာပေါ်မူတည်၍ ဈေးအတက်အကျရှိသည်။
* ကားဟောင်းများဖြစ်သည့်အတွက် ကားအခြေအနေပေါ်မူတည်၍ ဈေးကွာခြားသည်။
* အဝယ်နည်းပါးသည့်အတွက် ခေါ်ဈေးများသာ ဖြစ်သည်။



www.foreverspace.com.mm



## တီဗီရောင်စုံ

(၂၇-၃-၂၀၁၀)

| အမျိုးအစား | မော်ဒယ် | အရွယ် | နှုန်း(ကျပ်) |
|---|---|---|---|
| SONY | KLV-205400A | 20" | ၃၉၉,၀၀၀ |
| SONY | KLV-40W550 | 40" | ၁,၆၉၀,၀၀၀ |
| SONY | KLV-32W550A | 32" | ၉၉၀,၀၀၀ |
| Panasonic(LCD) | L32X10X | 32" | ၆၀၅,၀၀၀ |
| Panasonic(LCD) | L32C10 | 32" | ၅၆၀,၀၀၀ |
| SAMSUNG (LCD) | LA40A750 | 40" | ၁,၈၃၅,၀၀၀ |
| SAMSUNG (LCD) | LA32B350 | 32" | ၅၀၀,၀၀၀ |
| SAMSUNG (LCD) | LA40B530 | 40" | ၁,၃၅၈,၀၀၀ |
| STAR | T-29068 | 29" | ၂၅၃,၅၀၀ |
| STAR | 21-T50 | 21" | ၁၂၅,၀၀၀ |
| STAR | 21-T21A | 21" | ၁၁၆,၅၀၀ |
| T-HOME | SA2127 | 21" | ၁၄၀,၀၀၀ |
| T-HOME | SA2900 | 21" | ၂၀၅,၀၀၀ |
| FUJI | T2125 | 21" | ၁၁၃,၀၀၀ |
| FUJI | T2107AIE | 21" | ၁၁၀,၀၀၀ |
| FUJI | N1407AIE | 14" | ၆၃,၀၀၀ |

## ရေခဲသေတ္တာ

(၂၇-၃-၂၀၁၀)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| STAR | RL-100 | ၂၂၅,၀၀၀ |
| STAR | RL-135 | ၂၂၆,၀၀၀ |
| LG | GC-151SNS | ၂၅၈,၀၀၀ |
| LG | GC-191SN | ၂၇၅,၀၀၀ |
| SAMSUNG (Two door) | RT-25SCPP/BP | ၃၁၂,၀၀၀ |
| SAMSUNG (Two door) | RT-22SCPP/BP | ၂၃၅,၀၀၀ |
| SAMSUNG (One door) | RA-19FASS | ၁၉၅,၀၀၀ |
| SAMSUNG (One door) | RA-19FAPP | ၂၄၉,၀၀၀ |
| SAMSUNG (One door) | RT-19FASS | ၁၂၅,၀၀၀ |

## DVD ပြစက်

(၂၇-၃-၂၀၁၀)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| LG | 3413 | ၅၇,၀၀၀ |
| LG | 381 | ၆၅,၀၀၀ |
| STAR | B-3317 | ၄၉,၀၀၀ |
| STAR | B-096(MP4+DC) | ၃၉,၀၀၀ |
| STAR | B036 | ၃၇,၀၀၀ |
| FUJI (EVD) | F510 | ၃၃,၀၀၀ |
| FUJI (EVD) | EVD 3399 | ၃၂,၀၀၀ |
| DAEWOO | DV1400S | ၃၉,၀၀၀ |
| DAEWOO | B129 | ၃၅,၀၀၀ |

## လေအေးစက်

(၂၇-၃-၂၀၁၀)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| SAMSUNG | AS-09 FLN | ၃၁၀,၀၀၀ |
| SAMSUNG | AS-12 FLN | ၃၇၅,၀၀၀ |
| STAR | T-09G | ၂၇၀,၅၀၀ |
| STAR | T-12G | ၃၁၅,၅၀၀ |
| LG | 0962TA3 | ၂၆၉,၀၀၀ |
| LG | 12645A4 | ၃၈၅,၀၀၀ |

## အဝတ်လျှော်စက်

(၂၇-၃-၂၀၁၀)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| SAMSUNG | WA-85U3 | ၂၃၅,၀၀၀ |
| SAMSUNG | WA-95U3 | ၂၆၀,၀၀၀ |
| STAR | WA-95U7 | ၂၈၀,၀၀၀ |
| STAR | WT-75H2 | ၁၂၃,၅၀၀ |
| STAR | WT-105H2 | ၃၂၀,၀၀၀ |

## ဟောလစ်၊ မာတိုဘာ၊ မိုင်လို၊ အိုဗာတင်း၊ ကော်ဖီမစ်(လက်လီ)

(၂၆-၃-၂၀၁၀)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Horlick (900g) | ၆,၅၀၀ |
| Horlick (200g) (အိန္ဒိယ) | ၁,၉၀၀ |
| Junior Horlick (400g) | ၃,၅၅၀ |
| Milo (400g) ခဲထုပ် | ၃,၁၀၀ |
| Milo (400g) (ပုလင်း) | ၃,၈၈၀ |
| Maltova (450g) (နို) | ၃,၂၀၀ |
| Ovaltine (400g) နို | ၃,၆၀၀ |
| Ovaltine (200g) နို | ၁,၉၅၀ |
| Ovaltine 400g (ဖြူ) | ၃,၆၅၀ |
| Ovaltine 200g (ဖြူ) | ၂,၂၀၀ |
| Ovaltine 400g (စက္ကူဘူးဖြူ) | ၃,၃၀၀ |

## နိုင်ငံခြားအရက်

(၂၆-၃-၂၀၁၀)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| J&BJet(75CI) (12YearsOld) | ၁၁,၆၀၀ |
| VAT 69 (75CI) | ၁၀,၅၀၀ |
| Jonnie Walker (Red)(75CI) | ၁၁,၅၅၀ |
| Jonnie Walker (Red)(1Liter) | ၁၆၀၀၀ |
| Jonnie Walker (Black)(37.5CI) | ၁၃,၀၀၀ |
| Jonnie Walker (Black)(75CI) | ၂၃,၆၀၀ |
| Jonnie Walker(Black)(1Liter) | ၃၁,၅၀၀ |
| Black & White (1Liter) | ၁၄,၀၀၀ |

www.foreverspace.com.mm



| | |
|---|---|
| Black & White (75Cl) | ၁၁,၅၀၀ |
| Grand Royal (အပြား)ရွှေပတ်ကြီး/သေး | ၂,၉၅၀/၁,၈၅၀ |
| SPY(CLASSIC)(Red) (Wine) | ၅,၈၀၀ |
| Mekhong (75CL) | ၂,၃၀၀ |
| Mekhong (37.5CL) | ၇,၄၀၀ |

## မုန့်ပုံးသံဘူး

(၂၆-၃-၂၀၁၀)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| မိသားစု | ၆,၂၀၀ |
| Cream Crackers(Hup Seng) | ၅,၉၅၀ |
| (KHIAN GUAN) Top Choice | ၅,၅၀၀ |
| (HWA TA) Choice | ၅,၅၀၀ |
| (Munchys) Funmix | ၅,၄၀၀ |
| Lee Daily Delight | ၇,၂၀၀ |
| Every Time | ၅,၄၅၀ |
| (Julie's) Biscuit Assorties | ၄,၉၅၀ |
| (Julie's) Love letters | ၄,၉၅၀ |

## ခေါက်ဆွဲခြောက်

(၂၆-၃-၂၀၁၀)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Yum Yum (ကြက်ပေါင်) | ၁၅၀ |
| Yum Yum ချဉ်စပ်(ပုစွန်) | ၁၅၀ |
| Yum Yum (ဘဲသားဆီချက်) | ၁၅၀ |
| Yum Yum (သီးစုံခေါက်ဆွဲ) | ၁၅၀ |
| MAMEE ကြာဆံ | ၁၅၀ |
| MAMEE (ရိုးရိုး)(ဆီချက်) | ၁၅၀ |
| MAMEE (ကြက်သားချဉ်စပ်) | ၁၅၀ |
| MAMEE (ကြက်ခေါက်ဆွဲပြုတ်) | ၁၅၀ |
| MAMEE (ကြက်သားဆီချက်ခေါက်ဆွဲ) | ၁၅၀ |
| MAMEE (သက်သတ်လွတ်ခေါက်ဆွဲပြုတ်) | ၁၅၀ |
| MA MA (ချဉ်စပ်ခေါက်ဆွဲပြုတ်) | ၂၅၀ |
| Wai Wai (ကြာဆံ) (ပြာ) | ၂၀၀ |
| Shin Shin (ကြာဆံ) | ၂၅၀ |
| Yum Yum ပုစွန်မလိုင်ချဉ်စပ် | ၂၀၀ |
| Yum Yum ကြက်သားချဉ်စပ် | ၂၀၀ |
| MA MA ညှပ်ခေါက်ဆွဲ(စိမ်း) | ၂၀၀ |
| MA MA ညှပ်ခေါက်ဆွဲ(နီ) | ၂၀၀ |

## သွားတိုက်ဆေး

(၂၆-၃-၂၀၁၀)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Fresh Up ဘူးကြီး ရိုးရိုး/ Gel | ၇၀၀/၈၀၀ |
| Best-T (125g) White | ၆၅၀ |
| Colgate (40g) Double Cool Stripe | ၄၈၀ |
| Colgate (160g) Double Cool Stripe | ၁,၈၅၀ |
| Close-Up (New)(18 g) | ၃၉၀ |
| Close-Up (160g) ပြာ | ၁,၈၀၀ |
| Colgate Fresh Cool Mint 200g | ၁,၆၅၀ |
| Colgate Great Regular 200 g | ၁,၇၀၀ |
| Colgate Whitening 160g | ၂,၆၅၀ |
| Colgate gel (စိမ်း) 160g | ၁,၉၀၀ |

## ကိုယ်တိုက်ဆပ်ပြာ

(၂၆-၃-၂၀၁၀)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Imperial Leather (65g) | ၃၀၀ |
| Imperial Leather (125g) | ၄၅၀ |
| Fashion | ၃၀၀ |
| Miss | ၃၀၀ |
| Kanebo | ၂,၄၀၀ |
| Family Care 125g | ၄၅၀ |
| ASEPSO | ၆၀၀ |
| CAMAY | ၅၀၀ |
| Spa | ၃၅၀ |
| E-Lan | ၄၀၀ |
| LUX 100g | ၄၅၀ |
| KAO | ၄၀၀ |
| Parrot | ၄၀၀ |
| Paris 135g | ၄၀၀ |
| A21 (နက်)70g | ၂၈၀ |
| A21 (နက်)125g | ၄၀၀ |
| DG Soap 100g | ၃၀၀ |

## ခေါင်းလျှော်ရည်

(၂၆-၃-၂၀၁၀)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Head and Shoulder 400g | ၄,၆၀၀ |
| Head and Shoulder 200g | ၂,၅၀၀ |
| Head and Shoulder 100g | ၉၅၀ |
| Pantene 400g | ၄,၃၀၀ |
| Pantene 200g | ၂,၂၅၀ |
| Pantene 100g | ၇၅၀ |
| Clinic Clear 350g | ၃,၈၀၀ |
| Clinic Clear 90g | ၁,၆၀၀ |
| Palmolive 100 g | ၁,၃၀၀ |
| Palmolive 200 g | ၂,၈၀၀ |
| Rejoice 100 g | ၇၀၀ |
| Rejoice 200 g | ၁,၆၅၀ |

## ခြင်ဆေးခွေ

(၂၆-၃-၂၀၁၀)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Jumbo (12)coils | ၃၅၀ |
| Fumakilla (10) coils | ၂၅၀ |
| MARS | ၃၀၀ |
| Fuji | ၃၀၀ |

| | | | |
|---|---|---|---|
| ATAK | ၄၀၀ | ဂေါ်ဇီလာ | ၃၀၀ |
| FIGHTER | ၃၈၀ | Spider | ၂၅၀ |
| GO! | ၂၅၀ | Golden Lion | ၂၅၀ |
| ပါရမီ | ၃၅၀ | Special | ၃၀၀ |
| MOSFLY | ၂၅၀ | | |

# ကွန်ပျူတာ ဈေးနှုန်းများ



( ၂၄-၃-၂၀၁၀)

### ❑ Lucky Bird P4 Home & Office PC 775

- Intel Pentium 4-775 Dual Core 2.6 GHz
- Memory 1 GB DDR2 800
- MSI Motherboard
- 250 GB HDD SATA
- AOPEN PS2 Keyboard & Optical Mouse & PAD
- P4 ATX Tower Casing

Price 235 US$

### ❑ Lenovo B 450 Notebook

- Intel Dual Core 2.1 GHz Processor (T4300 800 MHz FSB, 1MB L2 Cache)
- 2 G DDR 2 RAM
- 14.1" WXGA LED Back Light Display
- 250 GB HDD SATA
- Dual Layer Multiburner Drive (DVD-RW)
- nVIDIA GeForce G105M GS 256MB graphic
- Lenovo Wireless WiFi 802.11 b/g . LAN
- Bluetooth, 1.3 M Pixel Web Cam
- Standard Speakers, 4 in 1 Card Reader
- Veriface (Face Recognition Technology)
- One Key Rescue System . 6 Cells Battery. Free DOS
- One Year Warranty

Price 529 US$

### ❑ KMD Classic Model

- Intel Pentium Dual Core 2 Duo 2.93 GHz E 7500 (3MB L2 Cache, 1066 MHz)
- Intel G 31 Express Chipset Motherboard (775/DDR2/1333) with PCIE + Sound + LAN
- 250 GB HDD (Seagate, 7200 RPM) SATA
- 1GB DDR2 RAM (PC 800 MHz, Kingston)
- 18.5" LCD Color Digital Monitor (Acer, Wide View)
- Combo Set Keyboard Optical Mouse and Pad
- P4 Casing (Medium Light)

Price 419,000 Ks

### ❑ TOSHIBA Satellite L510 (PSLF8ML-002004) Notebook

- Intel Dual Core 2 Duo T65700 2.1 GHz Processor
- 14.0" HD 200 CSV Super Shine View screen
- Blacklight TFT Display, (Resolution 1, 366x768)
- 2GB DDR3 SDRAM
- 250GB HDD [SATA]
- DVD-RW Super Multi Double Layer Drive
- Wireless LAN 802.11 b/g, Bluetooth,
- 56 k Fax Modem & Intergrated Bluetooth 2.1
- International Warranty
- Web Cam, Card Reader, Mouse

Price 670 US$

### ❑ Lucky Bird P4 Accelerator PC 775

- Intel Pentium 4-775 Core 2 Quard 2.33 GHz (775 CPU)



www.foreverspace.com.mm

www.foreverspace.com.mm

- ASUS 512MB PCI Express Graphic
- 1GB DDR 2 RAM
- 250 GB HDD SATA
- GIGABYTE P31 DS3L Motherboard
- Aopen PS2 Keyboard
- Optical Mouse & Mouse Pad
- P4 ATX Tower Casing

Price 389 US$

## ❑ KMD Innovator Model

- Intel Pentium Core i3 2.93 GHz E 7400 (4 MB L2 Cache)
- Intel P55 Express Chipset Motherboard (1156/ DDR2/ 1333) (with PICE, Sound + LAN)
- 2GB DDR3 RAM (PC 1333 MHz) Kingston
- PICE 1 GB (N9500 GT) GIGABYTE
- DVD-RW Multi-Layer Drive (SATA)
- 320 GB HDD SATA
- 20" LCD Color Monitor (Prolink) (Wide View)
- Combo Set Keyboard & Mouse (Prolink)
- Optical Mouse Pad
- P4 Casing (Light High)

Price 620,000 Ks

(အထက်ပါဈေးနှုန်းများသည် Printer နှင့် Multimedia မပါဝင်သေး သောကွန်ပျူတာတစ်လုံး၏ ၂၀၁၀ ပြည့်နှစ် မတ်လ ၂၄ ရက်နေ့ ဈေးနှုန်း ဖြစ်သည်။ ပစ္စည်းတစ်မျိုးချင်းစီ ထပ်ဖြည့်လဲလှယ်လိုပါက ဈေးနှုန်းများမှာ အောက်ပါအတိုင်း ဖြစ်သည်။ အချိန်ကာလအလိုက် အပြောင်းအလဲရှိနိုင်ပါသည်။)

## ❑ Multimedia

| | |
|---|---|
| 22 x DVD Writer (LG) SATA Light Scribe with Box | 32,000 KS |
| 24 x DVD Writer (Sony) SATA | 30,000 Ks |
| 24 x DVD Writer (ASUS) SATA | 32,000 Ks |
| 24 x DVD Writer (Samsung) SATA External | 65,000 Ks |
| Microlab M 223 Speakers with sub woofer | 26,000 Ks |
| Microlab M 900 Speakers with sub woofer | 38,000 Ks |
| Microlab M 666 Speakers with sub woofer | 32,000 Ks |
| Microlab M-200 Speakers with sub woofer | 29,000 Ks |

## ❑ Memory

| | |
|---|---|
| 1GB (DDR 2 RAM) 800 MHz (Kingston) | 28,000 Ks |
| 2GB (DDR 2 RAM) 800 MHz (Kingston) | 48,000 Ks |
| 2GB (DDR 3 RAM) 1333 MHz (Kingston) | 55,000 Ks |
| 2GB (DDR 2 RAM) 800 MHz (Kingston) Notebook RAM | 49,000 Ks |

## ❑ Storage Device

| | |
|---|---|
| 250 GB (Seagate) SATA | 44,000 Ks |
| 320 GB (Seagate) SATA | 49,000 Ks |
| 500 GB (Seagate) SATA | 56,000 Ks |
| 750 GB (Seagate) SATA | 75,000 Ks |
| 160 GB (Hitachi/Seagate) Notebook SATA | 44,000 Ks |
| 250 GB (Hitachi/Seagate) Notebook SATA | 49,000 Ks |
| 320 GB (Seagate) Notebook SATA | 58,000 Ks |

## ❑ Monitor

| | |
|---|---|
| 17" SVGA Color Monitor (Dyna) | 58,000 Ks |
| 16" LCD Color Monitor (NEC) | 107,000 Ks |
| 17" LCD Color Monitor (Prolink/Samsung) Square View | 119,000 Ks |
| 19" LCD Color Monitor (View Sonic) Wide View 1932 wm | 160US$ |
| 20" LCD Color Monitor (Prolink) Wide View 2012 w with DVI | 132,00 KS |
| 18.5" LCD Color Monitor (Prolink)Wide View | 125,000 Ks |
| 18.5" LCD Color Monitor (View Sonic) Wide View | 126 US$ |
| 18.5" LCD Color Monitor (Acer) Wide View | 118,000 Ks |
| 22" LCD Monitor (Prolink) 2211W with DVI and Speakers | 150,00 Ks |

## ❑ Printer

| | |
|---|---|
| Canon BJC- iP 1980 Printer (USB) | 43 US$ |
| Canon PIXMA-iP6320 Printer (USB) | 47,000 Ks |
| Canon Laserjet 3050 Printer (USB) | 104,000 Ks |
| HP Laserjet 1215 Printer (USB) | 360,000 Ks |
| HP Desk Jet 2410 Printer | 60,000 Ks |
| EPSON Dot Matrix Printer-LQ 300+ | 200,000 Ks |
| Star Receipt Printer | 230,000 Ks |
| HP Laserjet 1005 Printer with cable | 114,000 Ks |
| Fuji Xerox Colour Laser DPC 1110 Network Ready | 605US$ |
| Fuji Xerox Colour Laser DPC 1110B | 480US$ |
| Fuji Xerox Colour Laser Multifunction 2090Fs | 1350US$ |
| Fuji Xerox Multifunction WC PE 220 | 500US$ |

## ❑ Toner

| | |
|---|---|
| HP 1100/ 1200/ 5L / 6L Toner | 58,500 Ks |
| HP 1010/ 1320/ 1300 Toner | 66,500 Ks |
| HP 2015/ 1522 Toner | 73,500 Ks |
| Canon 2900 Toner/Canon 3050 Toner | 53,500 Ks |
| Canon 1120 Toner | 53,500 Ks |
| HP 2055 Toner | 80,500 Ks |

## ❑ Scanner

| | |
|---|---|
| EPSON Perfection V30 Scanner | 103US$ |
| HP Flatbed Scanner 2410 (USB) | 90,000 Ks |
| Canon Scanner Lide 100 | 54,000 Ks |

## ❑ UPS

| | |
|---|---|
| 650 VA (Power Tree/ Prolink) Basic | 41,000 Ks |
| 1250 VA (Power Tree/ Prolink) | 72,000 Ks |
| IPS 1000 Long Time Inverter UPS (Prolink) | 78,000 Ks |

**မှတ်ချက်။ ။ ဖော်ပြပါဈေးနှုန်းများကို Lucky Bird Co., Ltd.၊ Concordia International Ltd. နှင့် KMD Computer Centre တို့မှ ရယူထားပါသည်။**

# တစ်ဦးတည်းကိုယ်စားလှယ်

| စဉ် | ပစ္စည်းအမည်နှင့် ထုတ်လုပ်သည့် နိုင်ငံ | ကိုယ်စားလှယ်ရယူ ဖြန့်ဖြူးသည့် မြန်မာကုမ္ပဏီနှင့် လိပ်စာ | ဆက်သွယ်ရမည့် ပုဂ္ဂိုလ် | အထက်မြန်မာပြည် ကိုယ်စားလှယ် |
|---|---|---|---|---|
| ၁။ | Artline Whiteboard Marker (မလေးရှား) | MM IMPORT EXPORT CO.,LTD. အမှတ်–၄၉၈၊ မြေညီထပ်၊ မဟာဗန္ဓုလလမ်း၊ ၂၉ လမ်းနှင့် ရွှေဘုံသာလမ်းကြား၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၈၉၉၀၉၊ ၃၇၂၃၅၄၊ ၂၅၁၄၀၄ | ဦးကျော်မင်းထိုက် (Sales & Marketing Manager) | မရှိ |
| ၂။ | SVC UPS (တရုတ်) | CYBER PLUS TRADING CO.,LTD. အမှတ်–၃၄၊ ၂ လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၂၇၅၉၃၊ ၀၉–၅၁၀၆၁၅၇ E-mail:cyberplus@mptmail.net.mm | ဦးသန်းထိုက်အောင် (Marketing Manager) | မရှိ |
| ၃။ | Ranison အစာအိမ်ဆေး (ဘင်္ဂလားဒေ့ရှ်) | ASIA WINNER INDUSTRIAL LTD. အမှတ်–၁၃၊ ၄၉ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၉၇၀၉၆၊ ၃၉၇၀၉၇ | Mr.Bijan Bishi (General Manager) | MAY YU TRADING CO., LTD. ၈၅ လမ်း၊ ၂၄× ၂၅ လမ်းကြား၊ မန္တလေးမြို့။ ဖုန်း–၀၉–၅၁၄၂၈၃၃ |
| ၄။ | ACEZ Non-Contact Body Thermometer (တရုတ်) | GSE CO., LTD. အမှတ်–၁၂၊ ပထမထပ်၊ City Mart အပေါ်ထပ်၊ အောင်ဆန်းအားကစားကွင်းမြောက်ဘက်တန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၂၅၄၉၈၊ ၇၀၀၈၈၉၊ ၇၄၂၃၂၅ | ဦးရဲထက်အောင် (Manager) | မရှိ |
| ၅။ | Ocean ငွေရေစက် (တရုတ်–ဂျပန် ဖက်စပ်) | MYANMAR KING OCEAN INTERNATIONAL CO., LTD. အမှတ်–၃၀–ဘီ၊ သံလွင်လမ်း၊ ရွှေတောင်ကြား (၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၀၉–၅၁၅၄၉၀၉ E-mail:kingocean@myanmar.com.mm | ဒေါ်ညိုချော (Managing Director) | မရှိ |

ဤတစ်ဦးတည်းကိုယ်စားလှယ်ကဏ္ဍကို ဈေးကွက်အတွင်းရှိ စားသုံးသူများနှင့် ကုန်ပစ္စည်းထုတ်လုပ်ရောင်းချသူများအကြား အခမဲ့ (အခမဲ့) ဝန်ဆောင်မှုပေးခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံအတွက် တစ်ဦးတည်းကိုယ်စားလှယ်ရရှိထားသူများအနေနှင့် သတင်းအချက်အလက်များ ပေးပို့ပါက အခမဲ့ထည့်သွင်းဖော်ပြပေးမည် ဖြစ်ပါသည်။



www.foreverspace.com.mm

www.foreverspace.com.mm

# MOSFLY SUPER နန္ဒင်းခြင်ဆေးခွေ

**မြန်မာနိုင်ငံ ခြင်ဆေးဈေးကွက်အတွင်း MOSFLY အမှတ်တံဆိပ် ခြင်ဆေးခွေဖြင့် အောင်မြင်မှုရနေသည့် ကုမ္ပဏီက အသစ်ထပ်မံထုတ်လုပ်လိုက်သည့် ခြင်ဆေးခွေအမျိုးအစားသစ်တစ်မျိုး ဖြစ်သည်။**

☆ MM IMPORT & EXPORT CO., LTD. က ၂၀၀၉ ခုနှစ် အောက်တိုဘာလတွင် စတင်ထုတ်လုပ်ဖြန့်ချိ။

☆ အုပ်ချုပ်မှု ဒါရိုက်တာမှာ ဒေါ်အေးမြင့်ဖြစ်ပြီး ဒါရိုက်တာအဖွဲ့ဝင်သုံးဦး၊ ဝန်ထမ်းအင်အား ၆၀ ဦးခန့်ရှိ။





☆ မလေးရှားနိုင်ငံမှ နည်းပညာနှင့်စက်ပစ္စည်းကိုအသုံးပြု၍ မလေးရှားပညာရှင်နှင့် ပြည်တွင်းပညာရှင်များ ပူးပေါင်းထုတ်လုပ်။

☆ ကုန်ပစ္စည်းထုတ်လုပ်ရာတွင်အသုံးပြုသော ကုန်ကြမ်းများကို ပြည်တွင်းမှ အဓိကရယူ၍ မလေးရှားနှင့် စင်ကာပူတို့မှလည်း မှာယူတင်သွင်း။

☆ ဈေးကွက်လိုအပ်ချက်ပြည့်မီအောင် ထုတ်လုပ်ပေးနိုင်ကြောင်းသိရ။

☆ လောလောဆယ် Mosfly Super နန္ဒင်းခြင်ဆေးအပြင် Mosfly Special နံ့သာဖြူနံ့ခြင်ဆေး၊ Mosfly ရိုးရိုးခြင်ဆေး၊ Mosfly Spray Type၊ Heater ပေါ်တွင်တင်၍အသုံးပြုရသည့် Mosfly Mat တို့ကို ထုတ်လုပ်နေကြောင်းသိရ။

☆ ကုမ္ပဏီမှတိုက်ရိုက်ဖြန့်ချိလျက်ရှိပြီး ဈေးနှုန်းများမှာ အနိမ့်ဆုံးကျပ် ၂၀၀၊ ၃၀၀ ဝန်းကျင်မှ အမြင့်ဆုံးကျပ် ၂၅၀၀ အထိ အမျိုးအစားအလိုက် အသီးသီးရှိ။




☆ ဆက်လက်၍လည်း အခြားကုန်ပစ္စည်းများ တိုးချဲ့ထုတ်လုပ်သွားရန်အစီအစဉ်ရှိဟုဆို။

☆ **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့် ကုမ္ပဏီလိပ်စာ**

ဦးကျော်မင်းထိုက်

MM IMPORT & EXPORT CO., LTD.
အမှတ်–၄၉၈၊ မြေညီထပ်၊
မဟာဗန္ဓုလလမ်း၊ ၂၉ လမ်းနှင့်
ရွှေဘုံသာလမ်းကြား၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၃၈၉၉၀၉၊ ၂၅၁၄၀၄၊ ၃၇၂၃၅၄

www.foreverspace.com.mm



# K -7 Hair Care & VENEER Skin Care

**မြန်မာနိုင်ငံ အလှကုန်ဈေးကွက်အတွင်း အဆင့်မီထုတ်လုပ်ထားသော ဆံပင်နှင့်အသားအရေထိန်းသိမ်းရေးသုံး ပစ္စည်းများ ဖြစ်သည်။**




☆ ROYAL OAK LABORATORIES က ၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၁၉ ရက်နေ့တွင် စတင်ထုတ်လုပ်ဖြန့်ချိ။

☆ အုပ်ချုပ်မှုဒါရိုက်တာမှာ ဦးဥက္ကာထွန်းဖြစ်ပြီး ဒါရိုက်တာအဖွဲ့ဝင် နှစ်ဦး၊ ဝန်ထမ်းအင်အား ၂၀ ဦးခန့်ရှိ။

☆ ဂျာမနီနိုင်ငံ၏နည်းပညာကို အသုံးပြု၍ ပြည်တွင်းပညာရှင်များက ဦးဆောင်ထုတ်လုပ်ထား။




☆ ကုန်ပစ္စည်းထုတ်လုပ်ရာတွင် အသုံးပြုသည့် ကုန်ကြမ်းများကို တရုတ် (တိုင်ပေ) နှင့် USA တို့မှ ရယူထားပြီး ကုန်ကြမ်းများ၊ အမွှေးနံ့သာများကို ဗြိတိန်၊ အမေရိက၊ မလေးရှား၊ စင်ကာပူနိုင်ငံတို့မှ အဓိကမှာယူတင်သွင်းဟုဆို။

☆ K - 7 အမှတ်တံဆိပ်အနေဖြင့် Hair Gel၊ Hair oil၊ Hair Coat နှင့် Olive oil စသည့် Hair Care ကုန်ပစ္စည်းများ ထုတ်လုပ်လျက်ရှိပြီး VENEER အမှတ်တံဆိပ်အနေဖြင့် Face & Body Lotion နှင့် Moisturzing Cream များ ထုတ်လုပ်လျက်ရှိ။

☆ ဈေးနှုန်းများမှာ ကျပ်တစ်ထောင်အောက်ဝန်းကျင်သာရှိ။

☆ ကုမ္ပဏီအနေဖြင့် ကုန်ပစ္စည်းအာမခံသက်တမ်း တစ်နှစ်ပေးထားပြီး ဆိုင်နှင့်နယ်ဒေသများသို့ရောက်ရှိနေသည့် တစ်နှစ်လွန်ကုန်ပစ္စည်းများကို လိုက်လံလဲလှယ်ပေးဟု ဆို။ ဆက်လက်၍ အခြားအလှကုန်ပစ္စည်းများလည်း တိုးချဲ့ထုတ်လုပ်သွားရန် စီစဉ်နေကြောင်းသိရ။

☆ Unique Value Trading Co., က မြန်မာနိုင်ငံအနှံ့ တိုက်ရိုက်ဖြန့်ချိပေးလျက်ရှိ။

☆ **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့် ကုမ္ပဏီလိပ်စာ**

ဒေါ်မျိုးကလျာထွေး (Director)
အခန်းအမှတ်–၁၁၀၂၊ ပန်းခြံတာဝါ၊ အမှတ်–၈၊ ဗားကရာလမ်းနှင့် ဓမ္မစေတီလမ်းထောင့်၊
တော်လှန်ရေးပန်းခြံရှေ့၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၃၈၅၂၀၊ ၅၀၅၀၃၃၊ ၀၉–၅၆၀၁၆၆၉၊ ၀၉–၅၁၂၀၇၂၃

www.foreverspace.com.mm



ဤကဏ္ဍတွင် . . . . .
၁၃၈ တူတူ၊ ညီညီ၊ ရယ်ရယ်၊ ပြုံးပြုံး
၁၄၄ ခင်ရာဆွေမျိုး
၁၅၀ ကျွန်တော့်အတွေး၊ ကျွန်တော့်စကားနှင့် ကျွန်တော့်လုပ်ဆောင်ချက်များ (၉)
၁၅၆ UNGA၊ G 20 အရှေ့သွား အနောက်ရောက် (၆)
၁၆၂ သူဌေးဖြစ်နည်းလျှို့ဝှက်ချက် (၃၁)

တစ် မနက် ကျွန်တော်လမ်းလျှောက်ပြန်လာစဉ် တစ်နေရာအရောက်၌ လူတစ်ဦးက "နေပါဦးဗျ မန်နေဂျင်းရဲ့၊ ခင်ဗျား ကို မေးချင်တာလေးရှိလို့" ဟုပြောပြီး လက်ကိုဖမ်း၍ဆွဲလိုက်ပါသည်။ "မေးပါဗျာ၊ မေးရင်လည်း ဖြေနိုင်တာတော့ ဖြေရမှာပေါ့။ မဖြေနိုင်ရင်တော့ ခွင့်လွှတ်ပါနော်" ဟု ကျွန်တော်က အလိုက်သင့်ပြန်ပြောလိုက်ပါသည်။

# တူတူ၊ ညီညီ၊ ရယ်ရယ်၊ ပြုံးပြုံး

မောင်မောင်တင်



ကျွန်တော်နှင့်ရင်းနှီးသော ရပ်ကွက်တွင်းမှ မိတ်ဆွေတစ်ဦး ဖြစ်ပါသည်။ ကျွန်တော် ၁၉၇၂ ခုနှစ်မှစ၍ ဒီရပ်ကွက်ရောက်လာပြီး နေထိုင်ခဲ့ပါသည်။ နှစ်အတော်ကြာခဲ့ပြီဖြစ်သည်ကတစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းတစ်ခုလုပ်နေသည်ကတစ်ကြောင်းတို့ကြောင့် ကျွန်တော့်ကိုသိသူ အတော်များပါသည်။ သိသူများထဲမှ ရင်းနှီးသူများနှင့် လူမှုရေး၊ စီးပွားရေးများကို ဆွေးနွေးပြောကြားမိကြပါသည်။

ယခုလည်း မိတ်ဆွေတစ်ဦးက မေးချင်တာလေးရှိလို့ဆိုပြီး လက်ကိုဖမ်းဆွဲထားတော့ သူမေးမည့်မေးခွန်းကိုရပ်ပြီး စောင့်နေရပါသည်။ မိတ်ဆွေက "ဆေးကုသစရိတ်တွေ သိပ်များတာပဲဗျာ။ ဒီထက်လျှော့ပေါ့ပြီးလုပ်ပေးနိုင်ဖို့များ မရှိတော့ဘူးလား" မေးသူက မေးလိုက်ပါသည်။ မေးသည့်မေးခွန်းကို ကျွန်တော် ချက်ချင်းဘယ်သို့ ဖြေရမည်မသိပါ။ သို့ဖြစ်၍ ခေတ္တမျှစဉ်းစားပြီး "မိတ်ဆွေကြီးမေးတဲ့ မေးခွန်းကိုဖြေဖို့ အချိန်တော်တော်ယူရမှာပါ။ ကျွန်တော်တို့မှာ ဆေးကုခတွေတိုးရအောင်လုပ်ဖို့ခဲ့ယဉ်းသလို လျှော့ချဖို့လည်း သိပ်ခဲယဉ်းပါတယ်။ ဒါကြောင့် တစ်ရက်

www.foreverspace.com.mm

လောက် ကျွန်တော့်ရုံးကိုလာခဲ့ဗျာ။ အေးအေးဆေးဆေး ကျွန်တော် ပြောပြမယ်”ဟု သို့ပြော၍ ဖိတ်ခေါ်လိုက်ပါသည်။ “ကောင်းပါပြီဗျာ၊ ကျွန်တော် အားမယ့်နေ့ ဖုန်းကြိုဆက်လိုက်မယ်” ပြောပြီး လမ်းခွဲလိုက်ကြပါသည်။

ကျွန်တော်လည်း လုပ်ငန်းကိစ္စ၊ လူမှုရေးကိစ္စတွေနှင့် အလုပ်ရှုပ်နေ၍ မိတ်ဆွေကြီးနှင့်တွေ့ဆုံစကားပြောရန်မေ့နေပါသည်။ နှစ်ပတ်ခန့်ကြာသောအခါ အဆိုပါမိတ်ဆွေကြီးက ဖုန်းဆက်ပါသည်။ နေ့လယ်ပိုင်းခေတ္တလာမည်၊ အချိန်ပေးနိုင်သလား မေးပါသည်။ ကျွန်တော်က “လာခဲ့ဗျာ။ ၁ နာရီနောက်ပိုင်း ၄ နာရီမထိုးမီ တွေ့ကြတာပေါ့” ပြော၍ ချိန်းလိုက်ပါသည်။

မှတ်မှတ်ရရပြောရလျှင် ဒီဇင်ဘာလ ၂ ရက် မွန်းလွဲ ၂ နာရီတွင် မိတ်ဆွေကြီး ကျွန်တော့်ရုံးခန်းသို့ ရောက်လာပါသည်။ ကျွန်တော် ခရီးဦးကြိုပြုပြီး နေရာပေး၍ ထိုင်ခိုင်းပါသည်။ “ကဲ–ဘာသောက်မလဲ လက်ဖက်ရည်၊ ကော်ဖီ၊ အအေးတစ်ခုခုပေါ့ဗျာ” ပြောတော့ “အချိုတော့မလုပ်နဲ့ဗျာ။ ရေနွေးကြမ်းပေါ့” ပြောသည်နှင့် ရေနွေးကြမ်းနှင့်လက်ဖက်စုံတစ်ပွဲမှာပြီး ဧည့်ခံလိုက်ပါသည်။ ကျွန်တော်က “ကဲ–ဘာများဆွေးနွေးချင်တာရှိလဲ။ ဟိုနေ့က ခင်ဗျားနဲ့တွေ့တော့ ကျွန်တော် ဘာမှမပြောလိုက်ရဘူး”

“ဒီလိုဗျ ကျွန်တော့်မှာလည်း ဆွေမျိုးတွေတစ်ယောက်ပြီးတစ်ယောက် ဆေးခန်းပြ၊ ဆေးရုံတက်နဲ့ ငွေကလည်းကုန်လှပြီ။ ဟိုနေ့ကတော့ ဆေးရုံကဆင်းလာတဲ့ Bill တစ်စောင်ကို ဖတ်ကြည့်တော့ စုစုပေါင်း လေးသိန်းကျော်ကျတယ်။ အဲဒီအထဲမှာ ဆရာဝန်များအတွက်ပေးရတဲ့ငွေကစုစုပေါင်းရဲ့ ၆၀ ရာခိုင်နှုန်းကျော်ရှိတယ်ဗျ။ အဲဒီတော့ လူနာတစ်ယောက်ဆေးရုံတက်ရင် ဆေးဖိုး၊ ဆေးခန်းခ၊ ဆရာဝန်များ၊ ဆရာမများပေးရတဲ့ငွေတွေမှာ ဘယ်ဟာကို လျှော့နိုင်ဦးမလဲဆိုတာ စဉ်းစားပေးနိုင်မလား၊ ခင်ဗျားကို ဆွေးနွေးချင်တာဗျာ”

ကျွန်တော် ခေတ္တမျှစဉ်းစားပြီး တတ်နိုင်သလောက် နားလည်ပြေလည်အောင် ပြောရပါသည်။ “ဒီလိုဗျ ခင်ဗျားပြောတဲ့ ကုန်ကျစရိတ်ခေါင်းစဉ်တွေမှာ ပညာရှင် (ဆရာဝန်) ကို ကျွန်တော်တို့ ကန့်သတ်လို့ မရပါဘူး။ ကန့်သတ်ရင် ဆရာဝန်တွေကလည်း မကြိုက်ဘူး။ ဆရာမတွေ၊ Special Nurse တွေကလည်း တခြားဆေးကုခန်းတွေထက် ပိုမယူပါဘူး။ ကျွန်တော်တို့က တစ်ဂျူတီကို ကျပ် ၅၀၀ လောက် လျှော့ယူပါတယ်။ ကဲ–ဒါဖြင့် ကျွန်တော်တို့ဆေးကုခန်းဘက်က ဆေးဖိုးနဲ့ဆေးခန်းခပဲကျန်တော့တယ်။ ဆေးရောင်းတာကို စနစ်တကျ သတ်မှတ်ရောင်းပါတယ်။ နှုတ်မှာရှိတဲ့ဈေးနှုန်းနဲ့ မရောင်းနိုင်အောင် ပြေစာနဲ့ စနစ်တကျ ရောင်းခိုင်းပါတယ်။ ပြီးတော့ အစိုးရက တင်သွင်းခွင့်ပြုလက်မှတ်ရတဲ့ဆေးကိုပဲရောင်းတဲ့အတွက် ယုံကြည်စိတ်ချမှု တာဝန်ခံတယ်ဗျာ။ ဆေးခန်းခကတော့ လက်ရှိအခြေအနေနဲ့လိုက်ပြီး ကျပ် ၄၀၀၀ ကနေ ၁၅,၀၀၀ ထိရှိပါတယ်။ ကျပ် ၁၅,၀၀၀ ဆိုတာ လူနာခုတင်နှစ်လုံးပါတယ်။ ကျယ်ကျယ်ဝန်းဝန်း၊ လေအေးစက်၊ ရေခဲသေတ္တာ၊ ရေချိုးခန်း၊ အိမ်သာပါတယ်ဗျာ။ အဲဒီတော့ တတ်နိုင်တဲ့လူက အဲဒီလိုဈေးများတဲ့အခန်းတွေမှာ နေပေါ့ဗျာ။ ငွေကြေးချို့တဲ့သူက ကျပ် ၄၀၀၀ ခန်းမှာနေပေါ့ဗျာ။ လေအေးစက်ကတော့ အခန်းတွေအားလုံးမှာပါတယ်”

“ဒီတော့ ကျွန်တော်ဆွေးနွေးချင်တာက မရှိဆင်းရဲတဲ့လူနာတွေအတွက် ဘယ်လိုစဉ်းစားပေးမလဲ၊ ဘယ်လိုစဉ်းစားကြရင်ကောင်းမလဲပေါ့ဗျာ”

“ခင်ဗျားဆန္ဒကို ကျွန်တော်တစ်ဦးတည်းသဘောထားနဲ့ပြောပြရရင်တော့ မရှိဆင်းရဲတဲ့ နိုင်ငံသူ၊ နိုင်ငံသားများက ပြည်သူ့ဆေးရုံတွေမှာ ကုသကြပါ။ နိုင်ငံတော်ကတာဝန်ယူပါလိမ့်မယ်။ ငွေကြေးတတ်နိုင်သူနဲ့ အလယ်အလတ်တန်းစားတွေကတော့ ပုဂ္ဂလိကဆေးရုံ၊ ဆေးပေးခန်းတွေမှာ ကိုယ်ကြိုက်သလိုရွေးပြီး ကုကြပေါ့ဗျာ”။ “ကိုယ်ကြိုက်သလိုရွေးကုကြတယ်ဆိုတာ ဘာကိုပြောတာလဲ”။ “ကိုယ်ကြိုက်သလိုဆိုတာ ရန်ကုန်မြို့မှာ ပုဂ္ဂလိကဆေးရုံတွေ အများကြီးပဲ ကုန်ကျစရိတ်တွေမတူကြဘူး။ ခု ခင်ဗျားပြောတဲ့ ကျွန်တော်တို့ဆီမှာ လေးသိန်းကျော်ကုန်ကျတယ်ဆိုတဲ့ ဆေးကုသစရိတ်မျိုးဟာ မြို့တွင်းကဆေးရုံကြီးတချို့မှာ ခုနစ်သိန်း၊ ရှစ်သိန်းလောက်ကုန်တာရှိပါတယ်။ ဒါပေမဲ့ ကုနိုင်တဲ့လူတွေက ကျေနပ်တယ်။ တို့ဘယ်ဆေးရုံမှာ ဘယ်ဆရာဝန်ကြီးနဲ့ကုလိုက်တာ ငွေခုနစ်သိန်းကျော် ကုန်ခဲ့တာကွ” လို့ ပြောတဲ့လူတွေလည်းရှိတာကိုးဗျ။ ပြီးတော့ ကျွန်တော့်နယ်က မိတ်ဆွေတစ်ဦး ကျွန်တော်တို့ဆေးရုံမှာ ခွဲစိတ်ကုသဖို့လုပ်တော့ ကျွန်တော့်ဝန်ထမ်းတွေက သုံးသိန်းလောက်ကုန်ကျနိုင်ပါတယ် ပြောပြတယ်။ လူနာရှင်တွေက လက်ခံတယ်၊ လက်မခံဘူးမပြောဘဲနဲ့ ပြန်သွားတယ်။ တစ်ပတ်လောက်ကြာတော့ ပြန်လာပြီး ပြောတယ်၊ “သုံးသိန်းများတယ်ထင်လို့ မြို့ထဲမှာသွားလုပ်တာ ငါးသိန်းကျော်ကုန်သွားတယ်” တဲ့ဗျာ။ အဲဒီတော့ ဒီနမူနာလေးဟာ ဆေးရုံတစ်ရုံနဲ့တစ်ရုံ၊ ဆရာဝန်တစ်ဦးနဲ့တစ်ဦး မတူကြဘူးဆိုတဲ့ သက်သေပဲဗျ”

“ဆေးရုံချင်းမတူဘူးဆိုတာတော့ ရှင်းသလိုပဲ။ တောဆေးရုံ၊ မြို့တွင်းဆေးရုံ၊ ဆေးရုံကြီး၊ ဆေးရုံအသေး ခမ်းနားထည်ဝါမှုတွေကွာတော့ ဈေးမတူကြဘူးပေါ့ဗျာ။ ဆရာဝန်ချင်းမတူကြတာကော ဘာကွာကြတာလဲဗျ။ “ကျွန်တော်သိတာက သမားတော်၊ ခွဲစိတ်ဆရာဝန်၊ သားဖွားမီးယပ်ဆရာဝန်၊ အရိုးအကြော၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ မျက်စိဆရာဝန်တွေ အားလုံးအတူတူပဲ မဟုတ်လား”

“သာမန်အားဖြင့်တော့ လိုင်းချင်းအတူတူပါပဲ။ ဒါပေမဲ့ ရတဲ့ဘွဲ့တွေက ကွာပြန်တယ်။ နိုင်ငံခြားကရလာတဲ့ ဘွဲ့လွန်၊ ပြည်တွင်းကရတဲ့ဘွဲ့လွန်တွေ ကွာပါတယ်။ ဥပမာ–နိုင်ငံခြားကရခဲ့တဲ့ သားဖွားမီးယပ် အထူးကု (M.R.C.O.G) နဲ့ ပြည်တွင်းကရတဲ့ သားဖွားမီးယပ်အထူးကု (M.Med.Sc) (O & G) တွေပေါ့ဗျာ”

“သူတို့တွေက သားဖွားမီးယပ်ပညာ

www.foreverspace.com.mm



ကို တတ်ကျွမ်းကြတာတွေပဲမဟုတ်လား။ ဘာကြောင့် လူနာတွေထံက စမ်းသပ်ခတွေကို တစ်ယောက်တစ်မျိုးယူနေကြတာလဲ”

“အဲဒါတော့ ကျွန်တော်မဖြေတတ်ဘူး။ ဒါပေမဲ့ နိုင်ငံခြားဘွဲ့က နိုင်ငံခြားသွားယူရတယ်၊ ငွေကုန်ကြေးကျပိုများတယ်၊ ပိုပြီးတော့တတ်၊ ပိုပြီးတော့ ကျွမ်းကျင်လို့များလားတော့ မသိပါဘူးဗျာ”

“ဟုတ်ပါ့ဗျာ– ခင်ဗျားပြောသလို လုပ်ပေးကြရင်တော့ ကျွန်တော်တို့ဘက်ကလည်း ရှင်းရတာ အတော်လွယ်သွားမယ်။ ခုတော့ နိုင်ငံခြားဘွဲ့လွန်ရဆရာဝန်တွေမှာလည်း စမ်းသပ်ခအမျိုးမျိုးရှိသလို ပြည်တွင်း ဘွဲ့လွန်ရ ဆရာဝန်တွေမှာလည်း စမ်းသပ်ခအမျိုးမျိုးရှိကြတယ်။ အဲဒီကိစ္စကို ကျွန်တော်တို့ ဝင်ဆွေးနွေးလို့မရဘူး။ တစ်ခုတော့ရှိတယ်၊ ဆေးကုခန်းအုပ်ချုပ်သူတွေအနေနဲ့ သမားတော်တစ်ဦးချင်းရဲ့ စမ်းသပ်ခများ၊ ခွဲစိတ်ဆရာဝန်ကြီးတစ်ဦးချင်းရဲ့စမ်းသပ်ခများ၊ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီးတစ်ဦးချင်းရဲ့စမ်း သပ်ခများ၊ အထူးကုတွေ အားလုံးပေါ့ဗျာ။ လူနာတွေသိအောင် ထင်သာမြင်သာရေးကပ်နိုင်ရင်တော့ လူနာနှင့်လူနာရှင်တွေ ဆရာဝန်ကို ရွေးချယ်ကုသမှုခံယူနိုင်မယ်။ စမ်းသပ်ခသက်သာတဲ့ဆရာဝန် ဘယ်သူဆိုတာလည်း သိနိုင်မှာပေါ့နော်”

“ဟုတ်တယ်ဗျ– လူနာတွေ၊ လူနာရှင်တွေ ဘယ်ဆရာဝန်နဲ့ပြရင် စမ်းသပ်ခဘယ်လောက်ပေးရမလဲဆိုတာ သိပြီး ဆုံးဖြတ်နိုင်တာပေါ့။ အဲဒါကို ခင်ဗျားတို့မစဉ်းစားမိဘူးလား”

“စဉ်းစားမိတာပေါ့ဗျာ၊ ဒါပေမဲ့ ကိုယ်နဲ့လက်တွဲလုပ်နေတဲ့ဆရာတွေ ကြိုက်ပါ့မလား၊ ကိုယ့်အပေါ် အထင်မှားစရာတွေများဖြစ်လာမလားနဲ့ တော်တော်စဉ်းစားရမယ့်ကိစ္စတွေပါ။ ပြီးတော့ ဆရာဝန်တွေအားလုံးက ရင်းနှီးတဲ့သူတွေဖြစ်နေတော့ သူတို့မလုပ်ချင်တာလုပ်မိတာမျိုးဖြစ်မှာစိုးပြီး ခုအချိန်ထိတော့ မလုပ်ဖြစ်သေးဘူး။ နောင်တော့ စဉ်းစားသင့်ရင် စဉ်းစားရမှာပေါ့ဗျာ”

“ဒါကတော့ စဉ်းစားစရာ၊ ကြောက်စရာမလိုဘူးထင်ပါတယ်။ စမ်းသပ်ခတွေ တက်တုန်းက ခင်ဗျားတို့ကို တိုင်ပင်ပြီး တက်တာလား၊ သူတို့ယူချင်တာကို ယူခိုင်းလိုက်တာလား”

“သူတို့ယူချင်တဲ့အချိန်မှာ တိုးယူပေါ့ဗျာ။ ဘယ်နေ့ကစပြီး စမ်းသပ်ခတိုးယူမယ်ပေါ့။ အဲဒါကို ကျွန်တော်တို့က မကန့်ကွက်ခဲ့ဘူး၊ ကန့်ကွက်ခဲ့ရင်လည်း လက်မခံဘူး။ တစ်ခါ ကျွန်တော်က လူနာသက်သာချောင်ချိမှုဖြစ်အောင် စမ်းသပ်ခတွေ အတတ်နိုင်ဆုံးလျှော့ယူကြဖို့ မေတ္တာရပ်ခံဖူးတယ်။ ဘယ်သူကမှ ပြန်မဆွေးနွေးဘူး။ သဘောတူကြောင်းလည်း မပြောဘူး။ ဒါနဲ့ပဲ ဆရာကြီးများရဲ့သဘောအတိုင်းပဲ ထားလိုက်ရတော့တာပဲ”



www.foreverspace.com.mm



"အေးဗျာ ခင်ဗျားပြောသလိုပဲ ပညာရှင်တွေနဲ့ အလုပ်လုပ်ရတာမလွယ်ဘူး၊ ပညာရှင်တွေကို အုပ်ချုပ်ရတာ မလွယ်ဘူးဆိုတာ အမှန်ပဲကို"

"ကဲကဲ ဆရာဝန်တွေအကြောင်း ဆွေးနွေးရတာ ပြီးမှာမဟုတ်ဘူး။ ခုဆွေးနွေးတာက စမ်းသပ်ခလောက်ပဲရှိသေးတာ။ ခွဲစိတ်တာ၊ မွေးဖွားတာတွေ ရှိသေးတယ်။ ခုနက ဆွေးနွေးခဲ့သလိုပါပဲ တစ်ဦးနဲ့တစ်ဦး မတူပါဘူး။ အဲဒီတော့ ကျွန်တော်ကိုယ်တိုင်ဆုံးဖြတ်သတ်မှတ်ခဲ့တဲ့ ဆေးခန်းဘက်ကကိစ္စတွေ ပြောပြမယ်။ စောစောက ဆေးခန်းက အတွင်းလူနာမှာ လူနာခန်းခတွေ ပြောပြခဲ့ပြီးပြီ။ ဘယ်လိုဖြစ်ပြီး ဒီဈေးနှုန်းတွေအထိရောက်လာရသလဲဆိုတာ ပြောပြမယ်။ ကျွန်တော့်ဆေးခန်းမှာ အတွင်းလူနာစထားတုန်းက လူနာခန်း ၁၂ ခန်း ရှိတယ်။ အဲဒီ စထားတုန်းက ဝန်ထမ်း ၁၀ ယောက် (အောက်ခြေကမန်နေဂျာအထိ) လူတိုင်းကို လခ ၅၀၀ ကျပ်ပဲ ပေးနိုင်တယ်။ လူနာခန်းတစ်ခန်းက ၂,၀၀၀ က ၄,၀၀၀ ကျပ်ပဲယူတယ်။ အဲဒီတုန်းက တော်တော်စိတ်ချမ်းသာတယ်။ ဆရာဝန်ကလည်း ရင်းနီးတဲ့ မိတ်ဆွေသူငယ်ချင်းတွေ လာထိုင်ကြတာဆိုတော့ ဘာပြဿနာမှ မရှိဘူး။ တဖြည်းဖြည်းနဲ့ လုပ်ငန်းတိုးတက်လာတယ်။ ဝန်ထမ်းတွေများ၊ ဆရာဝန်တွေများလာတော့ အသုံးစရိတ်ကလည်း များလာတာပေါ့ဗျာ။ အဲဒီမှာရတာနဲ့ ကုန်ကျတာနဲ့ ကာမိအောင် လူနာတွေထံက တိုးတောင်းရတော့တာပဲ။ စီးပွားရေးတစ်ခုလုပ်တယ်ဆိုတော့ အိတ်ထဲက စိုက်နေရင် ဘယ်ဖြစ်မလဲ။ အဲဒီမှာ စောစောက ခင်ဗျားဆွေးနွေးတဲ့ကုန်ကျစရိတ်တွေ မလျှော့နိုင်တော့ဘူးလားဆိုတာ မေးဖို့ပေါ်လာတော့တာပဲ။ လူနာတွေသက်သာအောင်တော့ ကြိုးစားတာပဲ။ ဒါပေမဲ့ တစ်ဖက်မှာ အသုံးစရိတ်ကများနေတော့ လျှော့လို့မရဘူး။ တစ်ခါတော့ မြို့နယ်မှာရှိတဲ့ တာဝန်ရှိသူတွေက လူနာတွေသက်သာအောင် ညှိနှိုင်းဆောင်ရွက်ဖို့ ဆေးခန်းတွေကိုဆွေးနွေးကြတယ်။ ဘယ်သူမှ ပြန်မဆွေးနွေးကြဘူး။ ကျွန်တော်ကတော့ အသုံးစရိတ်လျှော့ဖို့အတွက် လျှပ်စစ်မီးမှန်ဖို့လိုတယ်။ အခု လျှပ်စစ်မီးခွဲတမ်းနဲ့ လုပ်နေရတယ်။ မီးမလာတဲ့အချိန်မှာ ဒီဇယ်ဆီနဲ့ စက်မောင်းရတယ်။ စက်တစ်နာရီမောင်းရင် သုံးလေးဂါလန်ကုန်တယ်။ ၂၄ နာရီမောင်းရရင် နှစ်ပီပါလောက် ကုန်ပါတယ်။ အဲဒီကုန်ကျစရိတ်ဟာအပိုကုန်နေတာ။ ပြီးတော့ ခွဲတမ်းနဲ့မီးလာတဲ့အချိန်မှာလည်း သုံးလေးကြိမ် ပျက်သေးတယ်။ အဲဒီတော့ ကျွန်တော်တို့ ဈေးနှုန်းလျှော့ချဖို့ဆိုတာ သိပ်ခက်ပါတယ်လို့ပြောပြတော့ လူကြီးတွေလည်း ဘာမှအဖြေမပေးနိုင်ဘူးလေ။ ဒီလိုနဲ့ ခုအချိန်အထိ သွားနေတာပဲ။ ဒီနေ့တော့ ခင်ဗျားက သိချင်တယ်ဆိုတာတွေ အတိုချုံးပြီး ဆွေးနွေးပြောပြတာပါ။ ပြောမယ်ဆိုရင် ပြီးမှာမဟုတ်ဘူး"

"ဒီဇယ်ဆီကကော ဘယ်လောက်များများ ဝယ်ရလို့လဲဗျာ"

"ဒီဇယ်ကလည်းများတာပဲ။ ၂၀၀၅ ခုနှစ်မှာ ကျပ်သိန်း ၅၀ ဖိုးဝယ်ရတယ်။ ၂၀၀၉ ခုနှစ်မှာတော့ ကျပ် ၁၈၆ သိန်းဖိုး ဝယ်ရတယ်ဗျ။ ဒါကြောင့် တစ်ဖက်အသုံးစရိတ်တွေက ထိန်းလို့မရအောင် တိုးပြီး ဝင်ငွေပေးနေသူတွေက လူနာတွေဖြစ်နေတယ်။ အသုံးစရိတ်မြင့်တော့ လူနာတွေအပေါ်မှာ လျှော့ယူဖို့ဆိုတာ ဖြစ်မလာတော့ဘူးပေါ့ဗျာ"

"ဝင်ငွေရနေတယ်ဆိုတာ လူနာတွေဆီကဆိုတော့ ဆရာဝန်တွေဆီကရော ဝင်ငွေမရဘူးလား"

"ခင်ဗျားမေးတော့ အားနာနာနဲ့ ဖြေရဦးမယ်။ မူလစည်းကမ်းက ပြင်ပလူနာကြည့်ရင် လူနာဆီက ငွေမတောင်းဘူး။ လူနာက ဆရာဝန်ကိုပဲ မေးပေါ့။ ဆေးခန်းက ဆေးရောင်းတဲ့အပေါ်က ဝင်ငွေရတယ်။ ပြီးတော့ လူနာတွေဆီကရတဲ့ငွေ စုစုပေါင်းအပေါ်မှာ ရာခိုင်နှုန်းတစ်ခု ဆရာဝန်တွေထံက ပြန်တောင်းတယ်။ ဆေးခန်းနဲ့ ဆေးခန်းသုံးကိရိယာများ အသုံးပြုခသဘောပေါ့။ ဒါပေမဲ့ ဆရာဝန်တော်တော်များများက သူတို့စမ်းသပ်ခအပေါ်မှာ ရာခိုင်နှုန်းပြန်မပေးလိုကြဘူး။ စမ်းသပ်ခ ၁,၀၀၀ ဆိုရင် ဆေးခန်းကို ၁၀၀ သို့မဟုတ် ၂၀၀ ပြန်ပေးရတာကိုးဗျာ"

"ဒါဖြင့် ခင်ဗျားတို့ ဘယ်လိုလုပ်ကြသလဲ"

"ကျွန်တော်တို့က သူတို့မပေးရင် ဝင်ငွေက လျော့သွားမှာ မဟုတ်လား။ ဒီတော့ ဆရာဝန်ကြီးများရဲ့ လူနာအပေါ်မှာ ယူတဲ့ငွေအပြင် ရာခိုင်နှုန်းကို ထပ်ပေါင်းပြီး ယူရတာပေါ့။ အဲဒီလို စမ်းသပ်ခနဲ့ ကော်မရှင်နှစ်ခုပေါင်းလိုက်ပြီးယူတော့ လူနာကပဲ ပိုပေးရတာပဲ။ ခု ကျွန်တော်ပြောနေတာတွေက အပိုမပါဘူး။ ခင်ဗျားသိချင်နေတာတွေကို အမှန်အတိုင်းပြောပြတာပါ။ ခက်တာက လူနာတွေ၊ လူနာရှင်တွေအများစုက ဆေးခန်းတွေဈေးကြီးတယ်၊ ရိတ်တယ်၊ လှီးတယ်လို့ ပြောဆိုထင်မြင်နေကြတယ်။ တကယ်တော့ ဆေးခန်းတွေ ဘယ်လိုရုန်းကန်နေရတယ်ဆိုတာ သိစေချင်ပါတယ်"

"တခြားဆေးခန်းကြီးတွေကော ဘယ်လိုလုပ်နေကြသလဲ လေ့လာမကြည့်ဘူးလား"

"တခြားဆေးခန်းတွေမှာ လေ့လာဖို့ဆိုတာ လွယ်မလိုနဲ့ ခက်ပါတယ်။ သူတို့ရဲ့ကိုယ်ပိုင်လုပ်ငန်းတွေ၊ သူတို့ရဲ့စနစ်တွေကို ပြောပြလိုမှ ပြောပြမှာပါ။ အကောင်းဆုံးကတော့ ကိုယ်လုပ်နေတဲ့ စီးပွားရေးလုပ်ငန်းမှာ မျှမျှတတရှိရဲ့လား၊ ဘယ်သူတွေ နစ်နာသွားနိုင်သလဲ၊ ကိုယ်ရလိုတာက တရားသဖြင့်ရလိုတာလား စသည်ဖြင့် ကိုယ့်ကိုယ်ကိုယ်ဝေဖန်ဆန်းစစ်ပြီးလုပ်တာက အကောင်းဆုံးလို့ ထင်တာပါပဲ"

"ခင်ဗျားရှင်းပြတာတွေ အတော်စုံသွားပါပြီ။ နောက်ဆုံးသိလိုတာက တလောက ဆေးရုံကြီးတစ်ရုံမှာဖြစ်သွားတဲ့ ကျောင်းသူကလေးတစ်ဦးသေဆုံးမှုနဲ့ပတ်သက်ပြီး တော်တော်ဂယက်ရိုက်သွားတယ်။ အဲဒါနဲ့ပတ်သက်ပြီး ခင်ဗျားအမြင်နဲ့ ခင်ဗျားရဲ့လုပ်ငန်းမှာ ဂယက်ရိုက်ခတ်မှုတွေ ပြောပြပါဦး"

“အဲဒီကိစ္စက ကမ္ဘာကျော်ပဲဗျ။ ဂယက်ရိုက်ခတ်မှုတော့ ရှိတာပေါ့။ အသိမိတ်ဆွေတွေက စိုးရိမ်ပြီး မေးကြမြန်းကြတာတွေရှိတယ်။ ပြီးတော့ လူနာတွေဘက်ကလည်း စိုးရိမ်မှုတွေရှိတယ်။ ဆရာဝန်တွေကလည်း ပိုပြီးတော့ သတိထားပြီးတော့ စမ်းသပ်တယ်၊ ခွဲစိတ်တယ်ပေါ့ဗျာ။ ဒါတင်မကသေးဘူး။ ဆေးရုံတက်မယ်၊ ခွဲစိတ်ကုသတော့မယ်ဆိုရင် လူနာနဲ့လူနာရှင်တွေနားလည်အောင် ပိုပြီးရှင်းပြတယ်။ ရှင်းပြလို့ နားလည်သွားပြီဆိုရင် ခွဲစိတ်တဲ့အခါမှတွေ့တတ်တဲ့၊ တွေ့နိုင်မယ့် အန္တရာယ်တွေကိုလည်းရှင်းပြပြီး သိရှိကြောင်း မှတ်တမ်းပြုစုထားတယ်။ ပြီးတော့မှ လိုအပ်တဲ့ခွဲစိတ်ကုသမှုတွေလုပ်ကြတယ်။ အဲဒီတော့လူနာလည်းကျေနပ်တယ်။ စိတ်လည်းချမ်းသာတယ်ပေါ့ဗျာ။ တကယ်တော့ လူနာအသက်ရှင်ကျန်းမာအောင်လုပ်ဖို့ပါပဲ။ အသက်ရှင်ကျန်းမာရင် ဘာပြဿနာမှမရှိပါဘူး။ လူနာ အသက်မရှင်ရင်တော့ သူသူကိုယ်ကိုယ် စိတ်မကောင်းဖြစ်ကြမှာပဲ။ အထူးသဖြင့်တော့ လူနာရှင်တိုင်းက သူတို့လူနာကို ဂရုတစိုက်ပြုစုကုသတာကို မြင်ချင်ကြတာပဲ”

“ကျွန်တော်တို့ကလည်း ဒီသဘောထားတွေကိုသိပါတယ်။ ကျွန်တော်တို့ ဝန်ထမ်း၊ ဆရာဝန်တွေ၊ ဆရာမတွေနဲ့ တခြားဝန်ထမ်းတွေကို သင်တန်းတွေပေး၊ ဟောပြောပွဲတွေလုပ်ပြီးတော့ အကောင်းဆုံးဖြစ်အောင်ဆောင်ရွက်နေတာပဲ။ သို့သော်လည်း အဲဒီ သင်တန်းတက်ပြီးသားဝန်ထမ်းထဲမှာ စုန်းပြူးတွေ ပါတတ်ပါတယ်။ အဲဒီဝန်ထမ်းကြောင့် တစ်ခါတစ်ရံ နာမည်ပျက်ရတယ်။ အဲဒီတော့ ဆေးရုံကြီးတယ်၊ ငယ်တယ်မဆိုင်ဘူး အားလုံးသဘောပေါက်နားလည်အောင်၊ ကျေနပ်အောင် ရှင်းလင်းပြောကြားဖို့ လိုပါတယ်”

“တစ်ခါက မြို့တွင်းက အတော်ပြည့်စုံတဲ့ ပုဂ္ဂလိကဆေးရုံကြီးတစ်ရုံမှာ မိတ်ဆွေလူနာတစ်ယောက်ကို သွားကြည့်တယ်။ ဆေးရုံကြီးကလည်း ကောင်းပါတယ်။ ဝန်




ထမ်းတွေရဲ့ဆက်ဆံရေးလည်း ကောင်းပါတယ်။ လူနာကိုကြည့်ပြီးပြန်ဆင်းလာတော့ ဓာတ်လှေကားတံခါးပေါက်မှာ လူနာရှင်တစ်ယောက် ဒေါသပေါက်ကွဲနေတာတွေ့ရတယ်။ သူက ဘာတွေပြောသလဲဆိုတော့ နင်တို့ဆေးရုံက ဘာမှအသုံးမကျဘူး။ ကုန်ကျတဲ့ငွေကလည်း သောက်သောက်လဲ၊ လူနာလည်း အသက်မရှင်ဘူး။ ဆက်ဆံရတာလည်းမကောင်းဘူး။ ဆေးရုံရှေ့မှာ ကားစောင့်တဲ့ကောင်ကတောင် ငါ့ကိုဟိန်းလိုက်ဟောက်လိုက်နဲ့ ဘယ်သူ့ကိုပြောနေတာလဲကြည့်လိုက်တော့ လူနာပစ္စည်းတွေကို လက်တွန်းလှည်းနဲ့ တွန်းပို့တဲ့အလုပ်သမကိုပြောနေတာ။ ကျွန်တော်ဖြင့် ဆေးရုံကို ချီးကျူးဖို့ပြင်နေတုန်း မကျေနပ်လို့ပေါက်ကွဲတဲ့ လူနာရှင်နဲ့သွားတွေ့တော့ တရားရမိတယ်။ ကဲ အဲဒါဘယ်သူဆိုးတာလဲ စဉ်းစားကြည့်ပါဦးဗျာ”

“ခင်ဗျားအတွေ့အကြုံတွေကြားရတော့ ကျွန်တော်ဆွေးနွေးချင်တဲ့အကြောင်းတွေတောင် မေ့သွားတယ်။ သတိရတာလေးတော့ မေးဦးမယ်။ လူနာတွေဘက်ကသဘောထားတွေကို ခင်ဗျားအတွေ့အကြုံအရ ပြောပြပါဦး”

“ဟုတ်ပြီဗျာ။ ကျွန်တော်လည်းပြောချင်တယ်၊ လူနာဆိုတာက ရောဂါတစ်ခုခုခံစားနေရတဲ့လူ၊ လူကောင်းမဟုတ်ဘူး။ ဒါကြောင့် လူနာကိုဦးစားပေးရမယ်။ လူနာကဆေးခန်းလာတာ ပိုက်ဆံပေးဖို့က ပထမမဟုတ်ဘူး။ ရောဂါပျောက်ကင်းချင်တာကပထမပါ။ ရောဂါသက်သာချင်တယ်၊ လုံးဝပျောက်သွားချင်တယ်၊ အဲဒီ လိုအင်ဆန္ဒကိုတစ်နည်းနည်းနဲ့ ဖြည့်ပေးလိုက်တော့မှ ပိုက်ဆံပေးချင်တယ်၊ ပိုက်ဆံပေးတယ်။ ဒါဟာ သဘာဝကျတဲ့လူနာနဲ့ ဆရာဝန်ကြားမှာ မရှိမဖြစ်လိုအပ်တဲ့ ဆေးကုသရေးဆိုင်ရာစည်းကမ်းတစ်ခုလို့ ဆိုရမယ်”

“လူနာတစ်ယောက် ရောက်လာတယ်၊ ကောင်းမွန်စွာ ကြိုဆိုနှုတ်ဆက်မေးမြန်းဖို့လိုတယ်၊ နားနေဖို့နေရာပေးပါ။ သက်ဆိုင်တဲ့ဆရာဝန် (တစ်ခါတစ်ရံသူတွေ့ချင်တဲ့ဆရာဝန်) နဲ့ တွေ့ပေးပါ။ ဆရာဝန်နဲ့တွေ့ပေးပြီး ရောဂါသိ၊ ဆေးရှိပြီးတာနဲ့ ရောဂါတစ်ဝက်သက်သာသွားတယ်။ ရောဂါမသိခင်က ဟိုရောဂါဒီရောဂါထင်၊ ကုလို့ရပါ့မလား၊ ဘယ်လောက်ကြာအောင်ကုရမှာလဲဆိုတာတွေ တွေးမိနေလို့ အမှန်ဖြစ်နေတဲ့ရောဂါထက် စိတ်မှာပိုပြီးခံစားနေရတယ်။ ဆရာဝန်နဲ့လည်းတွေ့ရော ဆရာဝန်ကရှင်းပြပြီး ဆေးပေးလိုက်တော့ စိတ်ရောကိုယ်ပါ သက်သာသွားရောဗျာ”

“ဆရာဝန်နဲ့တွေ့ပြီးမှ ပိုဆိုးသွားတဲ့ လူနာတွေကော မရှိဘူးလား”

“ရှိတာပေါ့ဗျာ။ လူနာတွေအများကြီးထဲက တချို့ဟာ ကိုယ့်ရောဂါ ဘယ်လောက်ကြီးကျယ်တယ်၊ ဘာဖြစ်နိုင်တယ်ဆိုတာ မသိကြပါဘူး။ ဒါကြောင့် အိမ်မှာဆေးစား၊ ဆေးသောက်လုပ်ကြည့်ကြသေးတယ်။ တတ်သိနားလည်သူတစ်ဦးက ဆရာဝန်နဲ့ပြဖို့ တိုက်တွန်းတော့မှ ဆေးခန်းလာပြတယ်။ ဆေးခန်းမှာ ပထမအကြိမ်ပြတယ်၊ ဓာတ်ခွဲစမ်းသပ်တယ်၊ ဓာတ်မှန်ရိုက်တယ်၊ တီဗီဓာတ်မှန်ရိုက်တယ်၊ အဖြေရတော့ ကင်ဆာဖြစ်နေတယ်။ ဆရာဝန်က လူနာကို တိုက်ရိုက်မပြောဘူး။ ပါလာတဲ့

www.foreverspace.com.mm

လူနာရှင်ကိုပြောတယ်။ လူနာရှင်နဲ့ ဆရာဝန်တီးတိုးပြောတာကို လူနာကအကဲခတ်တယ်။ မေးတယ်။ အဲဒီတော့ လူနာသိသွားရော၊ လူနာက ကင်ဆာဆိုတာ ကုလို့မရဘူးလို့ တထစ်ချမှတ်ထားတော့ စိတ်ရောကိုယ်ပါ ဗုန်းဗုန်းလဲတော့တာပဲ။ အဲဒီအချိန်မှာ ဆရာဝန်ရယ်၊ လူနာရှင်တွေရယ်က အားပေးစကားပြောပြီးတော့ ဆေးကုသမှုခံယူဖို့ တိုက်တွန်းရတယ်။ အချို့လူနာတွေ ခွဲစိတ်ကုသလို့ပျောက်ပါတယ်။ လူနာတိုင်းတော့ မပျောက်ပါဘူး။ ဆေးကုသမှုမခံရင်တော့ အသက်ဆုံးရှုံးဖို့များပါတယ်။ ကျွန်တော့်ဆွေမျိုးတစ်ယောက် လည်ချောင်းမှာ အကျိတ်တွေ့လို့ ဆရာဝန်နဲ့ပြတယ်၊ ဓာတ်ခွဲစမ်းသပ်တယ်၊ ကင်ဆာလို့ အဖြေရတယ်။ ကျွန်တော်က ဆွေမျိုးဆိုတော့ ပွင့်ပွင့်လင်းလင်းပြောပြဆွေးနွေးတယ်။ လူနာက ကင်ဆာဆိုတာလည်းသိရော သေမှာပဲဆိုပြီးတော့ ဆေးမကုတော့ဘူး။ မြို့ပြန်ပြီး တရားထိုင်တော့မယ်ဆိုပြီး ပြန်သွားတယ်။ ဆေးကုသမှုမခံယူတော့ မြန်မြန်သေသွားတာပေါ့။ ကျွန်တော့်အမြင်တော့ လူကောင်းမဟုတ်တဲ့ 'လူနာ' တွေကို စိတ်ဓာတ်အားဖြင့်တိုးတက်အောင် အားပေးသင့်တယ်။ ဆေးခန်းမှာ အပြောအဆိုကအစ နားလည်အောင်၊ သဘောပေါက်အောင် ရှင်းလင်းပြောကြားပေးတာဟာ ပဏာမဆေးကုသခြင်းတစ်မျိုးပဲပေါ့။ အဲဒီတော့ လူနာလက်ခံတဲ့ ဝန်ထမ်းကအစ ဆရာဝန်တွေပါ အရေးကြီးပါတယ်"

"ကဲ ကဲ တော်တော်စုံသွားပါပြီ။ ကျွန်တော်လာတုန်းက ကုန်ကျစရိတ်တွေ လျှော့ချနိုင်မလားလို့ ခင်ဗျားနှင့် ဆွေးနွေးတာပါ။ ခုတော့ ကျွန်တော် သဘောပေါက်ပါပြီ။ မလျှော့ခိုင်းတော့ပါဘူးဗျာ"

"ခင်ဗျား မူလဆွေးနွေးတုန်းက လူနာတွေသက်သာဖို့ ဦးတည်ဆွေးနွေးတာပါ။ ဒါပေမဲ့ ခင်ဗျားက ကုန်ကျစရိတ်တွေ အားလုံးရှင်းပြီးမှ ဆွေးနွေးတော့ ကျွန်တော် မလျှော့ရတော့ဘူး။ ငွေမရှင်းခင် လာဆွေးနွေးရင်တော့ ကျွန်တော်က ခင်ဗျားအခက်အခဲကို ကူညီပေးရမှာပေါ့။ ဒီလိုပဲ ကူညီပေးရတာ။ မကူညီပေမယ့် မရလိုက်တာတွေ ရှိခဲ့တာကိုး"။ "မကူညီပေမယ့် မရလိုက်တာဆိုတာ ဘာကိုဆိုလိုတာလဲ ပြောပြပါဦး"

"မကူညီပေမယ့် မရလိုက်တာက လူနာဆေးရုံတက်စဉ်က ကျေကျေလည်လည် ရှင်းပြတယ်။ ဥပမာ–ဒီရောဂါက ခွဲစိတ်ကုသရမယ်။ ခွဲစိတ်ကုသရတဲ့အတွက် ဆေးရုံပေါ်မှာ ခုနစ်ရက် သို့မဟုတ် ၁၀ ရက်ကြာမယ်။ အဲဒီရက်အတွင်းမှာ ကုန်ကျမယ့်စရိတ်တွေက စုစုပေါင်း ခြောက်သိန်းကုန်မယ်ပေါ့ဗျာ။ အဲဒီလိုရှင်းပြတော့ လူနာက လက်ခံပါတယ်။ တကယ်ဆေးရုံတင် ခွဲစိတ်ကုသတော့ တစ်ကြိမ်မက ခွဲစိတ်ရတယ်။ ဆေးရုံမှာနေရတဲ့ရက်ကလည်း ၁၀ ရက်မက ကြာသွားတယ်။ အဲဒီမှာ ပြောထားတုန်းက ခြောက်သိန်း။ ကုန်တော့ ခြောက်သိန်းကျော်။ ပိုကုန်တဲ့ငွေကို မပေးချင်ဘူး။ မပေးချင်တော့ Cash Counter နဲ့စကားပြောကြပြီး မကျေလည်တော့ ကျွန်တော့်ဆီရောက်လာတယ်။ ကျွန်တော် စုံစမ်းမေးမြန်းတော့ "ပိုကုန်လို့တဲ့"။ ပိုကုန်ရတာက သူ့ရောဂါနဲ့ သူတို့ကုသတဲ့စရိတ်တွေကြောင့်ဆိုတာ သဘောမပေါက်ဘူး။ သဘောမပေါက်တော့ "မပေးပါနဲ့ နေကောင်းရင် ဆေးရုံကဆင်းပါ လှူပါတယ်" လို့ ပြောလိုက်ရတာပေါ့။ အဲဒီ လို Case မျိုးကို လှူဖို့ အစီအစဉ်မရှိပါဘူး။ ဒါပေမဲ့ မရလိုက်တော့ လှူတယ်လို့သဘောထားပြီး စိတ်ချမ်းသာအောင်နေလိုက်တယ်ဗျာ။ ဒါသဖြစ်ရင် ကုသိုလ်မရဘူး။ ခုတော့ ကုသိုလ်ရအောင် စိတ်ကိုထိန်းလိုက်တာပေါ့"

"ဘာလို့ နောက်တစ်ကြိမ်ခွဲစိတ်ရတာလဲ။ မခွဲလို့မဖြစ်ဘူးလားဗျာ"။ "မခွဲလို့မဖြစ်လို့ပေါ့ဗျာ။ ဆရာဝန်ဆိုတာ လူနာတစ်ယောက်ကို နှစ်ခါဘယ်ခွဲချင်မလဲ။ တစ်ခါတည်းနဲ့ပျောက်အောင် ကုတာချည်းပဲ။ ဒါပေမဲ့ မလွဲမရှောင်သာတဲ့အခါ ခွဲခန်းပြန်ဝင်ရတာပေါ့။ ဒါကို လူနာနဲ့ လူနာရှင်က သဘောပေါက်ဖို့လိုတာပါပဲ။ များသောအားဖြင့် ပြန်ခွဲရတဲ့ Case တွေမှာ ခွဲစိတ်ဆရာဝန်ကြီးနဲ့အဖွဲ့က သူတို့ယူနေတဲ့ ခွဲစိတ်ခကို ၂၅ ရာခိုင်နှုန်း အများဆုံးယူပါတယ်။ မယူတဲ့အခါများပါတယ်။ ဘာကြောင့်လဲဆိုတော့ လူနာကို ညှာလို့ပါပဲ။ ဒါပေမဲ့ အထူးသူနာပြု၊ လူနာခန်းခ၊ ဆေးဝါး ပိုမိုသုံးခ၊ ခွဲခတွေနဲ့ အထွေထွေစရိတ်တွေက တက်လာတာပေါ့ဗျာ။ အကူအညီပေးလိုက်ရတယ်ဆိုတာက ဆေးရုံပေါ်ရောက်ပြီး ငွေကြေးမတတ်နိုင်တဲ့ လူနာတွေပေါ့ဗျာ။ ပစ္စည်းအပေါင်ထားတယ်။ စာချုပ်စာတမ်းတွေအပေါင်ထားပြီး ဆေးရုံကဆင်းကြဖို့ အဆိုပြုတဲ့လူနာရှင်တွေရှိတယ်။ အဲဒီအခါမျိုးမှာ ကျွန်တော်တို့က သူတို့အဆိုပြုတဲ့ ပစ္စည်းအပေါင်၊ စာချုပ်အပေါင်တွေကို လက်မခံဘဲ ကျန်ငွေအားလုံးကိုလှူလိုက်ပါတယ်။ လူနာရှင်တွေလည်း အခက်အခဲပြေလည်သွားပြီး ဝမ်းမြောက်စွာနဲ့ ဆေးရုံကဆင်းသွားနိုင်တာပေါ့ဗျာ"

"ကျေးဇူးအထူးတင်ပါတယ်ဗျာ။ ခင်ဗျားနဲ့ နှစ်ခါဆုံလိုက်တော့ ခင်ဗျားတို့လုပ်ငန်းနဲ့ စိတ်ဓာတ်အကြောင်းသိရတော့ သာဓုခေါ်ပါတယ်ဗျာ။ နောင်ကိုလည်း မသိတာရှိရင် လာပြီးဆွေးနွေးစကားလာပြောပါရစေ။ ဒီနေ့တော့ ကျေနပ်သွားပြီ။ ပြန်လိုက်ဦးမယ်" ပြောပြီး ကျွန်တော်ရုံးခန်းမှဆင်းသွားပါတော့သည်။

ကျွန်တော်သည် မရှင်းလင်းသူတစ်ဦး ရှင်းလင်းကျေနပ်သွားသည်ကိုတွေ့ရ၍ ဝမ်းသာပီတိဖြစ်ရပါသည်။ ယခုကဲ့သို့ မရှင်းလင်းသော လူနာ၊ လူနာရှင်တွေ ဘယ်လောက်ရှိနေဦးမလဲ တွေးတောနေမိပါသည်။ အမှန်တော့ ဆရာဝန်၊ လူနာ၊ အုပ်ချုပ်သူများ တစ်ဦးပေါ်တစ်ဦး နားလည်ခွင့်လွှတ်ပြီး ကျေကျေအေးအေး နွေးနွေးထွေးထွေး ဆွေးနွေးပြီးမှ ကုသမှုခံယူခြင်းဖြင့် ဘေးရန်ကင်းကွာ မေတ္တာဖြာဖို့လိုအပ်ပါကြောင်း ရေးသားလိုက်ရပါသည်။

**မောင်မောင်တင်**

**၅–၂–၂၀၁၀**

■


www.foreverspace.com.mm

# ခင်ရာဆွေမျိုး

မြသန်းသန်းနု

**'ခင်ရာဆွေမျိုး၊ မြိန်ရာဟင်းကောင်း' ဆိုတဲ့ ကျွန်မတို့ရဲ့ ဆိုရိုးစကားအတိုင်း အိန္ဒိယနိုင်ငံမှာ နှစ်ပေါင်း ၃၀ အခြေချနေထိုင်ခဲ့စဉ်အတောအတွင်း ဆွေမျိုးရင်းချာတမျှ သိကျွမ်းရင်းနှီးခဲ့ရသူတွေရှိပါတယ်။ အဲဒီမိတ်ဆွေတွေထဲက အထူးခြားဆုံးမိတ်ဆွေကတော့ 'ဒေါ်ရွှေကြာ' ဖြစ်ပါတယ်။ မှတ်သားရလွယ်ကူအောင် ကျွန်မက 'ဒေါ်ရွှေကြာ' လို့ ကင်ပွန်းတပ်လိုက်တာဖြစ်ပါတယ်။ အမည်ရင်းက 'စရို့ဂျ်' (Saroj) ဖြစ်ပါတယ်။**

ဖေဖေနဲ့မေမေက 'စီရိုဂျာ' (Saroj) ဆိုပြီး သူတို့ခေါ်လို့ အဆင်ပြေသလို ခေါ်ပါတယ်။ 'Saroj' ဆိုတာ သသ်ကရိုက်ဘာသာစကားဖြစ်ပြီး မြန်မာလို 'ကြာပန်း' လို့ အဓိပ္ပာယ်ရတာကြောင့် ကျွန်မက 'ဒေါ်ရွှေကြာ' လို့ အမည်ပေးလိုက်တာဖြစ်ပါတယ်။ ၁၉၇၄ ခုနှစ် ကျွန်မတို့ 'မဒရာပရာဒက်ရှ်ပြည်နယ်' ဘိုပါလ်မြို့တော်ကို ရောက်ရှိစဉ်က ဒေါ်ရွှေကြာရဲ့ခင်ပွန်းက ပြည်နယ်အစိုးရမှာ ပညာရေးဝန်ကြီးအဖြစ် တာဝန်ယူနေချိန်ဖြစ်ပါတယ်။ ဗဟိုအစိုးရရဲ့ ဝန်ကြီးချုပ်က အဲဒီအချိန်မှာ မဒမ်အင်ဒီရာဂန္ဒီ (Madam Indira Gandhi) ဖြစ်ပါတယ်။ ဝန်ကြီးချုပ်က ဒေါ်ရွှေကြာတို့ဇနီးမောင်နှံကို ကျွန်မတို့မိသားစု ကိစ္စအဝဝ အဆင်



www.foreverspace.com.mm

ပြေရလေအောင် စောင့်ရှောက်ဖို့တာဝန်ပေးခဲ့ပါတယ်။ ဒေါ်ရွှေကြာတို့ဇနီးမောင်နှံကိုမှရွေးပြီးတာဝန်ပေးခဲ့တာ အကြောင်းရှိပါတယ်။ ဒေါ်ရွှေကြာရဲ့ မြန်မာနိုင်ငံနဲ့ ဆက်နွှယ်မှုကြောင့် ဖြစ်ပါတယ်။ ဒုတိယကမ္ဘာစစ်အတွင်းက ဒေါ်ရွှေကြာ ရေနံချောင်းမှာ နေခဲ့ဖူးပါတယ်။ ဒေါ်ရွှေကြာမိခင်ဘက်က ဦးကြီး 'နတ်သ်ဆင်း' (Nath Singh) ဟာ အဲဒီအချိန်က ရေနံကုမ္ပဏီကြီးတစ်ခုပိုင်တဲ့ သူဌေးကြီး ဖြစ်ပါတယ်။ ဒေါ်ရွှေကြာက ကျွန်မတို့နဲ့သိကျွမ်းပြီးတဲ့နောက် သူ့ဦးကြီးဆီမှာတွေ့ဖူးမြင်ဖူးခဲ့ရတဲ့ ကောင်းပေ့ညွန့်ပေ့ကျောက်မျက်ရတနာလက်ဝတ်လက်စားတွေအကြောင်း မကြာခဏဆိုသလို ပြောပြလေ့ရှိပါတယ်။

ဒေါ်ရွှေကြာက ကျွန်မတို့မိသားစုကို စောင့်ရှောက်ဖို့ တာဝန်ပေးခံရတာကို ဂုဏ်ယူပါတယ်။ မြန်မာနိုင်ငံရောက်ဖူးသူတိုင်း မြန်မာနိုင်ငံကို တသသနဲ့ သံယောဇဉ်ဖြစ်စမြဲပါ။ ဒေါ်ရွှေကြာက မြန်မာနိုင်ငံနဲ့ ဆက်နွှယ်မှုကိုလည်း ဂုဏ်ယူပါတယ်။ ဒါ့ကြောင့် ကျွန်မတို့မိသားစုနဲ့ တွေ့ဆုံတဲ့အခါ ဒေါ်ရွှေကြာဟန်မလုပ်နိုင်လောက်အောင် ဝမ်းသာကြောင်း အားပါးတရပြောပြပြီး ကျွန်မမိဘတွေကို သူ့မိဘများနဲ့မခြား တာဝန်အရသာမဟုတ်ဘဲ စိတ်ကောင်းစေတနာမှန်နဲ့ တရင်းတနှီး ပြုစုစောင့်ရှောက်ပါတယ်။ ကျွန်မဖေဖေကို 'ဒက်ဒီ' မေမေကို 'မမ်မီ' လို့ခေါ်ပါတယ်။ ကျွန်မတို့က ဒေါ်ရွှေကြာကို 'ဒီဒီ' (အစ်မကြီး) လို့ ခေါ်ရပါတယ်။

ဒေါ်ရွှေကြာတို့ဇနီးမောင်နှံနှစ်ဦးစလုံး 'မဒရာပရာဒက်ရှ်' ပြည်နယ်ဇာတိတွေဖြစ်ကြပါတယ်။ စစ်သူကြီးမျိုးနွယ်တွေဖြစ်ကြပေမယ့် သူတို့ကို 'ရာဂျာ' မင်းမျိုးတွေလိုပဲ အားလုံးက တလေးတစား ဆက်ဆံကြပါတယ်။ ရှေးရိုးဓလေ့ထုံးစံအတိုင်း ဒေါ်ရွှေကြာ အသက်ကိုးနှစ်အရွယ်မှာ မိဘတွေက ဆစ်ဒီ (Siddhi) နယ်က ရာဂျာနဲ့ ထိမ်းမြားပေးခဲ့ပါတယ်။ သတို့သားက အဲဒီအချိန်မှာ အသက် ၂၀ ဝန်းကျင်လောက်ရှိပြီ

**အိန္ဒိယနိုင်ငံ ဒေသတချို့မှာ အလေ့အကျင့်တစ်ခု ရှိပါတယ်။ သမီးကို အိမ်ထောင်ချပေးပြီး ယောက္ခမအိမ် ထည့်ပေးလိုက်တဲ့အခါ သမီးရဲ့ဝေယျာဝစ္စလုပ်ကိုင်ပေးဖို့ သမီးနဲ့အတူ အိမ်ဖော်မိန်းကလေးတစ်ယောက်ယောက် ထည့်ပေးလေ့ရှိပါတယ်။ ယောက္ခမအိမ်မှာ အထီးမကျန်ရအောင်လည်း ဖြစ်ပါတယ်။**

လို့ ဒေါ်ရွှေကြာက ပြောပြပါတယ်။ တရားဝင်လက်ထပ်ထိမ်းမြားပေးလိုက်ပေမယ့် သတို့ သမီးလေး အရွယ်မရောက်သေးတာကြောင့် ယောက္ခမအိမ်မှာ သီးခြားအဆောင်နဲ့ နေခဲ့ရပါတယ်။

အိန္ဒိယနိုင်ငံ ဒေသတချို့မှာ အလေ့အကျင့်တစ်ခုရှိပါတယ်။ သမီးကို အိမ်ထောင်ချပေးပြီး ယောက္ခမအိမ်ထည့်ပေးလိုက်တဲ့အခါ သမီးရဲ့ဝေယျာဝစ္စလုပ်ကိုင်ပေးဖို့ သမီးနဲ့အတူ အိမ်ဖော်မိန်းကလေးတစ်ယောက်ယောက် ထည့်ပေးလေ့ရှိပါတယ်။ ယောက္ခမအိမ်မှာ အထီးမကျန်ရအောင်လည်းဖြစ်ပါတယ်။ သတို့သမီးလေး ဒေါ်ရွှေကြာနဲ့လိုက်သွားရတဲ့မိန်းကလေးဟာ 'ဂျတ်ဒူး' လို့ ခေါ်တဲ့ ဒေါ်ရွှေကြာနဲ့ သက်တူရွယ်တူ မိန်းကလေးပါ။ 'ဂျတ်ဒူး' မိဘတွေက ဒေါ်ရွှေကြာ ရဲ့မိဘတွေဆီမှာ သစ္စာစောင့်သိတဲ့အမှုထမ်းတွေ ဖြစ်ကြပါတယ်။ ဒေါ်ရွှေကြာ အရွယ်ရောက်လာတဲ့ အသက် ၁၃ နှစ်မှာ သတို့သားလေးနဲ့ ဇနီးမောင်နှံအဖြစ် နေထိုင်ခဲ့ရပါတယ်။ 'ဂျတ်ဒူး' ကိုလည်း သူ့ရွာပြန်ပို့ပေးပြီး အိမ်ထောင်ချပေးခဲ့ပါတယ်။ 'ဂျတ်ဒူး' ကံဆိုးရှာပါတယ်။ အသက် ၁၃ နှစ်အရွယ်မှာ အိမ်ထောင်ကျခဲ့ပြီး အိမ်ထောင်ဘက်က အသက် ၅၀ ကျော် ကလေးသုံးယောက် ဖခင်မုဆိုးဖိုကြီးဖြစ်ပါတယ်။ အိမ်ထောင် ကျပြီးတစ်နှစ်အကြာ ခင်ပွန်းသေဆုံးခဲ့တဲ့အတွက် 'ဂျတ်ဒူး' ငယ်ငယ်ရွယ်ရွယ်နဲ့ မုဆိုးမလေးဖြစ်ခဲ့ရပါတယ်။ အိန္ဒိယနိုင်ငံရဲ့ ကျေးလက်ဒေသတချို့မှာ မုဆိုးမဖြစ်ရတဲ့ အမျိုးသမီးကြီးငယ်တွေ မတရားနှိပ်ကွပ်ခံရတဲ့စနစ်ကို ဒီကနေ့တိုင် လက်ခံကျင့်သုံးနေသူတွေရှိနေပါသေးတယ်။ အိန္ဒိယလူဦးရေနဲ့ နှိုင်းယှဉ်လိုက်ရင် မပြောပလောက်ပေမယ့် အကျင့်ဆိုး၊ စနစ်ဆိုးဖြစ်နေတာကြောင့် အမြစ်ဖြုတ်အဆုံးသတ်ဖို့ လိုအပ်လှပါတယ်။

အိန္ဒိယအစိုးရက တင်းကျပ်တဲ့ဥပဒေတွေ ပြဋ္ဌာန်းဟန့်တားသလို အမျိုးသမီးအဖွဲ့အစည်းတွေကလည်း အကျင့်ဆိုးကို စွန့်လွှတ်ဖို့ ပညာပေးဟောပြောခဲ့ကြပါတယ်။ တချို့ဒေသတွေမှာ မိန်းကလေးရဲ့ အသက်အရွယ် ငယ်ငယ်ကြီးကြီး ခင်ပွန်းသည်သေဆုံးပြီဆိုတာနဲ့ ခေါင်းတုံးပြီး အဖြူရောင်ဖျင်ကြမ်းထည်ပဲ ဝတ်ဆင်ရပါတယ်။ မုဆိုးမတွေကို ယောက္ခမအိမ်က လက်မခံတာ အဆန်းမဟုတ်ပေမယ့် မိဘဆွေမျိုးတွေကပါ ဝိုင်းပြီးကြဉ်လေ့ရှိကြပါတယ်။ မုဆိုးမကြီးငယ်မရွေး ခင်ပွန်းသည်သေဆုံးတာနဲ့ ကိုယ်ပေါ်မှာရှိတဲ့လက်ဝတ်လက်စားမှန်သမျှ ဖယ်ရှားရပါတယ်။ ခင်ပွန်းသေဆုံးပြီဆိုတာနဲ့ ပထမဦးဆုံး လက်နှစ်ဖက်မှာဝတ်ဆင်ထားတဲ့ လက်ကောက်တွေ ကျိုးသွားအောင် ကြမ်းပေါ်မှာဖြစ်ဖြစ်၊ နံရံမှာဖြစ်ဖြစ် လက်နှစ်ဖက်စလုံးနဲ့ ရိုက်ရိုက်ပြီး ချိုးပစ်ရပါတယ်။ ရွှေလက်ကောက်ဆိုရင်တော့ ဆွေမျိုးသားချင်းတွေက ချွတ်ယူကြမှာ သေချာပါတယ်။ နေရတာကလည်း ဝတ်ပြုကျောင်းတွေနားမှာ သီးခြားဆောက်ထားပေးတဲ့ 'မုဆိုးမဂေဟာ' မှာပါ။ ဒီအဆောက်အအုံတွေကလည်း နှစ်ပေါင်းရာကျော်နေပြီဆိုတော့ ရေမရှိ၊ မီးမရှိ ဟောင်းနွမ်းစုတ်ပြတ်နေပြီ ဖြစ်ပါတယ်။ ရေတွင်းမှာဖြစ်ဖြစ်၊ မြစ်ဆိပ်မှာဖြစ်ဖြစ် ရေခပ်ကြရပါတယ်။ လူ့လောကကြီးနဲ့ အဆက်အသွယ်ဖြတ်တောက်ခံထားရတာကြောင့် ခန္ဓာကိုယ်ကျန်းမာရေးချို့ယွင်းတာ

www.foreverspace.com.mm

ထက် စိတ်ခတ်ကြွခိုင်မှုအဓိပ္ပာယ်ကို တောင် နားလည်ကြသူတွေမဟုတ်တော့ပါ။ အိန္ဒိယနိုင်ငံမြောက်ပိုင်းက ဘီဟာ (Bihar) ပြည်နယ်နဲ့ ဥတ္တရပရာဒက်ရှ် (Uttar Pradesh) ပြည်နယ်တွေမှာ ဒီအကျင့်ဆိုးကို အများဆုံး ကျင့်သုံးခဲ့ကြပါတယ်။ 'ဂျတ်ဒူး' ခင်ပွန်းသေဆုံးပြီး ဒီစနစ်ဆိုးကြီးအောက်ရောက်လုဆဲဆဲ ဒေါ်ရွှေကြာရဲ့မိဘများက 'ဂျတ်ဒူး' ကို ကယ်တင်ခဲ့ပါတယ်။ ဒေါ်ရွှေကြာတို့ဘက်ကလည်း စစ်သူကြီးမျိုးရိုးဆိုတော့ သူတို့နယ်မြေမှာ သြဇာညောင်းသူတွေဖြစ်ပါတယ်။ တော်ရုံတန်ရုံသြဇာနဲ့ဆိုရင် ဒီစနစ်ဆိုးကို ဘယ်လိုမှကျော်လွှားနိုင်မှာ မဟုတ်ပါ။ 'ဂျက်ဒူး' လည်း ဒေါ်ရွှေကြာဆီ ပြန်ရောက်သွားပါတယ်။

မုဆိုးမတွေ လူစဉ်မမီ လူညွန့်တုံးရသလို ထပ်တူထပ်မျှဆိုးဝါးတဲ့အကျင့်ဆိုးတစ်ခုရှိပါသေးတယ်။ အဲဒါကတော့ ခင်ပွန်းသည်သေဆုံးတဲ့အခါ အရှင်လတ်လတ်မီးမြှိုက်ခံရပြီး ခင်ပွန်းသည်နဲ့အတူ လိုက်သေရတဲ့ စတီ (Sati) အကျင့် ဖြစ်ပါတယ်။ ဒဏ္ဍာရီအရဆိုရင်တော့ Sati အမည်ရှိတဲ့ နတ်သမီးဟာ သူမရဲ့ခင်ပွန်းကို သူမရဲ့ဖခင်က သိမ်ငယ်အောင်ပြုလုပ်နေတာကို မကြည့်ရက်တာကြောင့် သူ့ကိုယ်သူမီးရှို့သတ်သေခဲ့တယ်လို့ ဆိုပါတယ်။ ဒီဒဏ္ဍာရီလက်ဆင့်ကမ်းပြန့်ပွားရာက အယူအဆလွဲမှားပြီးအတုယူကြတာလည်း ဖြစ်နိုင်ပါတယ်။ ဂရိနိုင်ငံမှာလည်း ဇနီးသည်တွေခင်ပွန်းသေဆုံးတဲ့အခါ အတူလိုက်ပြီး မီးရှို့သတ်သေကြတဲ့အကျင့်ဆိုး ရှိခဲ့တယ်လို့ သိရပါတယ်။ ဘီစီ ၃၀၀ ကျော်လောက်ကတည်းက စတင်ခဲ့ပါတယ်။ အဲဒီအချိန်က ဂရိနိုင်ငံမှာ ဇနီးသည်တွေက ခင်ပွန်းသည်တွေကို အဆိပ်ခတ်ပြီး မသတ်ရဲအောင် ဒီအကျင့်ဆိုးပြဋ္ဌာန်းခဲ့တာလို့ ဆိုပါတယ်။ အိန္ဒိယနိုင်ငံကိုလည်း ဂရိနိုင်ငံ ဘက်ကနေ အကျင့်ဆိုးကူးစက်လာတာ ဖြစ်နိုင်ပါတယ်။

အလက်ဇန်းဒါး (Alexander the Great) ဘုရင်အကြောင်းရေးသားပြုစုဖို့ အိန္ဒိယနိုင်ငံဘက်ခရီးနှင်ခဲ့တဲ့ ဂရိသမိုင်းပညာရှင် Aristobulus က စောစောပိုင်းကာလကတည်းက 'စတီ' အကျင့်ကို တက္ကသိုလ်ပြည် Taxila မှာ ကျင့်သုံးနေပြီလို့ မှတ်တမ်းတင်ခဲ့ပါတယ်။ Taxila ဟာ အိန္ဒိယနိုင်ငံမှာပါဝင်ခဲ့ပြီး ရှေးရှေးခေတ်မင်းညီမင်းသားတွေ ပညာဆည်းပူးခဲ့ရတဲ့ တက္ကသိုလ်ပြည်ပဲ ဖြစ်ပါတယ်။ အခုအခါ ပါကစ္စတန်နိုင်ငံက မြို့လေးတစ်မြို့ဖြစ်နေပါပြီ။ အိန္ဒိယမှတ်တမ်းတွေအရ အေဒီ ၄၀၀ ဝန်းကျင်ကတည်းက 'စတီ' အကျင့်ဆိုးကို အိန္ဒိယဒေသတချို့မှာ ကျင့်သုံးခဲ့ပါတယ်။ 'စတီ' မီးလောင်ပြင်နေရာမှာ အမှတ်တရစိုက်ထူခဲ့တဲ့ ကျောက်တုံးကြီးတွေမှာ ရေးထွင်းထားတဲ့မှတ်တမ်းတွေအရ မဒ္ဒရာပရာဒက်ရှ်ပြည်နယ်၊ စာဂါရ် (Sagar) အရပ်ဟာ စတီအကျင့်ကို ရှေးအကျဆုံးသုံးခဲ့တဲ့ နေရာဖြစ်တယ်လို့ ပြောနိုင်ပါတယ်။ 'ဂျတ်ဒူး' ဇာတိကလည်း မဒ္ဒရာပရာဒက်ရှ်ပြည်နယ်ကဆိုတော့ အခုခေတ် အဲဒီပြည်နယ်မှာ 'စတီ' တိမ်ကောသွားတာ ကံကောင်းတယ်လို့ ဆိုနိုင်ပါတယ်။ 'စတီ' အကျင့်ဆိုး 'ဂျတ်ဒူး' တို့အရပ်မှာ ဆက်ပြီးကျင့်သုံးနေဦးမယ်သာဆိုရင် ဒေါ်ရွှေကြာတို့မိသားစု ဘယ်လောက်ပဲသြဇာရှိရှိ 'ဂျတ်ဒူး' အသက်ကိုကယ်နိုင်မယ်မထင်ပါ။ ကျေးရွာတွေမှာ 'စတီ' လုပ်ပြီဆိုရင် အစိုးရရဲ့ တင်းကျပ်တဲ့ ဥပဒေကြောင့် အမှတ်မထင်လုပ်တတ်ကြပါတယ်။

အိန္ဒိယနိုင်ငံမှာ ဗြိတိသျှအုပ်စိုးချိန်နှစ်ပေါင်းနှစ်ရာကျော်ကတည်းက 'စတီ' စနစ်ကိုတင်းကျပ်တဲ့ ဥပဒေပြဋ္ဌာန်းတားမြစ်ခဲ့တာဖြစ်ပါတယ်။ အဲဒီလိုပြဋ္ဌာန်းခဲ့တဲ့ ဥပဒေဟာ အိန္ဒိယနိုင်ငံ လွတ်လပ်ရေးရပြီးတဲ့နောက် ဆက်လက်အတည်ဖြစ်ခဲ့ပေမယ့် ကြိုကြားကြိုကြားဆိုသလို 'စတီ' သတင်းအစအနတွေ ထွက်ပေါ်တတ်ပါတယ်။

၁၉၈၇ ခုနှစ် ကျွန်မတို့မိသားစု နယူးဒေလီမှာရှိနေစဉ်က အိန္ဒိယတစ်နိုင်ငံလုံး



www.foreverspace.com.mm

တုန်လှုပ်သွားစေတဲ့ 'စတီ' ဖြစ်ရပ်တစ်ခု ဖြစ်ပွားခဲ့တာ ကောင်းကောင်းမှတ်မိနေပါသေးတယ်။ အိန္ဒိယနိုင်ငံအနောက်ပိုင်း ရာဂျတ်စတန်ပြည်နယ် (Rajasthan State) ဒီအိုရာလာ (Deorala) ကျေးရွာမှာ အဲဒီနှစ် စက်တင်ဘာလ ၄ ရက်နေ့က အသက် ၁၈ နှစ်အရွယ်သာရှိပြီး အိမ်ထောင်သက် ရှစ်လသာရှိသေးတဲ့ သတို့သမီးလေး 'ရူပကန်ဝါ' (Roop Kanwar) ကို သူ့ခင်ပွန်းအလောင်း မီးသဂြိုဟ်မယ့်ထင်းပုံပေါ်တင်ပြီး အလောင်းနဲ့အတူ အရှင်လတ်လတ် မီးတင်ရှို့ခဲ့ပါတယ်။ အဲဒီဒေသက အစဉ်အလာအရ 'ရူပ' ဟာ 'စတီနတ်မိမယ်' အဖြစ်ခံယူဖို့ သူ့စိတ်အလိုအလျောက် ထင်းပုံပေါ်တက်ထိုင်ပြီး ခင်ပွန်းရဲ့ဦးခေါင်းကို သူမပေါင်ပေါ်မှာ တင်ထားရင်း မီးရှို့ခံတာလို့ 'ရူပ'ရဲ့ ယောက္ခမတွေဘက်ကရော၊ 'ရူပ' မိဘ ဆွေမျိုးသားချင်းတွေကပါ ရုံးတော်မှာ ထွက်ဆိုခဲ့ကြပါတယ်။ 'ရူပ'က မီးလောင်တိုက်အသွင်းခံရချိန်မှာ အော်ဟစ်ငိုယိုပြီး အကူအညီတောင်းခဲ့ပေမယ့် ဘယ်သူကမှ တုံ့ပြန်မှုမရှိခဲ့ဘူးလို့ နောက်ပိုင်းမှာ မျက်မြင်သက်သေတချို့က ထွက်ဆိုကြပါတယ်။ အဲဒီလို မီးရှို့သတ်ဖြတ်မှုကိစ္စကို လူပေါင်း ၄,၀၀၀ ကျော် ဝိုင်းပြီးကြည့်ရှုနိုင်ခဲ့တာဟာလည်း အံ့ဩစရာဆိုတာထက် နားလည်ဖို့ ခက်လှပါတယ်။

တစ်နိုင်ငံလုံးက အမျိုးသမီးအဖွဲ့အစည်းတွေကတော့ 'ရူပ' ကိုဆေးကျွေးပြီး သတိလက်လွတ်ဖြစ်နေချိန်မှာ ထင်းပုံပေါ် အဓမ္မဆွဲတင်ပြီး မီးရှို့သတ်ခဲ့တာပဲဖြစ်တယ်လို့ ကောက်ချက်ချခဲ့ကြပါတယ်။ တစ်နိုင်ငံလုံးမှာလည်း ဧရာမကန့်ကွက်ဆန္ဒပြပွဲကြီးတွေလှုံ့ဆော်ကျင်းပခဲ့ပါတယ်။ ဒါပေမဲ့ တစ်ပတ်အတွင်း 'ရူပ' မီးရှို့ခံခဲ့ရတဲ့ နေရာမှာ 'စတီဝတ်ပြုကျောင်း' တည်ဆောက်ပြီးနေပါပြီ။ 'စတီမယ်တော်' Sati Mata ရဲ့ကောင်းချီးပေးတာကို ခံယူဖို့အတွက်လည်း ရာဂျာစတန်ပြည်နယ်တစ်ခုလုံးကလူတွေ တစ်စုပြီးတစ်စုရောက်လာတာကြောင့် 'ရူပ' ယောက္ခမအိမ်တစ်ဝိုက်

**ဂရိနိုင်ငံမှာလည်း ဇနီးသည်တွေ ခင်ပွန်းသေဆုံးတဲ့အခါ အတူလိုက်ပြီး မီးရှို့သတ်သေကြတဲ့အကျင့်ဆိုး ရှိခဲ့တယ်လို့ သိရပါတယ်။ ဘီစီ ၃၀၀ ကျော်လောက်ကတည်းက စတင်ခဲ့ပါတယ်။ အဲဒီအချိန်က ဂရိနိုင်ငံမှာ ဇနီးသည်တွေက ခင်ပွန်းသည်တွေကို အဆိပ်ခတ်ပြီး မသတ်ရဲအောင် ဒီအကျင့်ဆိုးပြဋ္ဌာန်းခဲ့တာလို့ ဆိုပါတယ်။**

---

ပွဲဈေးတန်းလို စည်ကားခဲ့ပါတယ်။ လက်ခံရရှိတဲ့အလှူငွေတွေကြောင့် 'ရူပ' ယောက္ခမမိသားစု အတော်ကြီးချမ်းသာသွားတယ်လို့လည်း သတင်းတွေထွက်ပေါ်လာပါတယ်။ အိန္ဒိယဗဟိုအစိုးရလည်း ကြီးထွားလာတဲ့ပြဿနာကိုကိုင်တွယ်ဖို့ ပါလီမန်မှာ ချက်ချင်းဆိုသလို 'စတီစနစ် ကာကွယ်တားဆီးရေးအက်ဥပဒေ' တင်သွင်းအတည်ပြုပေးခဲ့ရပါတယ်။ ဒီအက်ဥပဒေအရ 'စတီ' စနစ်ကို တားမြစ်ပြီးသားဖြစ်တဲ့အတိုင်း 'အားပေးထောက်ခံသူ၊ သင့်လျော်မှန်ကန်တယ်လို့ ပြောကြားသူ၊ ချီးကျူးပူဇော်ပသသူ' များကိုပါ ရာဇဝတ်မှုအဖြစ် ပြင်းပြင်းထန်ထန် အရေးယူနိုင်ပါတယ်။

အခုလိုတင်းကျပ်တဲ့ဥပဒေပြဋ္ဌာန်းထားတဲ့ကြားက ဟိုအရပ်ဒီအရပ်မှာ 'စတီ' အမှုဖြစ်ပွားတာတွေ ကြားနေရပါသေးတယ်။ ၂၀၀၈ ခုနှစ် အောက်တိုဘာလ ၁၁ ရက်နေ့က တစ်ကြိမ်၊ ၂၀၀၉ ခုနှစ် ဩဂုတ်လ ဒုတိယပတ်ထဲမှာတစ်ကြိမ် ပေါ်ပေါက်ခဲ့ပါသေးတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၀ ကျော်က 'ရူပ' ကံဆိုးခဲ့ပေမယ့် အခုဆိုရင် အမျိုးသမီးအဖွဲ့တွေရဲ့ ပညာပေးမှုကြောင့် မီးပုံထဲကိုယ့်သဘောအလျောက် ခုန်ဆင်းတာတောင် ဆွေမျိုးသားချင်းတွေနဲ့ ရွာခံတွေက ဝိုင်းပြီးတားဆီးခဲ့ကြပါတယ်။

တချို့က ဒဏ္ဍာရီပုံပြင်ထဲက နတ်မိမယ်အဖြစ် စိတ်ကူးယဉ်ဆန်တာမျိုးရှိကြသလို တချို့ကလည်း မုဆိုးမဘဝနဲ့ အနှိပ်စက်ခံရမှာတွေ၊ ဝိုင်းပယ်ခံရမှာတွေကို ကြံ့ကြံ့ခံနိုင်ဖို့ သတ္တိမရှိရှာကြလို့ မီးသဂြိုဟ်တဲ့ မီးပုံထဲ ခုန်ဆင်းကြတာပါလို့ 'စတီ' နဲ့ပတ်သက်ပြီး လေ့လာနေသူတစ်ဦးက ပြောပါတယ်။

ရှေးဝေဒကျမ်းတွေမှာ 'စတီ' ကို တားမြစ်ထားပါတယ်။ ဒါပေမဲ့ 'စတီ' အများဆုံးကျင့်သုံးတဲ့ မဒရာပရာဒက်ရှ်နဲ့ ရာဂျာစတန်ပြည်နယ်အတွင်းပိုင်း ကျေးလက်ဒေသတွေမှာတော့ ဝေဒကျမ်းတွေရဲ့ တားမြစ်ချက်ကို လုံးဝပြောင်းပြန်ပြုလုပ်လိုက်ကြပါတယ်။ ဝေဒကျမ်းမှာ 'ခင်ပွန်းသည်သေဆုံးပြီးတဲ့နောက် ကျန်ရစ်သူဇနီးသည်ဟာ ရှေ့ထွက်ပြီး ဆက်လက်ရပ်တည်သွားရမယ်' လို့ အဆုံးအမပါရှိပါတယ်။ အရှေ့ (In Front) ကို ဟိန္ဒီဘာသာစကားနဲ့ 'အာဂဲ' လို့ပြောပါတယ်။ မီး (Fire) ကိုတော့ 'အဂနီ' လို့ ပြောပါတယ်။ ဒါ့ကြောင့် 'ရှေ့ထွက်ရပ်' ရမယ်ဆိုတဲ့နေရာမှာ 'မီးထဲရပ်' ရမယ်၊ 'မီးထဲခုန်ဆင်းရမယ်' ဆိုပြီး 'အာဂဲ' နဲ့ 'အဂနီ' မှားဖတ်လေသလားလို့ 'စတီ' သုတေသီ ရှကုန်တလာနရာစင်မ်ဟန် (Sakuntala Narasimhan) က အတွေးနယ်ချဲ့ထားပါတယ်။

'ဂျတ်ဒူး' က 'စတီ' စနစ်ဆိုးအများဆုံးကျင့်သုံးတဲ့ပြည်နယ်နှစ်ခုထဲက တစ်ခုဖြစ်တဲ့ မဒရာပရာဒက်ရှ်ပြည်နယ်သူဖြစ်ပေမယ့် အရှင်လတ်လတ်မီးရှို့သတ်ခံရမယ့်အဖြစ်ဆိုးကရော ခေါင်းတုံးပြီး 'မုဆိုးမဂေဟာ'မှာ အသက်ရှင်ပါလျက် လူညွန့်တုံးရမယ့်အဖြစ်ဆိုးကပါ လွတ်မြောက်ခဲ့ပါတယ်။ ဒေါ်ရွှေကြာနဲ့ ကစားဖော်ကစားဖက်ဘဝကနေ ဒေါ်ရွှေကြာရဲ့ သားသမီးတွေကို ထိန်းကျောင်းပြုစုပျိုးထောင်ပေးရတဲ့သူ ဖြစ်လာပါတယ်။ ဒေါ်ရွှေကြာနဲ့ ဒေါ်ရွှေကြာရဲ့သားကြီး အသက် ၁၄ နှစ်သာ ကွာပါတယ်။ ဒေါ်ရွှေကြာရဲ့သားကြီး၊ သမီးလတ်၊ သားငယ် သုံးယောက်စလုံး 'ဂျတ်ဒူး' လက်ထဲမှာ ကြီးပြင်းခဲ့ကြပါ

www.foreverspace.com.mm

တယ်။ ဒေါ်ရွှေကြာက ငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင်ကျပြီး အသက်ကိုးနှစ်အရွယ်မှာ ယောက္ခမအိမ်အပို့ခံရပေမယ့် စိတ်ဓာတ်ခိုင်မာသူ ဖြစ်ပါတယ်။

အိန္ဒိယနိုင်ငံမှာ နိုင်ငံရေးသမားတွေရဲ့ဇနီးသည်အများစုဟာ ကိုယ်တိုင်နိုင်ငံရေးစင်မြင့်ပေါ်ရပ်သူကလွဲပြီး ခင်ပွန်းသည်တွေရဲ့နောက်တန်းမှာ နေကြပါတယ်။ ဒေါ်ရွှေကြာကတော့ ခင်ပွန်းသည်နဲ့ ရင်ပေါင်တန်းရုံမက တစ်ခါတလေ ရှေ့တန်းရောက်နေတာ ကျွန်မတို့ကိုယ်တိုင် တွေ့ရပါတယ်။ ခင်ပွန်းသည် ဘယ်သွားသွား ဒေါ်ရွှေကြာပါဝင်နေတာကြောင့် သားသမီးသုံးယောက်စလုံး 'ဂျတ်ဒူး' နဲ့ အကျွမ်းတဝင်ရှိကြပါတယ်။ မင်းမျိုးတွေဖြစ်ပေမယ့် 'ဂျတ်ဒူး' ကို 'အမာ' (အမေ) လို့ခေါ်ကြပါတယ်။ ကျွန်မလည်း အစပိုင်းကြားကြားချင်း အံ့အားသင့်မိပေမယ့် မိခင်နဲ့မခြား ပြုစုစောင့်ရှောက်သူဖြစ်တာကြောင့် 'ဂျတ်ဒူး' ကို 'အမာ' လို့ခေါ်ရမယ်ဆိုပြီး ပြောထားကြောင်း ဒေါ်ရွှေကြာက ပြောပြပါတယ်။ သူတို့ဆီမှာ ခေါင်းမလျှော်ခင် မီးအပူပေးထားတဲ့ အုန်းဆီနွေးနွေးလေးနဲ့ ဆံပင်အားလုံး နှံ့အောင်လိမ်းပြီး ဦးခေါင်းကိုနှိပ်နယ်ပေးကြပါတယ်။ ဒေါ်ရွှေကြာရဲ့သားသမီးတွေကိုလည်း 'ဂျတ်ဒူး' အုန်းဆီလိမ်းပြီး နှိပ်နယ်ပေးခဲ့ပါတယ်။ သားသမီးတွေအိမ်ထောင်ကျသွားပြီး သူ့အိုးသူ့အိမ်နေကြတာတောင် ခေါင်းမလျှော်ခင် 'ဂျတ်ဒူး' ဆီပြေးလာကြတာ တွေ့ခဲ့ဖူးပါတယ်။

ဖေဖေနဲ့ မေမေ Bhopal ကနေ ဗမာပြည်ပြန်ချိန်မှာ ဒေါ်ရွှေကြာရဲ့ခင်ပွန်း မဒရာပရာဒက်ရှ်ပြည်နယ်ဝန်ကြီးချုပ်ဖြစ်နေပါပြီ။ နောက်ပိုင်း ကျွန်မတို့ နယူးဒေလီပြောင်းသွားချိန်မှာ ဒေါ်ရွှေကြာရဲ့ခင်ပွန်းက အာဏာရနိုင်ငံရေးပါတီကြီးရဲ့ ဒုတိယဥက္ကဋ္ဌအဖြစ် နယူးဒေလီပြောင်းရွှေ့လာကြပါတယ်။ အဲဒီတာဝန်ကနေ ပန်ဂျပ်ပြည်နယ်ဘုရင်ခံအဖြစ် တာဝန်ယူခဲ့ရပြီး ဗဟိုအစိုးရဝန်ကြီးအဖြစ်လည်း တာဝန်ယူခဲ့ရပါတယ်။ တစ်နေ့ ဒေါ်ရွှေကြာတို့ဇနီးမောင်နှံ နိုင်ငံရပ်ခြားခရီးစဉ်တစ်ခုသွားနေခိုက် ဒေါ်ရွှေကြာရဲ့သမီး ဖုန်းဆက်လာပါတယ်။ သူနဲ့ကျွန်မ မတွေ့ဖြစ်။ ဖုန်းမဆက်ဖြစ်တာ သုံး၊ လေးရက်ရှိသွားခဲ့ပါပြီ။

"ဒီမနက် နာနီမာ (မိခင်ဘက်ကအဘွား) ဆုံးသွားလို့ ကျွန်မ သွားရမယ်။ ကျွန်မမိဘတွေက မနက်ဖြန်မှ ပြန်ရောက်ကြလိမ့်မယ်။ အမေ့အိမ်မှာ (ဂျတ်ဒူးအမာ) ပဲရှိနေတယ်။ အမာလည်း သိပ်ပြီး စိတ်မကောင်းဖြစ်နေတယ်။ မနက်ဖြန်အားရင် အမေ့ကို သွားတွေ့ပေးပါ"

ဒေါ်ရွှေကြာရဲ့သမီးက သူ့အမေဘက်ကအဘွား 'နာနီမာ' ဆုံးသွားလို့ အဘိုးအဘွားဇာတိအရပ် ခဏသွားရမယ့်အကြောင်း ဖုန်းဆက်ပြောပြပါတယ်။ (ဟိန္ဒီဘာသာစကားမှာ မိခင်ဘက်က ဖခင်ဘက်က ဆွေမျိုးသားချင်းတွေကို အခေါ်အဝေါ် ကွဲပြားပါတယ်။ မိခင်ဘက်က အဘွားကို 'နာနီမာ' လို့ခေါ်ပြီး ဖခင်ဘက်ကဆိုရင် 'ဒါဒီမာ' လို့ ခေါ်ရပါတယ်။) ကျွန်မလည်း စိတ်မကောင်းကြောင်းပြောပြီး မနက်ဖြန် သူ့အမေကိုသွားတွေ့မယ်လို့ ပြောလိုက်ပါတယ်။ အဲဒီညမှာပဲ ဒေါ်ရွှေကြာရဲ့သမီး ဖုန်းထပ်ဆက်ပါတယ်။ ကျွန်မအသံကိုကြားတာနဲ့ 'ဂျတ်ဒူးအမာ' ဆုံးသွားပြီလို့ ငိုသံပါကြီးနဲ့ ကသောကမျောပြောလိုက်ပါတယ်။ ကျွန်မ နားကြားမှားသလားဆိုတဲ့အတွေးနဲ့ "ဘယ်သူဆုံးတာလဲ၊ အခု ဘယ်ကပြောနေတာလဲ၊ ဘယ်တုန်းကလဲ" စတဲ့မေးခွန်းတွေ ပြန်မေးမိပါတယ်။ အဲဒီတော့မှ ဒေါ်ရွှေကြာရဲ့သမီးက အသံတည်တည်ငြိမ်ငြိမ်နဲ့ "ကျွန်မ အခု အဘိုးအိမ်က ပြောနေတာပါ။ ဒီနေ့ ညနေ ၆ နာရီက ဂျတ်ဒူးအမာဆုံးသွားတယ်လို့ နယူးဒေလီအိမ်က ဖုန်းလာပါတယ်။ 'နာနီမာ' ဒီမနက် ၆ နာရီ ဆုံးတယ်။ 'ဂျတ်ဒူးအမာ' ဒီညနေ ၆ နာရီ ဆုံးတယ်။ ဘာဖြစ်တာလဲမသိဘူး။ တိုက်ဆိုင်လိုက်တာ မနက်ဖြန် အမေပြန်ရောက်ရင် အရမ်းစိတ်ထိခိုက်မှာပဲ။ သွားဖြစ်အောင်သွားလိုက်ပါ" လို့ ပြောပါတယ်။

နောက်တစ်နေ့ မနက်စောစော ဒေါ်ရွှေကြာတို့ဇနီးမောင်နှံ နယူးဒေလီ ပြန်ရောက်ကြပါတယ်။ ကျွန်မ နေ့လယ်ဘက်သွားတွေ့တဲ့အခါ ဒေါ်ရွှေကြာတစ်ယောက်ထဲ အိမ်နောက်ဘက်ပန်းခြံထဲမှာ ထိုင်နေပါတယ်။ မိခင်လည်းဆုံး၊ အားအထားရဆုံးလူယုံတော်လည်း တစ်နေ့တည်းမှာပဲ ဆုံးတာကြောင့် ဒေါ်ရွှေကြာ ဘယ်လောက်ယူကျုံးမရဖြစ်နေတယ်ဆိုတာ ဒေါ်ရွှေကြာပြောမပြပေမယ့် ကျွန်မ သဘောပေါက်ခဲ့ပါတယ်။ ကျွန်မကိုတွေ့တော့ သူ့နားကခုံမှာ ထိုင်ဖို့ညွှန်ပြပြီး ကျွန်မလက်ကိုဆုပ်ထားရင်း အားယူပြီးပြောပါတယ်။

"အမေဆိုတာ အစားထိုးမရဘူးဆိုတာ သိပါတယ်။ ဒါပေမဲ့ အမေ့ရင်ခွင်ထဲမှာနေရမယ့် ကိုးနှစ်သမီးအရွယ်မှာ ကိုယ်နဲ့အကျွမ်းတဝင်မဖြစ်တဲ့နေရာ၊ အကျွမ်းတဝင်မဖြစ်သူတွေကြားမှာ ဒီဒီဘယ်လိုကြီးပြင်းခဲ့ရသလဲဆိုတာ ပြန်စဉ်းစားကြည့်ရင် ဂျတ်ဒူးကျေးဇူးကြီးလှပါတယ်။ သူက ဒီဒီအတွက် အင်အားပဲ။ ဂျတ်ဒူးက မဆုံးခင်မှာ အဲဒီသပြေပင်ပေါ်တက်တယ်လို့ ပြောကြတယ်။ (ဒီဒီက ပြောပြောဆိုဆို အိမ်နောက်ဘက်ပန်းခြံထောင့်က သပြေပင်ကို လက်ညှိုးထိုးပြပါတယ်။) အိမ်က အစောင့်ရဲတွေနဲ့ တခြားလူတွေက အမာဘာ့ကြောင့် သစ်ပင်တက်နေသလဲ။ ပြန်ဆင်းလာပါလို့ ပြောကြပေမယ့် မရဘူး။ သပြေသီးခူးမလို့ဆိုပြီး ပြောပြောဆိုဆိုတက်သွားလိုက်တာ နောက်ဆုံးပြုတ်ကျပြီး ဆုံးသွားတာပါပဲ"

ဒီဒီက မချိတင်ကဲဖြစ်နေရှာပါတယ်။ ဖြစ်ရပ်က ဆန်းကြယ်လွန်းပါတယ်။ ဒေါ်ရွှေကြာတစ်ယောက် အစားထိုးမရနိုင်ဘဲ ဆပ်လို့မကုန်နိုင်တဲ့ ကျေးဇူးရှင်မွေးမိခင်နဲ့ အစားထိုးမရနိုင်ဘဲ စိတ်ဓာတ်အင်အားဖြည့်ဆည်းပေးနေတဲ့ ကျေးဇူးရှင် ဂျတ်ဒူးအတွက် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲနေမယ်ဆိုတာ ကျွန်မနားလည်လိုက်ပါတယ်။

**မြသန်းသန်းနု**

■

www.foreverspace.com.mm

ယခင်လမှအဆက်

# ကျွန်တော့်အတွေး ကျွန်တော့်စကားနှင့် ကျွန်တော့်လုပ်ဆောင်ချက်များ

## (ဆူဟာတိုပြောသည့် သူ့သမိုင်း)

အခန်း (၉)

### တစ်ကျော့ပြန် အင်ဒိုနီးရှားကွန်မြူနစ်ပါတီ

တင်ညွန့်

ကျွန်တော်အရှေ့ဂျာဗားတွင် ရှိနေစဉ် တစ်နေ့တွင် ပါ့ခ်ဆန်ကိုနိုနှင့် ကရီတာတို တို့အား တွေ့ဆုံခဲ့ရသည်။ ဆိုလိုရှိ အခြေ အနေကလည်း မီးလောင်ရာလေပင့်သလို ဆိုးရွားလာသည်။ ဒုတိယဗိုလ်မှူးကြီး ဆောင်ဒီကို ကျွန်တော် အမှတ်ရနေသည်။ ထိုစဉ်က တပ်ရင်းမှူးများအဖြစ် တာဝန် ထမ်းဆောင်နေကြရသူများမှာ ဗိုလ်မှူးဆူ ဟာတို၊ ဗိုလ်မှူးဆလာမက်ရီဂျာဒီ၊ ဗိုလ်မှူး



www.foreverspace.com.mm





ဆူနီတိုဆိုနှင့် ဗိုလ်မှူးဆူဒီဂျိုတို့ဖြစ်သည်။ ပါနမ်ဘဟာမ်ဆီနိုပတီတပ်ခွဲထဲတွင် ကွန်မြူနစ် (PKI) များထိုးဖောက်ဝင်ရောက်နေကြသည်။ သို့ဖြစ်ရာ အနောက်ဂျာဗားမှ ဆီလီဝမ်ဂီတပ်များအရောက်တွင် ဆူပူအုံကြွမှုများ ဖြစ်ပွားလာခဲ့တော့သည်။

ကျွန်တော် အရှေ့ဂျာဗားမှပြန်အလာတွင် ဆိုလိုမြို့ ဂျူရပ်တံတားပေါ်၌ အဖမ်းခံလိုက်ရသည်။ ကျွန်တော့်လက်နက်ကိုလည်းသိမ်းပြီး ဆီလီဝမ်ဂီသို့ ခေါ်သွားကြသည်။ အကြောင်းမှာ ဆိုလိုရှိတပ်ရင်းက ကျွန်တော့်ကို ဗိုလ်မှူးဆူဟာတိုမှန်း မသိကြပေ။ သူတို့က ကျွန်တော့်ကို ဆီလီဝမ်ဂီနီရှိ စစ်ဌာနချုပ်သို့ခေါ်သွားသည်။ ဆိုလိုရှိ ယခုမြို့တော်ဝန်ရုံးစိုက်ရာနေရာသို့ဖြစ်သည်။ ကျွန်တော့်ကို မည်သူသိသနည်းဟု တစ်ဦးပြီးတစ်ဦးလာကြည့်ကြသည်။ သူတို့တပ်မှူးကိုတောင် သူတို့မသိသည့်ဘဝ ဖြစ်နေသည်။ ကျွန်တော့်ကိုသိသည့် ဗိုလ်မှူးတစ်ယောက် ရောက်လာသည်။ သူ့အမည်က ဗိုလ်မှူးဆဒီကင် ဖြစ်သည်။ သူက ကျွန်တော့်ကိုတွေ့လိုက်သည်နှင့် . . .

"လောကကြီး ဘာဖြစ်ကုန်ပြီလဲဟ" ဟု အော်လိုက်သည်။

"သူတို့ ငါ့ကို ဒီခေါ်လာကြတာ ငါလည်း ဘာမှန်းတောင် မသိပါဘူးကွာ" ဟု သူ့ကိုပြန်ပြောလိုက်ရသည်။ နောက်မှ သူတို့ကို ကျွန်တော်က ဘယ်ကလာသည် ဘယ်ကိုသွားမည်ကို ရှင်းပြရသည်။ ဆဒီကင်ကလည်း ကျွန်တော့်ကို သူ့သူငယ်ချင်းဖြစ်ကြောင်း ပြောသည်။

"အဲဒါ ငါ့သူငယ်ချင်းကွ။ ဒုဗိုလ်မှူးကြီးဆူဟာတိုလေ။ ယိုဂျာကပါကွာ" ဟု သူ့လူများကိုပြောမှ ကျွန်တော့်ကိုပြန်လွှတ်ပေးပြီး သေနတ်လည်း ပြန်ပေးသည်။ ကျွန်တော်လည်း ယိုဂျာသို့ ပြန်လာခဲ့ရသည်။ ထိုအဖြစ်အပျက်သည် နှစ်ပေါင်းကြာပြီဖြစ်သော်လည်း ပြန်လည်အမှတ်ရနေမိသည်။ မာဒီယမ်အရေးအခင်းမဖြစ်မီ ဤသို့ပြဿနာပေါ်ခဲ့ရခြင်း ဖြစ်သည်။

၁၉၄၈ ခုနှစ် ဩဂုတ်လ ဒုတိယပတ်တွင် အင်ဒိုနီးရှားနိုင်ငံကို ၁၉၂၆ ခုနှစ်ကတည်းက စွန့်ခွာသွားသည့် မူဆိုသည် ဆူရစ်နိုနှင့်အတူ ရုရှားမှပြန်လာခဲ့သည်။ သူက အရှေ့ဥရောပနိုင်ငံများနှင့် သံခင်းတမန်ခင်းဖွင့်နိုင်ရန်အတွက် အင်ဒိုနီးရှားအစိုးရကိုယ်စားပြုမည့်သူဟူ၍ ကောလာဟလတွေထွက်နေသည်။ မူဆိုနှင့် သမ္မတဆူကာနိုတို့ တွေ့ဆုံစကားပြောကြသည်။ သို့သော် တွေ့ဆုံဆွေးနွေးပွဲသည် အဖြေမရှိ အချည်းနှီးတွေ့ဆုံပွဲ ဖြစ်သွားရသည်။

Amir Syarifuddin သည် သူ့ဟန်ဆောင်မျက်နှာဖုံးကိုဖွင့်လိုက်ပြီးဖြစ်သဖြင့် ဘန်ဟတ္တ၏အစိုးရမူဝါဒများကို အပြင်းအထန်ဆန့်ကျင်နေတော့သည်။ အမှန်တကယ်တော့ စစ်တပ်တွင်ရာထူးအဆင့်နှင့် အင်အားလျှော့ချရေးအစီအမံများကို အကောင်အထည်ဖော်ခဲ့သူမှာ သူကိုယ်တိုင်ဖြစ်သည်။

ထိုစဉ်တွင် သံတမန်ရေးစကားပြောမှုတွေလည်း တစ်နေရာပြီး တစ်နေရာပြောင်းကာ ဆက်လုပ်နေသည်။ မူဆိုနှင့် Syarifuddin တို့သည် ကွန်မြူနစ်ပါတီတွင်

www.foreverspace.com.mm

Setiadjit နှင့်အတူ သွားရောက်ပူးပေါင်းကြသည်။ သူတို့၏နိုင်ငံရေးလှုပ်ရှားမှုကို အရှိန်မြှင့်သည့်သဘောဖြင့် ပြင်ပတွင်လူထုစည်းဝေးပွဲကြီးတွေလုပ်လာကြသည်။ အဓိကရည်ရွယ်ချက်မှာ ဘန်ဟတ္တအစိုးရကို စိတ်ဒုက္ခပေးရန်သာ ဖြစ်သည်။

ကျွန်တော်တို့ စစ်တပ်ခေါင်းဆောင်များသည် ယိုဂျာရို၊ ဂျလန်ကုတ်၊ အမှတ် (၄) တွင်စုဝေးကြပြီး စိတ်ဖိအားများကိုဖြစ်စေသည့် နိုင်ငံရေးအနေအထားများကို စဉ်းစားသုံးသပ်ခဲ့ကြသည်။ ပြဿနာ၏အဓိကမှာ မူဆိုနှင့် သူ့အစိုးရအဖွဲ့ ဖြစ်သည်။ စစ်တပ်ကိုပင် သူကပြန်ပြီး ချုပ်ကိုင်ရန် အားထုတ်နေသည်။

ထိုသို့ စိတ်ဖိစီးမှုတွေများပြီး အခြေအနေတင်းမာနေချိန်တွင် ကျွန်တော်သည် စစ်သေနာပတိ ဗိုလ်ချုပ်ကြီး ဆူဒါမန်း၏ ညွှန်ကြားမှုအောက်ကို ရောက်နေသည်။ ပါနမ်ဘဟမ်ဆီနိုပတီတပ်တွင် တာဝန်ယူနေရသည့် ဒုဗိုလ်မှူးကြီးဆူအာဒီကို ပြည်သူ့ဒီမိုကရက်တစ်တပ်ဦး၏ထောင်ချောက်အတွင်း မသက်ဆင်းမိစေရန် သတိပေးရသည်။ ထိုတပ်ဦးကလည်း အစိုးရကိုဆန့်ကျင်နေကြသည်။ FDR သည် စစ်တပ်ကိုပါလွှမ်းမိုးချုပ်ကိုင်ရန်ကြိုးစားနေကြောင်းမှာ ထင်ရှားလာသည်။

ကျွန်တော် ဆိုလိုသို့ပြန်သွားခဲ့သည်။ ဆူအာဒီကို ဘယ်မှာမှ ရှာမတွေ့တော့။ ဗိုလ်ချုပ်ကြီး ဆူဒါမင်က သူ့အနေဖြင့် FDR ကို မည်သည့်နည်းနှင့်မျှ အထောက်အကူမပေးတော့ကြောင်း၊ နိုင်ငံရေးတွင် ပါဝင်ပတ်သက်နေမှုအား ကြည့်နေလိုက်ရန်နှင့် လုံးဝအဆက်အသွယ်မလုပ်ရန်ကိုပါ ကျွန်တော့်ကို ညွှန်ကြားလိုက်သည်။

ဆိုလိုမှ ကျွန်တော် ဝိုနိုဂီရိသို့ ထွက်လာခဲ့သည်။ ထိုမြို့တွင် ကျွန်တော့်သူငယ်ချင်း ဆူအာဒီကို တွေ့သည်။ ကျွန်တော်က အခြေအနေမှန်ကိုရှင်းပြပြီး ကျွန်တော်တို့ ရပ်တည်ချက်နှင့် သူတို့ထောင်ချောက်အတွင်းမကျရောက်သွားရန်ကိုပါ သူ့အား သတိပေးပြောကြားခဲ့သည်။

ဆူအာဒီက ကျွန်တော့်ကို သူနှင့်အတူ မာဒီယန်သို့လိုက်ခဲ့ရန် ခေါ်သည်။ ထိုမြို့တွင် ပြည်သူတွေက မည်သို့စိတ်ထားများရှိကြောင်းပြမည်ဟု သူကဆိုသည်။ သူက ထိုသူများနှင့်ပူးပေါင်းရန်တော့ ကျွန်တော့်ကို မတိုက်တွန်းပေ။ ထိုဒေသတွင် အမှန်တကယ်ဖြစ်ပျက်နေသည့် အနေအထားကို လိုက်ကြည့်ရန်သာ ကျွန်တော့်ကို တိုက်တွန်းနေသဖြင့် ကျွန်တော်ကသွားရန် သဘောတူလိုက်သည်။

မူဆိုနှင့် သူ့အဖွဲ့သည် Syarifuddin၊ Supeno အပြင် အခြားသူများနှင့်အတူရှိနေကြသည်။ ကျွန်တော့်စိတ်ကူးက သူတို့နှင့် ပဋိပက္ခမဖြစ်ရန် ဖြစ်သည်။ FDR နှင့် TNI ကြားတွင် ပြည်တွင်းစစ်မီးမတောက်စေချင်ပါ။

ဆူအာဒီက ကားပေါ်တွင် ကျွန်တော့်ဘေး၌ထိုင်ပြီး လိုက်လာသည်။ ဝိုနိုဂီရိမှ မာဒီယန်၊ ဂျာတစ်ရှိနိမှ ပိုနိုရိုဂိုသို့ အသွားအပြန်ခရီးတွင် ရှေ့ပြေးယာဉ်တန်းနှင့် ကားတစ်စီးကို ကျွန်တော်တို့တွေ့လိုက်ရသည်။ ကျွန်တော်က ထိုကားထဲတွင် မည်သူပါသနည်းဟု ဆူအာဒီကို မေးလိုက်သည်။ သူက ထိုသူမှာ ပါ့ခ်အလီမင်ဖြစ်ပြီး ဘယ်ကိုသွားမည်ကိုတော့ မသိဟုပြောသည်။

မာဒီယန်သို့အရောက်တွင် ကျွန်တော်တို့ Amir Syarifuddin ၏ရုံးစိုက်ရာအိမ်တော်သို့ တန်းသွားလိုက်သည်။ သူ့ကိုတွေ့ရန်သွားသော်လည်း Syarifuddin က အိပ်နေသည်။ ထိုအချိန်တွင် လူတစ်ယောက်ဝင်လာသည်။ ထိုသူမှာ မူဆိုဖြစ်ကြောင်း ကျွန်တော်သိသည်။ သို့သော် သူနှင့်ကျွန်တော် ပထမဦးဆုံးအကြိမ်တွေ့ဖူးခြင်းဖြစ်သည်။ သူက ကျွန်တော့်ကို ပွင့်ပွင့်လင်းလင်းပြောသည်။ ကျွန်တော်က ဗိုလ်ချုပ်ကြီးဆူဒါမန် လွှတ်လိုက်သည်ဟု သူ့ကိုမပြော။ သို့သော် အကြောင်းစုံကို ဆူအာဒီက ပြောပြထားပြီးလောက်မှန်း သိသည်။



ကျွန်တော်က သူ့ကို ဒတ်ချ်တို့ကို ဆန့်ကျင်တိုက်ခိုက်ရမည့်အစား တစ်ဦးနှင့်တစ်ဦး အချင်းချင်းရန်လိုနေကြသည်မှာ အဓိပ္ပာယ်မရှိကြောင်းပြောသည်။ ကျွန်တော်ကသူ့ကို "တစ်ဦးနဲ့တစ်ဦး ရန်လိုမုန်းတီးနေမှုတွေကို ရပ်လိုက်ပြီး ဒတ်ချ်တွေကို ညီညီညွတ်ညွတ်နဲ့ ရင်ဆိုင်ကြရင်ကောင်းမယ်" ဟု ပြောလိုက်သည်။

မူဆိုက "ကျွန်တော် ခင်ဗျားပြောတာကို သဘောတူတယ်။ ဒါကြောင့်လည်း လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်ဖို့ ကျွန်တော် အင်ဒိုနီးရှားကိုပြန်လာတာပေါ့။ ဒါပေမဲ့ အဓိကအချက်က ဒတ်ချ်တွေနဲ့တော့ မပူးပေါင်းနိုင်ဘူး။ ကျွန်တော် သူတို့ကို ဘယ်တုန်းကမှ အယုံအကြည်မရှိခဲ့ဘူး။

www.foreverspace.com.mm





ခုဖြစ်နေတာက သူတို့ကို ခေါင်းထောင်ထအောင် လုပ်ပေးနေသလို ဖြစ်နေတယ်။ ဒီအချက်မှာ ဆူကာနိုနဲ့ ဘန်ဟတ္တာတို့က ကျွန်တော့်အမြင်ကို သဘောမတူကြဘူး။ သူတို့က ကျွန်တော့်ကို သံသယတွေဝင်နေကြတယ်။ ကျွန်တော့်ကို သတ်တောင်သတ်ချင်နေကြတယ်။ ဒါကြောင့်လည်း ကျွန်တော်က သူတို့ကို တိုက်တွန်းနေရတာ။ ဘာဖြစ်ဖြစ်လေ သူတို့လည်း သူတို့နည်းသူတို့ဟန်နဲ့ တိုက်နေကြတာလို့ ကျွန်တော် လက်ခံပါတယ်" ဟု ပြန်ပြောသည်။

သူက ဒတ်ချ်တွေကို အယုံအကြည်မရှိကြောင်း၊ ဆက်လက်တိုက်ပွဲဝင်မည်ဖြစ်ကြောင်း ထပ်ပြောပြန်သည်။

"ဆူကာနိုနဲ့ ဟတ္တာတို့က ဒတ်ချ်တွေနဲ့ စေ့စပ်ဆွေးနွေးချင်နေကြတယ်။ ကျွန်တော့်ကိုတော့ သုတ်သင်ချင်နေကြတယ်။ ဘာဖြစ်ဖြစ် ကျွန်တော်က ဒတ်ချ်တွေကို ထိပ်တိုက်ရင်ဆိုင်လိုက်ချင်တယ်။ အမှားလုပ်လို့ မရဘူးဗျ။ သူတို့ ကျွန်တော့်ကို ချေမှုန်းမယ်ဆိုရင် ကျွန်တော်က ဘယ်လွယ်လွယ်နဲ့ လက်နက်ချမလဲ။ ကျွန်တော်လည်း ပြန်တိုက်မှာပေါ့" ဟု ပြောလိုက်သည်။

"ဒါဆို ဘာကြောင့် တွေ့ဆုံဆွေးနွေးတာကို ရပ်လိုက်သလဲ။ နောက်တစ်ကြိမ် ပြန်ပြီး ဆွေးနွေးဖို့လုပ်ကြည့်ပါလား" ဟု ကျွန်တော်က ဆိုလိုက်သည်။

"ကျွန်တော်တို့မှာ နည်းလမ်းကတစ်ခုပဲရှိတယ်။ ဒါကိုမှ သဘောမတူနိုင်ကြတာ။ ဒီတော့ ဘာမှဖြစ်လာမှာမဟုတ်ဘူး" ဟု သူက ပြန်ပြောသည်။

ထို့နောက် ကျွန်တော်က "ဒီအကြောင်းကို ကျွန်တော် ဘန်ဟတ္တာနဲ့ ဘန်ကာနို (ဆူကာနို) ဆီကို ပြန်ပြီး ပြောပေးရမလား။ ကျွန်တော်တို့အားလုံး ဒတ်ချ်တွေကိုတိုက်ခိုက်ရာမှာ ညီညွတ်ကြဖို့လိုတယ် မဟုတ်လား"



"ပြောကြည့်လေ။ ဒါပေမဲ့ ဘန်ဟာတို (ဆူဟာတို) ခင်ဗျားကို ပွင့်ပွင့်လင်းလင်း ပြောမယ်။ သူတို့ ကျွန်တော့်ကို သတ်ဖို့ လုပ်နေကြရင် ကျွန်တော်ကတော့ ပြန်ချမှာပဲ"

အတော်လေးတော့ခက်သည်။ ပြဿနာကစပြီဖြစ်ကြောင်း ကျွန်တော် တွေးလိုက်မိသည်။

ဆူအာဒီနှင့် ကျွန်တော် လမ်းခွဲကာ ဝိုနိုဂီရိသို့ ပြန်လာခဲ့သည်။ ကျွန်တော်က ဆိုလိုမှ ဆူကိုဟာဂျိုသို့သွားရန် ဦးတည်လိုက်သည်။ ထိုအချိန်တွင် ဆီလီဝမ်ဂီတပ်သည် စတင်ဆုတ်ခွာနေပြီဖြစ်ကြောင်း သတင်းကြားလိုက်ရသည်။

ကျွန်တော့်အနေဖြင့် ဝိုနိုဂီရိမှ ဆိုလိုသို့ဆက်သွားလျှင် ကျွန်တော့်ကို ဖမ်းကြတော့မည်။ သူတို့က ဝိုနိုဂီရိမှ တပ်များ နောက်သို့ လိုက်နေကြသည်။ ဒစ်ဒိုဆိုသူ

www.foreverspace.com.mm

သည် နောက်ပိုင်းတွင် ကလီကိုတပ်ရင်းကို အုပ်ချုပ်ရသူ ဖြစ်လာသည်။ ကလီကိုတပ်ရင်းသည် နောက်ပိုင်းတွင် အမှတ် ၄၄၄ တပ်ရင်းဖြစ်လာပြီး သူတို့ကွန်မြူနစ်အုပ်စုက ကျွန်တော့်ကို အတော်လေး သံသယရှိနေကြသည်။ ကျွန်တော်က ဆူအာဒီထံမှ သတင်းများကို ယူလာသူဟု သိနေကြသောကြောင့် ဖြစ်သည်။ သို့ဖြစ်ရာ ကျွန်တော်ဆိုလိုသို့သွားလျှင် ဆီလီဝမ်ဂီတပ်၏ အဖမ်းခံရမှာ ကျိန်းသေသည်။ ဝိုနိုဂီရိတွင် နေလျှင်လည်း ဒစ်ဒိုက ကျွန်တော့်ကိုလာဖမ်းပြီး ပြန်ပေးဆွဲမည်။ ကျွန်တော်သည် ဘေးကျပ်နံကျပ်ကြားထဲတွင် ရောက်နေခဲ့ရသည်။

ကံအားလျော်စွာ ဝိုနိုဂီရိနယ်မြေက အခြေအနေကောင်းသည်။ ဝိုနိုဂီရိမှ မန်ယာလန်သို့သွားပြီး ရှေ့ဆက်၍ ဝိုနိုဆာရီနှင့် ယိုဂျာသို့သွားနိုင်သဖြင့် ထိုလမ်းကို ကျွန်တော်ရွေးလိုက်သည်။ နောက်တစ်နေ့တွင် ကျွန်တော် ယိုဂျာသို့ရောက်သည်။

ကျွန်တော်က ဗိုလ်ချုပ်ကြီး ဆိုဒါမန်သို့ မူဆိုနှင့်တွေ့ဆုံခဲ့ရသည့်အကြောင်း ပြန်လည်အစီရင်ခံကာ လက်ရှိအခြေအနေမှန်ကိုလည်း ထုတ်ဖော်ပြောပြလိုက်သည်။ ဆိုဒါမန်က ဆူကာနိုနှင့် ဘန်ဟတ္တာတို့ထံ မူဆိုနှင့်တွေ့ဆုံခဲ့ရသည့်ရလဒ်ကို တစ်ဆင့်ပြန်လည် အစီရင်ခံသည်။

နိုင်ငံတော်လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို တာဝန်ယူထားရသည့် ကျွန်တော့်အဖို့ PKI ၏လှုပ်ရှားမှု၊ နိုင်ငံတော်လုံခြုံရေးအား ခြိမ်းခြောက်မှုများကို ပြန်လည်သုံးသပ်ရန် လိုအပ်လာသည်။

အခြေအနေက ချက်ချင်းပြောင်းလဲသွားသည်။ တပ်များကြားတွင် မရှောင်လွှဲနိုင်သည့် တိုက်ခိုက်မှုများဖြစ်ပွားလာခဲ့သည်။ သောင်းကျန်းသူများက ဗိုလ်မှူးဂျိုကိုဆူဂျိုနိုကို မာဒီယန်မြို့၏ စစ်ဖက်ဆိုင်ရာအုပ်ချုပ်ရေးအာဏာပိုင်အဖြစ်လည်းကောင်း၊ ဒုဗိုလ်မှူးကြီး ဒါလန်းကို အမှတ် ၂၉ တပ်ရင်းမှူးနှင့် မာဒီယန်တိုက်ပွဲ ကွပ်ကဲရေးအရာရှိအဖြစ် ခန့်အပ်လိုက်ကြသည်။ သူတို့က မြို့ကိုထိန်းချုပ်လိုက်ပြီး လူငယ်များလွှင့်ထုတ်နေသည့် ရေဒီယိုအသံလွှင့်ဌာန Gelora Pemuda ကိုလည်း သိမ်းပိုက်လိုက်ကြသည်။ ကျွန်တော်တို့ဘက်ကမူ ဗိုလ်မှူးကြီး ဂါတော့ဆူဘရိုတိုကို စစ်ဖက်ဆိုင်ရာအုပ်ချုပ်ရေးအာဏာပိုင်အဖြစ် ခန့်အပ်ထားလိုက်သည်။

၁၉၄၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် အင်ဒိုနီးရှားကွန်မြူနစ်ပါတီ (PKI) သည် မာဒီယန်တွင် စတင်တော်လှန်ပုန်ကန်မှုလုပ်ခဲ့သည်။ တရားဝင်ဒေသဆိုင်ရာအစိုးရထံမှ အာဏာသိမ်းလိုက်ကြခြင်းဖြစ်သည်။ ထိုအာဏာသိမ်းမှုကို သမ္မတဆူကာနိုက အပြင်းအထန်ကန့်ကွက်ဆန့်ကျင်သည့်အနေဖြင့် ပြည်သူများသို့ "မူဆိုနဲ့ သူ့ကွန်မြူနစ်ပါတီကို ရွေးမလား၊ ဆူကာနိုနဲ့ ဟတ္တာကိုပဲရွေးမလား" ဟူ၍ ရာဇသံပေးလိုက်သည်။

တပ်မတော်သည် စစ်ဆင်ရေးအဆင့် ၁ အနေဖြင့် ပါဝင်ပတ်သက်လာရတော့သည်။ တော်လှန်ရေးကို ဖြိုခွဲရန်မှာ အဓိကဖြစ်သည်။ သို့ဖြင့် စက်တင်ဘာလ ၃၀ ရက်နေ့တွင် မာဒီယန်ကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။ နောက်နှစ်လအကြာတွင် ကွန်မြူနစ်များနှင့် နောက်လိုက်နောက်ပါများအားလုံးကို အမြစ်ပြတ်သုတ်သင်ရှင်းလင်းနိုင်ခဲ့ပြီဖြစ်ကြောင်း ကြေညာနိုင်ခဲ့သည်။

သောင်းကျန်းသူများကို ချေမှုန်းပြီးနောက် နိုင်ငံရေးပါတီများ၏ လှုပ်ရှားမှုများလည်း ကျဆင်းသွားသည့်အပြင် ဟတ္တာအစိုးရကိုဆန့်ကျင်မှုများလည်း လျော့နည်းသွားတော့သည်။



**တင်ညွန့်**

www.foreverspace.com.mm

ယခင်လမှအဆက်



# UNGA ၊ G 20 အရှေ့သွား အနောက်ရောက် (၆)

ရဲမင်းဦး

တတိယအကြိမ်မြောက် G 20 ထိပ်သီးဆွေးနွေးပွဲကျင်းပရာ ပစ္စဘတ်မြို့ကို အမေရိကန်ပြည်ထောင်စုတွင် အခြေချနေထိုင်ချင်စရာအကောင်းဆုံးမြို့ဟု အမေရိကန်ပြည်သူများက သတ်မှတ်ထားကြသည်။ မြို့တည်ထောင်မှုသက်တမ်းက ယခုဆိုလျှင် ၂၅၂ နှစ်ရှိပြီ ဖြစ်သည်။ အိုဟိုင်းယိုးမြစ်ဖြစ်လာစေသည့် မိုနွန်ဂါဟီလာမြစ်နှင့် အယ်လီဂီနီမြစ်တို့ ဆုံဆည်းသည့် မြစ်ဆုံအရပ်တွင်တည်ရှိပြီး မြို့တွင်းမြို့ပြင်ဖွဲ့စည်း တည်ဆောက်ထားပုံအလွန်လှသည့်မြို့။ လေယာဉ်ပေါ်မှကြည့်လျှင် မြို့က ပို၍ရုပ်လုံးကြွ အလှပိုသည်။

G 20 ထိပ်သီးဆွေးနွေးပွဲ ဒုတိယရက် (နောက်ဆုံးနေ့လည်းဖြစ်သည်) တွင် ကြုံတွေ့ရဆဲ နိုင်ငံတကာစီးပွားရေးနှင့် ဘဏ္ဍာရေးပြဿနာများ ဖြေရှင်းရေးအတွက် G 20 အဖွဲ့ဝင်နိုင်ငံများဖြစ်သော အမေရိကန်ပြည်ထောင်စု၊ ဂျပန်၊ အိန္ဒိယ၊ ရုရှား၊ ဘရာဇီး၊ ပြင်သစ်၊ ဗြိတိန်၊ အီတလီ၊ အင်ဒိုနီးရှား၊ တောင်ကိုရီးယား၊ တောင်အာဖရိက၊ တူရကီ၊ ဂျာမနီ၊ မက္ကဆီကို၊ ကနေဒါ၊ ဒိန်းမတ်၊ စပိန်၊ အာဂျင်တီးနား၊ ဩစတြေးလျ၊ ဥရောပသမဂ္ဂတို့မှ အစိုးရအဖွဲ့

www.foreverspace.com.mm

အကြီးအကဲများ၏ ဆွေးနွေးသဘောတူဆုံးဖြတ်ချက်များ၊ G 20 ၏ အနာဂတ်စီးပွားရေး၊ ဘဏ္ဍာရေး၊ ကုန်သွယ်ရေး၊ ပူးပေါင်းဆောင်ရွက်ရေး အစီအမံများ ပေါ်ထွက်လာမည်ဖြစ်၍ စာရေးသူတို့ တည်းခိုရာ Microtel Inn မှ ပစ္စဘတ်မြို့တွင်းသို့ နံနက် ၆ နာရီကျော်ကပင် ထွက်ခဲ့ကြသည်။


တည်းခိုရာမှ ပစ္စဘတ်လေဆိပ်သို့ လေဆိပ်ဖယ်ရီကားဖြင့်လည်းကောင်း၊ လေဆိပ်မှ ပစ္စဘတ်မြို့လယ်သို့ တက္ကစီဖြင့်လည်းကောင်း ချီတက်ကြသည်။ G 20 ထိပ်သီးဆွေးနွေးပွဲကျင်းပသည့် David L. Lawrence Convention Center သို့ မီဒီယာသမားများကို စစ်ဆေးပို့ဆောင်ပေးသည်။ Mellon Arena အဆောက်အအုံသို့ ရောက်သော် စာရေးသူတို့ထက် ဝီရိယပိုကောင်းနေသော နိုင်ငံစုံမှ မီဒီယာသမားများ (အထူးသဖြင့် ရုပ်သံမီဒီယာများမှ ပုဂ္ဂိုလ်များ) ရောက်နေသည်ကို တွေ့လိုက်ရသည်။ "လုံခြုံရေးစစ်ဆေးမှုကိစ္စကို ကျွန်မတို့တွေ မနေ့ကလိုပဲ ပူးပေါင်းဆောင်ရွက်ကြရအောင်" ဟု တာဝန်ရှိအမျိုးသမီးတစ်ဦးက ပြုံးရွှင်သော မျက်နှာပေးဖြင့်နှုတ်ဆက်သည်။ စာရေးသူတို့အပါအဝင် မီဒီယာသမားများကလည်း တက်တက်ကြွကြွ။ ထိပ်သီးဆွေးနွေးပွဲဆိုင်ရာ အမေရိကန်တာဝန်ရှိပုဂ္ဂိုလ်အားလုံးကလည်း တက်တက်ကြွကြွ။ ဆွေးနွေးပွဲကျင်းပရာစင်တာသို့ စာရေးသူတို့ရောက်သွားချိန်တွင် အဆောက်အအုံကြီးအတွင်းရောက်နှင့်နေသူ အများအပြားရှိနေပေပြီ။

မီဒီယာသမားများစွာ ထူးထူးခြားခြား ဝီရိယကောင်းနေခြင်းမှာ အခြားကြောင့်မဟုတ်။ G 20 ခေါင်းဆောင်များဆွေးနွေးမှုထပ်မလုပ်ခင် အမေရိကန်ပြည်ထောင်စုသမ္မတ ဘားရက်ခ်အိုဘားမားက ပြင်သစ်သမ္မတ နီကိုလပ်စ်ဆာကိုဇီနှင့် ဗြိတိန်ဝန်ကြီးချုပ် ဂေါ်ဒွန်ဘရောင်းတို့ ခြံရံရပ်တည်မှုနှင့်အတူ အီရန်နိုင်ငံ၏ ချူကလီး



ယားစီမံချက်နှင့်စပ်လျဉ်း၍ Special Speech လုပ်ရန် အစီအစဉ်ရှိ၍ဖြစ်သည်။ အီရန်နိုင်ငံတွင် လျှို့ဝှက်မြေအောက် ချူကလီးယားလောင်စာစက်ရုံတစ်ရုံတည်ဆောက် လည်ပတ်နေသည်ဆိုသော သတင်းအထောက်အထားများအရ အီရန်အာဏာပိုင်များကို ချူကလီးယားပိုင်ဆိုင်ရေး ကြိုးပမ်းနေမှုများနှင့်ပတ်သက်၍ ရှေ့ဆက်မတိုးရန် ပါဝါနိုင်ငံများ၏ကိုယ်စား သမ္မတအိုဘားမားက တောင်းဆိုဖိအားပေးလိုက်ခြင်းဖြစ်သည်။ နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ (IAEA) က အီရန်ကြေညာမထားသော ချူကလီးယားခြေလှမ်းများနှင့်စပ်လျဉ်း၍ အမေရိကန်သမ္မတထံ စာဖြင့်အသိပေးလိုက်၍ အနောက်အုပ်စုထောက်လှမ်းရေးအသိုက်အဝန်းက သတင်းမှန်၊ မမှန်စုံစမ်းပြီးနောက် ဝါရှင်တန်၊ ပါရီနှင့် လန်ဒန်အစိုးရများက G 20 ခေါင်းဆောင်များရှေ့မှောက်တွင် အီရန်ကို ရာဇသံပေးလိုက်ခြင်းဟု ဆိုရမည်။ အဆိုပါ 'သတိပေးပွဲ' ကို စာရေးသူတို့ မမီလိုက်။

G 20 ဆွေးနွေးပွဲရလဒ်များ၊ ညှိနှိုင်း



www.foreverspace.com.mm

တိုးတက်မှုအခြေအနေများကို မီဒီယာများသို့ ပင်တိုင်သတင်းထုတ်ပြန်ပေးနေသူမှာ အမေရိကန်ဘဏ္ဍာရေးဝန်ကြီး တီမိုသီဂိုက်သ်နာဖြစ်သည်။ Media Room ခန်းမကြီးထဲ၌တပ်ဆင်ထားသည့် ရုပ်သံပိတ်ကား မျက်နှာပြင်များပေါ်တွင် G 20ခေါင်းဆောင်များက မည်သည့်ကိစ္စရပ်များကို မည်သို့ဆွေးနွေးကြပြီး မည်သည့်အခြေခံသဘောတူညီချက်များရနေသည်ဆိုသည်ကို ပြောပြနေသော မစ္စတာဂိုက်သ်နာကို တွေ့နေရသည်။ ဆွေးနွေးပွဲကျင်းပရာ တတိယထပ်သို့ စာရေးသူတို့တက်သွားပြီး သတင်းစာရှင်းလင်းပွဲခန်းမငယ်များကို ဝင်ကြည့်သည်။ လူမရှိသေး။ ဆွေးနွေးမှုများ မပြီးပြတ်သေး၍ဖြစ်သည်။ ခန်းမဆောင်ကြီး၏ အပြင်ဘက် လေသာဆောင်တစ်နေရာတွင်မူ ရုပ်သံမီဒီယာတစ်ခုကို အင်တာဗျူးလုပ်ခွင့်ပေးနေသော အမျိုးသမီးကြီးတစ်ဦးကို စာရေးသူလှမ်းမြင်လိုက်သည်နှင့် ထိုအမျိုးသမီး မည်သူမည်ဝါဖြစ်သည်ကို စာရေးသူ ချက်ချင်းသိသွားသည်။ သတင်းရောင်းရင်းသုံးဦးကို လက်တို့လိုက်ပြီး အဆိုပါနေရာသို့ စာရေးသူတို့ ရောက်သွားသည်။ ဂျာမနီရုပ်သံမီဒီယာတစ်ခုတည်းကိုသာ လက်ခံစကားပြောနေသူမှာ ဂျာမနီနိုင်ငံအကြီးအကဲ အန်ဂျလာမာကယ်ပင် ဖြစ်သည်။

အဆိုပါအင်တာဗျူးလုပ်နေသည့်နေရာသို့ စာရေးသူတို့ကပ်ခွင့်မရ။ မစ္စမာကယ်၏ကိုယ်ရံတော်များက ကပ်ခွင့်မပေး။ မလှမ်းမကမ်းတွင်ရပ်နေရသည့်တိုင် အခွင့်သာလျှင် ဂျာမနီအကြီးအကဲကို မေးခွန်းတစ်ခုထုတ်လို၍ စာရေးသူက နီးသည်ထက်နီးရန် တရွေ့ရွေ့ကြိုးပမ်းသည်။ အင်တာဗျူးလုပ်နေသည့်နေရာသို့ ၁၀ လှမ်းကျော်လောက်အထိ စာရေးသူရောက်သွားချိန်တွင် စာရေးသူရှေ့သို့ အမျိုးသမီးတစ်ဦး လာရပ်သည်။ သူ့မျက်နှာကို စာရေးသူ မမြင်ရ။ မော့်ကြည့်လိုက်တော့မှ အတော်ပြေပြစ်သည့် ပြုံးအလှပိုင်ရှင်၏မျက်နှာကို တွေ့ရသည်။ မစ္စမာကယ်၏ လုံခြုံရေးတာဝန်ရှိဝန်ထမ်းတစ်ဦးဖြစ်သည့် အဆိုပါမြင့်မြင့်တောင့်တောင့်လှလှက စာရေးသူကို "လူကြီးမင်း ဒီမှာပဲ ရပ်လိုက်ပါ။ ရှေ့ဆက်မသွားစေဘူး" ဟု ဆိုလာသည်။ စာရေးသူ၏ခေါင်းပေါ်မှလာသောအသံဖြစ်၍ စာရေးသူ နားထောင်လိုက်ပါ၏။ G 20 ထိပ်သီးဆွေးနွေးပွဲကျင်းပသည့်ကာလသည် ဂျာမနီနိုင်ငံ၌ အထွေထွေရွေးကောက်ပွဲကျင်းပသည့် ကာလနှင့် တိုက်ဆိုင်နေ၍ ရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်နေသူ မစ္စမာကယ်၏လုံခြုံရေးကို သက်ဆိုင်သူများက ပိုအလေးထားနေခြင်း ဖြစ်မည်။ စာရေးသူတို့အပြင် အခြားမီဒီယာသမားအချို့လည်း လေသာဆောင်၌ ဂျာမန်ဘာသာစကားဖြင့် တည်ငြိမ်စွာ စကားပြောနေသူ မစ္စမာကယ်ကို 'လမ်းလျှောက်' အင်တာဗျူးခွင့်ရရန်




www.foreverspace.com.mm

ခန်းမတွင်းမှ စောင့်နေသည်ကို တွေ့၏။ သိပ်မကြာလိုက်ခင်မှာပင် ဂျာမနီအကြီးအကဲ ခန်းမဆောင်အတွင်း ပြန်ဝင်လာသည်။ စာရေးသူတို့ ဓာတ်ပုံရိုက်ရင်း ဘေးတိုက် လျှောက်လိုက်ကြသည်။ အမေရိကန် သတင်းသမားတစ်ဦးက "Her Excellency, How about your Election Campaign? What you Expect on it" ဟု လှမ်းမေးသည်။ မစ္စမာကယ်က ဘာမှမတုံ့ပြန်။ ထိပ်သီးဆွေးနွေးပွဲကျင်းပရာ အခန်းကြီးထဲ ပြန်ဝင်သွားသည်။

David L. Lawrance Convention Center ဒုတိယထပ်ရှိ ကန်တင်းန်တွင် နေ့လယ်စာစားရင်း စာရေးသူတို့ တိုင်ပင်သည်။ G 20 ခေါင်းဆောင်များ ဆွေးနွေးမှု လက်စသတ်ပြီးလျှင် သတင်းစာရှင်းလင်းပွဲများလုပ်တော့မည်ဖြစ်ရာ မည်သည့် သတင်းစာရှင်းလင်းပွဲကို ရွေးချယ်လျှင် ကောင်းမည်လဲဟု တိုင်ပင်ကြခြင်းဖြစ်သည်။ တရုတ်သမ္မတဟူကျင်တောင်နှင့် အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းတို့၏ သတင်းစာရှင်းလင်းပွဲများကိုလည်း စိတ်ဝင်စားနေမိကြသည်။ သို့သော် ယင်းသတင်းစာရှင်းလင်းပွဲများထက် စင်တာဒုတိယထပ် အတွင်း ခန်းမကြီး၌ပြုလုပ်မည့် သမ္မတ အိုဘားမား၏ G 20 ဆိုင်ရာ သတင်းစာရှင်းလင်းပွဲသို့တက်ရန်ကိုသာ စာရေးသူတို့ အားလုံး စိတ်ဝင်စားမှုပိုနေသည်ဖြစ်၍ စားစားသောက်သောက် နားနားနေနေဖြင့် စင်တာပြင်ပပြန်မထွက်ဘဲစောင့်ဆိုင်းရန် ဆုံးဖြတ်လိုက်ကြသည်။ နှစ်နာရီကျော်စောင့် လိုက်ကြရပြီးနောက် တာဝန်ရှိသူများက သတင်းစာရှင်းလင်းပွဲခန်းမအတွင်း မီဒီယာ သမားများကို ဝင်ခွင့်ပြုလိုက်သည်။

စောင့်ရကျိုးနပ်သည်ဟု ဆိုရမည်။ စာရေးသူတို့ အရှေ့ဆုံးခုံတန်းများတွင် နေရာယူလိုက်နိုင်၏။ သမ္မတကြီးကတော့ ဘယ်လိုနေမည်မသိ။ စာရေးသူတို့ကမူ ဝမ်းသာအားရ စိတ်လှုပ်ရှားလျက်။ စာရေးသူ၏ဘေးခုံတွင် အမျိုးသမီးငယ်တစ်ဦး လာထိုင်သည်။ စာရေးသူကို "ဘယ်ကလာတာလဲ၊ ဘယ်မီဒီယာကလဲ" ဟု မေးသည်။




"ကျွန်မကတော့ နယူးယောက်က။ အင်တာနက်မီဒီယာတစ်ခုကပါ။ ရှင်တော့ သိမယ် မထင်ဘူး" ဟု ဆိုသည်။ "ကျွန်တော်တို့က မြန်မာတွေပါ။ မြန်မာနိုင်ငံက။ မြန်မာနိုင်ငံ ဆိုတာ သိရဲ့လား။ ကျွန်တော်ကတော့ ခင်ဗျားသိမယ်ထင်တာပဲ" ဟု စာရေးသူက ခွန်းတုံ့ပြန်လိုက်သည်။ "သိတယ်။ မြန်မာနိုင်ငံကို သိတယ်။ မီဒီယာအလုပ်လုပ်နေပြီး မသိရင်ဘယ်ဖြစ်မလဲ။ တွေ့ရတာဝမ်းသာပါတယ်" ဟု သူမက ပြန်ပြောသည်။ ထိုအခိုက် သူမ၏လုပ်ဖော်ကိုင်ဖက်အမျိုးသားတစ်ဦးရောက်လာ၍ စာရေးသူတို့ စကားစပြတ်သွားသည်။

ဒေသစံတော်ချိန်ညနေ ၄ နာရီတွင် သတင်းစာရှင်းလင်းပွဲစမည်ဆိုသော်လည်း သာမန်အချိန်ကာလမျိုးမဟုတ်ဘဲ G 20 ခေါင်းဆောင်များနှင့် အခြားအရေးကြီးဧည့်သည်များရှိနေ၍ အလုပ်အလွန်များနေသောကြောင့်ဖြစ်မည်။ သတင်းစာရှင်းလင်းပွဲစတင်နိုင်ချိန်မှာ ညနေ ၅ နာရီ ၁၅ မိနစ်။ ပွဲစတင်သည်နှင့် ဧည့်သည်များရှိနေ၍ အချိန်အနည်းငယ်နှောင့်နှေးသွားခြင်းအပေါ် သတင်းမီဒီယာသမားများ သည်းခံစောင့်ဆိုင်းပေး၍ ကျေးဇူးတင်ကြောင်း မစ္စတာအိုဘားမားကဆိုသည်။ ထို့နောက် G 20 ခေါင်းဆောင်များက ကမ္ဘာ့စီးပွားရေး အခင်းအကျင်းသစ်ဖန်တီးမည်၊ စွမ်းအင်အသုံးပြုမှုပုံစံကို Green Energy အဖြစ် ပြောင်းလဲဖန်တီးအသုံးပြုမည်၊ ဘဏ္ဍာရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ နိုင်ငံတကာမူဝါဒ

www.foreverspace.com.mm

ဘဏ်များ ဖော်ဆောင်မည်၊ ကမ္ဘာ့ဘဏ္ဍာရေး စည်းမျဉ်းသစ်ဖော်ဆောင်မည်၊ ရေရှည်လုပ်ငန်းစဉ်များ အကောင်အထည်ဖော်မည်၊ ပြည်တွင်းပြည်ပစီးပွားရေးဟန်ချက်ညီမှုများရှိစေရန် ဖန်တီးကြမည်၊ စွမ်းအင်လုံခြုံရေးနှင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု ထိန်းချုပ်ရေးကို ထိထိရောက်ရောက်ညှိနှိုင်းဆောင်ရွက်သွားမည်၊ G20 နိုင်ငံများ၏ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အရှိန်မြှင့်မည်၊ စားနပ်ရိက္ခာဖူလုံရေး အလေးထားအကောင်အထည်ဖော်မည်၊ ကမ္ဘာ့နိုင်ငံအားလုံး အပြန်အလှန်အကျိုးရှိစေမည့် ကုန်သွယ်ရေးပတ်ဝန်းကျင် ဖန်တီးမည်၊ ဘက်စုံပူးပေါင်းဆောင်ရွက်မှုများ အားကောင်းမောင်းသန်ရှိနေစေမည်၊ နျူကလီးယားလက်နက်များမပြန့်ပွားရေးနှင့် ထိန်းချုပ်ရေးကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက အလေးထားဆောင်ရွက်မည် စသည်တို့ ဆွေးနွေးသဘောတူကြကြောင်း သမ္မတအိုဘားမားက ပြောကြားသည်။

သမ္မတ၏ ပြောဟန်ဆိုဟန်လေသံများမှာ ထိပ်တန်းခေါင်းဆောင်နေရာနှင့် ထိုက်တန်သူဖြစ်ကြောင်း သက်သေပြနေသကဲ့သို့ရှိ၏။ ပြောစရာရှိတာပြောပြီးသောအခါ သမ္မတက မေး၊ ဖြေလုပ်ရန် ပြင်ဆင်လိုက်ပြီး စာရေးသူတို့၏ ညာဘက်ခြမ်းရှိ ခုံတန်းများဆီ မျက်နှာမူ၍ အိမ်ဖြူတော်နိုင်ငံတကာ သတင်းမီဒီယာအဖွဲ့မှ လူတစ်ယောက်၏အမည်ကို ခေါ်လိုက်ပြီး ဘာမေးချင်လဲဟု ပြောသည်။ မေးသူက အီရန်နျူကလီးယားပြဿနာနှင့် အာဖဂန်နစ္စတန်ဆိုင်ရာ အမေရိကန်ပြည်ထောင်စု၏ ဆက်လက်ရပ်တည်လှုပ်ရှားမည့် အစီအစဉ်တို့အပေါ် မေးခွန်းထုတ်သည်။

သမ္မတက နောက်တစ်ဦးကို ထပ်မေးခွင့်ပြုသည်။ မေးသူက ပစ္စဘတ်မြို့တွင် လက်ရှိဖြစ်ပေါ်နေသော ဆန္ဒပြပွဲများအကြောင်း၊ အီရန်ဆိုင်ရာ ထောက်လှမ်းရေး အစီရင်ခံစာများအကြောင်း မေးခွန်းထုတ်၏။ သမ္မတက တစ်ယောက်ထပ်မေးခွင့်ပေးမည်။ ဘယ်သူမေးချင်သလဲဟု ဆိုလိုက်သောအခါ စာရေးသူတို့၏လက်များအပါအဝင် လက်ပေါင်းများစွာ ထောင်တက်လာသည်။ ယာဘက်ခြမ်းအုပ်စုတွင် တစ်ယောက်ကို မေးခွင့်ပေးလိုက်သည်။ မေးခွင့်ရပုဂ္ဂိုလ်က အီရန်နျူကလီးယားပြဿနာကို ကိုင်တွယ်ဖြေရှင်းမည့် နည်းလမ်းများနှင့်စပ်လျဉ်း၍ မေးသည်။

သတင်းစာရှင်းလင်းပွဲပြီးဆုံးချိန်တွင် ဒေသစံတော်ချိန် ၅ နာရီ ၄၅ မိနစ်။ အဆိုပါ ရှင်းလင်းပွဲခန်းမအတွင်းမှ စာရေးသူတို့ပြန်ထွက်လာပြီးနောက် သတင်းစာရှင်းလင်းပွဲခန်းမငယ်များဆီသို့ ဦးတည်လိုက်သည်။ ခန်းမငယ်တစ်ခု၌ ဩစတြေးလျဝန်ကြီးချုပ် ကီဗင်ရဒ်ပြောနေသည်ကိုတွေ့၍ ဝင်လိုက်၏။ စာရေးသူတို့ ကံမကောင်း။ မစ္စတာကီဗင်ရဒ်က နိဂုံးချုပ်ကျေးဇူးတင်စကားဆိုနေပြီ။ အခြားခန်းမငယ်များမှာလည်း ပိတ်သွားပြီဖြစ်ရာ စာရေးသူတို့တည်းခိုရာသို့ ပြန်ရန်သာရှိတော့၏။ G20 ထိပ်သီးဆွေးနွေးပွဲ အောင်မြင်စွာပြီးဆုံးသွားပြီဖြစ်သည်။ အပြန်လမ်းတွင် စိတ်ပေါ့ပါးသွားပုံရသည့် လုံခြုံရေးဝန်ထမ်းများ၏



www.foreverspace.com.mm

မျက်နှာကို မြင်တွေ့ဖြတ်သန်းလာခဲ့ကြသည်။ မြို့တွင်းသို့ လိုင်းကားများပြန်ဝင်လာသည်ကို တွေ့ရသည်။ နိုင်ငံတကာမှ သတင်းမီဒီယာသမားများ အုပ်စုလိုက်သွားလာနေကြသည်ကို တွေ့၏။ သူတို့၏မျက်နှာများပေါ်၌ပင် ယနေ့အလုပ်ပြီးသွား၍ ကျေနပ်ပုံပေါ်နေသကဲ့သို့ မနက်ဖြန်အလုပ်များအတွက်လည်း ကြိုတင်အကွက်ချစဉ်းစားနေကြပုံပေါ်လွင်နေသည်။ ခံစားချက်ကပြားမျက်နှာများ။

စာရေးသူတို့ တည်းခိုရာနေရာသို့ တိုက်ရိုက်မပြန်ဘဲ ယင်းဟိုတယ်အနီးဝန်းကျင်ရှိ စားသောက်ဆိုင်များဆီသို့ ချီတက်ကြသည်။ မက္ကဆီကန်စားသောက်ဆိုင်တစ်ခုသို့ဝင်လိုက်ကြပြီး စိတ်ထဲက ကောင်းမည်ဟု ကိုယ်စီယူဆသည့် မစားဖူးသော မက္ကဆီကန်အစားအစာများ မှာလိုက်သည်။ အလွန်စား၍ကောင်းပါသည်။ ဂျာမန်ဘီယာနှင့် မက္ကဆီကန်အစားအစာ အလွန်လိုက်ဖက်၏။ ညစာကို အချိန်ယူစားသောက်ပြီးသောအခါ တည်းခိုရာသို့ ပြန်လာပြီးနောက် စာအုပ်ဝယ်ရန် စာရေးသူ စိတ်ကူးမိ၍ ဟိုတယ်နှင့် မလှမ်းမကမ်းရှိ BARNES & NOBLE စာအုပ်ဆိုင်သို့ ရောက်သွားသည်။ စာအုပ်ဆိုင်၏ အခင်းအကျင်းနှင့် ပြင်ဆင်ဖွဲ့စည်းမှုအလွန်ကောင်းသည်။ စာအုပ်စာတမ်း အစုံအလင်ရှိသည်။ ဟိုမြည်း၊ သည်မြည်းနှင့် အီရန်၌ နျူကလီးယားသန္ဓေတည်လာပုံနှင့် အီရန်နိုင်ငံ နျူကလီးယားလက်နက်ပိုင်ဆိုင်လျှင် ဘာဖြစ်လာနိုင်သည်ကို ဆန်းစစ်ထားသည့် THE RISE OF NUCLEAR IRAN (၂၀၀၉ ခုနှစ် စက်တင်ဘာလထုတ်) စာအုပ်ကို အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၉၅ ပေး၍ ဝယ်လိုက်သည်။ ထို့နောက် ရေနံဆိုင်ရာအခင်းအကျင်းအဖြစ်အပျက်အလုပ်အယိမ်းနှင့် အနာဂတ်ဖြစ်နိုင်ခြေများကို ပြုစုဖော်ပြထားသော CRUDE OIL (၂၀၀၉ ခုနှစ် စက်တင်ဘာလထုတ်) စာအုပ်ကို ၂၇ ဒေါ်လာပေး၍ ထပ်ဝယ်သည်။

ဟိုတယ်ပြန်ရောက်တော့ စက်တင်




ဘာလ ၂၆ ရက်နေ့ နံနက်စောစောတွင် ချီကာဂိုသို့သွား၍ ချီကာဂို-တိုကျို-ဘန်ကောက်-ရန်ကုန် ခရီးစဉ်အတိုင်း ဌာနေပြန်ရန် ပြင်ဆင်ရတော့သည်။ စာရေးသူ၏ ပထမအကြိမ် အမေရိက UNGA, G20 သတင်းခရီးကား နိဂုံးတံလေပြီ။ မြန်မာနိုင်ငံသားသတင်းစာဆရာလေးဦးအတွက် အဖိုးမဖြတ်နိုင်သော နိုင်ငံတကာသတင်းမီဒီယာအတွေ့အကြုံကောင်းများ ရရှိကြပြီဖြစ်သည်။

နောက်တစ်ရက် (စက်တင်ဘာလ ၂၆) တွင် စာရေးသူတို့ ပစ္စဘတ်လေဆိပ်သို့ နံနက် ၄ နာရီရောက်သည်။ ပစ္စဘတ်နှင့် ချီကာဂိုမှာ မိုင် ၆၀၀ ကျော်ဝေးသည်။ ပစ္စဘတ်လေဆိပ်မှ ချီကာဂိုရှိ အိုဟာရီ နိုင်ငံတကာလေဆိပ်သို့ ပျံသန်းချိန် ၁ နာရီ ၃၀ မိနစ် ကြာသည်။

ချီကာဂိုမှာ သမ္မတဘားရက်ခ်အိုဘားမားတို့ ဇနီးမောင်နှံ အခြေချနေထိုင်ရာမြို့။ မြို့အနေအထား မည်မျှကြီးသည်မသိ။ ဝေယံထက်မှ မီးအလင်းရောင်များ မြင်တွေ့ရသည်မှာ မဆုံးနိုင်။ စာရေးသူတို့သည် ချီကာဂိုလေဆိပ်တွင် ဒေသစံတော်ချိန် ၁၂ နာရီ ၅ မိနစ်အထိ နေကြရဦးမည်ဖြစ်သည်။ ချီကာဂိုလေဆိပ်၏ ဖွဲ့စည်းတည်ဆောက်ထားပုံမှာ လော့ဇင်ဂျလိစ်၊ နယူးယောက်၊ ဝါရှင်တန်၊ ပစ္စဘတ်လေဆိပ်များနှင့်မတူ။ တစ်မျိုးတစ်ဖုံ ခန့်ညားလှပသည်။ Terminal တစ်ခုနှင့်တစ်ခုအကြား မြေအောက်လူသွားစင်္ကြံကြီးများဖြင့် ချိတ်ဆက်ထားသည်။ အဆိုပါချီကာဂိုလေဆိပ်ရောက်မှပင် စာရေးသူလည်း အမေရိကရောက်ပြီးချိန်မှစ၍ မကြုံခဲ့ရသည့် ဖြစ်ရပ်တစ်ခုနှင့် ဒက်ထိတိုးတော့သည်။ ဖြစ်ပုံကဒီလို . . .။

(ရှေ့လနိဂုံးချုပ်ပါမည်။)

**ရဲမင်းဦး**



www.foreverspace.com.mm

**ယခင်လမှအဆက်**


Chennai
Tuesday, January 27, 2009

The New Indian Express

World | P 13
Israel to back soldiers accused of war crimes

Sport | Page 15

www.expressbuzz.com

Lankan conflict

## 'Military action will not solve issues'

Express News Service
Ramanathapuram, January 26

THE Sri Lankan crisis cannot be solved by military action and everyone should strive to bring peace to the embattled country, spiritual leader Sri Sri Ravishankar said at Mandapam on Monday.

Ravishankar, who reached Mandapam camp by helicopter from Tiruchendur, told mediapersons that the refugees were in a state of uncertainty. It was necessary to create trust among them. Action should be taken to ensure that their life continued undisturbed.

He blamed some political leaders for handling the Lankan issue with selfish motives. The Centre should stop providing arms and other assistance to the Sri Lankan government for use against the Lankan Tamils, he said.

He condemned the double standards adopted the Central government in treating the Lankan refugees and Bangladesh refugees. The former were not allowed to stay outside the camp after 6 pm while the Bangladeshi refugees were enjoying government benefits, including ration cards.

Therefore, the government has to change its stand and the State government and the leaders should pressure the Centre to take action to solve the Sri Lankan problem, he said.

Ravishankar said he intended to visit Sri Lanka to initiate peace talks for the benefit of the Tamils there. Otherwise, LTTE leader Prabhakaran's fate would be similar to that of former Iraqi president Saddam Hussain, he pointed out.

The government has to take all action to eradicate terrorism in the country.

Students should be given training to lead a spiritual way of life instead being drawn by terrorism, he said.

Earlier, Ravishankar blessed the Lankan refugees and distributed sarees and dhotis to them, before proceeding to Rameswaram.

Sri Sri Ravi Shankar interacting with Sri Lankan refugees at the Mandapam camp in Ramnad on Monday

Ramnath Goenka တည်ထောင်သည့် Indian Express သတင်းစာ

# သူဌေးဖြစ်နည်း လျှို့ဝှက်ချက်

## ၃၁

### ဦးလှဝင်း (လေသူရဲတစ်ဦး)

ဒီရုပ်ပေးအပေါ်မှာ မြင်ကြပုံကတော့ ဒီရုပ်ပေးမှာ အားနည်းချက်တွေ ရှိတာမှန်တယ်။ ဒါပေမဲ့ စီးပွားရေးအကွက်အကွင်းတွေကို ကြိုမြင်တာနဲ့ပတ်သက်ပြီး သူ့ကိုယှဉ်နိုင်သူ သိပ်ရှားတယ်။

လူငယ်စီးပွားရေးသမားတွေအနေနဲ့ ဒီရုပ်ပေးရဲ့ ကောင်းမွန်တဲ့အစွမ်းအစတွေကို အတုခိုးစရာတွေ အများကြီးရှိနေတယ်တဲ့။

ပြည်သူ့အမြင်ကတော့ နှစ်မျိုးကွဲသွားခဲ့တာပေါ့ခင်ဗျာ။

တကယ်တော့ သူဌေးကြီး ဒီရုပ်ပေးနဲ့ သူဌေးကြီး ဂိုအင်ဂါတို့ ယှဉ်ပြိုင်တိုက်ခိုက်ခဲ့ကြတဲ့ ပုဂ္ဂိုလ်ရေးစစ်ပွဲက အဆုံးမရှိတဲ့စစ်ပွဲပါ။

နှစ်ဖက်လုံးနာခဲ့ကြပြီး နောက်ဆုံး ဒီရုပ်ပေး လေဖြတ်ပြီး ဆေးရုံရောက်သွားတဲ့အခါကျမှပဲ စစ်ပွဲအရှိန်လျော့ကျသွားခဲ့တယ်လို့ ဆိုရပါလိမ့်မယ်။

ကျွန်တော် ထောက်ပြချင်တာကတော့ အိန္ဒိယစီးပွားရေးလောကမှာ တစ်ယောက်ကိုတစ်ယောက် တိုက်ကြခိုက်ကြရန်ဖြစ်ကြတာ ဘာမှမဆန်းဘူး။

နိုင်ငံရေးသမားတွေကို ချသုံးတာ အဲ အစိုးရအာဏာပိုင်တွေကို ချသုံးတာ ဘာမှမဆန်းဘူး။

စာနယ်ဇင်းကို လက်ကိုင်တုတ်အဖြစ်သုံးတာလည်း ဘာမှမဆန်းဘူး။

အစဉ်အလာအရ အဲ . . . သူတို့စီးပွားရေးသမိုင်းတစ်လျှောက်လုံး ဖြစ်ခဲ့၊ ကြုံခဲ့ဖူးကြတယ်ဆိုတာပါပဲ။

ရယ်ရတယ်ခင်ဗျာ။

ဒီရုပ်ပေးက လေဖြတ်ပြီး ဆေးရုံရောက်သွားတယ်။ အမေရိကန်ပြည်ထောင်စုအထိကို ဆေးသွားကုရတယ်။

ဒါပေမဲ့ အဲဒီလို ဒီရုပ်ပေး မကျန်းမမာဖြစ်သွားတဲ့အချိန်မှာလည်း ဂိုအင်ဂါရဲ့ မီဒီယာစစ်ပွဲက လုံးဝမရပ်သွားသေးဘူး။

ဒီရုပ်ပေးကို တိုက်ရိုက်မတိုက်ခိုက်တော့ပေမယ့် ဒီရုပ်ပေးကို ကျောထောက်နောက်ခံပေးနေတဲ့ အိန္ဒိယအစိုးရကို မြားဦးလှည့်ပြီး တိုက်ခိုက်တယ်။

အဲဒီလိုတိုက်ခိုက်ကြရင်းနဲ့ သတင်းစာဆရာတွေအထဲမှာပဲ အုပ်စုနှစ်စုကွဲသွားခဲ့ပြန်တယ်။ အိန္ဒိယသမ္မတကို ထောက်ခံတဲ့အုပ်စု။ အိန္ဒိယဝန်ကြီးချုပ်ကို ထောက်ခံတဲ့အုပ်စု။ ဂိုအင်ဂါလက်ရုံးသတင်းစာဆရာ Gurumvrthy နဲ့ သူ့နောက်လိုက်တွေက အိန္ဒိယသမ္မတကို ထောက်ခံတယ်။ ဝန်ကြီးချုပ် ရာဂျစ်ဂန္ဒီကို ပုတ်ခတ်ရေးတယ်။

အဲဒီလို အရေးကောင်းတဲ့အတွက် အိန္ဒိယပြည်တွင်းမှာ နိုင်ငံရေးဆူပူမှုတွေ ဖြစ်လာတယ်။ ဆန္ဒပြပွဲတွေ ပေါ်လာတယ်။

www.foreverspace.com.mm



တစ်နည်းအားဖြင့်တော့ သူဌေးကြီး ဒီရုပ်ဟေးကို တိုက်ခိုက်ရင်းနဲ့ အမျိုးသားဆူပူမှုတွေဖြစ်လာခဲ့တယ်လို့ ဆိုပါတော့။

ရာဂျစ်ဂန္ဒီကလည်း အလွန်ထက်တဲ့ ဝန်ကြီးချုပ်။ Indian Express သတင်းစာကြီးကို အစိုးရအာဏာနဲ့ ဖိနှိပ်မှုအမျိုးမျိုးကို ပြန်လုပ်တယ်။ သတင်းစာတိုက်ကို ဝင်ရှာခိုင်းတယ်။ သတင်းစာထုတ်ဝေခွင့်ကို ပိတ်ပစ်ဖို့ ကြိုးစားတယ်။

ဒီအကြောင်းတွေကို ကျွန်တော် တင်ပြနေတာက အိန္ဒိယနိုင်ငံမှာ သူဌေးကြီးတွေအားပြိုင်ကြ၊ တိုက်ကြခိုက်ကြတဲ့ ပြဿနာဟာ အစိုးရပြဿနာ၊ နိုင်ငံတော်ပြဿနာကြီးအဖြစ်ကို ပြောင်းသွားနိုင်တယ်ဆိုတာ ပါပဲ။

နောက် သူတို့အုပ်စုတစ်စုနဲ့တစ်စု တိုက်ခိုက်မှုတွေက အလွန်ဖရိုဖရဲနိုင်တယ်။ အလွန်စည်းလွတ်ကမ်းလွတ် တိုက်ခိုက်ကြတာတွေရှိပါတယ်။

သူဌေးကြီး ဒီရုပ်ဟေးဟာ ၁၉၈၆ ခုနှစ်အတွင်း ပထမအကြိမ် လေဖြတ်ခံရပြီး ညာဘက်လက် သေသွားပါတယ်။

၂၀၀၂ ခုနှစ် ဇွန်လထဲမှာ ဒုတိယအကြိမ် လေဖြတ်တာခံရပါတယ်။ အဲဒီတစ်ကြိမ်မှာတော့ သူသတိပြန်မရတော့ပါဘူး။ တစ်ပတ်ကျော်မေ့မြောနေပြီး ဇူလိုင်လ ၆ ရက်နေ့မှာ ကွယ်လွန်သွားပါတယ်။

သူ့အသုဘအခမ်းအနားကို အိန္ဒိယလူထုရဲ့ အလွှာစုံကလူတွေလာကြပါတယ်။ နိုင်ငံရေးသမားတွေလာတယ်။ ထင်ရှားတဲ့ပုဂ္ဂိုလ်တွေလာတယ်။ သာမန်လူတန်းစားတွေလည်း အများကြီးလာကြတယ်။

သူကွယ်လွန်ပြီးတဲ့နောက်မှာ သေတမ်းစာ ရေးမသွားတဲ့အတွက် သူ့သားနှစ်ယောက်က သူ့ရဲ့လုပ်ငန်းတွေကို လုကြပြန်တယ်။ ဒီလုပ်ငန်းလု၊ အမွေလုတဲ့ ပြဿနာကလည်း အိန္ဒိယနိုင်ငံရဲ့စီးပွားရေးကို ထိခိုက်နိုင်တဲ့ပြဿနာဖြစ်တဲ့အတွက် ဘဏ္ဍာရေးဝန်ကြီးကိုယ်တိုင် သားနှစ်ယောက်ကို ခေါ်ပြီး ညှိနှိုင်းပေးခဲ့ရပါတယ်။

ကမ္ဘာ့စီးပွားရေးလောကမှာ ဒီရုပ်ဟေးလို အလွန်ကြီးမားတဲ့ အောင်မြင်မှုမျိုး ရနိုင်တဲ့လူက အလွန်ရှားပါတယ်။

သူကွယ်လွန်တဲ့အချိန်မှာ သူ့ရဲ့ Reliance Group ရဲ့ လည်ပတ်ငွေ Turn Over က ရူပီးငွေကုဋေ ၇၅,၀၀၀ အဲ . . . အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံ ရှိပါတယ်။

ဒီလုပ်ငန်းကို သူစတင်တည်ထောင်ချိန်က သူ့ငွေရင်းက ရူပီးငွေ ၁၅,၀၀၀ အဲ . . . အမေရိကန်ဒေါ်လာ ၃၅၀ ပဲ ရှိပါတယ်။


ဒေါ်လာ ၃၅၀ ကို အရင်းအနှီးပြုပြီး ငွေလုံးငွေရင်းဒေါ်လာ ၁၅ ဘီလီယံဖြစ်အောင် သူ ဘယ်လိုလုပ်ခဲ့တာလဲ။

ကုလားသူဌေးကြီးတွေက အလွန်ချီးကျူးချင်စရာကောင်းလောက်အောင် တော်ကြပါတယ်။

ဒီနေ့ကမ္ဘာမှာ တရုတ်နဲ့ အိန္ဒိယက စီးပွားရေးနဲ့ပတ်သက်ပြီး အလွန်လျင်မြန်တဲ့အရှိန်အဟုန်တွေနဲ့ တိုးတက်လျက်ရှိပါတယ်။

တရုတ်နိုင်ငံကို ကမ္ဘာမှာ စက်ရုံအင်အားအများဆုံးနိုင်ငံလို့ သတ်မှတ်ထားပါတယ်။ အိန္ဒိယနိုင်ငံကို ကမ္ဘာ့ဝန်ဆောင်မှု (Services) အများဆုံးပေးနိုင်တဲ့နိုင်ငံလို့ သတ်မှတ်ထားပါတယ်။

ဒီနေ့ကမ္ဘာကြီးရဲ့ ယေဘုယျစီးပွားရေးက မကောင်းပါဘူး။ ကျဆင်းနေပါတယ်။ အမေရိကန်နဲ့ ဥရောပနိုင်ငံ တော်တော်များများမှာ အလုပ်လက်မဲ့ပြဿနာအကြီးအကျယ်ကြုံတွေ့နေရပါတယ်။ ဒါပေမဲ့ ဒီနေ့အိန္ဒိယနဲ့ တရုတ်မှာ ဒီကမ္ဘာ့စီးပွားကျဆင်းမှုပြဿနာကို ဘာမှ သိပ်မခံကြရပါဘူး။ သူတို့တက်နေကြတဲ့အရှိန်လေး လျော့ကျသွားတာလောက်ပဲ ရှိပါတယ်။ နှစ်နိုင်ငံလုံးက ယေဘုယျအားဖြင့်



www.foreverspace.com.mm



သိပ်အောင်မြင်နေကြတုန်းလို့ပဲဆိုပါတော့၊ ဒါပေမဲ့ ဒီနှစ်နိုင်ငံမှာ ဘာကွာခြားနေသလဲ ဆိုတော့ သူဌေးဦးရေပဲခင်ဗျာ။

အိန္ဒိယနိုင်ငံမှာ အချမ်းသာဆုံးသူဌေးကြီး ၄၀ ရဲ့ စုစုပေါင်းပိုင်ဆိုင်မှုအင်အားက အမေရိကန်ဒေါ်လာ ၁၀၆ ဘီလီယံရှိပါတယ်။ တင်စားပြီးပြောရရင်တော့ တစ်နိုင်ငံလုံးစီးပွားက ဒီသူဌေး ၄၀ ရဲ့ လက်ထဲမှာပဲရှိနေကြတယ်လို့ ဆိုပါတော့။

တရုတ်ကတော့ ဒီနေ့အထိ နိုင်ငံရေးအာဏာက ကွန်မြူနစ်ပါတီရဲ့လက်ထဲမှာရှိနေပြီး ဆိုရှယ်လစ်စီးပွားရေးစနစ်ကိုလည်း လုံးဝလက်လွှတ်သေးတာမဟုတ်တဲ့အတွက် တိုင်းပြည်စီးပွားရေးသာ ခုန်တက်လာတယ်။ သူဌေးကြီးဆိုတဲ့ လူတန်းစားက မပေါ်လာသေးဘူးခင်ဗျာ။

ဒီနေ့ တရုတ်နိုင်ငံက အချမ်းသာဆုံးဆိုတဲ့လူတွေရဲ့ ချမ်းသာမှုကို ကုလားသူဌေးတွေရဲ့အဆင့်နဲ့ယှဉ်လိုက်ရင် သူဌေးမဟုတ်တော့ဘူး။ လူမွဲတွေ။ အင်္ဂလိပ်ဘာသာနဲ့တော့ Their Chinese Equivalents Looking Like Paupers in Comparison လို့ ရေးနေကြပါတယ်။ မှန်တယ်ခင်ဗျာ။ ကျွန်တော် ကုလားသူဌေးကြီးနှစ်ယောက်ရဲ့ အကြောင်းကို တင်ပြခဲ့ပြီးပါပြီ။

သူဌေးကြီး မစ်တယ်ရဲ့ဘဝ၊ သူဌေးကြီး ဒီရပ်ပဟေးရဲ့ဘဝ၊ သူဌေးကြီး မစ်တယ်က အိန္ဒိယမှာ အချမ်းသာဆုံးဆိုရင် သူဌေးဒီရပ်ဟေးက ဒုတိယ အချမ်းသာဆုံးပေါ့ခင်ဗျာ။ ရယ်ရတယ်ခင်ဗျာ။ သူတို့နှစ်ယောက်ရဲ့ စီးပွားလုပ်ငန်းတွေကို ဆန်းစစ်လိုက်တဲ့အခါကျတော့ သူဌေးကြီး ဒီရပ်ဟေးရဲ့ စီးပွားရေးလုပ်ငန်းအကုန်လုံးက အိန္ဒိယနိုင်ငံအတွင်းမှာပဲရှိကြပါတယ်။ သူဌေးကြီးမစ်တယ်ရဲ့ စီးပွားရေးလုပ်ငန်းတွေကတော့ အိန္ဒိယနိုင်ငံအတွင်းမှာ လုံးဝမရှိပါဘူး။ ပြည်ပမှာမြှုပ်နှံလုပ်ကိုင်နေတဲ့ စီးပွားရေးလုပ်ငန်းတွေပါ။ ဒါပေမဲ့ ကျွန်တော် တင်ပြခဲ့ပြီးဖြစ်တဲ့အတိုင်း နှစ်ယောက်လုံးက စီးပွားရှာကြတဲ့ဆီမှာ နိုင်ငံရေးနဲ့မကင်းဘူး။ သူတို့ရဲ့ နိုင်ငံရေးဩဇာတွေကို သူတို့ရဲ့စီးပွားရေးလုပ်ငန်းတွေရဲ့ အောင်မြင်မှုရဖို့

www.foreverspace.com.mm



အတွက် ချသုံးခဲ့ကြပါတယ်။ မှန်ပါတယ်။ သူ့ဘေးကြီးမစ်တယ်ကြောင့် ဗြိတိန်ဝန်ကြီးချုပ်တိုနီဘလဲ နာမည်ပျက်ရတယ်။ သူ့ဘေးကြီးဒီရပ်ပေးကတော့ ရိုးရိုးနာမည်ပျက်ရုံအဆင့်တောင် မဟုတ်တော့ပါဘူး။ သူကြိုက်တဲ့လူကို အစိုးရဖွဲ့ခိုင်းနိုင်သူ (King Maker) ဆိုပြီးတောင် နာမည်ကြီးခဲ့ပါတယ်။

အိန္ဒိယစီးပွားရေးလောကဟာ အမြင်ငြင်းခုံတိုက်ခိုက်ထိုးနှက်နေကြတဲ့လောကပါ။ တစ်နည်းအားဖြင့်တော့ဗျာ သူတို့ငွေရှာပုံတွေက ရိုးသားမှု၊ သန့်စင်မှုစံတွေ High Ethical Standards တွေနဲ့ ကိုက်ညီမှုမရှိပါဘူး။ သူတို့ငွေတွေက သွေးစွန်းနေပါတယ်။ အဲဒီအခါမှာ မေးချင်စရာမေးခွန်းတစ်ခု ပေါ်လာပါတယ်။

အိန္ဒိယသူဌေးကြီးတွေအထဲမှာ အာဏာပိုင်တွေကို လုံးဝလာဘ်ပေးလာဘ်ယူမလုပ်ဘဲ ရိုးရိုးသားသားကြိုးစားပြီး ချမ်းသာအောင်လုပ်နိုင်ခဲ့သူရှိသလား။ ရှားတယ်ခင်ဗျ။ ဒါပေမဲ့ ရှိပါတယ်။ သူဌေးကြီး J.R.D Tata ။

Tata Group ဆိုတာ ဒီနေ့အထိ အိန္ဒိယစီးပွားရေးလောကမှာ နာမည်အကြီးဆုံး၊ အင်အားအကြီးဆုံး၊ အချမ်းသာဆုံး စီးပွားရေးအုပ်စုပါ။ ဒီအုပ်စုရဲ့ခေါင်းဆောင် J.R.D Tata အကြောင်းကို ကျွန်တော်အကျဉ်းသဘော ဆွေးနွေးတင်ပြချင်ပါတယ်။

သူ့ရဲ့ချမ်းသာခဲ့ပုံ၊ သူဌေးဖြစ်ခဲ့ရပုံ လျှို့ဝှက်ချက်တွေက အတုယူချင်စရာ လျှို့ဝှက်ချက်တွေပေါ့ခင်ဗျာ။ သူဌေးကြီး ဂျေအာဒီတာတာကို ၁၉၀၄ ခုနှစ်မှာ မွေးပါတယ်။ အိန္ဒိယနိုင်ငံမှာ မွေးတာမဟုတ်ဘူး။ ပြင်သစ်နိုင်ငံ ပါရီမြို့တော်မှာမွေးပါတယ်။

သူ့အမေက ပြင်သစ်လူမျိုး၊ သူ့အဖေက ကုလား။ ဒါကြောင့် သူက ပြင်သစ်သွေးတစ်ဝက်ပါတဲ့ကုလားပေါ့။ သူ့ဖခင်က ကုလားသူဌေး၊ လူချမ်းသာ။ နာမည်က Ratanji Dadabhoy Tata။ သူ့ဖခင်တစ်မျိုးလုံးက လူချမ်းသာတွေ၊ သူတို့တစ်မျိုးလုံးပိုင်တဲ့ တာတာစီးပွားအုပ်စု (Tata Group) ဆိုတာ ၁၈၅၆ ခုနှစ်ကတည်းက တည်ထောင်ခဲ့တာပါ။ သူ့အဘိုး (Great-Great- Grandfather) လက်ထက်ကတည်းကစခဲ့ကြတဲ့လုပ်ငန်း ဆိုပါတော့။

သူဌေးကြီး ဂျေအာဒီတာတာဟာ ပြင်သစ်မှာမွေးတဲ့အတွက် ပြင်သစ်စကားကို စတတ်ပါတယ်။ သူ့နာမည်အပြည့်အစုံက Jchangir Datanji Dadabhoy Tata ။ သူ့မိတ်ဆွေတွေ၊ သူ့ဆွေမျိုးတွေကတော့ သူ့ကို Jeh လို့ပဲ ခေါ်ကြပါတယ်။ သူ့မှာ မွေးချင်းညီအစ်ကိုမောင်နှမလေးယောက်ရှိပြီး သူက ဒုတိယမြောက်ကလေးပါ။

သူပညာစသင်တော့လည်း ပြင်သစ်မှာပဲ စသင်တယ်။ နောက် ဂျပန်မှာသင်တယ်။ အင်္ဂလန်မှာသင်တယ်။ ဒါပေမဲ့ ကျောင်းမပြီးခင် တက္ကသိုလ်မရောက်ခင် ပြင်သစ်တပ်မတော်ထဲကို ဆွဲသွင်းခံရပါတယ်။ Drafted လုပ်ခံရပါတယ်။

ဂျေအာဒီတာတာက ပြင်သစ်စစ်တပ်ထဲမှာ ပျော်တယ်။ ဆက်အမှုထမ်းချင်တယ်။ ဒါပေမဲ့ တစ်နှစ်တည်း အမှုထမ်းခွင့်ရပြီး သူ့ဖခင်ဆန္ဒအရ တပ်မှထွက်ခဲ့ရတယ်။ အဲဒီလို ပြင်သစ်တပ်မတော်က ထွက်လိုက်ရတာလည်း တာတာအတွက် ကံကောင်းတယ်လို့ပဲ ပြောရပါလိမ့်မယ်။

ဘာ့ကြောင့်လဲဆိုတော့ သူအမှုထမ်းတဲ့ ပြင်သစ်တပ်ရင်းက သူထွက်လိုက်ပြီး မကြာဘူး မော်ရော့ကို (Morocco) နိုင်ငံကို ပြောင်းရွှေ့သွားပြီး မော်ရော့ကိုစစ်ပွဲမှာ ပါရတယ်။ တပ်ရင်းတစ်ခုလုံးပြုတ်တဲ့အထိ ကျဆုံးသွားတယ်။ တာတာသာ ဆက်အမှုထမ်းရင် အဲဒီကျဆုံးသွားတဲ့စစ်သားတွေအထဲမှာ ပါသွားမှာပေါ့ခင်ဗျာ။

ခုတော့ တာတာက သူ့ဖခင်ရှိတဲ့ အိန္ဒိယနိုင်ငံကို ပြန်သွားရတယ်။ ၁၉၂၅ ခုနှစ်ကစပြီး သူ့ဖခင်ရဲ့ Tata and Sons ကုမ္ပဏီမှာ လစာမဲ့ ပညာသင်အဖြစ် အလုပ်စဝင်ရတယ်။ သူစီးပွားရေးအလုပ်တွေကို စိတ်ဝင်စားတယ်။ ချက်ချင်းတတ်မြောက်အောင် ကြိုးစားတယ်။

အဲဒီခေတ်က လေယာဉ်ပျံတွေက ပေါ်စအချိန်။ တာတာက လေယာဉ်ပျံမောင်းရမှာကို ဝါသနာပါတယ်။ ပြင်သစ်မှာရှိနေကတည်းက ပထမဆုံး အင်္ဂလိပ်ရေလက်ကြား (English Channel) ကို ဖြတ်ကူးပျံသန်းနိုင်တဲ့ ပြင်သစ်လေသူရဲ (Locis Bleriot) ဟာ သူအလွန်အားကျတဲ့ လေသူရဲ။ အဲဒီလေသူရဲလို သူလည်း နာမည်ကြီးလေသူရဲ ဖြစ်ချင်တယ်။

ဒါကြောင့်လည်း စီးပွားရေးအလုပ်တစ်ဖက်နဲ့ သူလေယာဉ်ပျံမောင်းသင်ကျောင်းကို တက်တယ်။ ၁၉၂၉ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့မှာ လေယာဉ်ပျံမောင်းခွင့်လိုင်စင်ရပြီး ပထမဆုံး အိန္ဒိယလူမျိုး ကုလားလေသူရဲ ဖြစ်လာခဲ့ပါတယ်။

၁၉၃၀ ပြည့်နှစ်မှာ အိန္ဒိယနိုင်ငံ ကလာချီမြို့ကနေ ဗြိတိန်နိုင်ငံ လန်ဒန်မြို့ကိုရောက်အောင် ပထမဆုံးတစ်ယောက်တည်း လေယာဉ်ပျံမောင်းတဲ့ ကုလားလေသူရဲကို အာဂါခန်ဆု (Aga Khan Trophy) ပေးမယ်လို့ ကြေညာပါတယ်။

ဂျေအာဒီတာတာ ဝင်ပြိုင်ပါတယ်။ ဒုတိယပဲရလိုက်တယ်။ တကယ်တော့ သူ ပထမဆုရနိုင်ပါတယ်။ အားကစားစိတ်ဓာတ်အပြည့်နဲ့ သူ့ပြိုင်ဘက်အပေါ်ညှာလိုက်တဲ့အတွက် ပထမဆုနဲ့ လွဲသွားတာပါ။

ဒါကြောင့် ပြန်ဆန်းစစ်ကြည့်ရင် ဂျေအာဒီတာတာဟာ သူ့ဘဝကို စခဲ့တာ ကုန်သည်မဟုတ်ပါဘူး။

ပထမဆုံး စစ်သား။
နောက် လေသူရဲ။
နောက်မှ ကုန်သည်။

(ဆက်လက်ဖော်ပြပါမည်)

**ဦးလှဝင်း (လေသူရဲတစ်ဦး)**
၂၄-၂-၂၀၁၀

■